http://www.dhammadownload.com

# ထင်ပေါ်ကျော်ကြား ဥပါသိကာမများ

## သာမဏေကျော်




ထင်ပေါ်ကျော်ကြား ဥပါသိကာမများ ● သာမဏေကျော်

ဝိသာခါ၊ မာတိကာမာတာ
အမ္ဗပါလီ၊ ဓနဉ္စာနီပုဏ္ဏားမ
မလ္လိကာ စသည့် ဥပါသိကာမ
၂၇ဦး တို့၏ ဖြစ်စဉ်များ



http://www.dhammadownload.com

သာမဏေကျော်

# ထင်ပေါ်ကျော်ကြားဥပါသိကာမများ

ပါရမီ
စာပေ

http://www.dhammadownload.com

**ထင်ပေါ်ကျော်ကြားဥပါသိကာမများ**
ပထမအကြိမ်၊ ၂၀၀၆ ခုနှစ် ဇူလိုင်လ၊ အုပ်ရေ ၁၀၀၀

**အဖုံးပန်းချီ သန်းမြင့်အောင်**

မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၃၂၀၂၃၃၀၆၀၄ နှင့် စာမူခွင့်ပြုချက်အမှတ် ၃၂၀၆၅၆၀၅၀၉ တို့အရ ဦးကျော်ဦး(၀၃၉၉၀) ပါရမီစာပေ၊ အမှတ် ၂၃၀၊ ၂၉ လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်က ထုတ်ဝေ၍ မျက်နှာဖုံးနှင့် အတွင်းစာသားကို ဦးအောင်ထက်(၀၈၀၀၃) အောင်ပါရမီ ပုံနှိပ်တိုက်၊ အမှတ် ၁၂၇၊ အခန်း ၃၊ ၅၂ လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်က ပုံနှိပ်သည်။

**တန်ဖိုး ၁၃၀၀ ကျပ်**

**ပါရမီစာပေ**
၂၃၀၊ ၂၉ လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်(ဖုန်း ၂၅၃၂၄၆)
၂/၄၊ ကမ္ဘာအေးစေတီတော်မုခ်ဦးစောင်းတန်း၊ ရန်ကုန်
၂၉၅၊ ဈေးအရှေ့လမ်း၊ ထားဝယ်
E-mail paramibk@myanmar.com.mm

http://www.dhammadownload.com

# မာတိကာ


| | | |
|---|---|---|
| ၁။ | ဝိသာခါ | ၅ |
| ၂။ | ယက်ကန်းသည်ရဲ့ သမီး | ၅၂ |
| ၃။ | မာတိကမာတာ | ၅၉ |
| ၄။ | ဥတ္တရာ | ၆၉ |
| ၅။ | သိရိမာ | ၇၆ |
| ၆။ | အမ္ဗပါလီ | ၈၂ |
| ၇။ | သုမနာ (ကောသလမင်းရဲ့ သမီး) | ၈၅ |
| ၈။ | သုမနာ (အနာထပိဏ်သူဌေးရဲ့ သမီးငယ်) | ၉၄ |
| ၉။ | စူဠသုဘဒ္ဒါ | ၉၈ |
| ၁၀။ | ဓနဉ္စာနီပုဏ္ဏေးမ | ၁၀၄ |
| ၁၁။ | မလ္လိကာ (ကောသလမင်းရဲ့ မိဖုရားခေါင်ကြီး) | ၁၀၉ |
| ၁၂။ | မလ္လိကာ (ဗန္ဓုလစစ်သူကြီးရဲ့ ဇနီး) | ၁၃၂ |
| ၁၃။ | သာမာဝတီနဲ့ ခုဇ္ဇုတ္တရာ | ၁၄၁ |
| ၁၄။ | သုဇာတ | ၁၇၉ |
| ၁၅။ | သုပ္ပဝါသာ | ၁၈၄ |
| ၁၆။ | သုပ္ပိယာ | ၁၉၄ |
| ၁၇။ | ကာတိယာနီ | ၂၀၀ |
| ၁၈။ | ကာဠီ (ကုရရဃမြို့သူ) | ၂၀၃ |
| ၁၉။ | ဥတ္တရာ နန္ဒမာတာ | ၂၁၇ |
| ၂၀။ | ရောဟိနီ | ၂၂၆ |
| ၂၁။ | ပတိပူဇိကာ | ၂၃၁ |
| ၂၂။ | ပုဏ္ဏာ | ၂၃၆ |
| ၂၃။ | နကုလမာတာ | ၂၃၉ |

http://www.dhammadownload.com



၂၄။ အသန္ဓိမိတ္တာ ၂၄၂
၂၅။ ဘဒ္ဒါနဲ့ သုဘဒ္ဒါ ၂၄၆
၂၆။ ရုဇ္ဇုမာလာ ၂၄၈
၂၇။ အရှင်သာရိပုတ္တရာ့မယ်တော် ရူပသာရီ ၂၅၂

http://www.dhammadownload.com

# ဝိသာခါ

ဝိသာခါဟာ အင်္ဂတိုင်း၊ ဘဒ္ဒိယမြို့မှာ မွေးဖွားတယ်။ ဖခင်က နဓဉ္စယ သူဌေး၊ မိခင်က သုမနဒေဝီ၊ အဘိုး (အဖေရဲ့အဖေ) က မေဏ္ဍကသူဌေး၊ အဘွား (အဖေရဲ့အမေက) စန္ဒပဒုမာ၊ ဝိသာခါ ခုနစ်နှစ်အရွယ်မှာ ဘုရားရှင်က သေလပုဏ္ဏားစတဲ့ ကျွတ်ထိုက်တဲ့သတ္တဝါတွေရဲ့ ရေးပါရမီကံနဲ့ ပြည့်စုံတာကို မြင်ရပြီး ရဟန်းအပေါင်းများစွာ ခြံရံကာ ခရီးလှည့်လည်ရင်း အဲဒီဘဒ္ဒိယမြို့ကို ရောက်သွားတယ်။ အဲဒီအခါမှာ မေဏ္ဍကသူကြွယ်ဟာ အဲဒီဘဒ္ဒိယမြို့က ဘုန်းကံကြီးသူ ငါးဦးတို့ရဲ့ အကြီးအကဲဖြစ်ကာ သူဌေးရာထူးကို ပြုလုပ်တယ်။ ဘုန်းကံကြီးသူ ငါးဦးက မေဏ္ဍကသူဌေး၊ သူ့မယားကြီး စန္ဒပဒုမာ၊ သူ့သားကြီး ဓနဉ္စယ၊ သားကြီးရဲ့ဇနီး သုမနဒေဝီ၊ မေဏ္ဍကသူဌေးရဲ့ကျွန် ပုဏ္ဏတို့ ပါပဲ။ ဗိမ္ဗိသာရမင်းရဲ့နိုင်ငံမှာ မေဏ္ဍကသူဌေးသာမက မနှိုင်းယှဉ်အပ်တဲ့ စည်းစိမ်ရှင်တွေက ဇောတိက၊ ဇဋိလ၊ ပုဏ္ဏက၊ ကာကဝလိယ တို့ပါ ငါးဦး ရှိပါတယ်။

မေဏ္ဍကသူဌေးက ဘုရားရှင် သူ့ဘဒ္ဒိယမြို့ရောက်ကြောင်းကို သိပြီး သားဓနဉ္စယသူဌေးရဲ့သမီး ဝိသာခါကလေးမကို ခေါ်ခိုင်းကာ ပြောပါတယ်။

'ငါ့မြေး၊ သင့်အတွက်လည်း မင်္ဂလာပဲ။ ငါတို့အတွက်လည်း မင်္ဂလာပဲ။ သင့်ရဲ့အခြံအရံကလေးမ ၅၀၀ နဲ့အတူ ရထား ၅၀၀ ပေါ်တက်စီးပြီး ကျွန်မ ၅၀၀ ခြံရံကာ ဘုရားရှင်အား ခရီးဦးကြိုပါ'

ဝိသာခါက 'ကောင်းပါပြီ'လို့ ဝန်ခံပြီး အဲဒီအတိုင်း လုပ်တယ်။

http://www.dhammadownload.com



အကြောင်းဟုတ်တာ၊ မဟုတ်တာမှာ ကျွမ်းကျင်လို့ ယာဉ်သွားနိုင်ရာ အရပ်တိုင်အောင် ယာဉ်နဲ့သွားကာ ယာဉ်မှသက်ဆင်းပြီး ခြေကျင်ပဲ ဘုရားရှင်ထံ ချဉ်းကပ်တယ်။ ရှိခိုးပြီး သင့်တင့်ရာအရပ်မှာ ရပ်တည်နေတယ်။ အဲဒီအခါ ဝိသာခါအား စရိုက်နဲ့လျော်ညီစွာ ဘုရားရှင်က တရားဟောတယ်။ ဝိသာခါဟာ တရားဒေသနာအဆုံးမှာ ကလေးမ ၅၀၀ နဲ့အတူ သောတာပန်ဖြစ်သွားတယ်။ မေဏ္ဍကသူဌေးကလည်း ဘုရားရှင်ထံ ချဉ်းကပ်ပြီး တရားစကား နာကြားကာ သောတာပန် ဖြစ်သွားတယ်။ နက်ဖြန် ဆွမ်းကပ်ဖို့ ပင့်ဖိတ်ပြီး နောက်နေ့မှာ သူ့အိမ်မှာ မွန်မြတ်တဲ့ခဲဖွယ်၊ စားဖွယ်နဲ့ ဘုရားအမှူးရှိတဲ့ ရဟန်းအပေါင်းကို ပြုစုလုပ်ကျွေးတယ်။ အဲဒီနည်းနဲ့ပဲ ၁၅ ရက်ပတ်လုံး အလှူကြီး လှူတယ်။ ဘုရားရှင်က ဘဒ္ဒိယမြို့မှာ အလိုရှိသလောက် သီတင်းသုံးပြီး ဖဲသွားတယ်။

အဲဒီအခါမှာ ဗိမ္ဗိသာရမင်းနဲ့ ပသေနဒိကောသလမင်းတို့ဟာ မောင်လည် နှမလည်တွေ ဖြစ်ကြတယ်။ တစ်နေ့မှာ ကောသလမင်းက ဒီလိုကြံတယ်။

'ဗိမ္ဗိသာရမင်းရဲ့နိုင်ငံမှာ မနိူင်းယှဉ်အပ်တဲ့ စည်းစိမ်ပိုင်ရှင်ဖြစ်တဲ့ ဘုန်းကံကြီးသူတွေ နေကြတယ်။ ငါ့နိုင်ငံမှာ အဲဒီလိုပုဂ္ဂိုလ်ဟာ တစ်ယောက်တောင် မရှိပါ။ ငါဟာ ဗိမ္ဗိသာရမင်းထံ သွားပြီး ဘုန်းကံကြီးသူ တစ်ဦးကို တောင်းရရင် ကောင်းလေစွ'

ကောသလမင်းဟာ ဗိမ္ဗိသာရမင်းထံ သွားပြီး နှုတ်ဆက်စကား ပြောတယ်။ ဗိမ္ဗိသာရက ကောသလကို မေးတယ်။ ကောသလက ဖြေတယ်။

'ဘာကြောင့် သင်လာပါသလဲ'

'သင့်နိုင်ငံမှာ မနိူင်းယှဉ်အပ်တဲ့ စည်းစိမ်ပိုင်ရှင် ဘုန်းကံကြီးသူ ငါးဦး နေကြပါတယ်။ အဲဒီအထဲက တစ်ယောက်ကိုခေါ်ပြီး သွားမယ်လို့

http://www.dhammadownload.com



ကြုံကာလာခဲ့ပါတယ်။ အဲဒီ ငါးယောက်ထဲက တစ်ယောက်ကို ငါ့အား ပေးပါ'

'အမျိုးကြီးတွေကို ငါတို့က တုန်လှုပ်စေခြင်းငှာ မတတ်နိုင်ပါ'

'ငါက မရဘဲ မသွားအံ့'

ဗိမ္ဗိသာရမင်းက အမတ်တွေနဲ့ တိုင်ပင်ပြီး 'ဇောတိကစတဲ့ အမျိုးကြီးတွေကို တုန်လှုပ်စေတာဟာ မြေကြီးကို တုန်လှုပ်စေတာနဲ့ တူတယ်။ မေဏ္ဍကသူဌေးကြီးရဲ့သား ဓနဉ္စယသူဌေးဆိုတာ ရှိတယ်။ သူနဲ့အတူ တိုင်ပင်ပြီး စကားပြန်ကို သင့်အားပေးပါမယ်'လို့ ပြောကာ ဓနဉ္စယသူဌေးကို အခေါ်ခိုင်းပြီး ပြောတယ်။

'ချစ်သား၊ ကောသလမင်းက ဥစ္စာသူဌေးတစ်ယောက်ကို ခေါ်ယူပြီး သွားမယ်လို့ ပြောတယ်၊ သင်ဟာ သူနဲ့အတူ သွားပါ'

'အရှင်မင်း၊ အရှင်မင်း လွှတ်ရင် သွားပါမယ်'

'ချစ်သား၊ ဒီလိုဆိုရင် ရိက္ခာပြင်ပြီး သွားပါ'

ဓနဉ္စယသူဌေးဟာ သူ့ရဲ့လုပ်ထိုက်တာကို လုပ်တယ်၊ မင်းကလည်း သူ့အား အကြီးအကျယ် ပူဇော်မှုကိုပြုကာ 'ဒီဓနဉ္စယသူဌေးကို ခေါ်ယူပြီး သွားပါ'လို့ ပြောကာ ပသေနဒီမင်းကို လွှတ်လိုက်တယ်။ ကောသလမင်းက သူဌေးကိုခေါ်ယူပြီး အရပ်အားလုံးမှာ တစ်ညနေကာ သွားတယ်။ ချမ်းသာရာနေရာတစ်နေရာကို ရောက်ပြီး နေရာကို ယူတယ်။ အဲဒီအခါ ဓနဉ္စယသူဌေးက ကောသလမင်းကို မေးတယ်။

'ဒါက ဘယ်သူ့နိုင်ငံပါလဲ'

'သူဌေး၊ ငါ့နိုင်ငံပဲ'

'ဒီနေရာက သာဝတ္ထိနဲ့ ဘယ်လောက်ဝေးပါသလဲ'

'ခုနစ်ယူဇနာ ဝေးတယ်'

'မြို့တွင်းက ကျဉ်းမြောင်းပါတယ်။ ငါတို့ရဲ့အခြွေအရံက များတယ်။ သင်မင်း သဘောကျရင် ငါတို့ ဒီနေရာမှာပဲ နေကြပါမယ် အရှင်မင်း'

http://www.dhammadownload.com



ကောသလမင်းက 'ကောင်းပါပြီ'လို့ လက်ခံပြီး အဲဒီနေရာမှာ မြို့ဖန်တီးပေးကာ ဓနဥ္စယသူဌေးအား ပေးကာ သွားတယ်။ အဲဒီအရပ်မှာ ကိုယ်တိုင်နေရာအရပ်ကို ယူလို့ မြို့ကို သာကေတလို့ အမည်ပေးတယ်။ သာဝတ္ထိမြို့မှာလည်း မိဂါရသူဌေးရဲ့သား ပုဏ္ဏဝဍ္ဎနသတို့သားဟာ အရွယ်ရောက်နေတယ်။ အဲဒီအခါ သူ့ကို မိဘတွေက 'ချစ်သား၊ သင်နှစ်သက်တဲ့နေရာက ကလေးမတစ်ယောက်ကို စုံစမ်းပါ'လို့ ပြောကြတယ်။

'ကျွန်တော့်မှာ အဲဒီလိုမယားနဲ့ ကိစ္စမရှိပါ'

'သား၊ အဲဒီလို မလုပ်ပါနဲ့၊ သားသမီးမရှိတဲ့ အမျိုးဆိုတာ မရပ်တည်နိုင်ပါ' သားက အထပ်ထပ်အပြောခံရလို့ ပြောတယ်။

'ဒီလိုဆိုရင်၊ ကောင်းခြင်းငါးဖြာနဲ့ ပြည့်စုံတဲ့ကလေးမကို ရရင် အမေ အဖေတို့ရဲ့စကားကို လိုက်နာပါမယ်'

'ချစ်သား၊ အဲဒီကောင်းခြင်းငါးဖြာက ဘာတွေပါလဲ'

'ဆံပင်ရဲ့ကောင်းခြင်း၊ အသားရဲ့ကောင်းခြင်း၊ အရိုးရဲ့ကောင်းခြင်း၊ အရေရဲ့ကောင်းခြင်းနဲ့ အရွယ်ရဲ့ကောင်းခြင်းတွေပါပဲ'

ချဲ့ပြောရရင် ဘုန်းကံကြီးတဲ့မိန်းမရဲ့ဆံပင်တွေဟာ ဥဒေါင်းမြည်းစည်းနဲ့ တူကြတယ်။ ဖြေပြီးလွှတ်လိုက်ရင် အဝတ် (ထဘီ) အဆုံးကို ရိုက်ခတ်ကာ ပြန်တက်ပြီး အထက်ပိုင်းမှာ အဖျားရိုကာ တည်နေကြတယ်။ အဲဒါဟာ ဆံပင်ရဲ့ကောင်းခြင်းပါပဲ။

သွားဖုံးက ကျီအာသီးနဲ့တူတယ်၊ လှပတဲ့အဆင်းနဲ့ ပြည့်စုံတယ်၊ ညီညာတယ်၊ ကောင်းကောင်းထိစပ်တယ်၊ အဲဒါဟာ အသားရဲ့ကောင်းခြင်းပါပဲ။

သွားတွေက ဖြူတယ်၊ ညီညာတယ်၊ မကျဲ၊ စိုက်ထူထားတဲ့ စိန်တန်းလို၊ ညီအောင်ဖြတ်ထားတဲ့ ခရုသင်းအတန်းလိုလည်း တင့်တယ်ကြတယ်။ အဲဒါဟာ အရိုးရဲ့ကောင်းခြင်းပါပဲ။

http://www.dhammadownload.com



အသားမည်းသူမမှာ နံ့သာမှုန့်စသည်တွေနဲ့ မလိမ်းကျံရဘဲသာ အရေအဆင်းက ညက်ညောနေတယ်၊ ကြာညိုပန်းဆိုင်းနဲ့တူတယ်၊ အသားဖြူသူမရဲ့ အရေအဆင်းကတော့ မဟာလှေကားပန်းဆိုင်းနဲ့ တူတယ်။ အဲဒါဟာ အရေရဲ့ကောင်းခြင်းပါပဲ။

၁၀ ကြိမ် မွေးဖွားပြီးပေမယ့် တစ်ကြိမ်မွေးဖွားရသူလိုပဲ အရွယ်တင်တယ်၊ အဲဒါဟာ အရွယ်ရဲ့ကောင်းခြင်းပါပဲ။

အဲဒီအခါ သူ့မိဘတွေက ၁၀၈ ယောက်သော ပုဏ္ဏားတွေကို ပင့်ဖိတ် ကျွေးမွေးပြီး 'ကောင်းခြင်းငါးဖြာနဲ့ ပြည့်စုံတဲ့ မိန်းမတွေဆိုတာ ရှိကြပါသလား'လို့ မေးကြတယ်။ 'ဟုတ်ကဲ့၊ ရှိကြပါတယ်'လို့ ဖြေကြတယ်။ 'ဒီလိုဆိုရင် ဒီလိုကလေးမကို ရှာဖွေဖို့ ပုဏ္ဏား ရှစ်ယောက်သွားကြပါ'လို့ ဥစ္စာများစွာကိုပေးကာ 'ပြန်လာတဲ့အခါ သင်တို့အတွက် ပြုလုပ်ထိုက်တာကို ငါတို့သိကြပါမယ်၊ သင်တို့ သွားကြပါ၊ ဒီလိုကလေးမကို ရှာဖွေကြပါ၊ တွေ့တဲ့အခါမှာလည်း ဒီအဆင်တန်ဆာကို ပေးလိုက်ကြပါ'လို့ တစ်သိန်းတန် ရွှေပန်းကိုပေးကာ လွှတ်လိုက်ကြတယ်။ အဲဒီပုဏ္ဏားတွေက ကြီးကုန်၊ ကြီးကုန်သော မြို့တွေကို သွားကာ ရှာဖွေကြတဲ့အခါ ကောင်းခြင်းငါးဖြာနဲ့ ပြည့်စုံတဲ့ကလေးမကို မမြင်တွေ့ရဘဲ ပြန်လှည့်လာကြတယ်။ ပွင့်လင်းတဲ့နက္ခတ်ပွဲသဘင်ကျင်းပရာနေ့မှာ သာကေတမြို့ကို ရောက်သွားကြတယ်။ 'ဒီနေ့ ငါတို့ရဲ့အလုပ် ပြီးစီးလိမ့်မယ်'လို့ ကြံစည်ကြတယ်။ အဲဒီသာကေတမြို့မှာ နှစ်စဉ်နှစ်တိုင်း ပွင့်လင်းတဲ့နက္ခတ်ပွဲသဘင်ဆိုတာ ရှိတယ်။ အဲဒီအခါမှာ အပြင်ဘက်မထွက်တဲ့ အမျိုးတွေကတောင် အခြံအရံနဲ့အတူ အိမ်မှထွက်ကာ ခန္ဓာကိုယ်ကို မဖုံးကွယ်ဘဲ ခြေလျင်သာ (ယာဉ်ရထားမစီးဘဲ) မြစ်ဆိပ်ကို သွားကြတယ်။

အဲဒီနေ့မှာ ခတ္တိယ မဟာသာလ (မင်းမျိုးသူဌေး) စသူတွေရဲ့ သားတွေကလည်း 'မိမိနဲ့ ဇာတ်တူ မြတ်နိုးဖွယ်အမျိုးသမီးကလေးမကို

http://www.dhammadownload.com



မြင်ပြီး ပန်းကုံးနဲ့စွပ်ကြမယ်’လို့ကြံကာ ထိုထိုလမ်းမှာစောင့်ကာ ရပ်တည်ကြတယ်။ အဲဒီပုဏ္ဏားတွေကလည်း မြစ်ကမ်းက ဇရပ်တစ်ခုကို ဝင်ပြီး ရပ်တည်နေကြတယ်။ အဲဒီခဏမှာ ၁၅ ၁၆ နှစ်အရွယ် ဝိသာခါက တန်ဆာအားလုံး တန်ဆာဆင်ပြီး သတို့သမီး ၅၀၀ ခြံရံကာ ‘မြစ်ကိုသွားပြီး ရေချိုးမယ်’လို့ ကြံကာ အဲဒီအရပ်ကို ရောက်သွားကြတယ်။ အဲဒီအခါ မိုးကတက်လာပြီး ရွာချတယ်။ သတို့သမီး ၅၀၀ က အဟုန်နဲ့ သွားပြီး ဇရပ်ထဲဝင်သွားကြတယ်။ ပုဏ္ဏားတွေက ကြည့်တဲ့အခါ အဲဒီသတို့သမီးတွေထဲက ကောင်းခြင်းငါးဖြာနဲ့ ပြည့်စုံသူ တစ်ယောက်ကိုတောင်မှ မမြင်တွေ့ကြ။ အဲဒီအခါ ဝိသာခါက ပကတိ သွားခြင်းနဲ့ပဲ ဇရပ်ထဲဝင်သွားတယ်။ အဝတ် အဆင်တန်ဆာတွေက ရေစိုကုန်တယ်၊ ပုဏ္ဏားတွေက ဝိသာခါရဲ့ ကောင်းခြင်းလေးဖြာကို မြင်ရပြီး သွားတွေကို မြင်ချင်လို့ ‘ငါတို့ရဲ့သမီးက ပျင်းတဲ့သဘော ရှိတယ်၊ သူ့မရဲ့ခင်ပွန်းဟာ ပုန်းရည်ကိုတောင် ရမယ်မထင်’လို့ အချင်းချင်း ပြောကြတယ်။

အဲဒီအခါ ပုဏ္ဏားတွေကို ဝိသာခါက မေးတယ်။

‘သင်တို့ ဘယ်သူ့ကို ပြောကြတာလဲ’

‘သမီး၊ သင့်ကို ငါတို့ပြောကြတာပဲ’

ဝိသာခါရဲ့အသံက ကြေးခွက်ကို တီးခတ်လိုက်တဲ့အခါ မြည်တဲ့ အသံလို သာယာတယ်။ ပုဏ္ဏားတွေကို တစ်ဖန် ချိုမြိန်တဲ့အသံနဲ့ မေးပြန်တယ်။

‘ဘာအကြောင်းကြောင့် ပြောကြတာပါလဲ’

‘သင့်ရဲ့အခြံအရံမိန်းမတွေက အဝတ်၊ အဆင်တန်ဆာတွေကို ရေမစိုစေဘဲ အဟုန်နဲ့ ဇရပ်ထဲ ဝင်သွားကြတယ်။ သင်က ဒီလောက် နေရာကို အဟုန်နဲ့ လာခြင်းတောင်မှ မရှိ၊ အဝတ်၊ အဆင်တန်ဆာတွေကိုရေစိုစေပြီး လာတယ်။ ဒါကြောင့် ငါတို့က ပြောကြတာပါ သမီး’

http://www.dhammadownload.com



'ဖခင်တို့၊ ဒီလိုမပြောကြပါနဲ့၊ ကျွန်မက အဲဒီမိန်းမတွေထက် ပိုအားရှိပါတယ်၊ အကြောင်းကိုမှတ်ပြီး အဟုန်နဲ့မလာတာပါ'

'သမီး၊ အကြောင်းက ဘာပါလဲ'

'ဖခင်တို့၊ မြန်မြန်သွားရင် လေးဦးဟာ မတင့်တယ်ကြပါ။ အခြားအကြောင်းလည်း ရှိပါသေးတယ်'

'သမီး ဘယ်လေးဦးဟာ မြန်မြန်သွားရင် မတင့်တယ်ကြပါသလဲ'

'ဖခင်တို့၊ အဘိသိက်သွန်လောင်းပြီးတဲ့ မင်းဟာ အဆင်တန်ဆာအားလုံးကို တန်ဆာဆင်ပြီး ခါးတောင်းကျိုက်ကာ မင်းရင်ပြင်မှာ မြန်မြန်သွားရင် မတင့်တယ်ပါ၊ ဒီမင်းက သူကြွယ်လို ဘာကြောင့်သွားရသလဲလို့ စင်စစ်အကဲ့ရဲ့ခံရပါတယ်။ ဖြည်းဖြည်းသွားမှသာ တင့်တယ်ပါတယ်။ မင်းရဲ့တန်ဆာဆင်ထားတဲ့ မင်္ဂလာဆင်ဟာလည်း မြန်မြန်သွားရင် မတင့်တယ်ပါ၊ ဆင်ရဲ့တင့်တယ်ခြင်းနဲ့ သွားမှသာ တင့်တယ်ပါတယ်။ ရှင်ရဟန်းဟာ မြန်မြန်သွားရင် မတင့်တယ်ပါ၊ ဒီရဟန်းဟာ လူဝတ်ကြောင်လို ဘာလို့ပြေးသွားရတာလဲလို့ အကဲ့ရဲ့သာ ခံရပါတယ်။ ငြိမ်သက်တဲ့သွားခြင်းနဲ့တော့ တင့်တယ်ပါတယ်။ မိန်းမဟာ မြန်မြန်သွားရင် မတင့်တယ်ပါ၊ ဒီမိန်းမဟာ ယောကျ်ားလို ဘာကြောင့်ပြေးသွားရတာလဲလို့ ကဲ့ရဲ့ခံရမှာပါပဲ။ ဒီပုဂ္ဂိုလ် လေးဦးဟာ မြန်မြန်သွားရင် မတင့်တယ်ကြပါ ဖခင်တို့'

'သမီး၊ အခြားအကြောင်းက ဘာပါလဲ'

'ဖခင်တို့၊ မိဘတွေဆိုတာ သမီးကို အင်္ဂါကြီးငယ်တွေကို ကောင်းစွာတည်စေပြီး မွေးမြူကြပါတယ်။ မှန်ပါတယ်။ ကျွန်မတို့ဟာ ရောင်းကုန်ပစ္စည်း မည်ပါတယ်။ ကျွန်မတို့ကို သူတစ်ပါးအိမ် ပို့ဖို့ မွေးမြူကြပါတယ်။ မြန်မြန်သွားသူတွေမှာ ဝတ်ထားတဲ့အဝတ် အစွန်မှာ နင်းပြီး ကျရင်၊ သို့မဟုတ် မြေကြီးပေါ်ချော်ပြီး လဲကျရင် လက်ခြေတွေ ကျိုးသွားက အမျိုးရဲ့သာ တာဝန်ဖြစ်ပါတယ်။ ကျွန်မရဲ့

http://www.dhammadownload.com



အဆင်တန်ဆာပစ္စည်းကတော့ ရေစိုပြီး ခြောက်သွားပါမယ်၊ အဲဒီအကြောင်းကို မှတ်သားပြီး မပြေးတာပါ ဖခင်တို့’

ပုဏ္ဏားတွေက ဝိသာခါ စကားပြောတဲ့အခါ သွားရဲ့ပြည့်စုံမှုကို မြင်တွေ့ရပြီး ‘ငါတို့ဟာ ဒီလိုသွားပြည့်စုံမှုကို ရှေးက မမြင်ဖူးပါ’လို့ ဝိသာခါအား ကောင်းချီးပေးကာ ‘သမီး၊ ဒီရွှေပန်းဟာ သင့်မှာသာ လျောက်ပတ်ပါတယ်’လို့ ပြောပြီး အဲဒီရွှေပန်းကို ဆင်မြန်းပေးလိုက်ကြပါတယ်။ အဲဒီအခါ ဝိသာခါက ပုဏ္ဏားတွေကို မေးတယ်။

‘ဖခင်တို့၊ သင်တို့က ဘယ်မြို့က လာခဲ့ကြပါသလဲ’

‘သမီး၊ သာဝတ္ထိမြို့ကပါ’

‘သူဌေးအမျိုးက ဘာအမည်ရှိပါလဲ’

‘မိဂါရသူဌေး မည်ပါတယ် သမီး’

‘သူဌေးသားက ဘယ်လိုအမည်ရှိပါသလဲ’

‘သမီး၊ ပုဏ္ဏဝဍ္ဎနကုမာရ မည်ပါတယ်’

‘ငါတို့နဲ့ ဇာတ်ချင်းတူတယ်’လို့ တွေးပြီး ဝိသာခါက လက်ခံကာ ဖခင်ထံ ‘ကျွန်မတို့ဆီ ရထားလွှတ်လိုက်ပါ’လို့ သတင်းစကားလွှတ်လိုက်ပါတယ်။ ဝိသာခါက လာတဲ့အခါ ခြေကျင်လာခဲ့ပေမယ့် ရွှေပန်းကို တန်ဆာဆင်ပြီးချိန်ကစပြီး ခြေကျင်သွားခွင့်မရ၊ အစိုးရတဲ့ ကလေးမတွေဟာ ရထားစတာတွေနဲ့ သွားကြပါတယ်။ အခြားကလေးမတွေက ပကတိယာဉ်ကို ဖြစ်စေ တက်စီးကြပါတယ်။ ထီး ထန်းရွက်တွေကိုဖြစ်စေ ဆောင်းမိုးကြပါတယ်။ အဲဒါလည်း မရှိရင် ဝတ်ထားတဲ့ အဝတ်ရဲ့အမြိတ်ဆာကို မြှောက်ချီကာ ပခုံးပေါ်ပစ်တင်ကာ သွားမြဲပဲ သွားကြပါတယ်။ ဝိသာခါရဲ့ဖခင်ကတော့ ရထား ၅၀၀ ကို လွှတ်လိုက်ပါတယ်။ ဝိသာခါဟာ အခြွေအရံနဲ့တကွ ရထားတက်စီးကာ သွားတယ်။ ပုဏ္ဏားတွေလည်း တစ်ပေါင်းတည်းပဲ သွားကြပါတယ်။ သူဌေးက အဲဒီပုဏ္ဏားတွေကို မေးပါတယ်။

http://www.dhammadownload.com



'ဘယ်က လာခဲ့ကြပါသလဲ'
'သူဌေးကြီး၊ သာဝတ္ထိမြို့ကပါ'
'သူဌေးက ဘယ်အမည်ရှိပါသလဲ'
'မိဂါရသူဌေး မည်ပါတယ်'
'သားက ဘယ်အမည်ရှိပါသလဲ'
'သူဌေးကြီး၊ ပုဏ္ဏဝဍ္ဎနကုမာရ မည်ပါတယ်'
'ဥစ္စာက ဘယ်လောက်ရှိပါသလဲ'
'သူဌေးကြီး ၅၄ ကုဋေ ဖြစ်ပါတယ်'

'ဥစ္စာက ငါတို့ရဲ့ဥစ္စာကို ထောက်ဆရင် တစ်ချင်ရွေးလောက်ပဲ ဖြစ်တယ်။ ကလေးမအတွက် အစောင့်အရှောက်လောက် ရပြီးချိန်ကစပြီး အခြားအကြောင်းနဲ့ ဘာလုပ်မှာလဲ'လို့ တွေးကာ ဓနဉ္စယသူဌေးက လက်ခံလိုက်ပါတယ်။ သူဌေးက အဲဒီပုဏ္ဏားတွေအား ပူဇော်မှုပြုပြီး တစ်ရက် နှစ်ရက် နေစေကာ ပြန်လွှတ်လိုက်ပါတယ်။ အဲဒီပုဏ္ဏားတွေက သာဝတ္ထိမြို့ကိုသွားပြီး မိဂါရသူဌေးအား 'ကျွန်ုပ်တို့ဟာ ကလေးမကို ရခဲ့ပါပြီ'လို့ ပြောကြတယ်။

'ဘယ်သူ့ရဲ့ သမီးလဲ'

'ဓနဉ္စယသူဌေးရဲ့သမီးပါ'

မိဂါရသူဌေးက 'အမျိုးကြီးရဲ့သမီးကလေးမကို ငါဟာ ရပြီ၊ မြန်မြန်ပဲ အဲဒီကလေးမကို ဆောင်ယူသင့်တယ်'လို့ အဲဒီသာကေတကို သွားဖို့ မင်းအားပြောပြတယ်။ ကောသလမင်းက 'အဲဒီအမျိုးကြီးကို ငါဟာ ဗိမ္ဗိသာရထံက ဆောင်ယူပြီး သာကေတမှာ နေခိုင်းထားတယ်။ သူ့အား မြတ်နိုးမှုကို ပြုသင့်တယ်။ ဒါကြောင့် ငါလည်း လာမယ်'လို့ ပြောတယ်။ မိဂါရသူဌေးက 'အရှင်မင်း၊ ကောင်းပါပြီ'လို့ ပြောပြီး ဓနဉ္စယသူဌေးထံ 'ငါလာရင် မင်းလည်းလာမယ်၊ မင်းစစ်သည်အပေါင်း က များတယ်၊ ဒီလောက်လူတွေအတွက် လုပ်ထိုက်တဲ့အလုပ်ကို သင်

http://www.dhammadownload.com



လုပ်နိုင်မလား၊ မလုပ်နိုင်ဘူးလား’လို့ သတင်းစကား ပို့လွှတ်လိုက်တယ်။ ဓနဉ္စယသူဌေးကလည်း ‘မင်း ၁၀ ယောက် လာချင်လာကြပါစေ’လို့ သတင်းစကား ပြန်ပို့လွှတ်လိုက်တယ်။ မိဂါရသူဌေးက မြို့ကြီးမှာ အိမ်စောင့်လောက်ထားပြီး ကျန်လူတွေကိုခေါ်ယူကာ သွားတယ်။ ရောက်ခါနီး ယူဇနာဝက်လောက်အရပ်မှာ ရပ်တည်ကာ ‘ငါတို့ လာကြပြီ’လို့ သတင်းပို့လိုက်တယ်။

ဓနဉ္စယသူဌေးက လက်ဆောင်ပစ္စည်းများစွာကို ပို့လွှတ်ပြီး သမီးနဲ့အတူ တိုင်ပင်တယ်။

‘သမီး၊ သင့်ယောက္ခမလောင်း မိဂါရသူဌေးဟာ ကောသလမင်းနဲ့အတူ လာသတဲ့။ သူ့အတွက် ဘယ်အိမ်ကို ရှင်းလင်းမလဲ၊ ကောသလမင်းအတွက် ဘယ်အိမ်လဲ၊ အိမ်ရှေ့မင်းစသူတို့အတွက် ဘယ်အိမ်တွေလဲ’

ပညာရှိသူဌေးသမီးဟာ စိန်အဖျားလို ထက်တဲ့ဉာဏ်ရှိတယ်။ ကမ္ဘာတစ်သိန်းပတ်လုံး ဆုတောင်းကာ ပါရမီဖြည့်ခဲ့တယ်။ ‘ယောက္ခမ မိဂါရသူဌေးအတွက် ငါရဲ့ဘယ်အိမ်ကို ရှင်းလင်းကြ၊ မင်းအတွက် ဘယ်အိမ်ကို၊ အိမ်ရှေ့မင်းစသူတွေအတွက် ဘယ်အိမ်တွေကို ရှင်းလင်းကြ’လို့ စီမံကာ ကျွန်အလုပ်သမားတွေကို အခေါ်ခိုင်းတယ်။ ‘ဒီလောက်လူတွေက မင်းအတွက်လုပ်ထိုက်တဲ့ ကိစ္စကို ပြုလုပ်ကြ၊ ဒီလောက်လူတွေက အိမ်ရှေ့မင်းစသူတွေအတွက် ကိစ္စတွေကို ပြုလုပ်ကြ။ ဆင်၊ မြင်းစသည်တွေကိုလည်း သင်တို့ပဲ ပြုစုကြ၊ မြင်းထိန်းစသူတွေလည်း လာကာ မင်္ဂလာပွဲသဘင်ကို ခံစားကြလိမ့်မယ်’လို့ စီမံတယ်။ ဘာကြောင့်လဲ။ ‘ငါတို့ဟာ ဝိသာခါရဲ့ မင်္ဂလာပွဲအရပ်ကိုသွားပြီး ဘာကိုမျှ မရကြ၊ မြင်းစောင့်ရှောက်ခြင်းစသည်တွေကို ပြုလုပ်ကာ ချမ်းချမ်းသာသာ မလှည့်လည်ကြရ’လို့ ဘယ်သူမှ ပြောခွင့် မရကြပါစေနဲ့။ ဒါကြောင့်ပါပဲ။ အဲဒီနေ့မှာ ဝိသာခါရဲ့ဖခင်က ပန်းထိမ်သည် ၅၀၀ ကို အခေါ်ခိုင်းပြီး ‘ငါ့သမီးအတွက် မဟာလတာတန်ဆာကို ပြုလုပ်

http://www.dhammadownload.com



ပေးကြပါ'လို့ ရွှေနီနီကွတစ်ထောင်၊ အဲဒီအားလျော်တဲ့ ငွေ၊ ပတ္တမြား၊ ပုလဲ၊ သန္တာ၊ စိန်စသည်တွေကို ပေးခိုင်းတယ်။ မင်းက ရက်အနည်းငယ် နေပြီးမှသာ ဓနဉ္စယသူဌေးထံ 'သူဌေးက ငါတို့ကို ကြာမြင့်စွာ ပြုစုဖို့ဆိုတာကို မပြုလုပ်နိုင်ပါ၊ အခု ကလေးမရဲ့ သွားဖို့အချိန်ကို သိပါ'လို့ သတင်းစကား ပို့လိုက်တယ်။ ဓနဉ္စယသူဌေးကလည်း မင်းထံ 'အခု မိုးလအခါရောက်လာပြီ၊ လေးလပတ်လုံး လှည့်လည်လို့ မဖြစ်နိုင်ပါ။ အရှင်မင်းရဲ့ စစ်သည်အပေါင်းမှာ ရသင့်တာမှန်သမျှဟာ အကျွန်ုပ်ရဲ့တာဝန်ပါ။ အကျွန်ုပ် သတင်းပို့လွှတ်တဲ့အခါ အရှင်မင်း ကြွသွားပါလိမ့်မယ်'လို့ သတင်းပို့လိုက်တယ်။

အဲဒီအချိန်ကစပြီး သာကေတမြို့ဟာ အမြဲနက္ခတ်ပွဲသဘင်လိုဖြစ်နေတယ်။ မင်းကစပြီး အားလုံးအတွက် ပန်း၊ နံ့သာ၊ အဝတ်စသည်တွေကို စီစဉ်ပြီး ဖြစ်နေတယ်။ ဒါကြောင့် အဲဒီလူတွေက 'သူဌေးက ငါတို့အတွက်သာ ကောင်းကောင်းမွန်မွန် လုပ်ပေးတယ်'လို့ ထင်မှတ်ကြတယ်။ အဲဒီလိုနဲ့ သုံးလဟာ ကုန်လွန်သွားတယ်။ မဟာလတာတန်ဆာကတော့ မပြီးသေး။ လုပ်ငန်းစီမံသူတွေက လာပြီး သူဌေးအား 'အခြားဟာက မရှိတာ မရှိပါ၊ စစ်သည်အပေါင်းအတွက် ထမင်းချက်ဖို့ ထင်းတွေကတော့ မလောက်ပေါ'လို့ ပြောကြတယ်။ 'ချစ်သားတို့၊ သွားကြပါ။ ဒီမြို့မှာ ဆင်တင်းကုပ်ဟောင်းစသည်တွေကိုရော၊ အိမ်ဟောင်းတွေကိုပါ ယူပြီး ချက်ကြပါ'လို့ ပြောတယ်။ အဲဒီလိုချက်ရင်းလည်း လတစ်ဝက် (၁၅ ရက်) ကုန်လွန်သွားတယ်။ နောက်ထပ်လည်း 'သစ်သားတွေ မရှိတော့ပါ'လို့ ပြောကြပြန်တယ်။ 'ဒီအခါမှာ ထင်းတွေကို မရနိုင်တော့၊ အဝတ်ကျီတိုက်တွေကို ဖွင့်ကာ ထူထဲတဲ့အဝတ်တွေနဲ့ အလုံးတွေလုပ်ကာ ဆီအိုးကြီးတွေမှာ ဆွတ်ကာ ထမင်းချက်ကြပါ'လို့ ပြောတယ်။ အဲဒီအလုပ်သမားတွေက ၁၅ ရက်ပတ်လုံး အဲဒီအတိုင်းပဲ ပြုလုပ်ကြတယ်။ အဲဒီနည်းနဲ့ လေးလ လွန်သွားတယ်။ မဟာလတာ တန်ဆာလည်း ပြီးစီးသွားတယ်။

2A

http://www.dhammadownload.com



အဲဒီမဟာလတာတန်ဆာမှာ စိန် လေးပြည်၊ ပုလဲ ၁၁ ပြည်၊ သန္တာ ၂၂ ပြည်၊ ပတ္တမြား ၃၃ ပြည် သုံးစွဲတယ်။ အဲဒီရတနာတွေနဲ့ ရော၊ အခြားရတနာတွေနဲ့ပါ ပြီးဆုံးသွားပါတယ်။ ချည်မပါတဲ့ မဟာ လတာတန်ဆာဟာ ငွေနဲ့ ချည်ကိစ္စကို ပြုလုပ်ကြပါတယ်။ အဲဒီတန်ဆာ က ဦးခေါင်းမှာ စွပ်လိုက်ရင် ခြေဖမိုးရောက်သွားပါတယ်။ ထိုထို နေရာမှာ လက်စွပ်တွေကိုတပ်ကာ ပြုလုပ်ထားတဲ့ ရွှေကြယ်သီးတွေ ရှိကြတယ်။ ကြယ်သီးကွင်းတွေက ငွေနဲ့ပြီးတယ်။ ဦးထိပ်ရဲ့အလယ်မှာ လက်စွပ်တစ်ခု ရှိတယ်။ နားအပြင် နှစ်ခုတွေမှာ လက်စွပ် နှစ်ခု၊ လည်ချောင်းရေမျိုမှာ လက်စွပ်တစ်ခု၊ ညှပ်ရိုး နှစ်ခုမှာ လက်စွပ် နှစ်ခု၊ တတောင်ဆစ် နှစ်ခုမှာ လက်စွပ် နှစ်ခု၊ ခါးစောင်း နှစ်ခုမှာ လက်စွပ် နှစ်ခု ရှိကြတယ်။ အဲဒီမဟာလတာတန်ဆာမှာ ဥဒေါင်းတစ်ကောင် ပြုလုပ်ကြတယ်။ အဲဒီဥဒေါင်းရဲ့ လက်ယာဘက်တောင်ပံမှာ ရွှေနီနဲ့ပြီးတဲ့ ငှက်တောင် ၅၀၀ ရှိကြတယ်။ လက်ဝဲဘက်တောင်ပံမှာ ငှက်တောင် ၅၀၀ ရှိကြတယ်။ နှုတ်သီးက သန္တာနဲ့ပြီးတယ်။ မျက်စိတွေက ပတ္တမြား နဲ့ ပြီးတယ်။ လည်ပင်းနဲ့ မြီးဆံတွေကလည်း ပတ္တမြားနဲ့ပြီးကြတယ်။ လေသာတောင်အရိုးတံတွေက ငွေနဲ့ပြီးကြတယ်။ ခြေသလုံးတွေကလည်း ငွေနဲ့ပြီးကြတယ်။ အဲဒီဥဒေါင်းက ဝိသာခါရဲ့ဦးထိပ်အလယ်မှာ တောင် ထိပ်ပေါ် ရပ်တည်ကာ လာနေတဲ့ဥဒေါင်းလို ထင်ရတယ်။ လေသာ တောင် အရိုးတံတစ်ထောင်ရဲ့အသံက နတ်သီချင်းသံလို တူရိယာငါးမျိုး အသံလို ဖြစ်တယ်။ အနီးနားကပ်သွားသူတွေသာ အဲဒီဥဒေါင်းရုပ်ကို ဥဒေါင်းအစစ်မဟုတ်မှန်း သိကြတယ်။ အဲဒီမဟာလတာတန်ဆာဟာ ကိုးကုဋေ ထိုက်တန်တယ်။ လက်ခကို တစ်သိန်းပေးရတယ်။

ဝိသာခါဟာ ဘယ်ကုသိုလ်ကံရဲ့အကျိုးဆက်ကြောင့် ဒီမဟာ လတာတန်ဆာကို ရတာပါလဲ။ ဝိသာခါဟာ ကဿပဘုရားရှင် လက် ထက်မှာ ရဟန်း ၂၀၀၀၀ အား သင်္ကန်းလျာအဝတ်လှူပြီး ချည်ကို

http://www.dhammadownload.com



ရော၊ အပ်တွေကိုရော၊ ဆိုးရည်ကိုပါ သူ့ဥစ္စာကိုသာ လှူတယ်။ အဲဒီ သင်္ကန်းလှူခဲ့တဲ့ အလှူရဲ့အကျိုးဆက်ကြောင့် ဒီမဟာလတာတန်ဆာ ကို ရပါတယ်။ မှန်တယ်။ မိန်းမတွေမှာ သင်္ကန်းအလှူက မဟာလတာ တန်ဆာပစ္စည်းနဲ့ အထွတ်အထိပ်ကို ရောက်ပါတယ်။ ယောကျ်ားတွေ မှာ သင်္ကန်းအလှူက တန်ခိုးနဲ့ပြီးတဲ့ သပိတ်၊ သင်္ကန်းနဲ့ အထွတ်အထိပ် ကို ရောက်ပါတယ်။ အဲဒီလို သူဌေးကြီးဟာ လေးလနဲ့ သမီးအတွက် ရိက္ခာပြုလုပ်ကာ သမီးအား ပေးစရာပစ္စည်း ပေးတဲ့အခါ အသပြာနဲ့ ပြည့်တဲ့ လှည်း ၅၀၀ ကို ပေးတယ်။ ရွှေခွက်နဲ့ပြည့်တဲ့ လှည်း ၅၀၀၊ ငွေခွက်နဲ့ပြည့်တဲ့ လှည်း ၅၀၀၊ ကြေးနီခွက်နဲ့ပြည့်တဲ့ လှည်း ၅၀၀၊ ပတ္တုဏ္ဏတိုင်းဖြစ်အဝတ်၊ ကာသိတိုင်းဖြစ်အဝတ်တွေနဲ့ပြည့်တဲ့ လှည်း ၅၀၀၊ ထောပတ်နဲ့ပြည့်တဲ့ လှည်း ၅၀၀၊ ဆီနဲ့ပြည့်တဲ့ လှည်း ၅၀၀၊ သလေးစပါးနဲ့ပြည့်တဲ့ လှည်း ၅၀၀၊ ထွန်သွား၊ ထွန်ဆံစတဲ့ အဆောက် အအုံပစ္စည်းတွေနဲ့ပြည့်တဲ့ လှည်း ၅၀၀ ကို ပေးတယ်။

ဓနဉ္စယသူဌေးမှာ ဒီလိုအကြံဖြစ်သတဲ့။

'ငါ့သမီး သွားတဲ့နေရာမှာ ဘာလိုတယ်ဆိုပြီး သူတစ်ပါးအိမ် တံခါးကို မပို့လွှတ်ပါစေနဲ့။ ဒါကြောင့် ပစ္စည်းအသုံးအဆောင်အားလုံး ကို ပေးခိုင်းပါတယ်။ ရထားတစ်စင်း တစ်စင်းပေါ်မှာ တန်ဆာအားလုံး နဲ့တန်ဆာဆင်ထားတဲ့ အဆင်းလှတဲ့ ကျွန်မ သုံးယောက် သုံးယောက်စီ ထားကာ ရထား ၅၀၀ ကို ပေးတယ်။ 'ဝိသာခါကို ရေချိုးပေးရင်း၊ ထမင်းကျွေးရင်း၊ တန်ဆာဆင်ပေးရင်း လှည့်လည်ကြ'လို့ ပြောကာ အလုပ်အကျွေးမ ၁၅၀၀ ကို ပေးလိုက်တယ်။ အဲဒီအခါ ဓနဉ္စယသူဌေး မှာ 'ငါ့သမီးအား နွားတွေကို ပေးမယ်'လို့ ကြံတယ်။ သူဌေးက ယောကျ်ားတွေကို စေခိုင်းတယ်။

'အမောင်တို့၊ သွားကြပါ။ နွားခြံငယ်ရဲ့ တံခါးကိုဖွင့်ပြီး သုံး ဂါဝုတ်မှာ စည်သုံးလုံးကို ယူကာ ရပ်တည်ကြပါ။ အနံ အကျယ်အားဖြင့်

http://www.dhammadownload.com



တစ်ဥသဘလောက်နေရာမှာ ဘေးနှစ်ဖက်မှာ ရပ်တည်ကြပါ။ နွားမတွေအား အဲဒီကနောက်ကို သွားခွင့်မပေးကြပါနဲ့။ အဲဒီလို တည်ရှိတဲ့အခါ စည်အမှတ်အသားကို ပြုလုပ်ကြပါ'

အဲဒီယောကျ်ားတွေက အဲဒီအတိုင်း လုပ်ကြပါတယ်။ အဲဒီယောကျ်ားတွေက နွားမတွေ ခြံကထွက်ပြီး တစ်ဂါဝုတ်အရပ်ကို ရောက်တဲ့အခါ စည်အမှတ်အသားကို ပြုလုပ်ကြပါတယ်။ တစ်ဖန် ယူဇနာဝက်အရပ်ကို ရောက်တဲ့အခါ ပြုလုပ်ကြပါတယ်။ တစ်ဖန်လည်း သုံးဂါဝုတ်အရပ်ကို ရောက်တဲ့အခါ စည်အမှတ်အသားကို ပြုလုပ်ကြပါတယ်။ အနံ အကျယ်အားဖြင့် သွားတာကိုလည်း တားမြစ်ကြပါတယ်။ အဲဒီလို အလျားအားဖြင့် သုံးဂါဝုတ်မှာ၊ အနံအကျယ်အားဖြင့် တစ်ဥသဘလောက်အရပ်မှာ နွားမတွေဟာ အချင်းချင်း ထိခိုက်ပြီး ရပ်တည်နေကြပါတယ်။ သူဌေးကြီးက 'ငါ့သမီးအတွက် နွားတွေ ဒီလောက်ဆို တော်ပြီ၊ တံခါးကို ပိတ်ကြ'လို့ ပြောကာ နွားခြံတံခါးကို ပိတ်ခိုင်းပါတယ်။ တံခါးကိုပိတ်ပြီးတဲ့အခါ ဝိသာခါရဲ့ဘုန်းကံအစွမ်းကြောင့် အားကြီးတဲ့နွားထီးတွေရော နို့စားနွားမတွေပါ ခုန်ပျံတက်၊ ခုန်ပျံတက်ကာ ထွက်ကြပါတယ်။ လူတွေဟာ:မြစ်စဉ် တားမြစ်စဉ်မှာပဲ ခြောက်သောင်းသော အားကြီးတဲ့နွားထီးတွေရော၊ ခြောက်သောင်းသော နို့စားနွားမတွေပါ ထွက်ကြတယ်။ အဲဒီလောက်အရေအတွက်ရှိတဲ့ အားကြီးတဲ့နွားငယ်တွေဟာ (အဲဒီနွားမတွေရဲ့ နွားလားဥသဘ) တွေဟာ ခုန်ထွက်ကာ နောက်မှလိုက်ကြတယ်။

ဘယ်ကောင်းမှုကံရဲ့အကျိုးဆက်ကြောင့် အဲဒီလိုနွားတွေ သွားကြပါသလဲ။ တားမြစ်၊ တားမြစ်ကြတဲ့ အလှူခံတွေအား လှူခဲ့တဲ့ အလှူရဲ့အကျိုးဆက်ကြောင့်ပါပဲ။ ချဲ့ပြီးပြောရရင် ဝိသာခါဟာ ကဿပဘုရားလက်ထက်မှာ ကိကီမင်းရဲ့သမီး ခုနစ်ယောက်ထဲက အငယ်ဆုံး သံဃဒါသီ မည်တယ်။ ရဟန်း ၂၀၀၀၀ အား နွားမဖြစ်တဲ့ အရသာ

http://www.dhammadownload.com



ငါးမျိုး အလှူ လှူတယ်။ မထေရ်တွေကရော၊ ရဟန်းငယ်တွေကရော၊ ကိုရင်တွေကပါ သပိတ်ကိုပိတ်ပြီး 'တော်ပြီ၊ တော်ပြီ'လို့ တားမြစ်ကြတယ်။ အဲဒီလို တားမြစ်ကြပေမယ့်လည်း 'ဒါက ချိုပါတယ်၊ ဒါက မြတ်နိုးဖွယ်ကောင်းပါတယ်'လို့ပြောကာ လှူတယ်။ အဲဒီလို အလှူရဲ့ အကျိုးဆက်ကြောင့် တားမြစ်ပေမယ့် နွားတွေက ထွက်ကြပါတယ်။ သူဌေးက အဲဒီလောက်ဥစ္စာကို ပေးပြီးတဲ့အခါ သူဌေးကတော်က ပြောတယ်။

'သင်တို့က ငါ့သမီးအတွက် အားလုံးကို စီမံထားတယ်။ ကိစ္စကြီးငယ် ဆောင်ရွက်ပေးတဲ့ ကျွန်၊ ကျွန်မတွေကိုတော့ မစီမံရသေး၊ ဘာကြောင့်ပါလဲ'

သူဌေးက ပြောတယ်။

'ငါ့သမီးအပေါ် ချစ်ခင်သူ၊ မချစ်ခင်သူတွေကို သိဖို့ပါပဲ။ မှန်တယ်။ ငါဟာ ဝိသာခါနဲ့အတူ မသွားမယ့်သူတွေကို လည်ပင်းကိုင်ပြီး မပို့အံ့။ ယာဉ်ပေါ်တက်ပြီး သွားတဲ့အခါမှသာ ဝိသာခါနဲ့အတူ သွားလိုသူတွေ သွားကြပါစေ၊ မသွားလိုသူတွေ မသွားကြပါနဲ့'လို့ ပြောမယ်။

'နက်ဖြန်ခါ ငါ့သမီးက သွားမယ်'လို့ ကြံပြီး တိုက်ခန်းမှာ သမီးကို အနီးမှာထိုင်ခိုင်းကာ ဩဝါဒပေးတယ်။ ဒီမိဂါရသူဌေးကလည်း အခြားမဲ့အခန်းမှာ ထိုင်ရင်း ဓနဥ္စယသူဌေးရဲ့ဩဝါဒကို နားထောင်နေတယ်။

'သမီး၊ ယောက္ခမအိမ်မှာ နေတဲ့မိန်းကလေးဆိုတာ အတွင်းမီးကို အပြင်မဆောင်ရ၊ အပြင်မီးကို အတွင်းမသွင်းရ၊ ပေးသူအားသာ ပေးရတယ်၊ မပေးသူအား မပေးရ၊ ပေးသူအားရော မပေးသူအားပါ ပေးရတယ်။ ချမ်းသာစွာ ထိုင်ရတယ်၊ ချမ်းသာစွာ စားရတယ်၊ ချမ်းသာစွာ အိပ်ရတယ်၊ မီးကို ပြုစုရတယ်၊ အတွင်းနတ်ကို ရှိခိုးရတယ်'

http://www.dhammadownload.com



ဒီဩဝါဒ ၁၀ မျိုးကို ပေးပြီး နောက်နေ့မှာ စစ်တပ်အားလုံးကို စည်းဝေးခိုင်းပြီး မင်းစစ်တပ်ရဲ့အလယ်မှာ သူကြွယ် ရှစ်ဦးကို အာမခံ ယူကာ 'ငါ့သမီး သွားရာနေရာမှာ ငါ့သမီးမှာ အပြစ်ရှိခဲ့ရင် သင်တို့ သုတ်သင်ရှင်းလင်းပေးကြ'လို့ ပြောပြီး ကိုးကုဋေတန် မဟာလတာ တန်ဆာနဲ့ သမီးကို တန်ဆာဆင်တယ်၊ ရေချိုးဆပ်ပြာမှုန့်ဖိုး ၅၄ ကုဋေသောဥစ္စာကို ပေးတယ်။ ယာဉ်ပေါ်တင်ခိုင်းပြီး သာကေတမြို့အနီး က ငါ့ဥစ္စာဖြစ်တဲ့ အနုရာဓမြို့လောက်ရှိ အပိုင်စားကျေးရွာ ၁၄ ရွာ မှာ စည်ကိုလှည့်လည်စေတယ်။

'ငါ့သမီးနဲ့အတူ သွားလိုသူတွေ သွားကြပါ'

အဲဒီလူတွေက အဲဒီအသံကိုကြားပြီးချင်းပဲ 'ငါတို့ရဲ့အရှင်မ သွားတဲ့အခါ ငါတို့ ဒီမှာနေလို့ ဘာအကျိုးရှိမှာလဲ'လို့ တွေးကာ အဲဒီရွာ ၁၄ ရွာမှ တစ်ယောက်ကိုမျှ မကြွင်းကျန်စေဘဲ ထွက်ကြတယ်။ ဓနဉ္စယသူဌေးကလည်း ကောသလမင်းနဲ့ မိဂါရသူဌေးအား ပူဇော်မှုပြုပြီး အနည်းငယ်လိုက်သွားကာ အဲဒီလူတွေနဲ့အတူ သမီးကို လွှတ်လိုက် တယ်။ မိဂါရသူဌေးကလည်း အားလုံးရဲ့နောက်က ယာဉ်ငယ်ပေါ် ထိုင်ပြီး သွားတဲ့အခါ လူအပေါင်းကိုမြင်ပြီး မေးတယ်။

'ဒီလူတွေက ဘယ်သူတွေလဲ'

'သင့်ချွေးမ ဝိသာခါရဲ့ ကိစ္စကြီးငယ် ပြုလုပ်ပေးတဲ့ ကျွန်မတွေ၊ ကျွန်တွေပါပဲ'

'ဒီလောက်လူတွေကို ဘယ်သူက ကျွေးမွေးမှာလဲ။ ရိုက်ပုတ်ပြီး အဲဒီလူတွေကို ပြေးအောင် လုပ်ကြ၊ မပြေးတဲ့လူတွေကို ဒီနေရာမှာ ဒဏ်တပ်ကြပါ'

ဝိသာခါက ပြောတယ်။

'ဖယ်ကြပါ၊ မတားမြစ်ကြပါနဲ့၊ လူအများအားကပဲ လူအများ အား ထမင်းကို ပေးပါလိမ့်မယ်'

http://www.dhammadownload.com



အဲဒီလိုပြောပေမယ့်လည်း သူဌေးက 'သမီး၊ ငါ့မှာ အဲဒီလူတွေနဲ့ အလိုမရှိ၊ ဘယ်သူက အဲဒီလူတွေကို ကျွေးမွေးမှာလဲ'လို့ ပြောကာ ခဲ၊ တုတ်စသည်တွေနဲ့ ရိုက်ပုတ်ပြေးစေတယ်။ ကျန်တဲ့လူတွေကို 'ငါတို့မှာ ဒီလောက်လူတွေနဲ့ လုံလောက်ပြီ'လို့ ယူပြီးသွားတယ်။ အဲဒီအခါ ဝိသာခါက သာဝတ္ထိမြို့တံခါးကို ရောက်တဲ့အခါ 'ဖုံးကွယ်ထားတဲ့ယာဉ်မှာ ထိုင်ကာ ဝင်ရအံ့လော၊ ဒါမှမဟုတ် ရထားမှာ ရပ်တည်ကာ ဝင်ရအံ့လော'လို့ ကြံတယ်။ အဲဒီအခါ ဝိသာခါမှာ 'ငါဟာ ဖုံးကွယ်တဲ့ယာဉ်နဲ့ ဝင်ရင် မဟာလတာတန်ဆာရဲ့အထူးဟာ မထင်ရှားဘဲ ဖြစ်လိမ့်မယ်'လို့ အကြံပေါ်တယ်။ ဝိသာခါဟာ တစ်မြို့လုံးအား မိမိကိုယ်ကို ပြရင်း ရထားမှာရပ်တည်ကာ မြို့ထဲဝင်တယ်။

သာဝတ္ထိမှာနေသူတွေက ဝိသာခါရဲ့ပြည့်စုံပုံကို ကြည့်ပြီး 'အဲဒီမိန်းမက ဝိသာခါမည်သတဲ့၊ ဒီလိုစည်းစိမ်ဟာ အဲဒီဝိသာခါအားသာ လျောက်ပတ်တယ်'လို့ ပြောကြတယ်။ ဝိသာခါဟာ ကြီးကျယ်တဲ့ စည်းစိမ်နဲ့ သူဌေးအိမ်ကို ဝင်တယ်။ ဝိသာခါသွားတဲ့နေ့မှာ မြို့နေသူအားလုံးက 'ငါတို့ရဲ့ ဓနဥ္စယသူဌေးက သူ့မြို့ကိုရောက်လာသူတွေအား အကြီးအကျယ် ပူဇော်မှုကို ပြုတယ်'လို့ ပြောကာ အစွမ်းရှိသလောက် အင်အားရှိသလောက် လက်ဆောင်ပို့ကြတယ်။ ဝိသာခါက ပို့တိုင်းပို့တိုင်းသော လက်ဆောင်ကို အဲဒီမြို့မှာပဲ အခြားအခြားအမျိုးတွေမှာ အားလုံးပြန့်နှံ့အောင်ပဲ ပေးခိုင်းတယ်။ အဲဒီနည်းနဲ့ ဝိသာခါဟာ 'ဒါကို ငါ့မိခင်အား ပေးကြပါ၊ ဒါကို ငါ့ဖခင်အား ပေးကြပါ၊ ဒါကို ငါ့အစ်ကိုအား ပေးကြပါ၊ ဒါကို ငါ့ညီမအား ပေးကြပါ'လို့ ထိုထိုလူတွေရဲ့ အရွယ်အားလျော်တဲ့ ချစ်ဖွယ်စကားကိုပြောကာ လက်ဆောင်ပို့ပေးရင်း တစ်မြို့လုံးကလူတွေကို ဆွေမျိုးတွေလို ပြုလုပ်တယ်။ အဲဒီအခါ ဝိသာခါအဖို့ ညဥ့်ဦးယံရဲ့ အခြားမဲ့ကာလမှာ အာဇာနည်မြည်းမက မွေးဖွားတယ်။ ဝိသာခါက ကျွန်မတွေကို ဆီမီးတိုင်တွေကိုင်ခိုင်းကာ

http://www.dhammadownload.com



အဲဒီနေရာကို သွားတယ်။ မြည်းမကို ရေနွေးနဲ့ ရေချိုးပေးခိုင်းတယ်။ ဆီလိမ်းပေးခိုင်းတယ်။ ပြီးတော့ သူ့နေရာကိုပဲ သွားတယ်။

မိဂါရသူဌေးကလည်း သားအတွက် သတို့သမီးဆောင်ပေးခြင်း မင်္ဂလာကို ပြုလုပ်တဲ့အခါ မြို့ဦးကျောင်းမှာ သီတင်းသုံးတဲ့ ဘုရားရှင်ကိုတောင် နှလုံးမသွင်းမိဘဲ ရှည်စွာသောကာလပတ်လုံး အဝတ်မဝတ်တဲ့ ရဟန်းယုတ်တွေအပေါ် တည်ရှိတဲ့ ချစ်ကြည်ညိုမှုက နှိုးဆော်လို့ 'ငါ့ အရှင်တွေအားလုံး ပူဇော်မှုပြုမယ်'လို့ ကြံတယ်။ တစ်နေ့မှာ ခွက်အသစ် ရာပေါင်းများစွာမှာ ရေမပါတဲ့နို့ဃနာကို ချက်ခိုင်းတယ်။ အဝတ်မဝတ်တဲ့ တက္ကတွန်းငါးရာကို ပင့်ခိုင်းတယ်။ အိမ်အတွင်းသွင်းပြီး 'ငါ့ချွေးမဟာ လာပါ၊ ရဟန္တာတွေကို ရှိခိုးပါ'လို့ ဝိသာခါထံ သတင်းပို့လိုက်တယ်။ ဝိသာခါက 'ရဟန္တာတွေ'ဆိုတဲ့စကားကို ကြားရပြီး သောတာပန် အရိယာဖြစ်လို့ ပျော်ရွှင်သွားတယ်။ အဲဒီတက္ကတွန်းတွေရဲ့ စားရာနေရာကိုလာပြီး သူတို့ကိုကြည့်ကာ 'ဒီလိုအရှက်အကြောက်ကင်းသူတွေက ရဟန္တာတွေ မဟုတ်ကြ၊ ဘာကြောင့် ငါ့ကို ယောက္ခမက အခေါ်ခိုင်းရသလဲ'လို့ ပြောတယ်။ 'ထွီ၊ ထွီ'လို့ဆိုကာ သူဌေးကို ကဲ့ရဲ့တယ်။ သူ့နေရာကိုပဲ ပြန်သွားတယ်။ အဝတ်မပါတဲ့ တက္ကတွန်းတွေက ဝိသာခါကိုမြင်ပြီး အားလုံးတစ်ပြိုင်နက်တည်းပဲ သူဌေးကို ကဲ့ရဲ့ကြတယ်။

'သူကြွယ်၊ သင်က အခြားသူကို မရဖူးလား၊ ရဟန်းဂေါတမရဲ့ တပည့် အယုတ်မကို ဒီအိမ်ထဲ သွင်းတယ်။ အဟုန်နဲ့ အဲဒီအယုတ်မကို ဒီအိမ်က ဆွဲထုတ်ခိုင်းပါ'

မိဂါရသူဌေးက 'ငါဟာ ဒီအရှင်တွေရဲ့ စကားမျှနဲ့ ဆွဲထုတ်လို့ မဖြစ်နိုင်၊ သူမက အမျိုးကြီးရဲ့သမီးဖြစ်တယ်'လို့ ကြံကာ 'အရှင်တို့၊ ငယ်ရွယ်သူတွေဆိုတာ သိပြီးဖြစ်ဖြစ်၊ မသိဘဲဖြစ်ဖြစ် ပြုလုပ်တတ်ကြပါတယ်။ သင်တို့ ဆိတ်ဆိတ်နေကြပါ'လို့ အဲဒီအရှင်တွေကို စေလွှတ်ကာ ကိုယ်တိုင်ကြီးမြတ်သူတွေအား ထိုက်တဲ့နေရာမှာ ထိုင်ကာ

http://www.dhammadownload.com



ရွှေခွက်မှာ ရေမပါတဲ့ နို့ဃနာချိုကို စားတယ်။ အဲဒီအခါ ဆွမ်းခံမထေရ်တစ်ပါးက ဆွမ်းခံလှည့်လည်ရင်း အဲဒီအိမ်ကို ဝင်တယ်။ ဝိသာခါက ယောက္ခမကို ယပ်ခတ်ပေးရင်း ရပ်တည်နေတဲ့အခါ အဲဒီမထေရ်ကို မြင်ရပြီး 'ယောက္ခမအား ပြောဖို့မသင့်'လို့ တွေးပြီး ယောက္ခမမထေရ်ကိုမြင်လာလောက်တဲ့နည်းနဲ့ ဖဲသွားကာ ရပ်တည်နေတယ်။ အဲဒီယောက္ခမမိုက်ကတော့ မထေရ်ကို မြင်ပေမယ့် မမြင်သလိုလုပ်ကာ ဦးခေါင်းငိုက်စိုက်နဲ့ စားမြဲစားနေတယ်။ ဝိသာခါက 'မထေရ်ကို မြင်ပေမယ့် ငါ့ယောက္ခမက အမှတ်မထား'လို့ သိပြီး 'ကန်တော့ဆွမ်းပါဘုရား၊ တပည့်တော်ရဲ့ယောက္ခမက အဟောင်းကို စားနေပါတယ်'လို့ ပြောတယ်။ မိဂါရသူဌေးဟာ နိဂဏ္ဌတွေ ပြောတဲ့အခါက သည်းခံခဲ့ပေမယ့် 'အဟောင်းကို စားတယ်'လို့ ပြောတဲ့ခဏမှာပဲ လက်ကိုဖယ်ရှားကာ 'ဒီနို့ဃနာကို ဒီနေရာက ထုတ်ဆောင်လိုက်ကြပါ။ ဒီဝိသာခါကို ဒီအိမ်မှ ဆွဲထုတ်ကြပါ။ ဒီဝိသာခါဟာ ငါ့ကို ဒီလိုမင်္ဂလာအချိန်မှာ မစင်စားသူမည်အောင် လုပ်တယ်'လို့ ပြောတယ်။

အဲဒီအိမ်မှာ ကျွန်၊ အလုပ်သမားအားလုံးဟာလည်း ဝိသာခါရဲ့လူတွေချည်းပဲ။ ဝိသာခါကို ဘယ်သူက လက်ခြေတွေကို ကိုင်ရဲမှာလဲ။ ပါးစပ်နဲ့ ပြောစွမ်းရှိသူတောင် မရှိပါ။ ဝိသာခါက ယောက္ခမရဲ့စကားကို ကြားရပြီး ဒီလိုပြောတယ်။

'ဖခင်၊ ကျွန်မတို့ဟာ ဒီလောက်မျှနဲ့ မထွက်ကြပါ။ ကျွန်မကို သင်တို့က ရေချိုးဆိပ်က ရေခပ်ကျွန်မလို ဆောင်ယူထားတာ မဟုတ်ပါ။ သက်ရှိမိဘတွေရဲ့ သမီးတွေဆိုတာ ဒီလောက်မျှနဲ့ မထွက်ခွာကြပါ။ ကျွန်မရဲ့ဖခင်က ဒီအကြောင်းကြောင့်ပဲ ဒီကိုလာတဲ့အခါ သူကြွယ်ရှစ်ယောက်ကို အခေါ်ခိုင်းကာ 'ငါ့သမီးမှာ အပြစ်ဖြစ်ပေါ်လာရင် သုတ်သင်ပေးကြပါ'လို့ ပြောကာ ကျွန်မကို အဲဒီသူကြွယ်တွေရဲ့ လက်ထဲ ထားလိုက်ပါတယ်။ အဲဒီသူကြွယ်တွေကို အခေါ်ခိုင်းပြီး ကျွန်မရဲ့

http://www.dhammadownload.com



အပြစ်ဟုတ် မဟုတ်ကို သုတ်သင်ကြပါ'လို့ ပြောတယ်။ သူဌေးက 'ဒီဝိသာခါဟာ ကောင်းတာပြောတာပဲ'လို့ နားလည်ပြီး သူကြွယ်ရှစ်ဦးကို အခေါ်ခိုင်းကာ 'ဒီကလေးမက မင်္ဂလာအခါမှာ ထိုင်ပြီး ရွှေခွက်မှာ ရေမပါတဲ့နို့ဃနာ စားနေတဲ့ငါ့ကို မစင်စားသူလို့ ပြောတယ်'လို့ ပြောတယ်။ ဝိသာခါအပေါ် အပြစ်တင်ပြီး ဝိသာခါကို အိမ်မှနှင်ထုတ်ကြပါ'လို့ ပြောတယ်။ ထိုအခါ သူကြွယ်ရှစ်ဦးက

'သမီး၊ အဲသည်လိုဟုတ်သတဲ့လား'

'ကျွန်မက အဲသည်လိုမပြောပါ၊ အဟုတ်ကတော့ ဆွမ်းခံမထေရ်တစ်ပါးက အိမ်တံခါးမှာ ရပ်နေတဲ့အခါ ကျွန်မရဲ့ယောက္ခမက ရေမပါတဲ့ နို့ဃနာ စားရင်း အဲဒီမထေရ်ကို နှလုံးမသွင်းမိ၊ ကျွန်မက 'ငါ့ယောက္ခမဟာ ဒီဘဝမှာ ကောင်းမှုကို မလုပ်၊ ရှေးအဟောင်းကောင်းမှုကိုပဲ ခံစားတယ်'လို့ ကြံကာ 'ကန်တော့ဆွမ်းပါဘုရား၊ တပည့်တော်ရဲ့ယောက္ခမက အဟောင်းကို ခံစားနေပါတယ်'လို့ ပြောခဲ့ပါတယ်။ အဲဒီမှာ ကျွန်မရဲ့အပြစ်က ဘာပါလဲ'

'အိုအရှင် သူဌေး၊ ဒီနေရာမှာ အပြစ်မရှိပါ။ ကျွန်တော်တို့ရဲ့သမီးက သင့်လျော်တာကို ပြောပါတယ်၊ သင်က ဘာကြောင့်စိတ်ဆိုးရတာလဲ'

'အို အရှင်တို့၊ အဲဒါဟာ အပြစ်မဟုတ်ဘူးထားပါတော့၊ ဒီဝိသာခါဟာ တစ်နေ့မှာ သန်းခေါင်ယံအချိန် ကျွန်မတွေခြံရံကာ အိမ်နောက်ပိုင်းကို သွားပါတယ်'

'သမီး၊ အဲဒီအတိုင်း ဟုတ်ပါသလား'

'ဖခင်တို့၊ ကျွန်မဟာ အခြားအကြောင်းကြောင့် မသွားခဲ့ပါ။ ဒီအိမ်မှာတော့ အာဇာနည်မြည်းမ အမှတ်ကိုတောင် မပြုဘဲ နေထိုင်တယ်ဆိုတာ မသင့်တော်ပါလို့ကြံပြီး ဆီမီးတုတ်တွေကို ယူခိုင်းကာ ရေနွေးစသည်တွေကို ယူခိုင်းပါတယ်။ ကျွန်မတွေနဲ့အတူသွားကာ

http://www.dhammadownload.com



မြည်းမမွေးရာမှာ အစောင့်အရှောက် အလုပ်ခိုင်းခဲ့ပါတယ်။ အဲဒီမှာ ကျွန်မရဲ့အပြစ်က ဘာပါလဲ'

'အိုအရှင်သူဌေး၊ ဒီမှာ အပြစ်မရှိပါ။ ကျွန်တော်တို့ရဲ့သမီးဟာ သင့်အိမ်မှာ ကျွန်မတွေတောင်မှ မလုပ်ထိုက်တဲ့အလုပ်ကို လုပ်တယ်၊ အဲဒီမှာ သင်က ဘယ်အပြစ်ကို မြင်ခဲ့ပါသလဲ'

'အို အရှင်တို့၊ ဒီမှာလည်း အပြစ်မဟုတ်ဘူး ထားပါတော့။ ဝိသာခါရဲ့ဖခင်က ဒီကိုလာတဲ့အခါမှာ ဝိသာခါကို ဆုံးမတော့ လျှို့ဝှက် ဖုံးကွယ်တဲ့နေရာမှာ ဩဝါဒ ၁၀ မျိုးကို ပေးခဲ့ပါတယ်။ အဲဒီဩဝါဒ တွေရဲ့အဓိပ္ပာယ်ကို ငါမသိပါ။ အဲဒီဩဝါဒတွေရဲ့အဓိပ္ပာယ်ကို ပြော ပြပါ။ ဝိသာခါရဲ့ဖခင်က အတွင်းမီးကို အပြင်မဆောင်ရလို့ ပြောပါ တယ်။ ငါတို့က ဘေးနှစ်ဖက်က အိမ်နီးချင်းအိမ်တွေအား မီးမပေးဘဲ မနေသင့်ပါသလား'

'သမီး၊ အဲဒီအတိုင်း ဟုတ်ပါသလား'

'ဖခင်တို့၊ ကျွန်မရဲ့ဖခင်က အဲဒါကိုရည်ရွယ်ပြီး ပြောတာ မဟုတ်ပါ။ သမီး၊ သင့်ရဲ့ယောက္ခမ အထီး၊ အမ၊ လင်တို့ရဲ့အပြစ်ကို မြင်ပြီး အပြင်ဘက်က ထိုထိုအိမ်တွေမှာ ရပ်တည်ကာ မပြောနဲ့၊ မှန် တယ်။ အဲဒီလို မီးနဲ့တူတဲ့ မီးဆိုတာ မရှိပါ။ အဲဒါကို ရည်ရွယ်ပြီး ပြောပါတယ်'

'အို အရှင်တို့၊ အဲဒါက ရှိပါစေတော့။ ဝိသာခါရဲ့ဖခင်က 'အပြင်ကမီးကို အတွင်းသို့မသွင်းရ'လို့ ပြောပါတယ်။ ငါတို့က အိမ် အတွင်းက မီးငြိမ်းရင် အပြင်ကမီးကို မဆောင်ယူသင့်ပါဘူးလား'

'သမီး အဲဒီအတိုင်း ဟုတ်ပါသလား'

'ဖခင်တို့၊ ကျွန်မရဲ့ဖခင်က အဲဒါကိုရည်ရွယ်ပြီး ပြောတာ မဟုတ်ပါ။ အိမ်နီးနားတွေက မိန်းမတွေ၊ ယောကျ်ားတွေက ယောက္ခမ တွေနဲ့ လင်ရဲ့အပြစ်ကို ပြောကြရင် အဲဒီလူတွေပြောတဲ့စကားကို သယ်

http://www.dhammadownload.com



ဆောင်ပြီး 'ဤမည်သူက သင်တို့ရဲ့ ဒီလိုဒီလိုအပြစ်ကို ပြောတယ်'လို့ နောက်ထပ် သင်က မပြောပါနဲ့၊ မှန်တယ်၊ အဲဒီမိန်းနဲ့တူတဲ့မိန်းဆိုတာ မရှိပါ'

အဲဒီလို ဒီအကြောင်းမှာလည်း ဝိသာခါမှာ အပြစ်မရှိသည်သာ။ ဒီမှာအပြစ်မရှိသလို အခြားအကြောင်းတွေမှာလည်း အပြစ်မရှိပါ။ အဲဒီ ကျန်တဲ့ဩဝါဒတွေမှာ အဓိပ္ပာယ်က အောက်ပါအတိုင်းဖြစ်ပါတယ်။

ဝိသာခါရဲ့ဖခင်က 'ပေးသူတွေအားသာ ပေးရမယ်'ဆိုတဲ့စကား ကို 'ပစ္စည်းဉစ္စာငှားပြီး ပြန်ပေးသူတွေအား ပေးရမယ်'လို့ ရည်ရွယ်ကာ ပြောလိုက်ပါတယ်။

'မပေးသူတွေအား မပေးရ'ဆိုတဲ့ ဒီစကားကိုလည်း ပစ္စည်းဉစ္စာ ငှားပြီး ပြန်မပေးသူတွေအား မပေးရလို့ ရည်ရွယ်ကာ ပြောလိုက်ပါ တယ်။

'ပေးပေး၊ မပေးပေး၊ ပေးရမယ်'ဆိုတဲ့ ဒီစကားကို ဆင်းရဲတဲ့ ဆွေမျိုး မိတ်ဆွေတွေ ရောက်လာရင် အဲဒီလူတွေ ပြန်ပေးနိုင် မပေးနိုင် အဲဒီသူတွေအား ပေးကိုပေးသင့်တယ်လို့ ရည်ရွယ်ကာ ပြောပါတယ်၊

'ချမ်းသာစွာ ထိုင်ရမယ်'ဆိုတဲ့စကားကိုလည်း ယောက္ခမတွေနဲ့ လင်ကို မြင်ပြီး ထပေးထိုက်တဲ့နေရာမှာ မထိုင်သင့်လို့ ရည်ရွယ်ကာ ပြောပါတယ်။

'ချမ်းသာစွာ စားရမယ်'ဆိုတဲ့ ဒီစကားကို ယောက္ခမတွေနဲ့လင်ရဲ့ အရင်မစားသေးဘဲ အဲဒီလူတွေကို ပြုစုကျွေးမွေးပြီး အားလုံးပုဂ္ဂိုလ်တွေ ရ မရကို သိကာ နောက်မှ ကိုယ်တိုင်စားသင့်တယ်လို့ ရည်ရွယ်ကာ ပြောပါတယ်။

'ချမ်းသာစွာ အိပ်ရမယ်'ဆိုတဲ့ ဒီစကားကိုလည်း ယောက္ခမတွေနဲ့ လင်ရဲ့အရင် အိပ်ရာပေါ်တက်ပြီး မအိပ်ရ၊ အဲဒီပုဂ္ဂိုလ်တွေအတွက် ပြုလုပ်ထိုက်တဲ့ ဝတ်ကြီး ဝတ်ငယ်ကိုပြုပြီး နောက်မှ ကိုယ်တိုင်အိပ် သင့်တယ်လို့ ရည်ရွယ်ကာ ပြောပါတယ်။

http://www.dhammadownload.com



'မီးကို ပြုစုရမယ်'ဆိုတဲ့ ဒီစကားကို ယောက္ခတွေနဲ့လင်ကို မီးပုံလိုရော၊ မြွေမင်းလိုပါ သဘောထားကာ ကြည့်ရှုသင့်တယ်လို့ ရည်ရွယ်ကာ ပြောပါတယ်။

'အိမ်တွင်းနတ်ကို ရှိခိုးရမယ်'ဆိုတဲ့ ဒီစကားကိုလည်း ယောက္ခမနဲ့လင်ကို နတ်တွေလို သဘောထားကာ ကြည့်ရှုသင့်တယ်လို့ ရည်ရွယ်ကာ ပြောပါတယ်။

အဲဒီလို သူဌေးက ဒီဩဝါဒ ၁၀ ခုရဲ့ အနက်အဓိပ္ပာယ်ကို ကြားရပြီး စကားတုံ့ကို မတွေ့မြင်ရလို့ မျက်နှာအောက်ချကာ ထိုင်နေတယ်။ အဲဒီအခါ သူဌေးကို သူကြွယ်တွေက 'သူဌေး၊ ငါတို့ရဲ့သမီးမှာ အခြားအပြစ်လည်း ရှိပါသေးသလား'လို့ မေးကြတော့ 'အရှင်တို့၊ မရှိပါ'လို့ ဖြေတယ်။ 'ဒီလိုဆိုရင် ဘာကြောင့်အပြစ်မရှိတဲ့ ဝိသာခါကို အကြောင်းမရှိဘဲ အိမ်မှဆွဲထုတ်ခိုင်းပါသလဲ'လို့ ပြောတဲ့အခါ ဝိသာခါက အောက်ပါအတိုင်း ပြောတယ်။

'ဖခင်တို့၊ ကျွန်မယောက္ခမရဲ့စကားနဲ့ ပထမအကြိမ်ကပင် မသွားတာဟာ မသင့်တော်ပေမယ့် ကျွန်မရဲ့ဖခင်က ကျွန်မလာတဲ့အခါ ကျွန်မရဲ့အပြစ်ကို သုတ်သင်ဖို့ရာ ကျွန်မကို အသင်တို့ရဲ့လက်မှာ ထားလိုက်ပါတယ်။ အသင်တို့ကလည်း ကျွန်မမှာ အပြစ်မရှိတာကို သိပြီးပါပြီ။ အခုအခါမှာတော့ ကျွန်မဟာ သွားဖို့သင့်ပါတယ်'

အဲဒီလိုပြောပြီး ကျွန်မိန်းမ၊ ကျွန်ထီးတွေကို ယာဉ်စသည်တွေ ပြင်ဆင်ခိုင်းကြလို့ စေခိုင်းလိုက်ပါတယ်။ အဲဒီအခါ သူဌေးကြီးက ဝိသာခါနှင့် သူကြွယ်တွေကို ခေါ်ယူကာ 'သမီး၊ ငါဟာ မသိဘဲသာ ပြောမိပါတယ်။ ငါ့အား သည်းခံပါ'လို့ ပြောတယ်။

'ဖခင်၊ ကျွန်မက ဖခင်အပေါ် သည်းခံရမှာကို သည်းခံပါတယ်။ ကျွန်မကတော့ ဗုဒ္ဓသာသနာမှာ ဉာဏ်နဲ့သက်ဝင်ယုံကြည်တဲ့ အမျိုးရဲ့သမီး ဖြစ်ပါတယ်။ ကျွန်မတို့ဟာ ရဟန်းသံဃာနဲ့ကင်းပြီး မကျင့်

http://www.dhammadownload.com



ကြဲနိုင်ကြပါ။ ကျွန်မအလိုအတိုင်း ရဟန်းသံဃာကို ပြုစုခွင့်ရရင် နေပါမယ်'

'သမီး၊ သင့်အလိုအတိုင်း သင့်ရဟန်းတွေကို ပြုစုလုပ်ကျွေးပါ'

ဝိသာခါက ဘုရားရှင်ကို ပင့်ခိုင်းပြီး နောက်နေ့မှာ နေအိမ်ကို ပင့်တယ်။ အဝတ်မပါတဲ့ တိတ္ထိရဟန်းတွေကလည်း ဘုရားရှင် မိဂါရ သူဌေးအိမ် ကြွသွားတာကို ကြားရပြီး သွားကာ အိမ်ကိုဝိုင်းရံထိုင်နေ ကြတယ်။ ဝိသာခါက အလှူရေစက်ကို လှူပြီး 'လှူဖွယ်အားလုံးကို စီမံပြီးပါပြီ။ ငါ့ယောက္ခမသူဌေးက လာပြီး ဘုရားရှင်ကို ပြုစုပါ'လို့ သတင်းစကားပို့လိုက်တယ်။ အဲဒီအခါ သွားချင်တဲ့မိဂါရကို တိတ္ထိတွေ က 'သူကြွယ်၊ သင်က ရဟန်းဂေါတမထံ မသွားပါနဲ့'လို့ တားမြစ် ကြတယ်။ သူဌေးက 'ငါ့ချွေးမက ကိုယ်တိုင်ပဲ လုပ်ကျွေးလိုက်ပါ'လို့ သတင်းစကား ပို့လိုက်တယ်။ ဝိသာခါက ဘုရားအမှူးရှိတဲ့ ရဟန်း သံဃာကို ပြုစုလုပ်ကျွေးပြီး ဆွမ်းကိစ္စပြီးတဲ့အခါ နောက်ထပ် 'ငါ့ ယောက္ခမသူဌေးဟာ လာပြီး တရားစကားကို နာယူပါ'လို့ သတင်းပို့ လိုက်တယ်။ 'အခုမသွားရင် အလွန်ပဲ မသင့်တော်'လို့ တွေးပြီး တရား နာလိုလို့ သွားတဲ့ မိဂါရသူဌေးကို နောက်ထပ်အဲဒီတိတ္ထိတွေက 'ဒီလို ဆိုရင် ရဟန်းဂေါတမရဲ့တရားကို နာယူတဲ့အခါ ကန့်လန့်ကာအပြင် ဘက်မှာ ထိုင်ကာ နာယူပါ'လို့ ပြောကြတယ်။

မိဂါရအတွက် ရှေးဦးစွာပင်သွားကာ ကန့်လန့်ကာကို ကာရံ ကြတယ်။ သူဌေးက သွားပြီး ကန့်လန့်ကာအပြင်ဘက်မှာ ထိုင်တယ်။ ဘုရားရှင်က 'သင်ဟာ ကန့်လန့်ကာအပြင်ဘက်မှာပဲ ထိုင်ထိုင်၊ နံရံ ဟိုဘက်၊ တောင်ဟိုဘက်၊ အခြားစကြဝဠာတွေမှာပဲ ထိုင်ထိုင်၊ ငါဘုရား ဆိုတာ ငါ့အသံကို သင်ကြားအောင်လုပ်နိုင်တယ်'လို့ မိန့်ကာ သပြေ ပင်ကြီးရဲ့ပင်စည်ကို ကိုင်လှုပ်သူလို၊ အမတမိုး ရွာသွန်းလိုက်သလို တရားဟောဖို့ရာ အစဉ်အတိုင်းဖြစ်တဲ့ တရားစကားကို အားထုတ်တယ်။

http://www.dhammadownload.com



ဘုရားရှင်က တရားဟောတော်မူတဲ့အခါ ရှေ့မှာတည်ရှိနေသူတွေရော၊ နောက်မှာတည်ရှိနေသူတွေရော၊ စကြဝဠာတစ်ရာ၊ စကြဝဠာတစ်ထောင်ကို ကျော်လွန်ပြီး တည်ရှိနေသူတွေရော၊ အကနိဋ္ဌဘုံမှာ တည်ရှိနေသူတွေပါ 'ဘုရားရှင်က ငါ့ကိုပဲ ကြည့်တယ်၊ ငါ့အားပဲ တရားဟောတယ်' လို့ ပြောကြတယ်။ မှန်တယ်။ ဘုရားရှင်က ထိုထိုပုဂ္ဂိုလ်ကိုကြည့်သလို ဖြစ်တယ်။ ထိုထိုပုဂ္ဂိုလ်နဲ့အတူ စကားပြောသလိုလည်း ဖြစ်တယ်။ ဘုရားရှင်တွေက 'လ'နဲ့တူတော်မူကြသတဲ့။ လဟာ ကောင်းကင်အလယ်မှာ တည်ရှိနေတဲ့အခါ 'ငါ့အပေါ်မှာ လ၊ ငါ့အပေါ်မှာ လ'လို့ သတ္တဝါအားလုံးမှာ ထင်မှတ်ရတယ်။ အဲဒီလိုပါပဲ၊ ဘုရားရှင်တွေဟာ ဘယ်နေရာမှာ တည်ရှိတဲ့ပုဂ္ဂိုလ်တွေအတွက်ဖြစ်စေ အဲဒီပုဂ္ဂိုလ်တွေရဲ့မျက်မှောက်မှာ တည်ရှိနေသလို ထင်ကြရတယ်။

အဲဒါက အဲဒီဘုရားရှင်တွေရဲ့ တန်ဆာဆင်ထားတဲ့ ဦးခေါင်းကို ဖြတ်ပြီး မျက်ကွင်းထားတဲ့ မျက်လုံးတွေကို ထုတ်ဆောင်ကာ၊ နှလုံးသားကို ထုတ်ဆောင်ကာ၊ သူတစ်ပါးရဲ့ကျွန်အတွက် ဇာလီနဲ့တူတဲ့သားတွေကို၊ ကဏှာဇိန်နဲ့တူတဲ့ သမီးတွေကို၊ မဒ္ဒီနဲ့တူတဲ့ မယားတွေကို စွန့်လွှတ်ကာ လှူခဲ့တဲ့အလှူရဲ့ အကျိုးဖြစ်ပါသတဲ့။ ဘုရားရှင်က မိဂါရသဌေးအား နည်းတစ်ထောင်နဲ့တန်ဆာဆင်အပ်တဲ့ တရားဒေသနာကို ဟောကြားတဲ့အခါ ကန့်လန့်ကာအပြင်ဘက်မှာ ထိုင်ရင်းပဲ သောတာပတ္တိဖိုလ်မှာ တည်တယ်။ မတုန်လှုပ်တဲ့သဒ္ဓါနဲ့ ပြည့်စုံတယ်။ ရတနာသုံးပါးအပေါ် ယုံမှားမရှိ။ ကန့်လန့်ကာအစွန်ကို မချီကာလာပြီး ချွေးမရဲ့နို့ကို ပါးစပ်နဲ့ယူတယ်။ 'သင်ဟာ ငါ့အဖို့ ဒီနေ့ကစပြီး မိခင်ပါပဲ'လို့ ဝိသာခါကို မိခင်အရာမှာ ထားပါတယ်။ အဲဒီအချိန်ကစပြီး ဝိသာခါဟာ မိဂါရမာတာ မည်ပါတယ်။ နောက်အဖို့မှာ သားရပြီးလည်း အဲဒီသားရဲ့ အမည်ကို မိဂါရလို့ မှည့်ပါတယ်။

မိဂါရသူဌေးကလည်း ချွေးမရဲ့နို့ကို လွှတ်ပြီးသွားကာ ဘုရားရှင်

http://www.dhammadownload.com



ရဲ့ခြေထောက်နှစ်ဖက်မှာ ဦးခေါင်းနဲ့ ပျပ်ဝပ်ရှိခိုးတယ်။ ခြေတွေကို လက်တွေနဲ့ ဆုပ်နယ်တယ်။ ပါးစပ်နဲ့လည်း စုပ်တယ်၊ 'တပည့်တော်ဟာ မိဂါရပါဘုရား၊ တပည့်တော်ဟာ မိဂါရပါဘုရား'လို့ သုံးကြိမ်တိုင်တိုင် နာမည်ကို လျှောက်ထားပါတယ်။ ပြီးတော့ အောက်ပါစကားကို လျှောက်ထားပါတယ်။

'မြတ်စွာဘုရား၊ တပည့်တော်ဟာ ဒီလောက်ကာလပတ်လုံး အကျိုးများမယ့် လှူစရာနေရာကို မသိပါ၊ အခုမှ ချွေးမကိုမှီပြီး တပည့်တော် သိရပါတယ်။ အပါယ်ဆင်းရဲအားလုံးမှ လွတ်မြောက်ပါပြီ၊ ချွေးမက တပည့်တော် ဒီအိမ်ကိုလာတဲ့အခါ တပည့်တော်ရဲ့အကျိုးစီးပွားအလို့ငှာ ချမ်းသာအလို့ငှာ လာခဲ့ပါတယ်'

ဝိသာခါဟာ နောက်နေ့အတွက်လည်း ဘုရားရှင်ကို ပင့်ဖိတ်တယ်။ ဝိသာခါရဲ့ယောက္ခမမိန်းမဟာ နောက်နေ့မှာလည်း သောတာပန်ဖြစ်သွားပါတယ်။ အဲဒီအချိန်ကစပြီး အဲဒီအိမ်ဟာ သာသနာအတွက် တံခါးဖွင့်ထားပါတယ်။ အဲဒီကနောက် သူဌေးကကြံတယ်။

'ငါ့ချွေးမဟာ ကျေးဇူးများတယ်။ သူ့အပေါ်ကြည်ညိုတဲ့ အခြင်းအရာကို ငါပြုလုပ်မယ်။ ဝိသာခါဟာ လေးတဲ့အဆင်တန်ဆာကို အမြဲတန်ဆာဆင်ထားလို့ မတတ်နိုင်၊ ဝိသာခါအတွက် ပေါ့ပါးပြီး နေ့ရောညပါ ဣရိယာပုတ်အားလုံးမှာ တန်ဆာဆင်လို့ရတဲ့ အဆင်တန်ဆာကို ပြုလုပ်ပေးမယ်'လို့ ကြံကာ တစ်သိန်းထိုက်တန်တဲ့ ဃနမဋ္ဌကမည်တဲ့ အဆင်တန်ဆာကို ပြုလုပ်ခိုင်းတယ်။ အဲဒီအဆင်တန်ဆာ ပြီးတဲ့အခါ ဘုရားအမှူးရှိတဲ့ ရဟန်းအပေါင်းကိုပင့်ပြီး ရိုရိုသေသေဆွမ်းကျွေးတယ်။ ဝိသာခါကို နံ့သာရေအိုး ၁၆ အိုးတို့နဲ့ ရေချိုးခိုင်းတယ်။ ဘုရားရှင်ရဲ့ မျက်မှောက်မှာထားကာ တန်ဆာဆင်ပြီး ဘုရားရှင်ကို ရှိခိုးခိုင်းတယ်။ ဘုရားရှင်က အနုမောဒနာပြုပြီး ကျောင်းကိုပဲသွားတယ်။ ဝိသာခါကလည်း အဲဒီအချိန်ကစပြီး ဒါနစတဲ့ ကောင်းမှုတွေကို ပြုလုပ်ရင်း

http://www.dhammadownload.com



ဘုရားရှင်ထံမှ ဆုရှစ်မျိုးကို ရတယ်။ ကောင်းကင်အပြင်က လအရေး အကြောင်းပမာ ထင်ရှားကာ သား သမီးတွေနဲ့ ကြီးပွားနေတယ်။ ဝိသာခါမှာ သား ၁၀ ယောက်၊ သမီး ၁၀ ယောက် ရှိပါသတဲ့။ အဲဒီသား သမီးတွေမှာ တစ်ယောက်တစ်ယောက်စီမှာ သား ၁၀ ယောက်စီ သမီး ၁၀ ယောက်စီ ရှိပြန်တယ်။ အဲဒီမြေး ယောကျ်ား ၁၀ ယောက်စီ၊ မြေးမ ၁၀ ယောက်စီမှာလည်း သား ၁၀ ယောက်၊ သမီး ၁၀ ယောက်စီ ရှိပြန်တယ်။ အဲဒီနည်းနဲ့ ဝိသာခါမှာ သား သမီး၊ မြေး၊ မြစ်အစဉ်အားဖြင့် ဖြစ်တဲ့လူတွေဟာ ၈၄၂၀ ရှိတယ်။

ဒါကြောင့် ရှေးဆရာတွေက ဒီလိုဆိုကြပါတယ်။

'ဝိသာခါမှာ သား သမီး ၂၀ ရှိတယ်။ မြေးတွေက ၄၀၀၊ မြစ်တွေက ၈၀၀၀ ရှိတယ်။ ဝိသာခါဟာ ဇမ္ဗူဒိပ်မှာ အလွန်ထင်ရှားပါတယ်'။

ဝိသာခါရဲ့အသက်က ၁၂၀ ရှည်တယ်။ သူမရဲ့ဦးခေါင်းမှာ ဆံပင်ဖြူတစ်ပင်မှ မရှိပါ။ အမြဲ ၁၆ နှစ်အရွယ်လို ဖြစ်နေတယ်။ သား သမီး မြေး မြစ်တွေ ခြံရံပြီး ကျောင်းသွားတဲ့ဝိသာခါကို မြင်ရပြီး 'အဲဒီလူတွေထဲက ဘယ်သူက ဝိသာခါလဲ'လို့ မေးသူတွေ ရှိကြတယ်။ သွားနေတဲ့ဝိသာခါကို မြင်ရသူတွေက 'အခု နည်းနည်း သွားပါစေ၊ ငါတို့ရဲ့အရှင်မက သွားရင်းပဲ တင့်တယ်ပါတယ်'လို့ ကြံကြတယ်။ ရပ်နေ၊ ထိုင်နေ၊ လျောင်းနေတဲ့ဝိသာခါကို မြင်ကြရသူတွေက 'အခု အနည်းငယ် ရပ်ပါစေ၊ ထိုင်ပါစေ၊ လျောင်းပါစေ၊ ငါတို့ရဲ့အရှင်မက ရပ်ရင်းပဲ၊ ထိုင်ရင်းပဲ၊ လျောင်းရင်းပဲ တင့်တယ်ပါတယ်'လို့ ကြံကြတယ်။ ဒီလိုနည်းနဲ့ ဝိသာခါဟာ ဣရိယာပုထ် လေးမျိုးထဲက ဘယ်ဣရိယာပုထ်နဲ့တော့ မတင့်တယ်လို့ ပြောလို့မရပါ။ ဆင်ကောင် ငါးစီးရဲ့အားကို ဆောင်ပါတယ်။'

ကောသလမင်းက 'ဝိသာခါဟာ ဆင်ကောင် ငါးစီးရဲ့အားကို

http://www.dhammadownload.com



ဆောင်သတဲ့’လို့ ကြားရပြီး ဝိသာခါ ကျောင်းသွား တရားနာပြီး ပြန်လာတဲ့အခါ အားကိုစူးစမ်းလိုလို့ ဆင်ကိုလွှတ်ခိုင်းတယ်။ ဆင်က နှာမောင်းကို ချီဒမြှောက်ပြီး ဝိသာခါဆီ ရှေ့ရှုသွားတယ်။ ဝိသာခါရဲ့ အခြံအရံမိန်းမ ၅၀၀ ထဲက တချို့ကပြေးကြတယ်။ တချို့က မပြေးဘဲ ဝိသာခါက ‘ဒါက ဘာလဲ’လို့ ပြောတဲ့အခါ ‘ရှင်မ၊ ရှင်မရဲ့အားကို စူးစမ်းလိုလို့ မင်းက ဆင်ကိုလွှတ်ခိုင်းပါတယ်’လို့ ပြောကြတယ်။ ဝိသာခါက ဒီဆင်ကို မြင်ပြီး ‘ပြေးလို့ ဘာအကျိုးရှိမှာလဲ၊ အဲဒီဆင်ကို ငါဘယ်လို ကိုင်ဖမ်းရမလဲ’လို့ တွေးပြီး ‘အဲဒီဆင်ကို ငါဟာ ခိုင်မြဲစွာ ဖမ်းကိုင်ရင် ပျက်စီးနိုင်တယ်’လို့ တွေးကာ လက်နှစ်ချောင်းနဲ့ နှာမောင်းကို ကိုင်ကာ တွန်းလိုက်တယ်။ ဆင်က သူ့ကိုယ်သူ ကောင်းစွာဆောင်ထားပြီး ရပ်တည်ခြင်းငှာ မစွမ်းနိုင်။ မင်းရင်ပြင်မှာ ဆောင့်ကြောင့်ဖြစ်ကာ ကျသွားတယ်။ လူအများက ကောင်းချီးပေးကြတယ်။ ဝိသာခါကလည်း အခြံအရံနဲ့တကွ ချမ်းသာစွာ အိမ်ကိုသွားတယ်။

အဲဒီအခါက သာဝတ္ထိမြို့မှာ မိဂါရသူဌေးရဲ့ မိခင်အရာမှာတည်တဲ့ ဝိသာခါဟာ သားသမီးများတယ်။ မြေးများတယ်။ သား သမီး မြေးတွေက ရောဂါကင်းကြတယ်။ ဝိသာခါကို မင်္ဂလာရှိတယ်လို့ သတ်မှတ်ကြတယ်။ အဲဒီလောက် သား သမီး မြေးတွေထဲက တစ်ယောက်တောင်မှ အကြားကာလမှာ သေတယ်ဆိုတာ မရှိပါ။ သာဝတ္ထိမြို့သူ မြို့သားတွေက မင်္ဂလာပွဲသဘင်တွေမှာ ဝိသာခါကို ရှေးဦးစွာ ဖိတ်မံပြီး ကျွေးမွေးကြတယ်။ ပွဲသဘင်နေ့တစ်နေ့မှာ လူအများက အဝတ်တန်ဆာဆင်ပြီး တရားနာဖို့ ကျောင်းကိုသွားတဲ့အခါ ဝိသာခါလည်း ဖိတ်မံရာနေရာမှာ စားကာ မဟာလတာတန်ဆာကို တန်ဆာဆင်ပြီး လူအများနဲ့အတူ ကျောင်းကိုသွားတယ်။ အဆင်တန်ဆာတွေကို ချွတ်ပြီး အပေါ်ရုံအဝတ်နဲ့ အထုပ်ထုပ်ကာ ကျွန်မအား ပေးတယ်။ ဝိသာခါ ဟာ ကျောင်းကိုသွားတဲ့အခါ ‘ဒီလိုတန်ဖိုးကြီးတဲ့တန်ဆာကို

http://www.dhammadownload.com



ဦးခေါင်းပေါ် စွပ်ချလိုက်ရင် ခြေဖမိုးထိ တန်ဆာကို တန်ဆာဆင်ပြီး ကျောင်းထဲဝင်လို့မသင့်'လို့ ကြံပြီး အဲဒီတန်ဆာကို ချွတ်ကာ ဘဏ္ဍာ ထုပ်လုပ်ပြီး သူ့ကောင်းမှုကြောင့်ပဲ ဖြစ်ပေါ်လာတဲ့ ဆင်ငါးစီးအားဆောင် ကျွန်မရဲ့လက်ထဲ ပေးလိုက်တယ်။

အဲဒီကျွန်မကသာ အဲဒီအဆင်တန်ဆာကို ယူနိုင်သတဲ့။ ဒါ ကြောင့် အဲဒီကျွန်မကို ဝိသာခါက ပြောတယ်။

'အမိ၊ ဒီအဆင်တန်ဆာကို ယူထားပါ၊ ဘုရားရှင်ထံက ပြန်လာ တဲ့အခါ အဲဒါကိုဝတ်ဆင်ပါမယ်'

အဲဒီမဟာလတာတန်ဆာကိုပေးပြီး ဃနမဋ္ဌက အဆင်တန်ဆာ ကို ဝတ်ဆင်ကာ ဘုရားရှင်ထံ ချဉ်းကပ်ပြီး တရားနာတယ်။ တရားနာ ပြီးတဲ့အခါ ဘုရားရှင်ကို ရှိခိုးပြီး ထကာဖဲသွားတယ်။ ဝိသာခါရဲ့ အဲဒီကျွန်မကလည်း အဲဒီမဟာလတာတန်ဆာကို မေ့ခဲ့တယ်။ တရားနာ ပြီး ပရိသတ်ပြန်သွားတဲ့အခါ တစ်စုံတစ်ခု မေ့ကျန်ခဲ့ရင် အဲဒါကို အရှင်အာနန္ဒာက သိမ်းဆည်းထားတယ်။ အရှင်အာနန္ဒာက အဲဒီနေ့မှာ မဟာလတာတန်ဆာကို မြင်ရပြီး ဘုရားရှင်အား လျှောက်ပြတယ်။

'မြတ်စွာဘုရား၊ ဝိသာခါဟာ မဟာလတာတန်ဆာကို မေ့ပြီး သွားပါတယ်'

'အာနန္ဒာ၊ သင့်တင့်တဲ့နေရာမှာ သိမ်းထားလိုက်ပါ'

မထေရ်က အဲဒီတန်ဆာကို မြှောက်ချီကာ စောင်းတန်းဘေးမှာ ချိတ်ကာ ထားလိုက်တယ်။ ဝိသာခါကလည်း သုပ္ပိယာနဲ့အတူ 'ဧည့် သည်ရဟန်း၊ ခရီးသွားမယ့်ရဟန်း၊ မကျန်းမာတဲ့ရဟန်းစသူတွေအတွက် လုပ်ထိုက်တဲ့အလုပ်ကို သိမယ်'လို့ ကြံကာ ကျောင်းဝင်းအတွင်း လှည့် လည်တယ်။ ဥပါသိကာမတွေကို ကျောင်းဝင်းအတွင်းမှာ မြင်ပြီး ထောပတ်၊ ပျားရည်၊ ဆီစသည်တွေကို အလိုရှိတဲ့ ရဟန်းတွေနဲ့ကိုရင် တွေက ပင်ကိုအားဖြင့်ပင် ခွက်စသည်ကို ယူကာ ချဉ်းကပ်ကြတယ်။

http://www.dhammadownload.com



အဲဒီနေ့မှာလည်း အဲဒီအတိုင်းပဲ ပြုလုပ်ကြတယ်။ အဲဒီအခါ မကျန်းမာတဲ့ ရဟန်းတစ်ပါးကို မြင်တွေ့ပြီး သုပ္ပိယာက 'အရှင်ဘုရား၊ ဘာအလိုရှိပါသလဲ'လို့ မေးပြီး 'အသားဆန်ပြုတ် အလိုရှိပါတယ်'လို့ ပြောတဲ့အခါ 'အရှင်ဘုရား၊ ရှိပါစေ၊ ပို့ပေးပါမယ်'လို့ လျှောက်တယ်။ ဒုတိယနေ့မှာ အပ်စပ်တဲ့အသားကို မရလို့ သူမရဲ့ပေါင်သားနဲ့ လုပ်ထိုက်တဲ့ကိစ္စကို လုပ်ကာ တစ်ဖန် ဘုရားရှင်အပေါ် ကြည်ညိုမှုကြောင့် ခန္ဓာကိုယ်က ပကတိအတိုင်းပဲ ဖြစ်သွားတယ်။ ဝိသာခါကလည်း ဂိလာနပုဂ္ဂိုလ်တွေကိုရော၊ ရဟန်းငယ်တွေကိုရော၊ ကိုရင်တွေကိုပါ ကြည့်ပြီး အခြားတံခါးနဲ့ထွက်ကာ ကျောင်းဥပစာမှာ ရပ်တည်ရင်းပဲ 'အမိ၊ မဟာလတာတန်ဆာကို ဆောင်ယူခဲ့ပါ၊ ဝတ်ဆင်ပါမယ်'လို့ ပြောတယ်။ အဲဒီခဏမှာ အဲဒီကျွန်မက မေ့ပြီး ထွက်သွားတာကို သိကာ ပြောတယ်။

'အရှင်မ၊ ကျွန်မ မေ့ခဲ့ပါတယ်'

'ဒီလိုဆိုရင် သွားပြီးယူကာ လာခဲ့ပါ။ ကျွန်မရဲ့အရှင်အာနန္ဒာက မြှောက်ချီပြီး အခြားနေရာမှာ ထားခဲ့ရင် မယူဆောင်လာခဲ့ပါနဲ့၊ အဲဒီ မဟာလတာတန်ဆာကို အရှင်အာနန္ဒာအားသာ ကျွန်မက စွန့်လှူပါတယ်'

ဝိသာခါက 'ဒကာ ဒကာမတွေရဲ့ ပျောက်တဲ့ပစ္စည်းကို အရှင်အာနန္ဒာက သိမ်းထားတယ်'လို့ သိသတဲ့။ ဒါကြောင့် အဲဒီလိုပြောလိုက်ပါတယ်။ မထေရ်ကလည်း အဲဒီကျွန်မကို မြင်ပြီးချင်းပဲ မေးတယ်။

'ဘာအကျိုးငှာ သင်လာပါသလဲ'

'တပည့်တော်အရှင်မရဲ့ မဟာလတာတန်ဆာကို မေ့ပြီး လာခဲ့ပါတယ်'

'ငါဟာ အဲဒီစောင်းတန်းဘေးမှာ ထားခဲ့တယ်။ သွားပါ အဲဒါကို ယူပါ'

'အရှင်ဘုရား၊ အရှင်ဘုရားရဲ့လက်နဲ့ ထိထားတဲ့ပစ္စည်းကို တပည့်တော်အရှင်မက မဆောင်ယူထိုက်အောင် လုပ်ထားပါတယ်'

http://www.dhammadownload.com



အဲဒီလိုလျှောက်ထားပြီး လက်ချည်းပဲသွားကာ 'အမိ၊ ဘယ်လိုလဲ' လို့ ဝိသာခါက မေးတော့ အဲဒီအကြောင်းကို ပြောပြတယ်။

'အမိ၊ ငါဟာ အရှင်မြတ်ကိုင်ထားတဲ့ပစ္စည်းကို မဝတ်ဆင်အံ့။ ငါဟာ စွန့်လွှတ်ပြီးပြီ၊ အရှင်မြတ်တွေမှာတော့ သိမ်းဆည်းထားဖို့ ဆင်းရဲပါတယ်။ အဲဒီပစ္စည်းကိုစွန့်ပြီး အပ်စပ်တဲ့ပစ္စည်းကို ကပ်ဆောင်ပါမယ်၊ သွားပါ၊ အဲဒီမဟာလတာတန်ဆာကို ဆောင်ယူခဲ့ပါ'

အဲဒီကျွန်မကသွားပြီး သယ်ဆောင်လာတယ်။ ဝိသာခါက အဲဒီမဟာလတာတန်ဆာကို တန်ဆာမဆင်ဘဲသာ ပန်းထိမ်သည်တွေကို ခေါ်ခိုင်းကာ တန်ဖိုးဖြတ်ခိုင်းတယ်။ အဲဒီပန်းထိမ်သည်တွေက 'ကိုးကုဋေထိုက်တန်တယ်၊ လက်ခကတော့ တစ်သိန်းပဲ'လို့ ပြောတဲ့အခါ မဟာလတာတန်ဆာကို ယာဉ်ပေါ်တင်ခိုင်းပြီး 'ဒီလိုဆိုရင် အဲဒီတန်ဆာကို ရောင်းကြ'လို့ ပြောတယ်။ အဲဒီလောက်ဥစ္စာကို ပေးပြီး တစ်စုံတစ်ယောက်က မယူနိုင်၊ မှန်တယ်။ အဲဒီမဟာလတာတန်ဆာကို တန်ဆာဆင်ဖို့ သင့်လျော်တဲ့မိန်းမတွေဆိုတာ ရခဲပါတယ်။ မြေအပြင်မှာ မိန်းမသုံးယောက်သာ မဟာလတာတန်ဆာကို ရကြပါတယ်။ ဝိသာခါ မဟာဥပါသိကာ၊ ဗန္ဓုလစစ်သူကြီးရဲ့မယား မလ္လိကာ၊ ဗာရာဏသီသူဌေးရဲ့သမီးတို့ပဲ ဖြစ်ကြပါတယ်။

ဒါကြောင့် ဝိသာခါဟာ ကိုယ်တိုင်ပဲ အဲဒီမဟာလတာတန်ဆာရဲ့တန်ဖိုးကို ပေးပြီး ကိုးကုဋေနဲ့တစ်သိန်းသော အသပြာတွေကို လှည်းပေါ်တင်ခိုင်းတယ်။ ကျောင်းကိုသယ်ဆောင်သွားပြီး ဘုရားရှင်ကို ရှိခိုးကာ 'မြတ်စွာဘုရား၊ တပည့်တော်အရှင်အာနန္ဒာမထေရ်က တပည့်တော်ရဲ့အဆင်တန်ဆာကို လက်နဲ့သုံးသပ်ပြီးပါပြီ။ သူ သုံးသပ်ပြီးတဲ့အချိန်ကစပြီး အဲဒီတန်ဆာကို တပည့်တော် မဝတ်ဆင်နိုင်ပါ။ အဲဒီတန်ဆာကို စွန့်လွှတ်ပြီး အပ်စပ်တာကို သယ်ဆောင်မယ်လို့ကြံကာ ရောင်းတဲ့အခါ အဲဒီတန်ဆာကို ယူနိုင်တဲ့အခြားသူကို မတွေ့ရလို့

http://www.dhammadownload.com



တပည့်တော်ပဲ အဲဒီတန်ဆာရဲ့တန်ဖိုးကို အယူခိုင်းကာ လာခဲ့ပါတယ်။ ပစ္စည်းလေးပါးထဲက ဘယ်ပစ္စည်းနဲ့ ကပ်ဆောင်ပေးရပါမလဲ ဘုရား' လို့ လျှောက်တယ်။ ဘုရားရှင်က 'ဝိသာခါ၊ သာဝတ္ထိမြို့ရဲ့အရှေ့တံခါး ဘက်မှာ သံဃာရဲ့နေရာအရပ်ကို သင်ဟာ ပြုလုပ်သင့်တယ်'လို့ မိန့်တဲ့ အခါ 'သင့်ပါတယ် ဘုရား'လို့ လျှောက်ကာ ဝိသာခါက ဝမ်းမြောက် စွာ ကိုးကုဋေနဲ့ မြေကိုပဲယူပါတယ်။ အခြားကိုးကုဋေနဲ့ ကျောင်းဆောက် ဖို့ ကြိုးစားပါတယ်။

တစ်နေ့မှာ ဘုရားရှင်က နံနက်မိုးသောက်ချိန်မှာ လောကကို ကြည့်တဲ့အခါ နတ်ပြည်မှစုတေပြီး ဘဒ္ဒိယမြို့သူဌေးမျိုးမှာဖြစ်တဲ့ ဘဒ္ဒိယ သူဌေးသားရဲ့ အားကြီးတဲ့ပါရမီအကြောင်းကို မြင်တယ်။ အနာထပိဏ် ရဲ့အိမ်မှာ ဆွမ်းကိစ္စကိုပြုပြီး သာဝတ္ထိမြို့ရဲ့ မြောက်ဘက်တံခါး ရှေ့ရှု သွားတယ်။ မှန်တယ်။ ပကတိအားဖြင့် ဘုရားရှင်က ဝိသာခါရဲ့အိမ်မှာ ဆွမ်းကို ခံယူပြီး တောင်ဘက်တံခါးနဲ့ထွက်ကာ ဇေတဝန်ကျောင်းမှာ သီတင်းသုံးတယ်။ အနာထပိဏ်ရဲ့အိမ်မှာ ဆွမ်းကိုခံယူပြီး အရှေ့ဘက် တံခါးနဲ့ထွက်ကာ ပုဗ္ဗာရုံကျောင်းမှာ သီတင်းသုံးတယ်။ မြောက်ဘက် တံခါးကို ရည်ရွယ်ပြီး ကြွသွားနေတဲ့ ဘုရားရှင်ကိုမြင်ပြီး 'ခရီးလှည့် လည်လိမ့်မယ်'လို့ သိကြတယ်။ ဝိသာခါကလည်း အဲဒီနေ့မှာ 'ဘုရား ရှင်ဟာ မြောက်ဘက်တံခါးကို ရှေ့ရှုသွားနေတယ်'လို့ ကြားရပြီး အဟုန်နဲ့သွားကာ ရှိခိုးပြီး 'ခရီးလှည့်လည်လိုတော်မူပါသလား ဘုရား' လို့ လျှောက်တယ်။

'ဝိသာခါ၊ ဟုတ်တယ်'

'မြတ်စွာဘုရား၊ ဒီလောက်ဥစ္စာကို စွန့်ပြီး အရှင်ဘုရားတို့ အတွက် တပည့်တော် ကျောင်းဆောက်လုပ်နေပါတယ်၊ ပြန်လှည့်ပေး ပါ ဘုရား'

'ဝိသာခါ၊ ပြန်မလှည့်တဲ့ သွားခြင်းပဲ'

http://www.dhammadownload.com



ဝိသာခါက 'ဘုရားရှင်ဟာ အကြောင်းပါရမီနဲ့ပြည့်စုံတဲ့ တစ်စုံတစ်ယောက်ကို သေချာမြင်တာဖြစ်လိမ့်မယ်'လို့ တွေးပြီး 'မြတ်စွာဘုရား ဒီလိုဆိုရင် တပည့်တော်အတွက် အလုပ်လုပ်၊ မလုပ်ကို သိနိုင်တဲ့ရဟန်းတစ်ပါးကို ပြန်လှည့်ခိုင်းပြီး ကြွသွားတော်မူပါ'လို့ လျှောက်တဲ့အခါ 'ဝိသာခါ၊ သင်သဘောကျတဲ့ ရဟန်းရဲ့သပိတ်ကို ယူပါ'လို့ မိန့်တယ်။ ဝိသာခါက အရှင်အာနန္ဒာကို ချစ်ခင်ပေမယ့် 'အရှင်မဟာမောဂ္ဂလ္လာန်ထေရ်ဟာ တန်ခိုးရှိတယ်၊ သူ့ကိုမှီပြီး ငါ့အလုပ်ဟာ လျင်မြန်စွာပြီးစီးလိမ့်မယ်'လို့ကြံကာ အရှင်မဟာမောဂ္ဂလ္လာန်ရဲ့သပိတ်ကို ယူလိုက်တယ်။ မထေရ်က ဘုရားရှင်ကိုကြည့်တယ်။ ဘုရားရှင်က 'မောဂ္ဂလ္လာန်၊ သင့်ရဲ့အခြံအရံ ရဟန်း ၅၀၀ ကို ခေါ်ယူပြီး ပြန်လှည့်ပါ'လို့ မိန့်တယ် မထေရ်က အဲဒီအတိုင်းလုပ်တယ်။

မထေရ်ရဲ့တန်ခိုးအစွမ်းကြောင့် ယူဇနာ ၅၀၊ ၆၀ တိုင်အောင်လည်း သစ်ပင်နဲ့ ကျောက်အတွက် သွားကြတဲ့လူတွေက ကြီးကုန်ကြီးကုန်သော သစ်ပင်တွေ၊ ကျောက်တွေကို ယူကာ အဲဒီနေ့မှာပဲ လာကြတယ်။ သစ်ပင်၊ ကျောက်တွေကို လှည်းပေါ်တင်ကြတဲ့အခါ မပင်ပန်းကြ။ ဝင်ရိုးမကျိုး၊ မကြာခင်ပဲ ဘုံနှစ်ထပ်ရှိ ပြာသာဒ်ကို ပြုလုပ်ကြတယ်။ အောက်ထပ်မှာ တိုက်ခန်း ၅၀၀၊ အထက်ထပ်မှာ တိုက်ခန်း ၅၀၀ နှစ်ရပ်ပေါင်းရင် ပြာသာဒ်မှာ တိုက်ခန်းပေါင်း ၁၀၀၀ ရှိတယ်။ ရှစ်ကရီသရှိ စင်ကြယ်တဲ့ မြေအဖို့မှာ ပြာသာဒ်ဆောက်လုပ်ခိုင်းတယ်။ 'ပြာသာဒ်ချည်းသက်သက်ဆိုရင် မတင့်တယ်'လို့ တွေးပြီး အဲဒီပြာသာဒ်ကို ခြံရံကာ တရားအားထုတ်ရာ ကြိမ်ကျောင်း ၅၀၀၊ ပြာသာဒ်ငယ် ၅၀၀၊ တန်ဆောင်းရှည် ၅၀၀ ဆောက်လုပ်ခိုင်းပါတယ်။ အဲဒီအခါ ဘုရားရှင်က ကိုးလနဲ့ ခရီးလှည့်လည်ပြီး တစ်ဖန် သာဝတ္ထိမြို့ကို ကြွသွားပါတယ်။ ဝိသာခါရဲ့ပြာသာဒ်က အလုပ်ကလည်း ကိုးလနဲ့ ပြီးစီးပါတယ်။ ပြာသာဒ်အထွတ်ကို တစ်ခဲ

http://www.dhammadownload.com



နက် ထုထောင်းထားတဲ့ ရွှေနီနဲ့ပဲ ရေအိုး ၆၀၀ ကို ခံယူနိုင်အောင် အလုပ်ခိုင်းပါတယ်။

'ဘုရားရှင်က ဇေတဝန်ကျောင်းကို ကြွသွားတယ်'လို့ ကြားရပြီး ခရီးဦးကြိုကာ ဘုရားရှင်ကို သူ့ကျောင်းကိုပင့်တယ်။ 'မြတ်စွာဘုရား၊ ဒီလေးလပတ်လုံး ရဟန်းအပေါင်းကိုယူကာ ဒီနေရာမှာပဲ သီတင်းသုံးနေကြပါ။ တပည့်တော် ပြာသာဒ်ပူဇော်ပွဲ လုပ်ပါမယ်'လို့ ပဋိညာဉ်ယူတယ်။ ဘုရားရှင်က လက်ခံတယ်။ ဝိသာခါဟာ အဲဒီအချိန်ကစပြီး ဘုရားအမှူးရှိတဲ့ ရဟန်းအပေါင်းအား ကျောင်းမှာပဲ အလှူလှူတယ်။ အဲဒီအခါ ဝိသာခါရဲ့သူငယ်ချင်းမတစ်ယောက်က တစ်သိန်းတန် အဝတ်တစ်ထည်ကိုယူကာ လာပြီးပြောတယ်။

'သူငယ်ချင်း၊ ငါက ဒီအဝတ်ကို သင့်ရဲ့ကျောင်းပြာသာဒ်မှာ မြေအခင်းအသွင်နဲ့ ခင်းချင်တယ်၊ ငါ့အား ခင်းရမယ့်နေရာကို ပြောပြပါ'

'သူငယ်ချင်း၊ ကောင်းပါတယ်။ ငါက သင့်အား အခွင့်မရှိလို့ ပြောခဲ့ရင် သင်က ငါ့အားအခွင့်မပေးလိုလို့ ထင်မှတ်လိမ့်မယ်။ ကိုယ်တိုင်ပဲ ပြာသာဒ်ရဲ့အထပ် နှစ်ထပ်ကိုရော၊ အခန်းပေါင်း ၁၀၀၀ ကိုပါ ကြည့်ကာ ခင်းရမယ့်နေရာကို သိပါ'

အဲဒီသူငယ်ချင်းမဟာ တစ်သိန်းတန်အဝတ်ကို ယူပြီး ထိုထိုအရပ်မှာ လှည့်လည်တဲ့အခါ အဲဒီအဝတ်အောက် တန်ဖိုးနည်းတဲ့အဝတ်ကို မတွေ့ရလို့ 'ငါဟာ ဒီပြာသာဒ်မှာ ကောင်းမှုအဖို့ကို မရအံ့'လို့ တွေးကာ ဝမ်းနည်းပြီး တစ်နေရာမှာငိုရင်း ရပ်တည်နေပါတယ်။ အဲဒီအခါ အရှင်အာနန္ဒာက အဲဒီသူငယ်ချင်းမကိုမြင်ပြီး 'ဘာကြောင့်ငိုသလဲ'လို့ မေးတယ်။ အဲဒီသူငယ်ချင်းမက အဲဒီအကြောင်းကို ပြောပြတယ်။ မထေရ်က 'မပူပါနဲ့၊ ငါဟာ သင့်အတွက် ခင်းရမယ့်နေရာကို ပြောပြမယ်'လို့ စောင်းတန်းခြေရင်းက ခြေဆေးရာနေရာမှာ ဒီ

http://www.dhammadownload.com



အဝတ်ကို ခြေသုတ်လုပ်ပြီး ခင်းပါ။ ရဟန်းတွေဟာ ခြေတွေကိုဆေးပြီး ရှေးဦးစွာ ဒီနေရာမှာ ခြေကိုသုတ်ကာ အတွင်းကိုဝင်ကြပါလိမ့်မယ်။ အဲဒီလိုဆိုရင် သင့်မှာအကျိုးကျေးဇူးများပါလိမ့်မယ်'လို့ မိန့်တယ်။ အဲဒီနေရာဟာ ဝိသာခါ မမှတ်သားမိ၊ သတိမထားမိတဲ့နေရာ ဖြစ်ပါသတဲ့။

ဝိသာခါက လေးလတို့ပတ်လုံး ကျောင်းတိုက်အတွင်းမှာ ဘုရားအမှူးရှိတဲ့ ရဟန်းအပေါင်းအား အလှူလှူတယ်။ နောက်ဆုံးနေ့မှာ ရဟန်းအပေါင်းအား သင်္ကန်းလျာအဝတ်တွေကို လှူတယ်။ သံဃာအငယ်ရတဲ့ သင်္ကန်းလျာအဝတ်တွေက တစ်ထောင်ထိုက်တန်ကြပါတယ်။ ရဟန်းအားလုံးရဲ့ သပိတ်တွေကို ပြည့်စေကာ ဆေးလှူပါတယ်။ အလှူလှူရာမှာ ကိုးကုဋေ ကုန်သွားပါတယ်။ ကျောင်းမြေဝယ်ရာမှာ ကိုးကုဋေ၊ ကျောင်းဆောက်လုပ်ခိုင်းရာမှာ ကိုးကုဋေ၊ ကျောင်းပူဇော်ပွဲမှာ ကိုးကုဋေ၊ အားလုံးပေါင်း ၃၆ ကုဋေကို ဝိသာခါက ဗုဒ္ဓသာသနာမှာ စွန့်လှူပါတယ်။ မိန်းမဘဝမှာ ရပ်တည်ပြီး မိစ္ဆာဒိဋ္ဌိရဲ့အိမ်မှာ နေပြီး ဒီလိုအကြီးအကျယ်လှူတယ်ဆိုတာ အခြားမိန်းမမှာ မရှိပါ။ ဝိသာခါဟာ ကျောင်းပူဇော်ပွဲပြီးဆုံးတဲ့နေ့မှာ အရိပ်တိုးပွားရာအချိန် ('မွန်းလွဲပိုင်းအချိန် ညနေပိုင်းအချိန်) မှာ သား သမီး မြေး မြစ်တွေခြံရံကာ 'ရှေးက ငါဆုတောင်းခဲ့သမျှ ဆုအားလုံးပဲ အထွတ်အထိပ်ရောက်လေပြီ'လို့ တွေးကာ ပြာသာဒ်ကို ပတ်ချာလှည့်လည်ရင်း အောက်ပါဂါထာစကားတွေနဲ့ ချိုမြိန်တဲ့အသံနဲ့ ဥဒါန်းကျူးရင့်ပါတယ်။

'ငါဟာ မွေ့လျော်ဖွယ်ကောင်းပြီး အင်္ဂတေ၊ မြေညက်တွေနဲ့ လိမ်းကျံထားတဲ့ ပြာသာဒ်ကျောင်းအလှူကို ဘယ်တော့မှ လှူရပါ့မလဲလို့ ကြံခဲ့တယ်။ အဲဒီအကြံ ငါ့မှာ ပြည့်စုံပြီ'

'ငါဟာ ခုတင်၊ ထိုင်ခုံ၊ ဘုံလျှို၊ ခေါင်းအုံးတွေ ကျောင်းအသုံး , အဆောင်တွေကို ဘယ်တော့မှ လှူရပါ့မလဲလို့ ကြံခဲ့တယ်၊ အဲဒီအကြံ ငါ့မှာ ပြည့်စုံပြီ'

http://www.dhammadownload.com



'ငါဟာ စင်ကြယ်ပြီး အသားလောင်းထားတဲ့ စာရေးတံစားဖွယ် အလှူကို ဘယ်တော့မှ လှူရပ့ါမလဲလို့ ကြံခဲ့တယ်၊ အဲဒီအကြံ ငါ့မှာ ပြည့်စုံပြီ'

'ငါဟာ ကာသိတိုင်းဖြစ်အဝတ်၊ ခေါမတိုင်းဖြစ်အဝတ်၊ ဝါချည် အဝတ်၊ သက်န်းအလှူကို ဘယ်တော့မှ လှူရပ့ါမလဲလို့ ကြံခဲ့တယ်။ အဲဒီအကြံ ငါ့မှာ ပြည့်စုံပြီ'

'ငါဟာ ထောပတ်၊ ဆီဦး၊ ပျားရည်၊ ဆီ၊ တင်လဲ ဆေးအလှူကို ဘယ်တော့မှ လှူရပါမလဲလို့ ကြံခဲ့တယ်။ အဲဒီအကြံဟာ ငါ့မှာ ပြည့်စုံပြီ'

ရဟန်းတွေက ဝိသာခါရဲ့အသံကို ကြားရပြီး ဘုရားရှင်အား အောက်ပါအတိုင်း လျှောက်ကြတယ်။

'မြတ်စွာဘုရား၊ တပည့်တော်တို့ဟာ ဒီလောက်ကာလမှာ ဝိသာခါ သီချင်းဆိုတာကို အရင်က မမြင်ခဲ့ဖူးပါ။ ဝိသာခါက ဒီနေ့ သား၊ သမီး၊ မြေး၊ မြစ် ခြံရံကာ သီချင်းဆိုပြီး ပြာသာဒ်ကိုလှည့်ပတ် နေပါတယ်။ ဝိသာခါမှာ သည်းခြေပျက်နေပါသလား၊ ဒါမှမဟုတ် ရူးနေပါသလား'

ဘုရားရှင်က မိန့်ပါတယ်။

'ရဟန်းတို့၊ ငါ့သမီးဟာ သီချင်းဆိုတာမဟုတ်၊ သူမရဲ့အလိုဆန္ဒ သူမမှာ ပြည့်စုံသွားပြီး သူမက ငါ့ဆုတောင်းဟာ အထွတ်အထိပ်ကို ရောက်ပြီလို့ တွေးကာ ဝမ်းသာပြီး ဥဒါန်းကျူးရင့်ရင်း လှည့်လည်နေ တယ်'

'မြတ်စွာဘုရား၊ ဝိသာခါက ဘယ်အခါမှာ ဆုတောင်းခဲ့ပါသလဲ'

'ရဟန်းတို့၊ သင်တို့နားထောင်ကြမလား'

'မှန်ပါ၊ နားထောင်ကြပါမယ်'

အဲဒီလိုလျှောက်တော့ ဘုရားရှင်က အတိတ်ကို ဆောင်တော်မူ ပါတယ်။

http://www.dhammadownload.com



ရဟန်းတို့၊ ရှေးအခါက ဒီကမ္ဘာက ကမ္ဘာတစ်သိန်းအထက်မှာ ပဒုမုတ္တရမည်တဲ့ ဘုရားပွင့်ခဲ့တယ်။ အဲဒီဘုရားရှင်ရဲ့သက်တမ်းက တစ်သိန်းဖြစ်တယ်။ ရဟန္တာပေါင်း တစ်သိန်းအခြံအရံရှိတယ်။ မြို့က ဟံသာဝတီမည်တယ်။ ဖခင်က သုနန္ဒမင်း၊ မယ်တော်က သုဇာတာဒေဝီ၊ အဲဒီဘုရားရှင်ရဲ့ အသာဆုံးအလုပ်အကျွေး ဥပါသိကာမတစ်ယောက်က ဆုရှစ်မျိုးကို တောင်းပြီး အမိအရာမှာတည်ကာ ဘုရားရှင်ကို ပစ္စည်းလေးပါးတို့နဲ့ ပြုစုရင်း နံနက်ရော ညနေပါ ဆည်းကပ်ရာအရပ်ကို သွားတယ်။ အဲဒီဥပါသိကာမရဲ့သူငယ်ချင်းမတစ်ယောက်က သူမနဲ့အတူ ကျောင်းကိုအမြဲသွားတယ်။ အဲဒီသူငယ်ချင်းမက အဲဒီဥပါသိကာမရဲ့ဘုရားရှင်နဲ့အတူ အကျွမ်းတဝင်နဲ့ စကားပြောတာကိုရော၊ ရင်းနှီးတာကိုပါ မြင်ရပြီး 'ဘာကိုလုပ်ပြီး၊ ဒီလိုဘုရားရှင်တွေနဲ့ အကျွမ်းဝင်ပါသလဲ'လို့ ကြံပြီး ဘုရားရှင်ကိုမေးတယ်။

'မြတ်စွာဘုရား၊ အဲဒီဥပါသိကာမက မြတ်စွာဘုရားနဲ့ ဘယ်လိုဆက်စပ်ပါသလဲ'

'ပြုစုလုပ်ကျွေးတဲ့ ဒကာမတွေထဲမှာ အသာဆုံးပဲ'

'မြတ်စွာဘုရား၊ ဘာကိုလုပ်ပြီး ပြုစုလုပ်ကျွေးတဲ့ဒကာမတွေထဲမှာ အသာဆုံးဖြစ်ပါသလဲ'

'ကမ္ဘာတစ်သိန်း ဆုတောင်းမှုပြုလုပ်ပြီး ဖြစ်တယ်'

'အခု ဆုတောင်းပြီး ရနိုင်ပါသလား ဘုရား'

'မြတ်စွာဘုရား၊ ဒီလိုဆိုရင် ရဟန်းတစ်သိန်းနဲ့အတူ ခုနစ်ရက်ပတ်လုံး တပည့်တော်ရဲ့ဆွမ်းကို ခံယူတော်မူပါ'

ဘုရားရှင်က လက်ခံတော်မူပါတယ်။ ဝိသာခါဟာလောင်းလျာဟာ ခုနစ်ရက်ပတ်လုံး အလှူလှူပြီး အဆုံးနေ့မှာ သင်္ကန်းလျာအဝတ်တွေကို လှူကာ ဘုရားရှင်ကို ရှိခိုးတယ်။ ခြေတော်ရင်းမှာ လဲလျောင်းပြီး ဆုတောင်းတယ်။

http://www.dhammadownload.com



'မြတ်စွာဘုရား၊ တပည့်တော်ဟာ ဒီအလှူရဲ့အကျိုးကြောင့် နတ်အကြီးအကဲစသည်တွေထဲက တစ်စုံတစ်ခုကိုမှ မတောင်းတပါ။ အရှင်ဘုရားလို ဘုရားတစ်ဆူထံမှာ ဆု ရှစ်ပါးကိုရပြီး မိခင်အရာမှာ ရပ်တည်ကာ ပစ္စည်းလေးပါးတွေနဲ့ ပြုစုနိုင်သူတွေထဲမှာ အသာဆုံး ပုဂ္ဂိုလ်ဖြစ်ရပါလို၏'

ဘုရားရှင်က 'သူမရဲ့ဆုတောင်းဟာ ပြည့်စုံလေမလား'လို့ အနာဂတ်ကို ဆင်ခြင်တော်မူတဲ့အခါ ကမ္ဘာပေါင်းတစ်သိန်းကိုကြည့်ပြီး 'ကမ္ဘာတစ်သိန်းရဲ့အဆုံးမှာ ဂေါတမမည်တဲ့ ဘုရားရှင် ပွင့်လိမ့်မယ်။ အဲဒီအခါ သင်က ဝိသာခါမည်တဲ့ ဥပါသိကာမဖြစ်ပြီး အဲဒီဘုရားရှင်ထံက ဆုရှစ်မျိုးကိုရကာ မိခင်အရာမှာတည်ပြီး ပစ္စည်းလေးပါးနဲ့ ပြုစုလုပ်ကျွေးတဲ့ ဥပါသိကာမတွေထဲမှာ အသာဆုံးဖြစ်လိမ့်မယ်'လို့ မိန့်တော်မူတယ်။ ဝိသာခါလောင်းလျာရဲ့ အဲဒီစည်းစိမ်ဟာ နက်ဖြန်ခါပဲ ရထိုက်တဲ့စည်းစိမ်လို ဖြစ်နေတယ်။

အဲဒီဝိသာခါလောင်းလျာဟာ အသက်ထက်ဆုံး ကောင်းမှုပြုလုပ်ပြီး အဲဒီဘဝမှသေတဲ့အခါ နတ်ပြည်မှာဖြစ်တယ်။ နတ်၊ လူဘဝတွေမှာ ကျင်လည်ရင်း ကဿပဘုရားရှင်လက်ထက်မှာ ကိကီမင်းရဲ့ သမီးခုနစ်ယောက်ထဲက အငယ်ဆုံးဖြစ်တဲ့ သံဃဒါသီမည်တဲ့ သမီးဖြစ်တယ်။ အိမ်ထောင်မပြုဘဲ အစ်မတွေနဲ့အတူ ကာလရှည်ကြာစွာ ဒါနစတဲ့ ကောင်းမှုတွေကို ပြုလုပ်တယ်။ ကဿပဘုရားရှင်ရဲ့ခြေတော်ရင်းမှာလည်း ဆုတောင်းတယ်။

'နောင်အခါမှာ အရှင်ဘုရားလို ဘုရားရှင်ရဲ့မိခင်အရာမှာ တည်ပြီး ပစ္စည်းလေးပါးလှူတဲ့ ဒကာမတွေထဲမှာ အသာဆုံးပုဂ္ဂိုလ်ဖြစ်ရပါလို၏'

ဝိသာခါဟာ အဲဒီအချိန်ကစပြီး နတ်၊ လူဘဝတွေမှာ ကျင်လည်ရင်း ဒီဘဝမှာ မေဏ္ဍကသူဌေးရဲ့သားဖြစ်တဲ့ ဓနဉ္စယသူဌေးရဲ့သမီး

http://www.dhammadownload.com



ဖြစ်လာတယ်။ ငါဘုရားသာသနာမှာ များစွာသောကောင်းမှုတွေကို ပြုလုပ်တယ်။

ရဟန်းတို့၊ ငါ့သမီးဝိသာခါဟာ သီချင်းဆိုတာမဟုတ်။ တောင်းခဲ့တဲ့ဆုရဲ့ ပြီးစီးပြည့်စုံပုံကို မြင်တွေ့ရပြီး ဥဒါန်းကျူးရင့်တာဖြစ်တယ်။ ကျွမ်းကျင်တဲ့ပန်းကုံးသူဟာ ပန်းမျိုးစုံရှိတဲ့ ပန်းပုံကြီးလုပ်ကာ ပန်းကုံးအမျိုးမျိုးကို ပြုလုပ်သလို ဝိသာခါရဲ့စိတ်ဟာ ကောင်းမှုအမျိုးမျိုးကို ပြုဖို့ စိတ်ညွတ်တယ်။ (ဓမ္မပဒ၊ ဋ္ဌ၊ ပ၊ ၂၄၃၊ ၂၆၄)

ဝိသာခါရဲ့အိမ်ဟာ နံနက်အခါမှာ သင်္ကန်းတွေနဲ့ တောက်ပနေတယ်။ ရှင်ရဟန်းတွေရဲ့ လေစုန် လေဆန်နဲ့လှိုင်နေတယ်။ ဥပမာ၊ အနာထပိဏ်ရဲ့အိမ်လိုပါပဲ။ ဝိသာခါရဲ့အိမ်မှာလည်း ဆွမ်း ထမင်းအားလုံးကို စီမံထားပြီးပဲဖြစ်ပါတယ်။ ဝိသာခါဟာ နံနက်ပိုင်းမှာ ရဟန်းသံဃာအား စားဖွယ်နဲ့ထောက်ပံ့ပြီး မွန်းလွဲပိုင်းမှာ ဆေးတွေကိုရော၊ ဖျော်ရည်ရှစ်မျိုးကိုပါ အယူခိုင်းကာ ကျောင်းကိုသွားတယ်။ ရဟန်းသံဃာအား လှူပြီးနောက်မှ ဘုရားရှင်ရဲ့ ဒေသနာကို နာကြားပြီး ပြန်လာတယ်။ (အံ၊ ဋ္ဌ၊ ပ၊ ၃၂၂)

အနာထပိဏ် ဆောက်လုပ်လှူဒါန်းထားတဲ့ ဇေတဝန်ကျောင်းကြီးမှာ ၁၉ ဝါ၊ ဝိသာခါက ၂၇ ကုဋေနဲ့ဆောက်လုပ် လှူဒါန်းထားတဲ့ ပုဗ္ဗာရုံကျောင်းမှာ ၆ ဝါ၊ နှစ်ရပ်ပေါင်း ၂၅ ဝါတို့ပတ်လုံး အဲဒီအမျိုးနှစ်မျိုးရဲ့ ကျေးဇူးကြီးတာကို အကြောင်းပြုပြီး သာဝတ္ထိမြို့ကိုမှီကာ ဝါဆိုတယ်။ အနာထပိဏ်ရော ဝိသာခါမဟာဥပါသိကာမပါ အမြဲတစ်နေ့ နှစ်ကြိမ်တိုင်တိုင် ဘုရားရှင်ထံ ဆည်းကပ်ကြတယ်။ သွားကြတဲ့အခါ 'ရဟန်းငယ်တွေနဲ့ ကိုရင်တွေက ငါတို့ရဲ့လက်တွေကို ကြည့်ကြလိမ့်မယ်'လို့ ကြံကာ လက်ချည်းမသွားကြပါ။ ဆွမ်းမစားမီ (မွန်းမလွဲမီ) နံနက်ပိုင်း သွားကြတဲ့အခါ ခဲဖွယ်၊ စားဖွယ်စသည်တွေကို ယူလျက်သာ သွားကြတယ်။ မွန်းလွဲပိုင်း သွားကြတဲ့အခါ ဆေးငါးမျိုးနဲ့

http://www.dhammadownload.com



ဖျော်ရည် ရှစ်မျိုးကို ယူပြီးသာ သွားကြတယ်။ နေအိမ်တွေမှာလည်း ရဟန်း နှစ်ထောင်၊ နှစ်ထောင်အတွက် အမြဲခင်းထားတဲ့နေရာတွေ ရှိကြပါတယ်။ ထမင်း၊ အဖျော်၊ ဆေးတွေထဲက အလိုရှိရာကို အလိုရှိငွဲ့ ပုဂ္ဂိုလ်အတွက် အလိုရှိသလောက်ပဲ ပြည့်စုံတယ်။

(ဓမ္မပဒ၊ ဌ၊ ပ၊ ၃၊)

သာဝတ္ထိမြို့ အနာထပိဏ်ရဲ့အိမ်မှာ နေ့တိုင်း ရဟန်းနှစ်ထောင် ဆွမ်းဘုဉ်းပေးကြတယ်။ အဲဒီလိုပဲ ဝိသာခါမဟာဥပါသိကာမရဲ့ အိမ်မှာ ရဟန်းနှစ်ထောင် ဆွမ်းဘုဉ်းပေးကြတယ်။ သာဝတ္ထိမြို့မှာ အလှူ လှူလိုသူဟူသမျှဟာ အဲဒီပုဂ္ဂိုလ်နှစ်ဦးရဲ့အထံက အခွင့်ကိုရမှသာ ပြုလုပ်တယ်။ အကြောင်းကတော့ 'သင်တို့ရဲ့အလှူပွဲမှာ အနာထပိဏ်၊ ဝိသာခါတို့ လာကြသလား'လို့ မေးပြီး 'မလာကြပါ'လို့ ဖြေတဲ့အခါ တစ်သိန်းကို စွန့်လွှတ်ပြီး လှူတဲ့အလှူကိုတောင်မှ 'အဲဒီအလှူက ဘယ်လိုအလှူတဲ့လဲ'လို့ ကဲ့ရဲ့ကြတယ်။ မှန်တယ်။ အဲဒီပုဂ္ဂိုလ်နှစ်ယောက်စလုံးဟာ ရဟန်းသံဃာရဲ့အကြိုက်ကိုရော သင့်လျော်တဲ့ကိစ္စတွေကိုပါ အလွန်အကဲပဲ သိကြတယ်။ အဲဒီပုဂ္ဂိုလ်တွေ စီမံကြတဲ့အခါ ရဟန်းတွေက စိတ်တိုင်းကျ ဘုဉ်းပေးကြရတယ်။ ဒါကြောင့် အလှူ လှူလိုသူအားလုံးဟာ အဲဒီ အနာထပိဏ်နဲ့ ဝိသာခါတို့ကို ခေါ်ယူပြီးသာ သွားကြတယ်။ အဲဒီ အနာထပိဏ်နဲ့ ဝိသာခါတို့ဟာ သူတို့ရဲ့အိမ်မှာ ရဟန်းတွေကို ပြုစုလုပ်ကျွေးခွင့်မရကြ၊ အဲဒီကနောက် ဝိသာခါက 'ငါတို့ရဲ့နေရာမှာ ရပ်တည်ပြီး ရဟန်းသံဃာကို ဘယ်သူက ပြုစုလုပ်ကျွေးမလဲ'လို့ စူးစမ်းတဲ့အခါ သားရဲ့သမီးကို မြင်ပြီး အဲဒီမြေးမကို ဝိသာခါရဲ့နေရာမှာ ထားတယ်။ (ဓမ္မပဒ၊ ဌ၊ ပ၊ ၉၇)

'မြတ်စွာဘုရား၊ တပည့်တော်ဟာ သံဃာအား အသက်ထက်ဆုံး မိုးရေခံသင်္ကန်း လှူဒါန်းခွင့် ရလိုပါတယ်။ ဧည့်သည်ရဟန်းတို့အား

http://www.dhammadownload.com



အသက်ထက်ဆုံး ဆွမ်းလှူခွင့် ရလိုပါတယ်။ ခရီးသွားမယ့်ရဟန်းတို့အား အသက်ထက်ဆုံး ဆွမ်းလှူခွင့် ရလိုပါတယ်။ မကျန်းမာတဲ့ရဟန်းတို့အား အသက်ထက်ဆုံး ဆွမ်းလှူခွင့် ရလိုပါတယ်။ မကျန်းမာတဲ့ရဟန်းတွေအား ပြုစုတဲ့ရဟန်းတွေအား အသက်ထက်ဆုံး ဆွမ်းလှူခွင့် ရလိုပါတယ်။ မကျန်းမာတဲ့ရဟန်းတွေအား အသက်ထက်ဆုံး ဆေးလှူခွင့် ရလိုပါတယ်။ သံဃာအား အမြဲ ယာဂုလှူခွင့် ရလိုပါတယ်။ ဘိက္ခုနီသံဃာအား အသက်ထက်ဆုံး ရေသနုပ်သင်္ကန်းလှူခွင့် ရလိုပါတယ်'

ဘုရားရှင်ထံက အထက်ပါ ဆုရှစ်မျိုးကို ဝိသာခါက တောင်းဆိုပါတယ်။ ဘုရားရှင်က ခွင့်ပြုတော်မူပါတယ်။

(ဝိနည်းမဟာဝါပါဠိ၊ ၄၀၇)

အနာထပိဏ်သူဌေး၊ ဝိသာခါဒါယိကာမကြီး၊ စူဠရထနတ်သား၊ မဟာရထနတ်သား၊ အနေကဝဏ္ဏနတ်သား၊ သိကြားမင်း၊ နာဂဒတ္တနတ်သားတွေဟာ ဝဋ်မှာလိုလားကြတယ်။ ဝဋ်မှာ ပျော်မွေ့ကြတယ်။ အစကစပြီး နတ်ပြည်ခြောက်ထပ်တို့ကို သုတ်သင်စင်ကြယ်စေပြီး အဲဒီဘုံတွေဆိုင်ရာ စည်းစိမ်ချမ်းသာတွေကို ခံစားသောအားဖြင့် တင့်တယ်စေပြီး အကနိဋ္ဌဘုံမှာ ပရိနိဗ္ဗာန်စံကြလိမ့်မယ်။

(ပုဂ္ဂလပညတ်၊ ဋ္ဌ၊ ၄၇။ သံယုတ်၊ ဋ္ဌ၊ တ၊ ၂၇၁)

သိကြားမင်း၊ အနာထပိဏ်သူဌေးကြီး၊ ဝိသာခါဥပါသိကာမကြီးတို့ဟာ အသက်အတိုင်းအရှည်ပမာဏ တူကြတာပါပဲ။ ဝဋ်ထဲမှာ ပျော်မွေ့တဲ့သူတွေမည်တယ်။ ဝဋ်ထဲမှာ ပျော်မွေ့နေတဲ့သူတွေထဲက အဲဒီသုံးဦးဟာ အချမ်းသာဆုံးပဲ။ အဲဒီသုံးဦးလောက် ချမ်းသာတဲ့အခြားသူ မရှိပါ။ (သုတ်မဟာဝါ၊ ဋ္ဌ၊ ၃၃၂)

အသက်ကြီး ရဟန်းနှစ်ပါးဟာ နံနက်စောစောပဲ မျက်နှာသစ်

http://www.dhammadownload.com



ကာ 'ဧည့်သည်ရဟန်းတွေအား ဆွမ်းလှူတဲ့ဝိသာခါရဲ့အိမ်မှာ ယာဂု သောက်ကြမယ်'လို့ ကြံကာ သွားကြတယ်။ ယာဂုသောက်ပြီး ခဲဖွယ်ကို ဘုဉ်းပေးကာ ထိုင်နေကြတယ်။ အဲဒီအခါ အဲဒီရဟန်းကြီးတွေကို ဝိသာခါက မေးတယ်။

'အရှင်ဘုရားတို့၊ အရှင်ဘုရားတို့ဟာလည်း ဘုရားရှင်နဲ့အတူ ရေဝတထေရ်ရဲ့နေရာအရပ်ကို သွားခဲ့ကြပါသလား'

'ဒကာမကြီး၊ သွားခဲ့ကြပါတယ်'

'အရှင်ဘုရားတို့၊ ရေဝတမထေရ်ရဲ့နေရာအရပ်က ပျော်စရာ ကောင်းပါသလား'

'အဲဒီအရပ်မှာ ပျော်စရာဘယ်မှာရှိပါ့မလဲ။ ဆူးဖြူသို့သျှားပင်တွေ ရှုပ်ထွေးနေရာအရပ်ဟာ ပြိတ္တာတွေရဲ့နေရာအရပ်နဲ့ တူပါတယ် ဒကာမ ကြီး'

အဲဒီအခါ အခြားရဟန်းငယ် နှစ်ပါး လာကြပါတယ်။ ဝိသာခါ က အဲဒီရဟန်းတွေအားလည်း ယာဂု၊ ခဲဖွယ်ကိုလှူပြီး ရှေးကအတိုင်းပဲ မေးပါတယ်။ အဲဒီရဟန်းတွေက 'ဒကာမကြီး၊ ချီးမွမ်းခြင်းငှာ မစွမ်းနိုင် ပါ၊ မထေရ်ရဲ့နေရာအရပ်ဟာ သုဓမ္မာနတ်သဘင်နဲ့ တူပါတယ်။ တန်ခိုးနဲ့ ဖန်ဆင်းထားသလိုပါပဲ'လို့ မိန့်ကြားတယ်။

ဝိသာခါက ကြံတယ်။

'အရင်လာတဲ့ရဟန်းတွေက တစ်မျိုးပြောကြတယ်။ ဒီရဟန်းတွေ က တစ်မျိုးပြောကြတယ်။ အရင်လာတဲ့ရဟန်းတွေက တစ်စုံတစ်ခုကို မေ့ကျန်ပြီး တန်ခိုးစွန့်လွှတ်လိုက်တဲ့အခါ ပြန်သွားတာဖြစ်ကြလိမ့်မယ်။ ဒီရဟန်းတွေက တန်ခိုးနဲ့ဖန်ဆင်းပြီး ထားတဲ့အခါမှာ သွားတာဖြစ် ကြလိမ့်မယ်'

ဝိသာခါက အဲဒီလိုတွေးပြီး ပညာရှိတဲ့အတွက် အဲဒီအကြောင်း ကို သိကာ 'ဘုရားရှင်ကို လာတဲ့အခါ မေးမယ်'လို့ ကြံကာ ရပ်တည်

http://www.dhammadownload.com



နေတယ်။ အဲဒီကနောက် တစ်ခဏပဲ ဘုရားရှင်က ရဟန်းအပေါင်း ခြံရံကာ ဝိသာခါရဲ့အိမ်ကို ကြွသွားပြီး ခင်းထားတဲ့နေရာမှာ ထိုင်တယ်။ ဝိသာခါက ဘုရားအမှူးရှိတဲ့ ရဟန်းအပေါင်းကို ရိုသေစွာ ပြုစုလုပ်ကျွေး ပြီး ဆွမ်းကိစ္စအဆုံးမှာ ဘုရားရှင်ကိုရှိခိုးပြီး မေးမြန်းလျှောက်တယ်။

'မြတ်စွာဘုရား၊ မြတ်စွာဘုရားနဲ့အတူ သွားတဲ့ရဟန်းတွေထဲမှာ အချို့က ရေဝတထေရ်ရဲ့နေရာအရပ်ကို 'သျှားပင်ရှုပ်တောင်လို့ ပြော ကြပါတယ်။ အချို့က ပျော်စရာကောင်းတယ်'လို့ ပြောကြပါတယ်။ အဲဒါက ဘယ်လိုပါလဲ'

အဲဒီစကားကို ကြားရပြီး ဘုရားရှင်က အောက်ပါစကားကို မိန့်တော်မူပါတယ်။

'ဝိသာခါဥပါသိကာ၊ ရွာပဲဖြစ်ဖြစ်၊ တောပဲဖြစ်ဖြစ် ရဟန္တာတွေ နေရာအရပ်ဟာ ပျော်မွေ့ဖွယ်ကောင်းတာချည်းပဲ'

(ဓမ္မပဒ၊ ဋ္ဌ၊ ပ၊ ၄၁၀)

ဖခင်ထံက ရထား ၅၀၀ ကို ရကြတဲ့ သတို့သမီးတွေဟာ ဇမ္ဗူဒိပ်အပြင်မှာ သုံးယောက်ပဲ ရှိကြပါတယ်။ ဗိမ္ဗိသာရမင်းရဲ့သမီး စုန္ဒီ၊ ဓနဉ္စယသူဌေးရဲ့သမီး ဝိသာခါ၊ ကောသလမင်းရဲ့သမီး သုမနာ တို့ ဖြစ်ကြပါတယ်။ (အံ၊ ဋ္ဌ၊ ၃၊ ၁၆)

ဝိသာခါ မဟာဥပါသိကာမဟာ အကြီးအကျယ်လှူခဲ့လို့ရော၊ သဒ္ဓါနဲ့ပြည့်စုံလို့ပါ နိမ္မာနရတိနတ်ပြည်မှာဖြစ်ပြီး သုနိမ္မိတနတ်မင်းရဲ့ မိဖုရားခေါင်ကြီးအဖြစ်ကို ရောက်သွားပါတယ်။ (ဝိမာန၊ ဋ္ဌ၊ ၁၇၂)

ဝိသာခါရဲ့အိမ်မှာ ရဟန်း ၅၀၀ အတွက် အမြဲတည်အပ်တဲ့ ယာဂုကို အမြဲစီစဉ်ထားတယ်။ (ဓမ္မပဒ၊ ဋ္ဌ၊ ३၊ ၁၀၄)

အရှင်ဥပါလိက ကောသလမင်းရဲ့ရှေ့မှာ ဝိသာခါကို အခေါ်ခိုင်း ပြီး အဲဒီအမိကရုဏ်းကို လက်ခံခိုင်းပါတယ်။ ဝိသာခါဟာ ကန့်လန့်ကာ

http://www.dhammadownload.com



ကို ကာရံခိုင်းပြီး ကန့်လန့်ကာအတွင်းမှာ ကုမာရကဿပရဲ့မိခင် ဘိက္ခုနီမရဲ့ လက်၊ ခြေ၊ ချက်၊ ရင်ဘတ်အဆုံးတွေကိုကြည့်ကာ လ ရက်တွေကို ရေတွက်ပြီး 'ဒီကိုယ်ဝန်ကို ဘိက္ခုနီမဟာ လူဝတ်ကြောင် ဘဝက ရခဲ့တယ်'လို့ သိပြီး အရှင်ဥပါလိမထေရ်အား အဲဒီအကြောင်း ကို လျှောက်ပြတယ်။ အဲဒီအခါ အရှင်ဥပါလိက ပရိသတ်အလယ်မှာ အဲဒီဘိက္ခုနီမရဲ့ စင်ကြယ်ကြောင်းကို အသိပေးပါတယ်။

(ဓမ္မပဒ၊ ဋ္ဌ၊ ၃၊ ၉၂)

ဝိသာခါဟာ သားရဲ့သမီး (မြေး) ဖြစ်သူ သုဒတ္တာကို သူမရဲ့ နေရာမှာထားကာ အိမ်မှာ ရဟန်းသံဃာအတွက် ဝေယျာဝစ္စပြုလုပ်ခိုင်း တယ်။ သုဒတ္တာဟာဝတ်နဲ့ပြည့်စုံတယ်။ (ဝတ်ကျေပွန်တယ်)။ သာသနာ မှာ အလွန်ကြည်ညိုတယ်။ ဝိသာခါရဲ့အိမ်ကို ဝင်လာတဲ့ ရဟန်းတွေ၊ ရဟန်းမတွေအတွက် ကိုယ်တိုင်လုပ်ရမယ့်ဝေယျာဝစ္စကို နံနက်ပိုင်းမှာ ရော ညနေပိုင်းမှာပါ မမေ့မလျော့ ပြုလုပ်တယ်။ သူ့အဖွားရဲ့ စိတ် တိုင်းကျ ဆောင်ရွက်တယ်။ ဒါကြောင့် ဝိသာခါဟာ အိမ်က အပြင်ကို သွားတဲ့အခါ အားလုံးကို သုဒတ္တာရဲ့တာဝန်ပြုလုပ်ကာ သွားတယ်။ ရုပ်ရည်အားဖြင့်လည်း ကြည့်ချင်စဖွယ်ဖြစ်တယ်။ စိတ်ကို ကြည်လင်စေ တယ်။ သုဒတ္တာဟာ ဝိသာခါရဲ့အထူးအားဖြင့် ချစ်မြတ်နိုးမှုကို ခံယူရ တယ်။ သုဒတ္တာဟာ ရောဂါနှိပ်စက်ခံရလို့ သေသွားတယ်။ အဲဒီအခါ ဝိသာခါဟာ သုဒတ္တာ သေသွားလို့ သောကမဆည်နိုင်တဲ့အတွက် ကိုယ်၊ စိတ်ဆင်းရဲကာ မီးသင်္ဂြိုဟ်တယ်။ (ဥဒါန၊ ဋ္ဌ၊ ၃၈၄)

ဝိသာခါဟာ အဝတ် ဆံပင်တွေစိုစွတ်လျက် မွန်းတည့်အချိန်မှာ ဘုရားရှင်ရှိရာကိုသွားပြီး ရှိခိုးကာ သင့်တင့်ရာအရပ်မှာ ထိုင်ပါတယ်။ ဝိသာခါကို ဘုရားရှင်ကမေးလို့ ဝိသာခါက ဖြေပါတယ်။

'ဝိသာခါ၊ သင်ဟာ အခု အဝတ် ဆံပင်တွေ စိုစွတ်လျက် မွန်းတည့်အချိန်မှာ ဘယ်က ဒီကိုလာခဲ့ပါသလဲ'

http://www.dhammadownload.com



'မြတ်စွာဘုရား၊ တပည့်တော် ချစ်မြတ်နိုးတဲ့ မြေးမလေး သေလို့ပါဘုရား'

'ဝိသာခါ၊ သာဝတ္ထိမြို့က လူတွေလောက် သား၊ သမီး၊ မြေးတွေကို အလိုရှိပါသလား'

'မြတ်စွာဘုရား၊ တပည့်တော်ဟာ အဲဒီလောက် သား၊ သမီး၊ မြေးတွေကို အလိုရှိပါတယ် ဘုရား'

'ဝိသာခါ၊ သာဝတ္ထိမြို့မှာ လူတွေ ဘယ်လောက်နေ့တိုင်း သေနေကြပါသလဲ'

'၁၀ ယောက်လည်း သေကြပါတယ်။ ကိုးယောက်၊ ရှစ်ယောက်၊ ခုနစ်ယောက်၊ ငါးယောက်၊ လေးယောက်၊ သုံးယောက်၊ နှစ်ယောက်၊ တစ်ယောက်လည်း နေ့တိုင်းသေနေကြပါတယ်။ သာဝတ္ထိမြို့ဟာ သေတဲ့လူတွေနဲ့ မကင်းဆိတ်ကြပါဘုရား'

'ဝိသာခါ၊ အခု ပြောမယ့်စကားကို သင်ဘယ်လိုထင်သလဲ။ သင့်မှာ အဝတ်၊ ဆံပင်မစိုစွတ်တဲ့အချိန်အခါ ရှိနိုင်ပါသေးသလား'

'မရှိနိုင်ပါ ဘုရား'

'မြတ်စွာဘုရား၊ အဲဒီလောက်များတဲ့ သား သမီး၊ မြေးတွေနဲ့ တပည့်တော်မှာ အကျိုးမရှိပါဘုရား'

'ဝိသာခါ၊ ချစ်စရာ ၁၀၀ ရှိရင် ဒုက္ခ ၁၀၀ ပဲ။ ချစ်စရာ ၉၀၊ ၈၀၊ ၇၀၊ ၆၀၊ ၅၀၊ ၄၀၊ ၃၀၊ ၂၀၊ ၁၀၊ ၉၊ ၈၊ ၇၊ ၆၊ ၅၊ ၄၊ ၃၊ ၂၊ ၁ ရှိရင် ဒုက္ခက အဲဒီလောက်ရှိတာပဲ။ ချစ်စရာမရှိရင် ဒုက္ခမရှိ'

(ဥဒါနပါဠိ၊ ၁၉၀)

ဝိသာခါရဲ့သူငယ်ချင်းမ ၅၀၀ ဟာ အရက်မူးပြီး ဘုရားရှင်ရဲ့ရှေ့မှာ 'ကမယ်၊ သီချင်းဆိုမယ်'လို့ စိတ်ဖြစ်ကာ ကြိုးစားကြရာ ဘုရားရှင်ရဲ့ တရားကို နာကြားရလို့ ၅၀၀ လုံး သောတာပန်ဖြစ်သွားကြပါတယ်။ (ဓမ္မပဒ၊ ႒၊ ဒု၊ ၆၄)

http://www.dhammadownload.com



သာဝတ္ထိမြို့ ဥပုသ်နေ့တစ်နေ့မှာ အမျိုးသမီး ၅၀၀ ဟာ ဥပုသ်ယူကာ ကျောင်းကိုသွားကြတယ်။ ဝိသာခါက အဲဒီဥပုသ်သည်တွေကို မေးလို့ သူတို့က အသီးသီးဖြေကြပါတယ်။

ဝိသာခါ။ ။ 'အမိတို့၊ အဘယ်အကျိုးငှာ ဥပုသ်စောင့်ကြပါသလဲ'

အဖွားကြီးများ။ ။ နတ်ပြည်စည်းစိမ်ကို တောင့်တပြီး စောင့်ကြပါတယ်။

အသက်အလယ်အလတ်မိန်းမများ။ ။ မယားငယ်နဲ့အတူ နေရခြင်းမှ လွတ်အောင်လို့။

အသက်ငယ်ရွယ်တဲ့မိန်းမများ။ ။ ပထမကိုယ်ဝန်မှာ သားကိုရချင်လို့။

အပျိုလေးများ။ ။ ငယ်ရွယ်စဉ်မှာပဲ လင့်အိမ်ကို သွားချင်လို့။

ဝိသာခါက အဲဒီမိန်းမအားလုံးရဲ့စကားကို ကြားရပြီး အဲဒီမိန်းမတွေကို ခေါ်ပြီး ဘုရားရှင်ထံ သွားကာ အစဉ်အတိုင်း လျှောက်ပြတယ်။ အဲဒီစကားကို ကြားရပြီး ဘုရားရှင်က အောက်ပါအတိုင်း မိန့်တယ်။

'ဝိသာခါ၊ ဒီသတ္တဝါတွေရဲ့ ဇာတိစသည်တွေက တုတ်ကိုင်ထားတဲ့ နွားကျောင်းသားနဲ့တူကြတယ်။ ဇာတိ (ပဋိသန္ဓေနေခြင်း) က၊ ဇရာ (အိုခြင်း) ထံ ပို့တယ်။ ဇရာက ဗျာဓိထံ ပို့တယ်။ ဗျာဓိက (နာခြင်း) မရဏ (သေခြင်း) ထံ ပို့ကာ သေခြင်းက ဓားမနဲ့ဖြတ်သလို အသက်ကို ဖြတ်တယ်။ အဲဒီလိုဖြစ်ပေမယ့်လည်း နိဗ္ဗာန်ကို တောင့်တသူတွေဆိုတာ မရှိကြ။ ဝဋ်ဆင်းရဲကိုသာ တောင့်တကြတယ်။'

(ဓမ္မပဒ၊ ဋ္ဌ၊ ၃၊ ၃၈)

ဘုရားရှင်က ဝိသာခါအား ဥပုသ် သုံးမျိုးကို ဟောခဲ့ပါတယ်။ နွားကျောင်းသားဥပုသ်၊ နိဂဏ္ဌဥပုသ်၊ အရိယဥပုသ်တို့ ဖြစ်ပါတယ်။

(အံ၊ ပါဠိ၊ ပ၊ ၂၀(၂))

http://www.dhammadownload.com



ဘုရားရှင်က ဝိသာခါအား ရှစ်ပါးသီလဥပုသ်ရဲ့အကျိုးကို ဟောခဲ့ပါတယ်။ (အံ၊ ပါဠိ၊ ပ၊ ၂၁၃၊ တ၊ ၈၄)

ဘုရားရှင်က ဝိသာခါအား နှစ်သက်မြတ်နိုးဖွယ် ခန္ဓာကိုယ်ရှိတဲ့ နတ်ဖြစ်ကြောင်း တရားရှစ်ပါးကို ဟောတော်မူခဲ့ပါတယ်။ (အံ၊ ပါဠိ၊ တ၊ ၉၄)

ဘုရားရှင်က ဝိသာခါအား ဒီလောကကိုအောင်နိုင်ဖို့ အမျိုးသမီးများ ပြည့်စုံရမယ့် တရားလေးပါး၊ တမလွန်လောကကို အောင်နိုင်ဖို့ အမျိုးသမီးများ ပြည့်စုံရမယ့် တရားလေးပါးကို ဟောတော်မူခဲ့ပါတယ်။ (အံ၊ ပါဠိ၊ တ၊ ၉၇)

http://www.dhammadownload.com

# ရက်ကန်းသည်ရဲ့ သမီး

တစ်နေ့မှာ အာဠဝီမြို့သူမြို့သားတွေက ဘုရားရှင် အာဠဝီမြို့ကို ရောက်တဲ့အခါ ပင့်ဖိတ်ပြီး အလှူလှူကြတယ်။ ဘုရားရှင်က ဆွမ်းကိစ္စအဆုံးမှာ အနုမောဒနာပြုလိုလို့ အောက်ပါစကားကို မိန့်တော်မူတယ်။

'ငါ့ရဲ့အသက်ဟာ မမြဲ၊ ငါ့မှာ သေခြင်းက မြဲတယ်။ ငါက သေချာပေါက် သေရမည်သာ။ ငါ့ရဲ့အသက်ရှင်ခြင်းဟာ သေခြင်းအဆုံးရှိတယ်။ အသက်ရှင်ခြင်းသည်သာ မမြဲ။ သေခြင်းက မြဲတယ်လို့ သေခြင်းကို အောက်မေ့မှုသတိကို ပွားများကြ။ သေခြင်းအောက်မေ့မှုကို မပွားများသူတွေဟာ သေခါနီးမှာ လွန်စွာကြောက်လန့်ပြီး ကြောက်မက်ဖွယ်အံသံကို အော်ဟစ်ကာ သေကြတယ်။ ဥပမာ အဆိပ်ပြင်းတဲ့မြွေကို မြင်ပြီး ကြောက်နေတဲ့ တုတ်မပါတဲ့ယောကျ်ားလိုပါပဲ။ သေခြင်းအောက်မေ့မှုကို ပွားများသူတွေကတော့ သေခါနီးမှာ မထိတ်လန့် မတုန်လှုပ်ကြတော့။ ဥပမာ အဝေးကပင် အဆိပ်ပြင်းတဲ့မြွေကို မြင်ရပြီး တုတ်နဲ့ယူကာ စွန့်ပြီး တည်တဲ့ယောကျ်ားလိုပါပဲ။ ဒါကြောင့် သေခြင်းအောက်မေ့မှုကို ပွားများထိုက်တယ်။'

အဲဒီတရားဒေသနာကို ကြားနာရပြီး ကျန်တဲ့လူတွေက ကိုယ့်ကိစ္စကိုပဲ ကြိုးစားနေကြတယ်။ ရက်ကန်းသည်ရဲ့ ၁၆ နှစ်အရွယ် သမီးတစ်ဦးကတော့ 'ဘုရားရှင်တွေရဲ့စကားဆိုတာ အံ့သြဖွယ်ကောင်းလေစွ၊ ငါကတော့ သေခြင်းအောက်မေ့မှုသတိကို ပွားများသင့်တယ်'လို့ နေ့ရောညပါ သေခြင်းအောက်မေ့မှုသတိကိုပဲ ပွားများတယ်။ ဘုရားရှင်ကလည်း အဲဒီမြို့ကထွက်ပြီး ဇေတဝန်ကျောင်းကို ကြွသွားတယ်။

http://www.dhammadownload.com



အဲဒီကလေးမကလည်း သုံးနှစ်ပတ်လုံး သေခြင်းအောက်မေ့မှုကို ပွား များသည်သာ။ တစ်နေ့မှာ ဘုရားရှင်က နံနက်လင်းတော့ လောကကို ကြည့်တဲ့အခါ အဲဒီကလေးမလေး ဘုရားရှင်ရဲ့ဉာဏ်ကွန်ရက်ထဲ ဝင်လာ တာကို မြင်ရတယ်။ 'ဘာဖြစ်လိမ့်မလဲ'လို့ စူးစမ်းတဲ့အခါ အောက်ပါ အတိုင်း သိတော်မူတယ်။

'ဒီကလေးမဟာ ငါ့တရားဒေသနာကို နာယူရတဲ့နေ့ကစပြီး သုံးနှစ်ပတ်လုံး သေခြင်းအောက်မေ့မှုသတိကို ပွားများခဲ့တယ်။ အခု ငါဟာ အဲဒီကိုသွားပြီး ဒီကလေးမကို ပြဿနာလေးရပ် မေးကာ ကလေးမက ဖြေတဲ့အခါ လေးနေရာမှာ သာဓုခေါ်ပြီး ဒီဂါထာကို ဟောမယ်။ အဲဒီကလေးမဟာ ဂါထာရဲ့အဆုံးမှာ သောတာပန်ဖြစ်လိမ့် မယ်။ သူ့ကိုမှီပြီး လူအများအတွက်လည်း တရားဒေသနာဟာ အကျိုးရှိ လိမ့်မယ်။'

အဲဒီလိုသိပြီး ဘုရားရှင်ဟာ ရဟန်း ၅၀၀ ခြံရံကာ ဇေတဝန် ကျောင်းမှထွက်ပြီး အစဉ်အတိုင်း အဂ္ဂါဠဝကျောင်းကို ကြွသွားတယ်။ အာဠဝီမြို့သူမြို့သားတွေက 'ဘုရားရှင် ကြွလာတယ်'လို့ ကြားရပြီး အဲဒီကျောင်းကို သွားကာ ပင့်ဖိတ်ကြတယ်။ အဲဒီကလေးမကလည်း ဘုရားရှင် ကြွလာကြောင်းကို ကြားရပြီး 'ငါ့ရဲ့ဖခင်၊ အရှင်သခင်၊ ဆရာဖြစ်တဲ့ လပြည့်ဝန်းလိုမျက်နှာပိုင်ရှင် မဟာဂေါတမဗုဒ္ဓဟာ ကြွ လာသတဲ့'လို့ သိကာ ဝမ်းသာတယ်။ 'ငါဟာ ဒီအချိန်ကနေ နှစ်ပေါင်း သုံးနှစ်အထက်မှာ ရွှေအဆင်းပိုင်ရှင် ဘုရားကို အရင်က မဖူးခဲ့ရပါ။ ငါက အခု အဲဒီဘုရားရှင်ရဲ့ ရွှေအဆင်းရှိခန္ဓာကိုယ်ကို ဖူးခွင့်ရမယ်။ ချိုမြိန်တဲ့အရသာရှိတဲ့ တရားမြတ်ကို နာကြားခွင့်ရမယ်'လို့ ကြံတယ်။ သူမရဲ့ဖခင်က ရက်ကန်းစင်ရှိရာဇရပ်ကို သွားတဲ့အခါ ပြောတယ်။

'သမီး၊ သူတစ်ပါးဥစ္စာဖြစ်တဲ့ အဝတ်ကို ငါဟာ ရက်ကန်းစင် မှာ တင်ထားတယ်။ အဲဒီအဝတ်အတွက် တစ်ထွာလောက် မပြီးစီးသေး၊

http://www.dhammadownload.com



ဒီနေ့ အဲဒါကို ပြီးအောင်လုပ်မယ်၊ ငါ့အတွက် မြန်မြန်ရက်ဖောက်ရစ်ပြီး သယ်ဆောင်လာခဲ့ပါ'

အဲဒီကလေးမက ဒီလိုကြံတယ်။

'ငါဟာ ဘုရားရှင်ရဲ့တရားကို နာချင်တယ်၊ ဖခင်ကလည်း ငါ့ကိုဒီလိုပြောတယ်။ ငါဟာ ဘုရားရှင်ရဲ့တရားကို နာရမလား၊ ဒါမှမဟုတ် ဖခင်အတွက် ရက်ဖောက်ကိုရစ်ပြီး ဆောင်ယူသွားရမလား။ ဖခင်က ငါ့ကို ရက်ဖောက်သယ်ဆောင်မသွားလို့ ပုတ်ခတ်ချင်လည်း ပုတ်ခတ်မယ်၊ ရိုက်ချင်လည်း ရိုက်မယ်။ ဒါကြောင့် ငါဟာ ရက်ဖောက်ရစ်ပြီး ဖခင်အားပေးကာ နောက်မှတရားနာမယ်'

အဲဒီလိုကြံပြီး ထိုင်ခုံပေါ်ထိုင်ကာ ရက်ဖောက်ရစ်နေတယ်။ အာဠဝီမြို့သူမြို့သားတွေကလည်း ဘုရားရှင်ကို ပြုစုလုပ်ကျွေးကာ သပိတ်ကိုယူပြီး အနုမောဒနာအကျိုးငှာ ရပ်တည်နေကြတယ်။ ဘုရားရှင်က 'ငါဟာ အမျိုးသမီးလေးကို အမှီပြုပြီး ယူဇနာ ၃၀ ရှိတဲ့ ခရီးလမ်းကို လာခဲ့တယ်။ အဲဒီအမျိုးသမီးလေးက ဒီနေ့လည်း အခွင့်မရ။ သူမအခွင့်ကို ရပြီးရင် အနုမောဒနာပြုမယ်'လို့ ကြံကာ ဆိတ်ဆိတ်နေတော်မူတယ်။ အဲဒီလိုဆိတ်ဆိတ်နေတော်မူတဲ့ ဘုရားရှင်ကိုလည်း နတ်နဲ့တကွသော လောကမှာ ဘယ်သူကမှ ဘာစကားကိုမှ မပြောဝံ့။ အဲဒီကလေးမကလည်း ရက်ဖောက်ရစ်ကာ တောင်းထဲထည့်ပြီး ဖခင်ထံသွားတယ်။ ပရိသတ်အစွန်မှာရပ်ပြီး ဘုရားရှင်ကိုကြည့်ရင်းပဲ ရပ်တည်တယ်။ ဘုရားရှင်ကလည်း လည်ပင်းကိုမြှောက်ချီကာ အဲဒီကလေးမကို ကြည့်တယ်။ အဲဒီကလေးမက ကြည့်လိုက်တဲ့အခြင်းအရာနဲ့ပဲ သိတယ်။

'ဘုရားရှင်ဟာ ဒီလိုပရိသတ်အလယ်မှာ ထိုင်ပြီးလျက်သာ ငါ့ကို ကြည့်ရင်း ငါ့အလာကို တောင့်တနေတယ်။ ဘုရားရှင်ထံ လာတာကိုပဲ ဘုရားရှင်က တောင့်တနေတယ်'

အဲဒီကလေးမက ရက်ဖောက်တောင်းကိုထားပြီး ဘုရားရှင်ထံ

http://www.dhammadownload.com



သွားတယ်။ ဘုရားရှင်က အဲဒီကလေးမကို ဘာကြောင့်ကြည့်တော်မူတာလဲ၊ ဘုရားရှင်မှာ ဒီလိုအကြံဖြစ်ပေါ်ပါသတဲ့။

'ဒီကလေးမဟာ ဒီနေရာက သွားတဲ့အခါ ပုထုဇဉ်ဘဝနဲ့သေပြီး နောက်ဘဝ မမြဲဖြစ်လိမ့်မယ်။ ငါ့ထံလာပြီး သွားတဲ့အခါ သောတာပန် ဖြစ်ပြီး နောက်ဘဝ မြဲကာ တုသိတာနတ်ဘုံမှာ ဖြစ်လိမ့်မယ်'

အဲဒီနေ့မှာ အဲဒီကလေးမဟာ သေခြင်းမှလွတ်တာမရှိ၊ သူမဟာ ကြည့်လိုက်တဲ့အမှတ်အသားနဲ့ပဲ ဘုရားရှင်ထံချဉ်းကပ်ကာ ရောင်ခြည်တော် ခြောက်ပါးတွေရဲ့အလယ်ဝင်ပြီး ရှိခိုးကာ သင့်တင့်ရာအရပ်မှာ ထိုင်တယ်။ အဲဒီလို ပရိသတ်ရဲ့အလယ်မှာ ထိုင်ပြီး ဆိတ်ဆိတ်နေတဲ့ ဘုရားရှင်ကို ရှိခိုးပြီး ရပ်တည်နေတဲ့ခဏမှာပဲ အဲဒီကလေးမကို ဘုရားရှင်က မေးတယ်။

'ကလေးမ၊ ဘယ်က လာခဲ့သလဲ'

'မသိပါ ဘုရား'

'ဘယ်ကို သွားမလို့လဲ'

'မသိပါ ဘုရား'

'မသိဘူးလား'

'သိပါတယ် ဘုရား'

'သိသလား'

'မသိပါ ဘုရား'

အဲဒီလို အဲဒီကလေးမကို ပြဿနာလေးခု မေးပါတယ်။ လူအများက ကဲ့ရဲ့တယ်။

'အမောင်တို့၊ ကြည့်ကြစမ်းပါ၊ ဒီရက်ကန်းသည်သမီးဟာ ဘုရားရှင်နဲ့အတူ ပြောချင်ရာတွေ ပြောနေတယ်။ ဘယ်ကလာခဲ့သလဲလို့ မေးရင် 'ရက်ကန်းသည်အိမ်က လာခဲ့ပါတယ်'လို့ ဖြေသင့်တယ်မဟုတ်ပါလား။ ဘယ်ကိုသွားမလဲလို့ မေးတဲ့အခါ ရက်ကန်းသည်ဇရပ်ကို သွားပါမယ်လို့ ဖြေသင့်တယ်မဟုတ်လား'

http://www.dhammadownload.com



ဘုရားရှင်က လူအများကို အသံတိတ်အောင် ပြုလုပ်ပြီး အဲဒီ ကလေးမကို မေးပါတယ်။

'သင်က ဘယ်ကလာခဲ့သလဲလို့ မေးခံရတဲ့အခါ တပည့်တော် မသိပါလို့ ဘာကြောင့် ဖြေရတာလဲ'

'မြတ်စွာဘုရား၊ မြတ်စွာဘုရားဟာ တပည့်တော်ရဲ့ ရက်ကန်း သည်အိမ်က လာခဲ့တာကို သိပါတယ်။ ဘယ်ကလာခဲ့သလဲလို့ မေးတာ ဟာ ဘယ်ဘဝက လာခဲ့ပြီး ဒီဘဝမှာ ဖြစ်နေသလဲလို့ မေးတာဖြစ်ပါ တယ်။ တပည့်တော်ကတော့ 'ဘယ်ဘဝက လာခဲ့ပြီး ဒီဘဝမှာဖြစ်နေ တယ်ဆိုတာကို မသိပါ'

အဲဒီအခါ သူမအား ဘုရားရှင်က 'သာဓု၊ သာဓု ကလေးမ၊ ငါမေးတဲ့မေးခွန်းကိုပဲ သင်က ဖြေဆိုတယ်'လို့ ရှေးဦးစွာ သာဓုခေါ်ကာ နောက်ထပ်လည်း မေးပါသေးတယ်။

'သင်က ဘယ်ကိုသွားမလဲလို့ နောက်ထပ်အမေးခံရတဲ့အခါ ဘာကြောင့် သင်က 'တပည့်တော် မသိပါ'လို့ ပြောရတာပါလဲ'

'မြတ်စွာဘုရား၊ မြတ်စွာဘုရားက တပည့်တော် ရက်ဖောက် တောင်းကို ယူပြီး ရက်ကန်းသည်ဇရပ်ကို သွားတာ သိပါတယ်။ ဒီဘဝကနေ သွားပြီး ဘယ်ဘဝမှာ ဖြစ်မှာလဲလို့ မေးတာဖြစ်လို့ တပည့် တော်လည်း ဒီဘဝကသေပြီး ဘယ်ဘဝသွားဖြစ်ရမယ်ဆိုတာ မသိပါ'

အဲဒီအခါ ဘုရားရှင်က သူမအား 'ငါမေးတဲ့မေးခွန်းကိုပဲ သင်က ဖြေပေတယ်'လို့ ဒုတိယအကြိမ် သာဓုခေါ်ကာ နောက်ထပ် လည်း မေးတယ်။

'သင်မသိဘူးလားလို့ မေးတဲ့အခါ သင်က တပည့်တော် သိပါ တယ်လို့ ဘာလို့ပြောရတာလဲ'

'မြတ်စွာဘုရား၊ တပည့်တော်ဟာ သေရမှာကို သိပါတယ်။ ဒါကြောင့် အဲဒီလိုပြောတာပါ ဘုရား'

http://www.dhammadownload.com



အဲဒီအခါ ဘုရားရှင်က သူမအား 'သင်က ငါမေးတဲ့မေးခွန်းကို ပဲ ဖြေပေတယ်'လို တတိယအကြိမ် သာခုခေါ်ကာ နောက်ထပ်လည်း မေးတယ်။

'သင် သိသလားလို့ မေးတဲ့အခါ တပည့်တော် မသိပါလို့ သင်က ဘာကြောင့် ပြောတာပါလဲ'

'တပည့်တော်ဟာ တပည့်တော် သေရမှာကိုသာ သိပါတယ်။ ည၊ နေ့၊ နံနက်စသည်တွေထဲက ဘယ်အချိန်မှာ ငါသေရမယ်လို့ မသိပါ၊ ဒါကြောင့် အဲဒီလို ပြောပါတယ်'

အဲဒီအခါ ဘုရားရှင်က သူမအား 'သင်က ငါမေးတဲ့မေးခွန်းကို ပဲ ဖြေပေတယ်'လို့ စတုတ္ထအကြိမ် သာခုခေါ်ကာ ပရိသတ်ကို ခေါ်ပြီး မိန့်တယ်။

'သင်တို့ဟာ ဒီလောက်ကာလပတ်လုံး အဲဒီကလေးမ ပြောတဲ့ စကားကို အဓိပ္ပာယ်မသိကြ။ ကဲ့ရဲ့ပဲ ကဲ့ရဲ့နေကြတယ်။ ပညာမျက်စိ မရှိသူတွေဟာ အကန်းတွေချည်းပဲ။ ပညာမျက်စိရှိသူတွေသာ မျက်စိ ရှိသူတွေပဲ'

'ဒီလောကီလူအများဟာ ပညာမျက်စိမရှိလို့ အကန်းသဖွယ် ဖြစ်နေတယ်။ အဲဒီလောကီလူအများထဲက အနည်းငယ်သာ ဝိပဿနာ ပညာရှိတယ်။ ကျွမ်းကျင်တဲ့ငှက်မုဆိုးက ပိုက်ကွန်နဲ့လွှမ်းမိုးကာ ဖမ်းယူ ထားတဲ့ ငုံးတွေထဲက တစ်ကောင်တလေသာ ပိုက်ကွန်က လွတ်တယ်။ ကျန်တဲ့ငုံးတွေက ပိုက်ကွန်ထဲပဲ ဝင်ကြတယ်။ သေခြင်းပိုက်ကွန် လွှမ်းမိုးခံရတဲ့ သတ္တဝါတွေထဲက အများက အပါယ်ကို သွားကြတယ်။ သတ္တဝါအနည်းငယ်ကသာ ဘဝကောင်းနဲ့ နိဗ္ဗာန်ကို ရောက်တယ်။'

တရားဒေသနာအဆုံးမှာ အဲဒီကလေးမဟာ သောတာပန် ဖြစ်တယ်။ လူအများမှာလည်း တရားဒေသနာဟာ အကျိုးများတယ်။

အဲဒီကလေးမကလည်း ရက်ဖောက်တောင်းကိုယူပြီး ဖခင်ထံ

http://www.dhammadownload.com



သွားတယ်။ ဖခင်ကလည်း ထိုင်ရင်းပဲ အိပ်ငိုက်နေတယ်။ အဲဒီကလေးမက သတိမထားဘဲသာ ရက်ဖောက်တောင်းကို ကပ်ဆောင်လိုက်တဲ့အခါ ရက်ဖောက်တောင်းက လက်ခတ်အစွန်ကို ထိခိုက်ကာ အသံမြည်ရင်း ကျတယ်။ ဖခင်က နိုးလာပြီး ယူထားတဲ့အမှတ်အသားနဲ့ပဲ လက်ခတ်အစွန်ကို ဆွဲငင်လိုက်တယ်။ လက်ခတ်အစွန်ကသွားပြီး အဲဒီကလေးမရဲ့ရင်ဘတ်ကို ပုတ်ခတ်တယ်။ အဲဒီကလေးမဟာ အဲဒီနေရာမှာပဲ သေပြီး တုသိတာနတ်ပြည်မှာ ဖြစ်တယ်။ အဲဒီအခါ သူမရဲ့ဖခင်မှာ သောကအကြီးအကျယ်ဖြစ်တယ်။ ဖခင်က 'ငါ့ရဲ့သောကကို အခြားသူက ငြိမ်းအောင် မလုပ်နိုင်'လို့ ငိုကာ ဘုရားရှင်ထံသွားပြီး အဲဒီအကြောင်းကို လျှောက်ပြတယ်။ 'မြတ်စွာဘုရား၊ တပည့်တော်ရဲ့သောကငြိမ်းပေးပါ'လို့ လျှောက်တယ်။ ဘုရားရှင်က သူ့ကိုနှစ်သိမ့်အားပေးပြီး 'ဥပါသကာ၊ မစိုးရိမ်ပါနဲ့၊ အစမထင် သံသရာမှာ သင့်သမီးဒီလိုသေလို့ ကျခဲ့ရတဲ့မျက်ရည်ဟာ သမုဒ္ဒရာကြီးလေးစင်းထဲက ရေထက် ပိုလွန်တယ်'လို့ မိန့်ကာ အနမတဂ္ဂကထာကို ဟောပါတယ်။ ဖခင်ဟာ သောကနည်းပါးသွားပြီး ဘုရားရှင်ထံ ရဟန်းအဖြစ်ကို တောင်းကာ ရဟန်းပြုပြီး မကြာခင်ပဲ ရဟန္တာဖြစ်သွားပါတယ်။

(ဓမ္မပဒ၊ ဌ၊ ၃၊ ၁၁၁)

http://www.dhammadownload.com

# မာတိက မာတာ

ကောသလမင်းရဲ့နိုင်ငံထဲက တောင်ခြေမှာ မာတိကဆိုတဲ့ ရွာတစ်ရွာ ရှိခဲ့တယ်။ အိမ်ခြေထူထပ်တယ်။ တစ်နေ့မှာ ရဟန်း ၆၀ ဟာ ဘုရားရှင်ထံ အရဟတ္တဖိုလ်တိုင်အောင် ကမ္မဋ္ဌာန်းနည်းကို တောင်းယူတယ်။ အဲဒီရွာကိုသွားပြီး ဆွမ်းခံဝင်ကြတယ်။ အဲဒီရွာရဲ့အကြီးအကဲက မာတိက မည်ပါတယ်။ မာတိကရဲ့မိခင် (မာတိကမာတာ) က မြင်ပြီး အိမ်မှာ ထိုင်ခိုင်းကာ အရသာကောင်းအမျိုးမျိုးပါတဲ့ ယာဂု၊ ဆွမ်းနဲ့ ပြုစုလုပ်ကျွေးတယ်။ 'အရှင်ဘုရားတို့၊ ဘယ်ကိုသွားလိုကြပါသလဲ'လို့ မေးတယ်။ 'ဒကာမကြီး၊ ချမ်းသာရာအရပ်ကို သွားကြပါမယ်'လို့ ပြောတယ်။ အဲဒီဒကာမကြီးက 'အရှင်မြတ်တွေဟာ ဝါဆိုရမယ့်နေရာကို ရှာဖွေနေကြတယ် ထင်တယ်'လို့ နားလည်ကာ ခြေရင်းမှာလဲလျောင်းပြီး 'အရှင်မြတ်တွေဟာ ဒီဝါတွင်းသုံးလပတ်လုံး ဒီနေရာမှာနေကြရင် တပည့်တော်ဟာ သရဏဂုံသုံးပါးနဲ့ ငါးပါးသီလကို ယူကာ ဥပုသ်စောင့်သုံးနိုင်ပါမယ်'လို့ လျှောက်တယ်။ ရဟန်းတွေက 'ငါတို့ဟာ ဒီဒကာမကြီးကို မှီပြီး ဆွမ်းအတွက် မပင်ပန်းကြဘဲ ဘဝလွတ်မြောက်ရေးကို ပြုလုပ်နိုင်ကြလိမ့်မယ်'လို့ တွေးကာ လက်ခံကြတယ်။ အဲဒီဒကာမကြီးက အဲဒီရဟန်းတွေအတွက် နေစရာကျောင်းကို ရှင်းလင်းပြီး ပေးတယ်။

အဲဒီရဟန်းတွေဟာ အဲဒီအရပ်မှာပဲ နေကြတဲ့အခါ တစ်နေ့မှာ စုဝေးပြီး အချင်းချင်းအား ဆုံးမကြတယ်။

'ငါ့ရှင်တို့၊ တပည့်တော်တို့ဟာ မေ့မေ့လျော့လျော့ မလှည့်လည်သင့်ပါ။ အကြောင်းကတော့ တပည့်တော်တို့အတွက် ကိုယ့်အိမ်သဖွယ်

http://www.dhammadownload.com



ဖြစ်တဲ့ ငရဲကြီးရှစ်ထပ်ဟာ တံခါးဖွင့်လျက်သာ ရှိနေကြပါတယ်၊ သက်တော်ထင်ရှား ဘုရားထံက ကမ္မဋ္ဌာန်းယူပြီး တပည့်တော်တို့ဟာ လာခဲ့ကြပါတယ်။ ဘုရားရှင်တွေရဲ့ခြေရာနောက် အစဉ်လိုက်ပေမယ့် ကောက်ကျစ်ရင် ဘုရားရှင်တွေကို ကျေနပ်နှစ်သက်အောင် မတတ်နိုင်ပါ။ ကောင်းတဲ့အလိုဆန္ဒနဲ့သာ ကျေနပ်နှစ်သက်အောင် တတ်နိုင်ပါတယ်။ မမေ့မလျော့သူတွေ ဖြစ်ကြပါ။ တစ်နေရာမှာ နှစ်ပါးမရပ်သင့်၊ မထိုင်သင့်ပါ။ ညနေပိုင်း မထေရ်ကြီးထံ ဆည်းကပ်တဲ့အခါနဲ့ နံနက်ပိုင်း ဆွမ်းခံလှည့်လည်ရာအခါမှာ တစ်ပေါင်းတည်း ဖြစ်ကြပါမယ်။ ကျန်အချိန်မှာ နှစ်ပါးဟာ တစ်ပေါင်းတည်းမဖြစ်ကြအံ့။ ဒါပေမဲ့ မကျန်းမာတဲ့ ရဟန်းကလာပြီး ကျောင်းအလယ်မှာ တုံးကိုခေါက်တဲ့အခါ တုံးအမှတ်အသားနဲ့ လာကာ အဲဒီမကျန်းမာတဲ့ရဟန်းအတွက် ဆေးပြုလုပ်ကြပါမယ်'

ရဟန်းတွေ အဲဒီလိုကတိကဝတ်ပြုပြီး နေကြတဲ့အခါ တစ်နေ့မှာ အဲဒီဒကာမကြီးက ထောပတ်၊ ဆီ၊ တင်လဲစသည်တွေကို အယူခိုင်းကာ ကျွန်ယောကျ်ား၊ ကျွန်မိန်းမ၊ အလုပ်သမားစသည်တွေ ခြံရံပြီး ညနေပိုင်းမှာ အဲဒီကျောင်းကိုသွားတယ်။ ကျောင်းအလယ်မှာ ရဟန်းတွေကို မမြင်ရလို့ 'အရှင်မြတ်တွေ ဘယ်ကိုကြွကြပါသလဲ'လို့ ယောကျ်ားတွေကို မေးတယ်။ 'မိမိ မိမိရဲ့ ညနေရာ၊ နေ့နေရာတွေမှာ ထိုင်နေတာဖြစ်ကြပါလိမ့်မယ် အရှင်မ' လို့ ပြောကြတဲ့အခါ 'ဘယ်လိုလုပ်ပြီး ဖူးတွေ့နိုင်မလဲ'လို့ မေးတယ်။ အဲဒီအခါ အဲဒီဒကာမကြီးကို ရဟန်းသံဃာရဲ့ ကတိကဝတ်ကိုသိတဲ့လူတွေက 'အရှင်မ၊ တုံးကိုခေါက်လိုက်ရင် ရဟန်းတွေ စုဝေးကြပါလိမ့်မယ်'လို့ ပြောကြတယ်။ အဲဒီဒကာမကြီးကလည်း တုံးကိုခေါက်ခိုင်းတယ်။ ရဟန်းတွေက တုံးသံကိုကြားရပြီး 'ရဟန်းတစ်ပါးပါးမှာ မကျန်းမာတာဖြစ်လိမ့်မယ်'လို့ ထင်မှတ်ကာ မိမိ မိမိနေရာတွေမှထွက်ကာ ကျောင်းအလယ်မှာ စုဝေးကြပါတယ်။

http://www.dhammadownload.com



တစ်လမ်းတည်းနဲ့ နှစ်ပါးလာတာမရှိပါ။ ဒကာမကြီးက တစ်နေရာ တစ်နေရာမှ တစ်ပါးတစ်ပါးစီပဲ လာတာကိုမြင်ရပြီး 'ငါ့သားရဟန်းတွေ ဟာ အချင်းချင်းခိုက်ရန်ပြုထားတာ ဖြစ်လိမ့်မယ်'လို့ ကြံကာ ရဟန်း သံဃာကို ရှိခိုးပြီး မေးတယ်။

'အရှင်ဘုရားတို့၊ ခိုက်ရန်ဖြစ်ထားကြပါသလား'

'ဒကာမကြီး၊ မဖြစ်ကြပါ'

'အရှင်ဘုရားတို့၊ အရှင်ဘုရားတို့မှာ ခိုက်ရန်မဖြစ်ရင် ဘာ ကြောင့် တပည့်တော်တို့ရဲ့အိမ်ကိုကြွလာကြတဲ့အခါ အားလုံး တစ်ပေါင်း တည်းပဲ ကြွလာကြသလို ကြွမလာကြဘဲ တစ်နေရာ တစ်နေရာစီက တစ်ပါးတစ်ပါးစီပဲ ကြွလာကြပါသလဲ'

'ဒကာမကြီး၊ တစ်နေရာစီမှာထိုင်ပြီး ရဟန်းတရားအားထုတ်နေ ကြပါတယ်'

'အရှင်ဘုရားတို့၊ အဲဒီရဟန်းတရားဆိုတာ ဘယ်လိုဟာပါလဲ'

'ဒကာမကြီး၊ ခန္ဓာကိုယ်အစိတ်အပိုင်း ၃၂ ခုတွေကို ရွတ်အံ ကြပါတယ်။ ခန္ဓာကိုယ်မှာလည်း အကုန်အပျက်တင်ကြပါတယ်'

'အရှင်ဘုရားတို့၊ အဲဒီလိုလုပ်ဖို့ အရှင်ဘုရားတို့မှာသာ အပ်ပါ သလား၊ ဒါမှမဟုတ် တပည့်တော်တို့မှာလည်း အပ်ပါသလား'

'ဒကာမကြီး၊ အဲဒီတရားကို ဘယ်သူ့အတွက်မှ မတားမြစ်ထား ပါ'

'အရှင်ဘုရားတို့၊ ဒီလိုဆိုရင် တပည့်တော်အားလည်း ခန္ဓာကိုယ် အစိတ်အပိုင်း ၃၂ မျိုး ကမ္မဋ္ဌာန်းကိုလည်း ပေးပါ။ ခန္ဓာကိုယ်မှာ အကုန် အပျက်တင်ပုံကိုလည်း ပြောပြပါ'

'ဒကာမကြီး၊ ဒီလိုဆိုရင် သင်ယူပါ'လို့ ပြောကာ အားလုံးကို သင်ပေးကြပါတယ်။ ဒကာမကြီးဟာ အဲဒီအချိန်ကစပြီး ခန္ဓာကိုယ် အစိတ်အပိုင်း ၃၂ မျိုးမှာ ရွတ်အံပြီး မိမိခန္ဓာကိုယ်အပေါ် အကုန်

http://www.dhammadownload.com



အပျက်ကိုတင်ကာ အဲဒီရဟန်းတွေရဲ့အရင်ပဲ သုံးမဂ်၊ သုံးဖိုလ်တို့ကို ရောက်ရှိသွားပါတယ်။ သူမရဲ့မဂ်တရားနဲ့အတူပဲ ပဋိသမ္ဘိဒါ လေးပါးနဲ့ လောကီအဘိညာဉ်တွေလည်း ရောက်လာကြပါတယ်။ သူမဟာ မဂ်၊ ဖိုလ်ချမ်းသာမှ ထကာ ဒိဗ္ဗစက္ခုအဘိညာဉ်နဲ့ကြည့်ပြီး 'ငါ့သားရဟန်းတွေဟာ ဘယ်အခါက ဒီတရားကို ရထားသလဲ'လို့ စူးစမ်းတဲ့အခါ ရဟန်းအားလုံးပဲ ရာဂ၊ ဒေါသ၊ မောဟတွေရှိနေပြီး သူတို့မှာ ဈာန်၊ ဝိပဿနာလောက်တောင်မှ မရှိ၊ 'ငါ့သားရဟန်းတွေမှာ ရဟန္တာဖြစ်ဖို့ အားကြီးတဲ့အကြောင်းပါရမီ ရှိလေသလား၊ မရှိဘူးလား'လို့ ဆင်ခြင်ပြီး 'ရှိတယ်'လို့ မြင်တယ်။ 'ကျောင်းအဆင်မပြေမှု ရှိ မရှိ'ဆင်ခြင်ကာ အဲဒီကျောင်းအဆင်ပြေတာကိုလည်း မြင်ရတယ်။ 'ပုဂ္ဂိုလ်ရေးအဆင်ပြေမှု ရ မရ' စူးစမ်းတဲ့အခါ ပုဂ္ဂိုလ်ရေးအဆင်ပြေတာကိုလည်း မြင်ရတယ်။ 'အဲဒီ ရဟန်းတွေမှာ အစားအသောက်အဆင်ပြေမှု ရမရ'စူးစမ်းတဲ့အခါ မရေ တာကို မြင်ရပြီး အဲဒီအချိန်ကစကာ ယာဂုအမျိုးမျိုး၊ ခဲဖွယ်အမျိုးမျိုး၊ အရသာကောင်း စားဖွယ်အမျိုးမျိုးတွေကို ပြီးစီးစေကာ အိမ်မှာ ရဟန်းတွေကို ထိုင်နိုင်းပါတယ်။ အလှူရေစက်ပေးပြီး 'အရှင်ဘုရားတို့၊ အရှင်ဘုရားတို့ အလိုရှိရာမှန်သမျှကို ယူကာ ဘုဉ်းပေးကြပါ'လို့ လျှောက်ကာ အပ်နှင်းတယ်။ အဲဒီရဟန်းတွေက စိတ်တိုင်းကျ ယာဂုစသည်တွေကို ဘုဉ်းပေးကြတယ်။ အဆင်ပြေတဲ့အာဟာရကို ရကြတဲ့ အဲဒီရဟန်းတွေရဲ့စိတ်ဟာ တည်ငြိမ်လာတယ်။

အဲဒီရဟန်းတွေဟာ တည်ငြိမ်တဲ့စိတ်နဲ့ ဝိပဿနာပွားပြီး မကြာခင်ပဲ ပဋိသမ္ဘိဒါတွေနဲ့တကွ ရဟန္တာဖြစ်ကာ ကြံကြတယ်။

'အံ့ဩဖွယ်ကောင်းပါပေတယ်၊ ဒကာမကြီးဟာ ငါတို့ရဲ့ ထောက်တည်ရာ ဖြစ်ပါပေတယ်။ ငါတို့ဟာ သင့်တင့်တဲ့အာဟာရကို မရခဲ့ကြရင် မဂ်ဖိုလ်ကို ထိုးထွင်းမသိနိုင်ရာ၊ အခု ဝါကျွတ်ပြီး ပဝါရဏာပြုကာ ဘုရားရှင်ထံ သွားကြမယ်'

http://www.dhammadownload.com



အဲဒီရဟန်းတွေက 'ဘုရားရှင်ကို ဖူးတွေ့လိုကြပါတယ်' လို့ ဒကာမကြီးကို ပန်ပြောကြပါတယ်။ ဒကာမကြီးက 'ကောင်းပါပြီ အရှင်ဘုရားတို့' လို့ လျှောက်ပါတယ်။ အဲဒီရဟန်းတွေနောက် လိုက်သွားပြီး 'အရှင်ဘုရားတို့၊ နောက်ထပ်လည်း တပည့်တော်တို့ကို ကြည့်ရှုတော်မူကြပါ' လို့ ချစ်ဖွယ်စကားတွေကို များစွာပြောဆိုကာ ပြန်လှည့်လာတယ်။ အဲဒီရဟန်းတွေကလည်း သာဝတ္ထိမြို့ကိုသွားကာ ဘုရားရှင်ကို ရှိခိုးပြီး သင့်တင့်ရာအရပ်မှာ ထိုင်နေကြပါတယ်။ 'ရဟန်းတို့၊ ဘယ်လိုလဲ၊ ကျန်းမာကြရဲ့လား၊ မျှတကြရဲ့လား၊ ဆွမ်းနဲ့ မပင်ပန်းကြပါရဲ့လား' လို့ ဘုရားရှင်က မေးတဲ့အခါ 'မြတ်စွာဘုရား၊ ကျန်းမာမျှတကြပါတယ်။ ဆွမ်းနဲ့မပင်ပန်းကြပါ။ မှန်ပါတယ်။ မာတိကမာတာမည်တဲ့ ဒကာမကြီးတစ်ယောက်က တပည့်တော်တို့ရဲ့ စိတ်ဖြစ်ပုံကိုသိပြီး 'ငါတို့အတွက် ဒီလိုအာဟာရကို စီစဉ်ပေးရင် ကောင်းလေစွ' လို့ အကြံဖြစ်တဲ့အခါ ကြံစည်တဲ့အတိုင်း အာဟာရကိုစီစဉ်ပြီး လှူပါတယ်' လို့ ဒကာမကြီးရဲ့ဂုဏ်ကို ပြောပြကြပါတယ်။

ရဟန်းတစ်ပါးက အဲဒီဒကာမကြီးရဲ့ဂုဏ်နဲ့ ပတ်သက်တဲ့စကားကို ကြားရပြီး အဲဒီအရပ်ကို သွားချင်လို့ ဘုရားရှင်ထံ ကမ္မဋ္ဌာန်းယူတယ်။ 'မြတ်စွာဘုရား၊ အဲဒီရွာကို တပည့်တော်သွားပါမယ်' လို့ ဘုရားရှင်ကို ပန်ပြောပြီး ဇေတဝန်ကျောင်းမှထွက်တယ်။ အစဉ်အတိုင်း အဲဒီရွာကိုရောက်ပြီး ကျောင်းကိုဝင်တဲ့နေ့မှာပဲ ကြံတယ်။

'ဒီဒကာမကြီးက ကြံစည်သမျှကိုသိသတဲ့၊ ငါကလည်း လမ်းခရီးမှာ ပင်ပန်းလာလို့ ကျောင်းကိုမရှင်းလင်းနိုင်၊ ငါ့ထံ ကျောင်းရှင်းပေးမယ့် လူကို လွှတ်ပေးရင် ကောင်းလေစွ'

ဒကာမကြီးက အိမ်မှာထိုင်ရင်းပဲ ဆင်ခြင်တဲ့အခါ အဲဒီအကြောင်းကို သိပြီး 'သင် သွားပါ၊ ကျောင်းကိုရှင်းလင်းပြီး ပြန်လာပါ' လို့ လူကို စေလွှတ်လိုက်တယ်။ အဲဒီရဟန်းကလည်း ရေသောက်ချင်လို့

http://www.dhammadownload.com



'ငါ့ထံ သကြားဖျော်ရည်လုပ်ပြီး ပို့ပေးရင် ကောင်းလေစွ'လို့ ကြံတယ်။ ဒကာမကြီးက အဲဒီဖျော်ရည်ကိုလည်း အပို့လွှတ်လိုက်တယ်။ အဲဒီရဟန်းက နောက်နေ့မှာ 'နံနက်စောစောပဲ ညက်ညောတဲ့ယာဂုကို လက်သုတ်ဟင်းလျာနဲ့အတူ ငါ့ထံပို့ပေးပါစေ'လို့ ကြံတယ်။ ဒကာမကြီးက အဲဒီအတိုင်း လုပ်တယ်။ အဲဒီရဟန်းက ယာဂုကိုသောက်ပြီး 'ငါ့ထံ ဒီလိုခဲဖွယ်ကိုပို့ရင် ကောင်းလေစွ'လို့ ကြံတယ်။ ဒကာမကြီးက အဲဒါကိုလည်း ပို့ပေးတယ်။ အဲဒီရဟန်းက ကြံတယ်။

'ဒီဒကာမကြီးဟာ ငါကြံစည်သမျှအားလုံးကို ပို့ပေးတယ်။ ငါဟာ အဲဒီဒကာမကြီးကို မြင်ချင်တယ်။ အရသာကောင်းအမျိုးမျိုးပါတဲ့ စားဖွယ်ကို ယူခိုင်းပြီး ကိုယ်တိုင်ပဲ ငါ့ထံလာရင် ကောင်းလေစွ'

ဒကာမကြီးက 'ငါ့သားက ငါ့ကိုမြင်ချင်နေတယ်။ ငါလာတာကို တောင့်တနေတယ်'လို့ ကြံကာ စားဖွယ်ကို အယူခိုင်းပြီး ကျောင်းကိုသွားကာ အဲဒီရဟန်းအား လှူတယ်။ အဲဒီရဟန်းက ဆွမ်းကိစ္စပြုလုပ်ပြီး မေးတယ်။ ဒကာမကြီးက ဖြေတယ်။

'ဒကာမကြီး၊ မာတိကမာတာဆိုတာ သင်လား'

'ချစ်သား၊ ဟုတ်ပါတယ်'

'သင်က သူတစ်ပါးစိတ်ကို သိပါသလား'

'ချစ်သား၊ အရှင်ဘုရားက တပည့်တော်ကို မေးတာလား'

'ငါကြံစည်သမျှအားလုံးကို လုပ်ပေးလို့ သင့်ကိုမေးတာပါ'

'ချစ်သား၊ သူတစ်ပါးစိတ်ကိုသိတဲ့ ရဟန်းတွေက များပါတယ်'

'ဒကာမကြီး၊ ငါက အခြားသူတွေကို မမေးပါ၊ သင့်ကိုမေးတာပါ'

အဲဒီလိုဖြစ်ပေမယ့်လည်း ဒကာမကြီးက 'တပည့်တော်ဟာ သူတစ်ပါးစိတ်ကို သိပါတယ်'လို့ မပြောဘဲ အောက်ပါအတိုင်း ပြောပါတယ်။

5B

http://www.dhammadownload.com



'ချစ်သား၊ သူတစ်ပါးစိတ်ကို သိတဲ့သူတွေဆိုတာ ဒီလိုလုပ်တတ်ကြပါတယ်'

အဲဒီရဟန်းက အောက်ပါအတိုင်း ကြံစည်တယ်။

'ဒီအမှုဟာ ဝန်လေးလေစွ၊ ပုထုဇဉ်တွေဆိုတာ တင့်တယ်တာကိုရော မတင့်တယ်တာကိုပါ ကြံစည်ကြတယ်။ ငါဟာ မသင့်တင့်တဲ့ တစ်စုံတစ်ရာကို ကြံစည်မိရင် သူခိုးကို ခိုးထုပ်ခိုးထည်နဲ့တကွ ဆံထုံးကိုင်လိုက်သလို ငါ့ကိုဖောက်ပြန်သွားနိုင်တယ်။ ငါဟာ ဒီနေရာက ထွက်ပြေးမှ သင့်မယ်' အဲဒီလိုကြံပြီး ပြောတယ်။

'ဒကာမကြီး၊ ဦးဇင်း သွားပါမယ်'

'အရှင်ဘုရား၊ ဘယ်ကိုပါလဲ'

'ဒကာမကြီး၊ ဘုရားရှင်ထံကိုပါ'

'အရှင်ဘုရား၊ ဒီနေရာမှာ နေပါဦး'

'ဒကာမကြီး၊ ဦးဇင်း မနေတော့ပါ၊ သွားပဲသွားပါတော့မယ်'

အဲဒီလိုပြောပြီး ထွက်ကာ ဘုရားရှင်ထံသွားတယ်။ အဲဒီအခါ အဲဒီရဟန်းကို ဘုရားရှင်က မေးတယ်။ အဲဒီရဟန်းက ဖြေတယ်။

'ရဟန်း၊ သင်က အဲဒီအရပ်မှာ မနေဘူးလား'

'မှန်ပါဘုရား၊ အဲဒီအရပ်မှာ မနေနိုင်ပါ'

'ရဟန်း၊ ဘာကြောင့်ပါလဲ'

'မြတ်စွာဘုရား၊ အဲဒီဒကာမကြီးက ကြံစည်သမျှအားလုံးကို သိပါတယ်။ ပုထုဇဉ်တွေဆိုတာလည်း တင့်တယ်တာကိုရော၊ မတင့်တယ်တာကိုပါ ကြံစည်တတ်ကြပါတယ်။ တပည့်တော်ဟာ မသင့်တင့်တဲ့ တစ်စုံတစ်ရာကို ကြံစည်မိခဲ့ရင် သူခိုးကို ခိုးထုပ်ခိုးထည်နဲ့တကွ ဆံထုံးကိုင်လိုက်သလို တပည့်တော်ကို ဖောက်ပြန်သွားစေနိုင်ပါမယ်လို့ ကြံကာ လာခဲ့ပါတယ်'

'ရဟန်း၊ သင်ဟာ အဲဒီနေရာမှာပဲ နေသင့်တယ်'

http://www.dhammadownload.com



'မြတ်စွာဘုရား၊ တပည့်တော် မစွမ်းနိုင်ပါ၊ အဲဒီနေရာမှာ တပည့်တော် မနေပါ'

'ရဟန်း၊ ဒီလိုဆိုရင် သင်ဟာ တစ်ခုကိုပဲ စောင့်ရှောက်နိုင်မလား'

'ဘာကိုပါလဲ မြတ်စွာဘုရား'

'သင့်ရဲ့စိတ်ကိုသာ စောင့်ရှောက်ပါ။ အဲဒီစိတ်ဆိုတာ စောင့်ရှောက်ဖို့ ခဲယဉ်းတယ်။ သင်ဟာ သင့်စိတ်ကိုပဲ နှိပ်ကွပ်ပါ၊ အခြားဘာကိုမှ ပူမနေပါနဲ့၊ အဲဒီစိတ်ဆိုတာ နှိမ်နင်းရခက်တယ်'

'စိတ်ဟာ နှိမ်နင်းရခက်တယ်၊ လျင်မြန်စွာဖြစ်ပျက်တယ်၊ သူ့ကျလိုရာ ကျတတ်တယ်။ စိတ်ကို ဆုံးမတာဟာ ကောင်းတယ်၊ ယဉ်ကျေးပြီးတဲ့စိတ်ဟာ ချမ်းသာကို ဆောင်နိုင်တယ်'

တရားဒေသနာအဆုံးမှာ ရောက်လာတဲ့ပရိသတ်ထဲက အများစုဟာ သောတာပန်စတဲ့ အရိယာတွေဖြစ်ကြတယ်။ လူအများအဖို့ တရားဒေသနာဟာ အကျိုးများတယ်။

ဘုရားရှင်က အဲဒီရဟန်းအား အဲဒီဩဝါဒကိုပေးပြီး 'ရဟန်း၊ သွားပါ၊ အခြားဘာကိုမှ မကြံဘဲ အဲဒီနေရာမှာပဲ နေပါ'လို့ စေလွှတ်လိုက်တယ်။ အဲဒီရဟန်းက ဘုရားရှင်ထံက ဩဝါဒကိုရပြီး အဲဒီနေရာကို သွားတယ်။ အပြင်အပ တစ်စုံတစ်ခုကိုမျှ မကြံစည်တော့။ ဒကာမကြီးကလည်း ဒိဗ္ဗစက္ခုအဘိညာဉ်နဲ့ ကြည့်လိုက်တဲ့အခါ မထေရ်ကို မြင်ရပြီး 'ငါ့သားရဟန်းဟာ အခုဩဝါဒပေးတဲ့ဆရာကိုရပြီး တစ်ဖန်ပြန်လာတယ်'လို့ သူမရဲ့ဉာဏ်နဲ့ပဲ ပိုင်းဖြတ်ကာ အဲဒီရဟန်းအား သင့်လျော်တဲ့အာဟာရကို စီစဉ်ပြီး လှူတယ်။ အဲဒီရဟန်းဟာ သင့်တင့်တဲ့အာဟာရကို မှီဝဲပြီး ရက်အနည်းငယ်နဲ့ပဲ ရဟန္တာဖြစ်သွားတယ်၊ မဂ်ဖိုလ်ချမ်းသာနဲ့ အချိန်ကုန်စေတဲ့အခါ 'အံ့ဩဖွယ်ကောင်းပါပေစွ၊ ဒကာမကြီးဟာ ငါ့ရဲ့ထောက်တည်ရာဖြစ်ပါပေတယ်။ ငါဟာ ဒီဒကာမကြီးကို အမှီပြုပြီး ဘဝထွက်မြောက်ရာကို ရောက်ခဲ့တယ်'လို့ ကြံကာ

http://www.dhammadownload.com



'ဒီဘဝမှာ ငါ့ရဲ့ထောက်တည်ရာဖြစ်ပါပေတယ်။ သံသရာမှာ ကျင်လည်တဲ့ငါ့အဖို့တော့ အခြားဘဝတွေမှာလည်း ဒီဒကာမကြီးဟာ ထောက်တည်ရာ ဖြစ်ခဲ့ဖူးသလား၊ မဖြစ်ဘူးလား'လို့ စူးစမ်းတော့ ၉၉ ဘဝကို အမှတ်ရတယ်။ အဲဒီဒကာမကြီးကလည်း ၉၉ ဘဝမှာ အဲဒီရဟန်းရဲ့ မယားဖြစ်ခဲ့ပြီး အခြားယောကျ်ားတွေမှာ တပ်မက်ကာ အဲဒီရဟန်းကို သတ်ခဲ့တယ်။ မထေရ်ဟာ အဲဒီဒကာမကြီးရဲ့ အဲဒီလောက်အပြစ်ကို မြင်ရပြီး 'ဒီဒကာမကြီးဟာ ကြီးလေးတဲ့အမှုကို ပြုခဲ့တာ အံ့ဩဖွယ်ကောင်းလေစွ'လို့ တွေးတယ်။

ဒကာမကြီးကလည်း အိမ်မှာထိုင်ရင်းပဲ 'ငါ့သားရဟန်းရဲ့ကိစ္စဟာ အထွတ်အထိပ်ကို ရောက်လေသလား၊ မရောက်လေသလား'လို့ စူးစမ်းတဲ့အခါ အဲဒီရဟန်းရဲ့ ရဟန္တာဖြစ်ပြီးတာကိုသိကာ အထက်ကို စူးစမ်းလိုက်တယ်။ 'ငါ့သားရဟန်းဟာ ရဟန္တာဖြစ်ပြီး ငါ့ဒကာမကြီးဟာ ငါ့ရဲ့ကြီးကျယ်တဲ့ ထောက်တည်ရာဖြစ်ပေစွ'လို့ ကြံကာ 'ရှေးဘဝမှာလည်း ဒီဒကာမကြီးဟာ ငါ့ရဲ့ထောက်တည်ရာ ဖြစ်ဖူးသလား၊ မဖြစ်ဘူးလား'လို့ စူးစမ်းတယ်။ ၉၉ ဘဝတိုင်တိုင် အောက်မေ့တယ်။ 'ငါဟာ ဘဝပေါင်း ၉၉ ဘဝမှာ အခြားသူတွေနဲ့အတူ တစ်ပေါင်းတည်းဖြစ်ပြီး အဲဒီရဟန်းကို သတ်ခဲ့တယ်။ ဒီရဟန်းဟာ ငါ့ရဲ့အဲဒီလောက်အပြစ်ကို မြင်ပြီး 'ဒကာမကြီးက ဝန်လေးတဲ့အမှုကို ပြုလေစွတကား'လို့ တွေးနေတယ်။ အဲဒီလို သံသရာလည်တဲ့အခါ ငါ့သားရဟန်းအား ရှေးက ကျေးဇူးပြုခဲ့ဖူးသလားလို့ စူးစမ်းတဲ့အခါ အဲဒီအထက် ၁၀၀ မြောက်ဘဝကို အောက်မေ့ပြီး ၁၀၀ မြောက်ဘဝမှာ ငါဟာ အဲဒီရဟန်းရဲ့မယားဖြစ်ခဲ့ကာ အဲဒီလင်အား သတ်မယ့်နေရာမှာ အသက်အလှူကို လှူခဲ့တယ်။ ငါ့သားရဟန်းအား ငါဟာ အရင်က ကြီးမားတဲ့ကျေးဇူးကို ပြုခဲ့ပါပေစွ'လို့ အိမ်မှာထိုင်ရင်းပဲ အထက်ကို အထူးပြုကာ 'စူးစမ်းတော်မူပါ'လို့ လျှောက်တယ်။ အဲဒီရဟန်းက ဒိဗ္ဗသောတအဘိညာဉ်နဲ့

http://www.dhammadownload.com



အသံကိုကြားရပြီး အထူးပြုကာ ၁၀၀ မြောက်ဘဝကို အောက်မေ့တယ်။ အဲဒီဘဝမှာ အဲဒီဒကာမကြီးက အဲဒီရဟန်းအား အသက်ပေးခဲ့တာကို မြင်ရတယ်။ 'ဒီဒကာမကြီးက ငါ့အပေါ် ကျေးဇူးပြုခဲ့ပါပေစွ'လို့ ဝမ်းသာကာ အဲဒီဒကာမကြီးအား အဲဒီနေရာမှာပဲ လေးမဂ်၊ လေးဖိုလ်တွေမှာ ပြဿနာဖြေပေးကာ အနုပါဒိသေသပရိနိဗ္ဗာန်နဲ့ ပရိနိဗ္ဗာန်စံသွားတယ်။

(ဓမ္မပဒ၊ ၌၊ ပ၊ ၁၈၄)

http://www.dhammadownload.com

# ဥတ္တရာ

ဥတ္တရာရဲ့ဖခင်က ပုဏ္ဏသူဌေးဖြစ်ပါတယ်။ ပုဏ္ဏဟာ ရာဇဂြိုဟ်မြို့က သုမနသူဌေးထံ အခစားအလုပ် လုပ်တဲ့ ဆင်းရဲသားဖြစ်ပါတယ်။ အရှင်သာရိပုတ္တရာအား ပုဏ္ဏက ဒန်ပူနဲ့မျက်နှာသစ်ရေကို လှူခဲ့ပါတယ်။ ပုဏ္ဏမယားက အရှင်သာရိပုတ္တရာအား ဆွမ်းလှူပါတယ်။ အဲဒီကောင်းမှုကြောင့် ပုဏ္ဏဟာ သူဌေးဖြစ်သွားတယ်။ သူဌေးဟောင်းရဲ့အိမ်နေရာမှာ အိမ်ဆောက်ခိုင်းပြီး အိမ်တက်မင်္ဂလာနဲ့ ထီးတင်မင်္ဂလာကို တစ်ပေါင်းတည်း ပြုလုပ်တဲ့အခါ ခုနစ်ရက်ပတ်လုံး ဘုရားအမှူးရှိတဲ့ ရဟန်းသံဃာအား အလှူလှူတယ်။ အဲဒီအခါ ပုဏ္ဏအား ဘုရားရှင်က အနုမောဒနာပြုတဲ့အခါ အစဉ်အတိုင်းဖြစ်တဲ့ တရားစကားကို ဟောတယ်။ တရားစကားအဆုံးမှာ ပုဏ္ဏသူဌေးရော၊ သူဌေးကတော်ရော၊ သမီးဥတ္တရာပါ သုံးယောက်လုံး သောတာပန်ဖြစ်ကြတယ်။ နောင်အခါမှာ ရာဇဂြိုဟ်သူဌေးက ပုဏ္ဏသူဌေးရဲ့သမီး ဥတ္တရာကို သူ့ရဲ့သားအတွက် စကားကြောင်းလမ်းတယ်။ ပုဏ္ဏသူဌေးက 'ငါမပေးဘူး'လို့ ပြောတယ်။ ရာဇဂြိုဟ်သူဌေးက 'ဒီလိုမလုပ်ပါနဲ့၊ ဒီလောက်ကာလပတ်လုံး ငါတို့ကို မှီပြီး နေလျက်သာ သင်ဟာ စည်းစိမ်ကိုရခဲ့တယ်။ ငါ့သားအား သင့်သမီးဥတ္တရာကို ပေးပါ'လို့ ပြောတယ်။

'သင့်သားဟာ မိစ္ဆာဒိဋ္ဌိ (ဘာသာခြားအယူရှိသူ) ဖြစ်တယ်။ ငါ့သမီးက ရတနာသုံးပါးနဲ့ ကင်းကွာပြီး နေလို့မဖြစ်။ ငါ့သမီးကို သင့်သားအား မပေးအံ့'လို့ ပြောတယ်။ အဲဒီအခါ ပုဏ္ဏသူဌေးကို များစွာသော သူဌေးအပေါင်းစတဲ့ အမျိုးကောင်းသားတွေက 'အဲဒီရာဇဂြိုဟ်

http://www.dhammadownload.com



သူဌေးသားနဲ့ အကျွမ်းဝင်မှုကို မဖျက်ခွဲပါနဲ့၊ သမီးကို သူ့အားပေးလိုက်ပါ'လို့ တောင်းဆိုကြတယ်။ ပုဏ္ဏသူဌေးက အဲဒီအမျိုးကောင်းသားတွေရဲ့စကားကို လက်ခံပြီး ဝါဆိုလပြည့်နေ့မှာ သမီးကိုပေးလိုက်တယ်။ ဥတ္တရာဟာ လင့်အိမ်ရောက်တဲ့အချိန်ကစပြီး ရဟန်း ရဟန်းမထံ ချဉ်းကပ်ခွင့်၊ အလှူလှူခွင့်၊ တရားနာခွင့်ကို မရခဲ့။ အဲဒီလို နှစ်လခွဲလွန်တဲ့အခါ အနီးမှာ ရပ်တည်နေတဲ့ အလုပ်အကျွေးမကို မေးတယ်။

'အခု ဝါတွင်းကာလမှာ ဘယ်လောက်အချိန်ကျန်သေးသလဲ'

'အရှင်မ၊ ၁၅ ရက်ပါ'

ဥတ္တရာက ဖခင်ထံ 'ဘာကြောင့် ကျွန်မကို ဒီလိုထောင်ထဲမှာ ထည့်ထားကြပါသလဲ။ ကျွန်မကို တံဆိပ်ခတ်နှိပ်ပြီး သူတစ်ပါးတွေရဲ့ ကျွန်အလုပ်ခိုင်းတာကမှ ကောင်းပါသေးတယ်။ ဒီလိုဘာသာခြားအိမ်မှာ ပေးလိုက်ဖို့ မသင့်ပါ။ ရောက်တဲ့အချိန်ကစပြီး ရဟန်းတွေ ဖူးတွေ့ရခြင်းစတဲ့ ကောင်းမှုတွေထဲက တစ်ခုကိုတောင်မှ ပြုခွင့်မရပါ'လို့ သတင်းပို့လိုက်ပါတယ်။ အဲဒီအခါ ဥတ္တရာရဲ့ဖခင်မှာ 'ငါ့သမီးဟာ ဆင်းရဲနေရှာတယ်'လို့ စိတ်မကောင်းဖြစ်ကာ 'ဒီမြို့မှာ သိရိမာဆိုတဲ့ ပြည့်တန်ဆာမ ရှိတယ်။ နေ့တိုင်း တစ်ထောင်ယူတယ်၊ ဒီအသပြာတွေနဲ့ သိရိမာကို ခေါ်ပြီး လင့်ရဲ့ခြေရင်း အလုပ်အကျွေး အလုပ်ခိုင်းကာ ကိုယ်တိုင်က ကောင်းမှုတွေကို ပြုလုပ်ပါ'လို့ အသပြာတစ်သောင်းငါးထောင်ကို ပို့လိုက်တယ်။ ဥတ္တရာက သိရိမာကို အခေါ်ခိုင်းပြီး 'သူငယ်ချင်းမ၊ ဒီအသပြာတွေကိုယူပြီး ဒီ ၁၅ ရက်ပတ်လုံး သင့်သူငယ်ချင်းကို ပြုစုလုပ်ကျွေးပါ'လို့ ပြောတယ်။ သိရိမာက 'ကောင်းပါပြီ'လို့ ဝန်ခံတယ်။ ဥတ္တရာက သိရိမာကိုခေါ်ယူပြီး လင့်ထံသွားကာ လင်က သိရိမာကိုမြင်ပြီး 'ဒါက ဘာလဲ'လို့ မေးတယ်။ 'အို အရှင် ဒီ ၁၅ ရက်ပတ်လုံး ငါ့သူငယ်ချင်းမက သင့်ကိုပြုစုလုပ်ကျွေးပါစေ ငါကတော့ ဒီ ၁၅ ရက်ပတ်လုံး အလှူလည်း လှူချင်တယ်၊ တရား

http://www.dhammadownload.com



လည်း နာချင်တယ်’လို့ ပြောတယ်။ လင်က အဲဒီမိန်းမချော သိရိမာကို မြင်ပြီး ချစ်သွားကာ ‘ကောင်းပြီ’လို့ လက်ခံတယ်။

ဥတ္တရာကလည်း ဘုရားအမှူးရှိတဲ့ ရဟန်းသံဃာကို ပင့်ဖိတ်ပြီး ‘မြတ်စွာဘုရား၊ ဒီ ၁၅ ရက်ပတ်လုံး အခြားအရပ်ကို မကြွဘဲ ဒီအရပ်မှာပဲ ဆွမ်းကိုခံယူထိုက်ပါတယ်’လို့ ဘုရားရှင်ရဲ့ ပဋိညာဉ်ကိုယူပြီး ‘ငါဟာ အခုအချိန်ကစပြီး မဟာပဝါရဏာနေ့ (သီတင်းကျွတ်လပြည့်နေ့) တိုင်အောင် ဘုရားရှင်ကို ပြုစုခွင့်၊ တရားနာခွင့်ရတော့မယ်’လို့ တွေးကာ ဝမ်းသာတယ်။ ‘ဒီလို ယာဂုကို ကျိုကြ၊ မုန့်တွေကို ဒီလို ကြော်ကြ’လို့ မီးဖိုချောင်မှာ ကိစ္စအားလုံးကို စီမံရင်း လှည့်လည်တယ်။ အဲဒီအခါ ဥတ္တရာရဲ့လင်က ‘နက်ဖြန်မှာ ပဝါရဏာဖြစ်လိမ့်မယ်’လို့ ကြံကာ မီးဖိုချောင်ဘက်ရှေးရှုကာ လေသာပြတင်းမှာ ရပ်နေတယ်။ ‘အဲဒီအမိုက်မက ဘာကိုလုပ်ရင်း လှည့်လည်နေသလဲ’ လို့ ကြည့်တဲ့အခါ အဲဒီဥတ္တရာမှာ ချွေးတွေစိုနေတာ၊ ပြာတွေပေနေတာ၊ မီးကျီးသွေးလိမ်းကျံနေတာ၊ အဲဒီလိုစီမံပြီး လှည့်လည်နေတာကို မြင်သွားတယ်။ ‘မိုက်ကန်းတဲ့မိန်းမဟာ ဒီလိုနေရာမှာ ဒီစည်းစိမ်ချမ်းသာ ကိုမခံစားလေစွတကား၊ ကတုံးစုတ်ရဟန်းတွေကို ပြုစုမယ်လို့ ကြံကာ ပျော်ရွှင်စွာ လှည့်လည်နေတယ်’လို့ ရယ်ပြီး ဖဲသွားတယ်။

ဥတ္တရာရဲ့လင်က ဖဲသွားတဲ့အခါ သူ့အနီးမှာ ရပ်နေတဲ့ သိရိမာက ‘ဒီယောကျ်ားဟာ ဘာကိုကြည့်ပြီး ရယ်နေသလဲ’လို့ အဲဒီလေသာပြတင်းကပဲကြည့်လိုက်တဲ့အခါ ဥတ္တရာကိုမြင်ပြီး ‘ဒီမိန်းမကို ကြည့်ပြီး ဒီယောကျ်ားက ရယ်တာပဲ။ ဒီယောကျ်ားဟာ ဒီမိန်းမနဲ့အတူ သေချာပေါက် ပေါင်းဖော်တာရှိတယ်’လို့ ကြံတယ်။ သိရိမာက ၁၅ ရက်ပတ်လုံး အဲဒီအိမ်မှာ အပြင်ပမိန်းမအဖြစ်နဲ့ နေရပေမယ့် အဲဒီစည်းစိမ်ချမ်းသာကို ခံစားရင်း သူမရဲ့အပြင်မိန်းမအဖြစ်ကို မသိဘဲ ‘ငါဟာ အိမ်ရှင်မပဲ’လို့ ထင်မှတ်သွားတယ်။ သိရိမာက ဥတ္တရာအပေါ် ရန်ငြိုး

http://www.dhammadownload.com



ဖွဲ့ပြီး 'ဥတ္တရာအပေါ် ဒုက္ခပေးမယ်'လို့ ကြံကာ ပြာသာဒ်ပေါ်က ဆင်းသွားတယ်။ မီးဖိုချောင်ထဲဝင်ပြီး မုန့်ကြော်နေတဲ့နေရာက ကျွက်ကျွက်ဆူ ပူလောင်နေတဲ့ ထောပတ်ကို ဇွန်းနဲ့ယူကာ ဥတ္တရာဆီသွားတယ်။ ဥတ္တရာက သိရိမာ လာနေတာကိုမြင်ရပြီး 'ငါ့ရဲ့သူငယ်ချင်းမက ငါ့အားကျေးဇူးပြုထားတယ်။ စကြဝဠာက အလွန်ကျဉ်းမြောင်းပါသေးတယ်။ ဗြဟ္မာ့ပြည်က အလွန်နိမ့်ပါသေးတယ်။ ငါ့သူငယ်ချင်းမရဲ့ကျေးဇူးကသာ ကြီးကျယ်ပါပေတယ်။ မှန်တယ်၊ ငါဟာ သူမကိုအမှီပြုပြီး အလှူလှူခွင့်၊ တရားနာခွင့်ရတယ်။ သိရိမာအပေါ် ဒေါသထွက်မိရင် ဒီထောပတ်က ငါ့ကိုပူလောင်ပါစေ၊ ဒေါသမရှိရင် မပူလောင်ပါစေနဲ့' လို့ သိရိမာကို မေတ္တာနဲ့ဖြန့်တယ်။ ဥတ္တရာခေါင်းအပေါ် သိရိမာက လောင်းလိုက်တဲ့ ထောပတ်ပူဟာ ရေအေးလိုဖြစ်သွားတယ်။

'ဒီထောပတ်က အေးသွားတာဖြစ်လိမ့်မယ်'လို့ တွေးပြီး ဇွန်းအပြည့်ယူကာ လာနေတဲ့ သိရိမာကို ဥတ္တရာရဲ့ကျွန်မတွေကမြင်ပြီး 'အယုတ်မ၊ ဖဲလော့၊ သင်က ငါတို့ရဲ့အရှင်မအပေါ် ထောပတ်ပူကို သွန်လောင်းဖို့ မသင့်'လို့ ခြိမ်းခြောက်ကာ ဟိုမှဒီမှထလာကြတယ်။ လက်တွေနဲ့ရော ခြေတွေနဲ့ပါ ရိုက်ပုတ်ပြီး မြေကြီးပေါ်လဲကျစေပါတယ်။ ဥတ္တရာက တားမြစ်ပေမယ့်လည်း မတားမြစ်နိုင်။ အဲဒီအခါ သိရိမာရဲ့အပေါ် ရပ်တည်နေတဲ့ကျွန်မတွေအားလုံးကို တားမြစ်ငြီး 'သင်က ဘာလို့ ဒီလိုဝန်လေးတဲ့အလုပ်ကို လုပ်ရတာလဲ'လို့ သိရိမာကို ဆုံးမပြီး ရေနွေးနဲ့ ရေချိုးခိုင်းကာ အကြိမ်တစ်ရာချက်ထားတဲ့ ဆီနဲ့ လိမ်းကျံပေးတယ်။ အဲဒီခဏမှာ သိရိမာဟာ သူမရဲ့အပြင်မိန်းမအဖြစ်ကို သိသွားပြီးကြံတယ်။

"လင်ရဲ့ရယ်ရွှင်မှုမျှကြောင့် ဒီဥတ္တရာအပေါ် ထောပတ်ပူကို လောင်းတဲ့ငါဟာ ဝန်လေးတဲ့အမှုကို ပြုမိပေတယ်။ ဒီဥတ္တရာက 'အဲဒီ သိရိမာကို သင့်တို့ဖမ်းယူကြ'လို့ ကျွန်မတွေကို မစေခိုင်း၊ ငါ့ကို

http://www.dhammadownload.com



ညှဉ်းဆဲတဲ့အခါမှာလည်း ကျွန်မအားလုံးကို တားမြစ်ပြီး ငါ့အပေါ် လုပ်ထိုက်တာကိုပဲ လုပ်ပေးတယ်။ ငါက ဒီဥတ္တရာကို မတောင်းပန်ရင် ငါ့ဦးထိပ်ဟာ ခုနစ်ပိုင်း ကွဲသွားနိုင်တယ်”လို့ တွေးက ဥတ္တရာရဲ့ခြေရင်းမှာ လဲလျောင်းပြီး ပြောတယ်။

'အရှင်မ၊ ကျွန်မကို သည်းခံပါ'

'ငါဟာ အဖေရှိတဲ့သမီးပါ၊ ငါ့အဖေ သည်းခံရင် ငါသည်းခံပါတယ်'

'အရှင်မ၊ ရှိပါစေ၊ သင့်ရဲ့ဖခင် ပုဏ္ဏသူဌေးကို တောင်းပန်ပါတယ်'

'ပုဏ္ဏဟာ ဝဋ်ဆင်းရဲခြင်းကိုဖြစ်စေတဲ့ ဖခင်ပါ၊ နိဗ္ဗာန်ကိုဖြစ်စေတဲ့ဖခင် သည်းခံရင်တော့ ငါသည်းခံပါမယ်'

'သင့်ရဲ့နိဗ္ဗာန်ကို ဖြစ်စေတဲ့ဖခင်က ဘယ်သူပါလဲ'

'ဘုရားရှင်ပါ'

'ဘုရားရှင်နဲ့အတူ ငါ မရင်းနှီးပါ'

'ငါလုပ်ပါမယ်၊ ဘုရားရှင်က ရဟန်းသံဃာကိုခေါ်ယူပြီး ဒီကို ကြွလာပါလိမ့်မယ်။ သင်ဟာ ရသမျှပူဇော်ဖွယ်ကို ယူပြီး ဒီနေရာကိုပဲ လာကာ အဲဒီဘုရားရှင်ကို တောင်းပန်ပါ'

'အရှင်မ၊ ကောင်းပါပြီ'

သိရိမာဟာ နေရာမှထကာ သူ့အိမ်ကိုသွားပြီး အခြံအရံမိန်းမ ၅၀၀ ကို စေခိုင်းတယ်။ ခဲဖွယ်အမျိုးမျိုး၊ ဟင်းလျာအမျိုးမျိုးတို့ကို စီမံပြီး နောက်နေ့မှာ အဲဒီလှူဖွယ်ကိုယူကာ ဥတ္တရာရဲ့အိမ်ကို လာတယ်။ ဘုရားအမှူးရှိတဲ့ ရဟန်းသံဃာရဲ့သပိတ်ထဲ တည်စေခြင်းငှာ မစွမ်းနိုင်လို့ ရပ်တည်နေတယ်။ အဲဒီလှူဖွယ်အားလုံးကိုယူပြီး ဥတ္တရာကပဲ စီမံတယ်။ သိရိမာလည်း ဆွမ်းကိစ္စအဆုံးမှာ အခြံအရံနဲ့အတူ ဘုရားရှင့်ခြေရင်းမှာ လဲလျောင်းတယ်။ အဲဒီအခါ ဘုရားရှင်က သိရိမာကို မေးပါတယ်။

http://www.dhammadownload.com



'သင့်ရဲ့အပြစ်က ဘာလဲ'

'မြတ်စွာဘုရား၊ တပည့်တော်ဟာ မနေ့က ဒီမည်တဲ့အမှုကို ပြုလုပ်ခဲ့ပါတယ်။ အဲဒီလိုလုပ်ပါလျက် တပည့်တော်ရဲ့သူငယ်ချင်းမက တပည့်တော်ကို နှိပ်စက်ညှဉ်းပန်းတဲ့ကျွန်မတွေကို တားမြစ်ပြီး တပည့်တော်အား ကျေးဇူးကိုသာ ပြုလုပ်ခဲ့ပါတယ်။ တပည့်တော်ဟာ ဥတ္တရာရဲ့ကျေးဇူးကိုသိပြီး ဥတ္တရာကို တောင်းပန်ခဲ့ပါတယ်။ တောင်းပန်တဲ့အခါ တပည့်တော်ကို ဥတ္တရာက 'ဘုရားရှင်သည်းခံရင် သည်းခံမယ်'လို့ ပြောပါတယ်'

'ဥတ္တရာ၊ အဲဒီအတိုင်း မှန်သတဲ့လား'

'မှန်ပါဘုရား၊ တပည့်တော်ရဲ့သူငယ်ချင်းမက တပည့်တော်ရဲ့ ဦးခေါင်းပေါ် ထောပတ်ပူကို လောင်းခဲ့ပါတယ်'

'အဲဒီအခါ သင်က ဘာကိုကြံစည်နေသလဲ'

'စကြဝဠာဟာ အလွန်ကျဉ်းမြောင်းတယ်၊ ဗြဟ္မာ့ပြည်ဟာ အလွန်နိမ့်တယ်၊ ငါ့သူငယ်ချင်းမရဲ့ကျေးဇူးက ကြီးမြတ်တယ်။ မှန်တယ်၊ ငါဟာ သိရိမာကိုမှီပြီး အလှူလှူခွင့်၊ တရားနာခွင့်ကို ရခဲ့ပါတယ်။ သိရိမာအပေါ် ငါ့မှာ ဒေါသရှိခဲ့ရင် ဒီထောပတ်က ငါ့ကိုပူလောင်ပါစေ၊ မရှိရင် မပူလောင်ပါစေနဲ့လို့ ကြံကာ သိရိမာကို မေတ္တာနဲ့ ဖြန့်ခဲ့ပါတယ် ဘုရား'

'ဥတ္တရာ၊ သာဓု၊ သာဓု၊ ဒေါသကို ဒီလိုအောင်နိုင်သင့်တယ်။ **အမျက်ထွက်သူကို အမျက်မထွက်မှုနဲ့ အောင်နိုင်ထိုက်တယ်။ ဆဲရေး၊ ကြိမ်းမောင်းသူကို မဆဲရေးမှု၊ မကြိမ်းမောင်းမှုနဲ့ အောင်နိုင်ထိုက်တယ်။ နှမြောအားကြီးသူကို ကိုယ့်ဥစ္စာပေးမှုနဲ့ အောင်နိုင်ထိုက်တယ်။ လိမ်ညာပြောသူကို အမှန်စကားနဲ့ အောင်နိုင်ထိုက်တယ်'**

အဲဒီတရားဒေသနာအဆုံးမှာ သစ္စာလေးပါးကို ဟောပါတယ်၊ သိရိမာဟာ မိန်းမ ၅၀၀ နဲ့အတူ သောတာပန်ဖြစ်တယ်။

(ဓမ္မပဒ၊ ဋ္ဌ၊ ဒု၊ ၁၉၆)

http://www.dhammadownload.com



သစ္စာတရားအဆုံးမှာ ဥတ္တရာဟာ သကဒါဂါမ် ဖြစ်သွားပါတယ်။ ဥတ္တရာရဲ့လင်နဲ့ ယောက္ခမ နှစ်ယောက်လုံးဟာ သောတာပန် ဖြစ်သွားကြပါတယ်။ နောင်အခါမှာ ဥတ္တရာဟာ သေပြီး တာဝတိံသာ နတ်ပြည်မှာ ဖြစ်ပါတယ်။ နတ်ပြည်ခရီးလှည့်လည်တဲ့ အရှင်မဟာ မောဂ္ဂလ္လာန်က ဥတ္တရာကိုမြင်ရပြီး ရှေးကံကိုမေးလို့ ဥတ္တရာက ဖြေရပါသေးတယ်။

(ဝိမာန၊ ၄၅၊ ၆၂)

http://www.dhammadownload.com

# သိရိမာ

သိရိမာဟာ ရာဇဂြိုဟ်မြို့က သာလဝတီပြည့်တန်ဆာရဲ့သမီးဖြစ်တယ်။ ဇီဝကရဲ့နှမဖြစ်တယ်။ မိခင်ကွယ်လွန်တဲ့အခါ အဲဒီပြည့်တန်ဆာမနေရာကို ရတယ်။ သိရိမာဟာ သေတဲ့အခါ ယာမနတ်ပြည်မှာ သုယာမနတ်မင်းရဲ့ မိဖုရားဖြစ်တယ်။ (သုတ္တနိ၊ ဋ္ဌ၊ ပ၊ ၂၃၅၊၆)

သိရိမာဟာ ရာဇဂြိုဟ်မြို့က ရုပ်ရည်လှပတဲ့ ပြည့်တန်ဆာမဖြစ်တယ်။ သိရိမာဟာ သောတာပန်ဖြစ်ပြီး ဘုရားရှင်ကိုပင့်ဖိတ်ကာနောက်နေ့မှာ အလှူကြီး ...ပြီး သံဃာအား ရဟန်း ရှစ်ပါးအတွက်ဆွမ်းကို အမြဲအလှူခိုင်းတယ်။ အစကစပြီး အမြဲ ရဟန်း ရှစ်ပါးဟာအိမ်ကိုသွားကြတယ်။ 'ထောပတ်ကို ယူကြပါ၊ နို့ရည်ကို ယူကြပါ' စတဲ့စကားတွေကို ပြောကာ အဲဒီရဟန်းတွေရဲ့သပိတ်မှာ ပြည့်စေတယ်။ တစ်ပါးရတဲ့အစာက သုံးပါး၊ လေးပါးတို့အတွက်လည်း လောက်...တယ်။ နေ့တိုင်း ၁၆ ကျပ်ရိက္ခာနဲ့ ဆွမ်းကိုလှူတယ်။ တစ်နေ့မှာ ရဟန်းတစ်ပါးက သိရိမာရဲ့အိမ်မှာ သံဃာရှစ်ပါးအား လှူတဲ့ဆွမ်းကို ဘုဉ်းပေးပြီး သုံးယူဇနာအထက်က ကျောင်းတစ်ကျောင်းကိုသွားတယ်။ ညနေအချိန်မှာ မထေရ်ထံ ဆည်းကပ်ရာနေရာမှာ ထိုင်တဲ့အဲဒီရဟန်းကို မေးကြတယ်။

'ငါ့ရှင်၊ ဘယ်အရပ်က ဆွမ်းကိုခံယူပြီး လာခဲ့ပါသလဲ'

'သိရိမာရဲ့ ရဟန်းရှစ်ပါးဆွမ်းကို တပည့်တော်ဘုဉ်းပေးခဲ့ပါတယ်'

'ငါ့ရှင်၊ မြတ်နိုးဖွယ်ဖြစ်အောင် ပြုလုပ်ပြီး လှူရဲ့လား'

http://www.dhammadownload.com



'သိရိမာရဲ့ဆွမ်းကို ချီးမွမ်းခြင်းငှာ မစွမ်းနိုင်ပါ။ အလွန်အကဲ မွန်မြတ်အောင်ပြုလုပ်ပြီး လှူပါတယ်။ တစ်ပါးရတဲ့ဆွမ်းက သုံးပါး လေးပါးအတွက် လောက်ပေပါတယ်။ လှူဖွယ်ပစ္စည်းကို မြင်ရတာထက် သိရိမာကိုမြင်ရတာက ပိုကောင်းမြတ်ပါတယ်။ မှန်ပါတယ်၊ အဲဒီ သိရိမာဟာ ဒီလိုဒီလိုသဘောရှိပါတယ်'

သိရိမာရဲ့ဂုဏ်ကို ချီးမွမ်းပါတယ်။ အဲဒီအခါ ရဟန်းတစ်ပါးက သိရိမာရဲ့ဂုဏ်သတင်းစကားကို ကြားရပြီး မမြင်ရဘဲနဲ့ ချစ်ခင်သွားကာ 'ငါဟာ သွားပြီး သိရိမာကို ကြည့်ရှုသင့်တယ်'လို့ တွေးကာ သူ့ရဲ့ ဝါစဉ်ကို ပြောပြတယ်။ အဲဒီရဟန်းကို ဝါစဉ်မေးပြီး 'ငါ့ရှင်၊ နက်ဖြန် အဲဒီသိရိမာအိမ်မှာ သင်ဟာ သံဃာကြီးလုပ်ကာ ရှစ်ပါးဆွမ်းကို ရလိမ့် မယ်'လို့ ကြားရတယ်။ အဲဒီခဏမှာပဲ သပိတ်၊ သင်္ကန်းကိုယူကာ သံဃထေရ်လုပ်ပြီး သိရိမာရဲ့အိမ်မှာ ရှစ်ပါးဆွမ်းကို ရတယ်။ မနေ့က ဘုဉ်းပေးပြီး ဖဲသွားတဲ့ရဟန်းရဲ့သွားရာ အချိန်မှာပဲ သိရိမာရဲ့ကိုယ်မှာ ရောဂါဖြစ်လာတယ်။ ဒါကြောင့် သိရိမာဟာ တန်ဆာတွေကို ချွတ်ပြီး လဲလျောင်းတယ်။ အဲဒီအခါ သိရိမာရဲ့ကျွန်မတွေက ရှစ်ပါးဆွမ်းကို ရရန် လာတဲ့ရဟန်းတွေကို မြင်ရပြီး ပြောကြတယ်။ သိရိမာက ကိုယ် တိုင် လက်နဲ့ သပိတ်တွေကိုယူပြီး ထိုင်ခိုင်းဖို့ ပြုစုလုပ်ကျွေးဖို့ မစွမ်း နိုင်လို့ ကျွန်မတွေကို ခိုင်းတယ်။

'သမီးတို့၊ သပိတ်တွေကိုယူပြီး အရှင်မြတ်တွေကို ထိုင်ခိုင်းကာ ယာဂုတိုက်၊ ခဲဖွယ်လှူပြီး ဆွမ်းချိန်မှာ သပိတ်တွေကို ပြည့်စေကာ လှူကြပါ'

ကျွန်မတွေက 'အရှင်မ၊ ကောင်းပါပြီ'လို့ ဝန်ခံပြီး ရဟန်းတွေကို အိမ်ထဲသွင်းကာ ယာဂုတိုက်၊ ခဲဖွယ်လှူပြီး ဆွမ်းချိန်မှာ ဆွမ်းနဲ့ သပိတ်တွေကို ပြည့်စေကာ သိရိမာအား ပြောကြတယ်။ သိရိမာက 'ငါ့ကိုပွေ့ပိုက်ပြီး သယ်ဆောင်ကြပါ၊ အရှင်မြတ်တွေကို ရှိခိုးပါမယ်'လို့

http://www.dhammadownload.com



ပြောတယ်။ ကျွန်မတွေက ပွဲပိုက်ပြီး ရဟန်းတွေအနီးကို သယ်ဆောင်သွားကြတယ်။ သိရိမာက တုန်တုန်ရီရီခန္ဓာကိုယ်နဲ့ ရဟန်းတွေကို ရှိခိုးတယ်။ အဲဒီရဟန်းက သိရိမာကိုကြည့်ပြီး ကြံစည်တယ်။

'နေမကောင်း၊ မကျန်းမာတဲ့သိရိမာရဲ့ ဒီခန္ဓာကိုယ်အလှဟာ ဒီလိုရှိနေသေးတယ်၊ ကျန်းမာတဲ့အခါမှာတော့ တန်ဆာအားလုံး တန်ဆာဆင်ထားတဲ့ သိရိမာရဲ့အလှက ဘယ်လိုနေမလဲ'

အဲဒီရဟန်းမှာ နှစ်ကုဋေပေါင်းများစွာက စုစည်းထားတဲ့ ကိလေသာဟာ ဖြစ်ပေါ်လာတယ်။ အဲဒီရဟန်းဟာ အသိဉာဏ်မဲ့ပြီး ဆွမ်းမဘုဉ်းပေးနိုင်လို့ သပိတ်ယူကာ ကျောင်းကိုသွားတယ်။ သပိတ်ကိုပိတ်ပြီး တစ်နေရာမှာထားကာ သင်္ကန်းကိုဖြန့်ပြီး လဲလျောင်းတယ်။ အဲဒီအခါ အဲဒီရဟန်းကို သူငယ်ချင်းရဟန်းတစ်ပါးက တောင်းဆိုပေမယ့်လည်း ဆွမ်းဘုဉ်းပေးအောင် မလုပ်နိုင်၊ အဲဒီရဟန်းဟာ အစာဖြတ်လိုက်တယ်။ အဲဒီနေ့မှာပဲ ညနေအချိန် သိရိမာ သေတယ်။ ဗိမ္ဗိသာရမင်းက 'မြတ်စွာဘုရား၊ ဇီဝကရဲ့နှမငယ် သိရိမာ သေပါတယ်' လို့ ဘုရားရှင်ထံ သတင်းပို့တယ်။ ဘုရားရှင်က အဲဒီသတင်းစကားကို ကြားရပြီး ဗိမ္ဗိသာရမင်းထံ သတင်းပို့တယ်။

'သိရိမာကို မီးသင်္ဂြိုဟ်ဖို့ကိစ္စ မရှိ၊ အစိမ်းသေမြှုပ်ရာသုသာန်မှာ ကျီး၊ ခွေးစတဲ့သတ္တဝါတွေ မခဲစားအောင် လဲလျောင်းထားကာ စောင့်ရှောက်ခိုင်းကြပါ'

မင်းကလည်း အဲဒီအတိုင်းလုပ်တယ်။ အစဉ်အတိုင်း သုံးရက်လွန်သွားတယ်။ လေးရက်မြောက်မှာ ခန္ဓာကိုယ်ဟာ ဖူးရောင်လာတယ်။ အပေါက် ကိုးပေါက်မှ ပိုးလောက်တွေ ယိုစီးလာတယ်။ တစ်ကိုယ်လုံးကွဲပြီး သလေးထမင်းအိုးစရည်းလို ဖြစ်သွားတယ်။ မင်းက မြို့ထဲမှာ စည်ကိုလှည့်လည်ခိုင်းတယ်။

'အိမ်စောင့်ကလေးတွေကိုချန်ပြီး သိရိမာကို ကြည့်ရှုဖို့ မလာသူတွေအား ဒဏ်ငွေ ရှစ်ကျပ်'

http://www.dhammadownload.com



ဘုရားရှင်ထံလည်း 'ဘုရားအမှူးရှိတဲ့ ရဟန်းသံဃာက သိရိမာကိုကြည့်ရှုဖို့ ကြွလာတော်မူပါတဲ့'လို့ သတင်းပို့လိုက်တယ်။ ဘုရားရှင်က ရဟန်းတွေအား 'သိရိမာကိုကြည့်ရှုဖို့ သွားကြစို့'လို့ မိန့်တယ်။ အဲဒီရဟန်းဟာလည်း လေးရက်ပတ်လုံး ဘယ်သူ့စကားကိုမှ မနာယူဘဲ အစာဖြတ်လျက်သာ လဲလျောင်းနေတယ်။ သပိတ်ထဲက ဆွမ်းဟာ ပုပ်သိုးသွားတယ်။ သပိတ်မှာ အညစ်အကြေးပေနေတယ်။ အဲဒီအခါ သူငယ်ချင်းရဟန်းက အဲဒီရဟန်းထံ ချဉ်းကပ်ပြီး 'ငါ့ရှင် ဘုရားရှင်က သိရိမာကို ကြည့်ရှုဖို့ သွားနေတယ်'လို့ ပြောတယ်။ အဲဒီရဟန်းဟာ အဲဒီလို ဆာလောင်ပေမယ့်လည်း 'သိရိမာ'လို့ ပြောလိုက်တာနဲ့ပဲ အဆောတလျင် ထကာ 'သင် ဘာကိုပြောလိုက်တာလဲ'လို့ မေးတယ်။

'ဘုရားရှင်က သိရိမာကို ကြည့်ရှုဖို့ ကြွသွားတယ်။ သင်လည်း သွားမလား'

'အေး သွားမယ်'

အဲဒီရဟန်းဟာ ဆွမ်းကိုစွန့်ပစ်ပြီး သပိတ်ဆေးကာ အိတ်မှာ ထည့်တယ်။ ရဟန်းသံဃာနဲ့အတူ သွားတယ်။ ဘုရားရှင်က ရဟန်းအပေါင်း ခြံရံပြီး နံပါးတစ်ဖက်မှာ ရပ်တည်တယ်။ ရဟန်းမအပေါင်းရော၊ မင်းပရိသတ်ရော၊ ဥပါသကာပရိသတ်ရော၊ ဥပါသိကာပရိသတ်ပါ နံပါးတစ်ဖက်မှာ ရပ်တည်ကြတယ်။

ဘုရားရှင်က ဗိမ္ဗိသာရမင်းကို မေးတယ်။

'မင်းကြီး၊ အဲဒီအမျိုးသမီးက ဘယ်သူလဲ'

'ဇီဝကရဲ့နှမ သိရိမာပါ ဘုရား'

'အဲဒီအမျိုးသမီးက သိရိမာလား'

'မှန်ပါ ဘုရား'

'ဒီလိုဆိုရင် မြို့မှာ 'တစ်ထောင်ပေးပြီး သိရိမာကို ယူကြပါ'လို့ စည်ကိုလှည့်လည်စေပါ'

http://www.dhammadownload.com



မင်းက အဲဒီအတိုင်း လုပ်ခိုင်းတယ်။ တစ်ယောက်ကမှ 'ဟံ' 'ဟုံ'လို့ ပြောသူမရှိပါ။ မင်းက ဘုရားရှင်အား 'မယူကြပါ ဘုရား'လို့ လျှောက်တယ်။

'မင်းကြီး ဒီလိုဆိုရင် တန်ဖိုးလျှော့ချပါ'

မင်းက '၅၀၀ ပေးပြီး ယူကြပါ'လို့ စည်ကိုလှည့်လည်စေကာ ယူမယ့်သူတစ်ယောက်ကိုမှ မမြင်ရလို့ '၂၅၀၊ ၂၀၀၊ ၁၀၀၊ ၅၀၊ ၂၅၊ ၁၀၊ ငါး၊ တစ်ကျပ်၊ ငါးမူး၊ တစ်မတ်၊ တစ်ပဲ၊ တစ်ချင်ရွေးပေးပြီး သိရိမာကို ယူကြပါ'လို့ စည်ကိုလှည့်လည်စေပါတယ်။ ဘယ်သူမှ သိရိမာကို အလိုမရှိတော့ 'အလကား ယူကြပါ'လို့ စည်ကိုလှည့်လည် စေတယ်။ 'ဟံ' 'ဟုံ'လို့ ပြောသူဆိုတာ မရှိပါ။ မင်းက 'မြတ်စွာဘုရား၊ အလကား ယူမယ့်သူတောင် မရှိတော့ပါ'လို့ လျှောက်တယ်။ ဘုရားရှင် က မိန့်ပါတယ်။

'ရဟန်းတို့၊ လူအများအချစ်ခံရတဲ့ အမျိုးသမီးကို ကြည့်ကြလော့၊ ဒီမြို့မှာပဲ တစ်ထောင်ပေးပြီး ရေးက တစ်နေ့ပတ်လုံး ရခဲ့ကြတယ်။ အခု အလကားယူမယ့်သူတောင် မရှိတော့၊ ဒီလိုရုပ်ဟာ ကုန်ခြင်း၊ ပျက်ခြင်းသို့ရောက်တယ်။ ရဟန်းတို့၊ နာကျင်တတ်တဲ့ခန္ဓာကိုယ်ကို ကြည့်ကြလော့'

အဲဒီလိုမိန့်ပြီး အောက်ပါဂါထာစကားကို မိန့်ပါတယ်။

'အင်္ဂါကြီးငယ်တွေနဲ့ ကောင်းစွာတည်ရှိတဲ့ ခန္ဓာကိုယ်ဟာ၊ အဝတ်၊အဆင်တန်ဆာ၊ ပန်း၊ ချိတ်ရည်စသည်တွေနဲ့ ဆန်းကြယ်တယ်။ အမာဝ ကိုးပေါက်ရှိတယ်။ အရိုး ၃၀၀ နဲ့ စိုက်ထူထားတယ်။ အမြဲ ပြုစုစောင့်ရှောက်နေရလို့ အမြဲနာကျင်တဲ့သဘောရှိတယ်။ လူအများရဲ့ အမျိုးမျိုးကြံစည်ခံရတယ်။ ဒီခန္ဓာကိုယ်မှာ မြဲတာ၊ တည်ရှိနေတာ မရှိ၊ တကယ်ကိုပဲ ပျက်ကွဲတဲ့သဘောရှိတယ်။ ဒီခန္ဓာကိုယ်ကို ရှုစား ကြပါ'

http://www.dhammadownload.com



ဒီတရားဒေသနာအဆုံးမှာ သတ္တဝါပေါင်း ရှစ်သောင်း လေးထောင် တရားထူးရကြတယ်။ အဲဒီရဟန်းလည်း သောတာပန် ဖြစ်သွားတယ်။ (ဓမ္မပဒ၊ ၄၊ ၃၊ ၆၇)

အဲဒီတရားဒေသနာအဆုံးမှာ သိရိမာအပေါ် စွဲလမ်းနေတဲ့ရဟန်းဟာ ဆန္ဒရာဂ ကင်းသွားကာ ဝိပဿနာပွားပြီး ရဟန္တာဖြစ်သွားတယ်။ (ဝိမာန၊ ၄၊ ၇၀)

အဲဒီအခါ သိရိမာနတ်သမီးဟာ သူ့ရဲ့စည်းစိမ်ပြည့်စုံမှုကို ကြည့်ပြီး လာခဲ့ရာအရပ်ကို ကြည့်တဲ့အခါ လွန်ခဲ့တဲ့ဘဝမှာ သူမရဲ့ခန္ဓာကိုယ်အနီး ရဟန်းအပေါင်းခြံရံပြီး ရပ်တည်နေတဲ့ ဘုရားရှင်ကိုရော၊ စုဝေးနေတဲ့ လူအပေါင်းကိုပါ မြင်သွားတယ်။ နတ်သမီး ၅၀၀ ခြံရံပြီး ရထား ၅၀၀ နဲ့ ကိုယ်ထင်ရှားပြကာ လာတယ်။ ရထားကဆင်းပြီး အခြံအရံနဲ့အတူ ဘုရားရှင်ကိုရှိခိုးကာ လက်အုပ်ချီကာ ရပ်တည်နေတယ်။ အဲဒီအခါ အရှင်ဝင်္ဂီသက ဘုရားရှင်အနီးမှာ ရပ်တည်နေတယ်။ အရှင်ဝင်္ဂီသက ဘုရားရှင်ကို လျှောက်လို့ ဘုရားရှင်က ပြန်မိန့်တယ်။

'မြတ်စွာဘုရား၊ ပြဿနာတစ်ခုမေးဖို့ တပည့်တော်ဉာဏ်မှာ ထင်လာပါတယ်'

'ဝင်္ဂီသ၊ သင့်ဉာဏ်မှာ ထင်ပါစေ'

အရှင်ဝင်္ဂီသက အဲဒီသိရိမာနတ်သမီးကိုမေးလို့ သိရိမာနတ်သမီးက နိမ္မာနရတိနတ်ပြည်မှ လာခဲ့ကြောင်း ဖြေကြားပါတယ်။ (ဝိမာန၊ ၄၊ ၇၂)

http://www.dhammadownload.com

# အမ္ဗပါလီ

အမ္ဗပါလီဟာ ဖုဿဘုရားရှင်ရဲ့ နှမဘဝမှာ အလှူကြီးပေးပြီး ရုပ်ဆင်း အင်္ဂါ လှပချောမောဖို့ ဆုတောင်းခဲ့တယ်။ သိခီဘုရားရှင်လက်ထက်မှာ ဘိက္ခုနီမဘောင် ဝင်ရောက်ခဲ့တယ်။ ဘိက္ခုနီမများစွာနဲ့အတူ စေတီကို ရှိခိုးပြီး လက်ယာရစ် လှည့်လည်စဉ် သူမရဲ့ရှေ့က ရဟန္တာဘိက္ခုနီမ တစ်ပါးက ချေဆတ်လို့ အဆောတလျင် တံတွေးပေါက်က စေတီ ရင်ပြင်မှာ ကျသွားတယ်။ ရဟန္တာမက မမြင်ဘဲ သွားတယ်။ နောက်က သွားတဲ့ အဲဒီဘိက္ခုနီက အဲဒီတံတွေးကိုမြင်ပြီး 'ဘယ်ပြည့်တန်ဆာမက ဒီနေရာမှာ တံတွေးထွေးခဲ့တာလဲ'လို့ ဆဲရေးခဲ့တယ်။ အဲဒီကံကြောင့် ငရဲမှာခံရပြီး ဘဝတစ်သောင်း ပြည့်တန်ဆာမ ဖြစ်ခဲ့ရတယ်။ ကဿပ ဘုရားရှင်လက်ထက်မှာလည်း ဘိက္ခုနီမအဖြစ်နဲ့ သိက္ခာသုံးပါးကို ဖြည့် ကျင့်ခဲ့တယ်။ သူမဟာ ဘိက္ခုနီဖြစ်ရာအခါမှာ သီလစောင့်ရင်း ကိုယ်ဝန် မှာ နေရတာကို စက်ဆုပ်ပြီး ဥပပတ်ပဋိသန္ဓေနေရတဲ့ဘဝမှာ စိတ် ညွှတ်ခဲ့တယ်။ ဒါကြောင့် နောက်ဆုံးဘဝမှာ ဝေသာလီမြို့က မင်း ဥယျာဉ်ရှိ သရက်ပင်အောက် (ခွကြား) မှာ ဥပပတ်ပဋိသန္ဓေ နေခဲ့ တယ်။ သူမကို ဥယျာဉ်စောင့်က မြင်ပြီး မြို့ကိုခေါ်ဆောင်လာတယ်။ သရက်ပင်အောက်မှာဖြစ်လို့ သူမကို 'အမ္ဗပါလီ၊ သရက်ပင် စောင့်သူ' လို့ပဲ ခေါ်ဝေါ်ကြတယ်။

အမ္ဗပါလီဟာ အလွန်လှတယ်။ ရှုမောဖွယ်ဖြစ်တယ်။ ကြည်နူး ဖွယ်ကောင်းတယ်၊ တင့်တယ်တယ်၊ နှစ်သက်ဖွယ်ကောင်းခြင်းစတဲ့ ဂုဏ်ထူးပေါင်းစုံတယ်။ သူမကိုမြင်ပြီး မင်းသားများစွာက သူတို့ပိုင် လုပ်လိုကြတယ်။ ဒါကြောင့် အချင်းချင်း ခိုက်ရန်ဖြစ်ကြတယ်။ အဲဒီ

http://www.dhammadownload.com



မင်းသားတွေရဲ့ ခိုက်ရန်ငြိမ်းသွားအောင် သူမရဲ့ကံကန္နီးဆော်လို့ တရားသူကြီးတွေက 'အားလုံးအတွက်ဖြစ်စေ'လို့ ပြည့်တန်ဆာမအရာမှာ ထားကြတယ်။ သူမက ဘုရားရှင်အပေါ် ကြည်ညိုသဒ္ဓါဖြစ်ပြီး သူ့ဥယျာဉ်မှာ ကျောင်းဆောက်ကာ ဘုရားအမှူးရှိတဲ့ ရဟန်းပေါင်းအားအပ်နှင်းတယ်။ နောင်အခါမှာ သူမရဲ့သား ဝိမလကောဏ္ဍညမထေရ်ထံမှာ တရားနာပြီး ဘိက္ခုနီဝတ်တယ်။ ဝိပဿနာအလုပ်အားထုတ်ရင်း သူမရဲ့ခန္ဓာကိုယ် ဇရာကြောင့်အိုလာတာကို အမှီပြုပြီး သံဝေဂဖြစ်တယ်။ သင်္ခါရတွေရဲ့ မမြဲပုံကို ပြောဆိုတယ်။ သူမခန္ဓာကိုယ်မှာ မမြဲတာကို ရှုမှတ်မှုအဦးပြုကာ ဘုံသုံးပါးက တရားအားလုံးမှာလည်း မမြဲပုံကို စူးစမ်းကာ အဲဒီမမြဲပုံကို အစဉ်လိုက်လျက် အဲဒီတရားတွေမှာ ဒုက္ခလက္ခဏာ၊ အနတ္တလက္ခဏာကိုလည်း တင်တယ်။ ဝိပဿနာအားထုတ်ပြီး မဂ်အစဉ်အတိုင်း ရဟန္တာအဖြစ် ရောက်သွားတယ်။

(အပ။ ၂။ ၂၉၅။ ထေရီ၊ ဋ၊ ၂၁၄)

ဝိမလကောဏ္ဍညမထေရ်ဟာ ဗိမ္ဗိသာရမင်းကို အစွဲပြုပြီး အမ္ဗပါလီရဲ့ဝမ်းဗိုက်မှာ ပဋိသန္ဓေယူတယ်။ ဗိမ္ဗိသာရမင်းဟာ ငယ်ရွယ်စဉ်အခါက အမ္ဗပါလီရဲ့ ရုပ်အဆင်းနဲ့ပြည့်စုံတာကို ကြားရပြီး တပ်မက်ကာ လူအနည်းငယ် အခြံအရံရှိပြီး မထင်မရှားအသွင်နဲ့ ဝေသာလီမြို့ကိုသွားတယ်။ တစ်ညပတ်လုံး အမ္ဗပါလီနဲ့ ပေါင်းသင်းတယ်။ အဲဒီအခါမှာ ဒီဝိမလကောဏ္ဍညက အမ္ဗပါလီရဲ့ဝမ်းဗိုက်မှာ ပဋိသန္ဓေယူတယ်။ အမ္ဗပါလီကလည်း ကိုယ်ဝန်တည်သွားတာကို ဗိမ္ဗိသာရမင်းအား ပြောပြတယ်။ ဗိမ္ဗိသာရမင်းက သူ့ကိုယ်ကို အသိပေးပြီး ပေးထိုက်တာကို ပေးကာ ဖဲသွားတယ်။ အမ္ဗပါလီဟာ ကိုယ်ဝန်ရင့်လာတဲ့အခါ သားလေး မွေးဖွားတယ်။ ဝိမလလို့ အမည်ပေးတယ်။ နောင်အခါမှာ ဝိမလကောဏ္ဍညလို့ ထင်ရှားတယ်။ ဝိမလကောဏ္ဍညဟာ အရွယ်ရောက်တဲ့အခါ ဘုရားရှင် ဝေသာလီမြို့ကို ကြွလာတော့ ဘုရားရှင်ရဲ့

http://www.dhammadownload.com



အစွမ်းကို မြင်ရပြီး ကြည်ညိုစိတ်ဖြစ်ကာ ရဟန်းပြုတယ်။ ကြိုတင်လုပ်စရာလုပ်ပြီး ဝိပဿနာအားထုတ်ရာ မကြာခင်ပဲ ရဟန္တာဖြစ်သွားတယ်။ (ထေရ၊ ဋ္ဌ၊ ပ၊ ၁၈၂)

အမ္ဗပါလီဟာ ရုပ်လှတဲ့အပြင် အက၊ အဆို၊ အတီးမှာလည်း ကျွမ်းကျင်တယ်။ အမ္ဗပါလီထံမှာ တစ်ညနေလိုရင် အသပြာ ၅၀ ပေးရတယ်။ အမ္ဗပါလီကြောင့် ဝေသာလီပြည်ဟာ တစ်ဖက်တစ်လမ်းက စီးပွားရေးဖွံ့ဖြိုးခဲ့တယ်။ အဲဒီအချက်ကိုမြင်တဲ့ ဗိမ္ဗိသာရမင်းက သူ့ရဲ့ ရာဇဂြိုဟ်ပြည်မှာလည်း သာလဝတီကို ပြည့်တန်ဆာမအဖြစ် ရွေးချယ်ထားတယ်။ (ဝိ၊ ၃၊ ၃၃၇)

ရဟန်းတွေ အမ္ဗပါလီကို မြင်ရတဲ့အခါ သတိထားပြီးနေနိုင်ရန် ဘုရားရှင်က သတိပဋ္ဌာန်ဒေသနာတော်ကို ရဟန်းတွေအား ဟောကြားတော်မူတယ်။ (ဒီ၊ ဋ္ဌ၊ ၂၊ ၁၃၅)

အမ္ဗပါလီကိုမြင်ရလို့ ဆောက်တည်ရာမရဖြစ်နေတဲ့ ရဟန်းတွေအား အရှင်အာနန္ဒာက ဂါထာခုနစ်ပုဒ်နဲ့ ဆုံးမတော်မူရပါသေးတယ်။

ဘုရားရှင်ဟာ ကောဋိရွာမှာ အမ္ဗပါလီရဲ့ သရက်ဥယျာဉ်မှာ သီတင်းသုံးတော်မူစဉ် အမ္ဗပါလီဟာ ဝေသာလီမြို့မှ လာရောက်ပြီး ဆွမ်းဘုဉ်းပေးဖို့ ပင့်လျှောက်တယ်။ အဲဒီကနောက် လိစ္ဆဝီမင်းတွေ လာရောက်ပြီး ဆွမ်းဘုဉ်းပေးကြွဖို့ ပင့်လျှောက်ကြပေမယ့် ဘုရားရှင်က လက်ခံတော်မမူ။ နောက်တစ်နေ့မှာ အမ္ဗပါလီက ဘုရားရှင်အမှူးရှိတဲ့ သံဃာတော်တွေအား ဆွမ်းကပ်ပြီး သူမရဲ့သရက်ဥယျာဉ်မှာ ကျောင်းဆောက်ကာ ဥယျာဉ်ခြံနဲ့တကွ ကျောင်းကို ဘုရားအမှူးရှိတဲ့ သံဃာအား လှူဒါန်းတယ်။ (ဝိ၊ ၃၊ ၃၂၆။ ဒီ၊ ၂၊ ၈၁။ ဒီ၊ ဋ္ဌ၊ ၂၊ ၁၃၅။ သံ၊ ဋ္ဌ၊ ၃၊ ၂၁၁)

အမ္ဗပါလီရဲ့ဥယျာဉ်ဟာ အခြားဥယျာဉ်တွေလို မြို့ပြင်မှာမတည်ရှိဘဲ မြို့ထဲမှာပဲ တည်ရှိတယ်။ (မ၊ ဋ္ဌ၊ ၁၊ ၃၁၇။ သီဋီ သစ်၊ ၂၊ ၃၂၃)

http://www.dhammadownload.com

# သုမနာ (ကောသလမင်းရဲ့ သမီး)

ဝိပဿီဘုရားလက်ထက်မှာ မြို့သူမြို့သားတွေက 'စစ်တိုက်တာကို တောင် ပြုလုပ်ပြီး ငါတို့ရဲ့ဘုရားရှင်ကို ငါတို့ယူကြမယ်'လို့ စစ်သူ ကြီးကို အမိုပြုပြီး ဘုရားအမှူးရှိတဲ့ ရဟန်းသံဃာကိုရကာ အစဉ်အတိုင်း ကောင်းမှုတွေကို ပြုလုပ်ဖို့ အားထုတ်ကြတဲ့အခါ ပထမဆုံးနေ့ဟာ စစ်သူကြီးရဲ့အလှည့်ဖြစ်တယ်။ အဲဒီနေ့မှာ စစ်သူကြီးက အလှူကြီး စီမံပြီး 'ဒီနေ့ အခြားဘယ်သူမှ ဆွမ်းတစ်အုပ်ကိုတောင် မလှူနိုင်အောင် စောင့်ရှောက်ကြ'လို့ ပြောကာ ပတ်ဝန်းကျင်မှာ ယောကျာ်းတွေကို ထားတယ်။ အဲဒီနေ့မှာ သူဌေးကတော်က ငိုလျက် သတို့သမီး ၅၀၀ နဲ့အတူ ကစားပြီး လာတဲ့သမီးကို ပြောတယ်။

'သမီး၊ သင့်ဖခင် အသက်ရှင်နေရင် ဒီနေ့ ငါဟာ ပထမဆုံး ဘုရားရှင်ကို ဆွမ်းကပ်နိုင်လောက်တယ်'

'အမေ၊ မပူပါနဲ့၊ ကျွန်မဟာ ဘုရားအမှူးရှိတဲ့သံဃာက ကျွန်မ တို့ရဲ့ဆွမ်းကို ပထမဆုံးဘုဉ်းပေးအောင် ကျွန်မပြုလုပ်ပါမယ်'

အဲဒီကနောက် တစ်သိန်းတန်ရွှေခွက်မှာ ရေမပါတဲ့နို့ထမင်းကို ပြည့်စေပြီး ထောပတ်၊ ပျားရည်၊ သကြားစသည်တွေနဲ့ ပြင်ဆင်ကာ အခြားခွက်နဲ့ မှောက်လိုက်တယ်။ အဲဒီခွက်ပေါ် မြတ်လေးပန်းကုံးတွေနဲ့ ဝိုင်းရံပြီး ပန်းကုံးနဲ့တူအောင် လုပ်လိုက်တယ်။ ဘုရားရှင် ရွာထဲဝင်တဲ့ အခါ ကိုယ်တိုင်ပဲ မြှောက်ချီကာ နို့ထိန်းအပေါင်းခြံရံလျက် အိမ်မှ ထွက်ခွာတယ်။ လမ်းခရီးအကြားမှာ စစ်သူကြီးရဲ့အလုပ်အကျွေးတွေက 'သမီး ဒီလမ်းက မလာပါနဲ့'လို့ ပြောကြတယ်။ ဘုန်းကံကြီးသူတွေ

http://www.dhammadownload.com



ဆိုတာ မြတ်နိုးဖွယ်စကားကို ပြောတတ်ကြတယ်။ အထပ်ထပ် ပြော နေတဲ့ အဲဒီအလုပ်အကျွေးတွေရဲ့စကားကိုလည်း ပယ်ဖို့မတတ်နိုင်ပါ။ သူဌေးသမီးသုမနာက 'ဘထွေး၊ ဘကြီး၊ ဦးလေး၊ ဘာကြောင့် သင်တို့က သွားခွင့်မပေးကြတာပါလဲ'လို့ မေးတယ်။

'သမီး၊ စစ်သူကြီးက အခြားဘယ်သူ့အားမျှ ခဲဖွယ်၊ စားဖွယ်ကို မပေးကြနဲ့'လို့ တားထားပါတယ်။

'ကျွန်မရဲ့လက်ထဲမှာ ခဲဖွယ် စားဖွယ်ကို မြင်ကြပါသလား'

'ပန်းကုံးကို မြင်ကြပါတယ်'

'သင်တို့ရဲ့စစ်သူကြီးက ပန်းနဲ့ပူဇော်မှု ပြုခွင့်ကိုတောင် မပေးပါ လား'

'သမီး၊ ပေးပါတယ်'

'ဒီလိုဆိုရင် ဖယ်ပေးကြပါ'

'မြတ်စွာဘုရား၊ ပန်းကုံးကို ခံယူတော်မူပါ'

ဘုရားရှင်က စစ်သူကြီးရဲ့အလုပ်အကျွေးတစ်ယောက်ကို ကြည့် ပြီး ပန်းကုံးကို အယူခိုင်းတယ်။ သူဌေးသမီးက ဘုရားရှင်ကို ရှိခိုးပြီး ဆုတောင်းတယ်။

'ဖြစ်လေရာရာဘဝတိုင်းမှာ ပင်ပန်းတဲ့အသက်မွေးရမှု တပည့် တော်မှာ မဖြစ်ပါစေနဲ့၊ ဒီမြတ်လေးပန်းလို ဖြစ်လေရာရာအရပ်မှာ ချစ်စရာကောင်းသူသာ ဖြစ်ရပါလို၏။ နာမည်အားဖြင့်လည်း သုမနာ ပဲ တွင်ပါစေ'

ဘုရားရှင်က မိန့်တော်မူပါတယ်။

'ချမ်းသာပါစေ'

သူဌေးသမီးဟာ ရှိခိုးပြီး အရိုအသေပြုကာ ဖဲခွာသွားတယ်၊ ဘုရားရှင်ကလည်း စစ်သူကြီးအိမ်ကို ကြွသွားပြီး ခင်းထားတဲ့နေရာမှာ၊

http://www.dhammadownload.com



ထိုင်တယ်။ စစ်သူကြီးက ယာဂုကိုယူပြီး ချဉ်းကပ်တယ်။ ဘုရားရှင်က လက်နဲ့သပိတ်ကို ပိတ်လိုက်တယ်။

'မြတ်စွာဘုရား၊ ရဟန်းအပေါင်းဟာ ထိုင်နေပါပြီ'

'လမ်းခရီးအကြားမှာ ရခဲ့တဲ့ဆွမ်းတစ်သပိတ် ငါဘုရားမှာ ရှိတယ်'

ပန်းကိုဖယ်ရှားပြီး ဆွမ်းကိုမြင်ရတယ်။ အလုပ်ကျွေးငယ်က ပြောတယ်။

'အိုအရှင်စစ်သူကြီး၊ ပန်းလို့အကျွန်ုပ်ကို ပြောပြီး အမျိုးသမီးက လှည့်ပတ်သွားပါတယ်'

နို့ဃနာဆွမ်းဟာ ဘုရားရှင်ကစပြီး ရဟန်းအားလုံးအား လောက်ငပါတယ်။ စစ်သူကြီးက သူ့ရဲ့လှူဖွယ်ကို လှူပါတယ်။ ဘုရားရှင်က ဆွမ်းကိစ္စပြုလုပ်ပြီး မင်္ဂလာကို မိန့်ကာ ဖဲသွားပါတယ်။

စစ်သူကြီးက မေးတယ်။

'ဆွမ်းလှူတဲ့အမျိုးသမီးက ဘယ်သူလဲ'

'အိုအရှင် စစ်သူကြီး၊ သူဌေးသမီးပါ'

'ပညာရှိအမျိုးသမီးပဲ။ အဲဒီလိုအမျိုးသမီး အိမ်မှာနေရင် လင်ယောကျ်ားအဖို့ နတ်ပြည်စည်းစိမ်ကို ရဖို့မခဲယဉ်းပါ'

အဲဒီလိုတွေးပြီး အဲဒီအမျိုးသမီးကို ခေါ်ဆောင်ကာ အကြီးအကဲအရာမှာ ထားပါတယ်။ အဲဒီသူဌေးသမီးကလည်း ဖခင်အိမ်မှာရော၊ စစ်သူကြီးအိမ်မှာပါ ဥစ္စာကိုယူပြီး တစ်သက်လုံး ဘုရားရှင်အား အလှူလှူကာ ကောင်းမှုတွေကို ပြုလုပ်ပါတယ်။ အဲဒီဘဝကသေပြီး ကာမာဝစရနတ်ပြည်မှာ ဖြစ်ပါတယ်။ ဖြစ်ရာခဏမှာပဲ နတ်ပြည်တစ်ပြည်လုံးကို ပုဆစ်ဒူးဝန်းလောက် အတိုင်းအတာနဲ့ ပြည့်စေကာ မြတ်လေးပန်းမိုးရွာသွန်းပါတယ်။ နတ်သမီးဟာ 'ဒီနတ်သမီးဟာ သူ့ကိုယ်တိုင်ပဲ သူ့နာမည်ကိုယူကာ လာတယ်' ပြောပြီး သုမနာနတ်သမီးလို့ပဲ နာမည်

http://www.dhammadownload.com



မှည့်ကြတယ်။ သူမဟာ ၉၁ ကမ္ဘာမှာ နတ်ဘဝတွေမှာရော လူ့ဘဝတွေမှာပါ ကျင်လည်ရင်း ဖြစ်ရာဖြစ်ရာအရပ်မှာ မြတ်လေးပန်းမိုး ရွာမြဲမို့ 'သုမနာ၊ သုမနာ' လို့ပဲ နာမည်တွင်ပါတယ်။ ဒီအချိန်မှာတော့ ကောသလမင်းရဲ့ မိဖုရားခေါင်ကြီးဝမ်းဗိုက်မှာ ပဋိသန္ဓေယူတယ်။ အဲဒီ ၅၀၀ သော သတို့သမီးတွေကလည်း အဲဒီနေ့မှာပဲ ထိုထိုအမျိုးသမီးမှာ ပဋိသန္ဓေယူကာ တစ်နေ့တည်းမှာပဲ အားလုံးဟာ အမိဝမ်းမှထွက်ကြတယ်။ အဲဒီခဏမှာပဲ ပုဆစ်ဒူးဝန်းလောက် အတိုင်းအတာနဲ့ မြတ်လေးပန်းမိုး ရွာသွန်းတယ်။ အဲဒီသမီးကိုမြင်ပြီး ကောသလမင်းက 'ဒီသမီးဟာ ရှေးဘဝက ဆုတောင်းပြီး ကောင်းမှုပြည့်ခဲ့တာဖြစ်လိမ့်မယ်' လို့ တွေးကာ ကျေနပ်ဝမ်းသာတယ်။ 'ငါ့ရဲ့သမီးဟာ ကိုယ်တိုင်ပဲ သူမရဲ့နာမည်ကို ယူကာ လာခဲ့တယ်' လို့ ပြောပြီး သုမနာ (မြတ်လေးပန်း) လို့ပဲ နာမည်မှည့်တယ်။ 'ငါ့သမီးဟာ တစ်ယောက်တည်းဖြစ်မှာမဟုတ်' လို့ တွေးပြီး မြို့ကိုရှာဖွေတဲ့အခါ 'ကလေးမ ၅၀၀ မွေးဖွားတယ်' လို့ ကြားရပြီး ကလေးမအားလုံးကို ကိုယ်တိုင်ပဲ ပြုစုကျွေးမွေးခိုင်းတယ်။ တစ်လတစ်လရောက်လာတဲ့အခါ 'သယ်ဆောင်လာပြီး ငါ့သမီးအား ပြကြပါ' လို့ ပြောတယ်။

သုမနာ အသက်ခုနစ်နှစ်အရွယ်မှာ အနာထပိဏ်က ကျောင်းကို ပြီးစေပြီး ဘုရားရှင်ထံ တမန်လွှတ်လိုက်တဲ့အခါ ဘုရားရှင်က ရဟန်း အပေါင်းခြံရံပြီး သာဝတ္ထိမြို့ကို သွားတယ်။ အနာထပိဏ်က သွားပြီး မင်းကို ဒီလိုလျှောက်တယ်။

'မင်းကြီး၊ ဘုရားရှင် ဒီကိုကြွလာတာဟာ ငါတို့အတွက်လည်း မင်္ဂလာပဲ၊ သင်တို့အတွက်လည်း မင်္ဂလာပဲ။ သုမနာမင်းသမီးကို ကလေးမ ၅၀၀ နဲ့အတူ ရေပြည့်အိုးတွေကိုရော၊ နံ့သာပန်းစသည်တွေ ကိုပါ အယူခိုင်းပြီး ဘုရားရှင်ကို ခရီးဦးကြိုဖို့ စေလွှတ်ပေးပါ'

မင်းက 'သူဌေးကြီး၊ ကောင်းပါပြီ' လို့ ပြောပြီး အဲဒီအတိုင်းပဲ

http://www.dhammadownload.com



ပြုလုပ်တယ်။ သုမနာကလည်း မင်းကြီးပြောတဲ့နည်းအတိုင်းပဲ သွားကာ ဘုရားရှင်ကို ရှိခိုးတယ်။ နံ့သာ၊ ပန်းစသည်တွေနဲ့ ပူဇော်ကာ သင့်တင့်ရာအရပ်မှာ ရပ်တည်တယ်။ ဘုရားရှင်က သုမနာအား တရားဟောတယ်။ သုမနာဟာ သတို့သမီး ၅၀၀ နဲ့အတူ သောတာပန်ဖြစ်သွားတယ်။ အခြားကလေးမ ၅၀၀၊ အမျိုးသမီး ၅၀၀၊ ဥပါသကာ ၅၀၀ တို့လည်း အဲဒီခဏမှာပဲ သောတာပန်ဖြစ်သွားကြတယ်။ ဒီလိုနဲ့ အဲဒီနေ့မှာ လမ်းခရီးအကြားမှာပဲ သောတာပန် နှစ်ထောင်ဖြစ်ကြတယ်။

(အံ၊ ဋ္ဌ၊ တ၊ ၁၃)

ဘုရားရှင်က သာဝတ္ထိမြို့ ဇေတဝန်ကျောင်းမှာ သီတင်းသုံးတဲ့အခါ သုမနာမင်းသမီးက ရထား ၅၀၀ နဲ့ မင်းသမီး ၅၀၀ ခြံရံပြီး ဘုရားရှင်ထံ ပြဿနာမေးလိုလို့ သွားတယ်။

ပြဿနာမေးလိုခြင်းရဲ့အကြောင်းကို အကျယ်ချဲ့ပြပါဦးမယ်။ ကဿပဘုရားရှင်ထက်မှာ သူငယ်ချင်းရဟန်းနှစ်ပါး ရှိခဲ့ပါတယ်။ အဲဒီနှစ်ပါးထဲက တစ်ပါးက သာရဏီယကျင့်ဝတ်တရားကို ကျင့်တယ်။ တစ်ပါးက ဆွမ်းစားကျောင်းမှာ ပြုကျင့်ရမယ့်ကျင့်ဝတ်ကို ဖြည့်ကျင့်တယ်။ သာရဏီယကျင့်ဝတ်ကျင့်တဲ့ရဟန်းက အခြားရဟန်းကို 'ငါ့ရှင်၊ မပေးလှူသူမှာ အကျိုးဆိုတာ မရှိ၊ ကိုယ်တိုင်ရပြီးတာကို သူတစ်ပါးတွေအား ပေးပြီး စားသင့်တယ်'လို့ ပြောတယ်။ အခြားရဟန်းကတော့ ဒီလိုပြောတယ်။

'ငါ့ရှင်၊ သင်မသိပါ။ လှူဖွယ်ပစ္စည်းကို သဒ္ဓါပျက်အောင် မလုပ်သင့်ပါ။ ကိုယ့်အတွက် မျှတလုံလောက်ရုံမျှသာ ယူခြင်းဖြင့် ဆွမ်းကျောင်းမှာ ပြုရမယ့်ကျင့်ဝတ်ကို ဖြည့်သင့်ပါတယ်'

အဲဒီနှစ်ပါးထဲက တစ်ပါးကမှ တစ်ပါးကို မိမိဩဝါဒမှာ ကျရောက်လာအောင် မစွမ်းဆောင်နိုင်ပါ။ နှစ်ပါးလုံးဟာ ကိုယ့်အကျင့်ကို ဖြည့်ကျင့်ကာ အဲဒီဘဝမှသေကာ ကာမာဝစရနတ်ပြည်မှာ ဖြစ်ကြ

http://www.dhammadownload.com



ပါတယ်။ အဲဒီနှစ်ပါးထဲက သာရဏီယတရား ဖြည့်ကျင့်တဲ့ရဟန်းက အခြားရဟန်းကို တရားငါးမျိုးနဲ့ လွှမ်းမိုးပါတယ်။ အဲဒီရဟန်းနှစ်ပါးဟာ အဲဒီလိုလူ့ဘဝတွေမှာရော နတ်ဘဝတွေမှာပါ ကျင်လည်ကြရင်း ဘုရားနှစ်ဆူရဲ့အကြားကာလကို ကုန်စေကာ ဒီအချိန်မှာ သာဝတ္ထိမြို့မှာ ဖြစ်ကြပါတယ်။ သာရဏီယတရား ဖြည့်ကျင့်တဲ့ရဟန်းက ကောသလမင်းရဲ့မိဖုရားခေါင်ကြီးဝမ်းဗိုက်မှာ ပဋိသန္ဓေယူပါတယ်။ အခြားရဟန်းက အဲဒီမိဖုရားခေါင်ကြီးရဲ့ပဲ အလုပ်အကျွေးမိန်းမရဲ့ ဝမ်းဗိုက်မှာ ပဋိသန္ဓေယူတယ်။ အဲဒီနှစ်ယောက်လုံးပဲ တစ်နေ့တည်းမှာ မွေးဖွားကြတယ်။ အဲဒီနှစ်ယောက်ကို အမည်မှည့်ရာနေ့မှာ ရေချိုးပေးကာ ကျက်သရေတိုက်ခန်းမှာ အိပ်ခိုင်းပါတယ်။ နှစ်ယောက်လုံးရဲ့မိဘတွေကလည်း အပြင်ဘက်မှာ အထူးအပြင်အဆင်ကို စီမံကြပါတယ်။

အဲဒီနှစ်ယောက်ထဲက သာရဏီယတရားဖြည့်ကျင့်သူက မျက်စိတွေကို ဖွင့်ပြီး ထီးဖြူကြီးကိုရော၊ ကောင်းကောင်းခင်းထားတဲ့ ကျက်သရေရှိ အိပ်ရာကိုရော၊ တန်ဆာဆင်ထားတဲ့ နေအိမ်ကိုပါကြည့်ကာ 'မင်းမျိုးတစ်မျိုးမှာ ငါဖြစ်နေတယ်'လို့ သိတယ်။ သူက 'ငါဟာ ဘယ်ကံကို လုပ်ခဲ့ပြီး ဒီမှာဖြစ်ရသလဲ'လို့ ဆင်ခြင်တဲ့အခါ 'သာရဏီယတရားရဲ့ အကျိုးဆက်ကြောင့်'လို့ သိသွားတယ်။ 'ငါ့သူငယ်ချင်းက ဘယ်မှာဖြစ်နေသလဲ'လို့ ဆင်ခြင်တဲ့အခါ နိမ့်တဲ့အိပ်ရာပေါ် လဲလျောင်းနေတာကို မြင်ရတယ်။ 'ဒီပုဂ္ဂိုလ်ဟာ ဆွမ်းကျောင်းမှာ ပြုလုပ်ရမယ့်ကျင့်ဝတ်ကို ငါဖြည့်ကျင့်မယ်လို့ဆိုကာ ငါ့စကားကို မနာယူခဲ့။ အခုဒီနေရာမှာ သူ့ကိုနှိပ်ကွပ်သင့်တယ်'လို့ တွေးကာ 'မိတ်ဆွေ ငါ့စကားကို သင်က မလိုက်နာခဲ့'လို့ ပြောတယ်။

'ဘာဖြစ်လဲ'

'ငါ့စည်းစိမ်ကို သင်ကြည့်စမ်းပါ၊ ငါက ထီးဖြူအောက်က

http://www.dhammadownload.com



ကျက်သရေရှိ အိပ်ရာပေါ်မှာ လဲလျောင်းနေရတယ်။ သင်က နိမ့်တဲ့ ခုတင်ပေါ်က အခင်းကြမ်းပေါ်မှုပဲ လဲလျောင်းနေရတယ်'

'သင်က အဲဒါကိုမှီပြီး မာန်တက်နေသလား၊ ဝါးခြမ်းတွေနဲ့ ပြုလုပ်ပြီး အဝတ်နွမ်းနဲ့ရစ်ပတ်ထားတဲ့ အဲဒီအရာအားလုံးဟာ ပထဝီဓာတ်မျှပါပဲ'

သုမနာက အဲဒီကလေးနှစ်ယောက်ရဲ့စကားကို ကြားရပြီး 'ငါ့မောင်တွေရဲ့အထံမှာ ဘယ်သူမှမရှိ'လို့ တွေးပြီး အဲဒီမောင်တွေရဲ့အနီးကိုသွားတဲ့အခါ တံခါးကိုမှီပြီး ရပ်ရင်း 'ဓာတ်'ဆိုတဲ့စကားကို ကြားရတယ်။ 'ဒီဓာတ်ဆိုတဲ့စကားဟာ သာသနာပြင်ပမှာ မရှိ။ ငါ့ရဲ့မောင်တွေဟာ ရဟန်းနတ်သားတွေဖြစ်ကြလိမ့်မယ်'လို့ တွေးတယ်။ 'ဒီမောင်တွေက ဒီလိုပြောနေကြတယ်'လို့ ငါက မိဘတွေအား ပြောခဲ့ရင် 'ဒီကလေးတွေက ဘီလူးတွေပဲ'လို့ ပြောကာ ဖယ်ထုတ်ကြလိမ့်မယ်။ ဒီအကြောင်းကို အခြားသူအားမပြောဘဲ ယုံမှားမှုကို ဖြတ်တောက်တတ်ပြီး ပွဲမင်းဖြစ်တဲ့ ငါ့ဖခင် မဟာဂေါတမဘုရားရှင်ကိုပဲ မေးမယ်'လို့ ကြံကာ နံနက်စာ စားပြီး မင်းကိုချဉ်းကပ်တယ်။ 'ဘုရားရှင်အား ဆည်းကပ်ရာအရပ်ကို သွားပါမယ်'လို့ မင်းအားပြောကြတယ်။ မင်းက ရထား ၅၀၀ တပ်ဆင်ခိုင်းတယ်။ မှန်တယ်။ ဇမ္ဗူဒိပ်အပြင်မှာ အမျိုးသမီးသုံးယောက်ပဲ ဖခင်တွေထံက ရထား ၅၀၀ ကို ရကြတယ်။ ဗိမ္ဗိသာရမင်းရဲ့သမီး စုန္ဒီမင်းသမီး၊ ဓနဉ္စယသူဌေးရဲ့သမီး ဝိသာခါ၊ ကောသလမင်းရဲ့သမီး သုမနာတို့ပါပဲ။ သုမနာမင်းသမီးက နံ့သာ၊ ပန်းကိုယူပြီး ရထားမှာရပ်တည်လျက် ရထား ၅၀၀ ခြံရံကာ 'ဒီပြဿနာကို မေးမယ်' လို့ ကြံပြီး ဘုရားရှင်ထံ သွားတယ်။ (အံ၊ ဋ္ဌ၊ တ၊ ၁၃)

ဘုရားရှင်ကို ရှိခိုးပြီး သင့်တင့်ရာအရပ်မှာ ထိုင်နေတဲ့ သုမနာက ဘုရားရှင်ကို လျှောက်ပါတယ်။

'မြတ်စွာဘုရား၊ ဒီသာသနာမှာ ဘုရားရှင်ရဲ့တပည့်နှစ်ပါး ရှိ

http://www.dhammadownload.com



ကြပါတယ်။ သဒ္ဓါ၊ သီလ၊ ပညာတူမျှကြပါတယ်။ တစ်ပါးက လှူပါတယ်။ တစ်ပါးက မလှူပါ။ အဲဒီပုဂ္ဂိုလ်တွေ သေတဲ့အခါ နတ်ပြည်ကို ရောက်ကြပါတယ်။ နတ်ဖြစ်တဲ့ အဲဒီပုဂ္ဂိုလ်တွေမှာ ထူးခြားမှုရှိပါသလား၊ ခြားနားမှုရှိပါသလား'

'သုမနာ၊ ရှိတယ်။ သုမနာ၊ လှူတဲ့သူက မလှူတဲ့သူကို နတ်ဖြစ်တဲ့အခါ နတ်သက်၊ နတ်လှပမှု၊ နတ်ချမ်းသာ၊ နတ်အခြွေအရံ၊ နတ်အစိုးရမှုဆိုတဲ့ အရာငါးမျိုးနဲ့ သာလွန်တယ်'

'မြတ်စွာဘုရား၊ ဒီနတ်သားနှစ်ယောက်က နတ်ပြည်ကစုတေပြီး လူ့ပြည်ကို လာကြတဲ့အခါ လူဖြစ်တဲ့အဲဒီပုဂ္ဂိုလ်တွေမှာ ထူးခြားမှုရှိပါသလား၊ ခြားနားမှုရှိပါသလား'

'သုမနာ၊ ရှိတယ်။ သုမနာ၊ လှူတဲ့သူက မလှူတဲ့သူကို လူ့သက်၊ လူ့လှပမှု၊ လူ့ချမ်းသာ၊ လူ့အခြွေအရံ၊ လူ့အစိုးရမှုဆိုတဲ့အရာ ငါးမျိုး သာလွန်တယ်'

'မြတ်စွာဘုရား၊ အဲဒီလူနှစ်ယောက်ဟာ လူဝတ်ကြောင်ဘဝမှ ရဟန်းဘဝသို့ ရောက်တဲ့အခါ အဲဒီရဟန်းတွေမှာ ထူးခြားမှုရှိပါသလား၊ ခြားနားမှုရှိပါသလား'

'သုမနာ၊ ရှိတယ်။ လှူတဲ့သူက မလှူသူလို ရဟန်းဖြစ်တဲ့အခါ တောင်းဆိုခံရမှသာ သင်္ကန်း၊ ဆွမ်း၊ ကျောင်း၊ ဆေးပစ္စည်း လေးပါးကို များစွာသုံးစွဲတယ်။ မတောင်းဆိုခံရရင် အနည်းငယ်သုံးစွဲတယ်။ အတူနေ သီတင်းသုံးဖော်တို့က သူ့ကိုမြတ်နိုးဖွယ် ကာယကံ၊ ဝစီကံ၊ မနောကံတွေနဲ့သာ ခေါ်ဝေါ်ကြတယ်။ မမြတ်နိုးဖွယ်နဲ့ အနည်းငယ် ခေါ်ဝေါ်ပြောဆိုကြပါတယ်။ မြတ်နိုးဖွယ် ပူဇော်မှုကို များစွာပြုကြပါတယ်။ မမြတ်နိုးဖွယ်ကို အနည်းငယ်ပြုကြပါတယ်'

'မြတ်စွာဘုရား၊ နှစ်ပါးလုံး ရဟန္တာဖြစ်သွားကြတဲ့အခါ သူတို့မှာ ထူးခြားမှု ရှိပါသလား၊ ခြားနားမှုရှိပါသလား'

http://www.dhammadownload.com



'သုမနာ၊ ထိုးထွင်းသိအပ်တဲ့ လောကုတ္တရာမဂ်မှာ ထူးခြားမှု တစ်စုံတစ်ရာမှ မရှိလို့ ငါဘုရားဟောတယ်'

'မြတ်စွာဘုရား၊ အံ့ဩဖွယ်ကောင်းပါပေစွ။ မဖြစ်စဖူး ထူးဆန်းပါပေစွ။ ဒါနတွေကို အလွန်ပဲပြုသင့်ပါတယ်။ ကောင်းမှုတွေကို အလွန်ပဲ ပြုသင့်ပါတယ်။ နတ်ဖြစ်သူမှာရော၊ လူဖြစ်သူမှာရော၊ ရဟန်းဖြစ်သူမှာပါ ကောင်းမှုတွေက ကျေးဇူးများလှပါပေစွ'

'သုမနာ၊ အဲဒီစကားဟာ မှန်တယ်။ ဒါနတွေကို ပြုသင့်တယ်။ ကောင်းမှုတွေကို လုပ်သင့်တယ်။ နတ်ဖြစ်သူမှာရော၊ လူဖြစ်သူမှာရော၊ ရဟန်းဖြစ်သူမှာပါ ကောင်းမှုတွေက ကျေးဇူးများတယ်'

(အံ၊ ပါဠိ၊ တ၊ ၂၇)

http://www.dhammadownload.com

# သုမနာ (အနာထပိဏ်သူဌေးရဲ့ သမီးငယ်)

သာဝတ္ထိမြို့မှာ နေ့တိုင်း အနာထပိဏ်ရဲ့အိမ်မှာ ရဟန်း နှစ်ထောင် ဆွမ်းဘုဉ်းပေးကြတယ်။ အဲဒီလိုပါပဲ ဝိသာခါဥပါသိကာမကြီးရဲ့အိမ်မှာ ရဟန်းနှစ်ထောင် ဆွမ်းဘုဉ်းပေးကြတယ်။ သာဝတ္ထိမြို့က အလှူလှူလို သူမှန်သမျှဟာ အဲဒီအနာထပိဏ်နဲ့ ဝိသာခါတို့ထံက အခွင့်ရပြီးမှသာ ပြုလုပ်ကြပါတယ်။ ဘာကြောင့်လဲ။ 'သင်တို့ရဲ့အလှူပွဲကို အနာထပိဏ်၊ ဝိသာခါတို့ လာကြသလား'လို့မေးပြီး 'မလာကြပါ'လို့ ဖြေရင် တစ်သိန်း စွန့်လွှတ်ပြီး လှူတဲ့အလှူကိုတောင် 'အဲဒီအလှူက ဘယ်လိုအလှူလဲ'လို့ ကဲ့ရဲ့ကြတယ်။ မှန်တယ်။ သူတို့နှစ်ယောက်လုံးဟာ ရဟန်းသံဃာရဲ့ အကြိုက်ကိုရော၊ သင့်လျော်တဲ့ကိစ္စတွေကိုပါ အလွန်အကဲ သိနားလည် ကြပါတယ်။ သူတို့စီမံရင် ရဟန်းတွေဟာ စိတ်တိုင်းကျ ဘုဉ်းပေး ကြရပါတယ်။ ဒါကြောင့် အလှူလှူလိုသူအားလုံးဟာ အဲဒီပုဂ္ဂိုလ်နှစ်ဦး ကို ခေါ်ယူပြီးမှသာ သွားကြပါတယ်။ အဲဒီလိုနည်းနဲ့ အဲဒီပုဂ္ဂိုလ်နှစ်ဦး ဟာ သူတို့ရဲ့အိမ်မှာ ပြုစုလုပ်ကျွေးခွင့် မရကြပါ။

ဒါကြောင့် ဝိသာခါဟာ 'ဘယ်သူက ငါ့နေရာမှာ ရပ်တည်ပြီး ရဟန်းသံဃာကို ပြုစုလုပ်ကျွေးပါ့မလဲ'လို့ စူးစမ်းတဲ့အခါ သားရဲ့သမီး ကိုမြင်ရပြီး အဲဒီမြေးမလေးကို သူမရဲ့နေရာမှာ ထားပါတယ်။ အဲဒီမြေး မလေးက ဝိသာခါရဲ့အိမ်မှာ ရဟန်းသံဃာကို ပြုစုလုပ်ကျွေးတယ်။ အနာထပိဏ်ကလည်း သမီးကြီး မဟာသုဘဒ္ဒါကို ထားတယ်။ မဟာ သုဘဒ္ဒါက ရဟန်းတွေရဲ့ ဝေယျာဝစ္စကို ပြုလုပ်ရင်း တရားနာကာ သောတာပန်ဖြစ်ပြီး လင့်အိမ်လိုက်သွားတယ်။ အဲဒီကနောက် စူဠ

http://www.dhammadownload.com



သုဘဒ္ဒါကိုထားတယ်။ စူဠသုဘဒ္ဒါကလည်း အဲဒီလိုပဲလုပ်ရင်း သောတာပန်ဖြစ်ကာ လင့်အိမ်ကိုလိုက်သွားတယ်။ အဲဒီအခါ သုမနဒေဝီသမီးငယ်ကို ထားတယ်။ သုမနာကတော့ တရားနာပြီး သကဒါဂါမ်ဖြစ်ကာ အပျိုဘဝနဲ့ပဲ နေတယ်။ မကျန်းမာမှု နှိပ်စက်ခံရပြီး အစာဖြတ်ကာ အဖေကိုတွေ့ချင်လို့ ခေါ်ခိုင်းတယ်။

ဖခင်အနာထပိဏ်က အလှူပွဲတစ်ခုမှာ သုမနာရဲ့သတင်းကို ကြားရခြင်းပဲ လာကာ မေးတယ်။

'သမီး သုမနာ၊ ဘယ်လိုနေလဲ'

'မောင်လေး၊ ဘာပါလဲ'

'သမီး၊ သင်ယောင်ယမ်းပြောနေသလား'

'မောင်လေး၊ ယောင်ယမ်းမပြောပါ'

'သမီး၊ ကြောက်သလား'

'မောင်လေး၊ မကြောက်ပါ'

အဲဒီလောက် ပြောပြီးချင်းပဲ သုမနာဟာ သေသွားတယ်။ အနာထပိဏ်ဟာ သောတာပန်ဖြစ်ပေမယ့် သမီးအပေါ် ဖြစ်တဲ့သောကကို သည်းမခံနိုင်လို့ သမီးကို မီးသဂြိုဟ်ပြီး ငိုရင်း ဘုရားရှင်ထံ သွားတယ်။

'သူကြွယ်၊ ကိုယ် စိတ်ဆင်းရဲပြီး မျက်ရည်ကျငိုကာ ဘာကြောင့် လာခဲ့ပါသလဲ'

'မြတ်စွာဘုရား၊ တပည့်တော်ရဲ့သမီး သုမနာဒေဝီ သေသွားပါတယ် ဘုရား'

'ဒီလိုဆိုရင် ဘာကြောင့်ငိုရတာလဲ။ သတ္တဝါတိုင်းမှာ သေခြင်းတရားဟာ သေချာတယ် မဟုတ်လား'

'မြတ်စွာဘုရား၊ အဲဒါကို တပည့်တော်သိပါတယ်။ တပည့်တော်ရဲ့ ဒီလိုအရှက်၊ အကြောက်နဲ့ ပြည့်စုံတဲ့သမီးဟာ သေခါနီးမှာ သတိမထားနိုင်ဘဲ ယောင်ယမ်းကာ သေသွားပါတယ်။ ဒါကြောင့် တပည့်တော်မှာ စိတ်ဆင်းရဲမှု များစွာဖြစ်ရပါတယ်'

http://www.dhammadownload.com



'သူဌေးကြီး၊ သုမနာက ဘာပြောခဲ့သလဲ'

'မြတ်စွာဘုရား၊ တပည့်တော်က သူမကို 'သမီးသုမနာ'လို့ ခေါ်လိုက်ပါတယ်။ အဲဒီအခါ တပည့်တော်ကို 'ဘာလဲ မောင်လေး'လို့ ပြောပါတယ်'

'သမီး၊ ယောင်ယမ်းနေသလား'

'မောင်လေး၊ မယောင်ယမ်းပါ'

'သမီး၊ ကြောက်သလား'

'မောင်လေး၊ မကြောက်ပါ'

'အဲဒီလောက်ပြောပြီး သေသွားပါတယ်ဘုရား'

'သူဌေးကြီး၊ သင့်သမီးဟာ ယောင်ယမ်းပြောတာမဟုတ်'

'ဒီလိုဆိုရင် ဘာကြောင့် အဲဒီလိုပြောပါသလဲ ဘုရား'

'သင်က ငယ်လို့ပေါ့။ သူကြွယ်၊ မှန်တယ်။ သင့်သမီးဟာ သင့်ထက် မဂ်၊ ဖိုလ်အားဖြင့် ကြီးတယ်။ မှန်တယ်။ သင်က သောတာပန်၊ သင့်သမီးကတော့ သကဒါဂါမ်။ သုမနာက သင့်ထက် မဂ်၊ ဖိုလ်အားဖြင့်ကြီးလို့ သင့်ကို အဲဒီလိုပြောတာ'

'အဲဒီအတိုင်းပဲလား ဘုရား'

'အဲဒီအတိုင်းပဲ သူကြွယ်'

'အခု ဘယ်ဘဝမှာ ဖြစ်နေပါသလဲ ဘုရား'

'တုသိတာနတ်ပြည်မှာပဲ သူကြွယ်'

'မြတ်စွာဘုရား၊ တပည့်တော်ရဲ့သမီးဟာ ဒီဘဝမှာ ဆွေမျိုးတွေရဲ့အလယ် ဝမ်းမြောက်စွာလှည့်လည်ပြီး ဒီဘဝက သေပြီးတော့လည်း ဝမ်းမြောက်ဖွယ်နေရာမှာပဲ ဖြစ်ရတယ်'

'သူကြွယ်၊ ဟုတ်တယ်၊ မမေ့မလျော့တဲ့ ရဟန်း၊ ရှင်၊ လူတွေဆိုတာ ဒီဘဝမှာရော၊ နောက်ဘဝမှာပါ ဝမ်းမြောက်ကြရတယ်'

'ကုသိုလ်ကောင်းမှုအမျိုးမျိုးကို ပြုထားသူဟာ ဒီဘဝမှာ အဝှာပ်

http://www.dhammadownload.com



ကို ကြည့်ကာ ဝမ်းသာရတယ်။ တမလွန်ဘဝမှာ အကျိုးကိုခံစားကာ ဝမ်းသာရတယ်။ ပစ္စုပ္ပန်၊ တမလွန် နှစ်တန်သောဘဝမှာ ဝမ်းသာရတယ်။ ငါဟာ ကောင်းမှုကိုပြုထားပေပြီလို့ တွေးကာ ဝမ်းသာရတယ်။ နောက်ဘဝကောင်းရောက်တော့ ပိုပြီးဝမ်းသာရတယ်'

အဲဒီဂါထာအဆုံးမှာ လူများစွာဟာ သောတာပန်စသည် ဖြစ်ကြပါတယ်။ လူအများအတွက် တရားဒေသနာဟာ အကျိုးများပါတယ်။ (ဓမ္မပဒ၊ ၌၊ ပ၊ ၉၇)

http://www.dhammadownload.com

# စူဠသုဘဒ္ဒါ

အနာထပိဏ်မှာ ငယ်ရွယ်စဉ်ကစပြီး ဥဂ္ဂမြို့မှာနေတဲ့ ဥဂ္ဂမည်တဲ့ သူဌေးသား သူငယ်ချင်းရှိတယ်။ အဲဒီသူငယ်ချင်းနှစ်ယောက်ဟာ တစ်ဆရာတည်းရဲ့အိမ်မှာ အတတ်ကို သင်ယူကြတဲ့အခါ အချင်းချင်း ကတိကဝတ်ပြုကြတယ်။

'ငါတို့ အရွယ်ရောက်တဲ့အခါ သားသမီးတွေ ဖြစ်ထွန်းလာရင် သားပိုင်ရှင်က သားအတွက် သမီးပေးဖို့ ကြောင်းလမ်းခဲ့ရင်၊ သမီးရှင်က သမီးကို သားအားပေးရမယ်'

အဲဒီနှစ်ယောက်ဟာ အရွယ်ရောက်တဲ့အခါ ကိုယ့်မြို့မှာ သူဌေးရာထူးမှာ တည်ရှိကြတယ်။ တစ်ချိန်မှာ ဥဂ္ဂသူဌေးက ကုန်ရောင်းဖို့ လှည်း ၅၀၀ နဲ့ သာဝတ္ထိမြို့ကို သွားတယ်။ အနာထပိဏ်က သူ့သမီး စူဠသုဘဒ္ဒါကို ခေါ်ပြီး 'သမီး သင့်ရဲ့ဖခင် ဥဂ္ဂသူဌေးဆိုတာ လာတယ်။ သူ့အတွက် လုပ်ထိုက်တဲ့ကိစ္စအားလုံးဟာ သင့်ရဲ့တာဝန်ပဲ'လို့ စေခိုင်းတယ်။ စူဠသုဘဒ္ဒါက 'ကောင်းပါပြီ'လို့ ဝန်ခံပြီး ဥဂ္ဂသူဌေးလာတဲ့နေ့ကစပြီး ကိုယ်တိုင်လက်နဲ့ပဲ ဟင်းစသည်တွေကို စီမံပြုလုပ်တယ်။ ပန်း၊ နံ့သာပျောင်းစသည်တွေကို စီမံတယ်။ စားပြီးတဲ့အခါ ဥဂ္ဂသူဌေးအတွက် ချိုးရေကို စီမံခိုင်းပြီး ရေချိုးချိန်ကစပြီး ကိစ္စအားလုံးကို ကောင်းကောင်းပြုလုပ်တယ်။

ဥဂ္ဂသူဌေးက စူဠသုဘဒ္ဒါရဲ့ အကျင့်ပြည့်စုံတာကို မြင်ရပြီး သဘောကျကာ တစ်နေ့မှာ အနာထပိဏ်နဲ့အတူ ချမ်းချမ်းသာသာ စကားပြောထိုင်နေရင်း 'ငါတို့ငယ်ရွယ်စဉ်အခါက ဒီလိုကတိကဝတ်ပြု

http://www.dhammadownload.com



ခဲ့ကြတယ်’လို သတိရစေပြီး သူ့သားအတွက် စကားကမ်းလှမ်းတယ်။ ဥဂ္ဂသူဌေးက နဂိုကပဲ မိစ္ဆာဒိဋ္ဌိအယူရှိသူဖြစ်တယ်။ ဒါကြောင့် ဘုရားရှင်အား အဲဒီအကြောင်းကို လျှောက်ထားတယ်။ ဘုရားရှင်က ဥဂ္ဂသူဌေးရဲ့ ရှေးပါရမီအကြောင်းကိုမြင်လို့ ခွင့်ပြုတယ်။ မယားနဲ့အတူ တိုင်ပင်ပြီး ဥဂ္ဂသူဌေးရဲ့စကားကို လက်ခံကာ နေ့ရက်သတ်မှတ်လိုက်တယ်။ သမီး ဝိသာခါကို ပေးပြီး စေလွှတ်တဲ့ ဓနဉ္စယသူဌေးလို အကြီးအကျယ်ပူဇော်မှုပြုပြီး သုဘဒ္ဒါကို ခေါ်ကာ ‘သမီး၊ ယောက္ခမအိမ်မှာနေတဲ့ မိန်းကလေးဆိုတာ အတွင်းမီးကို အပြင်မဆောင်ရ’စသည်ဖြင့် ဓနဉ္စယသူဌေးက ဝိသာခါအား ပေးတဲ့နည်းအတိုင်းပဲ ဩဝါဒ ၁၀ မျိုးကို ပေးတယ်။ ‘ငါ့သမီး သွားရာအရပ်မှာ ငါ့သမီးမှာ အပြစ်ဖြစ်ပေါ်ခဲ့ရင် သင်တို့ဖြေရှင်းပေးရမယ်’လို့ ပြောကာ တာဝန်ခံသူကြွယ် ရှစ်ယောက်ကို ယူတယ်။ စူဠသုဘဒ္ဒါကို စေလွှတ်ရာနေ့မှာ ဘုရားအမှူးရှိတဲ့ ရဟန်းသံဃာအား အလှူကြီးလှူတယ်။ ရှေးဘဝက သမီးပြုခဲ့တဲ့ကောင်းမှုတွေရဲ့အကျိုးကို လောကအား ထင်ရှားအောင်ပြုလုပ်ပြီး ပြတဲ့အနေနဲ့ အကြီးအကျယ် အစီအစဉ်နဲ့ သမီးကိုစေလွှတ်တယ်။ စူဠသုဘဒ္ဒါ အစဉ်အတိုင်း ဥဂ္ဂမြို့ကို ရောက်တဲ့အခါ ယောက္ခမအမျိုးနဲ့အတူ လူအများက ခရီးဦးကြိုပြုတယ်။

စူဠသုဘဒ္ဒါကလည်း သူမရဲ့ အသရေစည်းစိမ်ကို ထင်ရှားအောင်ပြုလုပ်ဖို့ ဝိသာခါလို တစ်မြို့လုံးအား မိမိကိုယ်ကို ပြလိုတဲ့အတွက် ရထားမှာရပ်တည်ကာ မြို့ထဲဝင်တယ်။ မြို့သူမြို့သားတွေက ပို့လိုက်တဲ့ လက်ဆောင်တွေကိုယူပြီး သင့်သလို ထိုထိုပုဂ္ဂိုလ်တွေထံ ပို့ပေးတယ်။ တစ်မြို့လုံးကို သူမရဲ့ဂုဏ်တွေနဲ့ တစ်စပ်တည်းဖြစ်အောင် ပြုလုပ်လိုက်တယ်။ မင်္ဂလာနေ့စသည်တွေမှာ သူမရဲ့ယောက္ခမအထီးက အဝတ်မဝတ်တဲ့ တိတ္ထိတွေကို ပူဇော်မှုပြုရင်း ‘လာပြီး ငါတို့ရဲ့ရဟန်းတွေကို ရှိခိုးလှည့်ပါ’လို့ စေလွှတ်လိုက်တယ်။ သူမက ရှက်လို့ အဝတ်မပါတဲ့ တိတ္ထိတွေကို မကြည့်နိုင်တဲ့အတွက် မသွားချင်။ ဥဂ္ဂသူဌေးက ၄ ပ်ကာ

http://www.dhammadownload.com



ထပ်ကာ စေလွှတ်ပေမယ့်လည်း စူဠသုဘဒ္ဒါက ပယ်တဲ့အခါ စိတ်ဆိုးပြီး 'သူမကို ဆွဲထုတ်ကြ'လို့ ပြောတယ်။ သူမက 'ကျွန်မအပေါ် အကြောင်းမရှိဘဲ အပြစ်တင်လို့ မဖြစ်နိုင်'လို့ ပြောပြီး သူကြွယ်တွေကို ခေါ်ခိုင်းကာ အဲဒီအကြောင်းကို ပြောပြတယ်။ အဲဒီသူကြွယ်တွေက စူဠသုဘဒ္ဒါမှာ အပြစ်မရှိတာကိုသိပြီး သူဌေးကို နားလည်အောင် ပြောပြကြတယ်။ သူဌေးက 'ဒီချွေးမဟာ ငါ့ရဟန်းတွေကို အရှက်မရှိသူတွေလို့ ပြောပြီး ရှိမခိုး' လို့ မယားအား ပြောတယ်။ သူဌေးကတော်က 'ဒီချွေးမရဲ့ရဟန်းတွေက ဘယ်လိုရဟန်းတွေလဲ၊ အလွန်အကဲပဲ အဲဒီရဟန်းတွေကို ချီးမွမ်းတယ်'လို့ ပြောပြီး စူဠသုဘဒ္ဒါကို အခေါ်ခိုင်းကာ မေးတယ်။

'သင့်ရဲ့ရဟန်းတွေက ဘယ်လိုရဟန်းတွေလဲ။ သင်က အပြင်းအထန် အဲဒီရဟန်းတွေကို ချီးမွမ်းတယ်။ ဘယ်လိုသီလ၊ ဘယ်လိုအကျင့် ရှိကြသလဲ။ အဲဒီအကြောင်းကို ငါ့အားပြောပြပါ'

အဲဒီအခါ ယောက္ခမမိန်းမအား ဘုရားရှင်တွေနဲ့ ဘုရားတပည့်တွေရဲ့ဂုဏ်တွေကို ထင်ရှားပြလိုလို့ အောက်ပါအတိုင်း ပြောပြပါတယ်။

'ကျွန်မရဲ့ရဟန်းတွေက မျက်စိစတဲ့ဣန္ဒြေတွေ ငြိမ်သက်ကြပါတယ်။ စိတ်ငြိမ်သက်ကြပါတယ်။ သူတို့ရဲ့သွားပုံ ရပ်ပုံက ငြိမ်သက်ပါတယ်။ မျက်စိက လေးတောင်လောက်ပဲ ကြည့်ကြပါတယ်။ စကားကို ချင့်ချိန်ပြီး ပြောကြပါတယ်။ ကိုယ်မှု၊ နှုတ်မှု၊ စိတ်မှုတွေ စင်ကြယ်ကြပါတယ်၊ အပြစ်ကင်းကြပါတယ်၊ ခရုသင်း၊ ပုလဲလို တောက်ပကြပါတယ်။ အတွင်းအပြင် စင်ကြယ်ကြပါတယ်။ စင်ကြယ်တဲ့တရားတွေနဲ့ ပြည့်နေကြပါတယ်။ ကျွန်မရဲ့ ရဟန်းတွေက အဲဒီလိုရဟန်းတွေ ဖြစ်ပါတယ်'

'ကျွန်မရဲ့ရဟန်းတွေက လာဘ်ရခြင်း၊ အခြွေအရံရခြင်း၊ ချီးမွမ်းခံရခြင်း၊ ကိုယ်စိတ်ချမ်းသာခြင်းဆိုတဲ့ အကောင်းလောကဓံ လေးမျိုး

http://www.dhammadownload.com



ကြောင့် လောကသတ္တဝါတွေဟာ စိတ်တက်ကြွကြပါတယ်။ လာဘ်မရခြင်း၊ အခြွေအရံမဲ့ခြင်း၊ ကဲ့ရဲ့ခံရခြင်း၊ ကိုယ်စိတ်ဆင်းရဲခြင်းဆိုတဲ့ အဆိုးလောကဓံတွေကြောင့် လောကသတ္တဝါတွေဟာ စိတ်ဓာတ်ကျကြပါတယ်။ ကျွန်မရဲ့ရဟန်းတွေက အဲဒီကောင်းဆိုးလောကဓံတွေကြောင့် တစ်သားတည်း၊ အညီအမျှဖြစ်ကြပါတယ်။ မတုန်လှုပ်ကြပါ၊ ကျွန်မရဲ့ ရဟန်းတွေက အဲဒီလိုရဟန်းတွေဖြစ်ပါတယ်'

အဲဒီလိုစတဲ့စကားတွေနဲ့ ယောက္ခမမိန်းမကို နှစ်သက်စေပါတယ်။ အဲဒီအခါ စူဠသုဘဒ္ဒါကို ပြောပါတယ်။

'သင့်ရဟန်းတွေကို ငါတို့ကိုလည်း ပြနိုင်ပါသလား'

'ပြနိုင်ပါတယ်'

'ဒီလိုဆိုရင် အဲဒီရဟန်းတွေကို ငါတို့မြင်ရအောင် လုပ်ပေးပါ'

'ကောင်းပါပြီ'

စူဠသုဘဒ္ဒါက ဘုရားအမှူးရှိတဲ့ ရဟန်းသံဃာအတွက် အလှူကြီး စီမံကာ ပြာသာဒ်အပြင်အထက်မှာ ရပ်တည်ပြီး ဇေတဝန်ကျောင်းဘက် ရှေ့ရှုလျက် ရိုသေစွာ တည်ခြင်းငါးပါးနဲ့ ရှိခိုးတယ်။ ဗုဒ္ဓဂုဏ်တော်တွေကို ဆင်ခြင်ပြီး နံ့သာနဲ့ထုံထားတဲ့ ပန်း၊ အခိုးတွေနဲ့ ပူဇော်မှုပြုတယ်။ 'မြတ်စွာဘုရား၊ နက်ဖြန်ဆွမ်းကပ်ဖို့ ဘုရားအမှူးရှိတဲ့ ရဟန်းသံဃာကို တပည့်တော် ပင့်ဖိတ်ပါတယ်။ တပည့်တော်ရဲ့ ဒီအမှတ်အသားနဲ့ ဘုရားရှင်ဟာ တပည့်တော်ပင့်ဖိတ်တာကို သိတော်မူပါစေ' လို့ အဓိဋ္ဌာန်ကာ မြတ်လေး ရှစ်ဆုပ်တို့ကို ကောင်းကင်ပေါ် ပစ်တင်လိုက်တယ်။ ပန်းတွေက သွားပြီး ပရိသတ်လေးပါးအလယ်မှာ တရားဟောနေတဲ့ ဘုရားရှင်ရဲ့အထက်မှာ ပန်းမျက်နှာကြက်ဖြစ်ပြီး တည်နေကြတယ်။ အဲဒီခဏမှာ အနာထပိဏ်ကလည်း တရားနာပြီး နက်ဖြန်ဆွမ်းကပ်ဖို့ ဘုရားရှင်ကို ပင့်ဖိတ်တယ်။ ဘုရားရှင်က 'သူကြွယ်၊ ငါဘုရားဟာ နက်ဖြန်အတွက် ဆွမ်းလက်ခံပြီးပြီ'လို့ မိန့်တဲ့အခါ

http://www.dhammadownload.com



'မြတ်စွာဘုရား၊ တပည့်တော်ထက် အရင်ကျပြီး လာသူမရှိပါ။ မြတ်စွာဘုရားက ဘယ်သူ့ရဲ့ဆွမ်းကို လက်ခံလိုက်ပါသလဲ'လို့ လျှောက်တယ်။

'သူကြွယ်၊ စူဠသုဘဒ္ဒါက ပင့်ဖိတ်ပြီးပြီ'

'မြတ်စွာဘုရား၊ စူဠသုဘဒ္ဒါက ဒီအရပ်ကနေ ယူဇနာ ၁၂၀ ဝေးတဲ့အရပ်မှာ နေတယ်မဟုတ်ပါလား'

'သူကြွယ်၊ ဟုတ်တယ်။ သူတော်ကောင်းတွေဟာ အရပ်ဝေးမှာ နေကြပေမယ့် မျက်မှောက်မှာ ရပ်တည်နေကြသလိုပဲ ထင်ရှားကြတယ်'

'ရှေးဘုရားရှင်တွေလက်ထက်မှာ ဆုတောင်းကာ ကောင်းမှုများစွာ ပြုလာခဲ့ကြတဲ့ ဘာဝနာပွားသူတွေဟာ အဝေးအရပ်မှာ တည်နေကြပေမယ့် ဘုရားရှင်တွေရဲ့ ဉာဏ်လမ်းကြောင်းပေါ်လာကာ ထင်ရှားကြတယ်။ ဥပမာ– ဟိမဝန္တာတောင်ဟာ အဝေးနေသူတွေမှာလည်း မျက်မှောက်မှာ တည်နေသလို ထင်ရှားသကဲ့သို့ပါပဲ။

မျက်မှောက်အစကိုသာ အလေးပြုပြီး နောင်ဘဝကို ဂရုမစိုက်ကြတဲ့ ပစ္စည်းအပေါ် လိုချင်မျက်စိရှိသူ လူမိုက်တွေဟာ ဘုရားရှင်တွေရဲ့ လက်ယာပုဆစ်ဒူးနားမှာ ထိုင်နေကြပေမယ့် မတည်ထင်ရှားကြပါပဲ။ ဥပမာ– ၁၄ ရက် လဆုတ်၊ မိုးတိမ်အုပ်သည်၊ တောရှုပ်သန်းခေါင် အမိုက်မှောင်မှာ ပစ်လိုက်တဲ့မြားတွေဟာ မထင်ရှားသလိုပါပဲ'

ဒေသနာအဆုံးမှာ များစွာသောပုဂ္ဂိုလ်တွေဟာ သောတာပန်စသည်ဖြစ်ကြပါတယ်။ သိကြားမင်းက 'ဘုရားရှင်ဟာ သုဘဒ္ဒါရဲ့ ပင့်ဖိတ်တာကို လက်ခံထားတယ်'လို့ သိပြီး ဝိသကြုံနတ်သားကို 'အထွတ်ပါတဲ့ အဆောက်အဦး ၅၀၀ ကို ဖန်ဆင်းပြီး နက်ဖြန်မှာ ဘုရားအမှူးရှိတဲ့ ရဟန်းသံဃာကို ဥဂ္ဂမြို့သို့ ပင့်ဆောင်ခဲ့ပါ'လို့ စေခိုင်းလိုက်တယ်။ ဝိသကြုံနတ်သားက နောက်နေ့မှာ အထွတ်ပါတဲ့ အဆောက်အဦး ၅၀၀ ကို ဖန်ဆင်းပြီး ဇေတဝန်ကျောင်းတံခါးမှာ ရပ်တည်တယ်။ ဘုရားရှင်က ရွေးချယ်ပြီး စင်ကြယ်တဲ့ရဟန္တာ ၅၀၀

http://www.dhammadownload.com



ကိုသာ ခေါ်ယူကာ အခြံအရံနဲ့တကွ အထွတ်ပါတဲ့ အဆောင်တွေမှာ ထိုင်ပြီး ဥဂ္ဂမြို့ကိုသွားတယ်။ ဥဂ္ဂသူဌေးကလည်း အခြံအရံနဲ့တကွ သုဘဒ္ဒါပေးတဲ့နည်းအတိုင်းပဲ ဘုရားရှင်ကြွလာရာလမ်းကို ကြည့်တဲ့အခါ ဘုရားရှင် ကြီးကျယ်တဲ့အသရေတော်နဲ့ ကြွလာတာကို မြင်ရတယ်။ ကြည်ညိုစိတ်ဖြစ်ပြီး ပန်းစသည်တွေနဲ့ အကြီးအကျယ်ပူဇော်မှုပြုတယ်။ အခြံအရံနဲ့တကွ လက်ခံပြီး ရှိခိုးကာ အလှူကြီး လှူတယ်။ အထပ်ထပ် ပင့်ဖိတ်ပြီး ခုနစ်ရက်ပတ်လုံး အလှူကြီးလှူတယ်။ ဘုရားရှင်ကလည်း ဥဂ္ဂသူဌေးအား သင့်လျော်တာကို မှတ်သားပြီး တရားဟောတယ်။ ဥဂ္ဂသူဌေးကို အစပြုပြီး သတ္တဝါပေါင်း ရှစ်သောင်းလေးထောင်ဟာ တရားထူးကို ထိုးထွင်းသိတယ်။ ဘုရားရှင်က 'စူဠသုဘဒ္ဒါကို ချီးမြှောက်ဖို့ သင်ဟာ ဒီမြို့မှာပဲ နေရစ်'လို့ အရှင်အနုရုဒ္ဓါကို ပြန်သွားခိုင်းပါတယ်။ ပြီးတော့ သာဝတ္ထိမြို့ကိုပဲ ကြွသွားပါတယ်။ အဲဒီအချိန်ကစပြီး အဲဒီ မြို့ဟာ သဒ္ဓါနဲ့ပြည့်စုံလာတယ်။

(ဓမ္မပဒ၊ ဠ၊ ၃၊ ၂၉၀)

http://www.dhammadownload.com

# ဓနဉ္စာနီ ပုဏ္ဏေးမ

ဘာရဒွါဇအနွယ်ရှိ ပုဏ္ဏားဟာ မိစ္ဆာဒိဋ္ဌိ (ဘာသာခြားအယူ) ရှိသူဖြစ်လို့ 'ဘုရား၊ တရား၊ သံဃာ'လို့ ပြောလိုက်ရင် နားကိုပိတ်ထားတယ်။ ခက်ထန်တယ်။ ရှားငုတ်နဲ့တူတယ်။ ဓနဉ္စာနီပုဏ္ဏေးမကတော့ သောတာပန် အရိယာသာဝိကာဖြစ်တယ်။ ပုဏ္ဏားက အလှူလှူတဲ့အခါ ပုဏ္ဏား ၅၀၀ အား ရေမပါတဲ့ နို့ဃနာကို လှူတယ်။ ပုဏ္ဏေးမက ဘုရားအမှူးရှိတဲ့ သံဃာအား အရသာအမျိုးမျိုးပါတဲ့ စားဖွယ်ကို လှူတယ်။ ပုဏ္ဏားလှူတဲ့နေ့မှာ ပုဏ္ဏေးမက ပုဏ္ဏားရဲ့ အလိုလိုက်တာရယ်၊ နမြောမှုပယ်ထားတာရယ်ကြောင့် ကိုယ်တိုင်လက်နဲ့ ပြုစုလုပ်ကျွေးတယ်။ ပုဏ္ဏေးမ လှူတဲ့နေ့မှာတော့ ပုဏ္ဏားက စောစောပဲ အိမ်မှထွက်ပြီး ပြေးတယ်။ တစ်နေ့မှာ ပုဏ္ဏားက ပုဏ္ဏေးမနဲ့အတူ မတိုင်ပင်ဘဲ ပုဏ္ဏား ၅၀၀ ကို ပင့်ဖိတ်ကာ 'အို ရှင်မ၊ နက်ဖြန် ငါတို့အိမ်မှာ ပုဏ္ဏား ၅၀၀ ဆွမ်းဘုဉ်းပေးကြလိမ့်မယ်'လို့ ပုဏ္ဏေးမကို ပြောတယ်။

'ပုဏ္ဏား၊ ကျွန်မက ဘာကိုလုပ်ရမှာလဲ'

'သင်က အခြားဘာကိုမှ လုပ်စရာမရှိပါ။ ချက်တာ၊ ပြုစုလုပ်ကျွေးတာ အားလုံးကို အခြားသူတွေ ပြုလုပ်ကြပါလိမ့်မယ်။ သင်က ရပ်ရင်းရော၊ ထိုင်ရင်းရော၊ ချေဦးရော၊ ချောင်းဆိုးပြီးရော 'နမော ဗုဒ္ဓဿ၊ ဘုရားရှင်အား ရှိခိုးပါ၏'လို့ ကတုံးစုတ်ရဟန်းယုတ်အား ရှိခိုးပူဇော်တယ်။ အဲဒါကို နက်ဖြန်တစ်နေ့လောက် မလုပ်ပါနဲ့။ အဲဒီစကားကို ကြားရပြီး ပုဏ္ဏားတွေက စိတ်မချမ်းမသာဖြစ်ကြတယ်။ ငါ့ကို ပုဏ္ဏားတွေနဲ့ စိတ်ဝမ်းကွဲအောင် မလုပ်ပါနဲ့'

http://www.dhammadownload.com



'သင်ဟာ ပုဏ္ဏားတွေနဲ့ပဲ ကွဲကွဲ၊ နတ်တွေနဲ့ပဲကွဲကွဲ ကျွန်မက တော့ ဘုရားရှင်ကို အဖန်ဖန်အောက်မေ့ပြီး ရှိမခိုးဘဲ မရပ်တည်နိုင်ပါ'

'ရှင်မ၊ အိမ်ခြေ ၁၀၀ ရှိတဲ့ရွာမှာ ရွာတံခါးကိုတောင် ပိတ်ဖို့ ကြိုးစားကြသေးတယ်။ သင်က လက်နှစ်ဘက်နဲ့ ပိတ်ထိုက်တဲ့ပါးစပ်ကို ပုဏ္ဏားတွေ စားနေချိန်လေးမှာ မပိတ်နိုင်ဘူးလား'

အဲဒီလို ထပ်ကာထပ်ကာ ပြောပြီးလည်း ပုဏ္ဏားက မတားမြစ်နိုင်လို့ ဦးခေါင်းရင်းမှာထားတဲ့ အဖျားဝန်းဝိုင်းတဲ့ သန်လျက်ကိုယူပြီး ပြောတယ်။

'ရှင်မ၊ နက်ဖြန်ခါ ပုဏ္ဏားတွေ ထိုင်နေတဲ့အခါ အဲဒီကတုံးရဟန်းယုတ်ကို သင်ရှိခိုးရင် ဒီသန်လျက်နဲ့ သင့်ကိုခြေဖျားကနေ ဆံဖျားတိုင်အောင် မျှစ်နုလိုထောင်းကာ အစုအပုံလုပ်ပစ်မယ်'

အရိယာသာဝိကာဖြစ်တဲ့ ဓနဉ္စာနီပုဏ္ဏေးမကတော့ မြေကြီးလိုပဲ တုန်လှုပ်အောင်လုပ်ဖို့ ခဲယဉ်းတယ်။ မြင်းမိုရ်တောင်လိုပဲ လိမ့်အောင်လုပ်ဖို့ခဲယဉ်းတယ်။ ဒါကြောင့် ပုဏ္ဏေးမက ပုဏ္ဏားကို ဒီလိုပြောတယ်။

'ပုဏ္ဏား၊ သင်က ငါ့ရဲ့အင်္ဂါကြီးငယ်တွေကို ဖြတ်တောက်စေဦးတော့၊ ငါက မြတ်စွာဘုရားရဲ့သာသနာမှ မရှောင်လွှဲအံ့'

'ဥက္ကာကအနွယ်မြတ်ကို ဆောင်တော်မူကြတဲ့ ဘုရားရှင်တွေကို ငါဟာ ဆန့်ကျင်ဖို့မစွမ်းပါ။ ငါဟာ မြတ်စွာဘုရားရဲ့သမီးတော် ဖြစ်ပါတယ်။ ငါ့ကိုဖြတ်လိုက ဖြတ်ပါ၊ သတ်လိုက သတ်ပါ'

အဲဒီလိုစသည်ဖြင့် ဓနဉ္စာနီက ကြုံးဝါးတဲ့ဂါထာ ၅၀၀ ကို ရွတ်ဆိုပါတယ်။ ပုဏ္ဏားက ပုဏ္ဏေးမကို သုံးသပ်ဖို့၊ ပုတ်ခတ်ဖို့ မစွမ်းနိုင်လို့ 'ရှင်မ၊ သင် လုပ်ချင်တာကို လုပ်ပါ'လို့ ပြောကာ သန်လျက်ကို အိပ်ရာပေါ်ပစ်ချလိုက်တယ်။ နောက်နေ့မှာ အိမ်ကို နွားချေးအစိုနဲ့ လိမ်းကျံခိုင်းတယ်။ ပေါက်ပေါက်၊ ရေပြည့်အိုး၊ ပန်း၊ နံ့သာစသည်တွေနဲ့ ထိုထိုနေရာတွေမှာ တန်ဆာဆင်ခိုင်းတယ်။ ပုဏ္ဏား ၅၀၀ အတွက်

http://www.dhammadownload.com



ထောပတ်သစ်၊ သကြား၊ ပျားရည်ရောစပ်ထားတဲ့ ရေမပါနို့ဃနာကို စီစဉ်ခိုင်းပြီး အချိန်ကို လျှောက်ကြားခိုင်းတယ်။

ပုဏ္ဏေးမကလည်း နံနက်စောစောပဲ နံ့သာရေနဲ့ ကိုယ်တိုင် ရေချိုးတယ်။ တစ်ထောင်တန် အဝတ်အသစ်ကိုဝတ်တယ်။ ၅၀၀ တန် အဝတ်ကိုလက်ဝဲပခုံးပေါ်တင်တယ်။ တန်ဆာအားလုံးနဲ့ တန်ဆာ ဆင်ထားတယ်။ ရွှေဇွန်းကိုယူပြီး ဆွမ်းစားဆောင်မှာ ပုဏ္ဏားတွေကို ပြုစုလုပ်ကျွေးတယ်။ အဲဒီပုဏ္ဏားတွေနဲ့အတူ တစ်တန်းတည်းမှာ ထိုင်နေ တဲ့ဘာရဒ္ဒါဇပုဏ္ဏားထံ ထမင်းသယ်ဆောင်သွားတဲ့အခါ မကောင်းသဖြင့် ထားအပ်တဲ့ သစ်သားဘဏ္ဍာပေါ် ချော်လဲတယ်။ ချော်လဲရာမှာ ထိခိုက်လို့ ဒုက္ခဝေဒနာဖြစ်ပေါ်လာတယ်။ အဲဒီအခါမှာ ဘုရားရှင်ကို သတိရတယ်။ သတိနဲ့ပြည့်စုံလို့ နို့ဃနာခွက်ကို မစွန့်ဘဲ ဖြည်းဖြည်းချကာ မြေကြီး ပေါ် ကောင်းစွာတည်စေတယ်။ ပုဏ္ဏား ၅၀၀ ရဲ့အလယ်မှာ ဦးခေါင်း ပေါ် လက်အုပ်တင်ပြီး ဝေဠုဝန်ကျောင်းဘုရားရှိရာကို လက်အုပ်ချီကာ အောက်ပါဥဒါန်းဂါထာကို သုံးကြိမ် ကျူးရင့်တယ်။

"နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။"

ကိလေသာတွေမှ ဝါသနာနှင့်တကွ ဝေးကွာပြီး သိစရာမှန်သမျှ ကို မှန်ကန်စွာ ကိုယ်တိုင်သိတော်မူတဲ့ ထိုဘုရားရှင်အား ရှိခိုးပါ၏။

အဲဒီအချိန်မှာ အဲဒီပုဏ္ဏားတွေထဲက တချို့က စားပြီးကြပြီ၊ တချို့က စားဆဲ၊ တချို့က လက်တွေကိုစားဖို့ ချပြီးခါစ၊ တချို့ပုဏ္ဏား တွေရဲ့ရှေ့မှာ စားဖွယ်ကိုထားပြီးခါစ ရှိသေးတယ်။ အဲဒီပုဏ္ဏားတွေက အဲဒီဘုရားရှိခိုးသံကို ကြားပြီးချင်းပဲ မြင်းမိုရ်တောင်လောက် တင်းပုတ်နဲ့ ဦးခေါင်းမှာ ရိုက်ပုတ်ခံကြရသလို၊ နားတွေမှာ တံချွန်နဲ့ ထိုးဖောက်ခံ ကြရသလို ကိုယ်ဆင်းရဲ၊ စိတ်ဆင်းရဲကို ခံစားကြရတယ်။ 'ဒီဘာသာခြား အယူရှိသူက ငါတို့ကို အိမ်ထဲသွင်းထားတယ်'လို့ အမျက်ထွက်ပြီး လက်ထဲက ထမင်းကိုစွန့်ပစ်ကာ ပါးစပ်နဲ့ယူထားတဲ့အစာကို ထွေးပစ်

http://www.dhammadownload.com



ကြတယ်။ လေးကိုမြင်ရတဲ့ ကျီးတွေလို ပုဏ္ဏားဘာရဒွါဇကို ဆဲရေးကာ အရပ်မျက်နှာတွေဆီ ဖဲသွားကြတယ်။ ဘာရဒွါဇပုဏ္ဏားက အဲဒီလိုခွဲပြီး သွားတဲ့ ပုဏ္ဏားတွေကိုကြည့်ပြီး ပုဏ္ဏေးမကို ဦးခေါင်းကစပြီး ကြည့်တယ်။ 'ဒီဘေးကိုပဲမြင်လို့ ငါတို့က မနေ့ကစပြီး ရှင်မကို တောင်းဆိုပေမယ့် မရကြ'လို့ ဆဲနည်းအမျိုးမျိုးတွေနဲ့ ပုဏ္ဏေးမကို ဆဲတယ်။

'ဒီအယုတ်မဟာ ဟိုအကြောင်း၊ ဒီအကြောင်းတွေနဲ့ ကတုံးစုတ် အဲဒီရဟန်းရဲ့ဂုဏ်ကို အဲဒီလိုပဲချီးမွမ်းပြောဆိုတယ်။ အယုတ်မ၊ အခု ငါဟာ သင့်ဆရာဂေါတမအပေါ် ဝါဒတင်မယ်'

'အို ပုဏ္ဏား၊ နတ်၊ မာရ်နတ်၊ ဗြဟ္မာနဲ့တကွဖြစ်တဲ့ လောကမှာ သူတော်ကောင်းသမဏ၊ ဗြာဟ္မဏ၊ နတ်၊ လူတွေနဲ့တကွဖြစ်တဲ့ လူအပေါင်းမှာ ဘုရားရှင်အပေါ် ဝါဒတင်နိုင် အနိုင်ယူနိုင်တဲ့ပုဂ္ဂိုလ်ကို ငါဟာ မမြင်ပါ။ ပုဏ္ဏား၊ ဒါပေမဲ့ သင်သွားပါ၊ သွားပြီး သိရပါလိမ့်မယ်'

ပုဏ္ဏားက တွေးတယ်။

'ရဟန်းဂေါတမဟာ ရွာ၊ နိဂုံး၊ နိုင်ငံရဲ့ အပူဇော်ခံပုဂ္ဂိုလ်ဖြစ်တယ်။ သွားပြီး ပေါက်တတ်ကရစကားတွေကို ပြောပြီး ခြိမ်းခြောက်လို့ မဖြစ်နိုင်၊ ရဟန်းဂေါတမကို ပြဿနာတစ်ခုကိုပဲ မေးမယ်'

အဲဒီလိုတွေးပြီး သွားရင်းပဲ 'ဘာကိုဖြတ်တောက်ရင် ချမ်းသာစွာနေရပါသလဲ'စတဲ့ ဂါထာစကားကို စီစဉ်တယ်။ 'ငါဟာ ဘယ်သူ့ကို သတ်တာကို သဘောကျတယ်'လို့ ရဟန်းဂေါတမက ပြောခဲ့ရင် အဲဒီအခါ ရဟန်းဂေါတမကို 'သင်မကြိုက်တဲ့သူတွေကို သင်က သတ်ချင်တယ်၊ သင်ဟာ လောကို သတ်ဖို့ဖြစ်ပေါ်လာတယ်။ သင့်မှာ ရဟန်းအဖြစ်နဲ့ အကျိုးမရှိ'လို့ ပြောကာ နှိပ်ကွပ်မယ်။ 'ဘယ်သူ့ကိုမှ သတ်တာကို ငါမကြိုက်'လို့ ရဟန်းဂေါတမက ပြောခဲ့ရင် အဲဒီအခါ ရဟန်းဂေါတမကို 'သင်ဟာ ရာဂစတဲ့အကုသိုလ်တွေကိုတောင် သတ်တာကို

http://www.dhammadownload.com



မကြိုက်၊ ဘာကြောင့် ရဟန်းလုပ်ပြီး လှည့်လည်နေသလဲ'လို့ နှိပ်ကွပ်မယ်။ အဲဒီလိုဆိုရင် အစွန်းနှစ်ဖက်ထွက်တဲ့ ဒီပြဿနာကို ရဟန်းဂေါတမဟာ ငုံလည်း မငုံနိုင်၊ ထွေးလည်း မထွေးနိုင်ဖြစ်လိမ့်မယ်' လို့ တွေးကာ စိတ်ဆိုးဆိုးနဲ့ ဘုရားရှင်ထံချဉ်းကပ်တယ်။ ပုဏ္ဏားက ပညာရှိလို့ အမျက်ထွက်ကြောင်း မပြဘဲ ဘုရားရှင်နဲ့ ဝမ်းမြောက်ဝမ်းသာစကား၊ တစ်သက်အမှတ်ရဖွယ်စကားကို ပြောတယ်။ ပြောပြီး သင့်တင့်ရာအရပ်မှာ ထိုင်ကာ ဘုရားရှင်ကို မေးတယ်။

'ဘာကိုဖြတ်တောက်ပြီးရင် ချမ်းသာစွာ နေရပါသလဲ။ ဘာကိုဖြတ်တောက်ပြီးရင် ဝမ်းမနည်းရပါသလဲ။ အရှင်ဂေါတမ၊ သင်ဟာ အဘယ်တရားတစ်ခုကို သတ်တာနှစ်သက်ပါသလဲ'

ဘုရားရှင်က **'ဒေါသကိုဖြတ်ရင် ချမ်းသာစွာနေရတယ်။ ဝမ်းမနည်းရ၊ ဒေါသသတ်တာကို အရိယာတွေက ချီးမွမ်းကြတယ်'**လို့ ဖြေကြားရာ ဘာရဒွါဇပုဏ္ဏားဟာ သဘောကျသွားပါတယ်။ ရတနာသုံးပါးကို ဆည်းကပ်သူ ဖြစ်သွားပါတယ်။ ရှင် ရဟန်းလည်း ဖြစ်သွားပါတယ်။ ရဟန်းဖြစ်ပြီးမကြာခင် တစ်ပါးတည်းနေကာ ကြိုးစားအားထုတ်လိုက်ရာ ရဟန္တာဖြစ်သွားပါတယ်။ အရှင်ဘာရဒွါဇဟာ ရဟန္တာတွေထဲမှာ တစ်ပါးအပါအဝင်ဖြစ်သွားပါတယ်။

(သံ၊ ဋ္ဌ၊ ပ၊ ၂၀၇။ သံ၊ ပါဠိ၊ ပ၊ ၁၆၂)

http://www.dhammadownload.com

# မလ္လိကာ (ကောသလမင်းရဲ့ မိဖုရားခေါင်ကြီး)

မလ္လိကာဟာ ဆင်းရဲတဲ့ပန်းသည်ရဲ့သမီး ဖြစ်ပါတယ်။ တစ်နေ့မှာ ဈေးကမုန့်ကိုယူပြီး 'ပန်းခြံကိုသွားပြီးမှ စားမယ်'လို့ ကြံကာ သွားတယ်။ ခရီးရင်ဆိုင်မှာ ရဟန်းအပေါင်းခြံရံပြီး ဆွမ်းခံဝင်နေတဲ့ဘုရားရှင်ကို မြင်သွားတယ်။ ကြည်ညိုစိတ်ဖြစ်ပြီး အဲဒီမုန့်ကို ဘုရားရှင်အား လှူတယ်။ ဘုရားရှင်က ထိုင်မယ့်အခြင်းအရာကို ပြတယ်။ အရှင်အာနန္ဒာက သင်္ကန်းကိုခင်းပြီး ပေးတယ်။ ဘုရားရှင်က အဲဒီသင်္ကန်းပေါ်ထိုင်ပြီး အဲဒီမုန့်ကို ဘုဥ်းပေးတယ်။ ပါးစပ်ကိုဆေးပြီး ပြုံးတော်မူတယ်။ အရှင်အာနန္ဒာက မေးတယ်။

'မြတ်စွာဘုရား၊ အဲဒီအမျိုးသမီးမှာ ဘယ်လိုအကျိုး ဖြစ်ပေါ်မှာပါလဲ'

'အာနန္ဒာ၊ ဒီနေ့ ဒီအမျိုးသမီးဟာ ဘုရားရှင်အား ပထမစားဖွယ်ကို လှူတယ်၊ ဒီနေ့ပဲ ကောသလမင်းရဲ့ မိဖုရားခေါင်ကြီး ဖြစ်လိမ့်မယ်'

အဲဒီနေ့မှာပဲ ကောသလမင်းက ကာသိရွာမှာ တူဖြစ်တဲ့ အဇာတသတ်နဲ့ စစ်ထိုးရာ ရှုံးလို့ ပြေးပြီး မြို့ကိုလာတယ်။ ပန်းခြံဝင်ပြီး စစ်တပ်အလာကိုစောင့်နေတယ်။ ကောသလမင်းအား မလ္လိကာက ဧည့်ဝတ်ပြုပေးတယ်။ ကောသလင်းက မလ္လိကာရဲ့ဧည့်ဝတ်ကို သဘောကျပြီး မလ္လိကာကို နန်းတော်တွင်းဆောင်ယူခိုင်းကာ မိဖုရားခေါင်ကြီးအရာမှာ ထားတယ်။ တစ်နေ့မှာ ကောသလမင်းက ကြံတယ်။

'ငါဟာ ဆင်းရဲတဲ့ဒီအမျိုးသမီးအား ကြီးကျယ်တဲ့အစိုးရမှုကို ပေးထားတယ်။ ငါဟာ ဒီမလ္လိကာကို 'သင်ဟာ ဘယ်သူ့ကို ချစ်သလဲ'

http://www.dhammadownload.com



လို့ မေးရရင် ကောင်းလေစွ။ 'အရှင်မင်းကြီး၊ သင့်ကို ငါက ချစ်ပါတယ်'လို့ မလ္လိကာက ပြောပြီး တစ်ဖန် ငါ့ကိုမေးတဲ့အခါ 'ငါလည်း သင့်ကိုသာ ချစ်ပါတယ်'လို့ ပြောမယ်'

ကောသလမင်းဟာ အချင်းချင်း အကျွမ်းဝင်မှုကို ဖြစ်စေဖို့ ဝမ်းမြောက်ဖွယ်စကားကို ပြောရင်း မေးတယ်။ အဲဒီမလ္လိကာမိဖုရားက တော့ ပညာရှိတယ်၊ ဘုရား၊ တရား၊ သံဃာကို ပြုစုလုပ်ကျွေးတယ်။ ပညာကြီးတယ်။ ဒါကြောင့် ဒီလိုကြံတယ်။

'ဒီပြဿနာကို မင်းရဲ့မျက်နှာကိုကြည့်ပြီး မဖြေဆိုထိုက်'

မလ္လိကာဟာ သူ့သဘောအတိုင်းပဲ ဖြေပြီး မင်းကိုမေးတယ်။ မင်းက မလ္လိကာက သူ့သဘောအတိုင်း ဖြေထားလို့ ပြန်လှည့်ခွင့်မရ တဲ့အတွက် ကိုယ်တိုင်လည်း ကိုယ့်သဘောနဲ့ပဲ ဖြေကာ 'ဒါဟာ အကြောင်းရှိတယ်။ ဒီပြဿနာကို ဘုရားရှင်အား လျှောက်ထားပြမယ်'လို့ ကြံကာ သွားပြီး ဘုရားရှင်အား လျှောက်ထားတယ်။

(သံယုတ်၊ ၄၊ ပ၊ ၁၂၉)

ပသေနဒိကောသလမင်းက မလ္လိကာမိဖုရားနဲ့အတူ မြတ်တဲ့ ပြာသာဒ်အပေါ် ရောက်နေတယ်။ အဲဒီအခါ ပသေနဒိကောသလမင်းက မလ္လိကာမိဖုရားကို မေးတယ်။

'မလ္လိကာ၊ သင့်မှာ မိမိကိုယ်ထက် ပိုချစ်ရတဲ့ အခြားသူက ဘယ်သူပါလဲ'

'အရှင်မင်းကြီး၊ ကျွန်မမှာ မိမိကိုယ်ထက် ပိုချစ်ရတဲ့ အခြားသူ မရှိပါ။ အရှင်မင်းကြီး၊ သင့်မှာတော့ မိမိကိုယ်ထက် ပိုချစ်ရတဲ့ အခြား သူတစ်စုံတစ်ယောက် ရှိပါသေးသလား'

'မလ္လိကာ၊ ငါ့မှာလည်း မိမိကိုယ်ထက် ပိုချစ်ရတဲ့ အခြားသူ တစ်စုံတစ်ယောက် မရှိပါ'

အဲဒီအခါ ပသေနဒိကောသလမင်းက ပြာသာဒ်ပေါ်ကဆင်းပြီး

http://www.dhammadownload.com



ဘုရားရှင်ရှိရာကို သွားပြီး ရှိခိုးကာ သင့်တင့်ရာအရပ်မှာ ထိုင်တယ်။ ဘုရားရှင်အား မလ္လိကာနဲ့ အမေးအဖြေလုပ်ခဲ့တဲ့ စကားတွေကို ပြန်လည်လျှောက်ထားပြတယ်။ အဲဒီအခါ ဘုရားရှင်က အဲဒီအကြောင်းအရာကို သိပြီး အဲဒီအချိန်မှာ ဒီဥဒါန်းစကားကို ကျူးရင့်တယ်။

'အရပ်မျက်နှာအားလုံးကို စိတ်နဲ့လှည့်လည်ပြီး ရှာဖွေပေမယ့် မိမိကိုယ်ထက် ပိုချစ်ရသူကို ဘယ်နေရာမှာမှ မတွေ့ရ၊ အဲဒီလိုပဲ အခြားသတ္တဝါများစွာဟာ သူတို့ကိုယ်ကို ချစ်ကြတယ်။ ဒါကြောင့် မိမိအကျိုးစီးပွားကို လိုလားသူဟာ သူတစ်ပါးကိုမညှဉ်းဆဲရ'

(သံ၊ ပါဠိ၊ ပ၊ ၇၅)

တစ်ချိန်မှာ ဘုရားရှင်ဟာ ခရီးဒေသစာရီ လှည့်လည်ပြီး ရဟန်း ၅၀၀ ခြံရံကာ ဇေတဝန်ကျောင်းကို ဝင်တယ်။ ကောသလမင်းက ကျောင်းကိုသွားပြီး ဘုရားရှင်ကိုပင့်ဖိတ်ကာ နောက်နေ့မှာ အာဂန္တု (ဧည့်သည်ရဟန်း) တွေအား လှူဖို့ အလှူစီစဉ်တယ်။ 'ငါ့ရဲ့အလှူကို ကြည့်ကြပါ'လို့ မြို့သူမြို့သားတွေကို ခေါ်တယ်။ မြို့သူမြို့သားတွေက လာပြီး မင်းရဲ့အလှူကို ကြည့်ကာ နောက်နေ့မှာ ဘုရားရှင်ဖို့ ပင့်ဖိတ်ကြတယ်။ အလှူကိုစီစဉ်ပြီး 'အရှင်မင်းကြီး ကျွန်တော်တို့ရဲ့အလှူကိုလည်း ကြည့်ပါ'လို့ မင်းထံ သတင်းပို့ကြတယ်။ မင်းက မြို့သူမြို့သားတွေရဲ့အလှူကို ကြည့်ပြီး 'ဒီမြို့သူမြို့သားတွေက ငါ့အလှူထက် သာအောင် ပြုလုပ်ထားတယ်။ တစ်ဖန် အလှူပြုလုပ်မယ်'လို့ ကြံကာ နောက်နေ့မှာလည်း အလှူကို စီစဉ်တယ်။ မြို့သူမြို့သားတွေကလည်း အဲဒီအလှူကိုမြင်ပြီး နောက်နေ့မှာ စီစဉ်ကြတယ်။ အဲဒီလိုနည်းနဲ့ မင်းက မြို့သူမြို့သားတွေကို ရှုံးအောင်မလုပ်နိုင်။ မြို့သူမြို့သားတွေက အဆတစ်ရာ၊ အဆတစ်ထောင် ပွားပြီး 'ဒီပစ္စည်းဟာ ဒီမြို့သူမြို့သားတွေရဲ့အလှူမှာ မရှိ'လို့ မပြောနိုင်လောက်အောင် အလှူကိုစီစဉ်ကြတယ်။

http://www.dhammadownload.com



မင်းက အဲဒီအလှူကိုကြည့်ပြီး 'ငါဟာ ဒီမြို့သူမြို့သားတွေရဲ့ အလှူထက် သာလွန်အောင် မလုပ်နိုင်ရင် ငါ့မှာ အသက်ရှင်လို့ အကျိုး မရှိ'လို့ တွေးကာ နည်းလမ်းကိုကြံရင်း လဲလျောင်းနေတယ်။ အဲဒီအခါ ကောသလမင်းကို မလ္လိကာမိဖုရားက ချဉ်းကပ်ပြီး မေးတယ်။

'မင်းကြီး၊ ဘာကြောင့် ဒီလိုလဲလျောင်းနေပါသလဲ။ ဘာ ကြောင့် သင့်ရဲ့ဣန္ဒြေတွေက ညှိုးနွမ်းသလို ဖြစ်နေတာပါလဲ'

'မိဖုရား၊ အခု သင်မသိဘူးလား'

'အရှင်မင်း၊ မသိပါ'

မင်းက မလ္လိကာအား အဲဒီအကြောင်းကို ပြောပြတယ်။ အဲဒီ အခါ မင်းကို မလ္လိကာက ဒီလိုပြောတယ်။

'အရှင်မင်း၊ မပူပါနဲ့။ မြေကိုအစိုးရတဲ့မင်းကို မြို့သူမြို့သားတွေ ကရှုံးအောင်လုပ်တာကို ဘယ်အရပ်မှာ သင်ဟာ မြင်ဖူးသလဲ။ ကြား ဖူးသလဲ။ ကျွန်မဟာ သင့်အတွက် အလှူကိုစီစဉ်ပါမယ်'

ကောသလမင်းရဲ့ အတုမရှိအလှူကို စီစဉ်လိုတဲ့အတွက် အဲဒီလို ပြောပြီး အောက်ပါအတိုင်း ပြောပြန်တယ်။

'မင်းကြီး၊ အင်ကြင်းသားပျဉ်ချပ်တွေနဲ့ ရဟန်း ၅၀၀ အတွက် အတွင်းအဝန်းမှာ ထိုင်စရာမဏ္ဍပ်လုပ်ခိုင်းပါ။ ကျန်တဲ့ရဟန်းတွေက အပြင်အဝန်းမှာ ထိုင်ကြပါလိမ့်မယ်။ ထီးဖြူ ၅၀၀ ကို ပြုလုပ်ခိုင်းပါ။ အဲဒီထီးတွေကိုယူပြီး ဆင် ၅၀၀ က ရဟန်း ၅၀၀ ရဲ့ဦးထိပ်မှာ ဆောင်းပေးကာ ရပ်တည်ကြပါလိမ့်မယ်။ ရွှေနီလှေ ရှစ်စင်း၊ ၁၀ စင်းကို ပြုလုပ်ခိုင်းပါ။ အဲဒီလှေတွေက မဏ္ဍပ်အလယ်မှာ ရှိကြပါလိမ့် မယ်။ ရဟန်းနှစ်ပါး နှစ်ပါးရဲ့အကြားမှာ မင်းသမီးတစ်ယောက် တစ်ယောက်စီက ထိုင်ကာ နံ့သာတွေကို ကျိတ်ကြပါလိမ့်မယ်။ မင်း သမီးတစ်ယောက်တစ်ယောက်စီက ယပ်တောင်ကိုယူပြီး ရဟန်းနှစ်ပါး နှစ်ပါးတို့ကို ယပ်ခတ်ကာ ရပ်တည်နေပါလိမ့်မယ်။ ကျန်မင်းသမီး

http://www.dhammadownload.com



တွေက ကျိတ်ပြီးတဲ့နံ့သာတွေကို သယ်ဆောင်ကာ ရွှေလှေတွေမှာ ထည့်ကြပါလိမ့်မယ်။ အဲဒီမင်းသမီးတွေထဲက တချို့မင်းသမီးတွေက ကြာညိုပန်းစည်းတွေကို ယူပြီး ရွှေလှေတွေမှာထည့်ထားတဲ့ နံ့သာတွေကို မွှေနှောက်ကာ အထုံကို ယူစေကြပါလိမ့်မယ်။ မြို့သူမြို့သားတွေမှာ မင်းသမီးတွေ မရှိကြ၊ ထီးဖြူတွေ မရှိကြ၊ ဆင်တွေလည်း မရှိကြ၊ ဒီအကြောင်းတွေကြောင့် မြို့သူမြို့သားတွေဟာ ရှုံးကြပါလိမ့်မယ်။ မင်းကြီး အဲဒီအတိုင်းပြုလုပ်ပါ'

'မိဖုရား၊ ကောင်းပြီ။ သင်က ကောင်းတာကို ပြောပေတယ်'

မင်းက မလ္လိကာ ပြောတဲ့နည်းအတိုင်း အားလုံးကို အလုပ်ခိုင်းတယ်။ ရဟန်းတစ်ပါးအတွက်တော့ ဆင်တစ်ကောင်က မလောက်င၊ အဲဒီအခါ မင်းက မလ္လိကာကို မေးတယ်။

'ရှင်မ၊ ရဟန်းတစ်ပါးအတွက် ဆင်တစ်ကောင်က မလောက်င၊ ငါ ဘာကိုလုပ်ရပါ့မလဲ'

'အရှင်မင်း၊ ဆင် ၅၀၀ ရှိတယ်မဟုတ်လား'

'မိဖုရား၊ ရှိတယ်။ ကျန်တဲ့ဆင်တွေက ဆင်ဆိုးတွေ ဖြစ်ကြတယ်။ အဲဒီဆင်တွေက ရဟန်းတွေကို မြင်ပြီးချင်းပဲ ဝေရမ္ဘလေလို ကြမ်းတမ်းကုန်ကြတယ်'

'အရှင်မင်း၊ ဆင်ဆိုးငယ်တစ်ကောင်အတွက် ထီးကိုယူပြီး တည်ရမယ့်နေရာကို ကျွန်မသိပါတယ်'

'အဲဒီဆင်ဆိုးငယ်ကို ဘယ်နေရာမှာ ထားရပါမလဲ'

'အရှင်အင်္ဂုလိမာလရဲ့အနီးမှာပါ'

မင်းက အဲဒီအတိုင်း အလုပ်ခိုင်းတယ်။ ဆင်ငယ်က မြီးထူးကို ပေါင်ကြားမှာထည့်ကာ နားနှစ်ဖက်တို့ကိုချပြီး မျက်စိတွေကို မှိတ်ကာ ရပ်တည်နေပါတယ်။ လူအများက 'ဒီလိုဆင်ကြမ်းရဲ့အမူအရာက ဒါပဲ' လို့ ဆင်ကိုသာကြည့်ကြတယ်။ မင်းက ဘုရားအမှူးရှိတဲ့ ရဟန်းသံဃာကို ပြုစုလုပ်ကျွေးပြီး ဘုရားရှင်ကိုရှိခိုးကာ လျှောက်တယ်။

http://www.dhammadownload.com



'မြတ်စွာဘုရား၊ ဒီအလှူပွဲမှာ အပ်စပ်တဲ့ပစ္စည်းကိုရော၊ မအပ်စပ်တဲ့ပစ္စည်းကိုပါ အားလုံးကို အရှင်ဘုရားတို့အားသာ လှူပါတယ်'

အဲဒီအလှူမှာ တစ်ရက်တည်းနဲ့ပဲ စွန့်လွှတ်တာက ၁၄ ကုဋေသော ဥစ္စာဖြစ်ပါတယ်။ ဘုရားရှင်အတွက် ထီးဖြူ၊ ထိုင်စရာ ပလ္လင်၊ သပိတ်ခြေ၊ ခြေဆေးအင်းပျဉ် ဒီလေးခုဟာ တန်ဖိုးမဖြတ်နိုင်တဲ့ အရာတွေပဲဖြစ်ပါတယ်။ တစ်ဖန် အဲဒီလိုအလှူကို ပြုလုပ်ပြီး ဘုရားရှင်တွေအား လှူတဲ့အလှူကို လှူနိုင်သူ မရှိပါ။ ဒါကြောင့်ပဲ အဲဒီအလှူဟာ 'အတူမရှိအလှူ'လို့ ထင်ရှားပါတယ်။ အဲဒီအလှူဟာ အားလုံးသော ဘုရားရှင်တွေမှာ တစ်ကြိမ်သာ ရှိပါတယ်။ အားလုံးအတွက် မိန်းမကပဲ စီမံပါတယ်။

(ဓမ္မပဒ၊ ၄၊ ၃၊ ၁၁၉)

ယူဇနာ ၆၀ ရှိ လောဟကုမ္ဘီငရဲ (သံရေပူငရဲ) မှာဖြစ်တဲ့ ယောကျ်ားလေးယောက်ဟာ ပွက်ပွက်ဆူတဲ့ ထမင်းအိုးထဲက ဆန်တွေလို တစ်ပြောင်းပြန်ပြန် ကျက်ကာ အနှစ်သုံးသောင်းတို့ဖြင့် အောက်အပြင်ကို ရောက်တယ်။ နောက်အနှစ်သုံးသောင်းတို့ဖြင့် တစ်ဖန် နှုတ်ခမ်းအရစ်ကို ရောက်ကြတယ်။ သူတို့ဟာ ဦးခေါင်းကိုဖော်ပြီး အချင်းချင်းကို ကြည့်ကာ တစ်ဂါထာစီ ရွတ်ချင်ပေမယ့် မရွတ်နိုင်ကြလို့ အက္ခရာ တစ်လုံးစီပဲ ရွတ်ဆိုကာ ပြန်လည်ပြီး လောဟကုမ္ဘီငရဲကိုပဲ ဝင်သွားကြတယ်။ မင်းက အိပ်မပျော်လို့ ညဉ့်လယ်ယံရဲ့အခြားမဲ့မှာ အဲဒီအသံကို ကြားရပြီး ကြောက်ရွံ့ထိတ်လန့်သွားတယ်။ 'ငါ့ရဲ့အသက်အန္တရာယ်ပဲ ဖြစ်မှာလား၊ ဒါမှမဟုတ် ငါ့မိဖုရားခေါင်ကြီးရဲ့အသက်အန္တရာယ်ပဲ ဖြစ်မှာလား၊ ဒါမှမဟုတ် ငါ့နိုင်ငံပဲ ပျက်စီးမှာလား'လို့ တွေးရင်း တစ်ညလုံး မျက်လုံးတွေကို မမှိတ်နိုင်၊ မင်းက အရုဏ်တက်ချိန်မှာပဲ ပုရောဟိတ်ကို အခေါ်ခိုင်းပြီး ပြောတယ်။

'ဆရာ၊ ငါဟာ အလယ်ပိုင်းယံရဲ့အခြားမဲ့မှာ ကြောက်ဖွယ်အသံကြီးတွေကို ကြားရတယ်။ နိုင်ငံ၊ သို့မဟုတ်၊ မိဖုရားခေါင်ကြီး၊ သို့

http://www.dhammadownload.com



မဟုတ်၊ ငါ ဘယ်သူ့မှာ အန္တရာယ်ဖြစ်မယ်လို့ ငါမသိပါ။ ဒါကြောင့် ငါက သင့်ကိုအခေါ်ခိုင်းတာပါ'

'မင်းကြီး၊ သင်က အဲဒီအသံတွေကို ဘယ်လိုကြားတာလဲ'

'ဆရာ ဒု၊ သ၊ န၊ သော ဆိုတဲ့အသံတွေကို ကြားခဲ့ပါတယ်။ အဲဒီအသံတွေရဲ့အကျိုးကို စူးစမ်းပါ'

ပုဏ္ဏားမှာ အမိုက်တိုက်ကြီးထဲ ဝင်တဲ့သူလို ဘာမှမထင်ရှား။ 'အကျွန်ုပ် မသိပါ'လို့ ပြောရင် 'ငါ့မှာ လာဘ် ပူဇော်မှု လျော့သွားလိမ့်မယ်'လို့ တွေးကြောက်ကာ 'မင်းကြီး၊ ဝန်လေးပါတယ်'လို့ ပြောတယ်။

'ဆရာ၊ ဘာပါလဲ'

'သင့်ရဲ့အသက်အန္တရာယ် ထင်ရှားတယ်'

မင်းက နှစ်ဆကြောက်သွားလို့ ပြောတယ်။

'ဆရာ၊ တားမြစ်ဖို့အကြောင်းတစ်စုံတစ်ရာ ရှိပါသလား'

'မင်းကြီး၊ ရှိပါတယ်။ မကြောက်ပါနဲ့၊ အကျွန်ုပ်ဟာ ဝေဒသုံးပုံကို တတ်သိပါတယ်'

'ဘာကို ရသင့်ပါသလဲ'

'အရှင်မင်း၊ အားလုံးတစ်ရာနဲ့ ယဇ်ပူဇော်ပြီး သင်ဟာ အသက်ကို ရပါလိမ့်မယ်'

'ဘာကို ရသင့်ပါသလဲ'

'ဆင် ၁၀၀၊ မြင်း ၁၀၀၊ နွားလား ၁၀၀၊ နို့စားနွားမ ၁၀၀၊ ဆိတ် ၁၀၀၊ သိုး ၁၀၀၊ ကြက် ၁၀၀၊ ဝက် ၁၀၀၊ ကလေးသူငယ် ၁၀၀၊ ကလေးသူငယ်မ ၁၀၀ အဲဒီလိုသတ္တဝါတစ်မျိုးတစ်မျိုးကို ၁၀၀ ၁၀၀ ပြုလုပ်ပြီး ယူခိုင်းတဲ့အခါ 'အသားကောင်တွေကိုပဲ အယူခိုင်းရင် သူ့ရဲ့စားစရာကိုသာ အယူခိုင်းတယ်လို့ ပြောကြမှာမို့ ဆင်၊ မြင်း၊ လူတွေကိုလည်း အယူခိုင်းပါတယ်။ မင်းက 'ငါ့အသက်သာ ငါ့ရဲ့လာဘ်ပဲ'လို့ တွေးကာ 'သတ္တဝါအားလုံးကို မြန်မြန်ဖမ်းယူကြ'လို့ ပြောတယ်။

http://www.dhammadownload.com



အခိုင်းခံရတဲ့ လူတွေက အလွန်အကဲပိုလွန်ပြီး ဖမ်းယူကြတယ်။ လူအများက မိမိ မိမိရဲ့သား သမီး ဆွေမျိုးတွေအတွက် ငိုကြွေးရင်း အသံကြီးကို ပြုလုပ်ကြတယ်။ မြေကြီးပြိုတဲ့အသံလို ဖြစ်သွားတယ်။ အဲဒီအခါ မလ္လိကာမိဖုရားက အဲဒီအသံကိုကြားရပြီး မင်းထံသွားကာ မေးတယ်။

'မင်းကြီး၊ သင့်ရဲ့ဣန္ဒြေတွေက ပင်ကိုယ်အတိုင်းမဟုတ်ပါလား ပင်ပန်းနေသလိုပဲ ထင်ရှားတယ်'

'မလ္လိကာ၊ သင့်မှာ ဘယ်လိုလဲ။ သင်ဟာ ငါ့နားအရင်းနားက အဆိပ်ပြင်းမြွေသွားတာကိုတောင် မသိပါလား'

'အရှင်မင်း၊ အဲဒါက ဘာပါလဲ'

'ညအခါမှာ ဒီလိုအသံကို ငါဟာ ကြားခဲ့ရတယ်။ ငါဟာ ပုရောဟိတ်ကိုမေးပြီး 'သင့်မှာ အသက်အန္တရာယ် ထင်ရှားတယ်။ အားလုံး တစ်ရာနဲ့ ယဇ်ပူဇော်ပြီး အသက်ကို သင်ရလိမ့်မယ်'လို့ ကြားရတယ်။ ငါ့အသက်သာ ငါ့ရဲ့လာဘ်ပဲ'လို့ ဒီသတ္တဝါတွေကို ဖမ်းယူခိုင်းခဲ့တယ်'

မလ္လိကာမိဖုရားက ပြောတယ်။

'မင်းကြီး၊ သင်ဟာ မိုက်ကန်းတာပဲ။ သင်ဟာ အစားကြီးရင် ဟင်းမျိုးစုံနဲ့ စီမံထားတဲ့ တစ်စိတ်ချက်စာထမင်းကို စားတယ်။ နှစ်နိုင်ငံမှာ မင်းလုပ်တယ်။ ဒါပေမဲ့ သင့်မှာ ပညာနည်းပါးလှပါပေတယ်'

'မိဖုရား၊ သင်က ဘာကြောင့်အဲဒီလိုပြောတာပါလဲ'

'အခြားသူသေတာနဲ့ နောက်အခြားသူ အသက်ရှင်သွားတာကို ဘယ်နေရာမှာ သင်တွေ့ဖူးပါသလဲ။ မိုက်ကန်းတဲ့ပုဏ္ဏားရဲ့စကားကို ယူပြီး ဘာကြောင့် လူအများအပေါ် ဒုက္ခကိုပစ်ချရပါသလဲ။ မြို့ဦးကျောင်းမှာ နတ်နဲ့တကွဖြစ်တဲ့ လောကမှာ အမြတ်ဆုံးပုဂ္ဂိုလ်ဖြစ်ပြီး အတိတ်စသည်တွေမှာ အဟန့်အတားမရှိ သိတော်မူတဲ့ ဘုရားရှင်ဟာ သီတင်းသုံးနေပါတယ်။ အဲဒီဘုရားရှင်ကိုမေးပြီး သူ့ဩဝါဒအတိုင်း လုပ်ပါ'

http://www.dhammadownload.com



အဲဒီလိုပြောတဲ့အခါ မင်းက ပေါ့ပါးတဲ့ယာဉ်တွေနဲ့ မလ္လိကာနဲ့ အတူ ကျောင်းကိုသွားကာ သေဘေးကခြိမ်းခြောက်ခံရလို့ ဘာစကားကို မှ မပြောနိုင်ဘဲ ဘုရားရှင်ကိုရှိခိုးပြီး သင့်တင့်ရာအရပ်မှာ ထိုင်တယ်။ အဲဒီအခါ မင်းကို ဘုရားရှင်ကစပြီး စကားပြောတယ်။

'မင်းကြီး၊ အခု နေ့လယ်မွန်းတည့်ချိန်မှာ ဘယ်ကလာခဲ့သလဲ'

ကောသလမင်းက ဆိတ်ဆိတ်ပဲထိုင်နေတယ်။ အဲဒီကနောက် မလ္လိကာက ဘုရားရှင်အား လျှောက်တယ်။

'မြတ်စွာဘုရား၊ ညဉ့်အလယ်ပိုင်းယံရဲ့အခြားမဲ့မှာ အသံကို ကြားရပါတယ်။ အဲဒီအခါ အဲဒီအကြောင်းကို ပုရောဟိတ်အား ပြောပြ ပါတယ်။ ပုရောဟိတ်က 'သင့်မှာ အသက်အန္တရာယ် ဖြစ်လိမ့်မယ်။ အဲဒီအန္တရာယ်ကို ချေဖျက်ဖို့ အားလုံးသတ္တဝါ ၁၀၀ ကိုယူပြီး အဲဒီ သတ္တဝါတွေရဲ့လည်ချောင်းသွေးနဲ့ ယဇ်ပူဇော်ပြီးရင် အသက်ကို သင်ဟာ ရလိမ့်မယ်။ မင်းက သတ္တဝါတွေကို အဖမ်းခိုင်းပါတယ်။ ဒါကြောင့် ဒီမင်းကို ဒီအရပ်ခေါ်ဆောင်လာခဲ့ပါတယ် ဘုရား'

'မင်းကြီး၊ အဲဒီအတိုင်းတဲ့လား'

'မှန်ပါ ဘုရား'

'သင်က အသံကို ဘယ်လိုကြားရတာလဲ'

မင်းက သူကြားခဲ့တဲ့နည်းအတိုင်း ပြောပြတယ်။ ဘုရားရှင်မှာ အဲဒီစကားကို ကြားရပြီးပဲ တစ်ခဲနက်သောအရောင် ဖြစ်လာတယ်။ အဲဒီအခါ မင်းကို ဘုရှင်က မိန့်ပါတယ်။

'မင်းကြီး၊ မကြောက်ပါနဲ့၊ သင့်မှာ အန္တရာယ်မရှိပါ။ မကောင်းမှု ရှိတဲ့ သတ္တဝါတွေက သူတို့ရဲ့ဒုက္ခကို ထင်ရှားပြလိုလို့ အဲဒီလို ပြော ကြတယ်'

'မြတ်စွာဘုရား၊ အဲဒီသတ္တဝါတွေက ဘယ်မကောင်းမှုကို လုပ်ခဲ့ ကြပါသလဲ'

http://www.dhammadownload.com



အဲဒီအခါ ဘုရားရှင်က အဲဒီသတ္တဝါတွေရဲ့ကံကို ပြောပြဖို့ 'မင်းကြီး၊ ဒီလိုဆိုရင် နားထောင်ပါ'လို့ ပြောပြီး အတိတ်ကို ဆောင်တယ်။

ရှေးအခါက လူတွေ အသက်တမ်း ၁၂၀၀၀ ရှည်တဲ့အခါ ကဿပဘုရားရှင် လောကမှာ ပွင့်ပေါ်လာတယ်။ ရဟန္တာ ၂၀၀၀၀ နဲ့အတူ ခရီးလှည့်လည်တဲ့အခါ ဗာရာဏသီမြို့ကို ကြွသွားတယ်။ ဗာရာဏသီမြို့သူမြို့သားတွေက နှစ်ယောက်၊ သုံးယောက်၊ အဲဒီထက်များပြီးလည်း တစ်ပေါင်းတည်းပြုလုပ်ကာ အာဂန္တုက (ဧည့်သည်ရဟန်း) တွေအား လှူတဲ့အလှူကို ဖြစ်စေကြတယ်။ အဲဒီအခါ ဗာရာဏသီမြို့က ကုဋေ ၄၀ ကြွယ်ဝတဲ့ သူဌေးသား လေးယောက်ဟာ သူငယ်ချင်းတွေ ဖြစ်ကြတယ်။ သူတို့က တိုင်ပင်ကြတယ်။

'ငါတို့ရဲ့အိမ်မှာ ဥစ္စာများစွာရှိတယ်။ အဲဒါနဲ့ ဘာလုပ်ကြမလဲ'

'ဒီလိုဘုရားရှင် ခရီးလှည့်လည်တဲ့အခါ အလှူလှူကြမယ်။ သီလစောင့်ကြမယ်။ ပူဇော်မှုပြုကြမယ်'လို့ တစ်ယောက်ကမှ မပြောဘဲ အဲဒီထဲက တစ်ယောက်က ဒီလိုအရင်ပြောတယ်။

'အရက်ပြင်းပြင်းသောက်ကြကာ ချိုတဲ့အသားကိုစားပြီး လှည့်လည်ကြမယ်။ ဒါဟာ ငါတို့ရဲ့အသက်ရှင်ရကျိုးပဲ'

နောက်တစ်ယောက်ကလည်း ဒီလိုပြောတယ်။

'နေ့တိုင်း သုံးနှစ်ကြာ သလေးစပါးမွှေးထမင်းကို အရသာကောင်း အမျိုးမျိုးတွေနဲ့စားကာ လှည့်လည်ကြမယ်'

နောက်တစ်ယောက်ကလည်း ဒီလိုပြောတယ်။

'မုန့် ခဲဖွယ်အထူးအမျိုးမျိုးကို အကြော်ခိုင်းပြီး ခဲစားရင်း လှည့်လည်ကြမယ်'

နောက်တစ်ယောက်ကလည်း ဒီလိုပြောတယ်။

'မိတ်ဆွေတို့၊ ငါတို့ဟာ အခြားဘာအလုပ်ကိုမှ မလုပ်ကြအံ့။

http://www.dhammadownload.com



ဥစ္စာပေးကြမယ်လို့ ပြောလိုက်ရင် အလိုမရှိတဲ့မိန်းမဆိုတာ မရှိ။ ဒါကြောင့် ဥစ္စာနဲ့ဖြားယောင်းပြီး သူတစ်ပါးမယား ကျူးလွန်တဲ့အမှုကို ပြုလုပ်ကြမယ်။

'ကောင်းတယ်၊ ကောင်းတယ်'လို့ အားလုံးကပဲ အဲဒီလူရဲ့စကားမှာ တည်ကြတယ်။ အဲဒီသူငယ်ချင်း လေးယောက်ဟာ အဲဒီအချိန်က စပြီး မိန်းမချောတွေအထံ ဥစ္စာပို့လွှတ်ကာ အနှစ် ၂၀၀၀၀ ပတ်လုံး သူတစ်ပါး မယားကျူးလွန်မှုကို ပြုလုပ်ကြတယ်။ သေပြီး အဝီစိငရဲမှာ ဖြစ်ကြတယ်။ သူတို့ဟာ ဘုရားနှစ်ဆူရဲ့အကြား ကာလတစ်ခုပတ်လုံး ငရဲမှာကျက်ကာ အဲဒီမှာသေတယ်။ အကျိုးအကြွင်းအရ ယူဇနာ ၆၀ ရှိ သံရည်ပူငရဲမှာ ဖြစ်တယ်။ အနှစ် ၃၀၀၀၀ နဲ့ ငရဲအောက်အပြင်ကို ရောက်တယ်။ တစ်ဖန်လည်း အနှစ် ၃၀၀၀၀ နဲ့ သံရည်ပူငရဲ မျက်နှာဝကို ရောက်တယ်။ ဂါထာတစ်ပုဒ်စီ ရွတ်ဆိုလိုကြပေမယ့် မရွတ်ဆိုနိုင်ကြလို့ အက္ခရာတစ်လုံးစီပဲ ရွတ်ဆိုကာ တစ်ဖန်လည်းပတ်ကာ သံရည်ပူငရဲကိုပဲ ဝင်သွားကြတယ်'

'မင်းကြီး၊ ပြောစမ်းပါဦး၊ ပထမဆုံး သင်ဟာ ဘယ်အသံကို ကြားရသလဲ'

'ဒု- ဆိုတဲ့အသံကိုပါ ဘုရား'

'ဒုတိယအသံကို ဘယ်လိုကြားရလဲ'

'သ- လို့ပါ ဘုရား'

'တတိယအသံကို ဘယ်လိုကြားရလဲ'

'န- လို့ပါ ဘုရား'

'စတုတ္ထအသံကို ဘယ်လိုကြားရလဲ'

'သော- လို့ပါ ဘုရား'

'ဒု' အသံကို ဒုဇ္ဇီဝိတ မဇီဝိမှ စသည်ဖြင့်၊ 'သ' အသံကို သဋ္ဌိဝဿ သဟဿာနိစသည်ဖြင့်၊ 'န' အသံကို နတ္ထိအန္တော ကုတော

http://www.dhammadownload.com



အန္တော စသည်ဖြင့်၊ 'သော' အသံကို သောဟံ နူန ဣတော ဂန္တာ စသည်ဖြင့် ဘုရားရှင်က ရှင်းပြပါတယ်။

'ဒု' အသံနဲ့ ပြောတဲ့စကားရဲ့ အဓိပ္ပာယ်အပြည့်အစုံက ဒီလို ဖြစ်ပါတယ်'

'လှူဖွယ်ရှိလျက် မလှူခဲ့တဲ့ ငါတို့ရဲ့ အသက်မွေးမှုဟာ ပညာရှိတွေ ကဲ့ရဲ့စရာ အသက်မွေးမှုဖြစ်တယ်။ စည်းစိမ်ဥစ္စာတွေ ရှိပါလျက် ငါတို့ရဲ့ထောက်တည်မှီခိုရာ ကျွန်း (ကုသိုလ်) ကို မပြုလုပ်ခဲ့ကြလေစွ'

'သ' အသံရဲ့ အဓိပ္ပာယ်က ဒီလိုဖြစ်ပါတယ်။

'အနှစ် ၆၀၀၀၀ လုံး ပြည့်သွားပါပြီ။ သံရည်ပူငရဲမှာ ကျက်ရတဲ့ ငါတို့မှာ ဒုက္ခအဆုံးက ဘယ်တော့မှ ဖြစ်ပေါ်မှာပါလဲ'

'န' အသံရဲ့ အဓိပ္ပာယ်က ဒီလိုဖြစ်ပါတယ်။

'ငါ့မှာရော၊ သင့်မှာပါ ဒီဒုက္ခရဲ့အဆုံး မရှိလောက်အောင် ဒုက္ခအဆုံးကို မမြင်တွေ့ရလောက်အောင် သင်ရော ငါပါ အဲဒီလူ့ဘဝ တုန်းက မကောင်းမှု ပြုလုပ်ခဲ့ကြတယ် သူငယ်ချင်းတို့'

'သော' အသံရဲ့ အဓိပ္ပာယ်က ဒီလိုဖြစ်ပါတယ်။

'ငါဟာ ဒီသံရည်ပူငရဲက လွတ်ပြီး လူ့ဘဝပြန်ရကာ တောင်းရမ်းသူတွေရဲ့စကားကို နားလည်သူ (စွန့်ကြဲလေ့ရှိသူ)၊ အကျင့်သီလနဲ့ ပြည့်စုံသူဖြစ်ပြီး ကုသိုလ်ကို အများကြီးပြုလုပ်လိုက်မယ်'

ပသေနဒိကောသလမင်းဟာ အဲဒီအသံကို ကြားရပြီးချိန်ကစပြီး အဲဒီသူဌေးသားလေးယောက်ဟာ ငရဲအောက်ပိုင်းမှာ လျောကြရတာပါပဲ။ ဒီနေ့ထိလည်း အနှစ် ၁၀၀၀ ကို မလွန်မြောက်ကြသေး။ မင်းမှာ အဲဒီတရားဒေသနာကိုကြားရပြီး အကြီးအကျယ်သံဝေဂဖြစ်တယ်။ မင်းက ဒီလိုကြံတယ်။

'ဒီသူတစ်ပါးမယား ကျူးလွန်တဲ့အမှုဆိုတာ ဝန်လေးလှတယ်။ ဘုရားနှစ်ဆူတို့ရဲ့ အကြားတစ်ခုပတ်လုံး ငရဲမှာကျက်ပြီး အဲဒီငရဲမှ

http://www.dhammadownload.com



စုတေကာ ယူဇနာ ၆၀ ရှိ သံရည်ပူငရဲမှာ ဖြစ်ရတယ်။ အဲဒီသံရည်ပူငရဲမှာ အနှစ်ခြောက်သောင်း ကျက်ရပြီး သူတို့မှာ ဒုက္ခလွတ်ဖို့အချိန်တောင် မထင်ရှားသေး။ ငါလည်း သူတစ်ပါးမယားအပေါ် တပ်မက်မှုကို မနှောင်ဖွဲ့တော့အံ့'

အဲဒီလိုတွေးပြီး ဘုရားရှင်ကို ဒီလိုလျှောက်ပါတယ်။

'မြတ်စွာဘုရား၊ ဒီနေ့ တပည့်တော်ဟာ ညအချိန်ရှည်လျားတာကို သိရပါတယ်'

အဲဒီယောက်ျားကလည်း အဲဒီနေရာမှာထိုင်ကာ အဲဒီစကားကို ကြားရပြီး 'ငါဟာ အားကြီးတဲ့အထောက်အပံ့ကို ရပြီ'လို့ တွေးကာ ဘုရားရှင်ကို လျှောက်တယ်။

'မြတ်စွာဘုရား၊ မင်းက ဒီနေ့ညရဲ့ ရှည်လျားတာကို ရှေးဦးစွာ သိသွားပါတယ်။ တပည့်တော်ကတော့ မနေ့က ကိုယ်တိုင်ပဲ တစ်ယူဇနာရဲ့ ရှည်လျားတာကို သိခဲ့ပါတယ်'

ဘုရားရှင်က နှစ်ယောက်လုံးရဲ့စကားကို နှီးနှောပြီး 'တချို့ပုဂ္ဂိုလ်မှာ ညဥ့်က ရှည်လျားတယ်။ တချို့ပုဂ္ဂိုလ်မှာ တစ်ယူဇနာက ရှည်လျားတယ်။ လူမိုက်မှာတော့ သံသရာက ရှည်လျားတယ်'လို့ မိန့်ကာ တရားဟောလိုလို့ အောက်ပါဂါထာစကားကို မိန့်ကြားပါတယ်။

'နိုးကြားနေသူအဖို့ တစ်ညက ရှည်လျားတယ်။ ခရီးပန်းနေသူအဖို့ တစ်ယူဇနာက ရှည်လျားတယ်။ ဗောဓိပက္ခိယတရား ၃၇ ပါး သူတော်ကောင်းတရားကို မသိတဲ့ လူမိုက်တွေအဖို့ သံသရာက ရှည်လျားတယ်'

တရားဒေသနာအဆုံးမှာ အဲဒီယောက်ျားက သောတာပန်ဖြစ်သွားတယ်။ အခြားပုဂ္ဂိုလ်များစွာဟာလည်း သောတာပန်စသည် ဖြစ်ကြတယ်။ လူအများမှာ တရားဒေသနာဟာ အကျိုးရှိသွားတယ်။

မင်းက ဘုရားရှင်ကိုရှိခိုးပြီး သွားရင်းပဲ ဖမ်းဆီးထားတဲ့ အဲဒီ

http://www.dhammadownload.com



သတ္တဝါတွေကို အနှောင်အဖွဲ့မှ အလွတ်ခိုင်းတယ်။ အဲဒီနေရာမှာ မိန်းမ၊ ယောကျ်ားတွေက အနှောင်အဖွဲ့မှ လွတ်ပြီးတဲ့အခါ ဦးခေါင်းကို လျှော်ပြီး ကိုယ့်အိမ်တွေကို သွားကြတော့ 'ငါတို့ရဲ့အရှင်မ မလ္လိကာ မိဖုရားဟာ အသက်ရှည်ပါစေ၊ မလ္လိကာမိဖုရားကိုမှီပြီး ငါတို့ဟာ အသက်ကိုရခဲ့ကြတယ်'လို့ မလ္လိကာရဲ့ဂုဏ်ကို ပြောဆိုကြတယ်။ ညနေ ပိုင်းမှာ ရဟန်းတွေက တရားသဘင်မှာ စကားပြောကြတယ်။

'ဒီမလ္လိကာဟာ ဩော်... ပညာရှိပါပေစွ။ သူ့ပညာကိုမှီပြီး ဒီ လောက်သတ္တဝါတွေအား အသက်အလှူ လှူလိုက်ပေတယ်'

ဘုရားရှင်က ဂန္ဓကုဋီကျောင်းတော်မှာ ထိုင်ရင်းပဲ အဲဒီရဟန်း တွေရဲ့စကားကို ကြားရပြီး ဂန္ဓကုဋီကျောင်းတော်မှထွက်ကာ တရား သဘင်ကို ဝင်တယ်။ ခင်းထားတဲ့နေရာမှာ ထိုင်ကာ မေးတယ်။

'ရဟန်းတို့၊ အခု ဒီနေရာမှာ ဘယ်စကားနဲ့ စုဝေးနေကြသလဲ'

'ဤမည်တဲ့စကားနဲ့ စုဝေးနေကြပါတယ်'

'ရဟန်းတို့၊ မလ္လိကာဟာ ခုမှသာ သူ့ပညာကိုမှီပြီး သတ္တဝါ အများအား အသက်အလှူ လှူခဲ့တာမဟုတ်သေး၊ ရှေးကလည်း လှူခဲ့ တာပါပဲ'

အဲဒီအကြောင်းအရာကို ထင်ရှားပြလိုလို့ ဘုရားရှင်က အတိတ် ကို ဆောင်ပါတယ်။

ရှေးအခါက ဗာရာဏသီပြည်က မင်းရဲ့သားဟာ ညောင်ပင် တစ်ပင်ကို ချဉ်းကပ်ပြီး အဲဒီညောင်ပင်စောင့်နတ်ထံ ဆုတောင်းတယ်။

'အို အရှင်နတ်မင်း၊ ဒီဇမ္ဗူဒိပ်မှာ မင်း ၁၀၁၊ မိဖုရားခေါင် ကြီး ၁၀၁ ယောက် ရှိပါတယ်။ အကျွန်ုပ်ဟာ ဖခင်ကွယ်လွန်တဲ့အခါ မင်းအဖြစ်ကို ရခဲ့ရင် အဲဒီမင်း၊ မိဖုရားတွေရဲ့ လည်ချောင်းသွေးနဲ့ ယဇ်နတ်ပူဇော်ပါမယ်'

မင်းသားဟာ ဖခင်ကွယ်လွန်တဲ့အခါ မင်းအဖြစ်သို့ ရောက်ပြီး

http://www.dhammadownload.com



'နတ်ရဲ့အစွမ်းကြောင့် ငါဟာ မင်းဖြစ်သို့ရောက်ခဲ့တယ်။ အဲဒီယဇ်နတ်ပူဇော်မယ်'လို့ ပြောပြီး စစ်တပ်ကြီးနဲ့ထွက်ကာ မင်းတစ်ယောက်ကို သူ့အလိုပါအောင် လုပ်တယ်။ အဲဒီမင်းနဲ့အတူ အခြားအခြား မင်းတွေကိုလည်း (မင်းအားလုံးကို) သူ့အလိုပါအောင် လုပ်ပြီး မိဖုရားခေါင်ကြီးတွေနဲ့အတူ ဖမ်းယူကာ သွားတယ်။ မင်းအားလုံးထဲက အငယ်ဆုံးဖြစ်တဲ့ ဥဂ္ဂသေနမင်းရဲ့ မိဖုရားခေါင်ကြီး ဓမ္မဒိန္နာမှာ ကိုယ်လေးလက်ဝန်ရှိနေတယ်။ အဲဒီဓမ္မဒိန္နာကို ချန်ထားပြီး လာကာ 'ဒီလောက်လူတွေကို အဆိပ်ပါတဲ့ဖျော်ရည်တိုက်ပြီး သတ်မယ်'လို့ ကြံကာ သစ်ပင်အောက်ကို အရှင်းခိုင်းတယ်။ နတ်က စဉ်းစားတယ်။

'ဒီမင်းက ဒီလောက်မင်းတွေကို ဖမ်းယူတဲ့အခါ 'ငါ့ကိုမှီပြီး ဒီမင်းတွေကို ဖမ်းပြီးပြီ'လို့ တွေးကာ အဲဒီမင်း၊ မိဖုရားတွေရဲ့ လည်ချောင်းသွေးနဲ့ ငါ့ကို ယဇ်နတ်ပူဇော်ချင်နေတ ။ ငါက အဲဒီမင်း၊ မိဖုရားတွေကို သတ်ခဲ့ရင် ဇမ္ဗူဒိပ်မှာ မင်းအမျိုးအနွယ် ပြတ်စဲလိမ့်မယ်။ ငါ့သစ်ပင်အောက်မှာလည်း မစင်မကြယ်ဖြစ်လိမ့်မယ်။ ငါသူ့ကို တားမြစ်နိုင်မလား'

နတ်က စူးစမ်းတဲ့အခါ 'ငါမစွမ်းနိုင်'လို့ သိပြီး အခြားနတ်ကိုလည်း ချဉ်းကပ်ကာ အဲဒီအကြောင်းအရာကို ပြောပြပြီး 'သင် စွမ်းနိုင်မလား'လို့ မေးတယ်။ အဲဒီနတ်ကလည်း ပယ်မြစ်တယ်။ အခြားအခြားနတ်တွေကိုလည်း မေးတယ်။ အဲဒီနည်းနဲ့ စကြဝဠာအားလုံးက နတ်တွေထံ ချဉ်းကပ်ပြီး အဲဒီနတ်တွေကလည်း ပယ်မြစ်တဲ့အခါ နတ်မင်းကြီး လေးယောက်ထံ သွားတယ်။ 'ငါတို့ မစွမ်းနိုင်ကြပါ။ ငါတို့ရဲ့နတ်မင်းကတော့ ငါတို့ထက် ကောင်းမှုအားဖြင့်ရော၊ ပညာအားဖြင့်ပါ ထူးကဲတယ်။ သူ့ကို မေးပါ'လို့ ပြောကာ အဲဒီနတ်မင်းကြီး လေးယောက်ကလည်း ပယ်ခံရတဲ့အခါ သိကြားမင်းထံ ချဉ်းကပ်ပြီး အဲဒီအကြောင်းကို ပြောပြတယ်။ 'အရှင်နတ်မင်း၊ အရှင်တို့ ကြောင့်ကြမဲ့နေကြရင်

http://www.dhammadownload.com



မင်းမျိုးမင်းနွယ်ဟာ ပြတ်စဲပါလိမ့်မယ်။ မင်းမျိုးမင်းနွယ်ရဲ့ မှီခိုရာ ဖြစ်ပါ'လို့ ပြောတယ်။ သိကြားမင်းက 'ငါလည်း သူ့ကို မတားမြစ်နိုင်ပါ။ သင့်အား နည်းလမ်းကိုတော့ ပြောပြပါမယ်'လို့ပြောပြီး နည်းလမ်းကို ပြောပြတယ်။

'သင် သွားပါ။ မင်းကြည့်နေတုန်းမှာပဲ သင်က အဝတ်နီကို ဝတ်ကာ သင့်ရဲ့သစ်ပင်မှ ထွက်ပြီး သွားမယ့်အခြင်းအရာကို ပြပါ။ အဲဒီအခါ သင့်ကို မင်းက 'နတ်သွားပြီ၊ အဲဒီနတ်ကို ပြန်နစ်အောင် လုပ်မယ်'လို့ ကြံကာ နည်းအမျိုးမျိုးနဲ့ တောင်းဆိုလိမ့်မယ်။ အဲဒီအခါ အဲဒီမင်းကို သင်က ပြောပါ'

'သင်ဟာ မင်း ၁၀၁ ပါးကို မိဖုရားခေါင်တွေနဲ့အတူ ဆောင်ယူပြီး အဲဒီပုဂ္ဂိုလ်တွေရဲ့ လည်ချောင်းသွေးနဲ့ ယဇ်နတ်ပူဇော်မယ်'လို့ ငါ့အားတောင်းဆိုပြီး ဥဂ္ဂသေနမင်းရဲ့ မိဖုရားကိုချန်ထားပြီး လာခဲ့တယ်။ ငါက အဲဒီလိုလိမ်ပြောသူရဲ့ ပူဇော်တာကို လက်မခံ'လို့ ပြောပါ။ အဲဒီလိုပြောရင် မင်းက အဲဒီမိဖုရားကို ခေါ်ဖို့ စေလွှတ်လိမ့်မယ်။ အဲဒီမိဖုရားက မင်းအား တရားဟောပြီး ဒီလောက်သတ္တဝါတွေအား အသက်အလှူ လှူလိမ့်မယ်။

အဲဒီအကြောင်းနဲ့ သိကြားမင်းက နတ်အား အဲဒီနည်းလမ်းကို ပြောပြတယ်။ နတ်က အဲဒီအတိုင်း လုပ်တယ်။ မင်းကလည်း အဲဒီ မိဖုရားကို အခေါ်ခိုင်းတယ်။ အဲဒီမိဖုရားဟာ လာပြီး အဲဒီမင်းတွေရဲ့ အဆုံးမှာ ထိုင်နေတဲ့ သူမရဲ့မင်းကိုသာ ရှိခိုးတယ်။ မင်းက 'မင်းအားလုံး ထက်ကြီးကဲတဲ့ ငါရပ်တည်နေပါလျက် အားလုံးလောက်ငယ်တဲ့ သူမရဲ့ လင်ကို ရှိခိုးတယ်'ဆိုပြီး အဲဒီမိဖုရားအပေါ် စိတ်ဆိုးတယ်။ အဲဒီအခါ အဲဒီမင်းကို အဲဒီမိဖုရားက ပြောတယ်။

'ငါက သင်နဲ့ဘာဆက်စပ်သလဲ။ ဒီငါ့အရှင်မင်းကတော့ ငါ့ အား အစိုးရမှုကို ပေးသူဖြစ်တယ်။ ဒီငါ့အရှင်မင်းကို ရှိမခိုးဘဲ သင့်ကို ဘာကြောင့် ရှိခိုးရမှာလဲ'

http://www.dhammadownload.com



သစ်ပင်စောင့်နတ်က လူအများကြည့်နေတုန်းမှာပဲ 'ရှင်မ၊ မှန်တယ်၊ ရှင်မ မှန်တယ်'လို့ ပြောပြီး အဲဒီမိဖုရားကို ပန်းဆုပ်နဲ့ပူဇော်တယ်။ တစ်ဖန် မင်းက မေးတယ်။

'ငါ့ကိုရှိမခိုးရင် ငါ့အား မင်းအသရေကိုပေးတဲ့ ဒီလိုတန်ခိုးကြီးနတ်ကို ဘာကြောင့် ရှိမခိုးတာလဲ'

'မင်းကြီး၊ သင်က သင့်ရဲ့ကောင်းမှုမှာ တည်ကာ မင်းတွေကို ဖမ်းခဲ့တယ်။ နတ်က ဖမ်းပေးတာမဟုတ်ပါ'

တစ်ဖန်လည်း အဲဒီမိဖုရားကို နတ်က 'ရှင်မ မှန်တယ်၊ ရှင်မ မှန်တယ်'လို့ ပြောပြီး အဲဒီအတိုင်းပဲ ပူဇော်တယ်။ တစ်ဖန် အဲဒီမိဖုရားက မင်းကို ပြောတယ်။

'နတ်က ငါ့အား ဒီလောက်လူတွေကို ဖမ်းပြီး ပေးတယ်'လို့ သင်က ပြောတယ်။ အခု သင့်ရဲ့နတ်အထက်က လက်ဝဲဘက်မှာ သစ်ပင်ကို မီးလောင်ထားတယ်။ အဲဒီနတ်က တန်ခိုးကြီးရင် အဲဒီမီးကို ငြိမ်းအောင် ဘာလို့မလုပ်နိုင်သလဲ။

တစ်ဖန်လည်း အဲမိဖုရားကို နတ်က 'ရှင်မ အဲဒီအတိုင်း မှန်တယ်။ ရှင်မ အဲဒီအတိုင်း မှန်တယ်'လို့ ပြောပြီး အဲဒီအတိုင်းပဲ ပူဇော်တယ်။ မိဖုရားက စကားပြောရင်း ရယ်ကာ ငိုလည်း ငိုတယ်၊ ရယ်လည်း ရယ်တယ်။ အဲဒီအခါ မင်းက အဲဒီမိဖုရားကို မေးတယ်။

'သင်က ရူးနေတာလား'

'အရှင်မင်း၊ ဘာကြောင့် သင်က ဒီလိုပြောရတာလဲ။ ငါ့လို ပုဂ္ဂိုလ်တွေဟာ မရူးကြပါ'

'ဒီလိုဆိုရင် ဘာကြောင့် ငိုလည်းငို၊ ရယ်လည်းရယ်ရတာလဲ'

'မင်းကြီး၊ နားထောင်ပါ၊ ကျွန်မဟာ အတိတ်ဘဝမှာ အမျိုးသမီးဖြစ်ပြီး လင့်အိမ်မှာ နေကာ လင်ရဲ့သူငယ်ချင်းဧည့်သည်လာတာကို မြင်တွေ့ရပါတယ်။ ဧည့်သည်အတွက် ထမင်းချက်လိုလို့ 'အသားကို

http://www.dhammadownload.com



ဆောင်ခဲ့ပါ'လို့ ကျွန်မအား အသပြာပေးကာ ကျွန်မက အသားကို မရလို့ ပြန်လာတဲ့အခါ 'အသားမရှိပါ'လို့ ပြောတယ်။ အိမ်ရဲ့နောက်ဖေး မှာ အိပ်နေတဲ့ သိုးမရဲ့ဦးခေါင်းကိုဖြတ်ကာ ထမင်းချက်ခဲ့ပါတယ်။ ကျွန်မ သိုးမတစ်ကောင်ရဲ့ဦးခေါင်းကိုဖြတ်ပြီး ငရဲမှာ ကျက်ခဲ့ရပါတယ်။ ကံအကျိုးအကြွင်းအရ အဲဒီသိုးမရဲ့ အမွေးအရေအတွက်နဲ့အမျှ ဦးခေါင်း ဖြတ်ခံခဲ့ရပါတယ်။ သင်ဟာ ဒီလောက်လူအပေါင်းကို သတ်ပြီး ဘယ် အခါမှာ ဒုက္ခမှလွတ်ပါ့မလဲလို့ ကျွန်မက သင့်ရဲ့ဒုက္ခကို အဖန်ဖန် အောက်မေ့ကာ ငိုခဲ့ပါတယ်'

'ဒီလိုဆိုရင် သင်က ဘာကြောင့် ရယ်ရပြန်တာလဲ'

'မင်းကြီး၊ ငါဟာ အဲဒီဆင်းရဲတွင်းမှ လွတ်ပြီးပြီ'လို့ ဝမ်းမြောက် ကာ ရယ်ရပါတယ်'

တစ်ဖန်လည်း အဲဒီမိဖုရားကို နတ်က 'ရှင်မ အဲဒီအတိုင်း မှန်ပေတယ်။ ရှင်မ အဲဒီအတိုင်း မှန်ပေတယ်'လို့ ပြောပြီး ပန်းဆုပ်နဲ့ ပူဇော်တယ်။ မင်းက 'ငါဟာ ဝန်လေးတဲ့မှုကို ပြုမိပေစွ။ ဒီမိန်းမက သိုးမတစ်ကောင်ကိုသတ်ပြီး ငရဲမှာကျက်ရတယ်။ ကံအကျိုးအကြွင်း အရ အဲဒီသိုးမရဲ့ အမွေးအရေအတွက်အရ ဦးခေါင်းဖြတ်ခံရတယ်။ ငါဟာ ဒီလောက်လူတွေကိုသတ်ပြီး ဘယ်အခါမှာ ချမ်းသာရပါ့မလဲ'လို့ တွေးပြီး မင်းအားလုံးကို အလွှတ်ခိုင်းတယ်။ မိမိထက်ကြီးတဲ့မင်းတွေကို ရှိခိုးတယ်။ ငယ်ကုန်၊ ငယ်ကုန်သော မင်းတွေကို လက်အုပ်ချီတယ်။ အားလုံးကို တောင်းပန်ပြီး ကိုယ့်နေရာ၊ ကိုယ့်နေရာကိုပဲ ပြန်ပို့ပေးတယ်။

ဘုရားရှင်က အဲဒီတရားဒေသနာကို ဆောင်ပြီး 'ရဟန်းတို့၊ မလ္လိကာမိဖုရားဟာ အခုမှသာ သူမရဲ့ပညာကို မှီပြီး လူအများအား အသက်အလှူ လှူခဲ့တာမဟုတ်ပါ။ ရှေးကလည်း လှူခဲ့တယ်'လို့ မိန့်ကာ အတိတ်ဇာတ်ကို ပေါင်းပါတယ်။

အဲဒီအခါ ဗာရာဏသီမင်းက ပသေဒနီကောသလမင်းပဲ။

http://www.dhammadownload.com



ဓမ္မဒိန္နာမိဖုရားက မလ္လိကာပဲ။

သစ်ပင်စောင့်နတ်က ငါဘုရားပဲ။ (ဓမ္မပဒ၊ ဋ္ဌ၊ ပ၊ ၂၈၄)

မလ္လိကာမိဖုရားဟာ တစ်နေ့မှာ ရေချိုးအိမ်ကို ဝင်တယ်။ မျက်နှာသစ်ပြီး ခန္ဓာကိုယ်ကို ရှေ့ကိုင်းညွတ်ကာ ခြေသလုံးကိုဆေးကြောဖို့ ကြိုးစားတယ်။ မလ္လိကာနဲ့အတူပဲ ဝင်သွားတဲ့၊ ရင်းနှီးကျွမ်းဝင်တဲ့ ခွေးတစ်ကောင်က မလ္လိကာ ရှေ့ကိုင်းညွတ်သွားတာကို မြင်လိုက်ရပြီး မေထုန်မှီဝဲဖို့ ကြိုးစားတယ်။ မလ္လိကာက အတွေ့ကိုသာယာပြီး ရပ်တည်နေတယ်။ ကောသလမင်းကလည်း ပြာသာဒ်ပေါ်မှာ လေသာပြတင်းက ကြည့်တဲ့အခါ မလ္လိကာကို မြင်သွားတယ်။ အဲဒီကနောက် လာတဲ့အခါ 'အယုတ်မ၊ ပျက်စီးလော၊ ဘာကြောင့် ဒီလိုအမှုကို ပြုလုပ်ရတာလဲ'လို့ ပြောတယ်။

'အရှင်မင်း၊ ကျွန်မက ဘာကိုလုပ်လို့လဲ'

'ခွေးနဲ့အတူ မှီဝဲတယ်'

'အရှင်မင်း၊ အဲဒီမှီဝဲမှု မရှိပါ'

'ငါကိုယ်တိုင် မြင်ရတယ်။ ငါဟာ သင့်ကိုမယုံကြည်။ အယုတ်မ၊ ပျက်စီးလော'

'မင်းကြီး၊ ဒီရေချိုးအိမ်ထဲ ဝင်တဲ့သူမှန်သမျှဟာ ဒီလေသာပြတင်းက ကြည့်လိုက်ရင် တစ်ယောက်တည်းပေမယ့် နှစ်ယောက်ထင်ရတယ်'

အဲဒီလို မဟုတ်မှန်တာကို ပြောတယ်။

'အရှင်မင်း၊ ငါ့ကိုမယုံကြည်ရင် အဲဒီရေချိုးအိမ်ထဲ ဝင်လိုက်ပါ၊ ငါဟာ သင့်ကို ဒီလေသာပြတင်းက ကြည့်ပါမယ်'

မင်းက ထုံထိုင်းတဲ့သဘောရှိလို့ မလ္လိကာရဲ့စကားကို ယုံကြည်ပြီး ရေချိုးအိမ်ထဲ ဝင်လိုက်ပါတယ်။ မလ္လိကာကလည်း လေသာပြတင်းမှာ ရပ်ကာ ကြည့်ရင်း 'မိုက်ကန်းတဲ့မင်းကြီး၊ အဲဒါက ဘာလဲ။ သင်ဟာ ဆိတ်မနဲ့အတူ မေထုန်မှီဝဲနေတယ်'

http://www.dhammadownload.com



'ရှင်မ၊ ငါဟာ အဲဒီလိုအလုပ်ကို မလုပ်ပါ'

'ငါကိုယ်တိုင် မြင်တွေ့နေရတယ်။ ငါဟာ သင်မင်းရဲ့စကားကို မယုံကြည်ပါ'

အဲဒီစကားကို ကြားရပြီး မင်းက 'စင်စစ် ဒီရေချိုးအိမ်ထဲ ဝင်သူဟာ တစ်ယောက်တည်းပေမယ့် နှစ်ယောက်ထင်ရှားတယ်'လို့ ယုံကြည်သွားတယ်။ မလ္လိကာက ဒီလိုကြံစည်တယ်။

'ဒီမင်းဟာ မိုက်ကန်းလို့ ငါလှည့်စားလိုက်တယ်။ ငါဟာ မကောင်းမှုကို ပြုလုပ်မိပြီ။ ဒီမင်းကိုလည်း ငါက မဟုတ်မမှန်တဲ့စကားနဲ့ စွပ်စွဲလိုက်တယ်။ ငါ့ရဲ့ဒီမကောင်းမှုကို ဘုရားရှင်လည်း သိပါလိမ့်မယ်။ အဂ္ဂသာဝကနှစ်ပါးရော၊ မဟာသာဝကတွေပါ သိကြပါလိမ့်မယ်။ ငါဟာ ဝန်လေးတဲ့အမှုကို ပြုမိပေစွ။'

ဒီမလ္လိကာဟာ ကောသလမင်းရဲ့ အတူမရှိအလှူမှာ သူငယ်ချင်းမ ဖြစ်ပါသတဲ့။ အဲဒီအလှူပွဲမှာလည်း တစ်နေ့မှာ ပြုလုပ်ခဲ့တဲ့စွန့်လွှတ်မှုက ၁၄ ကုဋေ ထိုက်တန်ပါသတဲ့။ ဘုရားရှင်အတွက် ထီးဖြူတော်၊ ထိုင်စရာပလ္လင်၊ သပိတ်ခြေ၊ ခြေဆေးအင်းပျဉ်၊ ဒီလေးခုဟာ တန်ဖိုးမဖြတ်နိုင်တဲ့ပစ္စည်းတွေသာ ဖြစ်ကြပါတယ်။ မလ္လိကာဟာ သေခါနီးမှာ အဲဒီလိုအလှူကြီးကို မအောက်မေ့နိုင်ဘဲ အဲဒီမကောင်းမှုကိုပဲ အဖန်ဖန် အမှတ်ရကာ သေသွားပြီး အဝီစိငရဲမှာဖြစ်တယ်။ မင်းကတော့ မလ္လိကာကို အလွန်အကဲပဲ ချစ်တယ်။ ကောသလမင်းဟာ အကြီးအကျယ် သောကဖိစီးခံရပြီး မလ္လိကာရဲ့ခန္ဓာကိုယ်ကို မီးသင်္ဂြိုဟ်ခိုင်းတယ်။ 'သူမရဲ့ဖြစ်ရာအရပ်ကို မေးမယ်'လို့ ကြံပြီး ဘုရားရှင်ထံသွားတယ်။ ဘုရားရှင်က ကောသလမင်း လာခြင်းရဲ့အကြောင်းကို အမှတ်မရအောင် ပြုလုပ်တော်မူတယ်။ ကောသလမင်းက ဘုရားရှင်ထံ တစ်သက်မပြတ် အမှတ်ရဖွယ်တရားစကားကို ကြားနာရပြီး အိမ်ထဲဝင်တဲ့အခါ အမှတ်ရသွားတယ်။ 'အမောင်တို့၊ ငါဟာ မလ္လိကာရဲ့ဖြစ်ရာအရပ်ကို မေးမယ်

http://www.dhammadownload.com



လို့ကြံပြီး ဘုရားရှင်ထံသွားကာ မေ့ခဲ့တယ်။ နက်ဖြန် နောက်ထပ်မေးမယ်'လို့ ကြံပြီး နောက်နေ့မှာလည်း သွားတယ်။ ဘုရားရှင်ကလည်း အစဉ်အတိုင်း ခုနစ်ရက်ပတ်လုံး ကောသလမင်း အမှတ်မရအောင် လုပ်တယ်။

မလ္လိကာကလည်း ခုနစ်ရက်သာ ငရဲမှာကျက်ကာ ရှစ်ရက်မြောက်မှာ အဲဒီငရဲမှစုတေပြီး တုသိတာနတ်ပြည်မှာ ဖြစ်တယ်။ ဘုရားရှင်က ကောသလမင်းကို ဘာကြောင့်အမှတ်မရအောင် လုပ်ထားသလဲ။ မလ္လိကာဟာ ကောသလမင်းရဲ့ အလွန်အကဲချစ်ခင်မြတ်နိုးမှုကို ခံရသူဖြစ်တယ်။ ဒါကြောင့် မလ္လိကာရဲ့ ငရဲမှာဖြစ်တာကို ကြားရပြီး 'ဒီလိုသဒ္ဓါနဲ့ပြည့်စုံသူဟာ ငရဲမှာဖြစ်တယ်ဆိုရင် ငါဟာ အလှူလှူပြီး ဘာကိုလုပ်ရမှာလဲ'လို့ အယူမှားကိုယူကာ ရဟန်း ၅၀၀ အတွက် အိမ်မှာဖြစ်တဲ့ အမြဲဆွမ်းအလှူကို ဖယ်ရှားခိုင်းပြီး ငရဲမှာဖြစ်နိုင်တယ်။ ဒါကြောင့် ဘုရားရှင်က ကောသလမင်း ခုနစ်ရက်ပတ်လုံး အမှတ်မရအောင် လုပ်ထားတယ်။ ရှစ်ရက်မြောက်မှာ ဆွမ်းခံလှည့်လည်တဲ့အခါ ကိုယ်တိုင်ပဲ မင်းအမျိုးအိမ်ကို ကြွတော်မူတယ်။

ကောသလမင်းက 'ဘုရားရှင် ကြွတယ်'လို့ ကြားရပြီး ထွက်ကာ သပိတ်ကိုယူတယ်။ ပြာသာဒ်ပေါ်တက်ဖို့ ကြိုးစားတယ်။ ဘုရားရှင်ကတော့ ရထားဇရပ်ထဲ ထိုင်ဖို့ အခြင်းအရာကို ပြတယ်။ မင်းက ဘုရားရှင်ကို အဲဒီနေရာမှာပဲ ထိုင်စေပြီး ယာဂု ခဲဖွယ်နဲ့ မြတ်မြတ်နိုးနိုး ပြုလုပ်တယ်။ ရှိခိုးပြီး လျှောက်ထားတယ်။

'မြတ်စွာဘုရား၊ တပည့်တော်ဟာ မလ္လိကာမိဖုရားရဲ့ ဖြစ်ရာအရပ်ကို မေးမယ်လို့ ကြံကာသွားတော့ မေ့သွားပါတယ်။ မလ္လိကာဟာ အခု ဘယ်မှာဖြစ်နေပါသလဲ'

'မင်းကြီး တုသိတာနတ်ပြည်မှာပါ'

'မြတ်စွာဘုရား မလ္လိကာမှ တုသိတာနတ်ပြည်မှာ မဖြစ်ရင်

http://www.dhammadownload.com



အခြားဘယ်သူဖြစ်မှာလဲ။ မလ္လိကာနဲ့တူတဲ့မိန်းမ မရှိပါဘုရား။ မှန်ပါတယ်၊ မလ္လိကာဟာ ထိုင်ရာအရပ်စသည်တွေမှာ 'နက်ဖြန်ခါ ဘုရားရှင်အား ဒါကိုလှူမယ်၊ ဒါကိုလုပ်မယ်'လို့ အလှူစီမံတာကို ထားပြီး အခြားကိစ္စတောင် မရှိပါ မြတ်စွာဘုရား၊ မလ္လိကာ နောက်ဘဝသွားတဲ့ အခါကစပြီး တပည့်တော်ရဲ့ကိုယ်ကို ဆောင်မထားနိုင်ပါ'

'မင်းကြီး၊ မပူပါနဲ့၊ ဒီသေခြင်းက သတ္တဝါအားလုံးမှာ မြဲတဲ့သဘောပဲ၊ မင်းကြီး၊ ဒီရထားက ဘယ်သူရဲ့ရထားလဲ'

'တပည့်တော်အဘိုးရဲ့ရထားပါ ဘုရား'

'ဒီရထားက ဘယ်သူ့ရဲ့ရထားပါလဲ'

'တပည့်တော်အဖေရဲ့ ရထားပါဘုရား'

'ဒီရထားကတော့ ဘယ်သူ့ရဲ့ရထားလဲ'

'တပည့်တော်ရဲ့ ရထားပါဘုရား'

'မင်းကြီး၊ သင့်အဘိုးရဲ့ရထားဟာ အဲဒီအခြင်းအရာနဲ့ပဲ သင့်ဖခင်ရဲ့ ရထားကို မမီ။ သင့်ဖခင်ရဲ့ရထားက သင့်ရထားကို မမီ။ ဒီလို သစ်သားတုံးမှာတောင် အိုမှု လာသေးတယ်၊ ခန္ဓာကိုယ်မှာ အိုမှုဟာ ဘာအကြောင်းကြောင့် မရောက်ဘဲ ရှိမှာလဲ။ မင်းကြီး၊ မှန်တယ်၊ သူတော်ကောင်းတရားမှာသာ အိုမှုမရှိ၊ သတ္တဝါတွေကတော့ မအိုသူဆိုတာ မရှိပါ'

'ဆန်းကြယ်တဲ့ မင်းရထားတွေတောင် တကယ်ပဲ အိုကြတယ်၊ ခန္ဓာကိုယ်လည်း အိုရတယ်၊ သူတော်ကောင်းတွေရဲ့ လောကုတ္တရာတရား ကိုးပါးကတော့ မအိုတော့။ ဘုရားစတဲ့သူတော်ကောင်းတွေက ပညာရှိတွေနဲ့အတူ တကယ်ပဲ အဲဒီလိုပြောဆိုကြပါတယ်'

အဲဒီတရားဒေသနာအဆုံးမှာ လူအများ သောတာပန်စသည် ဖြစ်ကြပါတယ်။ (ဓမ္မပဒ၊ ဋ္ဌ၊ ၃၊ ၇၅)

http://www.dhammadownload.com



ပသေနဒီကောသလမင်းက ဘုရားရှင်ထံ ချဉ်းကပ်ပြီး ဘုရားရှင်ကို ရှိခိုးကာ သင့်တင့်ရာအရပ်မှာ ထိုင်ပါတယ်။ အဲဒီအခါ ယောကျ်ား တစ်ယောက်က ပသေဒနိကောသလမင်းထံ ချဉ်းကပ်ပြီး ကောသလမင်း ရဲ့နားအနီးကပ်ပြီး ပြောတယ်။

'အရှင်မင်းကြီး၊ မလ္လိကာမိဖုရားက သမီးမွေးဖွားပါတယ်'

အဲဒီလိုပြောတဲ့အခါ ကောသလမင်းမှာ စိတ်မကောင်းဖြစ်သွားတယ်။ ဘုရားရှင်က အဲဒီအနေအထားကိုသိပြီး အောက်ပါစကားတွေကို မိန့်တော်မူပါတယ်။

'မင်းကြီး၊ ပညာမရှိတဲ့ သားအအထက် ပညာရှိ၊ သီလရှိပြီး ယောက္ခမတွေနဲ့ လင်အပေါ် ဝတ္တရားကျေပွန်တဲ့ တချို့မိန်းမကသာ မြင့်မြတ်ပါတယ်။ သင်မင်းကြီးက မွေးမြူစောင့်ရှောက်ပါ'

'သူမက မွေးလာတဲ့သားက ရဲရင့်သူ၊ အရပ်မျက်နှာအကြီးအကဲ ဖြစ်ကာ နိုင်ငံကိုလည်း သွန်သင်နိုင်ပါတယ်။ အဲဒီသားကို မွေးဖွားတဲ့ မိခင်ဟာ မိခင်ကောင်းပါပဲ' (သံယုတ်၊ ပါဠိ၊ ပ၊ ၈၆)

ကောသလမင်းက ဒီလိုတွေးပြီး စိတ်မကောင်းဖြစ်ရပါတယ်။

'ငါဟာ ဆင်းရဲတဲ့အမျိုးသမီးအား ကြီးကျယ်တဲ့အစိုးရမှုကို ပေးထားတယ်။ သူမဟာ သားကိုရရင် ကြီးကျယ်တဲ့ပူဇော်မှုကို ရလိမ့်မယ်၊ အခု အဲဒါမှ ဆုတ်ယုတ်သွားပြီ' (သံယုတ်၊ ဋ၊ ပ၊ ၁၄၂)

http://www.dhammadownload.com

# မလ္လိကာ (ဗန္ဓုလစစ်သူကြီးရဲ့ ဇနီး)

ဗန္ဓုလစစ်သူကြီးရဲ့ဇနီးကလည်း မလ္လိကာပဲ ဖြစ်ပါတယ်။ ကုသိနာရုံမြို့က မင်းသမီးဖြစ်တဲ့ မလ္လိကာဟာ ကြာရှည်စွာသော ကာလပတ်လုံး သားသမီး မမွေးဖွားပါ။ အဲဒီအခါ မလ္လိကာကို ဗန္ဓုလက 'သင့်ရဲ့ အမျိုးအိမ်ကိုပဲ သင်သွားပါ'လို့ စေလွှတ်လိုက်တယ်။ မလ္လိကာက 'ဘုရားရှင်ကို ဖူးပြီးမှသာ ငါသွားမယ်'လို့ ကြံပြီး ဇေတဝန်ကျောင်းထဲ ဝင်ကာ ဘုရားရှင်ကိုရှိခိုးပြီး ဘုရားရှင်က ရပ်တည်ရင်း မေးတယ်။

'သင် ဘယ်ကိုသွားမလို့လဲ'

'မြတ်စွာဘုရား၊ ခင်ပွန်းက တပည့်တော်ကို မိဘအိမ် ပြန်လွှတ်ပါတယ်'

'ဘာ့ကြောင့်လဲ'

'တပည့်တော်ဟာ သားသမီးမရှိတဲ့ အမြုံမဖြစ်လို့ပါ'

'ဒီလိုဆိုရင် သွားဖို့ကိစ္စမရှိပါ၊ ပြန်လှည့်ပါ'

မလ္လိကာဟာဝမ်းသာပြီး ဘုရားရှင်ကိုရှိခိုးကာ အိမ်ကိုသွားတယ်။

'သင် ဘာကြောင့် ပြန်လှည့်လာတာလဲ'

'ဘုရားရှင်က ပြန်လှည့်ခိုင်းလို့ပါ'

ဗန္ဓုလက 'အရှည်ကို မြင်တဲ့ဘုရားရှင်က အကြောင်းကိုမြင်ပြီး ဖြစ်လိမ့်မယ်'လို့ တွေးကာ လက်ခံလိုက်တယ်။ မလ္လိကာဟာ မကြာခင်ပဲ ကိုယ်ဝန်ရကာ ချင်ခြင်းဖြစ်လာလို့ 'ကျွန်မမှာ ချင်ခြင်းဖြစ်နေတယ်'လို့ ပြောတယ်။

'ဘာချင်ခြင်းလဲ'

http://www.dhammadownload.com



'အို အရှင်၊ ဝေသာလီမြို့က အဖွဲ့အစည်းမင်းမျိုးတို့ရဲ့ အဘိသိက် သွန်းရာ မင်္ဂလာရေကန်မှာ သက်ဆင်းရေချိုးပြီး သောက်ရေကို သောက် လိုပါတယ်'

ဗန္ဓုလဟာ ကောင်းပြီလို့ ပြောပြီး ဗိုလ်ခြေတစ်ထောင်တင်လေး ကို ယူကာ အဲဒီရထားကိုတက်စီးခိုင်းတယ်။ သာဝတ္ထိမြို့က ထွက်ပြီး ရထားကို မောင်းနှင်တဲ့အခါ မဟာလိလိစ္ဆဝီအား ပေးထားတဲ့ တံခါးနဲ့ ဝေသာလီမြို့ကို ဝင်တယ်။ မဟာလိလိစ္ဆဝီရဲ့ နေအိမ်ကလည်း တံခါး အနီးမှာပဲ ရှိတယ်။ မဟာလိက ရထားရဲ့တံခါးခုံမှာ ထိခတ်သံကို ကြားရပြီးချင်းပဲ 'ဒီအသံက ဗန္ဓုလရဲ့ရထားသံပဲ။ ဒီနေ့ လိစ္ဆဝီတွေမှာ ဘေးဖြစ်လိမ့်မယ်'လို့ ပြောတယ်။ ရေကန်ရဲ့အတွင်းမှာရော အပြင်မှာ ပါ အစောင့်အရှောက်က အားကြီးတယ်။ အပေါ်မှာ သံကွန်ရက် ဖြန့်မိုးထားတယ်။ ငှက်တွေတောင် ဝင်ခွင့်မရှိ။ ဗန္ဓုလစစ်သူကြီးက တော့ ရထားပေါ်ကဆင်းပြီး အစောင့်အရှောက်လူတွေကို ရိုက်ပုတ်ပြီး ပြေးအောင် လုပ်တယ်။ သံကွန်ရက်ကိုဖြတ်တောက်ပြီး ရေကန်ထဲမှာ မယားကို ရေချိုးခိုင်းတယ်။ ကိုယ်တိုင်လည်း ရေချိုးပြီး တစ်ဖန် အဲဒီ မလ္လိကာကို ရထားပေါ်တင်ပြီး မြို့မှထွက်ကာ လာရာလမ်းနဲ့ပဲ သွား တယ်။ အဲဒီအစောင့်လူတွေက လိစ္ဆဝီမင်းတွေအား ပြောကြတယ်။ လိစ္ဆဝီမင်းတွေက စိတ်ဆိုးပြီး ရထား ၅၀၀ ကို စီးကာ 'ဗန္ဓုလကို ဖမ်းကြမယ်'လို့ ရည်ရွယ်ပြီး ထွက်လာကြတယ်။ အဲဒီဖြစ်ပုံကို မဟာလိ အား ပြောကြတယ်။ မဟာလိက 'သင်တို့ မသွားကြပါနဲ့။ ဟုတ်တယ်၊ ဗန္ဓုလက သင်တို့အားလုံးကို သတ်လိမ့်မယ်'လို့ ပြောတယ်။ အဲဒီ လိစ္ဆဝီတွေကလည်း 'ငါတို့ သွားကိုသွားကြမယ်'လို့ ပြောကြတယ်။ 'ဒီလိုဆိုရင် အဲဒီရထားဘီး ချက်မကနေ မြေကြီးတိုင်အောင် ဝင်သွားတဲ့ အရပ်ကိုမြင်ပြီး ပြန်လှည့်ခဲ့ကြပါ။ အဲဒီနေရာက မလှည့်ရင် ရှေ့က မိုးကြိုးသံကို ကြားကြရလိမ့်မယ်။ အဲဒီနေရာက ပြန်လှည့်ခဲ့ကြပါ။

http://www.dhammadownload.com



အဲဒီနေရာက ပြန်မလှည့်ရင် သင်တို့ရဲ့ရထားဦးတွေမှာ အပေါက်ကို မြင်ကြရလိမ့်မယ်။ အဲဒီနေရာက ပြန်လှည့်ခဲ့ကြပါ။ ရှေ့ကိုမသွားကြပါနဲ့'လို့ မဟာလိက ပြောတယ်။ လိစ္ဆဝီတွေဟာ မဟာလိရဲ့စကားနဲ့ ပြန်မလှည့်ကြဘဲ ဗန္ဓုလနောက် လိုက်မြဲပဲ လိုက်ကြတယ်။

မလ္လိကာက မြင်ပြီး 'အို အရှင်၊ ရထားတွေ ထင်ရှားတယ်'လို့ ပြောတယ်။ ဗန္ဓုလက ပြောတယ်။

'ဒီလိုဆိုရင် ရထားတစ်စင်းတည်းပဲ ထင်ရှားတဲ့အခါမှာ ငါ့ကို ပြောပါ'

မလ္လိကာက ရထားအားလုံး တစ်စင်းတည်းလိုဖြစ်ပြီး ထင်ရှားကြတဲ့အခါ 'အို အရှင်၊ ရထားဦးတစ်ခုတည်းသာ ထင်ရှားနေပါတယ်'လို့ ပြောတယ်။ ဗန္ဓုလက 'ဒီလိုဆိုရင် ဒီကြိုးတွေကိုကိုင်ပါ'လို့ ပြောကာ အဲဒီကြိုးတွေကိုပေးပြီး ရထားမှာ ရပ်ရင်းပဲ လေးကိုတင်တယ်။ ရထားဘီးဟာ ချက်တိုင်အောင် မြေကြီးထဲဝင်သွားတယ်။ လိစ္ဆဝီတွေက အဲဒီနေရာကိုမြင်ပြီးလည်း ပြန်မလှည့်ကြ။ ဗန္ဓုလက အနည်းငယ်သွားကာ လေးညို့ကို ရိုက်ပုတ်လိုက်တယ်။ မိုးကြိုးသံလို ဖြစ်သွားတယ်။ လိစ္ဆဝီတွေက အဲဒီနေရာကလည်း ပြန်မလှည့်ကြ။ နောက်လိုက်မြဲပဲ လိုက်ကြတယ်။ ဗန္ဓုလက ရထားမှာရပ်ရင်းပဲ မြားတစ်စင်းကို ပစ်လိုက်တယ်။ အဲဒီမြားက ရထား ၅၀၀ ရဲ့ရထားဦးမှာ အပေါက်ပြုလုပ်ကာ မင်း ၅၀၀ တွေကို ချပ်ဝတ်တန်ဆာဆင်ရာနေရာမှာ ထိုးဖောက်ပြီး မြေကြီးထဲ ဝင်သွားတယ်။ အဲဒီလိစ္ဆဝီတွေက သူတို့ကို ပစ်ဖောက်ပြီးတာကို မသိဘဲ 'ဟေ့ ဗန္ဓုလ၊ ရပ်လော၊ ဟေ့ ဗန္ဓုလ ရပ်လော'လို့ ပြောဆိုကာ နောက်မှ လိုက်မြဲလိုက်ကြတယ်။

ဗန္ဓုလက ရထားကိုရပ်ပြီး 'သင်တို့က သေသူတွေပဲ၊ သေသူတွေနဲ့အတူ ငါ့မှာ စစ်တိုက်တယ်ဆိုတာ မရှိ'လို့ ပြောတယ်။

'သေတဲ့သူတွေဆိုတာ ငါတို့လိုပုဂ္ဂိုလ်တွေ မဟုတ်ကြ'

http://www.dhammadownload.com



'ဒီလိုဆိုရင် အားလုံးရဲ့နောက်ဆုံးလူရဲ့ ချပ်ဝတ်တန်ဆာကို ဖြည်လိုက်ပါ'

အဲဒီလိစ္ဆဝီတွေက ဖြည်လိုက်ကြတယ်။ အဲဒီနောက်ဆုံးလူဟာ ဖြည်လိုက်ကာမျှမှာပဲ သေပြီး လဲကျသွားတယ်။ အဲဒီအခါ လိစ္ဆဝီအားလုံးကိုလည်း 'သင်တို့လည်း အဲဒီလိုပဲ၊ သင်တို့ရဲ့အိမ်တွေကိုသွားပြီး စီမံထိုက်တာကို စီမံကာ သား သမီး ဇနီးကို ဆုံးမသွန်သင်ပြီး ချပ်ဝတ်ကို ဖြည်လိုက်ကြပါ'လို့ ပြောတယ်။ အဲဒီလိစ္ဆဝီတွေက အဲဒီအတိုင်းလုပ်ပြီး အားလုံးပဲ သေသွားကြတယ်။ ဗန္ဓုလကလည်း မလ္လိကာကို သာဝတ္ထိမြို့သို့ သယ်ဆောင်သွားတယ်။ မလ္လိကာဟာ ၁၆ ကြိမ်တိုင်တိုင် အစုံ အစုံသော သားတွေ (အမွှာပူးသားတွေ) ကို မွေးဖွားတယ်။ သားအားလုံးကလည်း ရဲရင့်ကြတယ်။ အင်အားနဲ့ ပြည့်စုံကြတယ်။ အတတ်အားလုံးရဲ့ ပြီးဆုံးခြင်းသို့ ရောက်ကြတယ်။ သားတစ်ယောက်တစ်ယောက်စီမှာ ယောကျ်ားအခြံအရံ တစ်ထောင်စီရှိတယ်။ ဖခင်ဗန္ဓုလနဲ့အတူ မင်းနန်းတော်ကို သူတို့သွားကြတဲ့အခါ သူတို့နဲ့ပဲ မင်းရင်ပြင်ဟာ ပြည့်နေတယ်။

တစ်နေ့မှာ တရားဆုံးဖြတ်ရာနေရာမှာ ကောက်ကျစ်ပြီး တရားဆုံးဖြတ်လို့ ရှုံးလာတဲ့လူတွေက ဗန္ဓုလ လာတာကို မြင်ပြီး အသံကျယ်ကျယ်နဲ့ အော်ဟစ်ကာ တရားဆုံးဖြတ်တဲ့အမတ်တွေရဲ့ ကောက်ကျစ်တဲ့ တရားဆုံးဖြတ်ပုံကို ဗန္ဓုလအား ပြောကြတယ်။ ဗန္ဓုလက တရားဆုံးဖြတ်ရာနေရာကိုသွားပြီး အဲဒီတရားအဆုံးအဖြတ်ကို စိစစ်ကာ ပိုင်ရှင်ကိုပဲ ပိုင်ရှင်လုပ်လိုက်ပါတယ်။ လူအများက အသံကျယ်ကြီးနဲ့ ကောင်းချီးပေးကြပါတယ်။ ကောသလမင်းက 'အဲဒါ ဘာလဲ'လို့ မေးပြီး အဲဒီအကြောင်းကိုကြားရလို့ သဘောကျသွားတယ်။ အဲဒီအမတ်အားလုံးကိုလည်း ဖယ်ရှားပြီး ဗန္ဓုလအားပဲ အဆုံးအဖြတ်ကိုအပ်နှင်းကြတယ်။ ဗန္ဓုလဟာ အဲဒီအချိန်ကစပြီး ကောင်းစွာတရားဆုံးဖြတ်တယ်။ အဲဒီက

http://www.dhammadownload.com



နောက် တရားဆုံးဖြတ်တဲ့အမတ်ဟောင်းတွေက လက်ဆောင်တစ်ခုကိုမှ မရကြတော့လို့ လာဘ်တိတ်သွားကာ 'ဗန္ဓုလဟာ မင်းအဖြစ်ကို တောင့်တနေပါတယ်'လို့ ပြောကာ မင်းနန်းတော်မှာ သွေးခွဲကြတယ်။ မင်းက အဲဒီအမတ်တွေရဲ့စကားကို ယုံကြည်ပြီး စိတ်ကိုနှိပ်ကွပ်ခြင်းငှာ မစွမ်းနိုင်။

'ဒီဗန္ဓုလကို ဒီနေရာမှာပဲ သတ်ရင် ငါ့မှာ ကဲ့ရဲ့စရာဖြစ်လိမ့်မယ်'လို့ နောက်ထပ်တွေးကာ သူလျှိုယောကျာ်းတွေကို တိုင်းပြည်အစွန်ကို ရိုက်ပုတ်စေတယ်။ ဗန္ဓုလကို အခေါ်ခိုင်းပြီး 'တိုင်းပြည်အစွန်ဟာ ပျက်စီးနေသတဲ့။ သင့်ရဲ့သားတွေနဲ့အတူ သွားပြီး သူခိုးတွေကို ဖမ်းလော့'လို့ ပြောကာ စေလွှတ်လိုက်တယ်။ 'အဲဒီနေရာမှာပဲ သား ၃၂ ယောက်နဲ့အတူ ဗန္ဓုလရဲ့ဦးခေါင်းကိုဖြတ်ကာ ဆောင်ယူခဲ့ကြ'လို့ အဲဒီသားအဖတို့နဲ့အတူ စွမ်းနိုင်တဲ့ အခြားစစ်သားကြီးတွေကိုလည်း စေလွှတ်လိုက်တယ်။ ဗန္ဓုလက တိုင်းပြည်အစွန်အရပ်ကို သွားစဉ်မှာပဲ 'စစ်သူကြီး လာသတဲ့'လို့ ပြောကာ သူလျှိုသူခိုးတွေက ထွက်ပြေးကြတယ်။ ဗန္ဓုလဟာ အဲဒီအရပ်ကို နေသားကျ ငြိမ်သက်အောင် လုပ်ပြီး ပြန်လာခဲ့တယ်။ အဲဒီအခါ မြို့ရဲ့အနီးအရပ်မှာ အဲဒီစစ်သားတွေက ဗန္ဓုလရဲ့ဦးခေါင်းကို သားတွေရဲ့ဦးခေါင်းနဲ့အတူ ဖြတ်လိုက်ကြတယ်။

အဲဒီနေ့မှာ မလ္လိကာက ရဟန်း ၅၀၀ နဲ့အတူ အဂ္ဂသာဝကနှစ်ပါးကို ပင့်ဖိတ်ထားတယ်။ အဲဒီအခါ မလ္လိကာထံ နံနက်ကပဲ 'သင့်ရဲ့ခင်ပွန်းရဲ့ဦးခေါင်းကို သားတွေရဲ့ဦးခေါင်းတွေနဲ့အတူ ဖြတ်လိုက်ကြပြီ'ဆိုတဲ့ စာကို သယ်ဆောင်ပြီး ပေးကြတယ်။ မလ္လိကာဟာ အဲဒီဖြစ်ပုံကိုသိပြီး ဘယ်သူ့ကိုမှ ဘာမျှမပြောဘဲ စာကို ရင်ခွင်မှာထားကာ ရဟန်းအပေါင်းကိုပဲ ပြုစုလုပ်ကျွေးတယ်။ အဲဒီအခါ မလ္လိကာရဲ့ အလုပ်အကျွေးမက ရဟန်းတွေအား ဆွမ်းကိုလှူပြီး ထောပတ်အိုးကြီးကို သယ်ဆောင်စဉ် မထေရ်တွေရဲ့ရှေ့မှာ ထောပတ်အိုးကြီး ကျကွဲ

http://www.dhammadownload.com



ပါတယ်။ တရားစစ်သူကြီး အရှင်သာရိပုတ္တရာက 'ကွဲရမယ့်သဘော ရှိတဲ့အရာက ကွဲတာပဲ၊ မပူပါနဲ့'လို့ ပြောတယ်။ မလ္လိကာက ရင်ခွင်ထဲက စာကို ထုတ်ဆောင်ပြီး 'သား ၃၂ ယောက်နဲ့အတူ ဖခင်ရဲ့ဦးခေါင်းကို ဖြတ်လိုက်ပြီဆိုတဲ့ ဒီစာကို တပည့်တော်ထံ သယ်ဆောင်လာကြပါတယ်။ တပည့်တော်ဟာ အဲဒီသတင်းစကားကို ကြားရပေမယ့်လည်း စိတ်မပူပါ။ ထောပတ်အိုးကြီးကွဲလို့ ဘယ်မှာစိတ်ပူပါ့မလဲဘုရား' လို့ လျှောက်တယ်။ တရားစစ်သူကြီး အရှင်သာရိပုတ္တရာက တရားဟောပြီး နေရာမှထကာ ကျောင်းကိုသွားပါတယ်။ မလ္လိကာကလည်း ချွေးမ ၃၂ ယောက်ကို အခေါ်ခိုင်းကာ ဆုံးမပါတယ်။

'သင်တို့ရဲ့ခင်ပွန်းတွေဟာ အပြစ်မရှိကြဘဲ သူတို့ရဲ့ရှေးကံအကျိုးကို ရရှိသွားကြတယ်။ သင်တို့ မပူဆွေးကြပါနဲ့၊ မငိုကြွေးကြပါနဲ့၊ မင်းရဲ့အပေါ်မှာ ဒေါသမထားကြပါနဲ့'

မင်းရဲ့သူလျှိုယောကျ်ားတွေက အဲဒီစကားကို ကြားရပြီး အဲဒီပုဂ္ဂိုလ်တွေမှာ အပြစ်မရှိတာကို မင်းအား ပြောပြကြတယ်။ မင်းက သံဝေဂဖြစ်ပြီး မလ္လိကာရဲ့အိမ်ကိုသွားကာ မလ္လိကာကိုရော၊ မလ္လိကာရဲ့ချွေးမတွေကိုပါ တောင်းပန်ပြီး မလ္လိကာအား ဆုပေးတယ်။ မလ္လိကာက 'ကျွန်မဟာ ဆုကို ယူပြီးထားလိုက်ပါ'လို့ ပြောကာ ကောသလမင်းသွားတဲ့အခါ သေသူတွေကို ရည်စူးပြီး ဆွမ်းအလှူ လှူတယ်။ ရေချိုးပြီး မင်းထံချဉ်းကပ်ကာ ရှိခိုးပြီး လျှောက်ထားတယ်။

'အရှင်မင်း၊ သင်တို့က ကျွန်မအား ဆုပေးပြီးပါပြီ။ ကျွန်မမှာလည်း အခြားဟာကို အလိုမရှိပါ။ ကျွန်မရဲ့ချွေးမ ၃၂ ယောက်နဲ့ ကျွန်မကို မိဘအိမ်ပြန်ခွင့် ပြုတော်မူပါ'

မင်းက လက်ခံကာယ်။ မလ္လိကာဟာ ချွေးမ ၃၂ ယောက်ကို သူတို့ရဲ့အိမ်တွေကို ပို့ပေးလိုက်တယ်။ ကိုယ်တိုင်ကလည်း ကုသိနာရုံမြို့က သူမရဲ့မိဘအိမ်ကို ပြန်သွားပါတယ်။ (ဓမ္မပဒ၊ ဋ္ဌ၊ ပ၊ ၂၂၂)

http://www.dhammadownload.com



ကုသိနာရုံမြို့က မလ္လမင်းတို့ရဲ့ အင်ကြင်းတောက အင်ကြင်းပင် အစုံတွေရဲ့အကြားမှာ ကဆုန်လပြည့်၊ နံနက်မိုးသောက်အချိန်ဝယ် ဂေါတမဘုရားရှင် ပရိနိဗ္ဗာန်စံတော်မူတယ်။ နတ်လူတွေက ဘုရားရှင်ရဲ့ အလောင်းတော်ကို ပူဇော်မှုပြုကြတယ်။ အဲဒီအခါ မလ္လိကာက ကုသိနာရုံမြို့မှာ နေတယ်။ ဗန္ဓုလမလ္လရဲ့ ဇနီးဖြစ်တယ်။ မလ္လမင်းသမီးဖြစ်တယ်။ သဒ္ဓါရှိတယ်။ သာသနာမှာ ကြည်ညိုတယ်။ ဝိသာခါမဟာ ဥပါသိကာမရဲ့ တန်ဆာနဲ့တူတဲ့ သူမရဲ့မဟာလတာတန်ဆာကို နံ့သာရေနဲ့ ဆေးကြောတယ်။ ဘွဲ့ဖြူပုဆိုးခေါင်းခုနဲ့ သုတ်သင်တယ်။ အခြားများစွာသော နံ့သာပန်းစသည်ကိုလည်း ယူကာ ဘုရားရှင်ရဲ့ကိုယ်တော်ကို ပူဇော်တယ်။

မလ္လိကာဟာ နောင်အခါမှာ သေပြီး တာဝတိံသာနတ်ပြည်မှာ ဖြစ်တယ်။ အဲဒီပူဇော်မှုရဲ့အစွမ်းကြောင့် သူမမှာ အခြားသူတွေနဲ့ မဆက်ဆံတဲ့ နတ်စည်းစိမ်မြတ် ဖြစ်ပေါ်လာတယ်။ အဝတ်၊ အဆင်တန်ဆာ၊ ဗိမာန်တွေက ရတနာခုနစ်ပါးနဲ့ တောက်ပနေကြတယ်။ အထူးအားဖြင့် သိင်္ဂီရွှေအဆင်းရှိကြတယ်။ အလွန်အကဲပဲ ပြိုးပြိုးပြက်ပြက် လက်နေကြတယ်။ အရပ်မျက်နှာအားလုံးကို သွန်လောင်းထားသလို ရွှေရည်အယဉ် ဆေးဒန်းရွှေဝါတွေကို ပြုလုပ်ကြတယ်။ အဲဒီအခါ အရှင်နာရဒက နတ်ပြည်ခရီးလှည့်လည်တဲ့အခါ အဲဒီမလ္လိကာနတ်သမီးကို မြင်ပြီး ချဉ်းကပ်တယ်။ အဲဒီနတ်သမီးက အရှင်နာရဒမြင်ပြီး ရှိခိုး၊ လက်အုပ်ချီကာ ရပ်တည်တယ်။ အရှင်နာရဒက အဲဒီနတ်သမီးကို မေးတယ်။

'အို နတ်သမီး၊ သင်က ရွှေဝါရောင်အဝတ်ကို ဝတ်ထားတယ်။ သင့်ဗိမာန်တံခါးမှာရော၊ သင့်ရထားမှာပါ ရွှေဝါရောင် တံခွန်ရှိတယ်။ ရွှေဝါရောင်အဆင်တန်ဆာတွေနဲ့ တန်ဆာဆင်ထားတယ်။ ချောမွေ့ပြေပြစ်တဲ့ ရွှေဝါရောင် ကိုယ်ဝတ်တွေနဲ့ တန်ဆာဆင်မထားပေမယ့် မိမိကိုယ်အဆင်းနဲ့ပဲ တင့်တယ်လှပါပေတယ်'

http://www.dhammadownload.com

*မလ္လိကာ (ပန္ဒုလစစ်သူကြီးရဲ့ ဇနီး)*

'နတ်သမီး၊ သင်ဟာ ရွှေလက်ကောက်ဝတ်ထားတယ်။ ရွှေဦးဆောက်ပန်းကို ပန်ဆင်ထားတယ်။ ရတနာချည်နဲ့ ချုပ်ထားတဲ့ ရွှေကွန်ရက်ငယ်နဲ့ ဖုံးလွှမ်းထားတဲ့ ကိုယ်ရှိတယ်။ ရတနာပန်းကုံးအမျိုးမျိုးလည်း ရှိတယ်၊ သင်က ဘယ်သူပါလဲ'

'နတ်သမီး၊ သင့်ဦးစွန်းပုတ်မှာ ဆင်မြန်းထားတဲ့ ရတနာပန်းကုံးဟာ သိင်္ဂီရွှေနဲ့လည်း ပြီးတယ်။ ပတ္တမြားနီနဲ့လည်း ပြီးတယ်။ ပုလဲနဲ့လည်း ပြီးတယ်။ ကြောင်မျက်ရွဲနဲ့လည်း ပြီးတယ်။ ပတ္တမြားနီနဲ့တကွ ပတ္တမြားပြောက်နဲ့လည်းပြီးတယ်။ ခိုမျက်စိနဲ့တူတဲ့ ပတ္တမြားတွေနဲ့ ဆန်းကြယ်တယ်'

'အဲဒီပန်းကုံးတွေထဲက အချို့အချို့ပန်းကုံးက ဥဒေါင်းသံလို ကောင်းတဲ့အသံရှိတယ်။ ဟင်္သာမင်းရဲ့အသံလို သာယာတဲ့အသံရှိတယ်။ ကရဝိက်ငှက်သံလို သာယာချိုမြိန်တဲ့အသံရှိတယ်။ အင်္ဂါငါးပါးရှိတဲ့ တူရိယာစသည်မျိုးမှာ ကောင်းစွာတီးမှုတ်အပ်တဲ့ အသံကို ကြားရသလို အဲဒီပန်းကုံးတွေရဲ့ သာယာတဲ့အသံကို ကြားရပါတယ်'

'သင့်ရဲ့ရထားကလည်း တင့်တယ်တယ်၊ နှစ်သက်ဖွယ်ရှိတယ်၊ ရတနာအမျိုးမျိုးတွေနဲ့ ဆန်းကြယ်တယ်။ အဆင်းအမျိုးမျိုးရှိ လှည်းဘီး၊ လှည်းသန်စတဲ့ခတ်တွေနဲ့ ကောင်းစွာဝေဖန်ထားတယ်။ ဒါကြောင့်ပဲ တင့်တယ်တယ်'

'နတ်သမီး၊ ရွှေစင်နဲ့တူတဲ့ အရောင်အဆင်းရှိတဲ့ အဲဒီရထားမှာ ရပ်တည်နေတဲ့ သင်ဟာ ဒီမြေအရပ်အားလုံးကို ထွန်းပစေပါတယ်။ ဒီအကျိုးက ဘယ်ကုသိုလ်ကံရဲ့အကျိုးပါလဲ။ သင့်ကို ငါမေးပါတယ်။ ဖြေကြားပေးပါ'

'မနှိုင်းယှဉ်နိုင်တဲ့ ဂုဏ်ရှိတဲ့ ပရိနိဗ္ဗာန်စံပြီး ဂေါတမဘုရားရှင်မှာ ကြည်ညိုစိတ်ဖြစ်ပြီး ခန္ဓာကိုယ်အတိုင်းအတာနဲ့ ပြုလုပ်ထားတဲ့ ရွှေကွန်ရက်လည်း ရှိ၊ ပတ္တမြားတွေနဲ့ရော၊ ရွှေနဲ့ပါ ဆန်းကြယ်၊ ပုလဲတွေနဲ့

http://www.dhammadownload.com



လည်း စီခြယ်ထားတဲ့ ရွှေကွန်ရက်လွှမ်း မဟာလတာတန်ဆာကို တင် လှူမ်းပူဇော်ခဲ့ပါတယ်'

'အရှင်ဘုရား၊ တပည့်တော်ဟာ ဘုရားရှင်တွေ ချီးမွမ်းတဲ့ အဲဒီကုသိုလ်ကံကို ပြုရလို့ စိုးရိမ်ခြင်းကင်းကာ ကိုယ်ကျန်းမာ၊ စိတ်ချမ်းသာစွာနဲ့ မွေ့လျော်ရွှင်ပျော်ရပါတယ်။'

(ဝိမာန၊ ၄၅၊ ၁၅၀)

http://www.dhammadownload.com

# သာမာဝတီနဲ့ ခုဇ္ဇုတ္တရာ

ခုဇ္ဇုတ္တရာဟာ နတ်ပြည်ကစုတေပြီး ဃောသကသူဌေးရဲ့အိမ်က အထိန်းမရဲ့ဝမ်းဗိုက်မှာ ပဋိသန္ဓေယူတယ်။ သူမက မွေးဖွားလာတဲ့အခါ ခါးကုန်းနေတယ်။ ဒါကြောင့် သူမကို ခုဇ္ဇုတ္တရာလို့ပဲ နာမည်မှည့်ကြတယ်။ သာမာဝတီလည်း နတ်ပြည်က စုတေပြီး ဘဒ္ဒဝတီယတိုင်းက ဘဒ္ဒိယမြို့မှာ ဘဒ္ဒဝတီယသူဌေးရဲ့အိမ်မှာ ပဋိသန္ဓေယူတယ်။ သူမရဲ့နာမည်ကို 'သာမာ'လို့ မှည့်ကြတယ်။ နောင်အခါမှာ အဲဒီဘဒ္ဒိယမြို့မှာ ဆာလောင်ငတ်မွတ်တဲ့ဘေး ဖြစ်ပေါ်လာတယ်။ လူတွေက ဆာလောင်ငတ်မွတ်တဲ့ဘေးကိုကြောက်လို့ ဟိုနေရာ၊ ဒီနေရာကို ပြေးကြတယ်။ အဲဒီအခါ ဒီဘဒ္ဒဝတီယသူဌေးက မယားနဲ့အတူ တိုင်ပင်တယ်။

'ရှင်မ၊ ဒီဘဒ္ဒိယမြို့မှာ ဆာလောင်ငတ်မွတ်တဲ့ဘေးရဲ့ အဆုံးဟာ မထင်ရှား၊ ကောသမ္ဗီမြို့က ငါတို့ရဲ့သူငယ်ချင်း ဃောသကသူဌေးထံ သွားကြမယ်။ ဃောသကသူဌေးအတွက် ဘဒ္ဒဝတီယသူဌေးဟာ မမြင်ဖူးတဲ့ သူငယ်ချင်းဖြစ်နေတယ်။ ဒါကြောင့် အဲဒီလို ပြောပါတယ်။ ဘဒ္ဒဝတီယသူဌေးဟာ ကျန်တဲ့လူအပေါင်းကို ပြန်သွားခိုင်းပြီး ဇနီးနဲ့ သမီးကိုခေါ်ယူကာ ကောသမ္ဗီမြို့ရဲ့လမ်းကို သွားတယ်။ အဲဒီသုံးယောက်လုံးဟာ လမ်းခရီးအကြားမှာ ကြီးကျယ်တဲ့ဒုက္ခကို ခံစားရင်း အစဉ်အတိုင်း ကောသမ္ဗီမြို့ကို ရောက်သွားတယ်။ ဇရပ်တစ်ခုမှာ နေကြတယ်။ ဃောသကသူဌေးကလည်း သူတို့အိမ်တံခါးမှာ ဆင်းရဲသူ၊ ခရီးသွား၊ တောင်းစားသူတွေအား အလှူကြီး လှူတယ်။ အဲဒီအခါ ဘဒ္ဒဝတီယသူဌေးက ဒီလိုကြံတယ်။

http://www.dhammadownload.com



'ငါတို့ဟာ ဒီဆင်းရဲသားအသွင်နဲ့ပဲ သူငယ်ချင်းဃောသက သူဌေးအား မိမိကိုယ်ကို ပြလို့ မဖြစ်၊ ခန္ဓာကိုယ်ဟာ ပကတိအတိုင်း ဖြစ်တဲ့အခါ ကောင်းကောင်းဝတ်ရုံကာ ဃောသကသူဌေးကို တွေ့ကြမယ်'

မိဘနှစ်ဦးလုံးဟာ သမီးကို ဃောသကသူဌေးရဲ့ အလှူတင်းကုပ်ဆီ ပို့ကြပါတယ်။ သာမာက သူ့အတွက် ထမင်းကို သယ်ဆောင်ဖို့ ခွက်ကိုယူပြီး အလှူတင်းကုပ်ဆီသွားကာ တစ်နေရာမှာ ရှက်တဲ့သဘောရှိလျက် ရပ်တည်နေတယ်။ သာမာကိုမြင်ပြီး အလှူမှာ အလုပ်လုပ်သူက ကြံတယ်။

'ကျန်တဲ့လူတွေက မျက်မှောက်မျက်မှောက်အရပ်မှာ တံငါသည်တွေ ငါးလုနေကြသလို အသံအကျယ်ကြီး ပြုလုပ်ကာ ယူပြီး သွားကြတယ်။ ဒီကလေးမကတော့ အမျိုးကောင်းသမီးဖြစ်လိမ့်မယ်၊ သူမမှာ ရပ်ရည်လှပမှုလည်း ရှိတယ်။'

အဲဒီကနောက် သာမာကို ပြောတယ်။

'သမီး၊ သင်က ဘာကြောင့် ကျန်တဲ့လူတွေလို ယူပြီး မသွားတာလဲ'

'ဖခင်၊ ဒီလိုကျဉ်းမြောင်းတဲ့နေရာကို ဘယ်လိုလုပ်ပြီး ကျွန်မက ဝင်ရမှာပါလဲ'

'သမီး၊ သင်တို့က ဘယ်နှစ်ယောက်လဲ'

'ဖခင်၊ သုံးယောက်ပါ'

အဲဒီအလှူလုပ်သမားက ထမင်းခဲ သုံးခဲ ပေးလိုက်ပါတယ်။ သာမာက အဲဒီထမင်းကိုယူပြီး မိဘတွေအား ပေးပါတယ်။ ဖခင်က အချိန်ကြာမြင့်စွာ ဆာလောင်လာလို့ အလွန်အကဲစားပြီး သေသွားပါတယ်။ သာမာက နောက်နေ့မှာ သွားပြီး ထမင်း နှစ်ခဲကိုသာ ယူတယ်။ အဲဒီနေ့မှာ သူဌေးကတော်ဟာ ထမင်းဆာလို့ ပင်ပန်းတာကြောင့်ရော၊

http://www.dhammadownload.com



သူဌေးသေလို့ သောကရောက်ရတာကြောင့်ပါ ညရဲ့အခြားမဲ့မှာ သေသွားပါတယ်။ သာမာသူဌေးသမီးဟာ နောက်နေ့မှာ ထမင်း တစ်ခဲကိုပဲ ယူပါတယ်။ အလှူမှာ အလုပ်လုပ်သူက သာမာရဲ့အမူအရာကို စူးစမ်းပြီး မေးတယ်။

'သမီး၊ သင်ဟာ ပထမနေ့မှာ ထမင်း သုံးခဲယူတယ်။ နောက်နေ့မှာ နှစ်ခဲယူတယ်။ ဒီနေ့ တစ်ခဲပဲယူတယ်၊ အကြောင်းက ဘာပါလဲ'

သာမာက အဲဒီအကြောင်းကို ပြောပြတယ်။

'သမီး၊ သင်က ဘယ်ရွာမှာ နေပါသလဲ'

သာမာက အဲဒီအကြောင်းကိုလည်း မခြွင်းမချန်ပြောပြတယ်။

'သမီး၊ ဒီလိုဆိုရင် သင်ဟာ ငါတို့ရဲ့သူငယ်ချင်းသမီးပဲ။ ငါ့မှာလည်း အခြားကလေးမ မရှိ၊ သင်ဟာ ဒီအချိန်ကစပြီး ငါ့ရဲ့သမီးပဲ'

အဲဒီလိုပြောပြီး သာမာကို သမီးပြုလုပ်ကာ ယူလိုက်ပါတယ်။

သာမာဟာ ထသွားပြီး အလှူမဏ္ဍပ်မှာ ကျယ်လောင်တဲ့အသံကို ကြားရပြီး မေးတယ်။

'ဖခင်၊ ဘာကြောင့် ဒီအသံကျယ်လောင်ရတာပါလဲ'

'သမီး၊ လူအများရဲ့အကြားမှာဆိုတာ အသံမရှိအောင် လုပ်လို့ မတတ်နိုင်ပါ'

'ဖခင်၊ အဲဒီနေရာမှာ နည်းလမ်းကို ကျွန်မသိပါတယ်'

'သမီး၊ ဘာကိုလုပ်သင့်ပါသလဲ'

'ဖခင်၊ ပတ်ဝန်းကျင်မှာ အကာအရံပြုလုပ်ပြီး တံခါးနှစ်ခု တပ်ကာ အတွင်းမှာ ခွက်တွေကိုထားခိုင်းပါ၊ တံခါးတစ်ခုနဲ့ဝင်ပြီး ထမင်းကိုယူကာ နောက်တံခါးတစ်ခုနဲ့ ထွက်ကြပါ'

'သမီး၊ ကောင်းပါပြီ'

နောက်နေ့ကစပြီး အဲဒီအတိုင်း လုပ်ခိုင်းပါတယ်။ အဲဒီအချိန်ကစပြီး အလှူမဏ္ဍပ်ဟာ ပဒုမ္မာကြာအိုင်လို အသံတိတ်ဆိတ်ငြိမ်သက်သွား

http://www.dhammadownload.com



ပါတယ်။ အဲဒီကနောက် ဃောသကသူဌေးဟာ ရှေးအခါက အလှူမဏ္ဍပ်မှာ ဆူညံတဲ့အသံကို ကြားရပြီး အဲဒီအခါ အဲဒီဆူညံသံကို မကြားရလို့ အလှူမှာ အလုပ်လုပ်သူကို မေးတယ်။

'သင်ဟာ ဒီနေ့ အလှူကို လှူခိုင်းပါသလား'

'အို အရှင်၊ လှူပါတယ်'

'ဒီလိုဆိုရင် ဘာကြောင့် ရှေးကလို အလှူမဏ္ဍပ်မှာ အသံကို မကြားရပါသလဲ'

'အို အရှင်၊ ဟုတ်ပါတယ်။ အကျွန်ုပ်မှာ သမီးတစ်ယောက်ရှိပါတယ်။ အကျွန်ုပ်ဟာ အဲဒီသမီးပြောတဲ့နည်းမှာ ရပ်တည်ကာ အလှူမဏ္ဍပ်ကို အသံတိတ်အောင် ပြုလုပ်ပါတယ်'

'သင့်မှာ သမီးဆိုတာ မရှိပါ။ သင်က သမီးကို ဘယ်က ရတာလဲ'

အဲဒီအလှူအလုပ်သမားက မလှည့်ပတ်နိုင်လို့ သူဌေးအား သမီးရဲ့လာပုံ အစီအစဉ်အားလုံးကို ပြောပြတယ်။

'အမောင်၊ သင်က ဘာကြောင့် ဒီလိုကြီးလေးတဲ့အမှုကို ပြုလုပ်ပါသလဲ။ သင်က ဒီလောက်ကာလပတ်လုံး ငါ့သမီး သင့်ထံမှာ နေတာကို မပြောဘဲကိုး။ မြန်မြန် အဲဒီသမီးကို ငါ့အိမ်အပို့ခိုင်းလိုက်ပါ'

အဲဒီလူက သူဌေးရဲ့စကားကို ကြားရပြီး မပို့လိုဘဲ ပို့ခိုင်းလိုက်တယ်။ အဲဒီအချိန်ကစပြီး သူဌေးက သာမာကို သမီးအရာမှာထားကာ 'သမီးအား ပူဇော်မှုပြုမယ်'လို့ ကြံပြီး သမီးနဲ့ဇာတ်တူအမျိုးတွေမှ သမီးနဲ့အရွယ်တူ သတို့သမီး ၅၀၀ ကို သာမာဝတီရဲ့ အခြံအရံလုပ်လိုက်တယ်။ တစ်နေ့မှာ ဥတေနမင်းက မြို့မှာလှည့်လည်တဲ့အခါ အဲဒီသာမာဝတီ အဲဒီသတို့သမီးတွေ ခြံရံပြီး ကစားနေတာကို မြင်ပြီး မေးတယ်။

'ဒီကလေးမက ဘယ်သူရဲ့ကလေးမလဲ'

http://www.dhammadownload.com



'ဃောသကသူဌေးရဲ့ သမီးပါ'

အဲဒီလိုကြားရပြီး လင်ရှိ မရှိ မေးပြန်တယ်။ လင်မရှိကြောင်း ဖြေကြတော့ ဒီလိုပြောတယ်။

'သွားကြပါ၊ သင်တို့ရဲ့သမီးကို မင်းက အလိုရှိတယ်လို့ ပြောကြပါ'

အဲဒီစကားကို ကြားရပြီး သူဌေးက ပြောတယ်။

'အကျွန်ုပ်တို့မှာ အခြားကလေးမ မရှိပါ။ တစ်ဦးတည်းသော သမီးကို လင်တူမိန်းမနဲ့အတူ နေခွင့်မပေးနိုင်ကြပါ'

မင်းက အဲဒီစကားကိုကြားရပြီး သူဌေးကိုရော၊ သူဌေးကတော် ကိုပါ အိမ်ပြင်မှာထားကာ တစ်အိမ်လုံးကို တံဆိပ်ခတ်ခိုင်းပါတယ်။ သာမာဝတီက အပြင်မှာကစားပြီး လာတဲ့အခါ မိဘတွေ အပြင်မှာ ထိုင်နေတာကို မြင်သွားပြီး မေးတယ်။

'အမေ၊ အဖေတို့၊ ဘာလို့ ဒီနေရာမှာ ထိုင်နေကြပါသလဲ'

မိဘတွေက အဲဒီအကြောင်းကို ပြောပြကြတယ်။

'အမေ အဖေတို့၊ ငါ့သမီးဟာ လင်တူမိန်းမနဲ့အတူနေရင် တစ်ယောက်တည်း နေနိုင်မှာမဟုတ်ပါ။ သမီးရဲ့အခြံအရံ သတို့သမီး ၅၀၀ ကို နေခိုင်းကြရင် သမီးဟာ နေပါလိမ့်မယ်'လို့ ဒီစကားတို့ကို ဘာကြောင့် သင်တို့က မသိကြပါသလဲ။ အခု အဲဒီလိုအပြောခိုင်းကြပါ'

'သမီး၊ ကောင်းပြီ၊ ငါတို့က သင့်ရဲ့စိတ်ကို မသိကြ'

အဲဒီလိုပြောပြီး မိဘတွေက သမီးပြောခိုင်းတဲ့အတိုင်း ပြောကြပါတယ်။ မင်းက အလွန်အကဲပဲ ကြည်ညိုပြီး 'တစ်ထောင်လည်း ဖြစ်ပါစေ၊ အားလုံးကို သယ်ဆောင်ခဲ့ကြပါ'လို့ ပြောတယ်။ အဲဒီအခါ သာမာဝတီကို နက္ခတ်ကောင်း၊ အချိန်ကောင်းနဲ့ အမျိုးသမီး ၅၀၀ ခြံရံကာ မင်းနန်းတော်ကို သယ်ဆောင်ကြပါတယ်။ မင်းက အဲဒီအမျိုး

http://www.dhammadownload.com



သမီး ၅၀၀ ကိုလည်း သာမာဝတီရဲ့ အခြံအရံပြုလုပ်ကာ အဘိသိက် သွန်းပြီး သီးခြားပြာသာဒ်တစ်ခုမှာ နေခိုင်းပါတယ်။

တစ်နေ့မှာ ဘုရားရှင်က ရဟန်းအပေါင်းခြံရံပြီး အကြီးအကဲ ပန်းသည်ရဲ့အိမ်မှာ ထိုင်တယ်။ အဲဒီခဏမှာ သာမာဝတီရဲ့အလုပ်အကျွေး ဖြစ်တဲ့ ခုဇ္ဇုတ္တရာက အသပြာ ရှစ်ကျပ်ကိုယူပြီး ပန်းအလို့ငှာ အဲဒီအိမ် ကို သွားတယ်။ အကြီးအကဲပန်းသည်က ခုဇ္ဇုတ္တရာကိုမြင်ပြီး ပြော တယ်။

'သမီးခုဇ္ဇုတ္တရာ၊ ဒီနေ့ သင့်အား ပန်းတွေကိုပေးဖို့ အချိန်အခါ မရှိပါ၊ ငါဟာ ဘုရားအမှူးရှိတဲ့ ရဟန်းအပေါင်းကို ပြုစုလုပ်ကျွေးနေ ပါတယ်။ သင်လည်း ပြုစုလုပ်ကျွေးရာမှာ အပေါင်းအဖော်ဖြစ်ပါ။ အဲဒီလိုဆိုရင် သူတစ်ပါးတွေရဲ့ကိစ္စကြီးငယ်ကို ဆောင်ရွက်ပေးရတဲ့ ဒီဘဝမှ လွတ်မြောက်ပါလိမ့်မယ်'

အဲဒီကနောက် ခုဇ္ဇုတ္တရာဟာ သူရတဲ့စားဖွယ်ကိုစားပြီး ဘုရား ရှင်တွေရဲ့ ဆွမ်းဘုဉ်းပေးရာနေရာမှာ ဝေယျာဝစ္စဆောင်ရွက်ပါတယ်။ ခုဇ္ဇုတ္တရာဟာ ဘုရားရှင်တို့၏ ပြောစကားအစွမ်းနဲ့ ဟောတဲ့ တရား အားလုံးကိုပဲ သင်ယူပါတယ်။ အနုမောဒနာစကားကို ကြားနာရပြီး သောတာပန်ဖြစ်သွားပါတယ်။ ခုဇ္ဇုတ္တရာဟာ အခြားနေ့တွေမှာ အသပြာ လေးကျပ်ကိုသာ ပေးပြီး ပန်းတွေကိုယူကာ သွားပါတယ်။ အဲဒီနေ့မှာ တော့ သစ္စာလေးပါးကို အရိယမဂ်ဉာဏ်နဲ့ မြင်ထားတာမို့ သူတစ်ပါး ဥစ္စာမှာ ခိုးလိုစိတ်ကို မဖြစ်စေဘဲ အသပြာ ရှစ်ကျပ်လုံးကိုပဲ ပေးကာ တောင်းကိုပြည့်စေပြီး ပန်းတွေကိုယူကာ သာမာဝတီထံ သွားတယ်။ အဲဒီအခါ ခုဇ္ဇုတ္တရာကို သာမာဝတီက မေးတယ်။

'အမိခုဇ္ဇုတ္တရာ၊ သင်က အခြားနေ့တွေမှာ ပန်းတွေအများကြီး မဆောင်ယူခဲ့ပါ။ ဒီနေ့တော့ အများကြီးဆောင်ယူခဲ့ပါတယ်။ မင်းက ငါတို့ကို ပိုပြီးကြည်ညိုလာပါသလား'

http://www.dhammadownload.com



ခုဇ္ဇုတ္တရာဟာ လိမ်ညာမပြောထိုက်လို့ အတိတ်က သူပြုလုပ်ခဲ့တာကို မကွယ်ဝှက်ဘဲ အားလုံးကို ပြောပြလိုက်ပါတယ်။

'ဒီလိုဆိုရင် ဘာလို့ ဒီနေ့ ပန်းတွေအများကြီး သယ်ဆောင်လာတာလဲ'

'ကျွန်မက ဒီနေ့ ဘုရားရှင်ရဲ့တရားကို ကြားနာရပြီး နိဗ္ဗာန်ကို မျက်မှောက်ပြုခဲ့ပါတယ်။ ဒါကြောင့် သင်တို့ကို မလှည့်စားတော့ပါ'

'အမိခုဇ္ဇုတ္တရာ၊ သင်ရခဲ့တဲ့ နိဗ္ဗာန်အမြိုက်တရားကို ငါတို့အားလည်း ပေးပါ'

အားလုံးကပဲ လက်ကို ဖြန့်ကြပါတယ်။

'အို အရှင်မ၊ အဲဒီလိုပေးလို့ မရပါ။ ကျွန်မကတော့ ဘုရားရှင်ဟောတဲ့နည်းအတိုင်း သင်တို့အား တရားကို ဟောပါမယ်။ သင်တို့ဟာ သင်တို့ရဲ့ပါရမီအကြောင်းရှိရင် အဲဒီတရားကို ရကြပါလိမ့်မယ်'

'အမိခုဇ္ဇုတ္တရာ၊ ဒီလိုဆိုရင် ဟောပြပါ'

'ဒီလိုဟောလို့ မဖြစ်နိုင်ပါ။ ကျွန်မအတွက် မြင့်တဲ့နေရာကို ခင်းပေးပြီး သင်တို့က နိမ့်တဲ့နေရာတွေမှာ ထိုင်ကြပါ'

အဲဒီမိန်းမ ၅၀၀ လုံးပဲ ခုဇ္ဇုတ္တရာအား မြင့်တဲ့နေရာကိုပေးပြီး ကိုယ်တိုင် နိမ့်တဲ့နေရာတွေကို ယူကာ ထိုင်ကြတယ်။ ခုဇ္ဇုတ္တရာကလည်း သေက္ခပဋိသမ္ဘိဒါတွေမှာ တည်ကာ အဲဒီမိန်းမတွေအား တရားဟောပါတယ်။ တရားဒေသနာအဆုံးမှာ သာမာဝတီကို အကြီးအကဲပြုပြီး အားလုံးပဲ သောတာပန်ဖြစ်သွားကြတယ်။ အဲဒီအချိန်ကစပြီး ခုဇ္ဇုတ္တရာကို ဝေယျာဝစ္စအလုပ်တာဝန်မှ ဖယ်ရှားကာ 'သင်ဟာ ဘုရားရှင်ရဲ့ တရားစကားကို ကြားနာပြီး သယ်ဆောင်ကာ ငါတို့အား ပြောပြပါ'လို့ ပြောကြတယ်။ ခုဇ္ဇုတ္တရာကလည်း အဲဒီအချိန်ကစပြီး အဲဒီအတိုင်း ပြုလုပ်တယ်။ ခုဇ္ဇုတ္တရာဟာ ဘာကြောင့်ကျွန်မဖြစ်ရတာပါလဲ။ သူမဟာ ကဿပဘုရားရှင်လက်ထက်က သာသနာတော်မှာ သာမဏေမ တစ်

http://www.dhammadownload.com



ယောက်ကို သူမရဲ့ဝေယျာဝစ္စကို ပြုလုပ်ခိုင်းပါတယ်။ အဲဒီကံကြောင့် ဘဝ ၅၀၀ ပတ်လုံး သူတစ်ပါးတွေရဲ့ ကျွန်မပဲဖြစ်ခဲ့ပါတယ်။ ဘာကြောင့် ခါးကုန်းရပါသလဲ။ ဘုရားမပွင့်မီ ခုဇ္ဇုတ္တရာဟာ ဗာရာဏသီမင်းရဲ့အိမ်မှာ နေတဲ့အခါ မင်းနန်းတော်ကို ကြွလာတဲ့ ပစ္စေကဗုဒ္ဓါ တစ်ပါး ခါးကုန်းတဲ့သဘောရှိတာကို မြင်ရပြီး သူမနဲ့အတူနေတဲ့ အမျိုးသမီးတွေရဲ့ရှေ့မှာ ပြက်ရယ်မှုကိုပြုရင်း ခါးကုန်းတဲ့ အခြင်းအရာနဲ့ လှည့်လည်ခဲ့တယ်။ ဒါကြောင့် ခါးကုန်းပါတယ်။ ခုဇ္ဇုတ္တရာဟာ ဘယ်ကုသိုလ်ကိုပြုလုပ်ပြီး ပညာကြီးခဲ့ပါသလဲ။ ဘုရားမပွင့်မီ ခုဇ္ဇုတ္တရာဟာ ဗာရာဏသီမင်းရဲ့အိမ်မှာ နေရင်း ပစ္စေကဗုဒ္ဓါရှစ်ပါး မင်းနန်းတော်မှ နို့ဃနာအပူနဲ့ ပြည့်နေတဲ့ သပိတ်တွေကိုယူပြီး ကြွသွားတာကို မြင်ရတယ်။ 'အရှင်ဘုရားတို့၊ ဒီမှာထားကာ သွားကြပါ'လို့ ရွှေလက်ကောက်ရှစ်ခုကို ချွတ်ပြီး လှူလိုက်တယ်။ အဲဒီကံရဲ့အကျိုးဆက်ကြောင့် ပညာကြီးတယ်။

အဲဒီအခါ သာမာဝတီရဲ့အခြံအရံမိန်းမ ၅၀၀ ဟာ သစ္စာလေးပါးကို ထိုးထွင်းသိထားတဲ့ သောတာပန်အရိယာတွေဖြစ်နေကြပေမယ့် ဉတေနမင်းမှာ သဒ္ဓါမရှိလို့ သင့်လျော်တဲ့အချိန်မှာ ဘုရားရှင်ထံသွားပြီး ဘုရားရှင်ကိုဖူးခွင့် မရကြ။ ဒါကြောင့် ဘုရားရှင်က လမ်းခရီးအကြားကို ကြွတဲ့အခါ လေသာပြတင်းပေါက်တွေက မလောက်ကြလို့ မိမိမိမိရဲ့တိုက်ခန်းတွေမှာ အပေါက်ပြုလုပ်ကာ အဲဒီအပေါက်တွေနဲ့ ကြည့်ကြတယ်။ တစ်နေ့မှာ မာဂဏ္ဍီမိဖုရားက သူမရဲ့ပြာသာဒ်အပြင်မှ ထွက်ပြီး စင်္ကြံသွားတဲ့အခါ အဲဒီသာမာဝတီတို့ရဲ့ နေရာအရပ်ကိုသွားပြီး တိုက်ခန်းအပေါက်ကို မြင်သွားတယ်။ 'ဒါက ဘာလဲ'လို့ မေးတယ်။ သာမာဝတီတို့က မာဂဏ္ဍီ ဘုရားရှင်အပေါ် ရန်ငြိုးဖွဲ့တာကို မသိကြလို့ 'ဘုရားရှင်က ဒီမြို့ကိုကြွလာပါတယ်။ ငါတို့က ဒီမှာရပ်တည်ပြီး ဘုရားရှင်ကို ဖူးလည်းဖူးမြော်ကြပါတယ်။ ပူလည်း ပူဇော်ကြပါတယ်'

http://www.dhammadownload.com



လို့ ပြောကြတယ်။ ‘ငါဟာ အခု ရဟန်းဂေါတမအပေါ် လုပ်သင့်တာကို သိမယ်။ ဒီသာမာဝတီတို့ကလည်း ရဟန်းဂေါတမရဲ့ အလုပ်အကျွေးမ တွေပဲ။ ဒီသာမာဝတီတို့အပေါ်လည်း လုပ်သင့်တာကို သိမယ်’လို့ ကြံပြီး သွားကာ မင်းနဲ့အတူ ဆိတ်ကွယ်ရာအရပ်ကို ရောက်တဲ့အခါ ပြောတယ်။

‘မင်းကြီး၊ သာမာဝတီတို့အဖွဲ့မှာ ပြင်ပမှာတောင့်တတာ ရှိနေပါ တယ်။ ရက်အနည်းငယ်နဲ့ပဲ သင့်ရဲ့အသက်ကို သူတို့သတ်ကြပါလိမ့် မယ်။ သာမာဝတီဟာ သူ့အခြံအရံနဲ့အတူ သင့်အပေါ် တွယ်တာချစ်ခင်မှု ကို မပြုပါ။ ရဟန်းဂေါတမကိုတော့ လမ်းခရီးအကြားသွားတာကြည့် ပြီး လေသာပြတင်းတွေ မလောက်တော့အခါ အဲဒီလေသာပြတင်းတွေကို ဖောက်ခွဲပြီး အခွင့်ပြုကာ ကြည့်ကြပါတယ်’

မင်းက ‘သာမာဝတီတို့ ဒီလိုအလုပ်ကို လုပ်ကြမှာမဟုတ်’လို့ တွေးပြီး မယုံကြည်။ နောက်ထပ် ပြောတဲ့အခါမှာလည်း မယုံကြည်ဘဲ ရှိပါတယ်။ အဲဒီအခါ သုံးကြိမ်တိုင်တိုင် ပြောပေမယ့်လည်း မယုံကြည် တဲ့မင်းကို ‘သင်ဟာ ငါ့စကားကိုမယုံရင် အဲဒီသာမာဝတီတို့ရဲ့ နေရာ အရပ်ကို သွားပြီးစုံစမ်းပါ မင်းကြီး’လို့ ပြောတယ်။ မင်းကသွားပြီး တိုက်ခန်းတွေမှာ အပေါက်ကိုမြင်တော့ ‘ဒါက ဘာလဲ’လို့ မေးတယ်။ အဲဒီအကြောင်းကို ပြောပြတဲ့အခါ သာမာဝတီတို့အပေါ် စိတ်မဆိုးဘဲ၊ ဘာစကားကိုမျှ မပြောဘဲ အပေါက်တွေကို အပိတ်ခိုင်းတယ်။ မင်းဟာ အဲဒီအချိန်ကစပြီး သာမာဝတီတို့ရဲ့ပြာသာဒ်မှာ အထက်မှာ အပေါက်ပါ တဲ့ ကွန်ရက်ပြတင်းပေါက်တွေကို အလုပ်ခိုင်းတယ်။ မာဂဏ္ဍီဟာ အဲဒီအကြောင်းနဲ့ မင်းကို စိတ်ဆိုးအောင် မလုပ်နိုင်လို့ ‘အရှင်မင်း၊ အဲဒီသာမာဝတီတို့အုပ်စုမှာ သင့်အပေါ် ချစ်ခင်မှုရှိ မရှိ သိကြမယ်။ ကြက်ရှစ်ကောင်ကို စေလွှတ်ပြီး သင့်အတွက် အချက်ခိုင်းပါ’လို့ ပြော တယ်။ မင်းက မာဂဏ္ဍီရဲ့စကားကို ကြားရပြီး ‘ဒီကြက်တွေကို ချက်ကာ

http://www.dhammadownload.com



စေလွှတ်လိုက်ပါ'လို့ သာမာဝတီထံ ကြက်ရှစ်ကောင်ကို ပို့လိုက်တယ်။ သောတာပန် အရိယာသာဝိကာဖြစ်တဲ့ သာမာဝတီက ကြက်အရှင်တွေကို ဘယ်မှာချက်ပါ့မလဲ။ တော်ပြီလို့ပြောကာ လက်နဲ့တောင် မတို့ထိလိုပါ။ မာဂဏ္ဍီက 'မင်းကြီး၊ ရှိပါစေ၊ အဲဒီကြက်တွေကိုပဲ ရဟန်းဂေါတမ အတွက် ချက်ဖို့ ပို့လိုက်ပါ'လို့ ပြောတယ်။ မင်းက အဲဒီအတိုင်း လုပ်တယ်။ မာဂဏ္ဍီက လမ်းခရီးအကြားမှာပဲ ကြက်တွေကို အသတ်ခိုင်းကာ 'ဒီကြက်တွေကို အချက်ခိုင်းပြီး ရဟန်းဂေါတမအား လှူပါ'လို့ ပြောကာ ပို့လိုက်တယ်။ သာမာဝတီက အဲဒီကြက်တွေက သေနေလို့ ရော၊ ဘုရားရှင်ကိုရည်စူးပြီး ပို့လိုက်လို့ပါ ချက်ကာ ဘုရားရှင်ထံ ပို့လိုက်တယ်။ မာဂဏ္ဍီက 'မင်းကြီး၊ ကြည့်ပါ'လို့ ပြောပြီး ဒီလောက်နဲ့ လည်း မင်းကို စိတ်ဆိုးအောင် မလုပ်နိုင်ပါ။

ဒီဥတေနမင်းကတော့ သာမာဝတီ၊ မာဂဏ္ဍီ၊ ဝါသုလဒတ္တာ ဆိုတဲ့ မိဖုရားသုံးယောက်ထဲက တစ်ယောက်တစ်ယောက်ရဲ့ နေရာ အရပ်မှာ ခုနစ်ရက် ခုနစ်ရက်ပတ်လုံး နေတယ်။ အဲဒီအခါ ဒီမာဂဏ္ဍီက မြွေဟောက်ငယ်တစ်ကောင်ကို ဝါးအဆစ်ထဲ အထည့်ခိုင်းကာ သူမရဲ့ နေရာအရပ်မှာ ထားတယ်။ မင်းကလည်း ဟိုဟိုဒီဒီသွားတဲ့အခါ ဆင် နှစ်သက်တဲ့စောင်းကို ယူပြီးသာ သွားတာဟာ အလေ့အကျင့်ပဲ။ မာဂဏ္ဍီ က မင်း သူမထံလာတဲ့အခါ အဲဒီမြွေဟောက်ငယ်ကို စောင်းအတွင်း ထည့်ကာ အပေါက်ကို ပိတ်ခိုင်းတယ်။ သာမာဝတီထံ သွားတဲ့အခါ မင်းကို ပြောတယ်။

'မင်းကြီး၊ သာမာဝတီက ရဟန်းဂေါတမရဲ့ ဘက်တော်သား ဖြစ်ပါတယ်။ သင်တို့ကို ဂရုမစိုက်ပါ။ အားလုံးကို ပြုလုပ်ပြီး သင်တို့ရဲ့ အပြစ်ကိုသာ ကြံစည်နေပါတယ်။ မမေ့မလျော့နေကြပါ'

မင်းက သာမာဝတီရဲ့ နေရာအရပ်မှာ ခုနစ်ရက်ပတ်လုံး အချိန် ကုန်လွန်စေကာ တစ်ဖန် ခုနစ်ရက်မှာ မာဂဏ္ဍီရဲ့နေရာအရပ်ကို သွား

http://www.dhammadownload.com



တယ်။ မာဂဏ္ဍီက ဥဒေနမင်း လာတဲ့အခါမှာသာ 'မင်းကြီး၊ ဘယ်လိုပါလဲ၊ သင့်ရဲ့အပေါက်အကြား (အပြစ်) ကို သာမာဝတီကာ မရှာဖွေဘူးလား'လို့ ပြောပြသလို မင်းရဲ့လက်မှ စောင်းကိုယူပြီး လှုပ်စေကာ 'မင်းကြီး၊ ဒီစောင်းအတွင်းမှာ လှည့်လည်တာရှိနေသလား'လို့ ပြောပြီး မြွေထွက်ခွင့်ရအောင် လုပ်တယ်။ 'ကြောက်စရာပဲ၊ စောင်းအတွင်းမှာ မြွေပဲ'လို့ ပြောပြီး စောင်းကိုစွန့်ပစ်ကာ ပြေးသွားတယ်။ အဲဒီအခါမှာ မင်းက မီးတောက်လောင်နေတဲ့ဝါးတောလို၊ ဆားထည့်လိုက်တဲ့ ဖိုခနောက်လို ဒေါသနဲ့ တဖျစ်တောက်တောက်ပြောကာ 'မြန်မြန် အခြွေအရံနဲ့တကွ သာမာဝတီကိုခေါ်လိုက်ကြ'လို့ ပြောတယ်။ မင်းချင်းယောကျ်ားတွေက သွားပြီးခေါ်ကြတယ်။ သာမာဝတီက မင်းစိတ်ဆိုးတာကိုသိပြီး ကျန်တဲ့အမျိုးသမီးတွေအား သတိပေးပြောကြားတယ်။

'မင်းကြီးက ငါတို့ကိုသတ်ချင်လို့ ခေါ်နေတယ်။ ဒီနေ့ တစ်နေ့လုံး မင်းကြီးကိုရည်စူးပြီး ဖြန့်တဲ့မေတ္တာနဲ့ မင်းကြီးအပေါ် မေတ္တာဖြန့်ပေးကြပါ'

မင်းက အဲဒီမိန်းမတွေကို အခေါ်ခိုင်းပြီး အားလုံးကိုပဲ အစဉ်အတိုင်းထားကာ လေးအကြီးကိုယူပြီး အဆိပ်လူးမြားကို ဖွဲ့ချည်ကာ လေးကိုပြည့်စေပြီး (ရှေ့မှာထားပြီး) ရပ်တည်နေတယ်။ အဲဒီခဏမှာ သာမာဝတီအမှူးရှိတဲ့ အဲဒီမိန်းမအားလုံးကပဲ သီးသန့် မင်းအပေါ် မေတ္တာဖြန့်ကြတယ်။ မင်းက မြားကို ချလည်းမချနိုင်၊ ဖယ်လည်း မဖယ်ရှားနိုင်။ ခန္ဓာကိုယ်မှ ချွေးတွေယိုစီးကျလာတယ်။ ခန္ဓာကိုယ်က တုန်လှုပ်နေတယ်။ ပါးစပ်က တံတွေးကျလာတယ်။ ယူထိုက်တာကို ယူဖို့ မမြင်။ အဲဒီအခါ မင်းကို သာမာဝတီက မေးတယ်။

'မင်းကြီး၊ သင်ဟာ ပင်ပန်းနေသလား'

'အရှင်မိဖုရား၊ ဟုတ်ပါတယ်။ ငါ ပင်ပန်းနေပါတယ်။ သင်ဟာ ငါ့ရဲ့မှီခိုရာဖြစ်ပါ'

http://www.dhammadownload.com



'မင်းကြီး၊ ကောင်းပါပြီ။ မြားကို မြေကြီးဘက် မျက်နှာပြုလိုက်ပါ'

မင်းက အဲဒီပြောတဲ့အတိုင်း လုပ်တယ်။ သာမာဝတီက 'မင်းရဲ့လက်မှ မြားလွတ်ပါစေ'လို့ အဓိဋ္ဌာန်လိုက်တယ်။ အဲဒီခဏမှာ မြားက လွတ်သွားတယ်။ မင်းက အဲဒီခဏမှာပဲ ရေမှာငုပ်ပြီးလာကာ ဆံပင်၊ အဝတ်တွေ ရေစိုလျက် သာမာဝတီရဲ့ခြေတွေပေါ် လဲကျပြီးပြောတယ်။

'ရှင်မ မိဖုရား၊ ငါ့အား သည်းခံပါ။ ငါဟာ သွေးခွဲသူတွေရဲ့ စကားနဲ့ မစူးစမ်းဘဲ အဲဒီအမှုကို ပြုလုပ်မိပါတယ်'

'အရှင်မင်း၊ သည်းခံပါတယ်'

'ရှင်မမိဖုရား၊ ကောင်းပါပြီ။ အဲဒီလို သင်က ငါ့အားသည်းခံပါပေတယ်။ ဒီအချိန်ကစပြီး သင့်စိတ်အလိုရှိသလောက် ဘုရားရှင်အား အလှူ လှူကြပါ။ ထမင်းစားပြီးနောက် (မွန်းလွဲပိုင်းမှာ) ကျောင်းကို တရားစကားကို နာယူကြပါ။ ဒီနေ့ကစပြီး သင်တို့အား အစောင့်အရှောက်ကို ငါပေးပါတယ်'

'အရှင်မင်း၊ ဒီလိုဆိုရင် ဒီနေ့ကစပြီး ငါတို့အား တရားပို့ချပေးမယ့် ရဟန်းတစ်ပါးကိုတောင်းကာ သယ်ဆောင်ခဲ့ကြပါ'

မင်းက ဘုရားရှင်ထံသွားပြီး တောင်းတဲ့အခါ အရှင်အာနန္ဒာကို ရလာတယ်။ အဲဒီအချိန်ကစပြီး အဲဒီမိန်းမ ၅၀၀ ဟာ မထေရ်ကို အပင့်ခိုင်းကာ ပူဇော်မြတ်နိုးမှု ပြုကြတယ်။ ဆွမ်းကိစ္စပြီးတဲ့မထေရ်ထံမှာ တရားကို သင်ယူကြတယ်။ သာမာဝတီတို့ဟာ တစ်နေ့မှာ မထေရ်ရဲ့အနုမောဒနာတရားမှာ ကြည်ညိုပြီး မထေရ်အား အပေါ်ရုံအဝတ် ၅၀၀ ကို လှူကြတယ်။ မထေရ်က အရင်ရှေးဘဝက အပ်ချုပ်သမားဖြစ်တဲ့အခါ ပစ္စေကဗုဒ္ဓါတစ်ပါးအား အပ်တစ်ချောင်းနဲ့အတူ လက်ဝါးပြင်လောက်ရှိ အဝတ်ပိုင်းကို လှူခဲ့တယ်တဲ့။ မထေရ်က အဲဒီအပ်အလှူရဲ့အကျိုးကြောင့် ဒီဘဝမှာ ပညာကြီးပါတယ်။ အဝတ်ပိုင်း အလှူရဲ့

http://www.dhammadownload.com



အကျိုးကြောင့် ဒီနည်းနဲ့ပဲ အကြိမ်ပေါင်း ၅၀၀ အဝတ်တွေကို ရပါတယ်။

အဲဒီကနောက် မာဂဏ္ဍီက အခြားလုပ်ထိုက်တာကို မမြင်လို့ မင်းကိုပြောတယ်။

'မင်းကြီး၊ ဥယျာဉ်ကို သွားကြပါစို့'

'မိဖုရား၊ ကောင်းပြီ'

မာဂဏ္ဍီက မင်းလက်ခံတာကို သိပြီး ဘထွေးမာဂဏ္ဍီကို အခေါ်ခိုင်းပြီး ပြောတယ်။

'ကျွန်မတို့ရဲ့ဥယျာဉ်ကို သွားတဲ့အခါ သာမာဝတီရဲ့ နေရာအရပ်ကို သွားကာ သာမာဝတီကို အခြံအရံနဲ့တကွ အတွင်းမှာထားပြီး 'မင်းရဲ့အမိန့်အာဏာ' လို့ ပြောကာ တံခါးပိတ်၊ ကောက်ရိုးနဲ့ ရစ်ပတ်ပြီး အိမ်ကိုမီးရှို့ကြပါ'

ဘထွေးမာဂဏ္ဍီက တူမ မာဂဏ္ဍီရဲ့စကားကို ကြားရပြီး အဲဒီစကားအတိုင်း လုပ်တယ်။ အဲဒီနေ့မှာ အဲဒီမိန်းမအားလုံးဟာ ရှေးဘဝက လုပ်ခဲ့တဲ့ နိပ်စက်ကံရဲ့အစွမ်းကြောင့် သမာပတ်ကို မဝင်စားနိုင်ကြ။ တစ်ပြိုင်နက်တည်းပဲ ဖွဲဆုပ်လို မီးလောင်ကုန်တယ်။ သူမတို့ရဲ့ အစောင့်အရှောက် ယောကျ်ားတွေက မင်းထံသွားပြီး 'အရှင်မင်း၊ ဒီမည်တဲ့အမှုကို ပြုခဲ့ကြတယ်'လို့ ပြောကြတယ်။ မင်းက 'ဘယ်သူလုပ်တာလဲ' လို့ ရှာဖွေတဲ့အခါ မာဂဏ္ဍီအလုပ်ခိုင်းတာကို သိပြီး မာဂဏ္ဍီကို အခေါ်ခိုင်းကာ ပြောတယ်။

'ရှင်မ၊ ငါလုပ်ထိုက်တာကို လုပ်တဲ့သင်ဟာ ကောင်းတဲ့အမှုကို ပြုလုပ်ပါပေတယ်။ ထကြွပြီး ငါ့ကိုသတ်ဖို့ အားထုတ်သူတွေကို သတ်ပစ်ပါပေတယ်။ ငါကြည်ညိုသဘောကျတယ်။ သင့်အား စည်းစိမ်ကို ငါပေးမယ်။ ဒါကြောင့် သင့်ဆွေမျိုးတွေကို အခေါ်ခိုင်းပါ'

မာဂဏ္ဍီက မင်းရဲ့စကားကို ကြားရပြီး ဆွေမျိုးမဟုတ်သူတွေကို

http://www.dhammadownload.com



လည်း ဆွေမျိုးလုပ်ကာ အခေါ်ခိုင်းတယ်။ မင်းက အားလုံးစုဝေးပြီးတာကို သိပြီး မင်းရင်ပြင်က လည်ချောင်းများဖော်၍ တွင်းတွေမှာ မြှုပ်ပြီး အပေါ်မှာတည်တဲ့ ဦးခေါင်းတွေကို အဖြတ်ခိုင်းတယ်။ သံထွန်သွားကြီးတွေနဲ့ အထွန်ခိုင်းတယ်။ မာဂဏ္ဍီကိုလည်း အပိုင်းပိုင်းဖြတ်ခိုင်းကာ မုန့်ကြော်အိုးကင်းထဲမှာ အကြော်ခိုင်းတယ်။

အခြံအရံနဲ့တကွ သာမာဝတီကို မီးလောင်စေတဲ့ကံက ဘာပါလဲ။ သာမာဝတီဟာ ဘုရားမပွင့်မီက အဲဒီအမျိုးသမီး ၅၀၀ နဲ့အတူပဲ ဂင်္ဂါမြစ်မှာ ကစားပြီး ဆိပ်ကမ်းပြင်ဘက်မှာ ရပ်တည်နေတယ်။ အေးလာတဲ့အခါ အနီးအရပ်က ပစ္စေကဗုဒ္ဓါရဲ့သစ်ရွက်မိုးကျောင်းကို မြင်ပြီး အတွင်းမှာ မရှင်းလင်းဘဲသာ အပြင်မှာ မီးမွှေးပြီး မီးလှုံကြတယ်။ သစ်ရွက်မိုးကျောင်းအတွင်းမှာ ပစ္စေကဗုဒ္ဓါက နိရောဓသမာပတ်ကို ဝင်စားပြီး ထိုင်နေတယ်။ သာမာဝတီတို့က မီးလျှံတွေ ပြတ်စဲသွားတဲ့အခါ ပစ္စေကဗုဒ္ဓါကို မြင်သွားကြတယ်။ 'ငါတို့က ဘာကိုလုပ်သလဲ။ ဒီပစ္စေကဗုဒ္ဓါကို ကောင်းကောင်းမီးလောင်အောင် လုပ်သင့်တယ်'လို့ တွေးပြီး အခြားထင်းတွေကိုလည်း ထည့်ပြီး မီးရှို့ကြတယ်။ တစ်ဖန်မီးတောက်မီးလျှံ ပြတ်စဲသွားတဲ့အခါ ပစ္စေကဗုဒ္ဓါဟာ သမာပတ်မှထပြီး သာမာဝတီတို့ကြည့်ရှုနေကြတုန်းမှာပဲ သင်္ကန်းတွေကိုခါပြီး ကောင်းကင်ပေါ် ပျံတက်သွားတယ်။

အဲဒီကံကြောင့် ငရဲမှာကျက်ရပြီး အကျိုးအကြွင်းအရ ဒီလိုသေကြေပျက်စီးမှုကို ရောက်ကြရတယ်။ ပရိသတ်လေးပါးအလယ်မှာ စကားဖြစ်ပေါ်နေတယ်။

'ခုဇ္ဇုတ္တရာဟာ ဗဟုသုတရှိပါပေစွ၊ အမျိုးသမီးဘဝမှာ ရပ်တည်ပြီး အမျိုးသမီး ၅၀၀ အား တရားဟောကာ သောတာပန်ဖြစ်စေနိုင်ပါပေတယ်။ သာမာဝတီကလည်း မင်းက သူမထံ ပစ်လွှတ်လိုက်တဲ့မြားကို မေတ္တာဖြန့်ကာ တားမြစ်နိုင်ပါပေတယ်'

http://www.dhammadownload.com



သာမာဝတီရဲ့ဂုဏ်ကိုလည်း လူအများက ပြောကြတယ်။ နောင်အခါမှာ ဘုရားရှင်က ဇေတဝန်ကျောင်းမှာထိုင်ရင်း အဲဒီအကြောင်းကိုပဲ အကြောင်းပြုကာ ခုဇ္ဇုတ္တရာကို သုတများတဲ့ဥပါသိကာမတွေထဲမှာ အသာဆုံးအဖြစ်၊ သာမာဝတီကို မေတ္တာနဲ့နေလေ့ရှိတဲ့ ဥပါသိကာမတွေထဲမှာ အသာဆုံးအဖြစ် သတ်မှတ်ထားရှိတော်မူတယ်။

(အံ၊ ဋ္ဌ၊ ပ၊ ၃၃၀)

အင်္ဂုတ္တရဋ္ဌကထာနဲ့ ဓမ္မပဒဋ္ဌကထာတို့မှာ သာမာဝတီနဲ့ ခုဇ္ဇုတ္တရာ တို့အကြောင်း ဖော်ပြပုံဟာ မတူကြပါ။ ဒါကြောင့် ဓမ္မပဒဋ္ဌကထာလာအကြောင်းအရာကိုလည်း ဖော်ပြလိုက်ပါတယ်။

ဘဒ္ဒဝတီမြို့မှာ ဘဒ္ဒဝတိယသူဌေးဟာ ဃောသကသူဌေးရဲ့ မမြင်ဖူးတဲ့သူငယ်ချင်းဖြစ်တယ်။ ဘဒ္ဒဝတီမြို့က လာတဲ့ကုန်သည်တွေထံ ဃောသကသူဌေးက ဘဒ္ဒဝတိယသူဌေးရဲ့ စည်းစိမ်ကိုရော၊ အရွယ်၊ အရပ်ကိုပါ ကြားရပြီး အဲဒီဘဒ္ဒဝတိယသူဌေးနဲ့အတူ သူငယ်ချင်းဖြစ်လိုလို့ လက်ဆောင်ပို့လိုက်တယ်။ ဘဒ္ဒဝတိယသူဌေးကလည်း ကောသမ္ဗီမြို့ကလာတဲ့ ကုန်သည်တွေထံ ဃောသကသူဌေးရဲ့ စည်းစိမ်ကိုရော၊ အရွယ်၊ အရပ်ကိုပါ ကြားရပြီး အဲဒီဃောသကသူဌေးနဲ့အတူ သူငယ်ချင်းဖြစ်လိုလို့ လက်ဆောင်ပို့လိုက်တယ်။ အဲဒီနည်းနဲ့ အဲဒီသူဌေးနှစ်ယောက်ဟာ အချင်းချင်း ရှေးကမမြင်ဖူးဘဲ သူငယ်ချင်းဖြစ်ကာနေကြတယ်။ နောင်အခါမှာ ဘဒ္ဒဝတိယသူဌေးရဲ့အိမ်မှာ မြွေအဆိပ်နဲ့တူတဲ့ရောဂါ ကျရောက်လာတယ်။ အဲဒီရောဂါကျရောက်လာတော့ ရှေးဦးစွာ ယင်ကောင်တွေ သေကြတယ်၊ အဲဒီကနောက် အစဉ်အတိုင်းပဲ ပိုးကောင်လေးတွေ၊ ကြွက်တွေ၊ ကြက်တွေ၊ ဝက်တွေ၊ နွားတွေ၊ ကျွန်မတွေ၊ ကျွန်ထီးတွေ၊ အားလုံးရဲ့နောက်မှ အိမ်သူအိမ်သားတွေလည်း သေကြတယ်။ အဲဒီလူတွေထဲက နံရံကို ဖောက်ခွဲပြီး ပြေးကြသူတွေဟာ အသက်ရှင်ကြတယ်။ အဲဒီအခါမှာတော့ သူဌေးရော၊ သူဌေးကတော်

http://www.dhammadownload.com



ရော၊ သူဌေးသမီးပါ အဲဒီအတိုင်းပြေးပြီး ဃောသကသူဌေးကို မြင်တွေ့ဖို့ တောင့်တကာ ကောသမ္ဗီမြို့သွား လမ်းပေါ်သွားကြတယ်။ အဲဒီသုံးယောက်ဟာ လမ်းခရီးအကြားမှာပဲ ရိက္ခာကုန်သွားကြတယ်။ လေ၊ နေပူကြောင့်ရော၊ ထမင်းဆာ၊ ရေဆာလို့ပါ ခန္ဓာကိုယ်ပင်ပန်းကြတယ်။ ခက်ခက်ခဲခဲနဲ့ ကောသမ္ဗီမြို့ကိုရောက်ကြတယ်။ ရေချမ်းသာရာအရပ်မှာ ရပ်တည်ကာ ရေချိုးပြီး မြို့တံခါးက ဇရပ်တစ်ခုထဲ ဝင်ကြတယ်။

အဲဒီကနောက် သူဌေးက မယားကို ပြောတယ်။

'ရှင်မ၊ ဒီပုံစံနဲ့သွားကြရင် မွေးခဲ့တဲ့အမေတောင်မှ မြတ်နိုးမှာမဟုတ်။ ငါ့သူငယ်ချင်း ဃောသကသူဌေးက ခရီးသွားသူ၊ ဆင်းရဲသားစသူတွေအား နေ့တိုင်း တစ်ထောင်စွန့်လွှတ်ပြီး အလှူ လှူခိုင်းတယ်။ အဲဒီနေရာမှာ သမီးကိုလွှတ်ပြီး အာဟာရကို ဆောင်ယူစေကာ တစ်ရက်၊ နှစ်ရက်ပတ်လုံး အဲဒီနေရာမှာပဲ ခန္ဓာကိုယ်ကို ပြည့်ဖြိုးစေပြီး သူငယ်ချင်းကို တွေ့ကြမယ်'

'အို အရှင်၊ ကောင်းပါပြီ'

အဲဒီသုံးဦးဟာ ဇရပ်မှာပဲ နေကြတယ်။ နောက်နေ့မှာ အချိန်ကို ပြောကြားတဲ့အခါ ဆင်းရဲသား၊ ခရီးသွားစတဲ့ပုဂ္ဂိုလ်တွေ အာဟာရအကျိုးငှာ သွားကြတော့ မိဘတွေက 'သမီး၊ သွားပြီး ငါတို့အတွက် အာဟာရကို ဆောင်ယူခဲ့ပါ'လို့ သမီးကိုစေလွှတ်ကြတယ်။ သူဌေးမျိုးရဲ့သမီးက ဆုံးရှုံးပျက်စီးမှုကြောင့် ရှက်ပေမယ့် မရှက်နိုင်တော့ဘဲ ခွက်ကိုယူကာ ဆင်းရဲသားအပေါင်းနဲ့အတူ အာဟာရအကျိုးငှာ သွားတယ်။ 'သမီး၊ ဘယ်နှစ်ယောက်စာ ယူမှာလဲ'လို့ မေးတော့ 'သုံးယောက်စာ'လို့ ပြောတယ်။ အဲဒီအခါ သူမအား သုံးယောက်စာ ပေးလိုက်တယ်။ သမီးက ထမင်းကိုသယ်ဆောင်လာတဲ့အခါ သုံးယောက်လုံးပဲ တစ်ပေါင်းတည်း စားဖို့ ထိုင်ကြတယ်။

အဲဒီအခါ အမေနဲ့သမီးက သူဌေးကိုပြောကြတယ်။

http://www.dhammadownload.com



'အို အရှင်၊ ပျက်စီးမှုဆိုတာ အမျိုးကြီးတွေမှာလည်း ဖြစ်တတ်ပါတယ်။ ကျွန်မတို့ကိုကြည့်ပြီး မစားပါနဲ့၊ မပူပါနဲ့'

အဲဒီလိုနည်းအမျိုးမျိုးတွေနဲ့ သူဌေးကိုတောင်းဆိုပြီး ကျွေးကြတယ်။ သူဌေးက စားပြီး အစာကိုကြေညက်အောင် မတတ်နိုင်လို့ အရုဏ်တက်တဲ့အခါ သေသွားတယ်။ အမေ၊ သမီးတို့က နည်းအမျိုးမျိုးတွေနဲ့ မြည်တမ်းကာ ငိုကြွေးကြတယ်။ ကလေးမက နောက်နေ့မှာ ငိုရင်း အစားအတွက်သွားတယ်။

'ဘယ်နှစ်ယောက်အတွက် ယူမှာလဲ'

'နှစ်ယောက်စာပါ'

အဲဒီလိုပြောပြီး အစာအာဟာရကို သယ်ဆောင်ကာ မိခင်ကို တောင်းဆိုပြီး ကျွေးတယ်။ မိခင်ကလည်း သမီးကတောင်းဆိုလို့ စားပြီး အစာကို ကြေညက်အောင် မတတ်နိုင်လို့ အဲဒီနေ့မှာပဲ သေသွားတယ်။ ကလေးမဟာ တစ်ယောက်တည်းပဲ ငိုကြွေးမြည်တမ်းကာ အဲဒီဒုက္ခ ဖြစ်လာလို့ အလွန်အကဲပဲ ဆာလောင်တဲ့ဆင်းရဲကို ခံစားရတယ်။ နောက်နေ့မှာ တောင်းစားသူတွေနဲ့အတူ ငိုရင်း အစာအတွက် သွားတယ်။

'သမီး၊ ဘယ်နှစ်ယောက်စာ ယူမှာလဲ'

'တစ်ယောက်စာပါ'

မိတ္တသူကြွယ်က သုံးရက်ပတ်လုံး ထမင်းယူတဲ့ အဲဒီကလေးမကို မှတ်မိနေတယ်။ ဒါကြောင့် အဲဒီကလေးမကို ပြောတယ်။

'အယုတ်မ၊ ဖဲသွားလော့၊ ပျက်စီးလော့၊ ဒီနေ့ သင်ဟာ သင့် ဝမ်းဗိုက်ပမာဏကို သိတယ်'

အရှက်၊ အကြောက်နဲ့ ပြည့်စုံတဲ့အမျိုးသမီးဟာ ရင်ဘတ်မှာ လှံနဲ့ အထိုးခံရသလို အနာမှာ ဆားငန်ရေသွန်လောင်းခံရသလို ဖြစ်ကာ ပြောတယ်။

'အို အရှင်၊ ဘာပါလဲ'

http://www.dhammadownload.com



'သင်ဟာ အရင်နေ့က သုံးယောက်စာ ယူတယ်။ မနေ့က နှစ်ယောက်စာ ယူတယ်။ ဒီနေ့ တစ်ယောက်စာ ယူတယ်။ ဒီနေ့ သင်ဟာ သင့်ဝမ်းဗိုက်ပမာဏကို သိလာပြီ'

'အိုအရှင်၊ ကျွန်မအတွက်သာယူတယ်လို့ ကျွန်မကို မထင်ပါနဲ့'

'ဒီလိုဆိုရင် ဘာကြောင့် အဲဒီလိုယူပါသလဲ'

'အို အရှင်၊ အရင်နေ့က သုံးယောက် ဖြစ်ခဲ့ပါတယ်။ မနေ့က နှစ်ယောက် ဖြစ်ခဲ့ပါတယ်။ ဒီနေ့တော့ တစ်ယောက်ပဲ ဖြစ်ခဲ့ပါတယ်'

မိတ္တသူကြွယ်က 'ဘယ်အကြောင်းကြောင့်လဲ'လို့ မေးတယ်။ အစကစပြီး ဖြစ်ပုံအားလုံးကို အဲဒီကလေးမက ပြောပြတယ်။ ကြားရပြီး မျက်ရည်မဆည်နိုင်ဖြစ်ကာ အကြီးအကျယ်စိတ်ဆင်းရဲသွားတယ်။

'သမီး၊ ဒီလိုဆိုရင် စိတ်မပူပါနဲ့၊ ဘဒ္ဒဝတိယသူဌေးရဲ့သမီးဖြစ်တဲ့ သင်ဟာ ဒီနေ့အချိန်ကစပြီး ငါ့သမီးပဲ မည်တယ်'

အဲဒီလိုပြောပြီး ဦးခေါင်းမှာ စုပ်နမ်းကာ အိမ်ကိုခေါ်ဆောင်ပြီး သမီးကြီးအရာမှာထားတယ်။ အဲဒီကလေးမဟာ အလှူမဏ္ဍပ်မှာ ဆူညံတဲ့အသံကို ကြားရပြီး မေးတယ်။

'ဖခင်၊ ဘာလို့ ဒီလူအပေါင်းကို အသံမဆူအောင် လုပ်ပြီး အလှူကို မလှူကြပါသလဲ'

'သမီး၊ အသံမဆူညံအောင် မတတ်နိုင်ပါ'

'ဖခင်၊ တတ်နိုင်ပါတယ်'

'သမီး၊ ဘယ်လိုတတ်နိုင်တာလဲ'

'ဖခင်၊အလှူမဏ္ဍပ်ကိုဝိုင်းရံ ကာရံပြီး တစ်ယောက်တစ်ယောက် အတွက်သာ ဝင်လောက်တဲ့ပမာဏနဲ့ တံခါးနှစ်ခုတပ်ယှဉ်ပြီး တံခါး တစ်ပေါက်နဲ့ ဝင်ပြီး တစ်ပေါက်နဲ့ထွက်ကြပါလို့' ပြောကြပါ။ အဲဒီလို ဆိုရင် အသံမဆူညံဘဲသာ ယူကြပါလိမ့်မယ်'

မိတ္တသူကြွယ်က အဲဒီစကားကိုကြားရပြီး 'သမီး၊ နည်းလမ်းက

http://www.dhammadownload.com



ကောင်းသည်သာ’လို့ ပြောပြီး အဲဒီအတိုင်း လုပ်ခိုင်းတယ်။ အဲဒီကလေးမ လည်း အရင်က သာမာမည်တယ်။ အကာအရံကို လုပ်ခိုင်းလို့ သာမာ ဝတီ ဖြစ်လာတယ်။ အဲဒီအချိန်ကစပြီး အလှူမဏ္ဍပ်မှာ ဆူညံသံ ပြတ်စဲသွားတယ်။ ဃောသကသူဌေးက ရေးက အဲဒီဆူညံသံကို ကြားရ တဲ့အခါ ‘ငါ့အလှူမဏ္ဍပ်က အသံပဲ’လို့ တွေးကာ သဘောကျကျေနပ် တယ်။ နှစ်ရက်၊ သုံးရက် အဲဒီအသံကို မကြားရတော့ မိတ္တသူကြွယ် သူ့ထံဆည်းကပ်လာတဲ့အခါ မေးတယ်။

‘ဆင်းရဲသား၊ ခရီးသွားစသူတွေအား အလှူ လှူရဲ့လား’

‘အို အရှင်၊ လှူပါတယ်’

‘ဒီလိုဆိုရင် နှစ်ရက်၊ သုံးရက် အသံကို ဘာကြောင့်မကြားရပါ သလဲ’

‘အသံမဆူညံဘဲ ယူတဲ့နည်းကို အကျွန်ုပ် ပြုလုပ်ထားပါတယ်’

‘ဒီလိုဆိုရင် ရှေးက ဘာကြောင့်မလုပ်ခဲ့သလဲ’

‘အို အရှင်၊ မသိလို့ပါ’

‘အခု သင်က ဘယ်လိုသိသလဲ’

‘အို အရှင်၊ အကျွန်ုပ်ရဲ့သမီးက ပြောပြပါတယ်’

‘သင့်မှာ သမီးရှိတယ်ဆိုတာ ငါမသိရပါလား’

မိတ္တသူကြွယ်က မြွေအဆိပ်နဲ့တူတဲ့ရောဂါ ဖြစ်ပေါ်လာတာက စပြီး ဘဒ္ဒဝတိယသူဌေးရဲ့ ဖြစ်ပုံအားလုံးကို ပြောပြကာ အဲဒီကလေးမ အား မိမိသမီးကြီးအရာမှာ ထားကြောင်းကို ပြောပြတယ်။ အဲဒီအခါ သူဌေးက မိတ္တသူကြွယ်ကို ‘ဒီလိုဆိုရင် သင်က ငါ့ကိုဘာကြောင့်မပြော တာလဲ။ ငါ့သူငယ်ချင်းရဲ့သမီးက ငါ့သမီးမည်တယ်’လို့ ပြောကာ အဲဒီကလေးမကို အခေါ်ခိုင်းပြီး မေးတယ်။

‘သမီး၊ သင်က သူဌေးရဲ့သမီးလား’

‘ဖခင်၊ ဟုတ်ပါတယ်’

11A

http://www.dhammadownload.com



'ဒီလိုဆိုရင် စိတ်မပူနဲ့၊ သင်က ငါ့ရဲ့သမီးပဲ'လို့ ပြောကာ သာမာဝတီရဲ့ဦးခေါင်းကို စုပ်နမ်းပြီး အခြံအရံအလို့ငှာ သာမာဝတီအား မိန်းမ ၅၀၀ ပေးကာ သူ့သမီးကြီးအရာမှာထားတယ်။ တစ်နေ့မှာ အဲဒီမြို့မှာ နက္ခတ်ပွဲသဘင် ကြွေးကြော်ထားတယ်။ အဲဒီနက္ခတ်ပွဲသဘင်မှာ အိမ်ပြင်မထွက်တဲ့အမျိုးသမီးတွေတောင်မှ သူမတို့ရဲ့အခြံအရံနဲ့အတူ ခြေကျင်ပဲ မြစ်ကိုသွားကာ ရေချိုးကြတယ်။ ဒါကြောင့် အဲဒီနေ့မှာ သာမာဝတီလည်း မိန်းမ ၅၀၀ ခြံရံကာ မင်းရင်ပြင်နဲ့ပဲ ရေချိုးဖို့ သွားတယ်။ ဥတေနမင်းဟာ ခြသေ့်ခံလေသာပြတင်းက ရပ်ရင်း သာမာဝတီကို မြင်ပြီး 'ဒီမိန်းမတွေဟာ ဘယ်သူရဲ့ကချေသည်မတွေလဲ'လို့ မေးတယ်။

'အရှင်မင်း၊ တစ်စုံတစ်ယောက်ရဲ့ ကချေသည်မတွေ မဟုတ်ကြပါ'

'ဒီလိုဆိုရင် ဘယ်သူရဲ့သမီးတွေလဲ'

'အရှင်မင်း၊ အဲဒီကလေးမက ဃောသကသူဌေးရဲ့သမီးပဲ။ သာမာဝတီ မည်တယ်'

ဥတေနမင်းဟာ မြင်ပြီးချင်းပဲ ချစ်ခင်သွားကာ သူဌေးထံ သတင်းပို့လိုက်တယ်။

'သင့်သမီးကို ငါ့ထံပို့ပေးလိုက်ပါ'

'အရှင်မင်း၊ မပို့ပေးပါ'

'အဲဒီလို မလုပ်ပါနဲ့၊ ပို့သာပို့လိုက်ပါ'

'အရှင်မင်း၊ အကျွန်ုပ်တို့ သူကြွယ်တွေဆိုတာ သတို့သမီးတွေကို ရိုက်ပုတ်ညှဉ်းဆဲပြီး ဆွဲငင်မှာကြောက်လို့ မပေးကြပါ'

မင်းက စိတ်ဆိုးပြီး အိမ်ကို တံဆိပ်ခတ်နိုင်းကာ သူဌေးကိုရော၊ သူဌေးကတော်ကိုပါ လက်မှာကိုင်ပြီး အပြင်ဘက်မှာထားနိုင်းလိုက်ပါတယ်။ သာမာဝတီက ရေချိုးပြီးလာကာ အိမ်ကိုဝင်ခွင့်မရလို့ မေးတယ်။

http://www.dhammadownload.com



'ဖခင်တို့၊ ဒါက ဘာပါလဲ'

'သမီး၊ မင်းက သင့်ရဲ့အကြောင်းကြောင့် စေလွှတ်လိုက်တယ်။ အဲဒီအခါ ငါတို့က မပေးကြပါ'လို့ ပြောလိုက်တော့ အိမ်ကို တံဆိပ်ခတ်ခိုင်းကာ ငါတို့ကို အပြင်မှာအထားခိုင်းတယ်'

'ဖခင်၊ သင်တို့ဟာ ဝန်လေးတဲ့အမှုကို ပြုလုပ်ပါပေတယ်။ မင်းဆိုတာ စေလွှတ်လိုက်ရင် ငါ့တို့မပေးပါလို့ မပြောဘဲ 'ငါ့သမီးကို အခြံအရံနဲ့တကွ ယူရင် ပေးကြမယ်'လို့ ပြောထိုက်ပါတယ်'

'သမီး၊ ကောင်းပါပြီ။ သင်အလိုရှိရင် အဲဒီအတိုင်းပဲ လုပ်ပါမယ်'

အဲဒီလိုပြောပြီး မင်းထံ အဲဒီအတိုင်း သတင်းပို့လိုက်တယ်။ မင်းက ကောင်းပြီလို့ လက်ခံပြီး သာမာဝတီကို အခြံအရံနဲ့တကွ သယ်ဆောင်ကာ ဘိသိက်သွန်းလောင်းပြီး မိဖုရားခေါင်ကြီးအရာမှာ ထားတယ်။ ကျန်တဲ့မိန်းမတွေက အခြံအရံမိန်းမတွေ ဖြစ်ကြတယ်။ အဲဒါက သာမာဝတီရဲ့ ဖြစ်ပုံပါပဲ။

မင်းက သာမာဝတီအား နေ့တိုင်း ပန်းဖိုး ရှစ်ကျပ် ပေးတယ်။ သာမာဝတီရဲ့ ခုဇ္ဇုတ္တရာအမည်ရှိ ကျွန်မက သုမနပန်းသည်ထံသွားကာ အမြဲ ပန်းတွေကို ယူတယ်။ အဲဒီနေ့မှာ လာတဲ့ခုဇ္ဇုတ္တရာကို ပန်းသည်က ပြောတယ်။

'ငါဟာ ဘုရားရှင်ကို ပင့်ဖိတ်ထားပါတယ်။ ဒီနေ့ ပန်းတွေနဲ့ ဘုရားရှင်ကို ပူဇော်မယ်။ သင်ရပ်တည်နေပါဦး။ သင်ဟာ ပြုစုလုပ်ကျွေးရာမှာ သူငယ်ချင်းဖြစ်ပြီး တရားနာကာ ကျန်တဲ့ပန်းတွေကိုယူပြီး သွားရပါလိမ့်မယ်'

ခုဇ္ဇုတ္တရာက ကောင်းပါပြီလို့ ပြောကာ လက်ခံတယ်။ သုမနက ဘုရားအမှူးရှိတဲ့ ရဟန်းသံဃာကို ပြုစုလုပ်ကျွေးပြီး အနုမောဒနာတရားကို နာယူဖို့ သပိတ်ကိုယူတယ်။ ဘုရားရှင်က အနုမောဒနာတရားဒေသနာကို အားထုတ်တယ်။ ခုဇ္ဇုတ္တရာကလည်း ဘုရားရှင်ရဲ့ တရား

http://www.dhammadownload.com



စကားကို ကြားနာရင်းပဲ သောတာပန်ဖြစ်သွားတယ်။ ခုဇ္ဇုတ္တရာဟာ အခြားနေ့တွေမှာ လေးကျပ်ကို သူမအတွက်ယူပြီး ကျန်လေးကျပ်နဲ့ ပန်းတွေကို ဝယ်ယူကာ သွားတယ်။ အဲဒီနေ့မှာ ရှစ်ကျပ်လုံးနဲ့ ပန်းတွေကို ဝယ်ယူကာ သွားတယ်။ အဲဒီအခါ ခုဇ္ဇုတ္တရာကို သာမာဝတီက မေးတယ်။

'အမိ၊ ဒီနေ့ ငါတို့အတွက် မင်းက ပန်းဖိုး နှစ်ဆပေးပါသလား'

'ရှင်မ၊ မပေးပါ'

'ဒီလိုဆိုရင် ပန်းတွေက ဘာလို့များတာပါလဲ'

'အခြားနေ့တွေမှာ ကျွန်မဟာ လေးကျပ်ကို ကိုယ့်အတွက်ယူပြီး ကျန်တဲ့လေးကျပ်နဲ့ ပန်းတွေကို သယ်ဆောင်သွားပါတယ်'

'ဒီနေ့ ဘာလို့မယူပါသလဲ'

'ဘုရားရှင်ရဲ့ တရားစကားကို ကြားနာရပြီး တရားကို ရထားလို့ပါ'

အဲဒီအခါ ခုဇ္ဇုတ္တရာကို 'ဟယ် ကျွန်မယုတ်၊ အဲဒီလောက်ကာလပတ်လုံး သင်ခိုးယူထားတဲ့ အသပြာတွေကို ငါ့အားပေးပါ'လို့ မခြိမ်းခြောက်ဘဲ အောက်ပါအတိုင်း ပြောတယ်။

'အမိ၊ သင်သောက်ခဲ့တဲ့ အမြိုက်ရေကို ကျွန်မတို့ကိုလည်း တိုက်ပေးပါ'

'ဒီလိုဆိုရင် ကျွန်မကို ရေချိုးပေးကြပါ'

နံ့သာရေအိုး ၁၆ အိုးနဲ့ ရေချိုးခိုင်းပြီး ညက်ညောတဲ့အဝတ်နှစ်ထည်ကို ပေးခိုင်းပါတယ်။ ခုဇ္ဇုတ္တရာဟာ ဘစ်ထည်ကိုဝတ်ပြီး တစ်ထည်ကို ပခုံးထက်ပေါ်ရုံကာ နေရာကို ခင်းခိုင်းပါတယ်။ ယပ်တောင်ကို ဆောင်ယူခိုင်းပြီး နေရာပေါ်ထိုင်ပါတယ်။ ဆန်းကြယ်တဲ့ယပ်တောင်ကို ယူကာ အမျိုးသမီး ၅၀၀ ကို ခေါ်လိုက်ပါတယ်။ အဲဒီအမျိုးသမီးတွေအား ဘုရားရှင်ဟောတဲ့နည်းအတိုင်းပဲ တရားကိုဟောပါတယ်၊

http://www.dhammadownload.com



ခုဇ္ဇုတ္တရာရဲ့ တရားစကားကို ကြားနာရပြီး အဲဒီအမျိုးသမီးအားလုံးဟာ သောတာပန်ဖြစ်သွားကြပါတယ်။ သာမာဝတီတို့အားလုံးလည်း ခုဇ္ဇုတ္တရာကို ရှိခိုးကာ ပြောကြပါတယ်။

'အမိ၊ ဒီကနေ့ကစပြီး သင်ဟာ ညစ်နွမ်းတဲ့အလုပ်ကို မလုပ်ပါနဲ့။ ကျွန်မတို့ရဲ့ အမိအရာမှာရော၊ ဆရာအရာမှာပါ ရပ်တည်ကာ ဘုရားရှင်ထံသွားပြီး ဘုရားရှင်ဟောတဲ့တရားကို ကြားနာကာ ကျွန်မတို့အား ဟောပါ'

ခုဇ္ဇုတ္တရာဟာ အဲဒီလိုပြုလုပ်ရင်း နောင်အခါမှာ ပိဋကသုံးပုံဆောင် ဖြစ်သွားတယ်။ အဲဒီအခါ ခုဇ္ဇုတ္တရာကို ဘုရားရှင်က 'ရဟန်းတို့၊ အကြားအမြင်များတဲ့ တရားဟောသူ ငါ့တပည့် ဥပါသိကာမတွေထဲမှာ ခုဇ္ဇုတ္တရာဟာ အသာဆုံး'လို့ သတ်မှတ်မိန့်ကြားတော်မူပါတယ်။ အဲဒီမိန်းမ ၅၀၀ ကလည်း ခုဇ္ဇုတ္တရာကို ဒီလိုပြောကြတယ်။

'အမိ၊ ဘုရားရှင်ကို ကျွန်မတို့ ဖူးမြင်လိုကြပါတယ်။ ဘုရားရှင်ကို ကျွန်မတို့အား ပြပေးပါ။ ဘုရားရှင်ကို နံ့သာ၊ ပန်းစသည်တွေနဲ့ ကျွန်မတို့ ပူဇော်လိုကြပါတယ်'

'အရှင်မ၊ မင်းနန်းတော်ဆိုတာ ဝန်လေးပါတယ်။ သင်တို့ကို ခေါ်ယူပြီး အပြင်ကိုသွားဖို့ မတတ်နိုင်ပါ'

'အမိ၊ ကျွန်မတို့ကို မဖျက်ဆီးပါနဲ့၊ ကျွန်မတို့အား ဘုရားရှင်ကို ပြဖြစ်အောင်သာ ပြပေးပါ'

'ဒီလိုဆိုရင် သင်တို့ရဲ့နေရာတိုက်ခန်းတွေက နံရံတွေမှာ ကြည့်ဖြစ်လောက်ရုံ အပေါက်ကို ဖောက်ကာ နံ့သာ ပန်းစသည်တွေကို သယ်ဆောင်ခိုင်းပြီး သူဌေးသုံးဦးရဲ့အိမ်တံခါးဆီသွားတဲ့ ဘုရားရှင်ကို သင်တို့က ထိုထိုနေရာတွေမှာ ရပ်တည်ကာ ကြည့်ရှုလည်း ကြည့်ရှုကြပါ။ လက်တွေကို ဆန့်တန်းပြီး ရှိခိုးလည်း ရှိခိုးကြပါ။ ပူလည်း ပူဇော်ကြပါ'

http://www.dhammadownload.com



အဲဒီမိန်းမတွေဟာ အဲဒီအတိုင်းပြုလုပ်ပြီး ကြွလည်းကြွသွား၊ ပြန်လည်းပြန်ပြန်လာတဲ့ ဘုရားရှင်ကို ကြည့်ရှုကာ ရှိလည်း ရှိခိုးကြ၊ ပူလည်း ပူဇော်ကြပါတယ်။ တစ်နေ့မှာ မာဂဏ္ဍီက သူမရဲ့ပြာသာဒ် အပြင်မှထွက်ကာ စင်္ကြံလျှောက်ရင်း အဲဒီသာမာဝတီတို့ရဲ့နေရာအရပ်ကို သွားကာ တိုက်ခန်းတွေက အပေါက်ကို မြင်သွားတယ်။ 'ဒါက ဘာလဲ'လို့ မေးတယ်။ မာဂဏ္ဍီက ဘုရားရှင်အပေါ် ရန်ငြိုးဖွဲ့ထားတာကို သာမာဝတီတို့က မသိကြလို့ 'ဘုရားရှင်က ဒီမြို့ကိုကြွလာတယ်၊ ငါတို့ ဒီမှာရပ်တည်ပြီး ဘုရားရှင်ကို ဖူးလည်း ဖူးကြမယ်၊ ပူလည်း ပူဇော်ကြမယ်'လို့ ပြောကြတယ်။ မာဂဏ္ဍီက 'ရဟန်းဂေါတမဟာ ဒီမြို့ကိုရောက်လာသကိုး။ သူ့အပေါ်လုပ်ထိုက်တာကို အခုသိမယ်၊ သာမာဝတီတို့ကလည်း ရဟန်းဂေါတမရဲ့ အလုပ်အကျွေး ဒကာမတွေပဲကိုး၊ ဒီသာမာဝတီတို့အပေါ်လည်း လုပ်ထိုက်တာကို သိမယ်'လို့ ကြံပြီး သွားကာ မင်းအားပြောတယ်။

'မင်းကြီး၊ သာမာဝတီတို့မိန်းမတစ်သိုက်မှာ အပြင်ပမှာ တောင့်တတာ ရှိနေပါတယ်။ ရက်အနည်းငယ်နဲ့ပဲ သင့်ရဲ့အသက်ကို သတ်ကြပါလိမ့်မယ်'

မင်းက 'သာမာဝတီတို့ဟာ ဒီလိုအလုပ်ကို လုပ်ကြမှာမဟုတ်'လို့တွေးပြီး မယုံကြည်၊ ထပ်ကာထပ်ကာပြောပေမယ့်လည်း မယုံကြည်သည်သာ။ အဲဒီအခါ အဲဒီလို သုံးကြိမ်တိုင်တိုင် ပြောပေမယ့်လည်း မယုံကြည်တဲ့မင်းကို ပြောတယ်။

'မင်းကြီး၊ ကျွန်မရဲ့စကားကို မယုံရင် သာမာဝတီတို့ရဲ့ နေရာအရပ်ကို သွားကာ စုံစမ်းပါ'

မင်းက သွားပြီး တိုက်ခန်းတွေမှာ အပေါက်ကိုမြင်ကာ 'ဒါက ဘာလဲ'လို့ မေးတယ်။ အဲဒီအကြောင်းကို ပြောပြတဲ့အခါ သာမာဝတီတို့အပေါ် စိတ်မဆိုးဘဲ ဘာကိုမျှမပြောဘဲသာ အပေါက်တွေကို အပိတ်

http://www.dhammadownload.com



ခိုင်းတယ်။ တိုက်ခန်းအားလုံးမှာ အထက်မှာအပေါက်ပါတဲ့ လေသာပြတင်းပေါက်တို့ကို လုပ်ခိုင်းတယ်။ အထက်မှာအပေါက်ပါတဲ့ လေသာပြတင်းပေါက်တွေဟာ အဲဒီအခါမှာ ဖြစ်ပေါ်လာကြပါသတဲ့။ မာဂဏ္ဍီဟာ သာမာဝတီတို့အပေါ် ဘာကိုမျှမလုပ်နိုင်ဘဲ ရဟန်းဂေါတမအပေါ်ပဲ လုပ်ထိုက်တာကိုလုပ်မယ်လို့ကြံကာ မြို့သူမြို့သားတွေအား လက်ဆောင်ပေးပြီး 'မြို့တွင်းဝင်ပြီး လှည့်လည်နေတဲ့ ရဟန်းဂေါတမကို ဆဲရေးခြိမ်းခြောက်ပြီး ပြေးအောင်လုပ်ကြ'လို့ စေခိုင်းတယ်။ ရတနာသုံးပါးအပေါ် မကြည်ညိုတဲ့ ဘာသာခြားအယူရှိသူတွေက မြို့တွင်းဝင်လာတဲ့ ဘုရားရှင်နောက်ကို လိုက်ပြီး 'သင်ဟာ သူခိုးပဲ၊ လူမိုက်ပဲ၊ တွေဝေသူပဲ၊ ကုလားအုတ်ပဲ၊ နွားပဲ၊ မြည်းပဲ၊ ငရဲရောက်မယ့်သူပဲ၊ တိရစ္ဆာန်ပဲ။ သင့်မှာ ကောင်းတဲ့ဘဝ မရှိ၊ မကောင်းတဲ့ဘဝကိုသာ သင်ဟာ လိုလားထိုက်တယ်'လို့ ဆဲနည်း ၁၀ မျိုးနဲ့ ဆဲရေးခြိမ်းခြောက်ကြတယ်။

မာဂဏ္ဍီဟာ ဘုရားရှင်ကို အဆဲခိုင်းပြီး ပြေးသွားအောင် မလုပ်နိုင်တဲ့အခါ 'ငါဘာလုပ်ရပါ့မလဲ'လို့ ကြံစည်ပြီး 'ဒီသာမာဝတီတို့ဟာ ဒီရဟန်းဂေါတမရဲ့ အထောက်အပံ့ပုဂ္ဂိုလ်တွေပဲ။ သာမာဝတီတို့ကိုလည်း ပျက်စီးအောင်လုပ်မယ်'လို့ ကြံစည်တယ်။ တစ်နေ့မှာ မင်းရဲ့ သေရည်သောက်ရာနေရာမှာ ဆည်းကပ်ခစားရင်း ဘထွေးမာဂဏ္ဍီထံ သတင်းစကား စေလွှတ်လိုက်တယ်။

'ကျွန်မဟာ ကြက်တွေကို အလိုရှိပါတယ်။ ကြက်အသေ ရှစ်ကောင်နဲ့ အရှင် ရှစ်ကောင်ကိုယူကာ လာခဲ့ပါ။ လာပြီး စောင်းတန်းဦးမှာ ရပ်ကာ လာကြောင်းအသိပေးပြီး 'ဝင်ပါ'လို့ ပြောပေမယ့်လည်း မဝင်ဘဲ ပထမဆုံး ကြက်အရှင် ရှစ်ကောင်ကို ပို့လွှတ်လိုက်ပါ။ နောက်မှ ကြက်အသေ ရှစ်ကောင်ကို ပို့လွှတ်လိုက်ပါ'

အလုပ်အကျွေးလူငယ်အားလည်း 'ငါ့စကားကို လိုက်နာပါ'လို့ ပြောကာ လက်ဆောင်ပေးထားတယ်။ ဘထွေးမာဂဏ္ဍီက လာပြီး

http://www.dhammadownload.com



မင်းအား အသိပေးကာ 'ဝင်ခဲ့ပါ'လို့ ပြောမှ 'မင်းရဲ့သေရည်သောက်ရာ နေရာမှာကို ငါမဝင်အံ့'လို့ ပြောတယ်။ တူမ မာဂဏ္ဍီက 'အမောင် ငါ့ဘထွေးထံ သွားပါ'လို့ ပြောကာ အလုပ်အကျွေးလူငယ်ကို လွှတ်လိုက်ပါတယ်။ အဲဒီလူငယ်ကသွားပြီး ဘထွေးမာဂဏ္ဍီပေးတဲ့ ကြက်အရှင် ရှစ်ကောင်ကို သယ်ဆောင်ကာ 'အရှင်မင်း၊ ပုရောဟိတ်က လက်ဆောင်ပို့ခိုင်းလိုက်ပါတယ်'လို့ ပြောတယ်။ မင်းက 'ငါတို့အတွက် လက်သုပ်ဟင်းလျာ ပေါ်လာတယ်။ ကောင်းပေစွ။ ဘယ်သူချက်မလဲ'လို့ မေးတယ်။ မာဂဏ္ဍီက 'မင်းကြီး၊ သာမာဝတီအမှူးရှိတဲ့ မိန်းမ ၅၀၀ ဟာ အလုပ်မရှိဘဲ လှည့်လည်နေကြပါတယ်။ သူတို့ထံ ပို့ပေးပါ။ သူတို့ချက်ပြီး သယ်ဆောင်လာကြပါလိမ့်မယ်'လို့ ပြောတယ်။ မင်းက 'သင် သွားပါ၊ သူတို့အားပေးပြီး အခြားသူလက်ထဲမပေးဘဲ ကိုယ်တိုင်သာ သတ်ပြီး ချက်ကြပါ'လို့ ပြောကာ ပို့လိုက်တယ်။

အလုပ်အကျွေးလူငယ်က 'ကောင်းပါပြီ အရှင်မင်း'လို့ ပြောကာ သွားတယ်။ ပြောခိုင်းတဲ့အတိုင်း ပြောပြီး သာမာဝတီတို့က 'ငါတို့က သူတစ်ပါးအသက်ကို မသတ်ကြပါ'လို့ ပယ်မြစ်လိုက်ကြလို့ ပြန်လာကာ မင်းအား အဲဒီအကြောင်းကို လျှောက်ပြတယ်။ မာဂဏ္ဍီက ပြောတယ်။

'မင်းကြီး၊ သင် မြင်တယ်မဟုတ်လား၊ အခု သာမာဝတီတို့ သူတစ်ပါးအသက်သတ်၊ မသတ်ကို သင်သိပါလိမ့်မယ်။ ရဟန်းဂေါတမအတွက် ချက်ပြီး အပို့လွှတ်လိုက်ကြပါ'လို့ ပြောပါ'

မင်းက အဲဒီအတိုင်းပြောပြီး အပို့လွှတ်လိုက်တယ်။ အဲဒီလူငယ်က အဲဒီကြက်အရှင်တွေကိုယူပြီး သွားသလိုလုပ်ကာ သွားပြီး အဲဒီကြက်အရှင်တွေကို ပုရောဟိတ်အားပေးတယ်။ ကြက်အသေတွေကို သာမာဝတီတို့ထံ သယ်ဆောင်သွားပြီး 'ဒီကြက်တွေကို ချက်ပြီး ဘုရားရှင်ထံ ပို့လိုက်ကြပါတဲ့'လို့ ပြောတယ်။ သာမာဝတီတို့က 'အို အရှင်၊

http://www.dhammadownload.com



သယ်ဆောင်ခဲ့ပါ၊ ဒီကိစ္စမျိုးဆိုတာ ငါတို့ရဲ့ကိစ္စပဲ'လို့ ပြောကာ ခရီးဦး ကြိုပြီး ယူကြတယ်။ အလုပ်အကျွေးလူငယ်က မင်းထံသွားပြီး 'ချစ်သား၊ ဘယ်လိုလဲ'လို့ မင်းက မေးတဲ့အခါ 'ရဟန်းဂေါတမအတွက်ချက်ပြီး ပို့လိုက်ကြပါလို့ ပြောလိုက်ကာမျှမှာပဲ ခရီးရင်ဆိုင်လာကာ ယူကြပါ တယ်'လို့ ပြောတယ်။ မာဂဏ္ဍီက ပြောတယ်။

'မင်းကြီး၊ ကြည့်ပါ၊ သာမာဝတီတို့ဟာ သင့်လိုပုဂ္ဂိုလ်တွေ အတွက် လုပ်မပေးကြ၊ သာမာဝတီတို့မှာ အပြင်ပတောင့်တမှု ရှိနေပါ တယ်လို့ပြောတော့ သင်က မယုံကြည်'

မင်းက အဲဒီစကားကို ကြားရပေမယ့်လည်း သည်းခံကာ ဆိတ် ဆိတ်ပဲ နေတယ်။ မာဂဏ္ဍီက 'ငါဟာ ဘာကိုလုပ်ရပါ့မလဲ'လို့ ကြံ ပြန်တယ်။ မင်းက သာမာဝတီ၊ ဝါသုလဒတ္တာ၊ မာဂဏ္ဍီဆိုတဲ့ မိဖုရား သုံးယောက်တို့ရဲ့ ပြာသာဒ်အပြင်မှာ အလှည့်အကြိမ်စီအားဖြင့် ခုနစ်ရက်၊ ခုနစ်ရက်စီ အချိန်ကုန်လွန်စေတယ်။ 'မင်းဟာ နက်ဖြန် သို့မဟုတ် သဘက်ခါမှာ သာမာဝတီရဲ့ ပြာသာဒ်အပြင်ကို သွားလိမ့်မယ်'လို့ သိပြီး 'ဆေးနဲ့အစွယ်တွေကို ဆေးကြောပြီး မြွေတစ်ကောင်ကို ပို့ပေးပါ' လို့ မာဂဏ္ဍီက ဘထွေးမာဂဏ္ဍီထံ သတင်းပို့တယ်။ ဘထွေးက အဲဒီ အတိုင်းလုပ်ပြီး ပို့ပေးတယ်။ မင်းက သူသွားရာနေရာကို ဆင်နှစ်သက် တဲ့ စောင်းကိုယူပြီးသာ သွားတယ်။ အဲဒီစောင်းရဲ့ စောင်းခွက်ထဲမှာ အပေါက်တစ်ပေါက်ရှိတယ်။ မာဂဏ္ဍီက အဲဒီအပေါက်နဲ့ မြွေကိုသွင်းပြီး အပေါက်ကို ပန်းကုံးနဲ့ ပိတ်ထားတယ်။ မြွေက နှစ်ရက်၊ သုံးရက် ပတ်လုံး စောင်းအတွင်းမှာပဲ ရှိနေတယ်။ မာဂဏ္ဍီက မင်းသွားမယ့်နေ့မှာ မေးတယ်။

'အရှင်မင်း၊ ဘယ်မိဖုရားရဲ့ပြာသာဒ်ကို သွားမှာပါလဲ'

'သာမာဝတီရဲ့ ပြာသာဒ်ကိုပါ'

'မင်းကြီး၊ ဒီနေ့ ကျွန်မဟာ အိပ်မက်ဆိုးကို မြင်ထားပါတယ်။ အဲဒီနေရာကို မသွားသင့်ပါ'

http://www.dhammadownload.com



'ငါဟာ သွားကိုသွားမှာပဲ'

မာဂဏ္ဍီက သုံးကြိမ်တိုင်တိုင် တားမြစ်ပြီး ပြောတယ်။

'အရှင်မင်း၊ ဒီလိုဆိုရင် ကျွန်မလည်း သင်တို့နဲ့အတူ သွားပါမယ်'

တားမြစ်ပေမယ့်လည်း မင်းက ပြန်မလှည့်ဘဲ 'အရှင်မင်း၊ သင့်မှာ ဘာဖြစ်မှာ ငါမသိ'လို့ ပြောကာ မင်းနဲ့အတူပဲ သွားတယ်။

မင်းဟာ သာမာဝတီတို့တစ်သိုက်က ပေးထားတဲ့ အဝတ်၊ ပန်း၊ နံ့သာ၊ အဆင်တန်ဆာတွေကို ဆောင်ယူကာ စားဖွယ်အကောင်းကို စားပြီး စောင်းကို ခေါင်းရင်းမှာထားကာ အိပ်ရာပေါ်အိပ်တယ်။ မာဂဏ္ဍီက ခေါက်တုံ့ခေါက်ပြန် လှည့်လည်သလိုလုပ်ကာ စောင်းပေါက်မှ ပန်းကုံးကို ဖယ်ရှားလိုက်တယ်။ မြွေက နှစ်ရက် သုံးရက် အစာမစားရလို့ အဲဒီအပေါက်ကထွက်ပြီး သက်ပြင်းထုတ်ရင်း ပါးပျဉ်းပြုလုပ်ကာ အိပ်ရာပေါ် လဲလျောင်းတယ်။ မာဂဏ္ဍီက အဲဒီမြွေကိုမြင်ပြီး 'အရှင်မင်း၊ မြွေပဲ၊ စက်ဆုပ်ဖွယ်ပဲ၊ စက်ဆုပ်ဖွယ်ပဲ'လို့ အသံအကျယ်ကြီး အော်တယ်။ မင်းကိုရော၊ သာမာဝတီတို့ကိုပါ ဆဲရေးရင်း ဒီလိုပြောတယ်။

'ဒီမင်းမိုက်ဟာ ကျက်သရေမရှိလေစွ၊ ငါ့စကားကို နားမထောင်ဘူး၊ ဒီသာမာဝတီတို့ကလည်း ကျက်သရေမဲ့ကြပါပေတယ်။ ရိုင်းကြပါပေတယ်။ မင်းထံမှ ဘာကိုမရကြလို့လည်း သင်တို့က ဒီမင်းသေမှပဲ ချမ်းချမ်းသာသာ အသက်ရှင်ကြရမှာလား၊ မင်း အသက်ရှင်နေရင် သင်တို့က ဆင်းဆင်းရဲရဲ အသက်ရှင်နေကြရတာလား၊ ဒီနေ့ ငါဟာ အိပ်မက်ဆိုးကို မြင်မက်ပါတယ်။ သာမာဝတီရဲ့ပြာသာဒ်ကို မသွားသင့်ပါလို့ တားမြစ်ပေမယ့် သင်မင်းက ငါ့စကားကို နားမထောင်'

မင်းက မြွေကိုမြင်ရပြီး သေရမှာကြောက်လို့ 'ဒီသာမာဝတီတို့က ဒီလိုအမှုကိုတောင် လုပ်ကြပါပေတယ်။ သြော်၊ ယုတ်မာကြပါပေစွ၊ ငါဟာ သာမာဝတီတို့ ယုတ်မာတာကို မာဂဏ္ဍီက ပြောပြပေမယ့်လည်း

http://www.dhammadownload.com



မာဂဏ္ဍီရဲ့စကားကို မယုံကြည်ခဲ့။ ပထမအကြိမ် သူမတို့ရဲ့ တိုက်ခန်းတွေမှာ အပေါက်တွေကိုပြုလုပ်ကာ ထိုင်ကြတယ်။ တစ်ဖန် ငါပို့လိုက်တဲ့ ကြက်တွေကို ငါ့ထံ ပို့လိုက်ကြတယ်။ ဒီနေ့ အိပ်ရာပေါ် မြွေကို လွှတ်ကြတယ်'လို့ ပြောပြီး ဒေါသမီး တဟုန်းဟုန်းတောက်လောင်သလို ဖြစ်နေတယ်။ သာမာဝတီကလည်း မိန်းမ ၅၀၀ တို့အား ဩဝါဒ ပေးတယ်။

'သမီးတို့၊ ငါတို့မှာ အခြားအားကိုးစရာ မရှိပါ။ မင်းအပေါ်မှာရော၊ မာဂဏ္ဍီမိဖုရားအပေါ်မှာရော၊ မိမိအပေါ်မှာပါ အညီအမျှသာဖြစ်တဲ့ မေတ္တာစိတ်ကို ဖြစ်စေကြပါ၊ ဘယ်သူ့အပေါ်မှာမှ အမျက်မထွက်ကြပါနဲ့'

မင်းက ဗိုလ်ခြေတစ်ထောင်အားနဲ့တင်ရတဲ့ ဦးချိုလေးကိုယူကာ လေးကြိုးကိုရိုက်ပုတ်ပြီး အဆိပ်လူးမြားကို တပ်ဆင်ကာ သာမာဝတီကို ရှေ့ထိပ်မှာ ထားတယ်။ သာမာဝတီတို့အားလုံးကို အစဉ်အတိုင်း ထားခိုင်းပြီး သာမာဝတီရဲ့ ရင်ဘတ်မှာ မြားကိုပစ်လွှတ်လိုက်တယ်။ အဲဒီမြားက သာမာဝတီရဲ့မေတ္တာစွမ်းအားကြောင့် ပြန်လှည့်ကာ လာလမ်းကို ပြန်လှည့်ပြီး မင်းရဲ့နှလုံးသားကို ဝင်သွားသလို ရပ်တည်တယ်။ မင်းက တွေးတယ်။

'ငါပစ်လွှတ်လိုက်တဲ့မြားဟာ ကျောက်ကိုတောင် ဖောက်ထွင်းပြီး သွားတယ်။ ကောင်းကင်မှာ ထိခိုက်တဲ့နေရာ မရှိပါ။ ဒါပေမဲ့ ဒီမြားကတော့ ပြန်လှည့်ပြီး ငါ့နှလုံးသားဆီ ရှေ့ရှုလာနေတယ်။ မှန်တယ်၊ အသက်မရှိတဲ့ ဒီမြားကတောင် ဒီသာမာဝတီရဲ့ဂုဏ်ကို သိတယ်။ ငါက လူသားဖြစ်နေပေမယ့် မသိ'

မင်းဟာ လေးကိုစွန့်ပစ်ပြီး လက်အုပ်ချီကာ သာမာဝတီရဲ့ ခြေရင်းမှာ ဆောင့်ကြောင့်ထိုင်ပြီး အောက်ပါစကားကို ပြောဘယ်။

'သာမာဝတီ၊ ငါဟာ အပြင်းအထန်တွေဝေနေပါတယ်။ ငါ့အဖို့

http://www.dhammadownload.com



အရပ်မျက်နှာအားလုံးဟာ ရှုပ်ထွေးတွေဝေနေပါတယ်။ ငါ့ကို စောင့်ရှောက်ပါ။ သင်ကလည်း ငါ့ရဲ့ကိုးကွယ်ရာ ဖြစ်ပါ'

သာမာဝတီက မင်းရဲ့စကားကို ကြားရပြီး 'အရှင်မင်း၊ ကောင်းပါပြီ။ ကျွန်မကို ကိုးကွယ်ပါ'လို့ မပြောဘဲ 'မင်းကြီး၊ ကျွန်မကိုးကွယ်တဲ့ပုဂ္ဂိုလ်ကိုသာ သင်လည်းကိုးကွယ်ပါ'လို့ ပြောပြီး ဘုရားရှင်ရဲ့တပည့်မ သာမာဝတီက ဒီလိုပြောပါတယ်။

'မင်းကြီး၊ သင်က ကျွန်မကို မကိုးကွယ်ပါနဲ့၊ ကျွန်မကိုးကွယ်တဲ့ ပုဂ္ဂိုလ်က သိစရာမှန်သမျှ အကုန်သိတဲ့ အမြတ်ဆုံးပုဂ္ဂိုလ်ဘုရားရှင်ဖြစ်ပါတယ်။ အဲဒီဘုရားရှင်ကို သင်ဟာ ကိုးကွယ်ပါ၊ သင်မင်းကြီးကလည်း ကျွန်မရဲ့ကိုးကွယ်ရာ ဖြစ်ပါ'

မင်းက သာမာဝတီရဲ့စကားကိုကြားရပြီး 'အခု ငါဟာ အတိုင်းထက်အလွန် ပိုကြောက်လာပါတယ်'လို့ ပြောပြီး ဒီလိုပြောပါတယ်။

'သာမာဝတီ၊ ငါဟာ အလွန်အကဲ တွေဝေနေပါတယ်။ ငါ့အဖို့ အရပ်မျက်နှာအားလုံးဟာ ရှုပ်ထွေးတွေဝေနေပါတယ်။ သင်ဟာ ငါ့ကို စောင့်ရှောက်ပါ၊ သင်ကလည်း ငါ့ရဲ့ကိုးကွယ်ရာဖြစ်ပါ'

အဲဒီအခါ မင်းကို သာမာဝတီက ရှေးနည်းအတိုင်းပဲ တစ်ဖန်ပယ်မြစ်တယ်။ 'ဒီလိုဆိုရင် သင့်ကိုလည်း ငါကိုးကွယ်ပါတယ်။ ဘုရားရှင်ကိုလည်း ကိုးကွယ်ပါတယ်။ သင့်အား ဆုကိုလည်း ပေးပါတယ်'လို့ မင်းကပြောတဲ့အခါ သာမာဝတီက 'မင်းကြီး၊ ဆုကို ယူပြီးဖြစ်ပါစေ'လို့ ပြောတယ်။ မင်းက ဘုရားရှင်ထံချဉ်းကပ်ပြီး ကိုးကွယ်ဆည်းကပ်ကာ ပင့်ဖိတ်တယ်။ ဘုရားအမှူးရှိတဲ့ ရဟန်းအပေါင်းအား ခုနစ်ရက်ပတ်လုံး အလှူကြီး လှူတယ်။ သာမာဝတီကိုခေါ်ပြီး ပြောတယ်။

'သင်ဟာ ထပါ၊ ဆုယူပါ'

'မင်းကြီး၊ ကျွန်မဟာ ရွှေ ငွေစသည်တွေကို အလိုမရှိပါ။ ဘုရားရှင်ဟာ အမြဲ ရဟန်း ၅၀၀ နဲ့အတူ ဒီအရပ်ကို ကြွအောင်လုပ်ပေးပါ၊ တရားနာယူပါမယ်။ အဲဒီဆုကိုတော့ ကျွန်မအား ပေးပါ'

http://www.dhammadownload.com



မင်းကလည်း ဘုရားရှင်ကို ရှိခိုးပြီး လျှောက်တယ်။

'မြတ်စွာဘုရား၊ ရဟန်း ၅၀၀ နဲ့အတူ အမြဲ ဒီနန်းတော်ကို ကြွတော်မူပါ၊ သာမာဝတီတို့တစ်သိုက်က တရားနာယူကြမယ်လို့ ပြောနေကြပါတယ်'

'မင်းကြီး၊ ဘုရားရှင်တွေဆိုတာ တစ်နေရာမှာ အမြဲသွားဖို့ မသင့်ပါ၊ လူအများက ဘုရားရှင်ကြွလာဖို့ တမ်းတနေကြပါတယ်'

'ဒီလိုဆိုရင် ရဟန်းတစ်ပါးကို လွှတ်ပေးပါဘုရား'

ဘုရားရှင်က အရှင်အာနန္ဒာကို အခေါ်ခိုင်းပါတယ်။ အရှင်အာနန္ဒာဟာ အဲဒီအချိန်ကစပြီး ရဟန်း ၅၀၀ ကို ခေါ်ယူကာ အမြဲ မင်းနန်းတော်ကို ကြွပါတယ်။ အဲဒီမိဖုရားတွေကလည်း အမြဲ အရှင်အာနန္ဒာကို အခြံအရံနဲ့တကွ ဆွမ်းကပ်ကြပါတယ်။ တရားနာယူကြပါတယ်။ သာမာဝတီတို့ဟာ တစ်နေ့မှာ အရှင်အာနန္ဒာရဲ့တရားစကားကို ကြားနာရပြီး ကြည်ညိုကာ အပေါ်ရုံအဝတ် ၅၀၀ နဲ့ တရားပူဇော်မှု ပြုကြပါတယ်။ အပေါ်ရုံအဝတ်တစ်ခုတစ်ခုဟာ ၅၀၀ စီထိုက်တန်ပါတယ်။

မာဂဏ္ဍီကလည်း 'ငါလုပ်တာက လုပ်တဲ့အတိုင်း မဖြစ်ဘဲ တစ်မျိုးတစ်မည်သာ ဖြစ်သွားတယ်။ အခု ငါဟာ ဘာကိုလုပ်ရပါ့မလဲ' လို့ ကြံကာ 'ဒီနည်းလမ်း ရှိတယ်'လို့ သဘောပေါက်ပြီး မင်းက ဥယျာဉ်ကစားဖို့ သွားတဲ့အခါ ဘထွေးမာဂဏ္ဍီထံ သတင်းပို့တယ်။

'သာမာဝတီရဲ့ပြာသာဒ်ကို သွားပြီး အဝတ်ကျီတိုက်တွေကိုရော ဆီကျီတိုက်တွေကိုပါ အဖွင့်ခိုင်းကာ အဝတ်တွေကို ဆီအိုးကြီးတွေမှာ စိုအောင် စိုအောင်လုပ်ခိုင်းပါ။ တိုင်တွေကိုရစ်ပတ်ပြီး အဲဒီသာမာဝတီတို့ အားလုံးကို တစ်ပေါင်းတည်းပြုလုပ်ကာ တံခါးကို ပိတ်လိုက်ပါ။ အပြင်မှာ သစ်သားကန့်လန့်ချကာ ဆီမီးတုတ်တွေနဲ့ မီးရှို့ပြီး ဆင်းသွားပါ'

http://www.dhammadownload.com



အဲဒီဘထွေးဟာ ပြာသာဒ်ပေါ်တက်ပြီး ဘဏ္ဍာတိုက်တွေကို ဖွင့်ကာ အဝတ်တွေကို ဆီအိုးကြီးတွေမှာ စိုအောင်၊ စိုအောင်လုပ်ပြီး တိုင်တွေကိုရစ်ပတ်ဖို့ ကြိုးစားပါတယ်။ အဲဒီအခါ အဲဒီဘထွေးကို သာမာဝတီအမှူးရှိတဲ့ မိန်းမတွေက 'ဘထွေး၊ အဲဒါက ဘာလဲ'လို့ ပြောကာ ချဉ်းကပ်လာကြပါတယ်။ 'သမီးတို့၊ မင်းက ခိုင်မြဲအောင်လုပ်ဖို့ ဒီတိုင်တွေကို ဆီအဝတ်တွေနဲ့ ရစ်ပတ်ခိုင်းပါတယ်။ မင်းနန်းတော်ဆိုတာ လုံခြုံ၊ မလုံခြုံသိဖို့ ခက်ပါတယ်။ သမီးတို့၊ ငါ့အနီးမှာ မနေကြပါနဲ့'လို့ ပြောကာ လာတဲ့ အဲဒီသာမာဝတီတို့ကို တိုက်ခန်းထဲ သွင်းလိုက်ပါတယ်။ တံခါးတွေကိုပိတ်ပြီး အပြင်မှာသစ်သားကန့်လန့် ချကာ အစကစပြီး မီးရှို့လျက် ဆင်းသွားပါတယ်။ သာမာဝတီက အခြံအရံမိန်းမတွေအား ဩဝါဒပေးပါတယ်။

'ငါတို့ရဲ့ မသိအပ်တဲ့ အစအပိုင်းအခြားရှိတဲ့ ဘဝသံသရာမှာ ကျင်လည်ကြတဲ့အခါ ဒီလိုပဲ မီးလောင်ခံရတဲ့ ခန္ဓာကိုယ်တွေရဲ့ အပိုင်းအခြားကို ဗုဒ္ဓဉာဏ်နဲ့တောင် ပြုလုပ်ဖို့ မလွယ်ပါ။ မမေ့မလျော့ကြပါနဲ့'

အိမ်ကို မီးလောင်နေတဲ့အခါ သာမာဝတီတို့က ဝေဒနာတွေကို သိမ်းဆည်းတဲ့ ကမ္မဋ္ဌာန်းကို နှလုံးသွင်းကြရင်း တချို့ သကဒါဂါမ် ဖြစ်ကြပါတယ်။ တချို့က အနာဂါမ်ဖြစ်ကြပါတယ်။ အဲဒီအခါ ဘုရားရှင်က အဲဒီအကြောင်းအရာကိုသိပြီး အောက်ပါဥဒါန်းကို ကျူးရင့်ပါတယ်။

'ဒီသတ္တဝါအပေါင်းဟာ မောဟရဲ့ အနှောင့်အယှက်ခံနေရတယ်။ ဒါကြောင့် သူတို့ကိုယ်ကို မြဲတယ်လို့ ထင်နေကြတယ်။ ကာမ၊ ကိလေသာ၊ ခန္ဓာခေါ်တဲ့ ဥပဓိတွေရဲ့ အနှောင်အဖွဲ့ခံ လူမိုက်ဟာ အဝိဇ္ဇာအမှောင် ဖိုင်းရုံခံနေရတယ်။ ဒါကြောင့်ပဲ မြဲတယ်လို့ ထင်နေကြတယ်။ ဝိပဿနာအမြင်၊ မဂ်ပညာအမြင်ရှိသူမှာ ကိလေသာကြောင့် ကြမှု မရှိတော့'

http://www.dhammadownload.com



အဲဒီလိုမိန့်ပြီး အောက်ပါတရားကို ဟောပါတယ်။

'ရဟန်းတို့၊ သတ္တဝါတွေဆိုတာ ဝဋ်မှာ ကျင်လည်ကြတဲ့အခါ အမြဲတမ်း မမေ့မလျော့နေကာ ကောင်းမှုကိုသာ လုပ်ကြတာမဟုတ်ပါ။ မေ့လျော့ပြီး မကောင်းမှုကိုလည်း ပြုလုပ်ကြတယ်။ ဒါကြောင့် ဝဋ်မှာ ကျင်လည်ကြတဲ့အခါ ချမ်းသာကိုရော၊ ဆင်းရဲကိုပါ ခံစားကြရပါတယ်။'

မင်းက 'သာမာဝတီရဲ့အိမ်ကို မီးလောင်သတဲ့'လို့ ကြားရပြီး အမြန်လာပေမယ့်လည်း မီးမလောင်ခင် အရောက်မလာနိုင်ခဲ့ပါ။ လာပြီးတော့ အိမ်မှာ မီးငြိမ်းပြီးတဲ့အခါ အကြီးအကျယ်စိတ်ဆင်းရဲကာ အမတ်အပေါင်းခြံရံကာ ထိုင်နေတယ်။ သာမာဝတီရဲ့ဂုဏ်တွေကို အဖန်ဖန် အောက်မေ့ရင်း 'ဒီအမှုက ဘယ်သူရဲ့အမှုလဲ'လို့ ကြံနေတယ်။ 'မာဂဏ္ဍီ အလုပ်ခိုင်းတာ ဖြစ်လိမ့်မယ်'လို့ သိသွားတယ်။ 'ခြိမ်းခြောက်ပြီး မေးရင် ပြောမှာမဟုတ်၊ ဖြည်းဖြည်းချင်း နည်းလမ်းနဲ့ မေးမယ်'လို့ ကြံကာ အမတ်တွေကို ပြောတယ်။

'အမတ်တို့၊ ငါဟာ ဒီအချိန်ရဲ့အရင်က ထထကြွကြွရှိပြီး ကြောက်ကြောက်ရွံ့ရွံ့နဲ့ပဲ နေရတယ်။ သာမာဝတီက ငါ့ရဲ့အပြစ်ကိုပဲ အမြဲရှာတယ်။ အခုတော့ ငါ့စိတ်အေးရပါတော့မယ်။ ချမ်းချမ်းသာသာနဲ့လည်း နေရပါတော့မယ်'

အမတ်တွေက မေးကြတယ်။

'အရှင်မင်း၊ ဘယ်သူက ဒီအမှုကို ပြုလုပ်ပါသလဲ'

'ငါ့အပေါ်ချစ်လို့ တစ်စုံတစ်ယောက်က လုပ်တာဖြစ်ပါလိမ့်မယ်'

မာဂဏ္ဍီကလည်း အနီးမှာရပ်တည်ကာ အဲဒီစကားကို ကြားရပြီး ပြောတယ်။

'အရှင်မင်း၊ အခြားဘယ်သူက လုပ်နိုင်မှာလဲ၊ ကျွန်မ လုပ်ပါတယ်။ ကျွန်မဟာ ဘထွေးမာဂဏ္ဍီကို ခိုင်းစေပြီး အလုပ်ခိုင်းပါတယ်'

http://www.dhammadownload.com



'သင်မှတစ်ပါး အခြားသူဟာ ငါ့အပေါ် ချစ်တဲ့သူဆိုတာ မရှိပါ။ ငါဟာ သင့်ကိုကြည်ညိုသဘောကျတယ်။ သင့်အား ဆုပေးတယ်။ သင့်ရဲ့ဆွေမျိုးအပေါင်းကို အခေါ်ခိုင်းပါ'

မာဃဏ္ဍီက ဆွေမျိုးတွေထံ 'မင်းက ငါ့ကိုကြည်ညိုလို့ ဆုပေးတယ်။ မြန်မြန်လာကြပါ'လို့ သတင်းစကား ပို့လိုက်တယ်။ မင်းက လာလာသမျှလူတွေအား အကြီးအကျယ် ပူဇော်မှုပြုလုပ်တယ်။ အဲဒါကို မြင်ရပြီး မာဃဏ္ဍီရဲ့ဆွေမျိုးမဟုတ်သူတွေကလည်း လာဘ်ပေးကာ 'ငါတို့ ငါ မာဃဏ္ဍီရဲ့ဆွေမျိုးတွေပါ'လို့ပြောပြီး လာကြတယ်။ မင်းက အဲဒီလူအားလုံးကို အဖမ်းခိုင်းပြီး မင်းရင်ပြင်မှာ ချက်ပမာဏရှိတွင်းတွေကို အတူးခိုင်းတယ်။ အဲဒီလူတွေကို အဲဒီတွင်းတွေထဲမှာ အထိုင်ခိုင်းပြီး မြေမှုန့်တွေနဲ့ ပြည့်စေတယ်။ အထက်မှာ ကောက်ရိုးတွေကို ဖြန့်ကျဲခိုင်းပြီး မီးရှို့ခိုင်းတယ်။ အရေကို မီးလောင်ပြီးတဲ့အခါ သံထွန်သွားနဲ့ ထွန်ယက်ခိုင်းကာ အစိတ်စိတ်အပိုင်းပိုင်း အမျှင်မျှင်လုပ်ခိုင်းတယ်။ မာဃဏ္ဍီရဲ့ခန္ဓာကိုယ်မှလည်း ဓားထက်ထက်နဲ့ ထူထဲ ထူထဲတဲ့နေရာတွေက အသားကို ခွာကာ ဆီကြက်အိုးကို ဖိုခနောက်ပေါ်တင်ခိုင်းပြီး မုန့်တွေ အကြော်ခိုင်းတယ်။ မာဃဏ္ဍီကိုပဲ အစားခိုင်းတယ်။

တရားသဘင်မှာလည်း ရဟန်းတွေက စကားပြောနေကြတယ်။

'ငါ့ရှင်တို့၊ ဒီလိုသဒ္ဓါနဲ့ပြည့်စုံတဲ့ ဥပါသိကာမှာ ဒီလိုသေရတာဟာ မသင့်လျော်လေစွတကား'

ဘုရားရှင်က လာပြီး မေးပါတယ်။

'ရဟန်းတို့၊ သင်တို့ဟာ အခု ဘယ်စကားနဲ့ စုဝေးထိုင်နေကြတာလဲ'

'ဤမည်တဲ့စကားနဲ့ပါ ဘုရား'

'ရဟန်းတို့၊ ဒီဘဝမှာ သာမာဝတီအမှုးရှိတဲ့ မိန်းမတွေမှာ ဒီလိုသေရတာဟာ မသင့်လျော်၊ အရင်ဘဝက ပြုခဲ့တဲ့ကံနဲ့ သင့်လျော်တဲ့ အကျိုးကိုသာ အဲဒီသာမာဝတီတို့ဟာ ရသွားကြတယ်'

http://www.dhammadownload.com



'မြတ်စွာဘုရား၊ အရင်ဘဝက အဲဒီသာမာဝတီက ဘယ်ကံကို လုပ်ခဲ့ကြပါသလဲ။ အဲဒီကံကို ပြောပြပေးတော်မူပါ'

အဲဒီရဟန်းတွေက တောင်းဆိုလို့ ဘုရားရှင်က အတိတ်အကြောင်း ကို ဆောင်တော်မူပါတယ်။

ရှေးအခါက ဗာရာဏသီပြည်မှာ ဗြဟ္မဒတ္တမင်း မင်းလုပ် အုပ် ချုပ်တယ်။ မင်းနန်းတော်မှာ အမြဲပစ္စေကဗုဒ္ဓါ ရှစ်ပါး ဆွမ်းဘုဉ်းပေး ကြတယ်။ မိန်းမ ၅၀၀ က အဲဒီပစ္စေကဗုဒ္ဓါတွေကို ပြုစုလုပ်ကျွေး ကြတယ်။ အဲဒီပစ္စေကဗုဒ္ဓါ ရှစ်ပါးထဲက ခုနစ်ပါးက ဟိမဝန္တာကို သွားကြတယ်။ တစ်ပါးက မြစ်ကမ်းဘေးရှိ မြက်တောရှုပ်တစ်ခုမှာ ဈာန်ဝင်စားပြီး ထိုင်နေတယ်။ တစ်နေ့မှာ မင်းက ပစ္စေကဗုဒ္ဓါတွေ ကြွသွားတဲ့အခါ အဲဒီမိန်းမတွေကိုခေါ်ယူပြီး မြစ်ထဲ ရေကစားဖို့ သွား တယ်။ အဲဒီမြစ်ထဲ အဲဒီမိန်းမတွေ တစ်နေ့လုံး ရေကစားပြီး ရေမှတက် ကာ အအေးနှိပ်စက်ခံရလို့ မီးလှုံလိုကြတယ်။ 'ငါတို့အတွက် မီးမွှေးရ မယ့်နေရာကို ကြည့်ကြ'လို့ ပြောပြီး ဟိုဟိုဒီဒီလှည့်လည်ကြတဲ့အခါ အဲဒီမြက်ရှုပ်တောကို မြင်သွားတယ်။ မြက်အစုအပုံလို့ ထင်မှတ်ကာ အဲဒီပစ္စေကဗုဒ္ဓါကို ဝိုင်းရံတည်ကာ မီးမွှေးကြတယ်။ မြက်တွေက မီးလောင်ပြီး ကျလာတဲ့အခါ ပစ္စေကဗုဒ္ဓါကို မြင်သွားကြတယ်။ 'ငါတို့ တော့ ပျက်စီးပါပြီ။ ငါတို့မင်းရဲ့ပစ္စေကဗုဒ္ဓါကို မီးလောင်နေတယ်။ မင်းက သိပြီး ငါတို့ကို ဖျက်ဆီးလိမ့်မယ်။ အဲဒီပစ္စေကဗုဒ္ဓါကို ကောင်း ကောင်းမီးလောင်အောင် လုပ်ကြမယ်'လို့ ကြံကာ အဲဒီမိန်းမအားလုံး ဟာ ဟိုက ဒီက ထင်းတွေကို သယ်ဆောင်ပြီး အဲဒီပစ္စေကဗုဒ္ဓါအပေါ် ထင်းပုံပြုလုပ်ကြတယ်။ ထင်းပုံကြီး ဖြစ်သွားတယ်။

အဲဒီအခါ အဲဒီပစ္စေကဗုဒ္ဓါကို ထင်းဝိုင်းပုံပြီး 'အခု မီးလောင်လိမ့် မယ်'လို့ ကြံကာ ဖဲသွားကြတယ်။ အဲဒီမိန်းမတွေဟာ ပထမမှာ သေ စေလိုတဲ့စေတနာ မပါကြလို့ အကုသိုလ်ကံနဲ့ နှောင်ဖွဲ့မခံကြရ။ အခု

http://www.dhammadownload.com



နောက်မှ သေစေလိုတဲ့စေတနာပါသွားလို့ အကုသိုလ်ကံနဲ့ နှောင်ဖွဲ့ခံကြရတယ်။ ပစ္စေကဗုဒ္ဓါကိုတော့ သမာပတ်အတွင်းမှာ လှည်းပေါင်းတစ်ထောင်နဲ့ သစ်သားတွေကို သယ်ဆောင်ပြီး ဝိုင်းအုံလိမ်းကျံပေမယ့် လည်း အငွေ့လေးတောင် ထွက်အောင် မလုပ်နိုင်ကြပါ။ ဒါကြောင့် ပစ္စေကဗုဒ္ဓါဟာ ခုနစ်ရက်မြောက်မှာ ထပြီး ချမ်းသာရာအရပ်ကို ကြွသွားတယ်။ အဲဒီမိန်းမတွေဟာ အဲဒီကံကိုလုပ်ခဲ့လို့ နှစ်သိန်းပေါင်းများစွာ ငရဲမှာကျက်ကြရတယ်။ အဲဒီကံနဲ့ပဲ အကျိုးအကြွင်းအရ ဘဝပေါင်းတစ်ရာ ဒီနည်းနဲ့ပဲ အိမ်ကိုမီးရှို့ခံရတဲ့အခါ မီးလောင်ကြရတယ်။ အဲဒါဟာ သာမာဝတီတို့ရဲ့ရှေးကံပဲ။

အဲဒီလိုမိန့်ပြီးတော့ ရဟန်းတွေက ဘုရားရှင်ကို မေးကြတယ်။

'မြတ်စွာဘုရား၊ ခုဇ္ဇုတ္တရာကတော့ ဘယ်ကံကြောင့် ခါးကုန်းပါသလဲ။ ဘယ်ကံကြောင့် ပညာကြီးပါသလဲ။ ဘယ်ကံကြောင့် သောတာပန် ဖြစ်ပါသလဲ။ ဘယ်ကံကြောင့် သူတစ်ပါးတွေရဲ့ စေခိုင်းတာကို လုပ်ပေးသူ ဖြစ်ရပါသလဲ'

ဘုရားရှင်က ဒီလိုမိန့်ပါတယ်။

'ရဟန်းတို့၊ အဲဒီဗြဟ္မဒတ္တမင်းပဲ ဗာရာဏသီပြည်မှာ မင်းလုပ်တဲ့အခါ အဲဒီပစ္စေကဗုဒ္ဓါပဲ အနည်းငယ်ခါးကုန်းတဲ့သဘောရှိတယ်။ အဲဒီအခါ အလုပ်အကျွေးမတစ်ဦးက ကမ္ဗလာကို ရုံပြီး ရွှေခွက်ကိုယူကာ 'ငါတို့ရဲ့ပစ္စေကဗုဒ္ဓါက ဒီလိုဒီလိုလှည့်လည်တယ်'လို့ ခါးကုန်းကာ အဲဒီပစ္စေကဗုဒ္ဓါရဲ့ လှည့်လည်ပုံအခြင်းအရာကို ပြတယ်။ အဲဒီကံရဲ့ အကျိုးကြောင့် ခါးကုန်းရပါတယ်'

'အဲဒီပစ္စေကဗုဒ္ဓါတွေကို ပထမနေ့မှာ မင်းနန်းတော်မှာ ထိုင်စေပါတယ်။ သပိတ်တွေကို အယူခိုင်းပြီး နို့ဃနာနဲ့ပြည့်စေကာ အလှူခိုင်းပါတယ်။ ပူတဲ့နို့ဃနာနဲ့ ပြည့်နေတဲ့သပိတ်တွေကို ပစ္စေကဗုဒ္ဓါတွေက လှည့်လည်ပြီး ကိုင်ယူကြတယ်။ အဲဒီမိန်းမက အဲဒီလိုလုပ်နေတဲ့ ပစ္စေက

http://www.dhammadownload.com



ဗုဒ္ဓါတွေကို မြင်ပြီး သူမရဲ့ဥစ္စာဖြစ်တဲ့ ဆင်စွယ်လက်ကောက် ရှစ်ခုကို လှူကာ 'ဒီမှာထားပြီး ကိုင်ကြပါ'လို့ လျှောက်တယ်။ ပစ္စေကဗုဒ္ဓါတွေက အဲဒီလိုလုပ်ပြီး အဲဒီမိန်းမကိုကြည့်ကာ ရပ်နေကြတဲ့အခါ အဲဒီပစ္စေက ဗုဒ္ဓါတွေရဲ့ အလိုကိုသိပြီး လျှောက်တယ်'

'အရှင်ဘုရားတို့၊ တပည့်တော်တို့မှာ အဲဒီလက်ကောက်တွေကို အလိုမရှိပါ။ အရှင်ဘုရားတို့အားသာ လှူပြီးဖြစ်ပါတယ်။ ယူပြီး သွားတော်မူကြပါ'

အဲဒီလက်ကောက်တွေကိုယူပြီး နန္ဒမူလကတောင်ဝှန်းကို သွားကြပါတယ်။ ဒီနေ့တိုင်အောင်လည်း အဲဒီလက်ကောက်တွေဟာ မပျက်စီးဘဲသာ ရှိနေကြပါတယ်။ အဲဒီမိန်းမဟာ အဲဒီကံရဲ့အကျိုးကြောင့် အခုအခါ ပိဋကသုံးပုံဆောင်တဲ့ ပညာရှင်ကြီးဖြစ်နေတယ်။ ပစ္စေကဗုဒ္ဓါတွေအပေါ် ပြုစုမှုရဲ့အကျိုးဆက်ကြောင့်တော့ သောတာပန်ဖြစ်တယ်။ ဒါက ခုဇ္ဇုတ္တရာရဲ့ ဘုရားရှင်နှစ်ဆူအကြားမှာ ရေးကံပါပဲ။

ကဿပဘုရားရှင်လက်ထက်မှာတော့ ဗာရာဏသီသူဌေးရဲ့ သမီးတစ်ယောက်ဟာ အရိပ်တိုးပွားရာ အချိန်မှာ (ညနေပိုင်းမှာ) မှန်ကို ယူပြီး သူမကိုယ်ကို တန်ဆာဆင်ကာ ထိုင်နေတယ်။ အဲဒီအခါ သူမနဲ့ အကျွမ်းဝင်တဲ့ ရဟန္တာဘိက္ခုနီမတစ်ယောက်က သူမကိုတွေ့ဖို့ သွားတယ်။ မှန်တယ်။ ရဟန္တာဘိက္ခုနီမတွေတောင်မှ ညနေပိုင်းမှာ အလုပ်အကျွေးဒကာတွေရဲ့အိမ်တွေကို မြင်တွေ့လိုကြတယ်။ အဲဒီခဏမှာတော့ သူဌေးသမီးအနီးမှာ ခိုင်းစေတဲ့အလုပ်ကို လုပ်ပေးသူတစ်ယောက်မှ မရှိ။ သူဌေးသမီးက ပြောတယ်။

'အရှင်မ၊ ကျွန်မ ရှိခိုးပါတယ်။ တပည့်တော်ရဲ့ ဒီအလှပြင်ကြုတ်ခွက်ကလေးကိုယူပြီး ပေးပါ'

ဘိက္ခုနီမက စဉ်းစားတယ်။

'ဒီသူဌေးသမီးအား ဒီကြုတ်ကိုယူပြီး မပေးရင် ငါ့အပေါ် ရန်ငြိုး

http://www.dhammadownload.com



ဖွဲ့ပြီး ငရဲမှာ ဖြစ်လိမ့်မယ်။ ယူပေးရင်တော့ သူတစ်ပါးရဲ့ခိုင်းစေတာကို လုပ်ပေးရသူဖြစ်လိမ့်မယ်။ ငရဲအပူထက် သူတစ်ပါးရဲ့အစေခံဖြစ်ရတာကပဲ မြတ်ပါတယ်'

အဲဒီသူဌေးသမီးဟာ သနားလို့ အဲဒီကြုတ်ကိုယူကာ သူမအား ပေးလိုက်တယ်။ အဲဒီကံရဲ့အကျိုးဆက်ကြောင့် သူတစ်ပါးတွေရဲ့ အခိုင်းအစေကို လုပ်ပေးရသူ ဖြစ်ရပါတယ်။ (ဓမ္မပဒ၊ ဋ္ဌ၊ ပ၊ ၁၂၀)

ခုဇ္ဇုတ္တရာကတော့ ကြွင်းကျန်တဲ့အသက် ရှိနေသေးလို့ရော၊ အရင်ဘ၀က အဲဒီလိုအကုသိုလ်ကံကို မပြုခဲ့လို့ပါ အဲဒီမီးလောင်ရာ ပြာသာဒ်အပြင်ဘက်မှာ ရှိနေပါတယ်။ ၁၀ ယူဇနာဝေးတဲ့အရပ်မှာ ဖဲသွားနေတယ်လို့လည်း ပြောကြပါတယ်။ (ဥဒါန၊ ဋ္ဌ၊ ၃၄၈)

အဲဒီသာမာဝတီတို့ဟာ ဒီဘ၀မှာ အရိယာဖိုလ်တွေကို မျက်မှောက်ပြုကာ ရတနာသုံးပါးကို ဆည်းကပ်ကြလို့ အဲဒီသာမာဝတီတို့ အုပ်စုထဲက အနာဂါမ်တွေက သုဒ္ဓါဝါသဗြဟ္မာ့ဘုံတွေမှာ ဖြစ်ကြပါတယ်။ ကျန်တဲ့တချို့က တာဝတိံသာနတ်ပြည်မှာ၊ တချို့က ယာမာနတ်ပြည်မှာ၊ တချို့က တုသိတာနတ်ပြည်မှာ၊ တချို့က နိမ္မာနရတိနတ်ပြည်မှာ၊ တချို့က ပရနိမ္မိတဝသဝတ္တိနတ်ပြည်မှာ ဖြစ်ကြပါတယ်။ (ဥဒါန၊ ဋ္ဌ၊ ၃၄၉)

http://www.dhammadownload.com

# သုဇာတ

ဥရုဝေလတောအုပ်အနီးက သေနာနိဂုံးမှာ သေနာနိ(သေနိယ)သူကြွယ်ရဲ့အိမ်မှာ သုဇာတဟာ ဖြစ်တယ်။ အရွယ်ရောက်တော့ ညောင်ပင်တစ်ပင်မှာ ဆုတောင်းတယ်။

'အကျွန်ုပ်ဟာ ဇာတ်တူအမျိုးအိမ်ကိုသွားရပြီး ပထမကိုယ်ဝန်မှာ သားရရင် နှစ်စဉ် သင်နတ်မင်းအား တစ်သိန်းစွန့်လွှတ်ကာ ပူဇော်ပသမှု ပြုပါမယ်'

သုဇာတရဲ့ အဲဒီဆုတောင်းဟာ ပြည့်စုံတယ်။ သုဇာတဟာ ဘုရားအလောင်း ဒုက္ကရစရိယအကျင့်ကို ကျင့်လို့ ခြောက်နှစ်မြောက်ပြည့်တဲ့အခါ ကဆုန်လပြည့်နေ့မှာ နတ်ပူဇော်မှုပြုလိုလို့ ရှေးဦးစွာ နို့စားနွားမတစ်ထောင်ကို နွယ်ချိုတောမှာ လှည့်လည်စေပါတယ်။ အဲဒီနွားမတွေရဲ့နို့ကို နို့စားနွားမ ၅၀၀ အား တိုက်ပါတယ်။ အဲဒီနွားမတွေရဲ့နို့ကို နို့စားနွားမ ၂၅၀ အား တိုက်ပါတယ်။ အဲဒီနည်းနဲ့ နို့စားနွားမ ၁၆ ကောင်ရဲ့နို့ကို နွားမရှစ်ကောင်က စို့ရတဲ့အထိ နို့ရည်ရဲ့ထူထဲမှုကိုရော၊ ချိုမြိန်မှုကိုရော၊ သြဇာရှိမှုကိုပါ တောင့်တကာ နို့ရည်လည်ပတ်စေမှု ပြုလုပ်ပါတယ်။ သုဇာတဟာ ကဆုန်လပြည့်နေ့မှာ 'နံနက်စောစောပဲ နတ်ပူဇော်မှု ပြုမယ်'လို့ ကြံကာ ညရဲ့မိုးသောက်ယံအချိန်မှာ အိပ်ရာမှထပြီး အဲဒီနို့စားနွားမ ရှစ်ကောင်ကို နို့ညှစ်ခိုင်းတယ်။ နွားငယ်တွေက နွားမတွေရဲ့နို့အရင်းကို မလာကြတော့။ နို့အရင်းမှာတော့ ခွက်အသစ်ကို ကပ်ဆောင်ကာမျှမှာပဲ သူ့အလိုလို နို့ရည်အယဉ်တွေဖြစ်ပေါ်လာကြတယ်။ အဲဒီအံ့သြဖွယ်ကို မြင်ပြီး သုဇာတဟာ သူ့လ..က်

http://www.dhammadownload.com



နဲ့ပဲ နို့ရည်ကိုယူကာ ခွက်အသစ်မှာထည့်တယ်။ သူ့လက်နဲ့ပဲ မီးမွှေးကာ ကျိုဖို့ ကြိုးစားတယ်။

အဲဒီနို့ဃနာကို ချက်တဲ့အခါ အလွန်ကြီးတဲ့ အမြှုပ်တွေ ပေါ်ထွက်ကာ လက်ယာရစ်ပြီး လှည့်လည်ကြတယ်။ ရေပေါက်တစ်ပေါက်တောင်မှ အပြင်မှာ မကျ။ ဖိုခနောက်မှ အနည်းငယ်သောအခိုးတောင်မှ မထွက်။ အဲဒီအခါမှာ လောကစောင့်နတ်မင်းကြီးလေးပါးဟာ လာပြီး ဖိုခနောက်မှာ အစောင့်အရှောက်ယူကြတယ်။ မဟာဗြဟ္မာက ထီးမိုးပေးတယ်။ သိကြားမင်းက မီးစတွေကိုသယ်ဆောင်ကာ မီးကို တောက်လောင်စေတယ်။ နတ်တွေက ကျွန်းပေါင်း နှစ်ထောင်အခြံအရံရှိတဲ့ ကျွန်းကြီးလေးကျွန်းက နတ်တွေအားရော၊ လူတွေအားပါ သုံးဆောင်ထိုက်တဲ့ဩဇာကို မိမိတို့ရဲ့နတ်အစွမ်းနဲ့ တုတ်ပါတဲ့ပျားအုံကို ညှစ်ကာ ပျားရည်ကိုယူတဲ့သူတွေလို သယ်ဆောင်ကာ အဲဒီနို့ဃနာမှာ ထည့်ကြတယ်။ ဘုရားဖြစ်ရာနေ့နဲ့ ပရိနိဗ္ဗာန်စံရာနေ့တွေမှာတော့ ထမင်းအိုးထဲမှာသာ ထည့်ကြတယ်။ သုဇာတဟာ တစ်နေ့တည်းမှာသာ သူ့မှာထင်ရှားနေတဲ့ အံ့ဩဖွယ်များစွာကို မြင်ပြီး ပုဏ္ဏာကျွန်မကို ခေါ်ပြောတယ်။

'အမိပုဏ္ဏာ၊ ဒီနေ့ ငါတို့ရဲ့နတ်က အလွန်အကဲ စိတ်ကြည်နေတယ်။ ငါဟာ ဒီလောက်ကာလမှာ ဒီလိုအံ့ဩဖွယ်ကို အရင်က မမြင်ဖူးပါ။ မြန်မြန်သွားပြီး နတ်နေရာအရပ်ကို ရှင်းလင်းပါ'

ပုဏ္ဏာက 'ကောင်းပါပြီး အရှင်မ'လို့ ပြောပြီး သုဇာတရဲ့စကားကို လက်ခံကာ အလွန်လျင်မြန်စွာ သစ်ပင်အောက်ကို သွားပါတယ်။ ဘုရားလောင်းကလည်း အဲဒီညမှာ အိပ်မက်ကြီး ငါးခုတို့ကို မြင်မက်ပြီး စူးစမ်းတဲ့အခါ 'ဒီနေ့ ငါဟာ သေချာပေါက် ဘုရားဖြစ်မယ်'လို့ ဆုံးဖြတ်ချက်ချကာ အဲဒီညကုန်လွန်သွားတဲ့အခါ ကိုယ်လက်သုတ်သင်ကာ ဆွမ်းခံချိန်ကို စောင့်ဆိုင်းနေတယ်။ နံနက်စောစောပဲ လာကာ အဲဒီညောင်ပင်အောက်မှာ သူ့အရောင်နဲ့ တစ်ပင်လုံးကို ထွန်းလင်းစေ

http://www.dhammadownload.com



လျက် ထိုင်တယ်။ အဲဒီအခါ ပုဏ္ဏာက လာပြီး ဘုရားလောင်း သစ်ပင်အောက်မှာ အရှေ့လောကဓာတ်ကို ကြည့်ရင်း ထိုင်နေတာ၊ ဘုရားလောင်း ခန္ဓာကိုယ်မှထွက်တဲ့ အရောင်တွေကြောင့် သစ်ပင်တစ်ပင်လုံး ရွှေအဆင်း ဝါဝင်းနေတာကို မြင်သွားတယ်။ 'ဒီနေ့ ငါတို့ရဲ့နတ်ဟာ သစ်ပင်က သက်ဆင်းပြီး ကိုယ်လက်နဲ့ပဲ ပူဇော်ပသတာကို ခံယူဖို့ ထိုင်နေတယ်ထင်တယ်'လို့ ပုဏ္ဏာမှာ အကြံဖြစ်နေတယ်။ ထိတ်လန့်သွားကာ မြန်မြန်လာပြီး သုဇာတအား အဲဒီအကြောင်းကို ပြောပြတယ်။

သုဇာတက ပုဏ္ဏာရဲ့စကားကို ကြားရပြီး ဝမ်းသာသွားကာ 'ဒီနေ့ ဒီအချိန်ကစပြီး ငါ့ရဲ့သမီးကြီးအရာမှာ တည်ပါလော'လို့ သမီးအား လျော်ပတ်တဲ့ အဆင်တန်ဆာအားလုံးကို ပေးတယ်။ ဘုရားအဖြစ်ကို ရောက်ရာနေ့မှာ တစ်သိန်းတန်ရွှေခွက်ကို ရှသင့်တယ်။ ဒါကြောင့် သုဇာတဟာ 'ရွှေခွက်မှာ နို့ဃနာကို ထည့်မယ်'လို့ စိတ်ကိုဖြစ်စေကာ တစ်သိန်းတန်ရွှေခွက်ကို ထုတ်ဆောင်ခိုင်းတယ်။ အဲဒီရွှေခွက်မှာ နို့ဃနာကို ထည့်လိုလို့ ချက်တဲ့ခွက်ကို စောင်းငဲ့လိုက်တယ်။ နို့ဃနာအားလုံးဟာ ပဒုမ္မာကြာရွက်ကရေလို လိမ့်ပြီး ခွက်ထဲတည်တယ်။ တစ်ခွက်ပြည့်ရုံမျှ ဖြစ်တယ်။ သုဇာတဟာ အဲဒီရွှေခွက်ကို အခြားရွှေခွက်နဲ့ မှောက်ပြီး အဝတ်ဖြူနဲ့ ရစ်ပတ်တယ်။ အဆင်တန်ဆာအားလုံးနဲ့ ခန္ဓာကိုယ်ကို တန်ဆာဆင်ပြီး အဲဒီခွက်ကို သူမရဲ့ဦးခေါင်းပေါ်တင်တယ်။ ကြီးမားတဲ့အစွမ်းနဲ့ ညောင်ပင်အောက်ကို သွားကာ ဘုရားလောင်းကို ကြည့်ပြီး ဝမ်းသာမှုအကြီးအကျယ်ဖြစ်တယ်။ သစ်ပင်စောင့်နတ်လို့ ထင်မှတ်ကာ မြင်ရာအရပ်ကစပြီး ကိုယ်ကိုညွတ်ကိုင်းသွားတယ်။ ဦးခေါင်းပေါ်မှ ခွက်ကိုချကာ ဖွင့်တယ်။ ရွှေခရားနဲ့ နံ့သာ၊ ပန်းနဲ့ထုံထားတဲ့ရေကို ယူပြီး ဘုရားလောင်းထံချဉ်းကပ်ကာ ရပ်တည်တယ်။

ဃဋီကာရမဟာဗြဟ္မာ လှူထားတဲ့ မြေသပိတ်က ဒီလောက်

http://www.dhammadownload.com



ကာလပတ်လုံး ဘုရားလောင်းကို မစွန့်ဘဲ အဲဒီခဏမှာ ကွယ်ပျောက်သွားတယ်။ ဘုရားလောင်းက သပိတ်ကို မမြင်လို့ လက်ယာလက်ကို ဆန့်တန်းကာ ရေကိုလက်ခံလိုက်တယ်။ သုဇာတက ခွက်နဲ့အတူပဲ နို့ဃနာကို ဘုရားလောင်းရဲ့လက်ထဲမှာ ထားလိုက်တယ်။ ဘုရားလောင်းက သုဇာတကို ကြည့်တယ်။ သုဇာတက အခြင်းအရာကို မှတ်သားပြီး 'အရှင်၊ အကျွန်ုပ်ဟာ သင့်အား စွန့်လှူပြီးပါပြီ။ ယူပြီး အလိုရှိသလို ကြွတော်မူပါ'လို့ လျှောက်ကာ ရှိခိုးတယ်။ 'အကျွန်ုပ်ရဲ့အလိုဟာ ပြည့်သလို သင့်အလိုလည်း ပြည့်ပါစေ'လို့ ပြောကာ တစ်သိန်းတန် ရွှေခွက်အပေါ် သစ်ရွက်ဟောင်းမှာလို မငဲ့ကွက်ဘဲ ဖဲသွားတယ်။
(ဇာတ်၊ ဋ္ဌ၊ ပ၊ ၇၉)

ဘုရားလောင်းဟာ နေရဥ္စရာမြစ်ကမ်းဘေးကို သွားပြီး ရွှေခွက်ကို ကမ်းနားမှာ ထားတယ်။ ရေချိုးပြီး ရေမှတက်ကာ ဆွမ်းလုတ် ၄၉ လုတ်ပြုလုပ်ပြီး နို့ဃနာကို ဘုဉ်းပေးတယ်။ ရွှေခွက်ကို မြစ်မှာ မျှောပြီး အစဉ်အတိုင်း ဗောဓိမဏ္ဍိုင်ကိုတက်ကာ သဗ္ဗညုတဉာဏ်ကို ရောက်တယ်။ ၄၉ ရက်ပတ်လုံး ဗောဓိမဏ္ဍိုင်မှာ အချိန်ကုန်ကာ ဣသိပတန မိဂဒါဝုန်တောမှာ ဓမ္မစကြာတရားကို ဟောပါတယ်။ သုဇာတာရဲ့သားဖြစ်သူ ယသလုလင်ယ်ရဲ့ ရှေးပါရမီကိုကြည့်ပြီး သွားကာ သစ်ပင်တစ်ပင်အောက်မှာ ထိုင်တယ်။ ယသ သတို့သားကလည်း ညအဖို့ရဲ့အခြားမဲ့မှာ ပွင့်လင်းနေတဲ့ မောင်းမအပေါင်းကို မြင်ရပြီး သံဝေဂ ဖြစ်တယ်။ 'ကိလေသာတွေ နှိပ်စက်လေစွ၊ ကိလေသာတွေ ညှဉ်းပန်းလေစွတကား'လို့ ပြောကာ အိမ်မှထွက်ပြီး ချက်ချင်းပဲ မြို့ပြင်ဘက်က ဘုရားရှင်ထံ သွားတယ်။ တရားနာပြီး သုံးမဂ်၊ သုံးဖိုလ်ကို ရတယ်။ (ဝိနည်းမဟာဝါမှာတော့ သောတာပန်ပဲ ဖြစ်တယ်လို့ပါတယ်)။ အဲဒီအခါ သူ့ဖခင်က ခြေရာခံပြီး သွားကာ ဘုရားရှင်ထံ ချဉ်းကပ်ပြီး ယသရဲ့ဖြစ်ပုံကို မေးတယ်။ ဘုရားရှင်က ယသ သတို့သားကို ဖုံးကွယ်

http://www.dhammadownload.com



ပြီး တရားဟောတယ်။ တရားဒေသနာအဆုံးမှာ အဲဒီသူဌေးသူကြွယ်က သောတာပန်ဖြစ်တယ်။ ယသက ရဟန္တာဖြစ်တယ်။ ယသကို ဘုရားရှင်က 'ဧဟိ ဘိက္ခု၊ ရဟန်းလာလော့'လို့ မိန့်တယ်။ အဲဒီခဏမှာပဲ ယသရဲ့လူ့အသွင် ပျောက်သွားတယ်။ တန်ခိုးနဲ့ပြီးတဲ့ သပိတ်၊ သင်္ကန်းကို ဆောင်ပါတယ်။ ယသရဲ့ဖခင်ကလည်း ဘုရားရှင်ကို ဆွမ်းပင့်ဖိတ်တယ်။ ဘုရားရှင်က ယသ သတို့သားကို နောက်လိုက်ရဟန်းလုပ်ပြီး သူဌေးအိမ်ကြွသွားတယ်။ ဆွမ်းကိစ္စပြီးတော့ တရားဟောတယ်။ တရားဒေသနာအဆုံးမှာ ယသရဲ့မိခင်ဖြစ်သူ သုဇာတ၊ မယားပါ သောတာပန်ဖြစ်သွားကြတယ်။ အဲဒီနေ့မှာ ဒီသုဇာတဟာ ချွေးမနဲ့အတူ ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးကို ပထမဆုံး ဆည်းကပ်ကိုးကွယ်တဲ့ ဥပါသိကာမ ဖြစ်လာတယ်။ ဘုရားရှင်က နောင်အခါမှာ အစဉ်အတိုင်း ဥပါသိကာမတွေကို ရာထူးတွေမှာထားတဲ့အခါ ဒီသုဇာတ ဥပါသိကာမကို ပထမဆုံး ရတနာသုံးပါး ဆည်းကပ်သူတွေထဲမှာ အသာဆုံးအရာမှာ ထားရှိတော်မူပါတယ်။ (အံ၊ ဋ္ဌ၊ ပ၊ ၃၁၀)

သုဇာတဟာ ပဒုမုတ္တရဘုရားလက်ထက်က ဟံသာဝတီမြို့က အမျိုးကောင်းအိမ်မှာ ဖြစ်တယ်။ နောင်အခါမှာ ဘုရားရှင်ရဲ့တရားကို နာရတဲ့အခါ ဥပါသိကာမတစ်ဦးကို ပထမဆုံး ရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်သူတွေထဲမှာ အသာဆုံးအရာမှာထားတဲ့ ဘုရားရှင်ကို ဖူးတွေ့ရတယ်။ ကောင်းမှုပြုပြီး အဲဒီရာထူးကို ဆုတောင်းတယ်။ သူမဟာ ကမ္ဘာတစ်သိန်းကာလပတ်လုံး နတ်လူဘဝတွေမှာ ကျင်လည်ကာ ငါတို့ရဲ့ဂေါတမဘုရားရှင် မပွင့်ခင် အရင်ကပဲ ဥရုဝေလတောအနီးက သေနာနိဂုံးရှိ သေနိယသူကြွယ်အိမ်မှာ ဖြစ်တယ်။ (အံ၊ ဋ္ဌ၊ ပ၊ ၃၀၉)

http://www.dhammadownload.com

# သုပ္ပဝါသာ

အရှင်သီဝလိဟာ သုပ္ပဝါသာမင်းသမီးရဲ့ ဝမ်းဗိုက်မှာ ပဋိသန္ဓေယူတယ်။ ပဋိသန္ဓေယူချိန်ကစပြီး ညနေပိုင်းမှာရော၊ နံနက်ပိုင်းမှာပါ လက်ဆောင်တစ်ရာ ရောက်လာကြတယ်။ သုပ္ပဝါသာဟာ ပြည့်စုံခြင်းသို့ရောက်တယ်။ အဲဒီအခါ သုပ္ပဝါသာကို ကောင်းမှုကိုစူးစမ်းဖို့ လက်နဲ့ မျိုးစေ့တောင်းကို ထိခိုင်းကြတယ်။ မျိုးစေ့တစ်ခုတစ်ခုမှ စာရေးတံတစ်ရာရော၊ စာရေးတံတစ်ထောင်ပါ ထွက်ပေါ်လာတယ်။ ကရီသ အကျယ်အဝန်းရှိ လယ်မှ လှည်းအစီး ၅၀ ရော၊ ၆၀ ပါ ဖြစ်ပေါ်ကြတယ်။ ကျီတိုက်ကို ပြည့်စေတဲ့အခါမှာလည်း ကျီတိုက်တံခါးကို လက်နဲ့ထိစေကြပါတယ်။ သုပ္ပဝါသာမင်းသမီးရဲ့ကောင်းမှုကြောင့် ယူတဲ့ပုဂ္ဂိုလ်တွေရဲ့ ယူရာယူရာအရပ်ဟာ တစ်ဖန်ပြည့်လာတယ်။ ပြည့်နေတဲ့ ထမင်းအိုးထဲကိုလည်း 'မင်းသမီး သုပ္ပဝါသာရဲ့ဘုန်းကံပဲ'လို့ ပြောပြီး အလှူခံပုဂ္ဂိုလ်အားလုံးအား လှူတဲ့ပုဂ္ဂိုလ်တွေက အထက်သို့ လက်ကိုမငင်သေးသမျှ ကာလပတ်လုံး ထမင်းက မကုန်ပါ။ ကလေးက ဝမ်းဗိုက်ထဲရှိတုန်းမှာပဲ ခုနစ်နှစ်ဟာ ကုန်လွန်သွားတယ်။

ကိုယ်ဝန်ရင့်ကျက်လာတဲ့အခါမှာတော့ ခုနစ်ရက်ပတ်လုံး ဒုက္ခအကြီးအကျယ် ခံစားရတယ်။ သုပ္ပဝါသာက ခင်ပွန်းကိုခေါ်ပြီး 'ငါဟာမသေမီ အသက်ရှင်ဆဲမှာပဲ အလှူ လှူမယ်'လို့ ကြံကာ 'သွားပါ၊ ဒီဖြစ်ပုံကို ဘုရားရှင်အား လျှောက်ထားပြီး ဘုရားရှင်ကို ပင့်ဖိတ်ပါ။ ဘုရားရှင်ပြောတဲ့စကားကိုလည်း ကောင်းကောင်းမှတ်သားပြီး လာကာငါ့အား ပြောပြပါ'လို့ မှာကာ ဘုရားရှင်ထံ စေလွှတ်လိုက်တယ်။

http://www.dhammadownload.com



ခင်ပွန်းက သွားပြီး သုပ္ပဝါသာရဲ့သတင်းစကားကို ဘုရားရှင်အား လျှောက်ထားတယ်။ ဘုရားရှင်က အောက်ပါအတိုင်း မိန့်ပါတယ်။

'သုပ္ပဝါသာကောလိယမင်းသမီးဟာ ချမ်းသာပါစေ၊ ချမ်းသာပြီး အနာရောဂါကင်းကာ ရောဂါကင်းတဲ့သားကို မွေးဖွားပါစေ'

ခင်ပွန်းဖြစ်သူ မင်းက အဲဒီစကားကိုကြားရပြီး ဘုရားရှင်ကို ရှိခိုးကာ ရွာတွင်းဆီသို့ရှေ့ရှုသွားတယ်။ ခင်ပွန်းမလာခင်ကပဲ သုပ္ပဝါသာရဲ့ဝမ်းဗိုက်မှ ရေစစ်က ရေထွက်လာသလို ကိုယ်ဝန်ထွက်လာတယ်။ ဝိုင်းရံပြီး ထိုင်နေတဲ့ လူအပေါင်း မျက်ရည်ကျရင်းပဲ ရယ်ဖို့ကြိုးစားကြတယ်။ ပျော်ရွှင်ဝမ်းသာနေတဲ့ လူအများက မင်း (ခင်ပွန်းဖြစ်သူ) အား ပြောကြားဖို့ သွားတယ်။ မင်းက အဲဒီလူအများရဲ့အမူအရာကို မြင်ပြီးပဲ 'ဘုရားရှင် မိန့်လိုက်တဲ့စကားဟာ ပြီးစီးသွားပြီထင်တယ်'လို့ တွေးတယ်။ မင်းက လာပြီး ဘုရားရှင်ထံက သတင်းစကားကို မင်းသမီး သုပ္ပဝါသာအား ပြောပြတယ်။ သုပ္ပဝါသာက 'သင် ပင့်ဖိတ်ခဲ့မယ့် အသက်ရှင်စေတဲ့ဆွမ်းကပဲ မင်္ဂလာဆွမ်း ဖြစ်လိမ့်မယ်။ သွားပါ၊ ဘုရားရှင်ကို ခုနစ်ရက်ပတ်လုံး ပင့်ဖိတ်ခဲ့ပါ'လို့ပြောတယ်။ မင်းက အဲဒီအတိုင်း လုပ်တယ်။ ခုနစ်ရက်ပတ်လုံး ဘုရားအမှူးရှိတဲ့ ရဟန်းအပေါင်းအား အလှူကြီး လှူတယ်။ ကလေးက ဆွေမျိုးတွေရဲ့ ပူလောင်နေတဲ့ စိတ်ကို ငြိမ်းအေးစေလျက် မွေးဖွားလာလို့ သီဝလိဆိုတဲ့အမည်ကို မှည့်ကြတယ်။ သီဝလိက ခုနစ်နှစ်ပတ်လုံး အမိဝမ်းတိုက်ထဲမှာ နေခဲ့ရလို့ မွေးဖွားချိန်ကစပြီး အလုပ်အားလုံးမှာ ခံနိုင်ရည်ရှိတယ်။ အရှင်သာရိပုတ္တရာက ခုနစ်ရက်မြောက်မှာ သီဝလိနဲ့အတူ စကားပြောတယ်။

'သင်ဟာ ဒီလိုဆင်းရဲအစုကို ခံစားရပြီး ရှင်မဝတ်သင့်ဘူးလား'

'ရှင် ရှင်ဝတ်ချင်ပါတယ် ဘုရား'

သုပ္ပဝါသာက အရှင်သာရိပုတ္တရာနဲ့အတူ စကားပြောတဲ့ သီဝလိကိုကြည့်ပြီး 'ငါ့သားက အရှင်သာရိပုတ္တရာနဲ့အတူ စကားပြောနေတယ်'လို့ တွေးပြီး အရှင်သာရိပုတ္တရာထံ ချဉ်းကပ်ကာ မေးတယ်။

http://www.dhammadownload.com



'အရှင်ဘုရား၊ တပည့်တော်ရဲ့သားက အရှင်ဘုရားနဲ့အတူ ဘာစကားကို ပြောပါသလဲ'

'သူခံစားခဲ့ရတဲ့ ကိုယ်ဝန်မှာ နေခဲ့ရတဲ့ဒုက္ခကို ပြောကာ သင်တို့က ခွင့်ပြုရင် ကိုရင်ဝတ်မယ်လို့ ပြောတယ်'

'ကောင်းပါတယ်ဘုရား၊ သူ့ကို ကိုရင်ဝတ်ပေးတော်မူပါ'

(အံ၊ ဋ္ဌ၊ ပ၊ ၁၉၂)

သုပ္ပဝါသာဟာ ပဒုမုတ္တရဘုရားရှင်လက်ထက်က ဟံသာဝတီမြို့ရှိ အမျိုးကောင်းအိမ်မှာဖြစ်ကာ ဘုရားရှင်ရဲ့တရားစကားကို နာကြားရတဲ့အခါ ဥပါသိကာတစ်ဦးကို မြတ်နိုးဖွယ်လှူတဲ့ ဥပါသိကာမတွေထဲမှာ အသာဆုံးအရာမှာ ထားနေတဲ့ဘုရားရှင်ကို မြင်ရပြီး ကောင်းမှုပြုကာ အဲဒီဆုကို တောင်းခဲ့တယ်။ သူမဟာ ကမ္ဘာတစ်သိန်းကာလပတ်လုံး နတ်လူဘဝတွေမှာ ကျင်လည်ကာ အဲဒီဂေါတမဘုရားပွင့်တဲ့အခါ ကောလိယမြို့က မင်းမျိုးမှာဖြစ်တယ်။ သုပ္ပဝါသာလို့ နာမည်မှည့်ကြတယ်။ သူမဟာ အရွယ်ရောက်တဲ့အခါ သာကီဝင်မင်းသားတစ်ဦးရဲ့အိမ်ကို ရောက်သွားတယ်။ (အိမ်ထောင်ကျသွားတယ်။) ပထမ ဖူးမြင်ရစဉ်မှာပဲ ဘုရားရှင်ရဲ့တရားစကားကို ကြားနာရပြီး သောတာပန်ဖြစ်သွားတယ်။ သူမဟာ နောင်အခါမှာ သီဝလိကို မွေးဖွားတယ်။

သူမဟာ တစ်ချိန်မှာ ဘုရားအမှူးရှိတဲ့ ရဟန်းအပေါင်းအား အရသာကောင်းအမျိုးမျိုးပါပြီး မွန်မြတ်တဲ့စားဖွယ်ကို လှူတယ်။ ဘုရားရှင်က ဆွမ်းကိစ္စပြီးလို့ အနုမောဒနာပြုတဲ့အခါ သုပ္ပဝါသာအား အောက်ပါတရားကို ဟောပါတယ်။

'သုပ္ပဝါသာ၊ စားဖွယ်ကိုလှူတဲ့ အရိယသာဝိကာဟာ အလှူခံပုဂ္ဂိုလ်တွေအား အသက်၊ အဆင်းလှမှု၊ ချမ်းသာ၊ အင်အား၊ ဉာဏ်ပညာဆိုတဲ့အရာ ငါးမျိုးကို လှူရာရောက်တယ်။ အဲဒီ ငါးမျိုးကို လှူပြီး လူဘဝ၊ နတ်ဘဝမှာ အဲဒီ ငါးမျိုး ပြန်ရတယ်'

http://www.dhammadownload.com



နောင်အခါမှာ ဘုရားရှင်က ဇေတဝန်ကျောင်းမှာ ထိုင်ကာ ဥပါသိကာမတွေကို ရာထူးတွေမှာ ထားတဲ့အခါ သုပ္ပဝါသာကောလိယ မင်းသမီးကို မြတ်နိုးဖွယ်ကို လှူတဲ့ ဥပါသိကာမတွေထဲမှာ အသာဆုံး နေရာမှာ ထားတော်မူတယ်။ (အံ၊ ဋ္ဌ၊ ပ၊ ၃၄၇)

သုပ္ပဝါသာဟာ ဘုရားရှင်အား သင့်လျော်လျောက်ပတ်တဲ့ ခဲဖွယ်၊ စားဖွယ်ဟူသမျှ၊ ဆေးဟူသမျှတွေကို အခြားသူတွေ စီစဉ်စရာ မလိုရအောင် ကိုယ်တိုင်ပဲ သူမရဲ့ပညာနဲ့ စူးစမ်းကာ ရိုရိုသေသေပြီးစီးစေပြီး ဆက်ကပ်တယ်။ နေ့တိုင်းလည်း ၁၀၈ မျိုးသော သံဃာအားလုံးအတွက် ဆွမ်း၊ ပုဂ္ဂိုလ်အသီးသီးအတွက် ဆွမ်းတွေကို လှူတယ်။ ရဟန်း၊ ရဟန်းမမှန်သမျှ သူမရဲ့အိမ်ကို ဆွမ်းခံဝင်လာရင် အချီးနှီးလက်ချည်း ပြန်မကြွရ၊ အဲဒီလို လွတ်လွတ်ကျွတ်ကျွတ် လှူဒါန်းတယ်။ လှူဖွယ် လှူဖို့ လက်အဆင်သင့်ဆေးကြောပြီး ဖြစ်တယ်။ စွန့်လွှတ်ရတာ ပျော်တယ်။ တောင်းရမ်းထိုက်တယ်၊ လှူဒါန်းဝေဖန်ပေးကမ်းမှုမှာ ပျော်တယ်။ (ဥဒါန၊ ဋ္ဌ၊ ၁၀၈)

သုပ္ပဝါသာနဲ့ သီဝလိတို့ရဲ့အတိတ်ကံကို ဒီလိုပြထားပါတယ်။

ရှေးအခါက ကာသိကမင်းဟာ ဗာရာဏသီပြည်မှာ မင်းလုပ်အုပ်ချုပ်တဲ့အခါ ကောသလမင်းက စစ်တပ်အင်အားကြီးမားစွာနဲ့ လာပြီး ဗာရာဏသီပြည်ကိုသိမ်းယူကာ ကာသိကမင်းကိုသတ်တယ်။ ကာသိကမင်းရဲ့ မိဖုရားခေါင်ကြီးကို သူ့ရဲ့မိဖုရားခေါင်ကြီး လုပ်လိုက်တယ်။ ဗာရာဏသီမင်းရဲ့သားက ဖခင်သေသွားတဲ့အခါ ထွက်ပြေးရာတံခါးနဲ့ ထွက်ပြေးတယ်။ သူ့ရဲ့ဆွေမျိုး၊ မိတ်ဆွေအပေါင်းအသင်းတွေကို တစ်ပေါင်းတည်းပြုလုပ်ကာ အစဉ်အတိုင်း အင်အားကို စုရုံးတယ်။ ဗာရာဏသီကိုလာပြီး အနီးမှာ ကြီးကျယ်တဲ့ တပ်စခန်း ဖွဲ့စည်းကာ အဲဒီ ကောသလမင်းထံ 'နိုင်ငံကို ပေးမှာလား၊ ဒါမှမဟုတ် စစ်တိုက်မှာ

http://www.dhammadownload.com



လား’လို့ သဝဏ်လွှာပို့လိုက်တယ်။ မင်းသားရဲ့မိခင်က သတင်းစကားကိုကြားရပြီး ‘စစ်တိုက်ခြင်းဖြင့် အလုပ်မရှိ၊ အရပ်မျက်နှာအားလုံးမှာ ဝင်ပေါက်ကို ဖြတ်တောက်ပြီး ဗာရာဏသီမြို့ကို ဝိုင်းရံပါ။ အဲဒီက နောက် ထင်း၊ ရေ၊ ထမင်းကုန်လို့ ပင်ပန်းကြတဲ့ မြို့ကလူတွေက စစ်တိုက်တာကို ရှောင်လွှဲပြီးသာ မင်းကိုဖမ်းပြီး ပေးကြလိမ့်မယ်’လို့ သဝဏ်လွှာကို ပို့လိုက်တယ်။ မင်းသားက အမိထံက သတင်းစကားကို ကြားရပြီး တံခါးကြီး လေးပေါက်ကို စောင့်ရှောက်လျက် ခုနစ်နှစ်ပတ်လုံး မြို့ကိုပိတ်ဆို့တယ်။ မြို့ထဲကလူတွေက တံခါးငယ်နဲ့ထွက်ပြီး ထင်း၊ ရေတွေကို သယ်ဆောင်ကြတယ်။ ကိစ္စအားလုံးကိုပြုလုပ်ကြတယ်။

အဲဒီအခါ မင်းသားရဲ့မိခင်က အဲဒီဖြစ်ပုံကိုကြားရပြီး ‘ငါ့သားမိုက်က နည်းလမ်းကို မသိ၊ သွားကြပါ၊ အဲဒီမြို့ရဲ့တံခါးငယ်တွေကို ပိတ်ကာ မြို့ကိုပိတ်ဆို့ပါလို့ ပြောကြပါ’လို့ သားထံ လျှို့ဝှက်သတင်းကို ပို့တယ်။ မင်းသားက မိခင်ထံက သတင်းစကားကိုကြားရပြီး ခုနစ်ရက်ပတ်လုံး အဲဒီအတိုင်းလုပ်တယ်။ မြို့သူမြို့သားတွေက အပြင်ကိုထွက်ခွင့်မရကြလို့ ခုနစ်ရက်မြောက်မှာ အဲဒီကောသလမင်းရဲ့ဦးခေါင်းကိုယူကာ အဲဒီမင်းသားအား ပေးကြတယ်။ မင်းသားက မြို့ကိုဝင်ပြီး မင်းအဖြစ်ကို ယူတယ်။ မင်းသားဟာ အဲဒီအချိန်ကစပြီး ခုနစ်နှစ်ပတ်လုံး မြို့ကို ပိတ်ဆို့ခဲ့တဲ့ ကံရဲ့အကျိုးဆက်ကြောင့် အခုအခါမှာ ခုနစ်နှစ်ပတ်လုံး အမိဝမ်းတိုက်ဆိုတဲ့ သွေးအိုးမှာ နေခဲ့ရတယ်။ အကြွင်းအကျန်အရ ခုနစ်ရက်ပတ်လုံး မြို့ကိုပိတ်ဆို့ခဲ့လို့ ခုနစ်ရက်ပတ်လုံး တွေဝေတဲ့ ကိုယ်ဝန်အဖြစ်ကို ရောက်ရတယ်။ ဇာတ်အဋ္ဌကထာမှာတော့ ‘ခုနစ်ရက်ပတ်လုံး မြို့ကိုပိတ်ဆို့ပြီး ယူခဲ့တဲ့ကံရဲ့အကျိုးဆက်ကြောင့် ခုနစ်နှစ်ပတ်လုံး သွေးအိုးမှာနေရကာ ခုနစ်ရက်ပတ်လုံး တွေဝေတဲ့ကိုယ်ဝန်အဖြစ်ကို ရောက်ရတယ်’လို့ ဆိုထားပါတယ်။ (ဥဒါန၊ ဋ္ဌ၊ ၁၀၉)

http://www.dhammadownload.com



တစ်ချိန်မှာ ဘုရားရှင်ဟာ ကုဏ္ဍိကာမည်တဲ့ ကောလိယမြို့အနီးက ကုဏ္ဍဓာနမည်တဲ့တောမှာ သီတင်းသုံးတယ်။ အဲဒီအခါမှာ သုပ္ပဝါသာ ကောလိယမင်းသမီးဟာ ခုနစ်နှစ်ပတ်လုံး ကိုယ်ဝန်ကို ဆောင်ထားရတယ်။ ခုနစ်ရက်ပတ်လုံး တွေဝေတဲ့ကိုယ်ဝန်ရှိတယ်။ (ကမ္မဇလေတွေ တပြောင်းပြန်ပြန် မွှေနှောက်လို့ ချာချာလည်နေရတယ်။ အင်္ဂါအဝမှာ ပိတ်ဆို့ကာ ကန့်လန့်နေရတယ်။) သုပ္ပဝါသာဟာ ထက်မြက်၊ ကြမ်းတမ်း၊ ခါးစပ်တဲ့ ဆင်းရဲဝေဒနာတွေကို ခံစားရတဲ့အခါ ဒီအကြံ သုံးမျိုးနဲ့ သည်းခံရတယ်။

၁။ ဒီလိုဆင်းရဲကို ပယ်ရှားဖို့ တရားကိုဟောတဲ့ ဘုရားရှင်ဟာ သိစရာမှန်သမျှကို မှန်ကန်စွာ ကိုယ်တော်တိုင် သိတော်မူပါပေစွ။

၂။ ဒီလိုဆင်းရဲကို ပယ်ရှ- ဖို့ ကျင့်တဲ့ ဘုရားတပည့်အပေါင်းဟာ ကောင်းစွာကျင့်တော်မူပါပေစွ။

၃။ ဒီလိုဆင်းရဲမရှိရာ နိဗ္ဗာန်ဟာ အလွန်ချမ်းသာပါပေစွ။

အဲဒီအခါ သုပ္ပဝါသာက ခင်ပွန်းကို ခေါ်ပြောတယ်။

'အရှင့်သား၊ သင်ဟာ လာပါ။ ဘုရားရှင်ထံ ချဉ်းကပ်ပြီး ကျွန်မရဲ့စကားနဲ့ ဘုရားရှင်ရဲ့ခြေတော်တွေကို ဦးခေါင်းနဲ့ ရှိခိုးလိုက်ပါ။ ရောဂါကြီးငယ် ရှိ မရှိ၊ ပေါ့ပေါ့ပါးပါး ထရမှု၊ ခန္ဓာကိုယ်အင်အား ဣရိယာပုထ် ၄ ပါးမှာ ချမ်းချမ်းသာသာ နေရမှုတွေကို မေးလိုက်ပါ။ မြတ်စွာဘုရား၊ သုပ္ပဝါသာက ဘုရားရှင်ရဲ့ခြေတော်တွေကို ဦးခေါင်းနဲ့ ရှိခိုးလိုက်ပါတယ်။ ရောဂါကြီးငယ် မရှိဘဲ ပေါ့ပေါ့ပါးပါး ထရမှု၊ ခန္ဓာကိုယ်အင်အား၊ ချမ်းသာစွာနေရမှုတွေကို မေးလိုက်ပါတယ်'လို့ လျှောက်ပါ။ ပြီးတော့ ဒီလိုလည်း လျှောက်လိုက်ပါဦး'

'မြတ်စွာဘုရား၊ သုပ္ပဝါသာဟာ ခုနစ်နှစ်ပတ်လုံး ကိုယ်ဝန်ကို ဆောင်ထားရပါတယ်။ ခုနစ်ရက်ပတ်လုံး တွေဝေတဲ့ကိုယ်ဝန်ရှိပါတယ်။

http://www.dhammadownload.com



သုပ္ပဝါသာဟာ ထက်မြက်၊ ကြမ်းတမ်း၊ ခါးစပ်တဲ့ဆင်းရဲဝေဒနာတွေကို ခံစားရတဲ့အခါ ဒီအကြံ သုံးမျိုးနဲ့ သည်းခံရပါတယ်။

၁။ ဒီလိုဆင်းရဲကို ပယ်ရှားဖို့ တရားကိုဟောတဲ့ ဘုရားရှင်ဟာ သိစရာမှန်သမျှကို မှန်ကန်စွာ ကိုယ်တော်တိုင် သိတော်မူပါပေစွ။

၂။ ဒီလိုဆင်းရဲကို ပယ်ရှားဖို့ ကျင့်တဲ့ ဘုရားတပည့်အပေါင်းဟာ ကောင်းစွာကျင့်တော်မူပါပေစွ။

၃။ ဒီလိုဆင်းရဲမရှိရာ နိဗ္ဗာန်ဟာ အလွန်ချမ်းသာပါပေစွ။

အဲဒီကောလိယမင်းသား (ခင်ပွန်းဖြစ်သူ) က ကောင်းပြီလို့ ဝန်ခံကာ သုပ္ပဝါသာပြောတဲ့အတိုင်း အကုန်လုပ်ပါတယ်။ 'သုပ္ပဝါသာ ကောလိယမင်းသမီးဟာ ချမ်းသာပါစေ၊ ရောဂါကင်းပါစေ၊ ရောဂါကင်းတဲ့ သားကို မွေးဖွားပါစေ'လို့ ဘုရားရှင်က မိန့်တော်မူလိုက်တာနဲ့ တစ်ပြိုင်နက်ပဲ သုပ္ပဝါသာဟာ ချမ်းသာ၊ ရောဂါကင်းတဲ့သားကို မွေးဖွားပါတယ်။ 'အဲဒီအတိုင်း မှန်ပါဘုရား'လို့ အဲဒီကောလိယမင်းသားက ဘုရားရှင်ရဲ့စကားကို နှစ်သက်ဝမ်းမြောက်ကာ ဘုရားရှင်ကို ရှိခိုး အရိုအသေပြုပြီး မိမိအိမ်ကိုသွားတယ်။ ကောလိယမင်းသားက သုပ္ပဝါသာ ချမ်းသာပြီး ရောဂါကင်းနေတာကိုရော၊ ရောဂါကင်းတဲ့သားလေး မွေးဖွားတာကိုပါ မြင်သွားပြီး ဒီလိုကြံတယ်။

'အမောင်တို့၊ အံ့ဩဖွယ်ကောင်းပါပေစွ။ မဖြစ်စဖူး ထူးဆန်းပါပေစွ။ ဘုရားရှင်ဟာ တန်ခိုးအာနုဘော် ကြီးပါပေတယ်။ ဒီသုပ္ပဝါသာ ကောလိယမင်းသမီးဟာ ဘုရားရှင်ရဲ့စကားတော်နဲ့ တစ်ပြိုင်နက်ပဲ ချမ်းသာ၊ ရောဂါကင်းပြီး ရောဂါကင်းတဲ့သားကို မွေးဖွားပါပေတယ်'

ကောလိယမင်းသားဟာ နှစ်သက်ဝမ်းမြောက်ကြည်နူးနေပါတယ်။ အဲဒီအခါ သုပ္ပဝါသာကောလိယမင်းသမီးက ခင်ပွန်းကို အောက်ပါအတိုင်း ပြောပါတယ်။

http://www.dhammadownload.com



'အရှင့်သား၊ သင်ဟာ လာပါ၊ ဘုရားရှင်ရှိရာကိုသွားပြီး ကျွန်မရဲ့စကားနဲ့ ဘုရားရှင်ရဲ့ခြေတော်တွေကို 'မြတ်စွာဘုရား၊ သုပ္ပဝါသာ ကောလိယမင်းသမီးက ဘုရားရှင်ရဲ့ခြေတော်တွေကို ဦးခေါင်းနဲ့ ရှိခိုးပါတယ်'လို့ လျှောက်ကာ ဦးခေါင်းနဲ့ ရှိခိုးလိုက်ပါ။ ဒီလိုလည်း လျှောက်လိုက်ပါဦး'

'မြတ်စွာဘုရား၊ သုပ္ပဝါသာ ကောလိယမင်းသမီးဟာ ခုနစ်နှစ်ပတ်လုံး ကိုယ်ဝန်ကို ဆောင်ပါတယ်။ ခုနစ်ရက်ပတ်လုံး တွေဝေတဲ့ ကိုယ်ဝန်ရှိပါတယ်။ သူမဟာ အခု ချမ်းသာရောဂါကင်းပြီး ရောဂါကင်းတဲ့ သားကို မွေးဖွားပြီးပါပြီ။ သူမက ခုနစ်ရက်ပတ်လုံး ဘုရားအမှူးရှိတဲ့ ရဟန်းအပေါင်းကို 'မြတ်စွာဘုရား၊ ဘုရားရှင်ဟာ သုပ္ပဝါသာကောလိယမင်းသမီးရဲ့ ဆွမ်းခုနစ်ထပ်ကို ရဟန်းအပေါင်းနဲ့အတူ လက်ခံတော်မူပါ' လို့ ဆွမ်းနဲ့ပင့်ဖိတ်လိုက်ပါတယ်ဘုရား'

အဲဒီကောလိယမင်းသားက ကောင်းပါပြီလို့ ပြောပြီး သုပ္ပဝါသာ ပြောတဲ့အတိုင်းလုပ်တယ်။ အဲဒီအခါ ဥပါသကာတစ်ဦးက ဘုရားအမှူးရှိတဲ့ ရဟန်းအပေါင်းကို နက်ဖြန်ခါအတွက် ဆွမ်းနဲ့ပင့်ဖိတ်ထားတယ်။ အဲဒီဥပါသကာကလည်း အရှင်မဟာမောဂ္ဂလ္လာန်ရဲ့ အလုပ်အကျွေး ဥပါသကာ ဖြစ်တယ်။ ဘုရားရှင်က အရှင်မဟာမောဂ္ဂလ္လာန်ကိုခေါ်ပြီး ပြောတယ်။

'မောဂ္ဂလ္လာန် လာပါ။ သင်ဟာ အဲဒီဥပါသကာထံ ချဉ်းကပ်ပြီး အဲဒီဥပါသကာကို ဒီလိုပြောလိုက်ပါ။ 'ဒကာ၊ သုပ္ပဝါသာကောလိယမင်းသမီးဟာ ခုနစ်နှစ်ပတ်လုံး ကိုယ်ဝန်ဆောင်ခဲ့တယ်။ ခုနစ်ရက်ပတ်လုံး တွေဝေတဲ့ကိုယ်ဝန်ရှိတယ်။ သူမက အခု ချမ်းသာ ရောဂါကင်းပြီး ရောဂါကင်းတဲ့သားကို မွေးဖွားပြီးပါပြီ။ သူမက ခုနစ်ရက်ပတ်လုံး ဘုရားအမှူးရှိတဲ့ ရဟန်းအပေါင်းကို ဆွမ်းနဲ့ပင့်ဖိတ်ပါတယ်။ သုပ္ပဝါသာဟာ ဆွမ်းခုနစ်ထပ် ကပ်ပါစေ၊ သင်က နောက်မှပြုလိမ့်မယ်'လို့ ပြောပါ။ အဲဒီဥပါသကာက သင့်ရဲ့အလုပ်အကျွေး ဥပါသကာပဲ'

http://www.dhammadownload.com



'မှန်ပါဘုရား'လို့ လျှောက်ကာ အရှင်မဟာမောဂ္ဂလ္လာန်ဟာ အဲဒီအတိုင်း ပြောပါတယ်။ အဲဒီဥပါသကာက ဒီလိုလျှောက်ပါတယ်။

'အရှင်ဘုရား၊ အရှင်မဟာမောဂ္ဂလ္လာန်က တပည့်တော်ရဲ့ စည်းစိမ်ဥစ္စာတွေ၊ အသက်၊ သဒ္ဓါဆိုတဲ့ သုံးမျိုးကို မပျက်စီးဖို့ အာမခံမယ်ဆိုရင် သုပ္ပဝါသာဟာ ဆွမ်းခုနစ်ထပ် ကပ်ပါစေ၊ တပည့်တော်က နောက်မှ ကပ်ပါမယ်'

'ဒကာ ငါက သင့်ရဲ့စည်းစိမ်ဥစ္စာနဲ့ အသက်ကိုပဲ မပျက်စီးဖို့ အာမခံတယ်။ သဒ္ဓါကိုတော့ သင်ပဲ အာမခံရမယ်'

'အရှင်ဘုရား၊ အရှင်မဟာမောဂ္ဂလ္လာန်က တပည့်တော်ရဲ့စည်းစိမ်နဲ့အသက်ကို အာမခံရင် သုပ္ပဝါသာဟာ ဆွမ်းခုနစ်ထပ် ကပ်ပါစေ။ နောက်မှ တပည့်တော် ကပ်ပါမယ်'

အရှင်မဟာမောဂ္ဂလ္လာန်ဟာ အဲဒီဥပါသကာကို နားလည်အောင် ပြောပြပြီး ဘုရားရှင်ထံသွားပြီး ဘုရားရှင်ကို ဒီလိုလျှောက်ပါတယ်။

'မြတ်စွာဘုရား၊ အဲဒီဥပါသကာကို နားလည်အောင် ပြောပြပြီးပါပြီ။ သုပ္ပဝါသာဟာ ဆွမ်းခုနစ်ထပ် ကပ်ပါစေ။ နောက်မှ အဲဒီဥပါသကာ ကပ်ပါလိမ့်မယ်'

အဲဒီအခါ သုပ္ပဝါသာဟာ ခုနစ်ရက်ပတ်လုံး ဘုရားအမှူးရှိတဲ့ ရဟန်းအပေါင်းကို မွန်မြတ်တဲ့ခဲဖွယ်၊ စားဖွယ်နဲ့ ကိုယ်တိုင်ကောင်းစွာ ရောင့်ရဲစေပါတယ်။ တော်ပြီလို့ ပယ်မြစ်စေပါတယ်။ အဲဒီကလေးကိုလည်း ဘုရားရှင်ကိုရော၊ ရဟန်းအားလုံးကို ရှိခိုးခိုင်းပါတယ်။

အဲဒီအခါ အရှင်သာရိပုတ္တရာက အဲဒီကလေးကို မေးပါတယ်။

'ကလေး၊ ဘယ်လိုလဲ။ သင့်မှာ ခန့်ကျန်းရဲ့လား၊ မျှတရဲ့လား၊ ဒုက္ခတစ်စုံတစ်ရာ မဖြစ်ပါသလား'

'အရှင်ဘုရား သာရိပုတ္တရာ၊ တပည့်တော်မှာ ဘယ်မှာခန့်ကျန်းပါ့မလဲ၊ မျှတပါ့မလဲ။ တပည့်တော်ဟာ ခုနစ်နှစ်တို့ပတ်လုံး သွေးအိုးထဲမှာ နေခဲ့ရပါတယ်'

http://www.dhammadownload.com



အဲဒီအခါ သုပ္ပဝါသာက 'ငါ့သားဟာ အရှင်သာရိပုတ္တရာနဲ့ အတူ တိုင်ပင်ပြောဆိုနေတယ်'လို့ တွေးကာ ကျေနပ်ဝမ်းမြောက် ရွှင်ပျနေပါတယ်။ အဲဒီအခြေအနေကို ဘုရားရှင်က သိပြီး သုပ္ပဝါသာကို မေးပါတယ်။

'သုပ္ပဝါသာ၊ သင်ဟာ အခြားဒီလိုသားကိုလည်း အလိုရှိပါ သလား'

'မြတ်စွာဘုရား၊ တပည့်တော်ဟာ အခြားဒီလို သားခုနစ်ယောက် ကိုလည်း အလိုရှိပါတယ်'

အဲဒီအခါ ဘုရားရှင်က အဲဒီအကြောင်းကိုသိပြီး အောက်ပါ ဥဒါန်းစကားကို ကျူးရင့်ပါတယ်။

'သတိကင်းပေါ့ မေ့လျော့သူကို သာယာဖွယ်မဟုတ်တာက သာယာဖွယ်ဟန်ဆောင်ပြီး၊ ချစ်ဖွယ်မဟုတ်တာက ချစ်ဖွယ်ဟန်ဆောင် ပြီး၊ ဆင်းရဲက ချမ်းသာယောင်ဆောင်ပြီး လွှမ်းမိုးပါတယ်။'

(ဥဒါန၊ ပါဠိ၊ ၉၃)

ဓမ္မပဒဋ္ဌကထာမှာတော့ သီဝလိလောင်းလျာဖြစ်တဲ့ ဗာရာဏသီ မင်းဟာ အသိမ်းပိုက်ခံမြို့ရဲ့ တံခါးကြီးလေးခုကို စောင့်ရှောက်ရင်း ခုနစ်နှစ်နဲ့ ခုနစ်လပတ်လုံး မြို့ကို ပိတ်ဆို့တယ်လို့ ဆိုပါတယ်။ မိခင်သုပ္ပဝါသာရဲ့ ဝမ်းဗိုက်ထဲမှာလည်း ခုနစ်နှစ်နဲ့ ခုနစ်လပတ်လုံး နေရတယ် လို့ ဆိုပါတယ်။

(ဓမ္မပဒ၊ ဋ္ဌ၊ ပ၊ ၄၀၂)

http://www.dhammadownload.com

# သုပ္ပိယာ

သုပ္ပိယာဟာ ပဒုမုတ္တရဘုရားရှင်လက်ထက်မှာ ဟံသာဝတီမြို့က အမျိုးကောင်းအိမ်မှာ ဖြစ်တယ်။ နောင်အခါမှာ ဘုရားရှင်ရဲ့တရားဒေသနာကို ကြားနာရတဲ့အခါ ဥပါသိကာမတစ်ဦးကို ဂိလာန (မကျန်းမာသူ) ကို ပြုစုတဲ့ ဥပါသိကာမတွေထဲမှာ အသာဆုံးအရာမှာထားတဲ့ ဘုရားရှင်ကို ဖူးတွေ့ရပြီး ကောင်းမှုပြုကာ အဲဒီရာထူးကို ဆုတောင်းတယ်။ သုပ္ပိယာ ကမ္ဘာတစ်သိန်းကာလပတ်လုံး နတ်လူဘဝတွေမှာ ကျင်လည်ပြီး ဒီဂေါတမဘုရားရှင် ပွင့်တဲ့အခါ ဗာရာဏသီမြို့က အမျိုးကောင်းအိမ်မှာ ဖြစ်တယ်။ သုပ္ပိယာလို့ နာမည်မှည့်ကြတယ်။ နောင်အခါမှာ ဘုရားရှင်က ရဟန်းအပေါင်းခြံရံပြီး ဗာရာဏသီပြည်ကို သွားတယ်။ သုပ္ပိယာဟာ ဘုရားရှင်ကို ပထမဆုံး ဖူးမြင်ရတဲ့အခါမှာပဲ တရားကို နာကာ သောတာပန်ဖြစ်တယ်။ တစ်နေ့မှာ တရားနာဖို့ ကျောင်းကို သွားတဲ့အခါ ကျောင်းစဉ်လှည့်လည်တယ်။ မကျန်းမာတဲ့ ရဟန်းတစ်ပါးကို မြင်တွေ့ရပြီး ရှိခိုးကာ နှုတ်ဆက်စကားပြောပြီး မေးတယ်။

'အရှင်ဘုရားဟာ ဘာကိုရဖို့ သင့်ပါသလဲ'

'ဒကာမကြီး၊ အရသာကို ရဖို့သင့်ပါတယ်'

'အရှင်ဘုရား၊ ရှိပါစေ၊ တပည့်တော် ပို့လိုက်ပါမယ်'

သုပ္ပိယာဟာ မထေရ်ကို ရှိခိုးပြီး မြို့တွင်းကိုသွားကာ နောက်နေ့မှာ အလိုလိုဖြစ်တဲ့ အသားအကျိုးငှာ ကျွန်မကို ဈေးတွင်းလွှတ်လိုက်တယ်။ ကျွန်မဟာ တစ်မြို့လုံးမှာ အလိုလိုဖြစ်တဲ့အသားကို မရလို့ မရတဲ့အကြောင်း ပြောပြတယ်။ ဥပါသိကာသုပ္ပိယာက ဒီလိုကြံတယ်။

http://www.dhammadownload.com



'ငါဟာ အရှင်မြတ်ထံ အရသာပို့လိုက်ပါမယ်လို့ ပြောပြီး မပို့ရင် အရှင်မြတ်ဟာ အခြားသူထံမှလည်း မရလို့ ပင်ပန်းလိမ့်မယ်။ အားလုံးကို ပြုလုပ်ပြီး ပို့သင့်တယ်'

အဲဒီလိုကြံပြီး တိုက်ခန်းထဲဝင်ကာ ပေါင်သားကို ဖြတ်တယ်။ 'ဒီအသားကိုယူပြီး အဆာတွေနဲ့ရောစပ်ကာ အရသာပြုလုပ်ပြီး ကျောင်းကိုဆောင်ကာ အရှင်မြတ်အား လှူလိုက်ပါ။ အရှင်မြတ်က ငါ့ကို မေးရင် မကျန်းမာဖြစ်နေတယ်လို့ ပြောလိုက်ပါ။ ကျွန်မက အဲဒီအတိုင်း ပြုလုပ်တယ်။ ဘုရားရှင်က အဲဒီအကြောင်းကို သိပြီး နောက်နေ့ ဆွမ်းခံချိန်မှာ ရဟန်းအပေါင်းခြံရံလျက် ဥပါသိကာမရဲ့အိမ်ကို ကြွသွားတယ်။ သုပ္ပိယာက ဘုရားရှင်ကြွလာကြောင်းကို ကြားရပြီး ခင်ပွန်းကို ပြောတယ်။

'အရှင့်သား၊ ကျွန်မဟာ ဘုရားရှင်ထံသွားဖို့ မစွမ်းနိုင်ပါ။ သင် သွားပါ။ ဘုရားရှင်ကို အိမ်တွင်းဝင်စေပြီး ထိုင်စေပါ'

ခင်ပွန်းက အဲဒီအတိုင်းပြုလုပ်တယ်။ ဘုရားရှင်က မေးတယ်။

'သုပ္ပိယာ ဘယ်မှာလဲ'

'မကျန်းမမာ ဖြစ်နေပါတယ် ဘုရား'

'သုပ္ပိယာကို ခေါ်ကြပါ'

အဲဒီအခါ အဲဒီလူတွေက သွားပြီး 'ဘုရားရှင်က သင့်ကိုခေါ်တယ်'လို့ ပြောကြတယ်။ သုပ္ပိယာက ဒီလိုကြံတယ်။

'တစ်လောကလုံးရဲ့ အကျိုးစီးပွားကို လိုလားကာ သနားတော်မူတဲ့ဘုရားရှင်က ဒီအကြောင်းကို မမြင်ဘဲ ခေါ်ခိုင်းမှာမဟုတ်'

အဲဒီလိုတွေးကာ အဆောတလျင် ညောင်စောင်းမှ ထတယ်။ အဲဒီအခါ သူမရဲ့အနာဟာ ဘုရားရှင့်အစွမ်းကြောင့် အဲဒီခဏမှာပဲ အသားနုတက်လာတယ်။ အရေကောင်းလာတယ်။ ကျန်တဲ့နေရာတွေ ထက်ပိုပြီး အရေအဆင်း ကြည်လင်လာတယ်။ အဲဒီခဏမှာ သုပ္ပိယာက

http://www.dhammadownload.com



ပြုံးကာ ဘုရားရှင်ကို တည်ခြင်းငါးပါးနဲ့ ရှိခိုးပြီး သင့်တင့်ရာအရပ်မှာ ထိုင်တယ်။ ဘုရားရှင်က မေးတယ်။

'ဒီဥပါသိကာမှာ ဘာမကျန်းမာမှု ဖြစ်နေသလဲ'

သုပ္ပိယာက သူလုပ်ခဲ့တဲ့အကြောင်း အလုံးစုံကို ပြောပြတယ်။ ဘုရားရှင်က ဆွမ်းကိစ္စပြီးလို့ ကျောင်းကိုကြွသွားတယ်။ ရဟန်းအပေါင်းကို စုဝေးခိုင်းပြီး အဲဒီရဟန်းကို နည်းအမျိုးမျိုးနဲ့ ကဲ့ရဲ့ကာ သိက္ခာပုဒ် ပညတ်တော်မူတယ်။ နောင်အခါမှာ ဘုရားရှင်က ဇေတဝန်ကျောင်းမှာ ထိုင်ရင်း ဥပါသိကာမဟွေကို ရာထူးတွေမှာထားတဲ့အခါ သုပ္ပိယာ ဥပါသိကာမကို ဂိလာနပြုစုတဲ့ဥပါသိကာမတွေထဲမှာ အသာဆုံးအရာမှာ ထားပါတယ်။ (အံ၊ ဋ္ဌ၊ ပ၊ ၃၄၈)

ဘုရားရှင်ဟာ ရာဇဂြိုဟ်မြို့မှာ အလိုရှိသလောက် သီတင်းသုံးပြီး ဗာရာဏသီပြည်ရှိရာကို ခရီးလှည့်လည်ပါတယ်။ အစဉ်အတိုင်း ခရီးလှည့်လည်တဲ့အခါ ဗာရာဏသီကို ရောက်သွားတယ်။ ဘုရားရှင်ဟာ ဗာရာဏသီမြို့အနီးက ဣသိပတန မိဂဒါဝုန်တောမှာ သီတင်းသုံးပါတယ်။ ဗာရာဏသီက သုပ္ပိယဥပါသကာကရော၊ သုပ္ပိယာဥပါသိကာမကပါ နှစ်ယောက်လုံးက သာသနာတော်မှာ ကြည်ညိုကြတယ်။ လှူကြတယ်။ သံဃာအတွက် ပြုစုလုပ်ကျွေးကြတယ်။ အဲဒီအခါ သုပ္ပိယာ ဥပါသိကာမက ကျောင်းတိုက်ကိုသွားပြီး ကျောင်းဆောင်တစ်ခုမှ ကျောင်းဆောင်တစ်ခုသို့၊ ပရိဝုဏ်တစ်ခုမှ ပရိဝုဏ်တစ်ခုသို့ ချဉ်းကပ်ကာ ရဟန်းတွေကို မေးပါတယ်။

'အရှင်ဘုရားတို့၊ ဘယ်သူ မကျန်းမာပါသလဲ။ ဘယ်သူ့အတွက် ဘာကို ဆောင်ပေးရပါ့မလဲ'

အဲဒီအခါမှာ ရဟန်းတစ်ပါးက ဝမ်းလျှောဆေးကို သောက်ထားတယ်။ အဲဒီရဟန်းက သုပ္ပိယာကို ဒီလိုပြောတယ်။

http://www.dhammadownload.com



'နှမ၊ ငါဟာ ဝမ်းလျှောဆေးကို သောက်ထားပါတယ်။ စွတ်ပြုတ်ရည် အလိုရှိပါတယ်'

'အရှင်ဘုရား၊ ကောင်းစွာ သယ်ဆောင်ခဲ့ပါမယ်'

အဲဒီလိုလျှောက်ပြီး အိမ်ကိုသွားကာ အနီးနေတပည့်ယောကျ်ားကို 'အမောင်၊ သွားပါ။ အလိုလိုဖြစ်တဲ့ အသားကို သိပါ'လို့ စေခိုင်းလိုက်တယ်။ 'ဟုတ်ကဲ့ပါ အရှင်မ'လို့ ပြောကာ အဲဒီယောကျ်ားဟာ ဗာရာဏသီတစ်မြို့လုံးကို လှည့်လည်ရာ အလိုလိုဖြစ်တဲ့အသားကို မမြင်တွေ့ရပါ။ အဲဒီယောကျ်ားက သုပ္ပိယာထံ ချဉ်းကပ်ပြီး သုပ္ပိယာကို 'အရှင်မ၊ အလိုလိုဖြစ်တဲ့အသား မရှိပါ။ ဒီနေ့က ဘယ်သူမှ ဘာသတ္တဝါမှကိုမျှ မသတ်ရလို့ ကြွေးကြော်ထားတဲ့နေ့ ဖြစ်ပါတယ်'လို့ပြောတယ်။ အဲဒီအခါ သုပ္ပိယာမှာ ဒီလိုအကြံဖြစ်တယ်။

'အဲဒီမကျန်းမာတဲ့ ရဟန်းမှာ စွတ်ပြုတ်ရည်ကို မရရင်ရင် ရောဂါရင်လည်း တိုးလိမ့်မယ်။ သေရင်လည်း သေလိမ့်မယ်။ ငါဟာ ဝန်ခံပြီး ပို့မပေးရင် မသင့်တော်ပါ'

အသားလှီးဓားကို ယူပြီး ပေါင်သားကိုဖြတ်ကာ 'ကျွန်မ၊ အခု ဒီအသားကို ပြင်ဆင်ချက်ပြုတ်ပြီး ဒီအမည်ရှိကျောင်းက မကျန်းမာတဲ့ ရဟန်းအား ပေးလိုက်ပါ။ ငါ့ကိုမေးရင်လည်း မကျန်းမမာဖြစ်နေတယ်လို့ လျှောက်လိုက်ပါ'လို့ ပြောကာ ကျွန်မအား ပေးလိုက်ပါတယ်။ အပေါ်ရုံအဝတ်နဲ့ ပေါင်ကိုရစ်ပတ်ပြီး တိုက်ခန်းထဲဝင်ကာ ညောင်စောင်းပေါ် လဲလျောင်းနေတယ်။ အဲဒီအခါ သုပ္ပိယာဥပါသကာက အိမ်ကိုသွားပြီး ကျွန်မကို မေးတယ်။

'ဘယ်မှာလဲ သုပ္ပိယာ'

'အို အရှင်၊ သူမဟာ တိုက်ခန်းထဲမှာ လဲလျောင်းနေပါတယ်'

အဲဒီအခါ သုပ္ပိယာဥပါသကာက သုပ္ပိယာဥပါသိကာမထံ သွားပြီး မေးတယ်။

http://www.dhammadownload.com



'သင်က ဘာကြောင့်လဲလျှောင်းနေတာလဲ'

'ကျွန်မက မကျန်းမမာ ဖြစ်နေပါတယ်'

'သင့်မှာ ဘာအနာရောဂါ ရှိလဲ'

အဲဒီအခါ သုပ္ပိယာဥပါသိကာမက သုပ္ပိယာဥပါသကာအား အဲဒီအကြောင်းကို ပြောပြတယ်။ သုပ္ပိယာဥပါသကာက 'အမောင်တို့၊ အံ့သြဖွယ်ကောင်းပါပေစွ။ မဖြစ်စဖူး ထူးဆန်းပါပေစွ။ ဒီသုပ္ပိယာဟာ အလွန်ပဲ သဒ္ဓါရှိပါပေတယ်။ သာသနာမှာ ကြည်ညိုပါပေတယ်။ ကိုယ့်အသားတွေကိုတောင် စွန့်လွှတ်နိုင်သေးတယ်။ သူ့မှာ အခြားမလှူနိုင်တဲ့ပစ္စည်းဆိုတာ ရှိမှာမဟုတ်'လို့ တွေးကာ ဝမ်းသာရွှင်ပျ တက်ကြွပြီး ဘုရားရှင်ထံသွားတယ်။ ရှိခိုးပြီး သင့်တင့်ရာအရပ်မှာ ထိုင်ကာ ဘုရားရှင်ကို လျှောက်တယ်။

'မြတ်စွာဘုရား၊ မြတ်စွာဘုရားဟာ နက်ဖြန်မှာဖြစ်မယ့် ကောင်းမှုအတွက် တပည့်တော်ရဲ့ဆွမ်းကို ရဟန်းသံဃာနဲ့အတူ ခံယူတော်မူပါ'

ဘုရားရှင်က ဆိတ်ဆိတ်နေပြီး လက်ခံတော်မူပါတယ်။ သုပ္ပိယာဥပါသကာက ဘုရားရှင်လက်ခံတာကို သိပြီး နေရာမှထကာ ဘုရားရှင်ကို ရှိခိုးအရိုအသေပြုပြီး ဖဲသွားတယ်။ သုပ္ပိယာဥပါသကာက အဲဒီည ကုန်လွန်တဲ့အခါ မွန်မြတ်တဲ့ခဲဖွယ် စားဖွယ်ကို စီစဉ်ခိုင်းပြီး 'မြတ်စွာဘုရား၊ ဆွမ်းဘုဉ်းပေးကြွဖို့ အချိန်တန်ပါပြီ။ ဆွမ်းပြီးစီးပါပြီ'လို့ ဘုရားရှင်အား အချိန်လျှောက်ခိုင်းပါတယ်။ ဘုရားရှင်က နံနက်ပိုင်းမှာ သင်းပိုင်ကို ပြင်ဝတ်ပြီး သပိတ်၊ သင်္ကန်းကိုယူကာ သုပ္ပိယာဥပါသကာရဲ့အိမ်ကိုသွားပြီး ခင်းထားတဲ့နေရာမှာ ရဟန်းသံဃာနဲ့အတူ ထိုင်ပါတယ်။ သုပ္ပိယာဥပါသကာက ဘုရားရှင်ထံချဉ်းကပ်ပြီး ရှိခိုးကာ သင့်တင့်ရာအရပ်မှာ ထိုင်ပါတယ်။ ဘုရားရှင်က သုပ္ပိယာဥပါသကာကို မေးပါတယ်။

'သုပ္ပိယာ ဘယ်မှာလဲ'

http://www.dhammadownload.com



'မကျန်းမမာဖြစ်နေပါတယ် ဘုရား'
'ဒီလိုဆိုရင် လာပါ'
'မြတ်စွာဘုရား၊ မလာနိုင်ပါဘုရား'
'ဒီလိုဆိုရင် ပွေ့ပိုက်ပြီး သယ်ဆောင်ခဲ့ကြပါ'

သုပ္ပိယာဉပါသကာက သုပ္ပိယာဉပါသိကာမကို ပွေ့ပိုက်ပြီး သယ်ဆောင်လာတယ်။ သုပ္ပိယာဉပါသိကာမမှာ ဘုရားရှင်ကို ဖူးတွေ့ရလျှင် ဖူးတွေ့ရခြင်းပဲ အဲဒီလောက်ကြီးတဲ့အနာက အသားနုတက်လာတယ်။ အရေကောင်းလာတယ်။ အမွေးပေါက်လာတယ်။ သုပ္ပိယာဉပါသကာရော၊ သုပ္ပိယာဉပါသိကာမပါ 'အမောင်တို့၊ အံ့ဩဖွယ်ကောင်းပါပေစွ။ မဖြစ်စဖူး ထူးဆန်းပါပေစွ။ ဘုရားရှင်ဟာ တန်ခိုးအာနုဘော် ကြီးပါပေတယ်။ ဘုရားရှင်ကို ဖူးတွေ့လိုက်ရတာနဲ့ တစ်ပြိုင်နက် အဲဒီလောက်ကြီးတဲ့အနာဟာ အသားနုတက်လာပါပေတယ်။ အရေကောင်းလာပါပေတယ်။ အမွေးပေါက်လာပါပေတယ်'

အဲဒီလိုပြောကာ ဝမ်းသာရွှင်ပျတက်ကြွပြီး ဘုရားအမှူးရှိတဲ့ ရဟန်းအပေါင်းကို မွန်မြတ်တဲ့ခဲဖွယ်၊ စားဖွယ်နဲ့ ကိုယ်တိုင်ကိုယ်ကျ ကောင်းစွာ ရောင့်ရဲစေပါတယ်။ တော်ပြီလို့ ကောင်းစွာပယ်မြစ်စေပါတယ်။ ဘုရားရှင် ဆွမ်းဘုဉ်းပေးပြီး သပိတ်မှ လက်ဖယ်လိုက်တဲ့အခါ သင့်တင့်ရာအရပ်မှာ နှစ်ယောက်လုံး ထိုင်ကြတယ်။ ဘုရားရှင်က တရားစကားနဲ့ ကောင်းစွာ ပစ္စုပ္ပန်၊ သံသရာအကျိုးကို ပြပါတယ်။ ကုသိုလ်တရားတွေမှာ ဆောက်တည်စေပါတယ်။ ကုသိုလ်တရားတွေမှာ စိတ်ထက်သန်စေပါတယ်။ ရွှင်လန်းစေပါတယ်။ ပြီးတော့ နေရာမှ ထကာ ဖဲသွားပါတယ်။

(ဝိနည်း၊ မဟာဝါ၊ ၃၁၀)

http://www.dhammadownload.com

# ကာတိယာနီ

ကာတိယာနီဟာ ပဒုမုတ္တရဘုရားလက်ထက်က ဟံသာဝတီမြို့ရှိ အမျိုးကောင်းအိမ်မှာ ဖြစ်တယ်။ ဥပါသိကာမတစ်ဦးကို ဉာဏ်နဲ့သက်ဝင်ယုံကြည်တဲ့ ဥပါသိကာမတွေမှာ အသာဆုံးအရာမှာထားတဲ့ ဘုရားရှင်ကို မြင်ရပြီး ကောင်းမှုပြုလုပ်ကာ အဲဒီရာထူးကို တောင့်တတယ်။ ကာတိယာနီဟာ ကမ္ဘာတစ်သိန်းကာလပတ်လုံး နတ်လူဘဝတွေမှာ ကျင်လည်ကာ ဒီဂေါတမဘုရား ပွင့်တဲ့အခါ ကုရရဃရမြို့မှာ ဖြစ်တယ်။ ကာတိယာနီလို့ နာမည်မှည့်ကြတယ်။ သူမဟာ နောင်အခါမှာ အရွယ်ရောက်တော့ ကုရရဃရမြို့က ကာဠီရဲ့သူငယ်ချင်း၊ ခိုင်မြဲတဲ့မိတ်ဆွေဖြစ်တယ်။ မိခင်ဖြစ်သူ ကာဠီက သားဖြစ်သူ ကုဋိကဏ္ဏသောဏထေရ်ကို 'မြတ်စွာဘုရားရှင် ဟောထားတဲ့နည်းနဲ့ ငါ့အားလည်း တရားဟောပါ'လို့ တောင်းဆိုတယ်။ သောဏထေရ်က ညအခါ မြို့တွင်းက တန်ဆာဆင်ထားတဲ့ တရားပလ္လင်မှာ ထိုင်ကာ မိခင်ကို သက်သေထားကာ တရားဒေသနာကို အားထုတ်တယ်။ အဲဒီအခါ ကာတိယာနီက ကာဠီနဲ့အတူသွားကာ ပရိသတ်အစွန်မှာ တရားနာရင်း ရပ်နေတယ်။ အဲဒီအချိန်မှာ သူခိုး ၅၀၀ က မြို့တွင်းမှာ နေ့အချိန်က မှတ်သားထားတဲ့အမှတ်အသားနဲ့ အစွန်ကစပြီး ဥမင်လိုဏ်ခေါင်းတူးကာ ကာတိယာနီရဲ့အိမ်ကို ရောက်ကြတယ်။ အဲဒီသူခိုးတွေရဲ့ အကြီးအကဲသူခိုးက အဲဒီသူခိုးတွေနဲ့အတူမဝင်ဘဲ 'ဒီပရိသတ်က စုဝေးနေကြတာလား'လို့ စူးစမ်းဖို့ သောဏမထေရ် တရားဟောရာနေရာကိုသွားကာ ပရိသတ်အစွန်မှာ ရပ်တည်ရင်း ကာတိယာနီရဲ့နောက်ကျောဘက်မှာ ရပ်တည်နေတယ်။

http://www.dhammadownload.com



အဲဒီအခါမှာ ကာတိယာနီက ကျွန်မကိုပြောတယ်။

'ဟဲ့ ကျွန်မ၊ သွားပါ။ အိမ်ကိုဝင်ပြီး ဆီမီးကို ဆောင်ယူခဲ့ပါ။ ငါတို့ဟာ ဆီမီးထွန်းပြီး တရားကို နာယူကြမယ်'

ကျွန်မက အိမ်ကိုသွားပြီး ဥမင်လိုဏ်ခေါင်းမှာ သူခိုးတွေကို မြင်ရလို့ ဆီမီးကိုမယူဘဲသာ လာပြီး သူ့အရှင်မအား 'အရှင်မ၊ အိမ်မှာ သူခိုးတွေက ဥမင်လိုဏ်ခေါင်း တူးနေကြပါတယ်'လို့ ပြောပြတယ်။ အဲဒီစကားကို ကြားရပြီး အကြီးအကဲသူခိုးက ကြံတယ်။

'ဒီမိန်းမဟာ ဒီကျွန်မရဲ့စကားကို ယူပြီး အိမ်ကိုသွားခဲ့ရင် ဒီနေရာမှာပဲ သူမကို သန်လျက်နဲ့ နှစ်ပိုင်းပိုင်းဖြတ်မယ်။ ယူထားတဲ့ အာရုံနဲ့ပဲ တရားကိုနာယူရင် သူခိုးတွေ ယူထားတဲ့ပစ္စည်းကိုတောင် ပြန်အပေးခိုင်းမယ်'

ကာတိယာနီကလည်း ကျွန်မရဲ့စကားကိုကြားရပြီး ပြောတယ်။

'အမိ၊ အသံမပြုလုပ်ပါနဲ့၊ သူခိုးတွေဆိုတာ ဆောင်ယူတဲ့အခါ သူတို့မြင်တာကိုပဲ ဆောင်ယူကြပါလိမ့်မယ်။ ငါကတော့ ဒီနေ့ နာရခဲ့တဲ့ တရားကို နာမယ်၊ တရားအန္တရာယ် မလုပ်ပါနဲ့'

အကြီးအကဲသူခိုးက ကာတိယာနီရဲ့စကားကို ကြားရပြီးကြံ တယ်။

'ဒီလိုအလိုဆန္ဒနဲ့ ရပ်တည်သူရဲ့အိမ်က ပစ္စည်းကို ခိုးယူတဲ့ငါတို့ ဟာ မြေကြီးကို ဝင်ထိုက်တယ်။ (မြေမျိုထိုက်တယ်)'

အကြီးအကဲသူခိုးက အဲဒီခဏမှာပဲ သွားပြီး သူခိုးတွေယူလာတဲ့ ပစ္စည်းကို စွန့်ပစ်ခိုင်းပြီး သူခိုးတွေနဲ့အတူလာကာ တရားနာရင်း ပရိသတ်အစွန်မှာ ရပ်တည်နေတယ်။ ကာတိယာနီကလည်း မထေရ်ရဲ့ တရားဒေသနာအဆုံးမှာ သောတာပန်ဖြစ်တယ်။ အဲဒီအခါ အရုဏ်တက် တော့ အကြီးအကဲသူခိုးက သွားပြီး ကာတိယာနီရဲ့ခြေထောက်တွေမှာ ပျပ်ဝပ်ကာ ပြောတယ်။

http://www.dhammadownload.com



'အရှင်မ၊ ကျွန်ုပ်တို့အားလုံးကို သည်းခံပါ'

'သင်တို့က ငါ့အပေါ် ဘာလုပ်လို့လဲ'

အကြီးအကဲသူခိုးက သူပြုလုပ်ခဲ့တဲ့ကိစ္စအားလုံးကို ပြောပြတယ်။

'ချစ်သားတို့၊ ဒီလိုဆိုရင် သင်တို့ကို ငါသည်းခံပါတယ်'

'အရှင်မ၊ ငါတို့အား အဲဒီလိုလုပ်လို့ သည်းခံတယ်ဆိုတာ မဖြစ်ပါ။ သင့်သားမထေရ်ထံ ငါတို့အားလုံးကိုပဲ ရှင်ရဟန်းဝတ်ပေးပါ'

ကာတိယာနီဟာ အဲဒီသူခိုးအားလုံးကို ခေါ်ယူကာ ကုဋိကဏ္ဏသောဏမထေရ်ထံ ရှင်ရဟန်းဝတ်ပေးလိုက်ပါတယ်။ အဲဒီသူခိုးတွေကလည်း မထေရ်ထံ ရှင်ရဟန်းဝတ်ပြီး အားလုံးပဲ ရဟန္တာဖြစ်သွားကြပါတယ်။ နောင်အခါမှာ ဘုရားရှင်က ဇေတဝန်ကျောင်းမှာ သီတင်းသုံးတော်မူတုန်း ဥပါသိကာမတွေကို ရာထူးတွေမှာထားတဲ့အခါ ကာတိယာနီ ဥပါသိကာမကို ဉာဏ်နဲ့သက်ဝင်ကြည်ညိုတဲ့ ဥပါသိကာမတွေထဲမှာ အသာဆုံးအရာမှာ ထားတော်မူပါတယ်။

(အံ၊ ဋ္ဌ၊ ပ၊ ၃၅၀)

http://www.dhammadownload.com

# ကာဠီ (ကုရရဃမြို့သူ)

တစ်ချိန်မှာ အရှင်မဟာကစ္စာနဟာ အဝန္တိဇနပုဒ်က ကုရရဃရမြို့ကို မှီပြီး ပဝတ္တ (ပပတက) တောင်မှာ သီတင်းသုံးတဲ့အခါ သောဏ မည်တဲ့ ကောဋိကဏ္ဏဥပါသကာဟာ အရှင်မဟာကစ္စာနရဲ့ တရားစကား မှာ ကြည်ညိုပြီး မထေရ်ထံ ရဟန်းပြုလိုပါတယ်။ မထေရ်က 'သောဏ၊ တစ်သက်လုံး မွန်းမလွဲခင်သာ စားရပြီး တစ်ယောက်တည်း အိပ်ကာ မေထုန်မှုမှရှောင်ဖို့ ခက်တယ်'လို့ ပြောပြီး နှစ်ကြိမ်တိုင်တိုင် ပယ်မြစ် ပေမယ့်လည်း ရှင်ရဟန်းဝတ်ဖို့ အလွန်ပဲ စိတ်ထက်သန်နေတယ်။ သုံးကြိမ်မြောက်မှာ မထေရ်ကို တောင်းဆိုပြီး ရှင်ဝတ်တယ်။ ရဟန်း နည်းပါးလို့ ဒက္ခိဏာပထတိုင်းမှာ သုံးနှစ်လွန်မှ ရဟန်းဝတ်ရပါတယ်။ ဘုရားရှင်ကို မျက်မှောက်ဖူးတွေ့လိုလို့ ဥပဇ္ဈာယ်ဆရာကို ပန်ပြောပြီး ဥပဇ္ဈာယ်က ပေးလိုက်တဲ့သတင်းစကားကို ယူကာ အစဉ်အတိုင်း ဇေတဝန်ကျောင်းကိုသွားတယ်။ ဘုရားရှင်ကို ရှိခိုးပြီး နှုတ်ဆက်စကား ပြောတယ်။ ဘုရားရှင်က ဂန္ဓကုဋိကျောင်းထဲမှာပဲ နေခွင့်ပြုလို့ ညပိုင်း အချိန်များစွာပဲ လွင်တီးခေါင်မှာ အချိန်ကုန်လွန်စေကာ ညပိုင်းမှာ ဂန္ဓကုဋိကျောင်းထဲဝင်တယ်။ သူ့အတွက် ရရောက်တဲ့ကျောင်းမှာ အဲဒီ ညအဖို့ကို ကုန်လွန်စေပါတယ်။ နံနက်မိုးသောက်အချိန်မှာ ဘုရားရှင်က တိုက်တွန်းလို့ အဋ္ဌကဝဂ်ဖြစ်တဲ့ သုတ် ၁၆ သုတ်ကို အားလုံးပဲ သာ ယာနာပျော်ဖွယ်အသံနဲ့ ရွတ်အံတယ်။ ဘုရားရှင်က သောဏ ရွတ်အံ တာရဲ့အဆုံးမှာ ဝမ်းမြောက်ဝမ်းသာနဲ့ 'ရဟန်း၊ သာဓု၊ သာဓု'လို့ ကောင်းချီးပေးပါတယ်။ ဘုရားရှင် ကောင်းချီးပေးသံကို ကြားရပြီး

http://www.dhammadownload.com



မြေမှာတည်တဲ့နတ်တွေ၊ နဂါး၊ ဂဠုန်တွေကစပြီး ဗြဟ္မာ့ဘုံတိုင်အောင် တစ်ပြိုင်နက်တည်းပဲ ကောင်းချီးပေးကြတယ်။

အဲဒီခဏမှာ ဇေတဝန်ကျောင်းက ယူဇနာ ၁၂၀ ဝေးတဲ့အရပ်မှာ ကုရရဃရမြို့ သောဏမထေရ်ရဲ့မိခင် ကာဠီဥပါသိကာမကြီး အိမ်မှာ နေတဲ့နတ်ကလည်း အသံကျယ်ကြီးနဲ့ ကောင်းချီးပေးတယ်။ အဲဒီအခါ အဲဒီနတ်ကို ဥပါသိကာမက မေးတယ်။

'အဲဒီကောင်းချီးပေးနေသူက ဘယ်သူလဲ'

'နမ ငါပါ'

'သင်က ဘယ်သူလဲ'

'သင့်အိမ်မှာနေတဲ့ နတ်ပါ'

'သင်က ဒီအရင်က ငါ့အားကောင်းချီးမပေးဘဲ အခုမှဘာကြောင့် ပေးပါသလဲ'

'ငါက သင့်အား ကောင်းချီးပေးတာမဟုတ်ပါ'

'ဒီလိုဆိုရင် သင်က ဘယ်သူ့အား ကောင်းချီးပေးတာလဲ'

'သင့်ရဲ့သား ကောဋိကဏ္ဏ သောဏထေရ်ပါ'

'ငါ့သားက ဘာကိုလုပ်သလဲ'

'သင့်သားက ဒီနေ့ ဘုရားရှင်နဲ့အတူ ဂန္ဓကုဋိတစ်ကျောင်းတည်းမှာ နေပြီး တရားဟောပါတယ်။ ဘုရားရှင်က သင့်သားရဲ့တရားကို နာကြားပြီးကြည်ညိုလို့ ကောင်းချီးပေးပါတယ်။ ဒါကြောင့်သင့်သားအား ငါလည်း ကောင်းချီးပေးပါတယ်။ မှန်တယ်၊ ဘုရားရှင်ရဲ့ ကောင်းချီးပေးတာကို လက်ခံပြီး ဘုမ္မစိုးနတ်တွေကစပြီး ဗြဟ္မာ့ဘုံတိုင်အောင် တစ်ပြိုင်နက်ပဲ ကောင်းချီးပေးသံ ဖြစ်ပေါ်လာတယ်'

'အိုအရှင်နတ်၊ ငါ့သားက ဘုရားရှင်အား တရားဟောတာလား၊ ဘုရားရှင်က ငါ့သားအား တရားဟောတာလား'

'သင့်သားက ဘုရားရှင်အား တရားဟောတာပါ'

http://www.dhammadownload.com



နတ်က အဲဒီလိုပြောနေစဉ်မှာပဲ မိခင်ဥပါသိကာမမှာ ပီတိငါးမျိုးဖြစ်ပေါ်လာကာ တစ်ကိုယ်လုံးကို ပြန့်နှံ့သွားတယ်။ မိခင်ဥပါသိကာမမှာ ဒီလိုအကြံဖြစ်ပေါ်လာတယ်။

'ငါ့သားက ဘုရားရှင်နဲ့အတူ ဂန္ဓကုဋီတစ်ကျောင်းတည်းမှာ နေပြီး ဘုရားရှင်အား တရားကိုဟောနိုင်ရင် ငါ့အားလည်း ဟောနိုင်မှာပဲ။ သား လာတဲ့အခါ တရားနာပွဲ ပြုလုပ်ခိုင်းပြီး တရားစကားကို နာယူမယ်'

သောဏထေရ်ကလည်း ဘုရားရှင်ကောင်းချီးပေးပြီးတဲ့အခါ 'ဒီအချိန်ဟာ ငါ့ဥပဇ္ဈာယ်ဆရာ ပေးလိုက်တဲ့သတင်းစကားကို လျှောက်ပြဖို့ အချိန်ပဲ'လို့ တွေးကာ ဘုရားရှင်ကို အစွန်အဖျားဇနပုဒ်တွေမှာ ဝိနည်းဓိုရ်ရဟန်းလျှင် ငါးပါးမြောက်ရှိတဲ့ သံဃာအဖွဲ့နဲ့ ရဟန်းခံပေးမှုကို အစပြုကာ ဆုငါးမျိုးကို တောင်းဆိုပါတယ်။ ရက်အနည်းငယ် ဘုရားရှင်ထံမှာ နေပြီး 'ဥပဇ္ဈာယ်ဆရာကို ဖူးတွေ့မယ်'လို့ ကြံကာ ဘုရားရှင်ကို ပန်ပြောပါတယ်။ ဇေတဝန်ကျောင်းမှထွက်ပြီး အစဉ်အတိုင်း ဥပဇ္ဈာယ်ဆရာထံ သွားတယ်။ မထေရ်က နောက်နေ့မှာ သတင်းစကားကိုယူပြီး ဆွမ်းခံလှည့်လည်တဲ့အခါ မိခင်ဥပါသိကာမရဲ့အိမ်တံခါးကို သွားတယ်။ မိခင်ကလည်း သားကိုမြင်ပြီး ပျော်ရွှင်ကာ ရှိခိုးတယ်။ ရိုသေစွာ ပြုစုလုပ်ကျွေးပြီး မေးတယ်။

'ချစ်သား၊ သင်က ဘုရားရှင်နဲ့အတူ ဂန္ဓကုဋီတစ်ကျောင်းတည်းမှာ နေကာ ဘုရားရှင်အား တရားဟောတယ်လို့ ကြားရတာ အမှန်ပဲလား'

'ဒကာမကြီး၊ သင့်အား ဒီစကားကို ဘယ်သူကပြောတာလဲ'

'ချစ်သား၊ ဒီအိမ်မှာနေတဲ့နတ်က အသံအကျယ်ကြီးနဲ့ ကောင်းချီးပေးပြီး တပည့်တော်က 'အဲဒါ ဘယ်သူလဲ'လို့မေးတော့ 'ငါ နတ်ပါ' လို့ ပြောပြီး ဒီလိုဒီလိုလည်း ပြောပါတယ်။ အဲဒီစကားကိုကြားရပြီး

http://www.dhammadownload.com



'ငါ့သားက ဘုရားရှင်အား တရားဟောရင် ငါ့အားလည်း ဟောနိုင်လိမ့်မယ်'လို့ တွေးမိပါတယ်။ ချစ်သား၊ သင်က ဘုရားရှင်ရဲ့ထံမှောက်မှာ တရားကိုဟောခဲ့လို့ တပည့်တော်အားလည်း ဟောနိုင်မှာပဲ။ ဒီမည်တဲ့နေ့မှာ တရားနာပွဲပြုလုပ်ခိုင်းပြီး သင့်တရားကို နာကြားပါမယ် ချစ်သား'

သောဏမထေရ်က လက်ခံတယ်။ ဥပါသိကာမက ရဟန်းအပေါင်းအား အလှူလှူပြီး ပူဇော်မှုပြုကာ 'ငါ့သားရဲ့တရားစကားကို ငါနာယူမယ်'လို့ ပြောပြီး အိမ်စောင့်ကျွန်မတစ်ယောက်ကိုပဲ ချန်ထားပြီး အခြံအရံအားလုံးကို ခေါ်ယူသွားတယ်။ မြို့တွင်းက တရားနာဖို့ ဆောက်လုပ်ထားတဲ့မဏ္ဍပ်မှာ တန်ဆာဆင်ထားတဲ့ တရားပလ္လင်ပေါ်တက်ပြီး တရားဟောတဲ့သားရဲ့ တရားစကားကို နာယူဖို့ သွားတယ်။ အဲဒီအချိန်မှာ သူခိုး ၉၀၀ က အဲဒီဥပါသိကာမရဲ့အိမ်မှာ အပေါက်အကြားကို ကြည့်ကာ လှည့်လည်နေကြတယ်။ သူမရဲ့အိမ်က တံတိုင်းခုနစ်ခုတွေနဲ့ ကာရံထားတယ်။ တံခါးမုခ်ပေါက် ခုနစ်ပေါက်ရှိတယ်။ အဲဒီအိမ်က ထိုထိုနေရာတွေမှာ ကြမ်းတမ်းတဲ့ခွေးတွေကို ချည်ထားကြတယ်။ အိမ်တွင်းမှာ အမိုးက ရေကျရာအရပ်မှာ ကျုံးတူးပြီး ခဲပုပ်နဲ့ပြည့်အောင် လုပ်ထားကြတယ်။ အဲဒီခဲပုပ်က နေ့အခါ နေပူကြောင့် မွမွကြေပြီး ပွက်ပွက်ဆူသလိုဖြစ်ကာ တည်ရှိတယ်။ ညအခါမှာ ခက်မာကြမ်းတမ်းကာ တည်ရှိတယ်။ အဲဒီခဲပုပ်ရဲ့ အခြားမဲ့မှာ သံတံခါးပေါင်ကြီးတွေကို အကြားအလပ်မရှိအောင် မြေမှာစိုက်ထားကြတယ်။ အဲဒီအစောင့်အရှောက်ကိုရှော ဥပါသိကာမရဲ့အိမ်တွင်းမှာ ရပ်တည်နေတာကိုပါ အကြောင်းပြုပြီး အဲဒီသူခိုးတွေဟာ အခွင့်ကိုမရကြဘဲ အဲဒီနေ့မှာ ဥပါသိကာမ သွားတာကိုသိပြီး ဥမင်လိုဏ်ခေါင်းဖောက်ကြတယ်။ ခဲပုပ်ကျုံးနဲ့ရှော၊ သံတံခါးပေါင်တွေနဲ့ပါ အောက်ပိုင်းကပဲ အိမ်ကိုဝင်ကြတယ်။ 'အဲဒီမိန်းမက ငါတို့ဒီမှာဝင်တာကို ကြားရပြီး ပြန်လှည့်ကာ အိမ်ကိုရှေ့ရှုလာရင် သန်လျက်နဲ့ သူမကို ရိုက်ပုတ်ကာ သတ်ကြပါ'လို့

http://www.dhammadownload.com



ပြောပြီး အကြီးအကဲသူခိုးကို အဲဒီဥပါသိကာမထံ စေလွှတ်ကြတယ်။ အကြီးအကဲသူခိုးက အဲဒီဥပါသိကာမအနီးမှာ ရပ်တည်တယ်။

သူခိုးတွေကလည်း အိမ်တွင်းမှာ ဆီမီးထွန်းပြီး အသပြာတိုက်ခန်းတံခါးကို ဖွင့်ကြတယ်။ အဲဒီကျွန်မက သူခိုးတွေကိုမြင်ပြီး ဥပါသိကာမထံ သွားကာ ပြောပြတယ်။

'ရှင်မ၊ များစွာသောသူခိုးတွေက အိမ်ထဲဝင်ပြီး အသပြာတိုက်တံခါးကို ဖွင့်ကြပါတယ်'

'သူခိုးတွေက သူတို့မြင်တဲ့အသပြာတွေကို သယ်ဆောင်ကြပါစေ၊ ငါဟာ ငါ့သားရဲ့တရားစကားကို နာကြားနေတယ်၊ ငါ့တရားအန္တရာယ် မလုပ်ပါနဲ့၊ အိမ်ကို သင်သွားပါ'

အဲဒီလိုပြောပြီး စေလွှတ်လိုက်တယ်။ သူခိုးတွေက အသပြာတိုက်ခန်းကို အချည်းနှီးဖြစ်အောင်လုပ်ပြီး ငွေတိုက်ခန်းကို ဖွင့်ကြတယ်။ ကျွန်မကလည်း တစ်ဖန်သွားကာ အဲဒ်အကြောင်းကို ပြောတယ်။ ဥပါသိကာမကလည်း 'သူခိုးတွေ သူတို့အလိုရှိတာကို သယ်ဆောင်ကြပါစေ၊ ငါ့ကို အန္တရာယ်မလုပ်ပါနဲ့'လို့ ပြောကာ တစ်ဖန် ကျွန်မကို စေလွှတ်လိုက်ပါတယ်။ သူခိုးတွေက ငွေတိုက်ခန်းကိုလည်း အချည်းနှီးဖြစ်အောင်လုပ်ကာ ရွှေတိုက်ခန်းကို ဖွင့်ကြတယ်။ ကျွန်မက တစ်ဖန်လည်း သွားကာ ဥပါသိကာမအား အဲဒီအကြောင်းကို ပြောပြတယ်။ အဲဒီအခါ ကျွန်မကို ဥပါသိကာမကခေါ်ပြီး ပြောလွှတ်လိုက်တယ်။

'အို ကျွန်မ၊ သင်က အကြိမ်ပေါင်းများစွာ ငါ့ထံလာတယ်။ သူခိုးတွေ အလိုရှိသလောက် သယ်ဆောင်ကြပါစေ၊ ငါဟာ ငါ့သားရဲ့တရားစကားကို နာကြားနေတယ်။ ငါ့ကို အန္တရာယ်မလုပ်ပါနဲ့လို့ ငါပြောပေမယ့်လည်း ငါ့စကားကို မနာယူဘဲ ထပ်ကာထပ်ကာ လာမြဲလာနေတယ်။ အခု သင် လာရင် သင့်အပေါ် လုပ်ထိုက်တာကို ငါသိမယ်။ အိမ်ကိုပဲ သင်သွားပါ'

http://www.dhammadownload.com



အကြီးအကဲသူခိုးက ဥပါသိကာမရဲ့စကားကို ကြားရပြီး 'ဒီလို မိန်းမရဲ့ဥစ္စာကို ခိုးယူတဲ့သူတွေမှာ မိုးကြိုးကျပြီး ဦးထိပ်ကိုခွဲနိုင်တယ်' လို့ တွေးကာ သူခိုးတွေထံသွားပြီး 'မြန်မြန် ဥပါသိကာမရဲ့ဥစ္စာကို နဂိုအတိုင်း ထားကြပါ'လို့ ပြောတယ်။ အဲဒီသူခိုးတွေက အသပြာတွေနဲ့ အသပြာတိုက်ခန်းကို၊ ငွေ၊ ရွှေတွေနဲ့ ငွေ ရွှေတိုက်ခန်းတွေကို တစ်ဖန် ပြည့်စေကြပါတယ်။ တရားက တရားကျင့်သူကို စောင့်ရှောက်တာဟာ ဓမ္မတာဖြစ်ပါသတဲ့။ သူခိုးတွေကလည်း သွားကာ တရားနာရာနေရာမှာ ရပ်တည်ကြတယ်။ မထေရ်ကလည်း တရားကိုဟောပြီး မိုးလင်းတဲ့အခါ နေရာမှ သက်ဆင်းတယ်။ အဲဒီခဏမှာ အကြီးအကဲသူခိုးက ဥပါ သိကာမရဲ့ခြေရင်းမှာ လဲလျောင်းကာ ပြောတယ်။

'အရှင်မ၊ အကျွန်ုပ်ကို သည်းခံပါ'

'ချစ်သား အဲဒါက ဘာလဲ'

'ကျွန်တော်ဟာ အသင်တို့အပေါ် ရန်ငြိုးထားပြီး သင်တို့ကို သတ်ချင်လို့ ရပ်နေခဲ့ပါတယ်'

'ချစ်သား ဒီလိုဆိုရင် သင့်ကို ငါသည်းခံပါတယ်'

ကျန်တဲ့သူခိုးတွေကလည်း အဲဒီအတိုင်းပဲပြောကာ 'ချစ်သားတို့၊ ငါသည်းခံပါတယ်'လို့ ပြောတော့ 'အရှင်မ၊ ကျွန်တော်တို့ကို သည်းခံ ရင် သင့်သားထံမှာ ကျွန်တော်တို့ကို ရှင်ဝတ်ပေးပါ'လို့ ပြောကြတယ်။ ဥပါသိကာမက သားကိုရှိခိုးပြီး လျှောက်တယ်။

'ချစ်သား၊ ဒီသူခိုးတွေက တပည့်တော်မရဲ့ဂုဏ်တွေမှာရော၊ သင်တို့ရဲ့တရားစကားမှာပါ ကြည်ညိုကြလို့ ရှင်ရဟန်းအဖြစ်ကို တောင်းကြပါတယ်။ သူတို့ကို ရှင်ရဟန်းဝတ်ပေးပါ'

မထေရ်က ကောင်းပြီလို့မိန့်ပြီး သူခိုးတွေဝတ်တဲ့ အဝတ်တွေရဲ့ အမြိတ်ဆာတွေကို ဖြတ်ခိုင်းပြီး မြေနီနဲ့ အဆိုးခိုင်းကာ အဲဒီသူခိုးတွေကို ရှင်ပြုပေးပြီး သီလတွေမှာ တည်စေပါတယ်။ သူတို့ရဟန်းဝတ်ပြီးတဲ့

http://www.dhammadownload.com



အခါမှာတော့ တစ်ပါးတစ်ပါးစီအား အသီးအသီးသော ကမ္မဋ္ဌာန်းကို ပေးပါတယ်။ အဲဒီရဟန်း ၉၀၀ ဟာ အသီးအသီး နေရာ ၉၀၀ ကို ယူပြီး တောင်တစ်တောင်ပေါ်တက်ကာ ထိုထိုသစ်ပင်ရဲ့အရိပ်မှာထိုင်ပြီး ရဟန်းတရားအားထုတ်ကြပါတယ်။ ဘုရားရှင်က ယူဇနာ ၁၂၀ ဝေးတဲ့ ဇေတဝန်ကျောင်းတော်ကြီးမှာ ထိုင်ရင်းပဲ အဲဒီရဟန်းတွေကိုကြည့်ကာ အဲဒီရဟန်းတွေရဲ့စရိုက်နဲ့အညီ တရားဒေသနာကို သတ်မှတ်ကာ အရောင် ဖြန့်ပြီး မျက်မှောက်မှာထိုင်ကာ ဟောနေသလို တရားဂါထာ ကိုးပုဒ်ကို ဟောပါတယ်။ အဲဒီဂါထာတွေထဲက ဂါထာတစ်ပုဒ် တစ်ပုဒ်အဆုံးမှာ ရဟန်းတစ်ရာတစ်ရာဟာ ထိုင်ရာနေရာမှာပဲ ပဋိသမ္ဘိဒါတွေနဲ့တကွ ရဟန္တာဖြစ်သွားကြတယ်။ ကောင်းကင်ပေါ်ပျံတက်ပြီး ရဟန်းအားလုံးပဲ ကောင်းကင်ခရီးနဲ့ပဲ ယူဇနာ ၁၂၀ ရှိ ခရီးခဲကို ကျော်လွန်ကာ ဘုရားရှင်ရဲ့ ရွှေအဆင်းရှိ ခန္ဓာကိုယ်ကို ချီးမွမ်းကာ ခြေတော်တွေကို ရှိခိုးကြတယ်။ (ဓမ္မပဒ၊ ဠ၊ ဒု၊ ၃၆၉)

ကာဠီဟာ ပဒုမုတ္တရဘုရားလက်ထက်မှာ ဟံသာဝတီမြို့က ကုရရဃရမြို့မှာ ဖြစ်တယ်။ ဘုရားရှင်ရဲ့တရားစကားကို နာကြားတဲ့ အခါ ဥပါသိကာမတစ်ဦးကို တစ်ဆင့်ကြားစကားနဲ့ပဲ ကြည်ညိုတဲ့ ဥပါသိကာမတွေထဲမှာ အသာဆုံးအရာမှာ ထားတော်မူတဲ့ဘုရားရှင်ကို မြင်တွေ့ရပြီး ကောင်းမှုကိုပြုကာ အဲဒီရာထူးကို ဆုတောင်းတယ်။ သူမဟာ ကမ္ဘာတစ်သိန်းကာလပတ်လုံး နတ်လူဘဝတွေမှာ ကျင်လည် ပြီး ဒီဂေါတမဘုရားပွင့်တဲ့အခါ ရာဇဂြိုဟ်မြို့က အမျိုးကောင်းအိမ်မှာ ဖြစ်တယ်။ ကာဠီလို့ နာမည်မှည့်ကြတယ်။ သူမဟာ အရွယ်ရောက်တဲ့ အခါ ကုရရဃရမြို့က ခင်ပွန်းအိမ်ကိုရောက်သွားတယ်။ ပေါင်းသင်း ဆက်ဆံမှုကြောင့် သူမမှာ ကိုယ်ဝန်တည်လာတယ်။ သူမဟာ ကိုယ်ဝန် ရင့်လာတဲ့အခါ 'သူတစ်ပါးတွေရဲ့အိမ်မှာ ကိုယ်ဝန်မွေးရတယ်ဆိုတာ

http://www.dhammadownload.com



မသင့်လျော်ပါ’လို့ တွေးကာ သူမရဲ့မိဘမြို့ကိုပဲ လာတယ်။ ညအဖို့ရဲ့ အခြားမဲ့မှာ မိမိပြာသာဒ်ရဲ့အထက်က ကောင်းကင်မှာ ရပ်တည်နေတဲ့ သာတာဂိရနတ်မင်းနဲ့ ဟေမဝတနတ်မင်းတို့ရဲ့ ရတနာသုံးပါးဂုဏ် ပြောတဲ့စကားကို ကြားရပြီး တစ်ဆင့်ကြားနဲ့ ကြည်ညိုမှု ဖြစ်ပေါ်လာ တယ်။ ဘုရားရှင်ကို မဖူးမြော်ရဘဲနဲ့သာ သောတာပန်ဖြစ်သွားတယ်။ နောင်အခါမှာ ကိုယ်ဝန်မွေးဖွားတယ်။ နောင်အခါမှာ ဘုရားရှင်က ဇေတဝန်ကျောင်းက သံဃာအပေါင်းရဲ့အလယ်မှာ ထိုင်ပြီး ဥပါသိကာမ တွေကို ရာထူးတွေမှာ ထားတဲ့အခါ ကာဠီဥပါသိကာမကို တစ်ဆင့် ကြားနဲ့ ကြည်ညိုတဲ့ဥပါသိကာမတွေထဲမှာ အသာဆုံးအရာမှာ ထားတော် မူတယ်။ (အံ၊ ဋ္ဌ၊ ပ၊ ၃၅၁)

ကာဠီဟာ ကိုယ်ဝန်ရင့်ကျက်တဲ့အခါ ရာဇဂြိုဟ်မြို့က သူ့မိဘ အိမ်ကို လာတယ်။ အဲဒီအချိန်မှာ ငါတို့ရဲ့ဂေါတမဘုရားရှင်ဟာ ဘုရား ဖြစ်ပြီး ဣသိပတနတောမှာ ဓမ္မစကြာတရားကို ဟောတယ်။ ဓမ္မ စကြာတရား ဟောတဲ့အခါ စကြဝဠာတစ်သောင်းက နတ်တွေ စုဝေး ကြတယ်။ အဲဒီမှာ ၂၈ ယောက်သော နတ်ဘီလူးစစ်သူကြီးတွေထဲမှာ ပါဝင်တဲ့ သာတာဂိရနတ်ဘီလူးဟာ ဘုရားရှင်ရဲ့တရားစကားကို ကြား နာရပြီး သောတာပန်ဖြစ်ကာ ‘ဒီလောက်ချိုမြိန်တဲ့ ဒီတရားစကားကို ငါ့သူငယ်ချင်း ဟေမဝတနတ်မင်းဟာ ကြားဖူးသလား၊ မကြားဖူးဘူး လား’လို့ တွေးတယ်။ သာတာဂိရနတ်မင်းက နတ်အပေါင်းထဲမှာ ကြည့်တဲ့အခါ ဟေမဝတနတ်မင်းကို မမြင်ရဘဲ ‘ငါ့သူငယ်ချင်း ဟေမ ဝတဟာ ရတနာသုံးပါး ပွင့်ပေါ်နေတာကို ဘာကယ်ပဲ မသိ၊ ငါသွားမယ်၊ ဘုရားရှင်ရဲ့ဂုဏ်ကိုလည်း ပြောပြမယ်။ ရပြီးတဲ့တရားထူးကိုလည်း ပြောပြမယ်’လို့ ကြံကာ သူ့ရဲ့ပရိသတ်နဲ့အတူ ရာဇဂြိုဟ်မြို့ပေါ်က ခရီးနဲ့ ဟေမဝတထံ သွားတယ်။ ဟေမဝတနတ်မင်းကလည်း အချိန်

http://www.dhammadownload.com



အခါမဟုတ်ဘဲ ပန်းတွေပွင့်နေတဲ့ ယူဇနာ သုံးထောင်ရှိ ဟိမဝန္တာတောင်ကို မြင်ရပြီး 'ငါ့သူငယ်ချင်း သာတာဂိရနတ်မင်းနဲ့အတူ ဟိမဝန္တာတောင်မှာ ပျော်ပါးမယ်'လို့ ကြံကာ သူ့ပရိသတ်နဲ့အတူ ရာဇဂြိုဟ်မြို့ပေါ်က ခရီးလမ်းနဲ့ပဲ သွားတယ်။ အဲဒီနတ်မင်း နှစ်ယောက်ရဲ့ မြင့်မြတ်တဲ့စစ်သည်အပေါင်းဟာ အိမ်ရှင်မ ကာဠီရဲ့နေအိမ်အထက်မှာ ပေါင်းဆုံပြီး 'သင်တို့က ဘယ်သူရဲ့ပရိသတ်လဲ၊ ငါတို့က သာတာဂိရနတ်မင်းရဲ့ပရိသတ်ပဲ။ သင်တို့က ဘယ်သူတွေရဲ့ပရိသတ်လဲ၊ ငါတို့က ဟေမဝတနတ်မင်းရဲ့ပရိသတ်ပဲ'လို့ ပြောကြတယ်။ အဲဒီနတ်တွေက ဝမ်းသာပျော်ရွှင်ကာသာ သွားကာ နတ်စစ်သူကြီးတွေအား ပြောပြကြတယ်။ အဲဒီနတ်စစ်သူကြီးတွေကလည်း အဲဒီခဏမှာပဲ ကာဠီရဲ့နေအိမ်အထက်မှာ ပေါင်းဆုံကြတယ်။ သာတာဂိရနတ်စစ်သူကြီးက ဟေမဝတနတ်စစ်သူကြီးကို မေးတယ်။

'မိတ်ဆွေ၊ ဘယ်ကိုသွားမလို့လဲ'

'မိတ်ဆွေ၊ သင့်ထံကိုပါပဲ'

'ဘာကြောင့်ပါလဲ'

'ဟိမဝန္တာတောင်မှာ ပန်းတွေပွင့်နေတာကို မြင်ရပြီး သင်နဲ့အတူ အဲဒီတောင်မှာ ပျော်ပါးမယ်'

'မိတ်ဆွေ၊ သင်ကတော့ ဘယ်ကိုသွားမလို့လဲ'

'မိတ်ဆွေ၊ သင့်ထံကိုပါပဲ'

'ဘာကြောင့်ပါလဲ'

'သင်က ဟိမဝန္တာတောင်မှာ ပန်းတွေပွင့်နေတာကို ဘာနဲ့သိပါသလဲ'

'မိတ်ဆွေ၊ ငါမသိပါ'

'သုဒ္ဓေါဒနမင်းကြီးရဲ့သား သိဒ္ဓတ္ထမင်းသားဟာ လောကဓာတ်တစ်သောင်းကို တုန်လှုပ်စေပြီး သဗ္ဗညုတဉာဏ် (အကုန်သိဉာဏ်)ကို

http://www.dhammadownload.com



ရကာ စကြဝဠာတစ်သောင်းက နတ်ဗြဟ္မာတွေရဲ့အလယ်မှာ အမြတ်ဆုံး ဓမ္မစကြာတရားကို ဟောနေပါတယ်။ အဲဒီတရားဟောနေတာကို သင် မသိဘူးလား'

'မိတ်ဆွေ၊ ငါမသိပါ'

'သင်က ဒီလောက်နေရာသာ ပန်းပွင့်နေတယ်လို့ သိတယ်။ အဲဒီယောကျ်ားမြတ်ကို ပူဇော်ဖို့ စကြဝဠာတစ်သောင်းလုံးဟာ ဒီနေ့ ပန်းကုံးတစ်ကုံးနဲ့ တူနေပါတယ်'

'ပန်းတွေ ပွင့်ကြပါစေဦးတော့၊ သင်ဟာ အဲဒီဘုရားရှင်ကို မျက်စိတွေကို ပြည့်စေကာ မြင်ရပါသလား'

'မိတ်ဆွေ၊ ဟုတ်တယ်။ ငါဟာ ဘုရားရှင်ကိုလည်း မြင်ရတယ်၊ တရားကိုလည်း နာပြီးပြီ။ အမြိုက်ရေကိုလည်း သောက်ပြီးပြီ။ ငါဟာ 'အဲဒီအမြိုက်တရားကို သင့်ကိုလည်း သိစေမယ်'လို့ ကြံကာ သင့်ထံ လာခဲ့ပါတယ် မိတ်ဆွေ'

အဲဒီနတ်စစ်သူကြီးနှစ်ဦး အချင်းချင်း စကားပြောနေကြတုန်းမှာ ပဲ ဥပါသိကာမဟာ ကျက်သရေရှိတဲ့ အိပ်ရာမှထကာ ထိုင်ရင်း အဲဒီ စကားပြောသံကို ကြားရပြီး အသံမှာ အာရုံယူတယ်။ ဒီအသံက အထက်မှာပဲ။ အောက်မှာမဟုတ်၊ နတ်ဘီလူးပြောသံပဲ။ လူသံမဟုတ် လို့ မှတ်သားကာ နားစိုက်ပြီး တက်ကြွစိတ်နဲ့ ထိုင်နေတယ်။ ဟေမဝတ က ဘုရားရှင်ရဲ့ ကိုယ်အကျင့်ကိုရော၊ အသက်မွေးမှုကိုရော၊ စိတ် အကျင့်ကိုပါ မေးတယ်။ မေးတိုင်း မေးတိုင်းသောအမေးကို သာတာဂိရ က ဖြေတယ်။ အဲဒီလို ဘုရားရှင်ရဲ့ခန္ဓာကိုယ်နဲ့ ဂုဏ်တွေကို ချီးမွမ်း ပြောဆိုတာနဲ့ ဟေမဝတသုတ္တန် ပြီးဆုံးသွားတဲ့အခါ ဟေမဝတက သူငယ်ချင်း သာတာဂိရရဲ့တရားဒေသနာကို အစဉ်လိုက်ပြီး ဉာဏ်ကို စေလွှတ်ကာ သောတာပန်ဖြစ်သွားတယ်။

အဲဒီအခါ ကာဠီဥပါသိကာမက သူတစ်ပါးအား တရားဟော

http://www.dhammadownload.com



နေတဲ့အခါမှာ ဘုရားရှင်ကို မမြင်ဖူးဘဲသာ တစ်ဆင့်ကြားနဲ့ ကြည်ညို မှုကို ဖြစ်စေပြီး သူတစ်ပါးအတွက် ချထားတဲ့စားဖွယ်ကို စားရသူပမာ သောတာပန်ဖြစ်သွားတယ်၊ ကာဠီဟာ အမျိုးသမီးအားလုံးအကြားမှာ ပထမဆုံးသောတာပန်ဖြစ်တယ်။ အားလုံးထက်အကြီးအကဲ အရိယာမ ဖြစ်သွားတယ်။ သူမ သောတာပန်ဖြစ်သွားတာနဲ့အတူ အဲဒီညမှာပဲ ကိုယ်ဝန်မွေးဖွားတယ်။ ရလာတဲ့ကလေးကိုနာမည်မှည့်တဲ့အခါ သောဏ လို့ နာမည်မှည့်တယ်။ ကာဠီဟာ အလိုရှိသလို မိဘအိမ်မှာနေပြီး လင့်အိမ်ကိုပဲ သွားတယ်။

အဲဒီအချိန်မှာ မဟာကစ္စာနထေရ်က အဲဒီကုရရဃရမြို့ကိုမှီပြီး ဥပဝတ္တတောင်မှာ သီတင်းသုံးတယ်။ ကာဠီက မထေရ်ကို ပြုစုလုပ်ကျွေး တယ်။ မထေရ်က အမြဲကာဠီရဲ့အိမ်ကို ကြွတယ်။ သောဏကလေးက လည်း အမြဲမထေရ်အနီးမှာ လှည့်လည်ရင်း အကျွမ်းဝင်နေတယ်။ သောဏက နောင်အခါမှာ မထေရ်ထံ ကိုရင်ဝတ်တယ်။ မထေရ်က သောဏကို ရဟန်းဝတ်ပေးလိုလို့ သုံးနှစ်ပတ်လုံး သံဃာအဖွဲ့ကို ရှာဖွေ ပြီး ရဟန်းဝတ်ပေးတယ်။ သောဏက ရဟန်းဝတ်ပြီး ကမ္မဋ္ဌာန်းဟော ခိုင်းကာ ဝိပဿနာပွားရာ ရဟန္တာဖြစ်သွားတယ်။ မထေရ်ထံမှာပဲ သုတ္တနိပါတ်ကို သင်ယူကာ ဝါဆိုပြီး ပဝါရဏာပြုတယ်။ ဘုရားရှင်ထံ ဖူးလိုလို့ ဥပဇ္ဈာယ်ဆရာကို ပန်ပြောတယ်။ မထေရ်က မိန့်တယ်။

'သောဏ၊ သင်သွားရင် ဘုရားရှင်က သင့်ကို ဂန္ဓကုဋိ တစ် ကျောင်းတည်းမှာ နေခိုင်းပြီး တရားဟောဖို့ တိုက်တွန်းလိမ့်မယ်။ သင်က တရားဟောလိမ့်မယ်။ ဘုရားရှင်က သင့်ရဲ့တရားစကားမှာ ကြည်ညိုပြီး သင့်အား ဆုပေးလိမ့်မယ်။ သင်က ဆုယူတဲ့အခါ ဒီဆု၊ ဒီဆုကို ယူပါ။ ငါ့ရဲ့စကားနဲ့ ဘုရားရှင်ရဲ့ခြေတွေကို ရှိခိုးလိုက်ပါ'

သောဏဟာ ဥပဇ္ဈာယ်ဆရာက ခွင့်ပြုလို့ မယ်တော်ကာဠီ ဥပါသိကာမရဲ့အိမ်ကို သွားကာ ပြောတယ်။ ကာဠီကလည်း 'ချစ်သား၊

http://www.dhammadownload.com



ကောင်းပါပြီ။ သင်ဟာ ဘုရားရှင်ကို ဖူးဖို့ သွားတဲ့အခါ ဒီကမ္ဗလာကို သယ်ဆောင်သွားပြီး ဘုရားရှင်သီတင်းသုံးရာ ဂန္ဓကုဋိကျောင်းမှာ မြေ အခင်းလုပ်ပြီး ခင်းလိုက်ပါ'လို့ ပြောကာ ကမ္ဗလာကို ပေးလိုက်တယ်။ သောဏမထေရ်ဟာ အဲဒီကမ္ဗလာကိုယူပြီး ကျောင်းကိုသိမ်းဆည်းကာ အစဉ်အတိုင်း ဘုရားရှင်သီတင်းသုံးရာအရပ်ကို သွားတယ်။ ဘုရားရှင်က မိမိနေရာမှာ ထိုင်နေချိန်မှာပဲ သောဏမထေရ် ချဉ်းကပ်ကာ ရှိခိုးပြီး သင့်တင့်ရာအရပ်မှာ ရပ်တည်နေတယ်။ ဘုရားရှင်က သောဏမထေရ် နဲ့အတူ နှုတ်ဆက်စကား ပြောပြီး အာနန္ဒာမထေရ်ကို မိန့်တယ်။

'အာနန္ဒာ၊ ဒီရဟန်းအတွက် နေရာကိုသိလော'

အာနန္ဒာမထေရ်က ဘုရားရှင်ရဲ့အလိုကိုသိပြီး ဂန္ဓကုဋိကျောင်း အတွင်းမှာပဲ မြေအခင်းကို တင်လိုက်သလို ခင်းတယ်။ အဲဒီအခါ ဘုရားရှင်က ညပိုင်းအချိန်များစွာပတ်လုံးပဲ လွင်တီးခေါင်မှာ ကုန်လွန် စေပြီး ကျောင်းကိုဝင်တယ်။ အရှင်သောဏကလည်း ညပိုင်းအချိန်များ စွာ ကာလပတ်လုံးပဲ လွင်တီးခေါင်မှာကုန်လွန်စေကာ ကျောင်းကိုဝင် တယ်။ ဘုရားရှင်က နောက်ဆုံးယံမှာ ကျိန်းစက်ကာ မိုးသောက်ချိန်မှာ ထပြီးထိုင်တယ်။ 'ဒီအချိန်လောက်နဲ့ သောဏရဲ့ကိုယ်ပင်ပန်းမှု ပြေ ပျောက်လိမ့်မယ်'လို့ သိပြီး အရှင်သောဏကို 'ရဟန်း၊ သင့်ဉာဏ်မှာ ဟောဖို့တရား ရှေ့ရှုထင်ပါလော'လို့ တိုက်တွန်းတယ်။ သောဏမထေရ် က ချိုမြိန်တဲ့အသံနဲ့ သဒ္ဒါတစ်ခုကိုတောင် မပျက်စီးစေဘဲ အဋ္ဌကဝဂ် လာ သုတ္တန်တွေကို ရွတ်ဆိုတယ်။ စကားအဆုံးမှာ ဘုရားရှင်က သာဓုခေါ်ပြီး 'ရဟန်း၊ သင်ဟာ တရားကိုကောင်းစွာသင်ယူထားပါပေ တယ်။ ငါဘုရားဟောခဲ့တဲ့ အချိန်မှာရော၊ ဒီနေ့မှာပါ ဒေသနာဟာ တစ်ထပ်တည်းသာပါပဲ။ အလို အပိုတစ်ခုမှ မရှိ'လို့ မိန့်ကာ ကြည်ညို ကြောင်းကို ပြပါတယ်။ သောဏမထေရ်ကလည်း 'ဒါဟာ အခွင့်ပဲ'လို့ မှတ်သားပြီး ဥပဇ္ဈာယ်ဆရာရဲ့စကားနဲ့ ဘုရားရှင်ကိုရှိခိုးကာ ဝိနည်းမိုရ်

http://www.dhammadownload.com



ရဟန်းလျှင် ငါးပါးမြောက်ရှိတဲ့ ရဟန်းအပေါင်းနဲ့ ရဟန်းပြုခွင့်ပေးခြင်းကို အစပြုပြီး ဆုအားလုံးကို တောင်းပါတယ်။ ဘုရားရှင်က ပေးပါတယ်။

နောက်ထပ် သောဏမထေရ်က မယ်တော်ကာဠီဥပါသိကာရဲ့ စကားနဲ့ ရှိခိုးပြီး 'မြတ်စွာဘုရား၊ မယ်တော်ကာဠီက မြတ်စွာဘုရား သီတင်းသုံးရာ ဂန္ဓကုဋိကျောင်းတော်မှာ မြေအခင်းလို့ဌာ ဒီကမ္ဗလာကို ပို့လိုက်ပါတယ်'လို့ လျှောက်ကာ ကမ္ဗလာကို လှူတယ်။ နေရာမှထပြီး ဘုရားရှင်ကို ရှိခိုး အရိုအသေပြုကာ ဖဲသွားတယ်။ သောဏမထေရ်ဟာ ဘုရားရှင်ထံက ဆုရှစ်မျိုးကို ရပြီး ဥပဇ္ဈာယ်ဆရာထံ သွားကာ အဲဒီဖြစ်ပုံအားလုံးကို ပြောပြတယ်။ နောက်နေ့မှာ မယ်တော်ဥပါသိကာမရဲ့ နေအိမ်တံခါးကိုသွားကာ ဆွမ်းရပ်တယ်။ မယ်တော်က 'ငါ့သားက တံခါးမှာ ရပ်နေသတဲ့'လို့ ကြားရပြီး အမြန်လာကာ ရှိခိုးတယ်။ လက်မှ သပိတ်ကိုယူပြီး နေအိမ်တွင်းမှာ အထိုင်ခိုင်းကာ စားဖွယ်ကို လှူတယ်။ ဆွမ်းကိစ္စပြီးတဲ့အခါ သားကို မေးတယ်။

'ချစ်သား၊ သင်ဟာ ဘုရားရှင်ကို ဖူးတွေ့ခဲ့ရသလား'

'ဟုတ်ကဲ့၊ ဒကာမကြီး'

'တပည့်တော်ရဲ့စကားနဲ့ သင်က ရှိခိုးခဲ့ရဲ့လား'

'ဟုတ်ကဲ့၊ ရှိခိုးခဲ့ပါတယ်။ အဲဒီကမ္ဗလာကိုလည်း ဘုရားရှင် သီတင်းသုံးတဲ့နေရာမှာ မြေအခင်းလုပ်ပြီး သား ရဟန်း ခင်းခဲ့ပါတယ်'

'ချစ်သား၊ သင်က ဘုရားရှင်အား တရားစကားဟောခဲ့တယ် မဟုတ်လား၊ ဘုရားရှင်ကလည်း သင့်အား သာဓုခေါ်တယ်မဟုတ်လား'

'ဒကာမကြီး၊ ဘယ်နည်းနဲ့ သိပါသလဲ'

'ချစ်သား၊ တပည့်တော်ရဲ့အိမ်စောင့်နတ်က ဘုရားရှင်က သင့်အား သာဓုခေါ်တဲ့နေ့မှာ စကြဝဠာတစ်သောင်းက နတ်ဗြဟ္မာအားလုံးဟာ ကောင်းချီးပေးကြတယ်လို့ ပြောပါတယ်။ ချစ်သား၊ သင်ဟောခဲ့တဲ့

http://www.dhammadownload.com



တရားစကားကို ဘုရားရှင်အား ဟောခဲ့တဲ့နည်းအတိုင်းသာ တပည့်တော်အားလည်း ဟောပေးဖို့ လိုလားပါတယ်'

သောဏာမထေရ်က မယ်တော်ကာဠီရဲ့စကားကို လက်ခံတယ်။ ကာဠီဟာ သားလက်ခံတာကိုသိပြီး တံခါးအနီးမှာ မတ္တုပ်ဆောက်လုပ်ခိုင်းကာ ဘုရားရှင်အား ဟောခဲ့တဲ့နည်းနဲ့ပဲ သူမအား တရားစကားကို ဟောပြခိုင်းပါတယ်။

(အံ၊ ဋ္ဌ၊ ပ၊ ၁၈၆)

http://www.dhammadownload.com

# ဥတ္တရာ နန္ဒမာတာ

ဥတ္တရာဟာ ပဒုမုတ္တရဘုရားလက်ထက်က ဟံသာဝတီမြို့ရှိ အမျိုးကောင်းအိမ်မှာ ဖြစ်တယ်။ ဘုရားရှင်ရဲ့ တရားစကားကို ကြားနာရတဲ့အခါ ဥပါသိကာမတစ်ဦးကို ဈာန်နဲ့ပျော်တဲ့ ဥပါသိကာမတွေထဲမှာ အသာဆုံးအရာမှာ ထားနေတဲ့ဘုရားရှင်ကို မြင်ရပြီး ကောင်းမှုပြုကာ အဲဒီရာထူးကို ဆုတောင်းတယ်။ ဥတ္တရာဟာ ကမ္ဘာတစ်သိန်းကာလ ပတ်လုံး နတ် လူ့ဘဝတွေမှာ ကျင်လည်ကာ ဒီဂေါတမဘုရား ပွင့်တော်မူတဲ့အခါ ရာဇဂြိုဟ်မြို့က သုမနသူဌေးကိုအမှီပြုပြီး နေတဲ့ ပုဏ္ဏသီဟရဲ့ မယားဝမ်းဗိုက်မှာ ပဋိသန္ဓေယူတယ်။ ဥတ္တရာလို့ နာမည်မှည့်ကြတယ်။ နက္ခတ်ပွဲသဘင်နေ့တစ်နေ့မှာ ရာဇဂြိုဟ်သူဌေးက ပုဏ္ဏကို အခေါ်ခိုင်းပြီး ပြောတယ်။

'ချစ်သား ပုဏ္ဏ။ နက္ခတ်ပွဲသဘင်ဖြစ်စေ၊ ဥပုသ်နေ့ဖြစ်စေ ဆင်းရဲသူမှာ ဘာလုပ်မှာလဲ။ ဒါပေမဲ့လည်း နက္ခတ်ပွဲသဘင်ရိက္ခာကို ယူပြီး နက္ခတ်ပွဲသဘင် ပျော်ရွှင်မှာလား၊ အားရှိတဲ့နွားတွေကိုရော၊ ထွန်သွားကိုရော ထွန်သန်ကိုပါ ယူကာ လယ်ထွန်မှာလား ပြောပါ'

'အို အရှင်၊ ကျွန်တော်ရဲ့မယားနဲ့အတူ တိုင်ပင်ပြီး သိပါမယ်'

အဲဒီစကားကို မယားအား ပြောပြတယ်။ မယားက ဒီလိုပြောတယ်။

'သူဌေးဆိုတာ အရှင်သခင်ပါ။ အစိုးရသူပါ။ သင်နဲ့အတူ စကားပြောတဲ့ အဲဒီသူဌေးရဲ့စကားဟာ တင့်တယ်ပါတယ်။ ဒါပေမဲ့ သင်က သင့်ရဲ့လယ်ထွန်တဲ့အလုပ်ကို မစွန့်လွှတ်ပါနဲ့'

http://www.dhammadownload.com



ပုဏ္ဏာက မယားရဲ့စကားကို နာယူပြီး လယ်ထွန်ပစ္စည်းကိုယူကာ လယ်ထွန်ဖို့သွားတယ်။ အဲဒီနေ့မှာလည်း အရှင်သာရိပုတ္တရာက နိရောဓ သမာပတ်မှ ထပြီး 'ဒီနေ့ ငါဟာ ဘယ်သူ့အား ချီးမြှောက်သင့်သလဲ'လို့ ဆင်ခြင်တဲ့အခါ ဒီပုဏ္ဏာရဲ့ ရှေးပါရမီအကြောင်းကို မြင်ရတယ်။ ဆွမ်းခံ ချိန်မှာ သပိတ်၊ သင်္ကန်းကိုယူပြီး ပုဏ္ဏာ လယ်ထွန်ရာနေရာကို သွားကာ အနီးအရပ်မှာ မိမိကိုယ်ကို ပြတယ်။ ပုဏ္ဏာကမထေရ်ကိုမြင်ပြီး လယ်ထွန် တာကို ထားခဲ့ကာ မထေရ်ထံ သွားပြီး တည်ခြင်းငါးပါးနဲ့ ရှိခိုးတယ်။ မထေရ်က ပုဏ္ဏာကိုကြည့်ပြီး သဘောတူလျှောက်ပတ်တဲ့ရေကို မေး တယ်။ 'အရှင်မြတ်က မျက်နှာသစ်လိုတာ ဖြစ်လိမ့်မယ်'လို့ ပုဏ္ဏာမှာ အကြံဖြစ်တယ်။ အဲဒီကနောက် လျင်မြန်စွာသွားပြီး ဒန်ပူကို သယ် ဆောင်ကာ အပ်စပ်အောင်လုပ်ပြီး မထေရ်အား လှူတယ်။ မထေရ်က ဒန်ပူကို ခဲစားတဲ့အခါ သပိတ်နဲ့အတူ ရေစစ်ကို သယ်ဆောင်ပြီး ရေနဲ့ပြည့်စေကာ သယ်ဆောင်လာတယ်။ မထေရ်က မျက်နှာသစ်ပြီး ဆွမ်းခံလမ်းကို ကြွတယ်။ ပုဏ္ဏာက ကြံတယ်။

'မထေရ်ဟာ အခြားနေ့တွေမှာ ဒီလမ်းကို မကြွ။ ဒီနေ့တော့ ငါ့ကိုချီးမြှောက်ဖို့ ကြွတာဖြစ်လိမ့်မယ်။ ငါ့မယားဟာ ငါ့အတွက် သယ်ဆောင်လာတဲ့ အစာအာဟာရကို မထေရ်ရဲ့သပိတ်မှာ လောင်း လိုက်ရင် ကောင်းလေစွ'

ပုဏ္ဏာရဲ့မယားက 'ဒီနေ့ဟာ နက္ခတ်ပွဲသဘင်နေ့ပဲ'လို့ သိပြီး နံနက်စောစောပဲ သူ့မှာရတဲ့နည်းအတိုင်း ခဲဖွယ် စားဖွယ်ကို စီစဉ်ကာ ယူပြီး လင့်ရဲ့လယ်ထွန်ရာနေရာကို သွားတယ်။ လမ်းခရီးအကြားမှာ မထေရ်ကို မြင်ပြီး ကြံတယ်။

'အခြားနေ့တွေမှာ မထေရ်ကို မြင်ပြီး ငါ့မှာလှူစရာ မရှိ။ လှူစရာရှိပေမယ့်လည်း ငါ့အရှင်ကို ငါမမြင်ရ၊ ဒီနေ့တော့ နှစ်မျိုးလုံး မျက်မှောက်ဖြစ်နေတယ်။ ငါ့လင်အတွက် တစ်ဖန်ချက်ပြီး သယ်ဆောင် လာမယ်။ ဒီအာဟာရကို မထေရ်အား လှူလိုက်ဦးမယ်'

http://www.dhammadownload.com



စေတနာသုံးတန်နဲ့ ယှဉ်အောင် လုပ်ပြီး အဲဒီစားဖွယ်ကို အရှင်သာရိပုတ္တရာရဲ့သပိတ်မှာ တည်စေကာ 'ဒီလိုဆင်းရဲတဲ့အသက်မွေးမှုမှ လွတ်ရပါလို၏'လို့ လျှောက်ထားတယ်။ မထေရ်ကလည်း 'သင့်ရဲ့အလို ဆန္ဒ ပြည့်ဝပါစေ'လို့ အနုမောဒနာပြုပြီး အဲဒီနေရာမှ ပြန်လှည့်ကာ ကျောင်းကိုကြွသွားတယ်။ မယားကလည်း တစ်ဖန် သူ့အိမ်ကိုသွားကာ လင့်အတွက် အာဟာရကို စီမံပြီး ယူလာတယ်။ လယ်ထွန်ရာ အရပ်ကို သွားပြီး လင်စိတ်ဆိုးမှာကြောက်လို့ ပြောတယ်။

'အို အရှင်၊ ဒီနေ့ တစ်နေ့ပတ်လုံး သင့်ရဲ့စိတ်ကို ထိန်းထားပါ'

'ဘာကြောင့်လဲ'

'ဒီနေ့ ကျွန်မက အာဟာရကို သယ်ဆောင်လာတဲ့အခါ လမ်းခရီးအကြားမှာ မထေရ်ကိုမြင်ပြီး သင့်အဖို့ထမင်းကို မထေရ်ရဲ့သပိတ်မှာ လောင်းထည့်လိုက်ပါတယ်။ တစ်ဖန် အိမ်ကိုသွားပြီး အာဟာရကို ချက်ကာ ယူပြီးလာခဲ့ပါတယ်'

'ရှင်မ၊ သင်က မြတ်နိုးဖွယ်ကို ပြုလုပ်ပါပေတယ်။ ငါကလည်း စောစောကပဲ မထေရ်အား ဒန်ပူကိုရော၊ မျက်နှာသစ်ရေကိုပါ လှူလိုက်ပါတယ်။ ဒီနေ့ ငါတို့အဖို့ ကောင်းတဲ့နံနက်ခင်းပါပဲ။ မထေရ်အတွက် ကိစ္စအားလုံးဟာ ငါတို့ရဲ့ဥစ္စာသာဖြစ်တယ်'

အဲဒီလိုပြောပြီး ဖနီးမောင်နှံနှစ်ယောက်လုံးမှာ စိတ်ဟာ တစ်ထပ်တည်း တူနေပါတော့တယ်။ အဲဒီအခါ ပုဏ္ဏက အာဟာရကိစ္စကို ပြုလုပ်ပြီး မယားရဲ့ပေါင်ပေါ်မှာ ဦးခေါင်းတင်ကာ တစ်ခဏလဲလျောင်းလိုက်တယ်။ အဲဒီအခါ ပုဏ္ဏက အိပ်ပျော်သွားတယ်။ အနည်းငယ် အိပ်ပျော်သွားပြီး နိုးလာတဲ့အခါ ထွန်ထားတဲ့နေရာကို ကြည့်လိုက်တယ်။ ကြည့်လိုက်သမျှနေရာဟာ သပွတ်ခါးပွင့်ကြီးတွေနဲ့ ရောပြွမ်းနေသလို ဖြစ်နေတယ်။ ပုဏ္ဏက မယားကိုပြောတယ်။

'ရှင်မ၊ ဒါက ဘာပါလဲ။ ဒီနေ့ ဒီလယ်ထွန်ထားတဲ့နေရာဟာ ရွှေအဆင်းရှိသလို ထင်ရတယ်'

http://www.dhammadownload.com



'အို အရှင်၊ ဒီနေ့ တစ်နေ့လုံး ပင်ပန်းထားလို့ သင့်ရဲ့မျက်စိတွေက မှုန်ဝါးနေပုံရပါတယ်'

'ရှင်မ၊ ငါ့ကို သင်မယုံရင် သင်ကိုယ်တိုင် ကြည့်ပါ'

အဲဒီအခါ မယားက ကြည့်ပြီး အခြေအနေမှန်ကို ပြောပြတယ်။

'အဲဒါက သင်ပြောတဲ့အတိုင်း ဖြစ်ပါလိမ့်မယ်'

ပုဏ္ဏကထပြီး ထယ်ရေးခဲတစ်ခုကိုယူကာ ထွန်သွားဦးမှာ ရိုက်ပုတ်လိုက်တယ်။ ထန်းလျက်ခဲလို ထွန်သွားဦးမှာ ငြိကပ်ကာ ရပ်တည်နေတယ်။ ပုဏ္ဏက မယားကိုခေါ်ပြီး ပြောတယ်။

'ရှင်မ၊ အခြားသူတွေရဲ့စိုက်ပျိုးတဲ့ မျိုးစေ့ဆိုတာ သုံးလ၊ လေးလနဲ့ အသီးသီးတယ်။ ငါတို့ရဲ့အရှင်သာရိပုတ္တရာထံမှာ စိုက်ပျိုးလိုက်တဲ့ သဒ္ဓါမျိုးစေ့ကတော့ ဒီနေ့ပဲ သေချာပေါက်အကျိုးပေးတယ်။ တစ်ကရီသလောက် ဒီအရပ်မှာ သျှိသျှားသီးလောက် မြေစိုင်ခဲတောင်မှ ရွှေမဖြစ်တာမရှိပါ'

'အို အရှင်၊ အခု ကျွန်မတို့ ဘာလုပ်ကြမလဲ'

'ရှင်မ၊ ဒီလောက်ရှိတဲ့ ဒီရွှေတွေကို ခိုးယူပြီး သုံးစားဖို့ မဖြစ်နိုင်ပါ'

အဲဒီလိုပြောပြီး မယားကို အဲဒီနေရာမှာထားကာ ထမင်းအပြည့်ထည့်ယူလာတဲ့ခွက်ကို ရွှေနဲ့ပြည့်စေပြီး သွားကာ မင်းအား ဒီလိုပြောခိုင်းတယ်။

'လူတစ်ယောက်က ရွှေခွက်ကိုယူပြီး ရပ်တည်နေပါတယ်'

မင်းက ပုဏ္ဏကို အခေါ်ခိုင်းပြီး မေးတယ်။

'ချစ်သား၊ သင်က ဘယ်ကရခဲ့တာလဲ'

'အရှင်မင်း၊ ကျွန်ုပ်ရဲ့လယ်ထွန်ရာအရပ်တစ်ခုလုံးဟာ ရွှေပဲဖြစ်သွားပါတယ်။ စေလွှတ်ပြီး သယ်ဆောင်ခိုင်းပါ'

'သင်က နာမည်ဘယ်လိုလဲ'

http://www.dhammadownload.com



'အရှင်မင်း၊ ပုဏ္ဏမည်ပါတယ်'

'အမောင်တို့၊ သွားကြပါ။ လှည်းတွေတပ်ပြီး ပုဏ္ဏ လယ်ထွန်ရာ အရပ်က ရွှေကို သယ်ဆောင်ခဲ့ကြ'

လှည်းတွေနဲ့အတူ သွားတဲ့ မင်းချင်းယောကျ်ားတွေက 'မင်းရဲ့ ကောင်းမှုပဲ'လို့ ပြောကာ ရွှေခဲတွေကို ယူကြတယ်။ ယူယူသမျှက လည်း ထွန်ခဲချည်းပဲ ဖြစ်သွားပါတယ်။ အဲဒီယောကျ်ားတွေက သွားပြီး မင်းအား ပြောပြကြတယ်။

'အမောင်တို့၊ ဒီလိုဆိုရင် သွားပြီး 'ပုဏ္ဏရဲ့ကောင်းမှုပဲ'လို့ ပြောကာ ယူကြပါ'

ယူယူသမျှဟာ ရွှေချည်းပဲ ဖြစ်နေပါတယ်။ အဲဒီယောကျ်ားတွေက အဲဒီရွှေအားလုံးကို သယ်ဆောင်ကာ မင်းရင်ပြင်မှာ စုပုံကြတယ်။ အစုအပုံဟာ အမြင့်အားဖြင့် ထန်းပင်ပမာဏရှိတယ်။ မင်းက ကုန်သည်တွေကို အခေါ်ခိုင်းပြီး မေးတယ်။

'ဘယ်သူ့အိမ်မှာ ဒီလောက်ရွှေရှိသလဲ'

'အရှင်မင်း၊ ဘယ်သူ့အိမ်မှာမှ မရှိပါ'

'ဒီလောက်ဥစ္စာပိုင်ဆိုင်သူကို ဘာလုပ်သင့်သလဲ'

'အရှင်မင်း၊ ဥစ္စာသူဌေးမည်အောင် သူ့ကိုလုပ်သင့်ပါတယ်'

'ဒီလိုဆိုရင် ပုဏ္ဏကို ဒီမြို့မှာ ဥစ္စာသူဌေးမည်အောင် ပြုလုပ်ကြပါ'

အဲဒီလိုပြောပြီး အဲဒီရွှေအားလုံးကို ပုဏ္ဏအားပဲ ပေးကာ အဲဒီနေ့မှာပဲ ပုဏ္ဏအား သူဌေးရာထူး ပေးလိုက်တယ်။ အဲဒီသူဌေးက မင်္ဂလာ ပြုလုပ်တဲ့အခါ ခုနစ်ရက်ပတ်လုံး ဘုရားအမှူးရှိတဲ့ ရဟန်းအပေါင်းအား အလှူကြီး လှူတယ်။ ခုနစ်ရက်မြောက်နေ့မှာ ဘုရားရှင်ရဲ့ ဆွမ်းအနုမောဒနာတရားကြောင့် ပုဏ္ဏသူဌေးရော၊ မယားရော၊ သမီးပါ အားလုံးပဲ သောတာပန်ဖြစ်ကြတယ်။ နောင်အဖို့မှာ ရာဇဂြိုဟ်သူဌေးက 'ပုဏ္ဏ

http://www.dhammadownload.com



သူဌေးမှာ အရွယ်ရောက်တဲ့ကလေးမ ရှိတယ်’လို့ ကြားရပြီး သူ့သား အတွက် ပုဏ္ဏသူဌေးအိမ်ကို စေလွှတ်တယ်။ ပုဏ္ဏသူဌေးက ရာဇဂြိုဟ် သူဌေးရဲ့သတင်းစကားကို ကြားရပြီး ‘ငါဟာ သမီးကို မပေးအံ့’လို့ သတင်းစကား ပြန်ကြားလိုက်တယ်။ ရာဇဂြိုဟ်သူဌေး သုမနကလည်း တစ်ဖန်စေလွှတ်တယ်။

‘သင်က ငါ့အိမ်မှာမှီပြီး နေကာ အခုတစ်ခဏမျှနဲ့ ချမ်းသာ ကြွယ်ဝလာလို့ ငါ့အား သမီးကလေးမကို မပေး’

အဲဒီကနောက် ပုဏ္ဏသူဌေးက ပြောတယ်။

‘သင်တို့ရဲ့သူဌေးက ဒီသဘာဝကိုသာ ပြောသေးတယ်။ ယောကျ်ားဆိုတာ အမြဲတမ်း ဒီလိုချည်းသာပဲ’လို့ မမှတ်ယူထိုက်ပ ။ မှန်တယ်၊ ငါဟာ အခု အဲဒီလို (သင်တို့လို) ယောကျ်ားတွေကို ကျွန်လုပ်ကာ ယူနိုင်တယ်။ တကယ်တော့ သင့်ရဲ့ဇာတ်နဲ့အနွယ်ကို မပျက်စေလိုပါ။ ပြီးတော့ ငါ့သမီးက သောတာပန်အရိယာသာဝိကာမ ဖြစ်တယ်။ နေ့တိုင်း တစ်ကျပ်တန်ပန်းတွေနဲ့ ပူဇော်မှုပြုတယ်။ သမီး ကို ငါက သင်တို့လို မိစ္ဆာဒိဋ္ဌိ (အယူလွဲမှားသူ) ရဲ့အိမ်ကို မပို့ပါအံ့’

အဲဒီလို ပုဏ္ဏသူဌေးရဲ့ တားမြစ်တဲ့အနေအထားကို သိရပြီး ရာဇဂြိုဟ်သူဌေးက တစ်ဖန် သတင်းစကားပြန်ကြားလိုက်တယ်။

‘ရှေးက ရင်းနှီးမှုကို မဖျက်ဆီးပါနဲ့၊ ငါဟာ ငါ့ချွေးမအတွက် နေ့တိုင်း နှစ်ကျပ်တန် ပန်းတွေကို စီမံခိုင်းပါမယ်’

ပုဏ္ဏသူဌေးက ကောင်းပြီလို့ လက်ခံပြီး သမီးကို သုမနသူဌေး အိမ်ကို ပို့လိုက်တယ်။ တစ်နေ့မှာ ပုဏ္ဏသူဌေးရဲ့သမီး ဥတ္တရာက သူ့လင်ကို ဒီလိုပြောတယ်။

‘ကျွန်မဟာ ကျွန်မရဲ့မိဘအိမ်မှာ တစ်လမှာ ရှစ်ရက်ပတ်လုံး အမြဲ ဥပုသ်စောင့်ပါတယ်။ အခုလည်း သင်တို့လက်ခံရင် ဥပုသ်အင်္ဂါ တွေကို ဆောက်တည်လိုပါတယ်’

http://www.dhammadownload.com



လင်က 'မဖြစ်နိုင်'လို့ ပြောကာ သူမကို လက်မခံ။ သူမက လင်ကိုနားလည်အောင် မပြောနိုင်လို့ ဆိတ်ဆိတ်နေတယ်။ တစ်ဖန် ဝါတွင်းမှာ 'ဥပုသ်စောင့်မယ်'လို့ ကြံကာ အဲဒီအခါမှာလည်း အခွင့် တောင်းရာ မရ။ သူမက ဝါတွင်းမှာ နှစ်လခွဲလွန်တဲ့အခါ ၁၅ ရက် ကျန်တော့ မိဘတွေထံ သတင်းစကားပို့တယ်။

'ကျွန်မကို သင်တို့က ထောင်ထဲထည့်ထားပါတယ်။ ဒီလောက် ကာလမှာ တစ်နေ့တောင်မှ ဥပုသ်အင်္ဂါတွေကို ဆောက်တည်ခွင့်မရပါ။ ကျွန်မထံ အသပြာ ၁၅၀၀၀ ပို့ပေးကြပါ'

မိဘတွေဟာ သမီးထံမှ သတင်းစကားကို ကြားရပြီး 'ဘာ ကြောင့်လဲ'လို့ မမေးဘဲသာ စေလွှတ်လိုက်ကြတယ်။ ဥတ္တရာက အဲဒီ အသပြာတွေကိုယူပြီး အဲဒီမြို့မှာရှိတဲ့ သိရိမာပြည့်တန်ဆာမကို အခေါ် ခိုင်းပြီး ပြောတယ်။

'အမိ သိရိမာ၊ ကျွန်မဟာ ဒီ ၁၅ ရက်ပတ်လုံး ဥပုသ်အင်္ဂါ တွေကို ဆောက်တည်ပါမယ်။ သင်က ဒီအသပြာ ၁၅၀၀၀ ကို ယူပြီး ဒီသူဌေးသားကို ဒီ ၁၅ ရက်ပတ်လုံး ပြုစုလုပ်ကျွေးပါ'

သိရိမာက 'ရှင်မ ကောင်းပါပြီ'လို့ ပြောပြီး လက်ခံလိုက်တယ်။ အဲဒီအချိန်ကစပြီး သူဌေးသားဟာ 'ငါဟာ သိရိမာနဲ့အတူ ဝမ်းမြောက် မယ်'လို့ ကြံကာ ဥတ္တရာရဲ့ ၁၅ ရက်ပတ်လုံး ဥပုသ်စောင့်မှုကို လက်ခံလိုက်တယ်။ ဥတ္တရာဟာ လင်လက်ခံတာကိုသိပြီး နေ့ဝိုင်း နေ့တိုင်း နံနက်စောစောမှာပဲ ကျွန်မအပေါင်းခြံရံကာ ဘုရားရှင်အတွက် ကိုယ်လက်နဲ့ ခဲဖွယ် စားဖွယ်ကို စီမံတယ်။ ဘုရားရှင်က ဆွမ်းကိစ္စ ပြုလုပ်ပြီး ကျောင်းကိုသွားတယ်။ ဥတ္တရာဟာ ဥပုသ်အင်္ဂါတွေကို အဓိဋ္ဌာန်ပြီး ပြာသာဒ်မြတ်ပေါ်တက်ကာ မိမိသီလတွေကို ဆင်ခြင်ရင်း ထိုင်နေတယ်။ အဲဒီလို ၁၅ ရက်ကို ကုန်လွန်စေပြီး ဥပုသ်ကို လွတ်ရာ နေ့မှာ နံနက်စောစောပဲ ယာဂု ခဲဖွယ်စသည်တွေကို စီမံရင်း လှည့်လည်

http://www.dhammadownload.com



တယ်။ အဲဒီအချိန်မှာ သူဌေးသားက သိရိမာနဲ့အတူ ပြာသာဒ်မြတ်ပေါ် ရောက်ရင်း ဓာကွန်ရက်လေသာပြတင်းပေါက်ကို ဖွင့်ပြီး အိမ်ဝိုင်းအတွင်း ကို ကြည့်ရင်း ရပ်တည်နေတယ်။ ဥတ္တရာက လေသာပြတင်းပေါက်နဲ့ အထက်အရပ်ကို ကြည့်တယ်။

သူဌေးသားက ဥတ္တရာကိုကြည့်ပြီး ဒီလိုတွေးကာ ပြုံးတယ်။

'ဒီငရဲသွားမယ့်ကောင်မက ဒီလိုစည်းစိမ်ကို ပယ်စွန့်ပြီး ထမင်း အိုးက မီးသွေးပေကျံကာ အကြောင်းမရှိဘဲ ကျွန်မတွေရဲ့အကြားမှာ လှည့်လည်နေတယ်'

ဥတ္တရာက သူ့လင်မေ့လျော့နေတာကိုသိပြီး 'ဒီလူမိုက်ဟာ သူ့ စည်းစိမ်ကို အမြဲခိုင်မြဲနေတယ်လို့ ထင်မှတ်နေတာဖြစ်မယ်'လို့ တွေးကာ ကိုယ်တိုင်လည်း ပြုံးတယ်။ အဲဒီကနောက် သိရိမာက 'ဒီကျွန်မဟာ ငါရပ်တည်နေပါလျက် ငါ့လင်နဲ့ ဒီလိုပြုံးနေတယ်'လို့ တွေးကာ ဒေါသ ထွက်ပြီး အမြန်ဆင်းသွားတယ်။ ဥတ္တရာက သိရိမာရဲ့လာတဲ့အမူအရာ နဲ့ပဲ 'ဒီအမိုက်မဟာ ၁၅ ရက်မျှ ဒီအိမ်မှာနေပြီး ဒီအိမ်ဟာ ငါ့အိမ်ပဲ လို့ ထင်မှတ်နေတယ်'လို့ သိပြီး မေတ္တာစျာန်ဝင်စားကာ ရပ်တည်နေ တယ်။

သိရိမာကလည်း ကျွန်မတွေရဲ့ကြားမှာ လာပြီး ယောက်ချိုကို ယူကာ မုန့်ကြော်ရာနေရာမှာ ပူလောင်နေတဲ့ဆီနဲ့ ပြည့်စေပြီး ဥတ္တရာရဲ့ ဦးထိပ်ပေါ် သွန်လောင်းလိုက်တယ်။ မေတ္တာစျာန်ပြန့်နေလို့ ဥတ္တရာရဲ့ ဦးထိပ်ပေါ် သွန်လောင်းလိုက်တဲ့ဆီပူဟာ ပဒုမ္မာကြာရွက်ပေါ် လောင်း လိုက်တဲ့ ရေလို လျှောကျသွားတယ်။ အဲဒီခဏမှာ သိရိမာအနီး ရပ်နေ တဲ့ ကျွန်မတွေက သိရိမာကိုကြည့်ကာ 'ဟဲ့ ကျွန်မ၊ သင်က ငါတို့ရဲ့ အရှင်မလက်က အဖိုးအခကို ယူပြီးလာကာ ဒီအိမ်မှာနေတယ်။ ငါတို့ရဲ့ အရှင်မနဲ့တူသူဖြစ်အောင် သင်က အားထုတ်တယ်'လို့ ပြောကာ မျက် မှောက်အရပ်မှာ သူမကို ရေရွတ်ပြောဆိုကြတယ်။ အဲဒီခဏမှာ သိရိမာ

http://www.dhammadownload.com



ဟာ သူ့ညည့်သည်အဖြစ်ကို သိသွားတယ်။ သိရိမာက အဲဒီနေရာမှာပဲ သွားကာ ဥတ္တရာရဲ့ခြေထောက်တွေမှာ ကျပြီးပြောတယ်။

'ရှင်မ၊ ငါဟာ မစူးစမ်းဘဲ ပြုလုပ်မိပါတယ်။ ငါ့အား သည်းခံကြပါ'

'အမိ သိရိမာ၊ ငါဟာ သင့်အား ဒီနေရာမှာ သည်းမခံပါ။ ငါဟာ ဖခင်ရှိတဲ့သမီးပါ။ ဘုရားရှင် သည်းခံမှသာ ငါဟာ သည်းခံပါမယ်'

ဘုရားရှင်ကလည်း ရဟန်းအပေါင်းခြံရံကာ လာပြီး ဥတ္တရာရဲ့ နေအိမ်က ခင်းထားတဲ့နေရာမှာ ထိုင်တယ်။ သိရိမာကသွားပြီး ဘုရားရှင်ရဲ့ခြေတွေမှာ ပျပ်ဝပ်ကာ လျှောက်တယ်။

'မြတ်စွာဘုရား၊ တပည့်တော်ဟာ အရှင်မဥတ္တရာအပေါ် အပြစ်တစ်ခု ပြုလုပ်မိပါတယ်။ ဘုရားရှင်က သည်းခံရင် ငါသည်းခံမယ်လို့ ဥတ္တရာက ပြောပါတယ်။ တပည့်တော်အား သည်းခံပါ ဘုရား'

'သိရိမာ၊ ငါဘုရားက သည်းခံပါတယ်'

သိရိမာဟာ အဲဒီအချိန်မှာ သွားပြီး ဥတ္တရာကို တောင်းပန်တယ်။ အဲဒီနေ့မှာပဲ သိရိမာက ဘုရားရှင်ရဲ့ဆွမ်းအနုမောဒနာကို ကြားနာရပြီး **'ဒေါသသမားကို မေတ္တာ၊ ခန္တီနဲ့ အောင်နိုင်ရာ၏။ မသူတော်ကို သူတော်ကောင်းအဖြစ်နဲ့ အနိုင်ယူရာ၏။ နှမြောသူကို ဒါနနဲ့ အောင်နိုင်ရာ၏။ မုသားသမားကို သစ္စာစကားနဲ့ အနိုင်ယူရာ၏'** ဆိုတဲ့ ဂါထာအဆုံးမှာ သောတာပန်ဖြစ်တယ်။ ဘုရားရှင်ကို ပင့်ဖိတ်ပြီး နောက်နေ့မှာ အလှူကြီး လှူတယ်။ နောင်အခါမှာတော့ ဘုရားရှင်က ဇေတဝန်ကျောင်းမှာ ထိုင်ပြီး ဥပါသိကာမတွေကို ရာထူးတွေမှာ ထားတဲ့အခါ ဥတ္တရာနန္ဒမာတာကို ဈာန်ဝင်စားတဲ့ဥပါသိကာမတွေထဲမှာ အသာဆုံးအရာမှာ ထားတော်မူပါတယ်။

(အံ၊ ဋ္ဌ၊ ပ၊ ၃၄၂)

http://www.dhammadownload.com

# ရောဟိနီ

တစ်ချိန်မှာ အရှင်အနုရုဒ္ဓါက ရဟန်း ၅၀၀ နဲ့အတူ ကပိလဝတ်ကို သွားပါတယ်။ အဲဒီအခါ သူ့ဆွေမျိုးတွေက 'မထေရ် ကြွလာပြီ'လို့ ကြားပြီး မထေရ်ထံလာကြတယ်။ မထေရ်ရဲ့နှမ ရောဟိနီကတော့ မလာပါ။ မထေရ်က ဆွေမျိုးတွေကို မေးပါတယ်။

'ရောဟိနီ ဘယ်မှာလဲ'

'အိမ်ထဲမှာပါ ဘုရား'

'ဘာကြောင့် ဒီကိုမလာတာလဲ'

'သူမရဲ့ခန္ဓာကိုယ်မှာ ကိုယ်ရေပြားရောဂါ ဖြစ်ပေါ်နေလို့ ရှက်တဲ့အတွက် မလာတာပါဘုရား'

'သူမကို ခေါ်လိုက်ကြပါ'

မထေရ်က အခေါ်ခိုင်းပြီး အဝတ်သင်တိုင်းကိုစွပ်ကာ လာတဲ့ ရောဟိနီကို မေးပါတယ်။

'ရောဟိနီ ဘာလို့မလာတာလဲ'

'တပည့်တော်မရဲ့ခန္ဓာကိုယ်မှာ အရေပြားရောဂါဖြစ်ပေါ်နေလို့ ရှက်တဲ့အတွက် မလာတာပါဘုရား'

'သင်ဟာ ကောင်းမှုကို မလုပ်သင့်ဘူးလား'

'ဘာကိုလုပ်ရပါမလဲ ဘုရား'

'နေစရာဇရပ် ဆောက်လုပ်ပါ'

'ဘာကိုယူပြီး လုပ်ရပါမလဲ'

'သင့်မှာ တန်ဆာဆင်စရာဘဏ္ဍာ မရှိဘူးလား'

'ရှိပါတယ် ဘုရား'

http://www.dhammadownload.com



'ဘယ်လောက်တန်ဖိုးရှိလဲ'

'တစ်သောင်းတန်ဖိုးရှိပါလိမ့်မယ်'

'ဒီလိုဆိုရင် အဲဒါကိုစွန့်လွှတ်ပြီး နေစရာဇရပ် ဆောက်လုပ်ပါ'

'အရှင်ဘုရား၊ တပည့်တော်အတွက် ဘယ်သူက ဆောက်လုပ်ပေးမှာလဲ'

မထေရ်က အနီးမှာတည်ရှိနေတဲ့ ဆွေမျိုးတွေကိုကြည့်ကာ 'သင်တို့ရဲ့ တာဝန်ဖြစ်ပါစေ'လို့ ပြောတယ်။

'အရှင်ဘုရား၊ အရှင်ဘုရားကကော ဘာကိုလုပ်မှာပါလဲ'

'ငါလည်း ဒီနေရာမှာပဲ ရှိမယ်။ ဒီလိုဆိုရင် သင်တို့ဟာ သူမအတွက် သစ်သားအဆောက်အဦတွေကို သယ်ဆောင်ကြပါ'

'မှန်ပါ ကောင်းပါပြီ'လို့ လျှောက်ကာ အဲဒီဆွေမျိုးတွေက သယ်ဆောင်လာကြပါတယ်။

မထေရ်က နေရာဇရပ်ကို စီမံရင်း ရောဟိနီကို ပြောတယ်။

'ရောဟိနီ၊ သင်ဟာ နှစ်ထပ်ရှိတဲ့နေရာဇရပ်ကို ဆောက်လုပ်စေပြီး အပေါ်ထပ်မှာ ပျဉ်ချပ်တွေကို ခင်းပြီးတဲ့အချိန်ကစပြီး ဇရပ်အောက်ထပ်မှာ အမြဲတံမြက်လှည်းပြီး နေရာတွေကိုခင်းပါ။ အမြဲ သောက်ရေအိုးတွေကို တည်ထားပါ'

ရောဟိနီက 'ကောင်းပါပြီ ဘုရား'လို့ လျှောက်ကာ တန်ဆာဆင်စရာဘဏ္ဍာကို စွန့်လွှတ်ပြီး နှစ်ထပ်ရှိ နေရာဇရပ်ကို ဆောက်လုပ်စေပါတယ်။ အပေါ်ထပ်မှာ ပျဉ်ချပ်တွေကို ခင်းပြီးတဲ့အချိန်ကစပြီး ဇရပ်အောက်ထပ် တံမြက်လှည်းခြင်းစတဲ့အမှုတွေကို ပြုလုပ်တယ်။ အမြဲတမ်း ရဟန်းတွေက ထိုင်ကြတယ်။ အဲဒီအခါ နေရာဇရပ်ကို တံမြက်လှည်းနေစဉ်မှာပဲ သူမရဲ့ ကိုယ်ရေပြားရောဂါဟာ ညှိုးနွမ်းသွားတယ်။ ရောဟိနီဟာ နေစရာဇရပ် ပြီးစီးသွားတဲ့အခါ ဘုရားအမှူးရှိတဲ့ ရဟန်းအပေါင်းကို ပင့်ပြီး နေရာဇရပ်ကို ပြည့်စေကာ ထိုင်နေတဲ့

http://www.dhammadownload.com



ဘုရားအမှူးရှိ ရဟန်းအပေါင်းအား မွန်မြတ်တဲ့ စားဖွယ် ခဲဖွယ်ကို လှူတယ်။ ဘုရားရှင်က ဆွမ်းကိစ္စပြီးတဲ့အခါ မေးတယ်။

'ဒီအလှူက ဘယ်သူ့ရဲ့အလှူလဲ'

'မြတ်စွာဘုရား၊ တပည့်တော်နှမ ရောဟိနီရဲ့ အလှူပါဘုရား'

'သူမက ဘယ်မှာလဲ'

'အိမ်ထဲမှာပါ ဘုရား'

'သူမကို ခေါ်လိုက်ကြပါ'

ရောဟိနီက မလာချင်ပါ။ မလာချင်ပေမယ့် ရောဟိနီကို ဘုရားရှင်က ခေါ်ခိုင်းတာပါပဲ။ လာပြီးတော့ ရှိခိုးကာ ထိုင်နေတဲ့ရောဟိနီကို မေးပါတယ်။

'ရောဟိနီ၊ ဘာလို့ မလာတာလဲ'

'မြတ်စွာဘုရား၊ တပည့်တော်မရဲ့ ခန္ဓာကိုယ်မှာ အရေပြားရောဂါ ရှိလို့ ရှက်တဲ့အတွက် မလာတာပါ'

'သင့်မှာ အဲဒီရောဂါက ဘာကိုမှီပြီး ဖြစ်တယ်ဆိုတာ သိလား'

'မသိပါ ဘုရား'

'သင့်ရဲ့ဒေါသကိုမှီပြီး ဖြစ်တယ်'

'မြတ်စွာဘုရား၊ တပည့်တော်က ဘာကိုလုပ်ခဲ့ပါသလဲ'

'ရောဟိနီ၊ ဒီလိုဆိုရင် နားထောင်ပါ'

အဲဒီအခါ ရောဟိနီအား ဘုရားရှင်က အတိတ်အကြောင်းအရာကို ပြောပြပါတယ်။

'ရှေးအခါက ဗာရာဏသီမင်းရဲ့ မိဖုရားခေါင်ကြီးဟာ မင်းရဲ့ ကချေသည်မတစ်ယောက်အပေါ် ရန်ငြိုးဖွဲ့ပြီး 'အဲဒီကချေသည်မအပေါ် ဒုက္ခဖြစ်စေမယ်'လို့ တွေးကာ ခွေးလေးယားသီးတွေကို ဆောင်ယူခိုင်းတယ်။ အဲဒီကချေသည်မကို သူမထံအခေါ်ခိုင်းပြီး ကချေသည်မ မသိအောင် ကချေသည်မရဲ့အိပ်ရာမှာရော၊ ကော်ဇောစသည်တွေရဲ့အကြား

http://www.dhammadownload.com



မှာပါ ခွေးလှေးယားသီးအမှုန့်တွေကို ထားခိုင်းတယ်။ ပြက်ရယ်ပြောင်လှောင်မှုကို ပြုသလိုနဲ့ ကချေသည်မရဲ့ကိုယ်ပေါ်မှာလည်း ဖြန့်ကျဲတယ်။ အဲဒီခဏမှာပဲ ကချေသည်မရဲ့ခန္ဓာကိုယ်ဟာ ဖူးဖူးရောင်ကာ အဖုအပိန့်တွေ ဖြစ်လာတယ်။ ကချေသည်မက ယားလို့ သွားပြီးအိပ်ရာပေါ်လဲလျောင်းတယ်။ အဲဒီမှာလည်း ခွေးလှေးယားအမှုန့်တွေက ခဲစားခံရလို့ ပြင်းထန်တဲ့ဆင်းရဲ ဖြစ်ပေါ်လာတယ်။ အဲဒီအချိန်အခါမှာ ရောဟိနီက မိဖုရားခေါင်ကြီး ဖြစ်ခဲ့တယ်'

ဘုရားရှင်က အဲဒီအတိတ်အကြောင်းအရာကို ပြောပြပြီး 'ရောဟိနီ၊ အဲဒီအခါက သင်ဟာ အဲဒီအမှုကို ပြုခဲ့တယ်။ ဒေါသ၊ ဣဿာကို အနည်းငယ်လေးတောင် မပြုလုပ်သင့်သည်သာ'လို့ မိန့်ကာ အောက်ပါတရားစကားကို မိန့်ပါတယ်။

'ဒေါသ၊ မာနကို ပယ်စွန့်ရတယ်။ သံယောဇဉ်အားလုံးကို လွန်မြောက်ရပါတယ်။ နာမ်ရုပ်မှာ မငြိကပ်ဘဲ ကိလေသာကြောင့်ကြမှု မရှိသူထံ ဆင်းရဲတွေက မကျရောက်ကြပါ'

တရားဒေသနာအဆုံးမှာ တရားနာပရိသတ်များစွာဟာ သောတာပန်စသည် ဖြစ်ကြပါတယ်။ ရောဟိနီလည်း သောတာပန်ဖြစ်ပါတယ်။ အဲဒီခဏမှာ ရောဟိနီရဲ့ခန္ဓာကိုယ်ဟာ ရွှေအဆင်းလို အဆင်းရှိသွားပါတယ်။ ရောဟိနီဟာ လူ့ပြည်ကသေပြီး တာဝတိံသာနတ်ပြည်မှာ နတ်သား လေးယောက်ရဲ့ နယ်ပယ်အကြားမှာ ဖြစ်ပါတယ်။ သူမရဲ့ရုပ်ရည်က စိတ်ကိုကြည်လင်စေပါတယ်။ အလွန်တင့်တယ်ပါတယ်။ နတ်သားလေးယောက်လုံးကလည်း အဲဒီနတ်သမီးကို မြင်ပြီး ချစ်ခင်သွားကြလို့ 'ငါ့နယ်ပယ်အတွင်းမှာ ဖြစ်တယ်၊ ငါ့နယ်ပယ်အတွင်းမှာ ဖြစ်တယ်လို့ ငြင်းခုံကာ သိကြားမင်းထံ ရောက်သွားပြီး ပြောကြတယ်။'

'အရှင်သိကြားမင်း၊ ဒီနတ်သမီးကို အမှီပြုပြီး အကျွန်ုပ်တို့မှာ အငြင်းအခုံ ဖြစ်နေပါတယ်။ အဲဒါကို ဆုံးဖြတ်ပေးပါ'

http://www.dhammadownload.com



သိကြားမင်းကလည်း အဲဒီနတ်သမီးကို မြင်မြင်ချင်းပဲ ချစ်ခင်သွားလို့ ဒီလိုပြောပါတယ်။

'ဒီနတ်သမီးကို မြင်ရတဲ့အချိန်ကစပြီး သင်တို့ရဲ့စိတ်တွေ ဘယ်လို ဖြစ်ကြပါသလဲ'

အဲဒီအခါ နတ်သားတစ်ယောက်ပြီးတစ်ယောက် ဒီလိုပြောကြပါတယ်။

'အကျွန်ုပ်မှာ ဖြစ်တဲ့စိတ်က စစ်မြေပြင်က စည်ကြီးလိုပါပဲ။ ကောင်းကောင်းငြိမ်ဝပ်မနေနိုင်ပါ'

'အကျွန်ုပ်ရဲ့စိတ်က တောင်ကျမြစ်ရေလို အလျင်အမြန် သူမဆီပဲ တစ်စီးတည်း စီးနေပါတယ်'

'အကျွန်ုပ် ဒီနတ်သမီးကို မြင်ရတဲ့အချိန်ကစပြီး ပုစွန်ရဲ့မျက်လုံးတွေလိုပဲ ထွက်နေကြပါတယ်'

'အကျွန်ုပ်ရဲ့စိတ်ဟာ စေတီမှာစိုက်ထူထားတဲ့ တံခွန်လိုပဲ မတုန်မလှုပ်အောင် မရပ်တည်နိုင်ပါ'

အဲဒီအခါ အဲဒီနတ်သားလေးယောက်ကို သိကြားမင်းက ပြောပါတယ်။

'မိတ်ဆွေတို့၊ သင်တို့ရဲ့စိတ်တွေကတော့ နှိပ်ကွပ်လို့ရတဲ့သဘောရှိကြသေးတယ်။ ငါကတော့ ဒီနတ်သမီးကိုရရင် အသက်ရှင်ရပါလိမ့်မယ်၊ မရရင် ငါသေရပါလိမ့်မယ်'

နတ်သားတွေက 'သိကြားမင်း၊ သင်သေရတာ အကျိုးမရှိပါ။ သင့်ကို မသေစေလိုပါ'လို့ ပြောကာ အဲဒီနတ်သမီးကို သိကြားမင်းအား စွန့်လွှတ်ကာ ဖဲခွာသွားကြပါတယ်။ ရောဟိနီဟာ သိကြားမင်းရဲ့ ချစ်ခင်မြတ်နိုးရသူလေး ဖြစ်သွားပါတယ်။ 'ဘယ်ပျော်ပွဲသဘင်ကို ငါတို့သွားကြမယ်'လို့ ရောဟိနီက ပြောရင် သိကြားမင်းဟာ ရောဟိနီရဲ့ စကားကို မပယ်ရှားနိုင်ပါ။ (ဓမ္မပဒ၊ ဋ္ဌ၊ ဒု၊ ၁၉၂)

http://www.dhammadownload.com

# ပတိပူဇိကာ

တာဝတိံသာနတ်ပြည်မှာ မာလဘာရီနတ်သားဟာ နတ်သမီးပေါင်း တစ်ထောင်ခြံရံပြီး ဥယျာဉ်ကိုဝင်တယ်။ နတ်သမီး ၅၀၀ ဟာ သစ်ပင်ပေါ်တက်ပြီး ပန်းပွင့်တွေကို ခြွေချကြတယ်။ ကျန်တဲ့နတ်သမီး ၅၀၀ က ကျလာတဲ့ပန်းပွင့်တွေကို ယူကာ နတ်သားကို တန်ဆာဆင်ပေးကြတယ်။ အဲဒီနတ်သမီးတွေထဲက နတ်သမီးတစ်ယောက်ဟာ သစ်ကိုင်းပေါ်မှာပဲ စုတေသွားတယ်။ ခန္ဓာကိုယ်ဟာ ဆီမီးတောက်လိုပဲ ငြိမ်းပျောက်သွားတယ်။ သူမဟာ သာဝတ္ထိမြို့က အမျိုးကောင်းအိမ်မှာ ပဋိသန္ဓေယူပြီး မွေးဖွားလာတဲ့အခါ အရင်ရှေးဘဝကို သတိရလာတယ်။ 'မာလဘာရီနတ်သားရဲ့ မယားဖြစ်တယ်ဆိုတာကို အဖန်ဖန်အမှတ်ရရင်း ကြီးပြင်းလာတယ်။ နံ့သာ ပန်းစသည်တွေနဲ့ ပူဇော်မှုပြုပြီး လင်နတ်သားထံဖြစ်ဖို့ ဆုတောင်းတယ်။ သူမဟာ အသက် ၁၆ နှစ်အရွယ်မှာ လင့်အိမ်လိုက်သွားပေမယ့် စာရေးတံဆွမ်း၊ လဆန်း၊ လဆုတ်ဆွမ်း၊ ဝါဆိုသင်္ကန်းစတဲ့အလှူတွေကို လှူတယ်။ 'ဒီကောင်းမှုဟာ ငါ့လင်နတ်သားထံ ဖြစ်ဖို့ အထောက်အကူဖြစ်ပါစေ'လို့ ပြောတယ်။ အဲဒီအခါ သူမအား ရဟန်းတွေက 'ဒီကလေးမဟာ ထထကြွကြွ ဝီရိယရှိပြီး လင်နတ်သားကိုပဲ တောင့်တတတ်လို့ ပတိပူဇိကာ'လို့ နာမည်မှည့်ပေးကြတယ်။

သူမဟာ အမြဲ နေရာဇရပ်ကို ရှင်းလင်းတယ်။ သောက်ရေကို တည်ထားတယ်။ နေရာတွေကို ခင်းထားတယ်။ အခြားလူတွေကလည်း စာရေးတံဆွမ်းစသည်တွေကို လှူချင်ကြရင် 'သမီး၊ ဒီလှူဖွယ်တွေကို

http://www.dhammadownload.com



ရဟန်းအပေါင်းအား လှူပေးပါ'လို့ ပြောကာ ဆောင်ယူလာပြီး ပေးကြတယ်။ သူမကလည်း အဲဒီနည်းနဲ့လာတဲ့ သွားတဲ့အခါ ခြေတစ်လှမ်း တစ်လှမ်းမှာ ၅၆ မျိုးသော ကုသိုလ်တရားတွေကို ရတယ်။ သူမရဲ့ ဝမ်းဗိုက်မှာ ကိုယ်ဝန်တည်တယ်။ သူမဟာ ၁၀ လ လွန်တဲ့အခါ သားကိုမွေးဖွားတယ်။ အဲဒီသား ခြေထောက်နဲ့သွားနိုင်တဲ့အခါ အခြားသား၊ အခြားသားတွေကိုလည်း ဖွားတယ်။ သား လေးယောက်ရတယ်။ သူမဟာ တစ်နေ့မှာ အလှူ လှူပြီး ပူဇော်မှုပြုကာ တရားနာတယ်။ သိက္ခာပုဒ်တွေကို ဆောက်တည်တယ်။ နေ့အဆုံးမှာ အဲဒီခဏမှာဖြစ်တဲ့ ရောဂါတစ်စုံတစ်ခုကြောင့် သေသွားတယ်။ သူ့လင်နတ်သားထံမှာပဲ ဖြစ်တယ်။ အခြားနတ်သမီးတွေကလည်း အဲဒီလောက်ကာလပတ်လုံး နတ်သားကို တန်ဆာဆင်မြဲသာ ဆင်နေကြတယ်။ နတ်သားက သူမကို မြင်ပြီး မေးတယ်။

'သင့်ကို နံနက်စောစောကပဲ စပြီးမမြင်တွေ့ရ၊ သင်ဟာ ဘယ်ကို သွားနေသလဲ'

'အို အရှင်နတ်သား၊ ငါဟာ စုတေသွားပါတယ်'

'သင်က ဘာကိုပြောလိုက်တာလဲ'

'အို အရှင်၊ အဲဒါဟာ အဲဒီအတိုင်းပါပဲ'

'သင်ဟာ ဘယ်အရပ်မှာ ဖြစ်သလဲ'

'သာဝတ္ထိမြို့က အမျိုးကောင်းအိမ်မှာပါ'

'အချိန်ဘယ်လောက် အဲဒီမှာ ရှိဘည်ခဲ့ပါသလဲ'

'ဆယ်လလွန်တဲ့အခါ အမိရဲ့ဝမ်းတိုက်မှထွက်ပြီး ၁၆ နှစ်အရွယ်မှာ လင့်အိမ်ကို သွားပါတယ်။ သား ၄ ယောက်ကို မွေးဖွားခဲ့ပါတယ်။ ဒါနစတဲ့ကောင်းမှုတွေကို ပြုလုပ်ခဲ့ပါတယ်။ သင်နတ်သားကို တောင့်တပြီး လာကာ သင်နတ်သားထံမှာပဲ ဖြစ်လာပါတယ် အရှင်'

'လူတွေရဲ့သက်တမ်းက ဘယ်လောက်ပါလဲ'

http://www.dhammadownload.com



'၁၀၀ မျှပါပဲ'

'အဲဒီလောက်ပဲလား'

'ဟုတ်ပါတယ် အရှင်နတ်သား'

'ဒီလောက်အသက်ကိုယူပြီး ဖြစ်ကြတဲ့လူတွေက အိပ်ပျော်မေ့လျော့ကာ အချိန်ကို ကုန်လွန်စေကြသလား၊ ဒါမှမဟုတ် ဒါနစတဲ့ကောင်းမှုတွေကို ပြုလုပ်ကြသလား'

'အို အရှင်၊ ဘာကိုပြောလိုက်ပါလိမ့်။ လူတွေက မရေမတွက်နိုင်တဲ့ အသက်တမ်းကိုယူပြီး ဖြစ်ကြသူတွေလိုရော၊ မအို မသေသူတွေလိုပါ အမြဲမေ့လျော့နေကြပါတယ်'

မာလဘာရီနတ်သားမှာ ဒီလိုအကြီးအကျယ်သံဝေဂဖြစ်ပါတယ်။

'အသက်တမ်း ၁၀၀ လောက်ကို ယူပြီး ဖြစ်ကြတဲ့လူတွေဟာ မေ့လျော့ပြီး လဲလျောင်းကာ အိပ်ပျော်နေကြသတဲ့။ ဘယ်အခါမှ ဆင်းရဲက လွတ်ကြမှာလဲ'

လူတွေရဲ့ အနှစ် ၁၀၀ ဟာ တာဝတိံသာနတ်တွေအဖို့ ညနေတစ်ခုပါပဲ။ ညပေါင်း ၃၀ က တစ်လ၊ ၁၂ လက တစ်နှစ်၊ အဲဒီနှစ်နဲ့ နတ်သက်တစ်ထောင်ဟာ တာဝတိံသာနတ်တွေရဲ့ အသက်အတိုင်းအတာပဲ။ အဲဒီနတ်သက်တမ်းဟာ လူ့သက်အရေအတွက်နဲ့ နှစ်ပေါင်းသုံးကုဋေခြောက်သန်း ရှိပါတယ်။ ဒါကြောင့် အဲဒီနတ်သားအဖို့ တစ်နေ့တောင်မှ မကုန်လွန်သေးပါ။ တစ်မှုဟုတ်နဲ့တူတဲ့အချိန် ဖြစ်နေပါတယ်။ အဲဒီလို အသက်တိုတဲ့လူတွေမှာ မေ့လျော့တယ်ဆိုတာ အလွန်ပဲ မသင့်လျော်ပါ။

နောက်နေ့မှာ ရဟန်းတွေက ရွာထဲဝင်ကြတဲ့အခါ မသန့်ရှင်းရသေးတဲ့ နေရာဇရပ်၊ မခင်းရသေးတဲ့နေရာတွေ၊ မတည်ရသေးတဲ့ သောက်ရေကို မြင်ကာ မေးကြတယ်။

'ပတိပူဇိကာဟာ ဘယ်မှာလဲ'

http://www.dhammadownload.com



'အရှင်ဘုရားတို့၊ အရှင်ဘုရားတို့ဟာ ပတိပူဇိကာကို ဘယ်မှာ မြင်ကြရမှာလဲ။ မနေ့က အရှင်ဘုရားတို့ ဆွမ်းဘုဉ်းပေးပြီး သွားတဲ့အခါ သူမဟာ ညနေအချိန်မှာ သေသွားပါတယ်'

အဲဒီစကားကို ကြားရပြီး ပုထုဇဉ်ရဟန်းတွေက သူမရဲ့ကျေးဇူးကို အောက်မေ့ကြကာ မျက်ရည်မဆည်နိုင် ဖြစ်ကြတယ်။ ရဟန္တာတွေမှာ တရားသံဝေဂဖြစ်တယ်။ အဲဒီရဟန်းတွေက ဆွမ်းကိစ္စပြုလုပ်ပြီး ကျောင်းကိုသွားကာ ဘုရားရှင်ကို ရှိခိုးပြီး မေးကြတယ်။

'မြတ်စွာဘုရား၊ ပတိပူဇိကာမည်တဲ့ ဥပါသိကာမဟာ ထကြွလုံ့လရှိပြီး ကောင်းမှုအမျိုးမျိုးတွေကို ပြုလုပ်ကာ လင်နတ်သားကိုပဲ တောင့်တပါတယ်။ သူမဟာ အခုသေသွားပါပြီ။ ဘယ်အရပ်မှာ ဖြစ်နေပါသလဲ'

'ရဟန်းတို့၊ သူမရဲ့လင်ထံမှာပဲ ဖြစ်တယ်'

'မြတ်စွာဘုရား၊ သူ့လင်ထံမှာ မရှိပါ'

'ရဟန်းတို့၊ သူမက အဲဒီလင်ကိုတောင့်တတာမဟုတ်၊ တာဝတိံသာနတ်ပြည်က မာလဘာရီနတ်သားဆိုတာ သူမရဲ့လင်ပဲ။ သူမဟာ အဲဒီလင်နတ်သားကို ပန်းပန်ဆင်ပေးရာနေရာမှ စုတေကာ တစ်ဖန်လာပြီး သူ့လင်နတ်သားထံမှာပဲ ဖြစ်တယ်'

'မြတ်စွာဘုရား၊ အဲဒီအတိုင်း ဖြစ်ပါသတဲ့လား'

'ရဟန်းတို့၊ ဟုတ်တယ်'

'မြတ်စွာဘုရား၊ သတ္တဝါတွေရဲ့အသက်ဟာ သြော် တိုတောင်းလှပါပေတယ်။ နံနက်စောစောကပဲ တပည့်တော်တို့ကို ပြုစုလုပ်ကျွေးပြီး ညနေမှာဖြစ်တဲ့အနာနဲ့ သေသွားပါတယ်'

ဘုရားရှင်က အောက်ပါအတိုင်း မိန့်ပါတယ်။

'ရဟန်းတို့၊ ဟုတ်တယ်။ သတ္တဝါတွေရဲ့အသက်ဆိုတာ တိုတယ်။ ဒါကြောင့်ပဲ ဒီသတ္တဝါတွေ ဝတ္ထုကာမ၊ ကိလေသာကာမတွေနဲ့

http://www.dhammadownload.com



မတင်းတိမ်မီမှာပဲ သေမင်းက သူ့အလိုပါအောင် ဝိုကြွေးမြည်တမ်းနေသူတွေကို ယူဆောင်သွားတယ်'

အောက်ပါဂါထာစကားကိုလည်း မိန့်ပါတယ်။

'ကာမဂုဏ်အာရုံပန်းတွေကို ဆွတ်ခူးပြီး ငြိကပ်တွယ်တာနေတဲ့ လူအပေါင်းကို ကာမဂုဏ်တွေမှာ မတင်းတိမ်မီမှာပဲ သေမင်းက သူ့အလိုပါအောင် လုပ်သွားတယ်'

တရားဒေသနာအဆုံးမှာ လူအများဟာ သောတာပန်စသည် ဖြစ်ကြတယ်။ တရားဒေသနာဟာ လူအများအတွက် အကျိုးများတယ်။

(ဓမ္မပဒ၊ ဋ္ဌ၊ ပ၊ ၂၂၉)

http://www.dhammadownload.com

# ပုဏ္ဏာ

ရာဇဂြိုဟ်သူဌေးမှာ ပုဏ္ဏာဆိုတဲ့ ကျွန်မရှိတယ်။ ကောက်စပါးများစွာကို အဲဒီပုဏ္ဏာအား တစ်နေ့ပတ်လုံး ထောင်းဖို့ ပေးထားကြတယ်။ ပုဏ္ဏာဟာ ညအခါမှာလည်း ဆီမီးထွန်းကာ ကောက်ကိုထောင်းတယ်။ အပန်းဖြေဖို့ ချွေးစိုနေတဲ့ကိုယ်ခန္ဓာနဲ့ ပြင်ပလေမှာ ရပ်တည်နေတယ်။ အဲဒီအချိန်မှာ မလ္လမင်းရဲ့သား အရှင်ဒဗ္ဗက ရဟန်းတွေအတွက် နေရာခင်းပေးနေတယ်။ အရှင်ဒဗ္ဗက တရားနာကြားပြီး မိမိ မိမိနေရာကို သွားကြတဲ့ ရဟန်းတွေအတွက် လက်ချောင်းကို အရောင်တောက်ပစေပြီး ရှေ့က ရှေ့ကလမ်းညွှန်ဖို့ သွားတဲ့အခါ ရဟန်းတွေအတွက် အလင်းရောင်ကို ဖန်ဆင်းတယ်။ ပုဏ္ဏာက အဲဒီအရောင်နဲ့ တောင်မှာလှည့်လည်နေတဲ့ ရဟန်းတွေကို မြင်ရပြီး 'ငါက ကိုယ့်ရဲ့ဒုက္ခက နှိပ်စက်ခံရလို့ ဒီအချိန်မှာ မအိပ်ရ၊ အရှင်မြတ်တွေက ဘာကြောင့်မအိပ်ကြပါလိမ့်'လို့ ကြံကာ 'သေချာပေါက် ရဟန်းတစ်ပါးပါးမှာ မကျန်းမာမှုရင်လည်း ဖြစ်မယ်၊ မြွေကြောင့် အန္တရာယ်ရင်လည်း ဖြစ်မယ်'လို့ မှတ်သားပြီး နံနက်စောစောပဲ ဆန်မှုန့်ကိုယူတယ်။ ရေနဲ့ဆွတ်ပြီး လက်ဝါးအပြင်မှာ မုန့်လုပ်တယ်။ မီးကျီးတွေအပေါ် ကင်တယ်။ ခါးပိုက်ထဲထည့်ပြီး ရေဆိပ်သွားလမ်းမှာ စားမယ်လို့ကြံကာ အိုးကိုယူပြီး ရေဆိပ်ဆီ ရှေ့ရှုသွားတယ်။ ဘုရားရှင်လည်း ရွာထဲဆွမ်းခံဝင်ဖို့ အဲဒီလမ်းကိုပဲ ကြွသွားတယ်။

ပုဏ္ဏာဟာ ဘုရားရှင်ကို မြင်ရပြီး ဒီလိုကြံတယ်။

'အခြားနေ့တွေမှာ ဘုရားရှင်ကို မြင်ရပေမယ့်လည်း ငါ့မှာ

http://www.dhammadownload.com



လှူဖွယ်က မရှိ၊ လှူဖွယ်က ရှိပေမယ့် ဘုရားရှင်ကို မဖူးတွေ့ရ။ အခု ငါ့မှာလှူဖွယ်ကလည်း ရှိနေတယ်၊ ဘုရားရှင်ကလည်း မျက်မှောက် ရောက်နေတယ်။ ကြမ်းတမ်းတယ်၊ မွန်မြတ်တယ်လို့ မစဉ်းစားဘဲ ခံယူခဲ့ရင် ဒီမုန့်ကို ငါလှူချင်တယ်'

အိုးကို သင့်တင့်ရာနေရာမှာထားပြီး ဘုရားရှင်ကို ရှိခိုးကာ လျှောက်တယ်။

'မြတ်စွာဘုရား၊ ဒီညံ့တဲ့အလှူကို ခံယူပြီး တပည့်တော်အား ချီးမြှောက်တော်မူပါ'

ဘုရားရှင်က အရှင်အာနန္ဒာကိုကြည့်ပြီး အရှင်အာနန္ဒာက ထုတ်ဆောင်ပြီး ပေးတဲ့ နတ်မင်းကြီးလေးဦး အလှူသပိတ်ကို ရှေ့ညွှတ်ပေးကာ မုန့်ကိုခံယူတယ်။ ပုဏ္ဏာကလည်း အဲဒီမုန့်ကို ဘုရားရှင်ရဲ့သပိတ်မှာ တည်စေပြီးမှသာ တည်ငြင်းငါးပါးနဲ့ ရှိခိုးကာ လျှောက်တယ်။

'မြတ်စွာဘုရား၊ အရှင်ဘုရားတို့ မျက်မှောက်တွေ့ရတဲ့တရားပဲ တပည့်တော်မှာ ပြီးစီးပြည့်စုံပါစေ'

ဘုရားရှင်က 'ဒီအတိုင်းဖြစ်ပါစေ'လို့ ရပ်ရင်းပဲ အနုမောဒနာ ပြုတော်မူတယ်။ ပုဏ္ဏာကလည်း ဒီလိုကြံတယ်။

'ဘုရားရှင်က ငါ့ကိုချီးမြှောက်လိုလို့ မုန့်ကိုခံယူစေဦးတော့၊ ဒီမုန့်ကို ဘုဉ်းပေးမှာမဟုတ်ပါ။ တကယ်တော့ ရှေ့မှာပဲ ကျီးအားဖြစ်ဖြစ်၊ ခွေးအားဖြစ်ဖြစ် လှူပြီး မင်း သို့မဟုတ် မင်းသားရဲ့အိမ်ကိုသွားကာ မွန်မြတ်တဲ့စားဖွယ်ကို ဘုဉ်းပေးလိမ့်မယ်'

ဘုရားရှင်ကလည်း 'အဲဒီပုဏ္ဏာဟာ ဘာကိုကြံစည်နေသလဲ'လို့ စူးစမ်းဆင်ခြင်တဲ့အခါ ပုဏ္ဏာရဲ့စိတ်ဖြစ်ပုံကို သိပြီး အရှင်အာနန္ဒာကို ကြည့်ကာ ထိုင်မယ့်အခြင်းအရာကို ပြတယ်။ မထေရ်က သင်္ကန်းကို ခင်းပြီးပေးတယ်။ ဘုရားရှင်က မြို့အပြင်ဘက်မှာပဲထိုင်ကာ ဆွမ်းကိစ္စ ပြုလုပ်တယ်။ နတ်တွေက စကြဝဠာတစ်တိုက်လုံးမှာရှိတဲ့ နတ်လူတွေ

http://www.dhammadownload.com



အား လောက်တော့်ဩဇာကို ပျားလပို့လို ညှစ်ကာ အဲဒီဆွမ်းမှာထည့်ကြတယ်။ ပုဏ္ဏာကလည်း ကြည့်ရင်း ရပ်တည်နေတယ်။ ဆွမ်းကိစ္စအဆုံးမှာ မထေရ်က ရေကိုလှူတယ်။ ဘုရားရှင်က ဆွမ်းကိစ္စပြုလုပ်ပြီး ပုဏ္ဏာကိုခေါ်ကာ မေးတယ်။

'ပုဏ္ဏာ၊ သင်က ငါ့ရဲ့တပည့်တွေကို ဘာကြောင့်ကဲ့ရဲ့ရတာလဲ'

'မြတ်စွာဘုရား၊ တပည့်တော် မကဲ့ရဲ့ပါ'

'အဲဒီလိုဆိုရင် သင်က ငါ့တပည့်တွေကို ကြည့်ပြီး ဘာကိုပြောသလဲ'

'ငါကတော့ ဒီဒုက္ခနှိပ်စက်လို့ အိပ်မပျော်၊ အရှင်ကောင်းတွေက ဘယ်အကျိုးငှာ မအိပ်ကြတာလဲ။ စင်စစ် တစ်ပါးပါးမှာ မကျန်းမာမှုရင်လည်း ဖြစ်မယ်၊ မြွေကြောင့် ဘေးရန်ရင်လည်း ဖြစ်မယ်လို့ ဒီလောကဲပဲ တပည့်တော် ကြံစည်မိပါတယ်'

ဘုရားရှင်က ပုဏ္ဏာရဲ့စကားကို ကြားရပြီး ဒီလိုမိန့်ပါတယ်။

'ပုဏ္ဏာ၊ သင်က ဆင်းရဲနှိပ်စက်လို့ အိပ်မပျော်၊ ငါ့တပည့်တွေက အမြဲနိုးနိုးကြားကြား တရားအားထုတ်ကြလို့ မအိပ်ကြ'

**'အမြဲနိုးကြားပြီး နေ့ရော ညပါ သိက္ခာသုံးပါးကျင့်ကာ နိဗ္ဗာန်ကို လိုလားသူတွေမှာ အာသဝေါတွေဟာ ချုပ်ပျောက်ကြတယ်'**

တရားဒေသနာအဆုံးမှာ ရပ်နေတဲ့ပုဏ္ဏာဟာ သောတာပန်ဖြစ်သွားတယ်။ ရောက်လာတဲ့ပရိသတ်မှာလည်း တရားဒေသနာဟာ အကျိုးရှိသွားပါတယ်။

(ဓမ္မပဒ၊ ၄၊ ၃၊ ၂၁၇)

http://www.dhammadownload.com

# နကုလမာတာ

နကုလပိတာဟာ ဘဂ္ဂတိုင်း၊ သုသုမာရဂိရိမြို့က သူဌေးအမျိုးမှာ ဖြစ်တယ်။ ဘုရားရှင်ကလည်း ရဟန်းအပေါင်းခြံရံကာ ခရီးလှည့်လည်တဲ့အခါ အဲဒီသုသုမာရဂိရိမြို့ကို ရောက်ပြီး ဘေသကဠာတောမှာ သီတင်းသုံးတယ်။ အဲဒီအခါ နကုလပိတာသူကြွယ်က သုသုမာရဂိရိမြို့နေလူတွေနဲ့အတူ ဘုရားရှင်ထံသွားကာ ပထမဆုံး ဖူးမြင်ရတာနဲ့ပဲ နကုလပိတာရော၊ နကုလမာတာပါ ဘုရားရှင်ကို 'ဒီသူဟာ ငါတို့ရဲ့သားပဲ'လို့ အမှတ်ထားကာ နှစ်ယောက်လုံးပဲ ဘုရားရှင်ခြေတော်တွေမှာ ပျပ်ဝပ်ကာ လျှောက်ကြတယ်။

'ချစ်သား၊ သင်ဟာ ဒီလောက်ကာလပတ်လုံး ငါတို့ကိုစွန့်ပစ်ပြီး ဘယ်မှာလှည့်လည်နေပါသလဲ'

ဒီနကုလပိတာသူကြွယ်ဟာ ရှေးဘ၀ ၅၀၀ ပတ်လုံး ဘုရားရှင်ရဲ့ဖခင်ဖြစ်ခဲ့ပါတယ်။ ဘ၀ ၅၀၀ ပတ်လုံး ဘထွေးဖြစ်ခဲ့တယ်။ ဘ၀ ၅၀၀ ပတ်လုံး ဘကြီးဖြစ်ခဲ့တယ်။ ဘ၀ ၅၀၀ ပတ်လုံး ဦးကြီး (အမေ့မောင်) ဖြစ်ခဲ့တယ်။ နကုလမာတာကလည်း ဘ၀ ၅၀၀ ပတ်လုံး ဘုရားရှင်ရဲ့မိခင်ဖြစ်ခဲ့တယ်။ ဘ၀ ၅၀၀ ပတ်လုံး ဒေါ်လေး (အမေ့ညီမ) ဖြစ်ခဲ့တယ်။ ဘ၀ ၅၀၀ ပတ်လုံး ဒေါ်ကြီး (အမေ့အစ်မ) ဖြစ်ခဲ့တယ်။ ဘ၀ ၅၀၀ ပတ်လုံး အရီး (အဖေ့နှမ) ဖြစ်ခဲ့တယ်။ အဲဒီလို အချိန်ကြာမြင့်စွာ ချစ်ခင်မှုက အစဉ်လိုက်လာလို့ ဘုရားရှင်ကို မြင်လျှင်မြင်ချင်းပဲ သားလို့အမှတ်ပြုကာ ကောင်းစွာမတည်နိုင်ကြ။ ဘုရားရှင်က သူတို့ရဲ့စိတ် ကျေနပ်မှုမရသေးသမျှ 'ဖယ်သွားကြ'လို့ မပြောပါ။

http://www.dhammadownload.com



အဲဒီအခါ သူတို့ရဲ့စိတ်အလိုအတိုင်း သတိရပြီး အလယ်အလတ်ဖြစ်တဲ့ သူတို့ရဲ့အဇ္ဈာသယကို သိကာ တရားဟောပါတယ်။ တရားဒေသနာ အဆုံးမှာ နှစ်ယောက်လုံးပဲ သောတာပန်ဖြစ်သွားကြပါတယ်။

ဘုရားရှင်က နောင်အခါမှာ သူတို့အသက်ကြီးလာတဲ့အခါ တစ်ဖန် အဲဒီမြို့ကိုကြွပါတယ်။ သူတို့ဇနီးမောင်နှံက 'ဘုရားရှင် ကြွလာတယ်'လို့ ကြားရပြီး ဘုရားရှင်ထံသွားကာ တည်ခြင်းငါးပါးနဲ့ ရှိခိုးတယ်။ နက်ဖြန်ကောင်းမှုအတွက် ပင့်ဖိတ်ပြီး နောက်နေ့မှာ သူတို့ အိမ်မှာ ဘုရားအမှူးရှိတဲ့ ရဟန်းအပေါင်းကို အကောင်းဆုံးအရသာ အမျိုးမျိုးတွေနဲ့ ပြုစုလုပ်ကျွေးတယ်။ ဆွမ်းကိစ္စပြီးတဲ့ ဘုရားရှင်ထံ ချဉ်းကပ်ပြီး သင့်တင့်ရာအရပ်မှာ ထိုင်ကြတယ်။ သင့်တင့်ရာအရပ်မှာ ထိုင်နေတဲ့ နကုလပိတာသူကြွယ်က ဘုရားရှင်ကို အောက်ပါအတိုင်း လျှောက်ပါတယ်။

'မြတ်စွာဘုရား၊ တပည့်တော်ဟာ ငယ်ရွယ်စဉ်ကပဲ ငယ်ရွယ်သူ နကုလမာတာကို ထိမ်းမြားဆောင်ယူခဲ့တဲ့အချိန်ကစပြီး နကုလမာတာကို လွန်ပြီး စိတ်နဲ့တောင်ကျင့်တာကို တပည့်တော် မသိစဖူးပါ။ ကိုယ်နဲ့ကတော့ ပြောစရာတောင် မလိုပါ။ တပည့်တော်တို့ဟာ ဒီဘဝမှာရော၊ နောင်ဘဝမှာပါ အချင်းချင်းကို မြင်တွေ့လိုကြပါတယ်'

နကုလမာတာကလည်း ဘုရားရှင်ကို အောက်ပါအတိုင်း လျှောက်ပါတယ်။

'မြတ်စွာဘုရား၊ ငယ်ရွယ်တဲ့တပည့်တော်ကို နကုလပိတာ ငယ်ရွယ်စဉ်ကပဲ ဆောင်ယူခဲ့ပါတယ်။ အဲဒီအချိန်ကစပြီး နကုလပိတာကို လွန်ပြီး စိတ်နဲ့တောင် ကျင့်တာကို တပည့်တော် မသိစဖူးပါ။ ကိုယ်နဲ့ ကတော့ ပြောစရာတောင် မလိုပါ။ တပည့်တော်တို့ဟာ ဒီဘဝမှာရော၊ နောင်ဘဝမှာပါ အချင်းချင်းကို မြင်တွေ့လိုကြပါတယ်'

ဘုရားရှင်က အခုဘဝမှာရော နောင်ဘဝမှာပါ အချင်းချင်းကို

http://www.dhammadownload.com



မြင်တွေ့လိုကြရင် သဒ္ဓါ၊ သီလ၊ စာဂ၊ ပညာတူမျှကြဖို့ မိန့်တော်မူပါတယ်။ နောင်အခါမှာ ဘုရားရှင်က ဇေတဝန်ကျောင်းမှာ သီတင်းသုံးစဉ် နကုလမာတာကို ငါဘုရားနဲ့ အကျွမ်းတဝင် ခင်မင်ရင်းနှီးတဲ့စကားကို ပြောဆိုတဲ့တပည့် ဥပါသိကာမတွေထဲမှာ အသာဆုံးအရာမှာ ထားရှိတော်မူပါတယ်။ (အံ၊ ဋ္ဌ၊ ၁၊ ၃၀၇)

http://www.dhammadownload.com

# အသန္ဓိမိတ္တာ

ကရဝိက်ငှက်ဟာ ချိုမြိန်တဲ့အရသာရှိတဲ့ သရက်သီးမှည့်ကို နှုတ်သီးနဲ့ ပုတ်ခတ်ပြီး ယိုစီးလာတဲ့အရေကို သောက်တယ်။ တောင်ပံနဲ့ရိုက်ခတ်ပြီ ကူမြည်တဲ့အခါ အခြေလေးချောင်းရှိ သတ္တဝါတွေဟာ ယစ်မူးသူတွေပမာ ပျော်မြူးဖို့ ကြိုးစားကြတယ်။ စားကျက်မှာ လှည့်လည်နေတဲ့ အခြေလေးချောင်းရှိ သတ္တဝါတွေတောင် ပါးစပ်ထဲရောက်နေတဲ့ မြက်တွေကိုစွန့်ပြီး အဲဒီကရဝိက်ငှက်သံကို နားထောင်ကြတယ်။ သားရဲတွေဟာ သားကောင်ငယ်တွေနောက် လိုက်ကြတဲ့အခါ မြှောက်ထားတဲ့ခြေကို မချဘဲသာ ရပ်တည်ကြတယ်။ အလိုက်ခံရတဲ့ သားကောင်တွေကလည်း သေဘေးကိုစွန့်ပြီး ရပ်တည်ကြတယ်။ ကောင်းကင်မှာ ပျံသန်းနေတဲ့ ငှက်တွေကလည်း တောင်ပံတွေကိုဖြန့်ကာ အဲဒီကရဝိက်ငှက်သံကို နားထောင်လျက်သာ ရပ်တည်ကြတယ်။ ရေက ငါးတွေကလည်း ပါးဟက်ကို ရိုက်ပုတ်ကာ အဲဒီကရဝိက်ငှက်သံကို နားထောင်လျက်သာ ရပ်တည်နေကြတယ်။ ကရဝိက်ငှက်သံဟာ အဲဒီလောက်ချိုမြိန်တယ်။

ဓမ္မာသောကမင်းရဲ့ မိဖုရားဖြစ်တဲ့ အသန္ဓိမိတ္တာကလည်း သံဃာကို မေးလျှောက်တယ်။

'အရှင်ဘုရားတို့၊ ဗုဒ္ဓအသံနဲ့တူတဲ့ အသံတစ်စုံတစ်ရာ ရှိပါသလား'

'ကရဝိက်ငှက်ရဲ့ အသံရှိတယ်'

'အဲဒီကရဝိက်ငှက်တွေဟာ ဘယ်မှာပါလဲ ဘုရား'

'ဟိမဝန္တာမှာပါ'

http://www.dhammadownload.com



အသန္ဓိမိတ္တာက ဓမ္မာသောကမင်းကို ပြောတယ်။

'အရှင်မင်း၊ ကျွန်မ ကရဝိက်ငှက်ကို မြင်ချင်ပါတယ်'

မင်းက 'ဒီလှောင်အိမ်မှာထိုင်ကာ ကရဝိက်ငှက်ဟာ လာပါစေ' လို့ အဓိဋ္ဌာန်ကာ ရွှေလှောင်အိမ်ကို လွှတ်လိုက်တယ်။ လှောင်အိမ်က သွားပြီး ကရဝိက်ငှက်တစ်ကောင်ရဲ့ရှေ့မှာ ရပ်တည်တယ်။ အဲဒီ ကရဝိက်ငှက်က 'မင်းရဲ့အာဏာနဲ့ လာတဲ့လှောင်အိမ်ပဲ။ မသွားလို့ မသင့်'လို့ ကြံဟာ အဲဒီလှောင်အိမ်မှာ ထိုင်တယ်။ လှောင်အိမ်က လာပြီး မင်းရဲ့ရှေ့မှာ ရပ်တည်တယ်။ ကရဝိက် အသံမြည်အောင် မလုပ်နိုင်ကြ။ အဲဒီအခါ မင်းက မေးတယ်။

'အမောင်တို့၊ ဒီကရဝိက်ငှက်တွေဟာ ဘာလို့အသံမမြည်ကြ တာလဲ'

'အရှင်မင်း၊ ဆွေမျိုးတွေကို မမြင်ရလို့ပါ'

အဲဒီအခါ အဲဒီကရဝိက်ငှက်ကို မင်းက မှန်တွေဝိုင်းရံထားခိုင်းပါတယ်။ ကရဝိက်ငှက်က သူ့အရိပ်ကိုမြင်ရပြီး 'ငါ့ဆွေမျိုးတွေ လာကြပြီ'လို့ ထင်မှတ်ကာ အတောင်ကိုရိုက်ခတ်ပြီး ချိုမြိန်တဲ့အသံနဲ့ ပတ္တမြားပလွေကို မှုတ်လိုက်သလို မြည်အော်တယ်။ တစ်မြို့လုံးက လူတွေဟာ ယစ်မူးသူတွေပမာ ပျော်မြူးကြတယ်။ အသန္ဓိမိတ္တာက 'ဒီတိရစ္ဆာန်ရဲ့အသံကတောင် ဒီလောက်ချိုမြိန်တယ်၊ သဗ္ဗညုတဉာဏ်ကို ရောက်တဲ့ ဘုရားရှင်ရဲ့အသံက ဘယ်လိုနေလေမလဲ'လို့ တွေးကာ ပီတိကို ဖြစ်စေပြီး အဲဒီပီတိကို မစွန့်ဘဲ မောင်းမ ၇၀၀ နဲ့အတူ သောတာပန်ဖြစ်တယ်။ ကရဝိက်ငှက်ရဲ့အသံက အဲဒီလောက်ချိုမြိန်ပါ သတဲ့။ (သုတ်မဟာဝါ၊ ဋ၊ ၄၄)

အသန္ဓိမိတ္တာရဲ့ ခန္ဓာကိုယ်မှာ အရိုးဆက်တွေဟာ မထင်ရှား ကြ။ ဒါကြောင့် အသန္ဓိမိတ္တာလို့ ခေါ်ပါတယ်။ (ဝဇိရ၊ ၂၆)

http://www.dhammadownload.com



ရှေးအခါက ညီနောင် သုံးယောက်ဟာ ပျားရည်ကုန်သည်တွေ ဖြစ်ကြတယ်။ အဲဒီသုံးယောက်ထဲက အငယ်က ပျားရည်ကို ရောင်းတယ်။ အခြားနှစ်ယောက်က တောကသယ်ဆောင်လာကြတယ်။ အဲဒီအခါမှာ ပစ္စေကဗုဒ္ဓါတစ်ပါးက ဖျော့တော့တဲ့ရောဂါ နှိပ်စက်ခံနေရတယ်။ အခြားပစ္စေကဗုဒ္ဓါကတော့ ပျားရည်အလို့ငှာ ပျားရည်ဆွမ်းခံ လှည့်လည်ရင်း မြို့ထဲကိုဝင်တယ်။ ဝင်သွားတဲ့ပစ္စေကဗုဒ္ဓါကို ရေခပ်ကျွန်မတစ်ယောက်က ရေခပ်ဖို့ ရေဆိပ်ကိုသွားတဲ့အခါ မြင်ရတယ်။ မြင်ပြီး မေးကာ လာခြင်းရဲ့အကြောင်းကိုလည်း သိသွားလို့ 'အရှင်ဘုရား၊ ဒီအရပ်မှာ ပျားရည်ကုန်သည်တွေ နေကြပါတယ်။ အဲဒီကိုကြွကြပါ' လို့ လက်ကိုဆန့်တန်းကာ ပျားရည်ဈေးကို ပြတယ်။ ပစ္စေကဗုဒ္ဓါကလည်း အဲဒီအရပ်ကို ကြွတယ်။ ပစ္စေကဗုဒ္ဓါကိုမြင်ပြီး ညီငယ် ပျားရည်ကုန်သည်က နှစ်သိမ့်ဝမ်းသာပြီး 'အရှင်ဘုရား၊ ဘာကြောင့်ကြွလာပါသလဲ'လို့ မေးတဲ့အခါ အဲဒီအကြောင်းကို သိသွားလို့ သပိတ်ကိုယူကာ ပျားရည်နဲ့ပြည့်စေပြီး လှူတယ်။ ပျားရည်က သပိတ်ထဲပြည့်လျှံပြီး နှုတ်ခမ်းက လျှံကျတယ်။ မြေကြီးပေါ်ကျနေတာကိုမြင်ပြီး ကြည်ညို စိတ်ဖြစ်ကာ ဆုတောင်းတယ်။

'အရှင်ဘုရား၊ တပည့်တော်ဟာ ဒီကောင်းမှုကံကြောင့် ဇမ္ဗူဒိပ်မှာ တစ်ယောက်တည်းသော မင်းဖြစ်ရပါလို၏။ တပည့်တော်ရဲ့အာဏာဟာလည်း ကောင်းကင်မှာရော မြေကြီးမှာပါ တစ်ယူဇနာအတိုင်းအတာ ရှိတဲ့အရပ်မှာ ပျံ့နှံ့ပါစေ'

ပစ္စေကဗုဒ္ဓါကလည်း 'ဥပါသကာ၊ အဲဒီအတိုင်း ဖြစ်ပါစေ'လို့ မိန့်ပြီး ဂန္ဓမာဒနတောင်ကို သွားကာ ပစ္စေကဗုဒ္ဓါအတွက် ဆေးကို ပြုလုပ်တယ်။ ညီငယ်ပျားရည်ကုန်သည်ကတော့ ပျားရည်ကိုလှူပြီး အိမ်မှာထိုင်နေတဲ့အခါ အခြားနောင်တော်နှစ်ယောက်က တောက ပြန်လာတာကို မြင်ပြီး 'နောင်တော်တို့၊ သင်တို့ရဲ့စိတ်ကို ကြည်လင်အောင်

http://www.dhammadownload.com



ထားကြပါ။ ငါ့အတွက်ရော၊ သင်တို့အတွက်ပါ ပျားရည်ကိုယူပြီး ဒီအမည်ရှိတဲ့ ပစ္စေကဗုဒ္ဓါအား သပိတ်အပြည့် လှူလိုက်ပါတယ်'လို့ ပြောတယ်။ နောင်တော်နှစ်ယောက်ထဲက အကြီးက စိတ်ဆိုးပြီး ပြောတယ်။

'ဒွန်းစဏ္ဍားတွေတောင် ဖန်ရည်ဆိုးအဝတ်ကို ဝတ်ကြတယ်။ သင့်ရဲ့လက်ထဲက ပျားရည်ကိုခံယူပြီး သွားသူဟာ ဒွန်းစဏ္ဍားဖြစ်လိမ့်မယ် မဟုတ်လား'

နောင်တော်အငယ်ကလည်း စိတ်ဆိုးပြီး အောက်ပါအတိုင်းပြောတယ်။

'သင့်ရဲ့ပစ္စေကဗုဒ္ဓါကိုယူပြီး သမုဒ္ဒရာရဲ့ ဟိုဘက်ကမ်းကို ပစ်ချလိုက်လော'

နောင်အခါမှာတော့ နောင်တော်နှစ်ယောက်လုံးလည်း ညီငယ်ပြောပြတဲ့ ဒါနအကျိုးနဲ့စပ်တဲ့စကားကို ကြားနာရပြီး ဝမ်းမြောက်ကြတာပါပဲ။ အဲဒီရေခပ်ကျွန်မကလည်း 'ပျားရည်ဒကာဖြစ်တဲ့ အဲဒီလူရဲ့ မိဖုရားခေါင်ကြီး ဖြစ်ရပါလို၏'လို့ ဆုတောင်းတယ်။ အဲဒီသုံးယောက်ထဲက ညီငယ်က အသောကမင်းတရား ဖြစ်လာတယ်။ ရေခပ်ကျွန်မက ရုပ်အဆင်းအလွန်လှပတင့်တယ်တဲ့ အသန္ဓိမိတ္တာမည်တဲ့ မိဖုရားခေါင်ကြီး ဖြစ်လာတယ်။ အသောကမင်းရဲ့ မိဖုရားခေါင်ကြီးပါပဲ။ သမုဒ္ဒရာဟိုဘက်ကို ပစ်ချလို့ပြောတဲ့ အလတ်ကတော့ ဒီသီရိလင်္ကာကျွန်းမှာပဲ ဒေဝါနံ ပိယတိဿမည်တဲ့ တန်ခိုးကြီးမင်းဖြစ်လာတယ်။ အကြီးကတော့ ဒွန်းစဏ္ဍားလို့ပြောခဲ့လို့ ဒွန်းစဏ္ဍားရွာမှာဖြစ်တဲ့ နိဂြောဓ သာမဏေ ဖြစ်လာတယ်။ (သာရတ္ထ၊ ပ၊ ၁၂၉)

http://www.dhammadownload.com

# ဘဒ္ဒါနဲ့ သုဘဒ္ဒါ

ဘုရားရှင်က သာဝတ္ထိမြို့ ဇေတဝန်ကျောင်းမှာ သီတင်းသုံးတော်မူတယ်။ အဲဒီအခါ နာလကရွာငယ်မှာ အရှင်ရေဝတရဲ့ အလုပ်အကျွေးသူကြွယ်မှာ သမီးနှစ်ယောက် ရှိတယ်။ တစ်ယောက်က ဘဒ္ဒါ၊ နောက်တစ်ယောက်က သုဘဒ္ဒါ။ နှစ်ယောက်ထဲက ဘဒ္ဒါက လင့်အိမ်ရောက်သွားတယ်။ သဒ္ဓါရှိတယ်၊ ကြည်ညိုတယ်၊ ပညာရှိတယ်၊ အမြုံမဖြစ်တယ်။ ဘဒ္ဒါက လင်ကိုပြောတယ်။

'ငါ့ညီမ သုဘဒ္ဒါဆိုတာ ရှိတယ်။ သူ့ကိုခေါ်ဆောင်ပါ။ သုဘဒ္ဒါမှာ သားရှိလာရင် အဲဒီသားဟာ ငါ့ရဲ့သားလည်းဟုတ်ပါတယ်။ ဒီအမျိုးအနွယ်လည်း မပျက်စီးဘဲ ရှိမယ်'

လင်က 'ကောင်းပြီ'လို့ ဝန်ခံပြီး အဲဒီအတိုင်းလုပ်တယ်။

အဲဒီအခါ ဘဒ္ဒါက သုဘဒ္ဒါကို ဆုံးမတယ်။

'သုဘဒ္ဒါ၊ သင်ဟာ လှူဒါန်း၊ ပေးကမ်းမှုမှာ မွေ့လျော်ပါ။ တရားအကျင့်မှာ မမေ့မလျော့ရှိပါ။ အဲဒီလိုဆိုရင် ပစ္စုပ္ပန်၊ တမလွန် အကျိုးတွေက သင့်လက်ထဲ ရောက်ကိုရောက်လာလိမ့်မယ်'

သုဘဒ္ဒါက ဘဒ္ဒါရဲ့ဩဝါဒမှာ ရပ်တည်ပြီး ပြောတဲ့နည်းအတိုင်း ကျင့်တဲ့အခါ တစ်နေ့မှာ အရှင်ရေဝတအပါအဝင် သံဃာ ရှစ်ပါးကို ပင့်ဖိတ်တယ်။ အရှင်ရေဝတက သုဘဒ္ဒါရဲ့ကောင်းမှုတိုးပွားတာကို လိုလားလို့ သံဃာက ရည်ညွှန်းချပေးတဲ့နည်းနဲ့ ရဟန်းခုနစ်ပါးကို ခေါ်ကာ သုဘဒ္ဒါရဲ့အိမ်ကို သွားတယ်။ သုဘဒ္ဒါက ကြည်ညိုစိတ်ဖြစ်ပြီး အရှင်ရေဝတကိုရော အဲဒီရဟန်းတွေကိုပါ မွန်မြတ်တဲ့ ခဲဖွယ်၊

http://www.dhammadownload.com



စားဖွယ်နဲ့ ကိုယ်တိုင်ကိုယ်ကျ တင်းတိမ်ရောင့်ရဲစေပါတယ်။ မထေရ်က အနုမောဒနာပြုပြီး ဖဲသွားပါတယ်။ သုဘဒ္ဒါဟာ နောင်ခါ သေပြီး နိမ္မာနရတိနတ်ပြည် ရောက်သွားတယ်။ ဘဒ္ဒါကတော့ ပုဂ္ဂိုလ်တွေအား အလှူတွေလှူပြီး သိကြားရဲ့မယား ဖြစ်သွားတယ်။

အဲဒီအခါ သုဘဒ္ဒါက သူ့စည်းစိမ်ကို ဆင်ခြင်ပြီး 'ငါဟာ ဘယ်ကောင်းမှုကြောင့် ဒီမှာဖြစ်ရတာလဲ'လို့ ဆင်ခြင်တဲ့အခါ 'ဘဒ္ဒါရဲ့ ဩဝါဒမှာရပ်တည်ပြီး သံဃာထုတစ်ရပ်လုံးအား လှူခဲ့လို့ ဒီစည်းစိမ်ကို ရတယ်။ ဘဒ္ဒါကတော့ ဘယ်မှာဖြစ်သလဲ'လို့ကြည့်တဲ့အခါ သိကြားမင်းရဲ့ အလုပ်အကျွေး မယားဖြစ်နေတာကို မြင်ပြီး သနားလို့ ဘဒ္ဒါရဲ့ ဗိမာန်ထဲဝင်သွားပါတယ်။ ဘဒ္ဒါက ကြီးကျယ်တဲ့စည်းစိမ်၊ အခြွေအရံ ရှိပြီး တာဝတိံသာနတ်အားလုံးထက် အဆင်းအားဖြင့် သာလွန်တင့်တယ်တဲ့ ဒီလိုနတ်သမီးကို တစ်ခါမှ မမြင်ဖူးလို့ 'ဘယ်ဘုံဘဝက လာခဲ့ပါသလဲ၊ နာမည်ဘယ်လိုခေါ်ပါသလဲ'လို့ မေးပါတယ်။ သုဘဒ္ဒါက အတိတ်ဘဝက ကုသိုလ်ကံအကြောင်းကို ပြောပြပါတယ်။ သံဃိက အလှူရဲ့အကျိုး ကြီးမားလှပုံကို ဘဒ္ဒါဟာ နားလည်သဘောပေါက်သွားပါတော့တယ်။ (ဝိမာန၊ ဋ္ဌ၊ ၁၃၅)

http://www.dhammadownload.com

# ရဋ္ဌမြာလာ

ဂယာရွာငယ်က ပုဏ္ဏားတစ်ယောက်ရဲ့သမီးဟာ အဲဒီရွာကပဲ ပုဏ္ဏား လူငယ်တစ်ယောက်ထံ အပေးခံရလို့ လင့်အိမ်ရောက်သွားတယ်။ အဲဒီ အိမ်မှာ အစိုးတရနဲ့ ရပ်တည်ရတယ်။ သူမက အဲဒီအိမ်က ကျွန်မရဲ့ သမီးကိုမြင်ပြီး သည်းမခံနိုင်၊ မြင်ရတဲ့အချိန်ကစပြီး ဒေါသနဲ့ တဖျစ် တောက်တောက်ဖြစ်ကာ ဆဲရေးတယ်။ ကျိန်းမောင်းတယ်။ ကျွန်မသမီး အား လက်သီးနဲ့လည်း ထိုးတယ်။ ကျွန်မသမီး အရွယ်ရောက်လာလို့ ကိစ္စတွေကို ဆောင်ရွက်နိုင်တဲ့အခါ အဲဒီကျွန်မ သမီးကို ဒူး၊ တံတောင် လက်သီးဆုပ်တွေနဲ့ ရိုက်ပုတ်မြဲပဲ ရိုက်ပုတ်တယ်။ အကြောင်းကတော့ အရင်ဘဝတွေမှာ ရန်ငြိုးရှိခဲ့လို့ပါပဲ။

အဲဒီကျွန်မသမီးဟာ ကဿပဘုရားရှင်လက်ထက်မှာ အဲဒီနှိပ်စက် တဲ့မိန်းမရဲ့ အရှင်သခင်မ ဖြစ်ခဲ့တယ်။ နှိပ်စက်တဲ့မိန်းမက ကျွန်မဖြစ်ခဲ့ တယ်။ အရှင်သခင်မက အဲဒီကျွန်မကို ခဲ၊ တုတ်စသည်တွေနဲ့ရော၊ လက်သီးဆုပ်နဲ့ပါ အမြဲရိုက်ပုတ်နှိပ်စက်တယ်။ ကျွန်မဟာ အဲဒါကြောင့် ငြီးငွေ့ပြီး စွမ်းနိုင်သမျှ ဒါနစတဲ့ ကောင်းမှုတွေကိုပြုလုပ်ကာ ဆုတောင်း တယ်။

'နောင်အခါမှာ အကျွန်ုပ်ဟာ အရှင်သခင်မဖြစ်ပြီး ဒီမိန်းမအပေါ် အစိုးရသူဖြစ်ရပါလို၏'

အဲဒီအခါ အဲဒီကျွန်မက အဲဒီဘဝက သေပြီး သံသရာမှာ တပြောင်းပြန်ပြန် ကျင်လည်တဲ့အခါ ဒီဂေါတမဘုရား ပွင့်တော်မူတဲ့ အခါ ဂယာရွာငယ်က ပုဏ္ဏားမျိုးမှာဖြစ်ပြီး လင့်အိမ်ကို လိုက်သွားရ

http://www.dhammadownload.com



တယ်။ အခြားမိန်းမကလည်း သူမရဲ့ကျွန်မ ဖြစ်သွားတယ်။ အဲဒီလို ရန်ငြိုးဖွဲ့ခဲ့လို့ ဂယာရွာသူက ကျွန်မသမီးကို နှိပ်စက်တယ်။ အဲဒီလို နှိပ်စက်တဲ့အခါ အကြောင်းမရှိဘဲသာ ဆံပင်တွေကိုကိုင်ပြီး လက်တွေနဲ့ရော၊ ခြေတွေနဲ့ပါ ကောင်းကောင်းကြီး နှိပ်စက်တယ်။ ကျွန်မဟာ ဆတ္တာသည်အိမ်ကိုသွားပြီး ဦးခေါင်းတုံးခိုင်းကာ သွားတယ်။ အရှင်သခင်မက 'ဟဲ့ ကျွန်မယုတ်၊ ကတုံးတုံးရုံမျှနဲ့ သင့်မှာ ကျွန်အဖြစ်မှ မလွတ်မြောက်'လို့ ပြောကာ ကြိုးကို ဦးခေါင်းမှာရစ်ပတ်ကာ အဲဒီနေရာမှာ ကျွန်မကို ခေါ်ယူပြီး ညွတ်ကိုင်းခိုင်းကာ နှိပ်စက်တယ်။ ကျွန်မအား အဲဒီကြိုးကိုလည်း ပယ်ရှားခွင့်မပေး။ အဲဒီအချိန်ကစပြီး ကျွန်မဟာ 'ရဇ္ဇုမာလာ၊ ကြိုးပန်းရှိသူ'လို့ နာမည်တွင်လာတယ်။

တစ်နေ့မှာ ဘုရားရှင်က နံနက်မိုးသောက်အခါ မဟာကရုဏာ သမာပတ်မှ ထပြီး လောကကို ကြည့်တော်မူတယ်။ ရဇ္ဇုမာလာရဲ့ သောတာပန်ဖြစ်ဖို့ ပါရမီအကြောင်းတရားကိုရော၊ အဲဒီသခင်ပုဏ္ဏေးမရဲ့ သရဏ၊ သီလတွေမှာ တည်မှာကိုပါ မြင်ပြီး တောကိုဝင်ကာ ရောင်ခြည်တော် ခြောက်ပါးကို လွှတ်ရင်း သစ်ပင်တစ်ပင်အောက်မှာ ထိုင်တော်မူတယ်။ ရဇ္ဇုမာလာကလည်း နေ့တိုင်း နေ့တိုင်း အရှင်သခင်မရဲ့အနှိပ်အစက်ကို ခံရလို့ 'ဒီမကောင်းတဲ့အသက်ရှင်ခြင်းနဲ့ ငါ့မှာ အကျိုးမရှိ'လို့ ငြီးငွေ့ကာ သေချင်နေတယ်။ အိုးကိုယူကာ ရေဆိပ်ကို သွားသူပမာ အိမ်မှထွက်ပြီး အစဉ်အတိုင်း တောကိုဝင်တယ်။ ဘုရားရှင် ထိုင်ရာ သစ်ပင်ရဲ့အနီးက သစ်ပင်တစ်ပင်မှာ ကြိုးကိုနှောင်ဖွဲ့ပြီး ကျော့ကွင်းလုပ်ကာ ကြိုးဆွဲချသေလိုတယ်။ ဟိုဟိုဒီဒီ ကြည့်လိုက်တဲ့အခါ စိတ်ကြည်လင်ဖွယ်၊ ကြည်ညိုဖွယ်ဖြစ်ပြီး မြင့်မြတ်တဲ့ယဉ်ကျေးမှု၊ ငြိမ်းအေးမှုရှိကာ ရောင်ခြည်တော် ခြောက်ပါးကို လွှတ်ပြီး အဲဒီသစ်ပင်အောက်မှာ ထိုင်နေတဲ့ဘုရားရှင်ကို မြင်သွားတယ်။ မြင်ပြီး ဘုရားရှင်အပေါ် ရိုသေမှုက စိတ်နှလုံးကိုဆွဲဆောင်လို့ 'ကြားနာရပြီး ဒီမကောင်းတဲ့

http://www.dhammadownload.com



အသက်ရှင်ရမှုမှ လွတ်မြောက်စေနိုင်တဲ့ တရားကို ဘုရားရှင်က ငါ့လို ပုဂ္ဂိုလ်တွေအားလည်း ဟောလေမလား'လို့ တွေးတယ်။

ဘုရားရှင်က ရဇ္ဇုမာလာရဲ့ စိတ်ဖြစ်ပုံကိုကြည့်ပြီး 'ရဇ္ဇုမာလာ' လို့ ခေါ်လိုက်တယ်။ ရဇ္ဇုမာလာက အဲဒီခေါ်သံကိုကြားရပြီး အမြိုက်ရေနဲ့ သွန်လောင်းခံရသူလို ပီတိရဲ့ မပြတ်ထိတွေ့ခံရတယ်။ ဘုရားရှင်ထံ ချဉ်းကပ်ပြီး ရှိခိုးကာ သင့်တင့်ရာအရပ်မှာ ရပ်တည်တယ်။ သူမအား ဘုရားရှင်က အစဉ်အတိုင်း တရားစကား ရှေ့သွားရှိတဲ့ သစ္စာလေးပါး တရားစကားကို ဟောကြားတယ်။ သူမဟာ သောတာပန်ဖြစ်သွားတယ်။ ဘုရားရှင်က 'ရဇ္ဇုမာလာအား ဒီလောက်ချီးမြှောက်ရင် သင့်တော်ပြီ၊ အခု သူမကို ဘယ်သူကမှ မဖျက်ဆီးနိုင်တော့'လို့ တောမှထွက်ကာ ရွာအနီးက သစ်ပင်တစ်ပင်အောက်မှာ ထိုင်တော်မူတယ်။ ရဇ္ဇုမာလာကလည်း သူ့ကိုယ်ကို မသတ်နိုင်တော့လို့ရော၊ ခန္တီ၊ မေတ္တာ၊ ကရုဏာ နဲ့ပြည့်စုံသွားလို့ပါ 'ပုဏ္ဏေးမဟာ ငါ့ကိုသတ်သတ်၊ ညှဉ်းဆဲ ညှဉ်းဆဲ၊ လုပ်ချင်ရာလုပ်ပါစေ'လို့ တွေးကာ အိုးနဲ့ရေကိုယူပြီး အိမ်ကိုသွားတယ်။ အရှင်သခင်က အိမ်တံခါးမှာ ရပ်ရင်း ရဇ္ဇုမာလာကို မြင်ကာ မေးတယ်။

'ဒီနေ့ သင်ဟာ ရေချိုးဆိပ်ကိုသွားတာ ကြာမြင့်ပြီးမှ ပြန်လာတယ်။ သင့်ရဲ့မျက်နှာအဆင်းကလည်း အလွန်ပဲကြည်လင်တယ်။ သင်ကလည်း အခြားအခြင်းအရာနဲ့ ရှေ့ရှုရပ်တည်နေတယ်၊ အဲဒါက ဘာပါလဲ'

ရဇ္ဇုမာလာက အရှင်သခင်အား အဲဒီဖြစ်ပုံကို ပြောပြတယ်။ ပုဏ္ဏားက သူမရဲ့စကားကို ကြားရပြီး သဘောကျကာ အိမ်ကိုသွားတယ်။ 'ရဇ္ဇုမာလာရဲ့အပေါ် သင်ဟာ ဘာကိုမှ မလုပ်ထိုက်'လို့ ဇနီးမအား ပြောပြီး ဝမ်းမြောက်စိတ်နဲ့ အလွန်လျင်မြန်စွာ ဘုရားရှင်ထံသွားတယ်။ ရှိခိုးပြီး ရိုရိုသေသေနဲ့ နှုတ်ဆက်စကားဆိုတယ်။ ဘုရားရှင်ကို ပင့်ဖိတ်ပြီး သူ့အိမ်ကို ပင့်ဆောင်တယ်။ မွန်မြတ်တဲ့ စားဖွယ်၊ ခဲဖွယ်

http://www.dhammadownload.com



နဲ့ ပြုစုလုပ်ကျွေးတယ်။ ဘုရားရှင် ဆွမ်းဘုဉ်းပေးပြီး သပိတ်ကို လက်မှဖဲခွာပြီးတဲ့အခါ ချဉ်းကပ်ကာ သင့်တင့်ရာအရပ်မှာ ထိုင်တယ်။ ပုဏ္ဏားရဲ့ ဇနီးမကလည်း ချဉ်းကပ်ကာ ရှိခိုးပြီး သင့်တင့်ရာအရပ်မှာ ထိုင်တယ်။ ဂယာရွာမှာ နေကြတဲ့ ပုဏ္ဏား သူကြွယ်တွေကလည်း အဲဒီဖြစ်ပုံကို ကြားရပြီး ဘုရားရှင်ထံ ချဉ်းကပ်ကာ တချို့က သင့်တင့်ရာ အရပ်မှာ ထိုင်ကြတယ်၊ တချို့က ဝမ်းမြောက်ဖွယ်စကားကို ပြောပြီး သင့်တင့်ရာအရပ်မှာ ထိုင်ကြတယ်။

ဘုရားရှင်က ရဋ္ဌမာလာရဲ့ရော၊ အဲဒီပုဏ္ဏေးမရဲ့ပါ ရှေးဘဝတွေ က ပြုခဲ့တဲ့ကံကို အကျယ်အားဖြင့် ပြောပြကာ ရောက်လာတဲ့ပရိသတ် အား သင့်လျော်တဲ့တရားကို ဟောတယ်။ အဲဒီတရားကို ကြားနာရပြီး ပုဏ္ဏေးမရော၊ အဲဒီအရပ်မှာ စုဝေးနေတဲ့ လူအများပါ သရဏဂုံ သီလ တွေမှာ တည်ကြတယ်။ ဘုရားရှင်က နေရာမှထပြီး သာဝတ္ထိမြို့ကိုပဲ ကြွသွားတယ်။ ပုဏ္ဏားက ရဋ္ဌမာလာကို သမီးအရာမှာထားတယ်။ ပုဏ္ဏားရဲ့ ဇနီးမက ရဋ္ဌမာလာကို ချစ်ခင်တဲ့မျက်စိတွေနဲ့ ကြည့်ကာ တစ်သက်လုံး မြတ်နိုးချစ်ခင်မှုနဲ့သာ ဆက်ဆံပါတော့တယ်။ ရဋ္ဌမာလာ ဟာ နောင်အခါမှာ သေပြီး တာဝတိံသာနတ်ပြည်မှာ ဖြစ်တယ်။ သူမမှာ နတ်သမီးတစ်ထောင်အခြံအရံရှိတယ်။ သူမဟာ လှည်းအစီး ၆၀ တိုက် နတ်အဆင်တန်ဆာတွေနဲ့ တန်ဆာဆင်ထားတဲ့ ခန္ဓာကိုယ် ရှိတယ်။ နတ်သမီးတစ်ထောင်အခြံအရံနဲ့ နန္ဒဝန်ဥယျာဉ်စသည်တွေမှာ ကြီးကျယ်တဲ့နတ်စည်းစိမ်ကို ခံစားကာ ဝမ်းမြောက်ပျော်ရွှင်စွာ လှည့် လည်နေပါတယ်။ (ဝိမာန၊ ဋ္ဌ၊ ၁၉၁)

http://www.dhammadownload.com

# အရှင်သာရိပုတ္တရာ့မယ်တော် ရူပသာရီ

ဘုရားရှင်က ဝါကျွတ်ပြီးချိန်မှာ ဝေဠုဝရွာငယ်မှ ထွက်ကာ သာဝတ္ထိမြို့ ကို သွားမယ်လို့ကြံပြီး လာရာလမ်းနဲ့ပဲ ပြန်လှည့်ကာ အစဉ်အတိုင်း သာဝတ္ထိမြို့ကို ရောက်ပြီး ဇေတဝန်ကျောင်းကို ဝင်တယ်။ တရားစစ်သူ ကြီး အရှင်သာရိပုတ္တရာဟာ ဘုရားရှင်အား ဝတ်ပြုပြီး နေ့အခါနေရာ အရပ်ကို သွားတယ်။ အရှင်သာရိပုတ္တရာက အဲဒီနေရာမှာ အနီးနေ တပည့်တွေက ဝတ်ပြုပြီး ဖဲသွားတဲ့အခါ နေ့အခါ နေရာအရပ်ကို တံမြက်လှည်းပြီး သားရေပိုင်းအခင်းကို ခင်းတယ်။ ခြေတွေကိုဆေးပြီး တင်ပျဉ်ခွေကာ ဖလသမာပတ်ကို ဝင်စားတယ်။ အဲဒီအခါ အပိုင်းအခြား အတိုင်း သမာပတ်မှထတဲ့ အရှင်သာရိပုတ္တရာမှာ ဒီအကြံဖြစ်ပေါ်လာ တယ်။

'ဘုရားရှင်တွေက အရင်ပရိနိဗ္ဗာန်စံကြသလား၊ အဂ္ဂသာဝကတွေ က အရင်ပရိနိဗ္ဗာန်စံကြသလား'

အဲဒီကနောက် 'အဂ္ဂသာဝကတွေက အရင်ပရိနိဗ္ဗာန်စံကြတယ်' ဆိုတာကို သိပြီး မိမိရဲ့အသက် ဆက်ရှည်စေမယ့်ကံကို ကြည့်တယ်။ အရှင်သာရိပုတ္တရာက 'ငါ့ရဲ့အသက်ရှည်ရမယ့်ကံက ခုနစ်ရက်ပဲ ရှိတော့ တယ်'လို့ သိပြီး 'ဘယ်အရပ်မှာ ငါဟာ ပရိနိဗ္ဗာန်စံရမလဲ'လို့ ကြံ တယ်။ အဲဒီကနောက် 'ရာဟုလာဟာ တာဝတိံသာနတ်ပြည်မှာ ပရိ နိဗ္ဗာန် စံသွားတယ်။ အညာသိကောဏ္ဍညထေရ်ဟာ ဆဒ္ဒန္တအိုင်မှာ ပရိနိဗ္ဗာန်စံသွားတယ်။ ငါက ဘယ်အရပ်မှာ ပရိနိဗ္ဗာန်စံရပါ့မလဲ'လို့ နောက်ထပ်ကြံစည်တဲ့အခါ မယ်တော်ကို အကြောင်းပြုပြီး သတိကို ဖြစ်စေတယ်။

http://www.dhammadownload.com



'ငါ့မယ်တော်ဟာ ရဟန္တာ ခုနစ်ဦးတွေရဲ့ မယ်တော်ဖြစ်ပေမယ့် လည်း ဘုရား တရား သံဃာတွေအပေါ် မကြည်ညိုသေး၊ သူမမှာ ရှေးပါရမီ ရှိလေသလား၊ မရှိလေသလား'လို့ ဆင်ခြင်ပြီး သောတာပန် ဖြစ်ဖို့ ရှေးပါရမီကို မြင်တယ်။ 'ဘယ်သူ့ရဲ့တရားဒေသနာနဲ့ တရားထူး သိမြင်မလဲ'လို့ ကြည့်တဲ့အခါ 'ငါ့တရားဒေသနာကြောင့်သာ ဖြစ်လိမ့် မယ်။ အခြားသူရဲ့တရားကြောင့် ဖြစ်မှာမဟုတ်။ ငါ ကြောင့်ကြမဲ့နေခဲ့ ရင် ငါ့ကို ဒီလိုပြောကြသူတွေ ရှိလိမ့်မယ်'

'သာရိပုတ္တရာမထေရ်ဟာ ကျန်လူတွေရဲ့လည်း မှီခိုရာဖြစ်တယ်။ မှန်တယ်။ အရှင်သာရိပုတ္တရာ သမစိတ္တသုတ်ဒေသနာ ဟောရာနေ့မှာ ကုဋေတစ်သိန်းသော နတ်ဗြဟ္မာတွေ ရဟန္တာဖြစ်ကြတယ်။ မဂ်သုံးပါး ရတဲ့နတ်ဗြဟ္မာတွေမှာ အရေအတွက် မရှိ။ အခြားနေရာတွေမှာလည်း တရားထူးရသူတွေကို များစွာပဲ တွေ့မြင်ရတယ်။ မထေရ်အပေါ်ပဲ ကြည်ညိုစိတ်ဖြစ်ပေါ်ပြီး နတ်ပြည်မှာ ဖြစ်သူတွေကပဲ အမျိုးပေါင်း ရှစ်သောင်းရှိတယ်။ အရှင်သာရိပုတ္တရာဟာ အခု သူ့မယ်တော်ရဲ့ အယူ မှားမှုကိုတောင် မပယ်ရှားနိုင်'

ဒါကြောင့် မယ်တော်ကို အယူမှားမှ လွတ်မြောက်စေပြီး မွေးဖွား ရာ တိုက်ခန်းမှာပဲ ပရိနိဗ္ဗာန်စံမယ်လို့ ဆုံးဖြတ်ကာ 'ဒီနေ့ပဲ ဘုရားရှင်ကို ခွင့်ပြုစေကာ ထွက်ခွာမယ်'လို့ ကြံပြီး စုန္ဒမထေရ်ကို ဒီလိုမိန့်တယ်။

'ငါ့ရှင် စုန္ဒ၊ ငါတို့ရဲ့ရဟန်းပရိသတ် ၅၀၀ အား 'ငါ့ရှင်တို့၊ သပိတ်၊ သင်္ကန်းတွေကို ယူကြပါ။ တရားစစ်သူကြီး အရှင်သာရိပုတ္တရာ ဟာ နာဠကရွာကို သွားလိုတယ်'လို့ သတိပေးလိုက်ပါ'

စုန္ဒမထေရ်က အဲဒီအတိုင်း ပြုလုပ်တယ်။ ရဟန်းတွေက ကျောင်း အိပ်ရာ နေရာကို သိမ်းဆည်းပြီး သပိတ်၊ သင်္ကန်းကိုယူကာ မထေရ်ထံ လာကြတယ်။ မထေရ်က ကျောင်း၊ အိပ်ရာနေရာကို သိမ်းဆည်းပြီး နေ့အခါနေရာအရပ်ကို တံမြက်လှည်းကာ နေ့အခါ နေရာအရပ် တံခါးမှာရပ်ပြီး နေ့အခါ နေရာအရပ်ကို ကြည့်တဲ့အခါ

http://www.dhammadownload.com



'အခု ဒါဟာ နောက်ဆုံးတွေ့ရခြင်းပဲ၊ နောက်ထပ် ပြန်လာတာမရှိတော့' လို့ တွေးပြီး ရဟန်း ၅၀၀ ခြံရံကာ ဘုရားရှင်ထံ ချဉ်းကပ် ရှိခိုးပြီး အောက်ပါစကားကို လျှောက်တယ်။

'လောကရဲ့ ကိုးကွယ်ရာ မြတ်စွာဘုရား၊ တပည့်တော်ဟာ အခု အသွားအလာပြတ်စဲပါတော့မယ်။ အသွားအလာ မရှိတော့ပါ။ ဒါဟာ နောက်ဆုံးကန်တော့ခြင်းပါ။ တပည့်တော်ရဲ့အသက်ဟာ အနည်းငယ်ပဲ ရှိပါတော့တယ်။ ဒီကနေ့ကနေ ခုနစ်ရက်လွန်တဲ့အခါမှာ ပခုံးပေါ် ထမ်းလာတဲ့ဝန်ကို ချလိုက်သလို တပည့်တော်ဟာ ဒီခန္ဓာကိုယ်ကို စွန့်ပစ်ပါမယ်။ မြတ်စွာဘုရား၊ ဘုရားရှင်ဟာ တပည့်တော်အား ခွင့်ပြုတော်ပါ။ တပည့်တော်ရဲ့ ပရိနိဗ္ဗာန်စံချိန် ဖြစ်ပါတယ်။ အသက်ရှည်မယ့်ကံကို စွန့်လွှတ်ပြီးပါပြီ'

ဘုရားရှင်ကတော့ 'သင်ဟာ ပရိနိဗ္ဗာန်စံလော'လို့ မိန့်ရင် သေတာကို ချီးမွမ်းရာရောက်ပါတယ်။ 'သင်ဟာ ပရိနိဗ္ဗာန်မစံပါနဲ့' လို့တားမြစ်ရင် ဝဋ်ဆင်းရဲရဲ့ဂုဏ်ကို ပြောရာရောက်ပါတယ်လို့ မိစ္ဆာဒိဋ္ဌိ (အယူမှားရှိသူ) တွေက အပြစ်တင်ကြပါလိမ့်မယ်။ ဒါကြောင့် အဲဒီနှစ်မျိုးလုံးကိုလည်း မမိန့်ကြပါ။ ဒါကြောင့် ဘုရားရှင်က အရှင်သာရိပုတ္တရာကို မေးပါတယ်။

'သာရိပုတ္တရာ၊ သင်ဟာ ဘယ်မှာပရိနိဗ္ဗာန်စံမှာလဲ'

'မြတ်စွာဘုရား၊ မဂဓတိုင်း၊ နာဠကရွာက မွေးဖွားရာတိုက်ခန်းမှာ တပည့်တော် ပရိနိဗ္ဗာန်စံပါမယ်'

'သာရိပုတ္တရာ၊ သင်ဟာ အခုပရိနိဗ္ဗာန်စံရမယ့်အချိန်ကို သိပါ။ အခုတော့ သင့်ရဲ့နောင်တော် ညီတော်တွေက သင့်လိုရဟန်းကို မြင်ခွင့်ရဖို့ ခဲယဉ်းပါလိမ့်မယ်။ ဒါကြောင့် သင်က သူတို့အား တရားဟောပါ'

မထေရ်က 'ဘုရားရှင်က ငါရဲ့တန်ခိုးပြခြင်းရှေ့ရှိတဲ့ တရားဟောမှုကို တောင့်တနေတယ်'လို့ သိပြီး ဘုရားရှင်ကို ရှိခိုးကာ ထန်းပင်လောက်အရပ်ကို ပျံတက်တယ်။ တစ်ဖန် သက်ဆင်းပြီး ဘုရားရှင်ကို

http://www.dhammadownload.com



ရှိခိုးတယ်။ ထန်းခုနစ်ပင်အတိုင်းအတာရှိတဲ့ ကောင်းကင်မှာ ရပ်ရင်း တန်ခိုးပြကာ တရားဟောတယ်။ တစ်မြို့လုံးက စုဝေးတယ်။ အရှင်သာရိပုတ္တရာက သက်ဆင်းပြီး ဘုရားရှင်ကို ရှိခိုးကာ လျှောက်တယ်။

'မြတ်စွာဘုရား၊ တပည့်တော်မှာ သွားချိန်တန်ပါပြီဘုရား'

ဘုရားရှင်က 'သာရိပုတ္တရာကို လိုက်ပို့မယ်'လို့ ကြံကာ တရားပလ္လင်မှထပြီး ဂန္ဓကုဋီကျောင်းကို ရှေ့ရှုသွားကာ ပတ္တမြားစီပျဉ်ချပ်မှာ ရပ်တည်တယ်။ မထေရ်က သုံးကြိမ်လက်ယာရစ်လှည့်ပြီး လေးနေရာတွေမှာ ရှိခိုးကာ လျှောက်တယ်။

'မြတ်စွာဘုရား၊ ဒီကမ္ဘာကနေ တစ်အသင်္ချေနဲ့ ကမ္ဘာတစ်သိန်းအထက်မှာ အနောမဒဿီဘုရားရှင်ခြေရင်းမှာ ပျပ်ဝပ်ကာ အရှင်ဘုရားတို့ကို ဖူးတွေ့ရဖို့ ဆုတောင်းခဲ့ပါတယ်။ တပည့်တော်ရဲ့ အဲဒီဆုတောင်းဟာ ပြည့်စုံခဲ့ပါပြီ။ အရှင်ဘုရားတို့ကို ဖူးမြင်ပြီးပါပြီ။ အဲဒါက ပထမဆုံးဖူးမြင်ရခြင်းပါ။ အခုဟာက နောက်ဆုံးဖူးတွေ့ရခြင်းပါ။ တစ်ဖန်အရှင်ဘုရားတို့ကို ဖူးတွေ့ရတာ မရှိတော့ပါ'

အဲဒီလိုလျှောက်ပြီး လက်ချောင်း ၁၀ ခု စုပေါင်းတောက်ပနေတဲ့ လက်အုပ်ကို မြှောက်ချီကာ မြင်တွေ့နိုင်ရာအရပ်တိုင်အောင် မျက်နှာမူလျက်သာ နောက်ဆုတ်ပြီး 'ဒီအချိန်ကစပြီး စုတိ၊ ပဋိသန္ဓေအစွမ်းနဲ့ ဘယ်နေရာမှာမှ အသွားအလာဆိုတာ မရှိတော့ပါ'လို့ ရှိခိုးပြီး ဖဲသွားတယ်။ ရေအဆုံးပြုကာ မြေကြီးအကြီးအကျယ် တုန်လှုပ်တယ်။ ဘုရားရှင်က ဝိုင်းရံပြီးရပ်တည်နေတဲ့ ရဟန်းတွေကို မိန့်တယ်။

'ရဟန်းတို့၊ သင်တို့ရဲ့နောင်တော်ကြီးနောက်ကိုလိုက်သွားကြ'

ရဟန်းတွေက တံခါးမုခ်တိုင်အောင် သွားကြပါတယ်။ မထေရ်က 'ငါ့ရှင်တို့၊ သင်တို့ဟာ ရပ်ကြပါ။ မမေ့မလျော့သူတွေ ဖြစ်ကြပါ'လို့ ပြောကာ ပြန်သွားခိုင်းပြီး သူ့ပရိသတ်နဲ့အတူပဲ ဖဲသွားတယ်။ လူတွေက 'အရင်က အရှင်မြတ်ဟာ ပြန်လာမယ့်ခရီးလှည့်လည်တယ်၊ အခု ဒီကြွသွားတာက တစ်ဖန်ပြန်မလာတဲ့ ကြွသွားခြင်းပဲ'လို့ ငို

http://www.dhammadownload.com



ကြွေးကာ နောက်ကလိုက်ကြတယ်။ အဲဒီလူတွေကိုလည်း 'ဒကာတို့ သင်တို့ဟာ မမေ့မလျော့သူတွေ ဖြစ်ကြပါ။ သင်္ခါရတရားတွေက ဒီလိုဖြစ်လေ့ရှိကြတယ်'လို့ မိန့်ကာ ပြန်သွားခိုင်းပါတယ်။

အဲဒီအခါ အရှင်သာရိပုတ္တရာက လမ်းခရီးအကြားမှာ ခုနစ်ရက် ပတ်လုံး လူတွေအား ချီးမြှောက်ရင်း ညနေပိုင်းမှာ နာဠကရွာကို ရောက်ပြီး ရွာတံခါးနားက ညောင်ပင်အောက်မှာ ရပ်နေတယ်။ အဲဒီ အခါ မထေရ်ရဲ့တူဖြစ်တဲ့ ဥပရေဝတက ရွာအပြင်ကို သွားတဲ့အခါ မထေရ်ကိုမြင်ပြီး ချဉ်းကပ်ကာ ရှိခိုးပြီး ရပ်တည်တယ်။ မထေရ်က အဲဒီတူကို မေးတယ်။

'သင့်ရဲ့အိမ်မှာ အဖွားရှိသလား'

'ရှိပါတယ် ဘုရား'

'သင် သွားပါ။ ငါတို့ ဒီကိုလာတဲ့အကြောင်း ပြောပေးပါ ဘာလို့လာတာလဲလို့ မေးရင် ဒီနေ့တစ်နေ့ ရွာတွင်းမှာ နေပါမယ်တဲ့။ မွေးဖွားရာတိုက်ခန်းကို ရှင်းထားကြပါ။ ရဟန်း ၅၀၀ ရဲ့နေရာအရပ်ကို သိကြပါ'

အဲဒီတူက သွားပြီးပြောတယ်။

'အဖွား၊ ကျွန်တော်ရဲ့ဦးလေး လာနေပါတယ်'

'အခု ဘယ်မှာလဲ'

'ရွာတံခါးနားမှာပါ'

'တစ်ပါးတည်းပဲလား၊ အခြားသူတစ်စုံတစ်ယောက်ကော ရှိပါ သေးလား'

'ရဟန်း ၅၀၀ ရှိပါတယ်'

'ဘာကြောင့် လာပါသလဲ'

အဲဒီတူက အဲဒီဖြစ်ပုံကို ပြောပြတယ်။ မယ်တော်ပုဏ္ဏေးမက ဒီလောက်ရဟန်းတွေရဲ့ နေရာအရပ်ကို ရှင်းလင်းခိုင်းသလား၊ ငယ်ရွယ် စဉ်က ရဟန်းဝတ်ပြီး ကြီးရင့်ခါမှ လူထွက်လိုပုံရတယ်'လို့ တွေးရင်း

http://www.dhammadownload.com



မွေးဖွားရာတိုက်ခန်းကို ရှင်းလင်းခိုင်းပါယ်။ ရဟန်း ၅၀၀ အတွက် နေရာအရပ် အလုပ်ခိုင်းပြီး တုတ်ပါတဲ့ဆီမီးတွေကို ထွန်းညှိခိုင်းကာ မထေရ်ထံ စေလွှတ်တယ်။ မထေရ်က ရဟန်းတွေနဲ့အတူ ပြာသာဒ်ပေါ် တက်တယ်။ တက်ပြီးတော့လည်း မွေးဖွားရာတိုက်ခန်းထဲဝင်ပြီး ထိုင် တယ်။ ထိုင်ပြီးချင်းပဲ 'သင်တို့ရဲ့နေရာအရပ်ကို သွားကြပါ'လို့ ပြော ကာ ရဟန်းတွေကို ပြန်လွှတ်လိုက်တယ်။ အဲဒီရဟန်းတွေ သွားပြီးကာမျှ မှာပဲ မထေရ်မှာ ပြင်းထန်တဲ့အနာရောဂါ ဖြစ်ပေါ်လာတယ်။ သွေးလွန် လို့ သေစေလောက်အောင်သော ဝေဒနာတွေ ဖြစ်ပေါ်လာကြတယ်။ တစ်ခွက်ဝင်ပြီး တစ်ခွက်ထွက်တယ်။ မယ်တော်ပုဏ္ဏေးမက 'ငါ့သား ဖြစ်ပုံကို ငါမနှစ်ခြိုက်'လို့ ပြောကာ သူ့နေရာတိုက်ခန်းတံခါးကိုမှီပြီး ရပ်တည်တယ်။ နတ်မင်းကြီးလေးယောက်က 'အရှင်သာရိပုတ္တရာဟာ ဘယ်မှာသီတင်းသုံးသလဲ'လို့ ကြည့်တဲ့အခါ 'နာဠကရွာက မွေးဖွားရာ တိုက်ခန်းရှိ ပရိနိဗ္ဗာန်စံမယ့် ညောင်စောင်းပေါ် လဲလျောင်းနေတယ်။ နောက်ဆုံး ဖူးမြော်ဖို့ သွားကြမယ်'လို့ ကြံကာ ရှိခိုးကာ ရပ်တည် ကြတယ်။ မထေရ်က မေးတယ်။

'သင်တို့က ဘယ်သူတွေလဲ'

'နတ်မင်းကြီးတွေပါ ဘုရား'

'ဘာကြောင့် လာကြတာလဲ'

'မကျန်းမာတဲ့ အရှင်ဘုရားကို ပြုစုကြမလို့ပါ'

'ရှိပါစေ၊ ပြုစုသူ ရှိပါတယ်။ သင်တို့သွားကြပါ'

အဲဒီနတ်မင်းကြီးတွေ သွားပြီးအဆုံးမှာ အဲဒီနည်းအတိုင်းပဲ သိကြားမင်း လာတယ်။ သိကြားမင်းသွားတဲ့အခါ သုယာမစတဲ့ နတ် မင်းကြီးတွေရော၊ မဟာဗြဟ္မာပါ လာကြပါတယ်။ အဲဒီနတ်ဗြဟ္မာတွေ ကိုလည်း မထေရ်က အဲဒီအတိုင်းပဲ ပြန်လွှတ်လိုက်ပါတယ်။ မယ်တော် ပုဏ္ဏေးမက နတ်ဗြဟ္မာတွေရဲ့ လာတာကိုရော၊ သွားတာကိုပါ မြင်ပြီး 'ချစ်သား စုန္ဒ၊ ဘာဖြစ်တာလဲ'လို့ မေးတယ်။ စုန္ဒက အဲဒီဖြစ်ပုံကို

http://www.dhammadownload.com



ပြောပြပြီး စုန္ဒမထေရ်က 'မယ်တော်ကြီး လာပါတယ်ဘုရား' လို့ လျှောက်တယ်။ အရှင်သာရိပုတ္တရာက မေးတယ်။

'အခါမဲ့မှာ ဘာလို့လာတာလဲ'

'ချစ်သား၊ သင့်ကိုမြင်တွေ့ဖို့ပါ။ ချစ်သား၊ ပထမလာသူတွေက ဘယ်သူတွေလဲ'

'ဒကာမကြီး၊ နတ်မင်းကြီး လေးယောက်ပါ'

'ချစ်သား၊ သင်က နတ်မင်းကြီးလေးယောက်ထက် ပိုမြင့်မြတ်သလား'

'ဒကာမကြီး၊ အဲဒီနတ်မင်းကြီး လေးယောက်က အာရာမ်စောင့်တွေနဲ့ တူကြပါတယ်။ ငါတို့ရဲ့ဘုရားရှင် ပဋိသန္ဓေယူရာအချိန်ကစပြီး သန်လျက်ကို လက်မှာကိုင်ကာ စောင့်ရှောက်ကြပါတယ်'

'ချစ်သား၊ အဲဒီနတ်မင်းကြီး လေးယောက် သွားအပြီးမှာ ဘယ်သူ လာတာပါလဲ'

'သိကြားမင်းပါ'

'ချစ်သား၊ သင်က သိကြားမင်းထက်လည်း ပိုမြင့်မြတ်သလား'

'ဒကာမကြီး၊ အဲဒီသိကြားမင်းက ပစ္စည်းယူကိုင်တဲ့ ကိုရင်နဲ့ တူတယ်။ ငါတို့ရဲ့ဘုရားရှင် တာဝတိံသာနတ်ပြည်က သက်ဆင်းတဲ့ အခါ သပိတ်၊ သင်္ကန်းကို ယူပြီး သက်ဆင်းပါတယ်'

'ချစ်သား၊ အဲဒီသိကြားမင်း သွားအပြီးမှာ ထွန်းလင်းတောက်ပ သလို လာသူက ဘယ်သူပါလဲ'

'ဒကာမကြီး၊ အဲဒီပုဂ္ဂိုလ်က သင့်ရဲ့ ဘဂဝါလည်းဟုတ်၊ ဆရာလည်းဟုတ်တဲ့ မဟာဗြဟ္မာမည်ပါတယ်'

'ချစ်သား၊ သင်က တပည့်တော်ရဲ့ ဘဂဝါ မဟာဗြဟ္မာထက် လည်း ပိုမြတ်ပါသလား'

'ဟုတ်တယ် ဒကာမကြီး၊ ငါတို့ရဲ့ဘုရားရှင် မွေးဖွားရာနေ့မှာ

http://www.dhammadownload.com



အဲဒီမဟာဗြဟ္မာလေးဦးက ဘုရားအလောင်းတော်ကို ရွှေကွန်ယက်နဲ့ ခံယူကြပါတယ်'

အဲဒီအခါ မယ်တော်ရူပသာရီပုဏ္ဏေးမမှာ ဒီလိုအကြံဖြစ်ပေါ်လာတယ်။

'ဒါဟာ ငါ့သားရဲ့တန်ခိုးအစွမ်းပဲ ရှိသေးတယ်။ ငါ့သားရဲ့ဆရာ ဘုရားရှင်ရဲ့ တန်ခိုးအစွမ်းက ဘယ်လိုနေလေမလဲ'

အဲဒီလိုကြံတွေးနေတဲ့ မယ်တော်မှာ အဆောတလျင် ပီတိငါးမျိုးဖြစ်ပေါ်လာပြီး တစ်ကိုယ်လုံးမှာ ပြန့်သွားတယ်။ မထေရ်က 'ငါ့မယ်တော်မှာ ပီတိ၊ သောမနဿ (နှစ်သိမ့်မှု၊ ဝမ်းမြောက်မှု) ဖြစ်ပေါ်နေပြီ၊ အခုအချိန်က တရားဟောဖို့အချိန်ပဲ'လို့ တွေးပြီး မေးတယ်။

'ဒကာမကြီး၊ ဘာကိုကြံတွေးနေပါသလဲ'

'ဒါက ငါ့သားရဲ့ဂုဏ်ပဲ ရှိသေးတယ်။ သူ့ဆရာဘုရားရှင်ရဲ့ ဂုဏ်က ဘယ်လိုနေလေမလဲ'လို့ တွေးနေပါတယ် ချစ်သား'

'ဒကာမကြီး၊ သားဆရာဘုရားရှင်ရဲ့ မွေးဖွားရာအခါ၊ တောထွက်ရာအခါ၊ ဘုရားဖြစ်ရာအခါ၊ ဓမ္မစကြာတရား ဟောရာအခါတွေမှာ တစ်သောင်းသော လောကဓာတ်ဟာ တုန်လှုပ်တယ်။ သီလ၊ သမာဓိ၊ ပညာ၊ ဝိမုတ္တိ၊ ဝိမုတ္တိဉာဏဒဿန အားဖြင့် တူသူဆိုတာ မရှိပါ'စသည်ဖြင့် ချဲ့ထွင်ပြီး ဘုရားရှင်ဂုဏ်နဲ့စပ်တဲ့ တရားဒေသနာကို ဟောပါတယ်။ မယ်တော်ဟာ သားချစ်ရဲ့တရားဒေသနာအဆုံးမှာ သောတာပန်ဖြစ်ပြီး သားကို ပြောပါတယ်။

'ချစ်သား ဥပတိဿ၊ သင်က ဘာကြောင့် ဒီလိုလုပ်တာလဲ။ ဒီလိုအမြိုက်တရားကို ငါ့အား ဒီလောက်ကာလပတ်လုံး မပေးတာလဲ'

မထေရ်က 'အခု ငါဟာ မယ်တော်ရူပသာရီပုဏ္ဏေးမအား မွေးမြူရတဲ့အဖိုးအခကို ပေးပြီးပြီ။ ဒီလောက်နဲ့ သင့်လောက်ပြီ'လို့ တွေးပြီး 'ဒကာမကြီး သွားပါ'လို့ ပြောကာ မယ်တော်ကြီးကို ပြန်လွှတ်ပြီး စုန္ဒမထေရ်ကို မေးပါတယ်။

http://www.dhammadownload.com



'စုန္ဒ ဘယ်အချိန်လဲ'

'နံနက်မိုးသောက်အားကြီးချိန်ပါ ဘုရား။ (လင်းအားကြီးချိန်ပါ ဘုရား)'

'ဒီလိုဆိုရင် ရဟန်းအပေါင်းကို စုဝေးခိုင်းလိုက်ပါ'

'သံဃာက စုဝေးပြီးပါပြီ ဘုရား'

'စုန္ဒ၊ ငါ့ကိုချီမပြီး ထိုင်ပေးပါ'

စုန္ဒက ချီမပြီး ထိုင်ခိုင်းပါတယ်။ အရှင်သာရိပုတ္တရာက ရဟန်းတွေကို မိန့်ပါတယ်။

'ငါ့ရှင်တို့၊ အရှင်ဘုရားကို့ တပည့်တော်နဲ့အတူ ၄၄ နှစ်ပတ်လုံး လှည့်လည်ကြတဲ့အခါ တပည့်တော်ရဲ့ ကိုယ်မှု၊ နှုတ်မှုကို မနှစ်သက်ခဲ့ရင် အဲဒါကို သည်းခံကြပါ'

'အရှင်ဘုရား၊ ဒီလောက်ကာလပတ်လုံး အရိပ်လို အရှင်ဘုရားတို့ကို မစွန့်လွှတ်ဘဲ လှည့်လည်နေတဲ့ တပည့်တော်တို့မှာ မနှစ်သက်တာဆိုတာ မရှိပါ။ အရှင်ဘုရားတို့ကတော့ တပည့်တော်တို့အား သည်းခံတော်မူကြပါ ဘုရား'

ရဟန်းတွေက အဲဒီလိုလျှောက်ထားပြီးတဲ့အခါ အရှင်သာရိပုတ္တရာဟာ အရုဏ်ရောင်ဦး ထင်ရှားတဲ့အခါ မြေကြီးကို ပွဲတင်ထပ်စေလျက် အနုပါဒိသေသပရိနိဗ္ဗာန်နဲ့ ပရိနိဗ္ဗာန်စံတော်မူတယ်။ နတ်လူအများဟာ မထေရ် ပရိနိဗ္ဗာန်စံတဲ့အခါ ပူဇော်မှုကို ပြုကြပါတယ်။

(သုတ်မဟာဝါ၊ ဋ္ဌ၊ ၁၃၉)

သာမဏေကျော်

တပေါင်းလဆန်း ၉ ရက်၊ ၆၆ ခု။

၁၈၊ ၃၊ ၂၀၀၅။